ရဟေသု ပသင်္ဂ ဒိသ္ဝာ တတ္ထ အဓိပ္ပေတတ္ထံ အဓိစ္စ ပဝတ္တနတော အတိပ္ပသင်္ဂသ နိယမနတ္ထံ 'ရူပ'န္တိ ဝုတ္တံ၊ ဧဝံ ပဒဒ္ဒယေနပိ ရူပသ အသေသပရိဂ္ဂဟော ကတော ဟောတိ၊ အထသ အတီတာဒိ ဝိဘာဂံ အာရဘတိ၊ 'အတီတာ နာဂတ ပစ္စုပ္ပန္နန္တိအာဒိနာ၊ တဋ္ဌိ ကိဋ္ဌိ အတီတံ ကိဋ္ဌိအနာဂတာဒိ ဘေဒန္တိ။

သေ နယော ဝေဒနာဒီသုပိ။

တတ္ထ ရူပံ တာဝ အဒ္ဓါ သန္တတိ သမယ ခဏ ဝသေန စတုဓာ အတီတံ နာမ ဟောတိ၊ တထာ အနာဂတပစ္စုပ္ပန္နံ၊ တတ္ထ အဒ္ဓါဝသေန တာဝ ကေသ ကေသို့ ဘဝေ ပဋ္ဌိသန္ဓိတော ပုဗ္ဗေ အတီတံ၊ စုတိတော ဥဒ္ဓမနာဂတံ၊ ဥဘိန္နမန္တရေ ပစ္စုပ္ပန္နံ။

သန္တတိဝသေန သဘာဝေက ဥတုသမုဋ္ဌာနကောဟာရသမုဋ္ဌာနဥ္စ ပုဗ္ဗာပရိ-ယဝသေန ဝတ္တမာနမ္ပိ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ ဝိသဘာဂ ဥတု အာဟာရ သမုဋ္ဌာနံ အတီတံ၊ ပစ္ဆာ အနာဂတံ၊ စိတ္တဇံ ကေဝိထိ ကေဇဝန ကေသမာဟတ္တိ သမုဋ္ဌာနံ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ အတီတံ၊ ပစ္ဆာ အနာဂတံ၊ ကမ္မသမုဋ္ဌာနသ ပါဋိယေက္ကံ သန္တတိဝသေန အတီတာဒိဘေဒေါ နတ္ထိ၊ တေသံယေဝ ပန ဥတု အာဟာရ စိတ္တသမုဋ္ဌာနာနံ၊ ဥပတ္ထမ္ဘက ဝသေန တသ အတီတာဒိဘာဝေါ ဝေဒိတဗ္ဗော။

သမယဝသေန ဧကမုဟုတ္တ ပုဗ္ဗဏ္ဏသာယန္ဟရတ္တိဒိဝါဒီသု သမယေသု သန္တာန ဝသေန ပဝတ္တမာနံ တံတံ သမယဝန္တံ ရူပံ ပစ္စုပ္ပန္နံ နာမ၊ တတော ပုဗ္ဗေ အတီတံ၊ ပစ္ဆာ အနာဂတံ၊ ခဏဝသေန ဥပ္ပါဒါဒိက္ခဏတ္တယ ပရိယာပန္နံ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ အတီတံ၊ပစ္ဆာ အနာဂတံ၊ ဣဒမေဝေတ္ထ နိပ္ပရိယာယံ၊ သေသာ ပရိယာယ ကထာ။

အဏ္ဍတ္တံ ဝါ ဗဟိဒ္ဓါ ဝါ တိ–စက္ခာဒိ ပဋ္ဌဝိမံ ရူပံ အတ္တဘာဝံ အဓိကိစ္စ ပဝတ္တတ္တာ အဏ္ဍတ္တံ၊ သေသံ တတော ဗာဟိရတ္တာ ဗဟိဒ္ဓါ၊ အပိစ နိယကဏ္ဍတ္တမ္ပိ ဣမ အဏ္ဍတ္တံ၊ ပရပုဂ္ဂလိကမ္ပိ စ ဗဟိဒ္ဓါတိ ဝေဒိတဗ္ဗံ၊ သြဠာရိကံ ဝါ သုခုမံ ဝါ တိ စက္ခာဒိနိ နဝ အာပေါ ဓာတုဝဇ္ဇာ တိသော ဓာတုယောစာတိ ဒ္ဒါဒသဝိဓံ ရူပံ ယဒ္ဓနဝသေန ဂဟေတဗ္ဗတော သြဠာရိကံ၊ သေသံ တတော ဝိပရီတတ္တာ သုခုမံ။

ဟိန်ဝါ ပဏိတ်ဝါတိတ္ထေ ဟိန ပဏိတဘာဝေါ ပရိယာယတော နိပ္ပရိ-ယာယတော စ၊ တတ္ထ အကနိဋ္ဌာနံ ရူပတော သုဒဿီနံ ရူပံ ဟိနံ၊ တဒေဝ သုဒဿာနံ ရူပတော ပဏိတံ၊ ဧဝံ ယာဝ နရကသတ္တာနံ ရူပံ၊ တာဝ ပရိယာ-ယတော ဟိနပဏိတတာ ဝေဒိတဗ္ဗာ၊ နိပ္ပရိယာယတော ပန ယံ အာရမ္မဏံ ကတ္ဝာ အကုသလ ဝိပါကဝိညာဏံ ဥပ္ပဇ္ဇတိ၊ တံ ဟိနံ အနိဋ္ဌဘာဝတော၊ ယံ ပန အာရမ္မဏံ ကတ္ဝာ ကုသလဝိပါကဝိညာဏံ ဥပ္ပဇ္ဇတိ၊ တံ ပဏိတံ ဣဋ္ဌဘာဝတော၊ ယထာ ဟိ အကုသလဝိပါကော သယံ အနိဋ္ဌော အနိဋ္ဌ ဧဝ ဥပ္ပဇ္ဇတိ၊ နဲ ဣဋ္ဌော၊ ဧဝံ ကုသလဝိပါကောပိ သယံ ဣဋ္ဌော ဣဋ္ဌယော ဥပ္ပဇ္ဇတိ၊ နဲ အနိဋ္ဌော။

ယံဒူရေ သန္တိကေ ဝါတိ—ယံ သုခုမံ၊ တဒေဝ ဒုပ္ပဋိဝိဇ္ဈသဘာဝတ္တာ ဒူရေ၊ ဣတရံ သုပ္ပဋိဝိဇ္ဈသဘာဝတ္တာ သန္တိကေ၊ အပိစ ဣတ္ထ သြကာသတောပိ ဥပါဒါယုပါဒါယ ဒူရသန္တိကတာ ဝေဒိတဗ္ဗာ၊ 'တံ သဗ္ဗ'န္တိ တံ အတီတာဒီဟိ ပဒေဟိ ဝိသုံ နိဒ္ဒိဋ္ဌံ သဗ္ဗံ ရူပံ၊ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗန္တိ—သဟ ဝိပဿနာယ မဂ္ဂပညာယ ဒဋ္ဌဗ္ဗံ။

ယာကာစိဝေဒနာတိအာဒီသု ပန သန္တတိဝသေန စ ခဏဝသေန စ ဝေဒ-နာယ အတီတာနာဂတပစ္စုပ္ပန္နဘာဝေါ ဝေဒိတဗ္ဗော၊ တတ္ထ သန္တတိဝသေန ဧကဝီထိ ဧကဇဝန ဧကသမာပတ္တိ ပရိယာပန္နာ ဧကဝိဝဋ်သယသမာယောဂပ္ပ-ဝတ္တာ စ ဒိဝသမ္မိ ဗုဒ္ဓရူပံ ပဿန္တသ္သ ဓမ္မံ သုဏန္တသ္သ ပဝတ္တသဒ္ဒါဒိသဟိတ ဝေဒနာ ပစ္စုပ္ပန္နာ၊ တတော ပုဗ္ဗေ အတီတာ၊ ပစ္ဆာ အနာဂတာ။

ခဏဝသေန ခဏတ္တယပရိယာပန္နာ ပစ္စုပ္ပန္နာ၊ တတော ပုဗ္ဗေ အတီတာ၊ ပစ္ဆာ အနာဂတာ။

'အဗ္ဗတ္တ ဗဟိဒ္ဓါဘေဒေါ နိယကဗ္ဗတ္တဝသေန ဝေဒိတဗ္ဗော၊ သြဠာရိက သုခုမဘေဒေါ'အကုသလာဝေဒနာ သြဠာရိကာ၊ ကုသလာဗျာကတာ ဝေဒနာ သုခုမာ'တိ အာဒိနာ နယေန ဝိဘင်္ဂေ ဝုတ္တေန ဇာတိ သဘာဝ ပုဂ္ဂလ လောကိယ-လောကုတ္တရဝသေန ဝေဒိတဗ္ဗော။

ဇာတိဝသေန တာဝ အကုသလဝေဒနာ သာဝဇ္ဇကိရိယဟေတုတော ကိလေ-သသန္တာပ သဘာဝတော စ အဝူပသန္တဝုတ္တိတိ ကုသလဝေဒနာယ သြဠာရိကာ၊ သဗျာပါရတော သဉ္ဇသာဟတော သဝိပါကတော ကိလေသသန္တာပ သဘာဝ-တော သာဝဇ္ဇတော စ ဝိပါကာဗျာကတာယ သြဠာရိကာ၊ သဝိပါကတော ကိလေသသန္တာပ သဘာဝတော သဗျာပဇ္ဇတော သာဝဇ္ဇတော စ ကိရိယာ ဗျာကတာယ သြဠာရိကာ၊ ကုသလာဗျာကတာ ပန ဝုတ္တဝိပရိယာယတော အကုသလာယ သုခုမာ၊ ဒွေပိ ကုသလာကုသလဝေဒနာ သဗျာပါရတော သဉ္ဇသာဟတော သဝိပါကတော စ ယထာယောဂံ ဒုဝိဓာယပိ အဗျာကတာယ သြဠာရိကာ၊ ဝုတ္တ ဝိပရိယာယေန' ဒုဝိဓာပိ အဗျာကတာ တာဟိ သုခုမာ၊ ဧဝံ တာဝ ဇာတိဝသေန သြဠာရိကသုခုမတာ ဝေဒိတဗ္ဗာ။

သဘာဝဝသေန ပန ဒုက္ခဝေဒနာ နိရဿာဒတော သဝိပ္ဖါရတော ဥဗ္ဘေ-ဇနီယတော အဘိဘဝနတော စ ဣတရာဟိ ဒ္ဝိဟိ သြဠာရိကာ၊ ဣတရာ ပန ဒ္ဝေ သာတတော သန္ဓတော ပဏီတတော မနာပတော မဇ္ဈတ္တတော စ ယထာ ယောဂံ ဒုက္ခာယ သုခုမာ၊ ဥဘော ပန သုခဒုက္ခာ သဝိပ္ဖါရတော ခေါဘက-ရဏတော ပါကဋတော စ အဒုက္ခမသုခါယ သြဠာရိကာ၊ သာ ဝုတ္တဝိပရိ-ယာယေန တဒုဘယတော သုခုမာ၊ ဧဝံ သဘာဝဝသေန သြဠာရိက သုခုမတာ ဝေဒိတဗ္ဗာ။

ပုဂ္ဂလဝသေန ပန အသမာပန္နဿ ဝေဒနာ နာနာရမ္မဏ ဝိက္ခိတ္တဘာဝတော သမာပန္နဿ ဝေဒနာယ သြဠာရိကာ၊ ဝိပရိယာယေန ဣတရာ သုခုမာ၊ ဧဝံ ပုဂ္ဂလဝသေန သြဠာရိကသုခုမတာ ဝေဒိတဗ္ဗာ။

လောကိယ လောကုတ္တရဝသေန ပန သာသဝါဝေဒနာ လောကိယာ၊ သာ အာသဝုပ္ပတ္တိဟေတုတော သြဝနီယတော ယောဂနီယတော ဂန္ထနီယ-တော နီဝရဏိယတော ဥပါဒါနီယတော သံကိလေသိကတော ပုထုဇ္ဇန သာဓာ-ရဏတော စ အနာသဝါယ သြဠာရိကာ၊ သာ ဝိပရိယာယေန သာသဝါယ သုခုမာ၊ ဧဝံ လောကိယလောကုတ္တရဝသေန သြဠာရိကသုခုမတာ ဝေဒိတဗ္ဗာ။

တတ္ထ ဇာတိအာဒိဝသေန သမ္ဘေဒေါ ပရိဟရိတဗ္ဗော၊ အကုသလ ဝိပါက ကာယဝိညာဏ သမ္ပယုတ္တာဟိ ဝေဒနာ ဇာတိဝသေန အဗျာကတတ္တာ သုခုမာပိ သမာနာ သဘာဝါဒိဝသေန သြဠာရိကာ ဟောတိ၊ ဝုတ္တဥ္စေတံ "အဗျာကတာ ဝေဒနာ သုခုမာ၊ ဒုက္ခာ ဝေဒနာ သြဠာရိကာ၊ အသမာပန္နဿ ဝေဒနာ သြဠာရိကာ သာသဝါ ဝေဒနာ သြဠာရိကာ" တိ၊ ယထာ စ ဒုက္ခဝေဒနာ၊ ဧဝံ သုခါဒယောပိ ဇာတိဝသေန သြဠာရိကာ၊ သဘာဝါဒိဝသေန သုခုမာ ဟောန္တိ၊ တသ္မာ ယထာ ဇာတိ အာဒိဝသေန သမ္ဘေဒေါ နာ ဟောတိ၊ တထာ ဝေဒနာနံ သြဠာရိကသုခုမတာ ဝေဒိတဗ္ဗာ၊ သေယ္ယထိဒံ- 'အဗျာကတာ ဇာတိဝသေန ကုသလာကုသလာဟိ သုခုမာ၊ နာ တတ္ထ ကတမာ အဗျာကတာ၊ ကိံ ဒုက္ခာ၊ ကိံ သုခါ၊ ကိံ သမာပန္နဿ၊ ကိံ အသမာပန္နဿ၊ ကိံ သာသဝါ၊ ကိံ အနာသဝါ' တိ ဧဝံ သဘာဝါဒိဘေဒေါ ပရာမသိတဗ္ဗော၊ သေ နယော သဗ္ဗတ္ထ။

အပိစ'တံတံ ဝါ ပန ဝေဒနံ ဥပါဒါယုပါဒါယ ဝေဒနာ သြဠာရိကာသုခုမာ ဒဋ္ဌဗ္ဗာ' တိ ဝစနတော အကုသလာဒီသုပိ လောဘသဟဂတာယ ဒေါသ သဟဂတ ဝေဒနာ၊ အဂ္ဂိဝိယ အတ္တနော နိဿယဒဟနတော သြဠာရိကာ၊ လောဘသဟဂတာ သုခုမာ၊ ဒေါသသဟဂတာပိ နိယတာ သြဠာရိကာ အနိယတာ သုခုမာ၊ နိယတာပိ ကပ္ပဋ္ဌိတိကာ သြဠာရိကာ ဣတရာ သုခုမာ၊ ကပ္ပဋ္ဌိတိကာသုပိ အသင်္ခါရိကာ သြဠာရိကာ၊ ဣတရာ သုခုမာ၊ လောဘသဟဂတာ ပန ဒိဋ္ဌိသမ္ပယုတ္တာ သြဠာရိကာ၊ ဣတရာ သုခုမာ၊ သာပိ နိယတာ ကပ္ပဋ္ဌိ-တိကာ အသင်္ခါရိကာ သြဠာရိကာ၊ ဣတရာ သုခုမာ၊ အဝိသေသေန အကု-သလာ ဗဟုဝိပါကာ သြဠာရိကာ၊ အပ္ပဝိပါကာ သုခုမာ၊ ကုသလာ ပန အပ္ပဝိပါကာ သြဠာရိကာ၊ ဗဟုဝိပါကာ သုခုမာ။

အပိ စ ကာမာဝစရကုသလာ သြဠာရိကာ၊ ရူပါဝစရာ သုခုမာ၊ တတော အရူပါဝစရာ၊ တတော လောကုတ္တရာ၊ ကာမာဝစရာ စ ဒါနမယာ သြဠာရိကာ၊ သီလမယာ သုခုမာ၊ တတော ဘာဝနာမယာ၊ ဘာဝနာမယာ ပိ ဒုဟေတုကာ သြဠာရိကာ၊ တိဟေတုကာ သုခုမာ၊ တိဟေတုကာပိ သသင်္ခါရိကာ သြဠာရိ-ကာ၊ အသင်္ခါရိကာ သုခုမာ၊ ရူပါဝစရာ ပဌမဈာနိကာ သြဠာရိကာ ။လ။

ပဠုမဏ္ဍာနိုကာ သုခုမာ ဝ၊ အရူပါဝစရာ အာကာသာနညာယတနသမ္ပယုတ္တာ သြဠာဝိကာ ။လ။ နေဝသညာနာသညာယတနသမ္ပယုတ္တာ သုခုမာဝ၊ လောကုတ္တရာ စ သောတာပတ္တိမဂ္ဂသမ္ပယုတ္တာ သြဠာရိကာ ။လ။ အရဟတ္တ-မဂ္ဂသမ္ပယုတ္တာ သုခုမာဝ၊ သေနယော တံတံ ဘူမိ ဝိပါကကိရိယ ဝေဒနာသု ဒုက္ခာဒိ အသမာပန္နာဒိ သာသပါဒိဝသေန စုတ္တဝေဒနာသုစ။

သြကာ သဝသေနစာပိ နိရယေ ဒုက္ခာ သြဠာရိကာ၊ တိရစ္ဆာနယောနိယံ သုခုမာ ။လ။ ပရနိမ္မိတဝသဝတ္တိ သုခုမာဝ၊ ယထာ စ ဒုက္ခာ၊ ဧवं သုခါပိ သဗ္ဗတ္ထ ယထာနုရူပံ ယောဇေတဗ္ဗာ၊ ဝတ္ထုဝသေနစာပိ ဟိနဝတ္ထုကာ ယာကာစိ-ဝေဒနာ သြဠာရိကာ၊ ပဏီတဝတ္ထုကာ သုခုမာ၊ ဟိနပဏီတဘေဒေ ယာ သြဠာရိကာ၊ သာ ဟိနာ၊ ယာ စ သုခုမာ၊ သာ ပဏီတာတိ ဝေဒိတဗ္ဗာ၊ ဒူရပဒံ ပန အကုသလာ ဝေဒနာ ကုသလာဗျာကတာဟိ ဝေဒနာဟိ ဒူရေ၊ သန္တိကပဒံ အကုသလာ ဝေဒနာ အကုသလာယ ဝေဒနာယ သန္တိကေတိ အာဒိနာ နယေန ဝိဘတ္တံ၊ တသ္မာ အကုသလာ ဝေဒနာ ဝိသဘာဂတော အသံသဋ္ဌတော အသရိက္ခတော စ ကုသလာဗျာကတာဟိ ဒူရေ၊ တထာ ကုသလာဗျာကတာ အကုသလာယ၊ သေနယော သဗ္ဗဝါရေသု၊ အကုသလာ ပန ဝေဒနာသဘာဂတော စ သံသဋ္ဌတော စ သရိက္ခတော စ အကုသလာယ သန္တိကေတိ၊ တံ တံ ဝေဒနာ သမ္ပယုတ္တာနံ ပန သညာဒိနမ္ပိ ဧဝမေဝ ဝေဒိတဗ္ဗံ။

သုတဝါတိ အာဂမာမိဂမသခ်ါတေန ဗာဟုသစ္စေန သမန္နာဂတတ္တာ သုတဝါ၊ နိဗ္ဗိန္ဒတီတိ ဥက္ကဏ္ဌတိ၊ ဧတ္ထ စ နိဗ္ဗိဒါတိ ဝုဋ္ဌာနဂါမိနီဝိပဿနာ အဓိပ္ပေတာ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတီတိဧတ္ထ ဝိရာဂဝသေန စတ္တာရော မဂ္ဂါ ကထိတာ၊ ဝိရာဂါ ဝိမုစ္စတီတိ ဝိရာဂေန မဂ္ဂေနေဝ ဟေတုဘူတေန ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိ-ဝသေန ဝိမုစ္စတိ၊ ဣမိနာ စတ္တာရိ သာမညဖလာနိ ကထိတာနိ၊ ဝိမုတ္တာသ္မိ ဝိမုတ္တာမိတိ ဉာဏံ ဟောတိတိ ဣမိနာ ပန ပစ္စဝေက္ခဏဉာဏံ ကထိတံ၊ ခီဏာဇာတိတိအာဒိဟိ တသ္မာ ဘူမိ၊ တေနဟိ ဉာဏေန အရိယသာဝကော ပစ္စဝေက္ခန္တော 'ခီဏာဇာတိ'တိ အာဒိနိ ပဇာနာတိ၊ ကတမာ ပနသ္မ ဇာတိ ခီဏာ၊ ကထဉ္စ နံ ပဇာနာတိတိ နု တာဝသ္မ အတီတာ ဇာတိ ခီဏာ

ပုဗ္ဗေ ခီဏတ္တာ၊ နု အနာဂတာ အနာဂတေ ဝါယာမဘာဝတော၊ နု ပစ္စုပ္ပန္နာ၊ ယာ ပန မဂ္ဂသ္မိ အဘာဝိတတ္တာ ဥပ္ပဇ္ဇေယ္ယုံ ကေ စတု ပဋ္ဌ-ဝေါကာရဘဝေသု ကေ စတု ပဋ္ဌာနဗ္ဗပ္ပဘေဒါ ဇာတိ၊ သာ မဂ္ဂသ္မိ ဘာဝိ-တတ္တာ အနုပ္ပါဒမမ္မတံ အာပဇ္ဇနေန ခီဏာ၊ တံ သော မဂ္ဂဘာဝနာယ ပဟီန-ကိလေသေ ပစ္စဝေက္ခိတ္တာ ကိလေသာဘာဝေ ဝိဇ္ဇမာနမ္ပိ ကမ္မံ အာယတိံ အပ္ပဋိသန္ဓိကံ ဟောတီတိ ဇာနန္တော ပဇာနာတိ။

ဝုသိတန္တိ—ဝုတ္ထံ ပရိဝုတ္ထံ၊ ကတံ စရိတံ နိဋ္ဌိတန္တိအတ္ထော၊ **ဗြဟ္မစရိယန္တိ** မဂ္ဂဗြဟ္မစရိယံ၊ ပုထုဇ္ဇနကလ္ယာဏကေန ဟိ သဒ္ဓိံ သတ္တသေက္ခာ မဂ္ဂဗြဟ္မစရိယံ ဝသန္တိနာမ၊ ခီဏာသဝေါ ဝုတ္ထဝါသော၊ တသ္မာ အရိယသာဝကော အတ္တနော ဗြဟ္မစရိယဝါသံ ပစ္စဝေက္ခန္တော 'ဝုသိတံ ဗြဟ္မစရိယ'န္တိ ပဇာနာတိ၊ **ကတံ-ကရဏီယန္တိ** စတူသု သစ္စေသု စတူဟိ မဂ္ဂေဟိ ပရိညာ ပဟာန သစ္ဆိကိရိယာ ဘာဝနာဝသေန သောဠသဝိဓမ္ပိ ကိစ္စံ နိဋ္ဌာပိတန္တိအတ္ထော။

ပုထုဇ္ဇန ကလ္ယာဏကာဒယောဟိ တံ ကိစ္စံ ကရောန္တိ၊ ခီဏာသဝေါ ကတ ကရဏီယော၊ တသ္မာ အရိယသာဝကော အတ္တနော ကရဏီယံ ပစ္စဝေက္ခန္တော 'ကတံကရဏီယ'န္တိ ပဇာနာတိ၊ နာပရံ္ဂတ္ထတ္တာယာတိ ဂ္ဂဒါနိ ပုန ဂ္ဂတ္ထဘာဝါ-ယ ဧဝံ သောဠသကိစ္စဘာဝါယ ကိလေသက္ခယာယ ဝါ မဂ္ဂဘာဝနာ ကိစ္စံ မေ နတ္ထိတိ ပဇာနာတိ၊ အထ ဝါ ဂ္ဂတ္ထတ္တာယာတိ ဂ္ဂတ္ထဘာဝါ ဂ္ဂမသ္မာ ဧဝံ ပကာရာ ဂ္ဂဒါနိ ဝတ္တမာနက္ခန္ဓသန္တာနာ အပရံ ခန္ဓသန္တာနံ မယ္ဟံ နတ္ထိ၊ ဂ္ဂမေ ပန ပဋ္ဌက္ခန္ဓာ ပရိညာတာ တိဋ္ဌန္တိ ဆိန္နမူလကာ ရုက္ခာဝိယ၊ တေစရိမကဝိညာဏ-နိရောဓေန အနုပါဒါနောဝိယ ဇာတဝေဒါ နိဗ္ဗာယိဿန္တိတိ ပဇာနာတိ။

အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ—တေ ဘိက္ခူ သကမနာ တုဋ္ဌမနာ ပီတိသောမနဿေဟိ ဝါ သမတ္တမနာ ဟုတ္ဝာ ကရဝိကရုတ-မဉ္ဇုနာ ကဏ္ဏသုခေန ပဋ္ဌိတ ဇန ဟဒယာနံ အမတာဘိသေကသဒိသေန ဗြဟ္မဿရေန ဘာသတော ဘဂဝတော ဝစနံ သုကထိတံ သုလပိတံ 'ဧဝ မေ တံ ဘဂဝါ ဧဝ မေတံ သုဂတော'တိ မတ္ထကေန သမ္ပဋိစ္ဆန္တာ အနုမောဒိံ သုစေ၀ သမ္ပဋိစ္ဆိံ သုစာတိ အတ္ထော၊ အယဉ္စ အဘိနန္ဒသဒ္ဒေါ 'အဘိနန္ဒတိ အဘိဝဒတိ'တိ

အာဒီသု တဏှာယပိ အာဂတော 'အန္ဓမေဝါဘိနန္ဒန္တိ၊ ဥဘယေနေဝ မာနုသာ'တိ အာဒီသု ဥမဂမနေပိ။

"စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတ"န္တိ—

အာဒီသု သမ္ပဋိစ္ဆနေပိ၊ 'အဘိနန္ဒိတ္ဝာ အနုမောဒိတ္ဝာ'တိ အာဒီသု အနုမောဒနေပိ သ္ဝာယမိဓ အနုမောဒန သမ္ပဋိစ္ဆနေသု ယုဇ္ဇတိ၊ တေန ဝုတ္တံ 'အနုမောဒိံသုစေဝ သမ္ပဋိစ္ဆိံသုစာ'တိ၊ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ အနုပ္ပါဒ နိရောဓေန နိရုဇ္ဈမာနေဟိ အာသဝေဟိ အနုပါဒါယ အဂ္ဂဟေတ္ဝာ ကဠေ ဓမ္မေ အဟမမာတိ အနာဒီယိတ္ဝာဝ စိတ္တာနိ ဝိမုစ္စိသု။

ဆအရဟန္တောတိ ဘဂဝတာ သဒ္ဓိံ ဆဇနာ အရဟန္တော၊ အညေသံ ပန ဒေဝဗြဟ္မာနမ္ပိ အရဟတ္တပတ္တိ သမ္ဘဝတော ဣဒံ မနုဿအရဟန္တယေဝ သန္ဓာယ ဝုတ္တန္တိအာဟ 'ဆမနုဿာ အရဟန္တော ဟောန္တိ'တိ။

အနတ္တလက္ခဏသုတ်ဋီကာပါဠိ ပြီး၏။

အနတ္တလက္ခဏသုတ် ပါဠိတော် အနက်

ကေံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဝါ၊ ဗာရာဏသီပြည်၏အနီး၌။ ဣသိပတနေ၊ ဘုရားပစ္စေကဗုဒ္ဓါတို့ ကောင်းကင်မှ သက်ရာ ကောင်းကင်သို့ တက်ရာဌာန ဖြစ်သော ကြောင့် ဣသိပတန အမည်ရသော။ မိဂဒါယေ၊ သားတို့ကို ဘေးမဲ့ပေးရာ ဖြစ်သော တောင်၌။ ဝါ၊ မိဂဒါဝုန်တောင်၌။ ဝိဟရတိ၊ ဣရိယာပထ မျှတ ရှင်ပျော် နေတော်မူ၏။ တတြ၊ ထိုသို့ နေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဉ္စဝဂ္ဂိယေ၊ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိအားဖြင့် ငါးယောက် အစုရှိသောကြောင့် ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူ၊ ရှေးဦး အလုပ်အကျွေး ဖြစ်ဘူးသော သောတာပန် ရဟန်းတို့ကို။

ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူပြီ။ တေ ဘိက္ခူ၊ ထိုအညာသိကောဏ္ဍည အမှူးရှိကုန်သော ငါးဦးသော သောတာပန် ရဟန်းတို့သည်။ ဘဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ရှေးရှု နားထောင်ကြကုန်ပြီ။ ဝါ၊ ပြန်ကြားလျှောက်ထား ဝန်ခံကုန်ပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ- အနတ္တလက္ခဏသုတ္တံ၊ ဤ 'ရူပံ ဘိက္ခဝေ အနတ္တာ' အစရှိသော အနတ္တလက္ခဏသုတ်တော်ကို။ အဝေါစ၊ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ဖောက်ပြန်တတ်စွာ ရုပ် ရူပကွန္ဓာသည်။ အနတ္တာ၊ အလိုသို့ မလိုက် အကြိုက်သို့မကျ အစိုးမရ အတ္တ မဟုတ်။ ဟိ၊ သင့်စွ။ ဘိက္ခဝေ၊ သံသရာဘေး မျှော်ရှုတွေးငြား အို-ချစ်သားတို့။ ဣဒံရူပံ၊ ဤဖောက်ပြန်တတ်စွာ ရုပ် ရူပကွန္ဓာသည်။ အတ္တာ၊ အလိုသို့လိုက် အကြိုက်သို့ကျ အစိုးရသည့် အတ္တတရားသည်။ အဘဝိဿံ၊ ဖြစ်ခဲ့ငြားအံ့။ ဣဒံရူပံ၊ သည်။ အာဗာဓာယ၊ နာခြင်းငှါ။ နှ သံဝတ္တေယျ၊ မဖြစ်ရာ။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧवं၊ ဤသို့ ဤပုံ။ ဟောတု၊ ဖြစ်ပါစေ။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧवं၊ ဤသို့ ဤပုံ။ မာ အဟောသိ၊ မဖြစ်ပါစေလင့်။ ဣတိ၊ ဤသို့။ ရူပေ၊ ဖောက်ပြန်တတ်စွာ ရုပ် ရူပကွန္ဓာ၌။ ဝသဝတ္တိ၊ အလိုသို့လိုက်၍ ဖြစ်ခြင်းကို။ လဗ္ဘေထ စ၊ ရလည်း ရအပ်ရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ ရူပံ၊ သည်။ အနတ္တာ၊ အလိုသို့မလိုက် အကြိုက်သို့မကျ အစိုးမရ အတ္တမဟုတ်။ တသ္မာ၊ ထို့ကြောင့်။ ရူပံ၊ သည်။ အာဗာဓာယ၊ ဌာ။ သံဝတ္တတိ၊ ဖြစ်ခဲ့၏။ မေ၊ ငါ၏။ ရူပံ၊ သည်။ ဧवं၊ ဤသို့ ဤပုံ။ ဟောတု၊ ဖြစ်ပါစေ။ မေ၊ ငါ၏။ ရူပံ၊ သည်။ ဧवं၊ ဤသို့ ဤပုံ။ မာ အဟောသိ၊ လင့်။ ဣတိ၊ ဤသို့။ ရူပေ၊ ၌။ ဝသဝတ္တိ၊ ကို။ နှ စ လဗ္ဘတိ၊ မရအပ်။

ဘိက္ခဝေ၊ တို့။ ဝေဒနာ၊ ခံစားတတ်စွာ ဝေဒနာ ဝေဒနာကွန္ဓာသည်။ အနတ္တာ၊ အတ္တမဟုတ်။ ဟိ၊ မှန်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ-သောဝေဒနာ၊ ဤခံစားတတ်စွာ ဝေဒနာသည်။ အတ္တာ၊ အတ္တတရားသည်။ အဘဝိဿ၊ ဖြစ်ခဲ့ငြားအံ့။ ဣဒံ သောဝေဒနာ၊ သည်။အာဗာဓာယ၊ နာခြင်းငှါ။ နှ သံဝတ္တေယျ၊

မဖြစ်ရာ။ မေ၊ ငါ၏။ ဝေဒနာ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ ဟောတု၊ ဖြစ်ပါစေ။ မေ၊ ငါ၏။ ဝေဒနာ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ မာ အဟောသိ၊ လင့်။ ဣတိ၊ ဤသို့။ ဝေဒနာယ၊ ခံစားစာတ်စ္စာ ဝေဒနာ၌။ ဝသဝတ္တိ၊ အလိုသို့လိုက်၍ ဖြစ်ခြင်းကို။ လဗ္ဘေထ စ၊ ရလည်း ရအပ်ရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ ဝေဒနာ၊ သည်။ အနတ္တာ၊ အတ္တမဟုတ်။ တသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ သည်။ အာဗာဓာယ၊ ဌာ။ သံဝတ္တတိ၊ ဖြစ်ခဲ့၏။ မေ၊ ငါ၏။ ဝေဒနာ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ ဟောတု၊ ဖြစ်ပါစေ။ မေ၊ ငါ၏။ ဝေဒနာ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ မာ အဟောသိ၊ လင့်။ ဣတိ၊ ဤသို့။ ဝေဒနာယ၊ ၌။ ဝသဝတ္တိ၊ ကို။ နစ လဗ္ဘတိ၊ မရအပ်။

ဘိက္ခဝေ၊ တို့။ သညာ၊ မှတ်သားတတ်စ္စာ သညာ, သညာကွန္ဓာသည်။ အနတ္တာ၊ အတ္တမဟုတ်။ ဟိ၊ မှန်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ ဧသောသညာ၊ ဤမှတ်သားတတ်စ္စာ သညာသည်။ အတ္တာ၊ သည်။ အဘဝိဿ၊ အုံ့။ ဣဒံ ဧသောသညာ၊ သည်။ အာဗာဓာယ၊ ဌာ။ နသံဝတ္တေယျ၊ ရာ။ မေ၊ ငါ၏။ သညာ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ ဟောတု၊ ဖြစ်ပါစေ။ မေ၊ ငါ၏။ သညာ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ မာ အဟောသိ၊ လင့်။ ဣတိ၊ ဤသို့။ သညာယ၊ ၌။ ဝသဝတ္တိ၊ ကို။ လဗ္ဘေထ စ၊ ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ သညာ၊ သည်။ အနတ္တာ၊ အတ္တမဟုတ်။ တသ္မာ၊ ထို့ကြောင့်။ သညာ၊ သည်။ အာဗာဓာယ၊ ဌာ။ သံဝတ္တတိ၊ ၏။ မေ၊ ငါ၏။ သညာ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ ဟောတု၊ ဖြစ်ပါစေ။ မေ၊ ငါ၏။ သညာ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ မာ အဟောသိ၊လင့်။ ဣတိ၊ ဤသို့။ သညာယ၊ ၌။ ဝသဝတ္တိ၊ ကို။ နစ လဗ္ဘတိ၊ မရအပ်။

ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ ပြုပြင်တတ်စ္စာ သင်္ခါရ, သင်္ခါရကွန္ဓာတို့သည်။ အနတ္တာ၊ အတ္တမဟုတ်ကုန်။ ဟိ၊ မှန်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ ဣမေသင်္ခါရာ၊ ဤပြုပြင်တတ်စ္စာ သင်္ခါရကွန္ဓာတို့သည်။ အတ္တာ၊ သည်။ အဘဝိဿံသု၊ ဖြစ်ကုန်ငြားအုံ့။ ဣဒံ-ဣမေ သင်္ခါရာ၊ တို့သည်။ အာဗာဓာယ၊ ဌာ။ နသံဝတ္တေယျုံ၊ မဖြစ်ကုန်ရာ။ မေ၊ ငါ၏။ သင်္ခါရာ၊ တို့သည်။ ဧဝံ၊ ဤသို့ဤပုံ။ ဟောန္တု၊ ဖြစ်ပါစေကုန်။ မေ၊ ငါ၏။ သင်္ခါရာ၊ တို့သည်။ ဧဝံ၊ ဤသို့ဤပုံ။ မာ အဟောသုံ၊

မဖြစ်ပါစေကုန်လင့်။ ဣတိ၊ ဤသို့။ သခ်ါရေသု၊ သခ်ါရတို့၌။ ဝသဝတ္တိ၊ အလိုသို့ လိုက်၍ ဖြစ်ခြင်းကို။ လဇ္ဇေထ စ၊ ရလည်း ရအပ်ရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ သခ်ါရာ၊ တို့သည်။ အနတ္တာ၊ အတ္တမဟုတ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ သခ်ါရာ၊ တို့သည်။ အာဗာဓာယ၊ ဌာ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ မေ၊ ငါ၏။ သခ်ါရာ၊ သခ်ါရတို့သည်။ ဧवံ၊ ဤသို့ ဤပုံ။ ဟောန္တု၊ ဖြစ်ပါစေကုန်။ မေ၊ ငါ၏။ သခ်ါရာ၊ တို့သည်။ ဧဝံ၊ ဤသို့ဤပုံ။ မာ အဟောသုံ၊ မဖြစ်ပါစေကုန်လင့်။ ဣတိ၊ ဤသို့။ သခ်ါရေသု၊ တို့၌။ဝသဝတ္တိ၊ ကို။နု စ လဇ္ဇတိ၊ မရအပ်။

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ အထူးသိစွာ ဝိညာဏ်, ဝိညာဏကၡန္ဓာသည်။ အနတ္တာ၊ အတ္တမဟုတ်။ ဟိ၊ မှန်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ ဝိညာဏံ၊ ဤဝိညာဏ် ဝိညာဏကၡန္ဓာသည်။ အတ္တာ၊ သည်။ အဘဝိဿ၊ အုံ့။ ဣဒံ ဝိညာဏံ၊ သည်။ အာဗာဓာယ၊ ဌာ။ နု သံဝတ္တေယျ၊ ရာ။ မေ၊ ငါ၏။ ဝိညာဏံ၊ သည်။ ဧဝံ၊ ဤသို့ဤပုံ။ ဟောတု၊ ဖြစ်ပါစေ။ မေ၊ ငါ၏။ ဝိညာဏံ၊ သည်။ ဧဝံ၊ ဤသို့ ဤပုံ။ မာ အဟောသိ၊ လင့်။ ဣတိ၊ ဤသို့။ ဝိညာဏေ၊ ဝိညာဏ်-ဝိညာဏကၡန္ဓာ၌။ ဝသဝတ္တိ၊ ကို။ လဇ္ဇေထစ၊ ရအပ်ရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ ဝိညာဏံ၊ သည်။ အနတ္တာ၊ အတ္တမဟုတ်။တသ္မာ၊ ထို့ကြောင့်။ ဝိညာဏံ၊ သည်။ အာဗာဓာယ၊ ဌာ။ သံဝတ္တတိ၊ ၏။ မေ၊ ငါ၏။ ဝိညာဏံ၊ သည်။ ဧဝံ၊ ဤသို့ ဤပုံ။ ဟောတု၊ ဖြစ်ပါစေ။ မေ၊ ငါ၏။ ဝိညာဏံ၊ သည်။ ဧဝံ၊ ဤသို့ ဤပုံ။မာ အဟောသိ၊ လင့်။ ဣတိ၊ ဤသို့။ ဝိညာဏေ၊ ၌။ဝသဝတ္တိ၊ ကို။နု စ လဇ္ဇတိ၊ မရအပ်။

ဘိက္ခဝေ၊ တို့။ မယာ၊ ငါဘုရားသည်။ ဝုစ္စမာနံ၊ ဆိုလတ္တံ့သော။ ယံ ဝစနံ၊ အကြင်စကားသည်။အတ္ထိ၊ ရှိ၏။ တံ ဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိံ မညသ အဘယ်သို့ အောက်မေ့မှတ်ထင်ကြကုန်သနည်း။

ရူပံ၊ ရူပ်သည်။ နိစ္စံ ဝါ၊ မြဲသလော။ အနိစ္စံ ဝါ၊ မမြဲသလော။

(ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူပြီ။)

ဘန္တေ၊ မြတ်စွာဘုရား။ အနိစ္စံ၊ မမြဲသက်သက်ပါဘုရား။

(ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ထားကြကုန်ပြီ။)

ယံ ရူပံ၊ အကြင်ရူပ်သည်။ အနိစ္စံ၊ မမြဲသက်သက်။

တံ ရူပံ၊ ထိုရူပ်သည်။ ဒုက္ခံ ဝါ၊ ဆင်းရဲလော။သုခံ ဝါ၊ ချမ်းသာလော။

(ဤတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲသက်သက်ပါဘုရား။

(ဣတိ - အဝေါစုံ)

ယံ ရူပံ၊ အကြင်ရူပ်သည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။

တံ ရူပံ၊ ထိုရူပ်ကို။ တေ၊ ဤရူပ်သည်။ မမ၊ ငါ၏။ ရူပံ၊ ရူပ်တည်း။ သော၊ ဤရူပ်တရားသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ သော၊ ဤရူပ်တရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ တဏှာ မာန ဒိဋ္ဌိတို့၏ အစွမ်းဖြင့် ရှုမြင်ခြင်းငှါ။ကလွဲနှုတ်သင့်ပါမည်လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ တေ၊ ဤရူခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ (ဣတိ - အဝေါစုံ)

ဘိက္ခဝေ၊ တို့။ ဝေဒနာ၊ ဝေဒနာသည်။ နိစ္စာ ဝါ၊ မြဲသလော။ အနိစ္စာ ဝါ၊ မမြဲသလော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ အနိစ္စာ၊ မမြဲသက်သက်ပါဘုရား။ (ဣတိ - အဝေါစုံ)

ယံ၊ အကြင်ဝေဒနာသည်။ အနိစ္စံ၊ မမြဲသက်သက်။ တံ၊ ထိုဝေဒနာသည်။ ဒုက္ခံ ဝါ၊ ဆင်းရဲလော။ သုခံ ဝါ၊ ချမ်းသာလော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲသက်သက်ပါဘုရား။ (ဣတိ - အဝေါစုံ)

ယံ၊ အကြင်ဝေဒနာသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ခြင်း သဘောရှိ၏။ တံ၊ ထိုဝေဒနာကို။ တေ၊ သော၊ ဤဝေဒနာ

သည်။ မမ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာတည်း။ ဧသော၊ ဤဝေဒနာတရား သည်။ အဟံ၊ ငါသည်။ အသို့၊ ဖြစ်၏။ ဧသော၊ ဤဝေဒနာတရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက် အကြိုက်သို့ကျ အစိုးရသည့် အတ္တတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ဌာ။ ကလ္လံနု၊ လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤသို့ရှုခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ (ဣတိ - အဝါစုံ)

ဘိက္ခဝေ၊ တို့။ သညာ၊ သညာသည်။ နိစ္စာ ဝါ၊ မြဲသလော။ အနိစ္စာ ဝါ၊ မမြဲသလော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊မြတ်စွာဘုရား။ အနိစ္စာ၊မမြဲသက်သက်ပါဘုရား။ (ဣတိ- အဝေါစုံ)

ယံ၊ အကြင်သညာသည်။ အနိစ္စံ၊ မမြဲသက်သက်။ တံ၊ ထိုမမြဲသောသညာ သည်။ဒုက္ခံ ဝါ၊ လော။ သုခံ ဝါ၊ လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ဒုက္ခံ၊ဆင်းရဲသက်သက်ပါဘုရား။ (ဣတိ- အဝေါစုံ)

ယံ၊ အကြင်သညာသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ခြင်းဘဝေါရှိ၏။ တံ၊ထို မမြဲ ဆင်းရဲ ဖောက်လဲတတ်စွာ သညာကို။ ဧတံ၊ ဤသညာသည်။ မမ၊ ငါ၏။ သညာ၊ သညာတည်း။ ဧသော၊ ဤသညာ တရားသည်။ အဟံ၊ ငါသည်။ အသို့၊ ဖြစ်၏။ ဧသော၊ ဤသညာတရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ဌာ။ ကလ္လံနု၊ သင့်ပါမည်လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤသို့ရှုခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ (ဣတိ - အဝေါစုံ)

ဘိက္ခဝေ၊ တို့။ သင်္ခါရာ။ သင်္ခါရတို့သည်။ နိစ္စာ ဝါ၊ မြဲကုန်သလော။ အနိစ္စာ ဝါ၊ မမြဲကုန်သလော။(ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ အနိစ္စာ၊ မမြဲပါကုန်။ (ဣတိ- အဝေါစုံ)

ယံ၊ အကြင်သင်္ခါရသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထို မမြဲသောသင်္ခါရသည်။ ဒုက္ခံ ဝါ၊ လော။ သုခံ ဝါ၊ လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲ သက်သက်ပါဘုရား။ (ဣတိ - အဝေါစုံ)

ယံ၊ အကြင်သင်္ခါရသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ရှိ၏။ တံ၊ ထိုမမြဲ ဆင်းရဲ ဖောက်လဲတတ်စွာ သင်္ခါရကို။ တေ-သော၊ ဤသင်္ခါရသည်။ မမ၊ ငါ၏၊ သင်္ခါရော၊ သင်္ခါရတည်း။ ဧသော၊ ဤသင်္ခါရတရားသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဧသော၊ ဤသင်္ခါရတရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ဌာ၊ ကလ္လံနု၊ လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲ သက်သက်ပါဘုရား။ (ဣတိ - အဝေါစုံ)

ယံ၊ အကြင်သင်္ခါရသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ရှိ၏။ တံ၊ ထိုမမြဲ ဆင်းရဲ ဖောက်လဲတတ်စွာ သင်္ခါရကို။ တေ-သော၊ ဤသင်္ခါရသည်။ မမ၊ ငါ၏၊ သင်္ခါရော၊ သင်္ခါရတည်း။ ဧသော၊ ဤသင်္ခါရတရားသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဧသော၊ ဤသင်္ခါရတရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ဌာ၊ ကလ္လံနု၊ လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ တေ၊ ဤသို့ရှုခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ (ဣတိ - အဝေါစုံ)

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ ဝိညာဏ်သည်။ နိစ္စံ ဝါ၊ လော။ အနိစ္စံ ဝါ၊ လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ အနိစ္စံ၊ မမြဲသက်သက်ပါဘုရား။ (ဣတိ - အဝေါစုံ)

ယံ ဝိညာဏံ၊ အကြင် ဝိညာဏ်သည်။ အနိစ္စံ၊ မမြဲ။ တံဝိညာဏံ၊ ထိုမမြဲသော ဝိညာဏ်သည်။ ဒုက္ခံ ဝါ၊ လော။ သုခံ ဝါ၊ လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲ သက်သက်ပါဘုရား။ (ဣတိ - အဝေါစုံ)

ယံ ဝိညာဏံ အကြင်ဝိညာဏ်သည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ၏။ တံ၊ ထိုမမြဲ ဆင်းရဲ ဖောက်လဲတတ်တဲ့ဝိညာဏ်ကို။ တေ၊ ဤဝိညာဏ်သည်။ မမ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဏ်တည်း။ ဧသော၊ ဤဝိညာဏ်တရားသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဧသော၊ ဤဝိညာဏ်တရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက် အကြိုက်သို့ကျ အစိုးရသည့်အတ္တတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ဌာ၊ ကလ္လံနု၊ လော။ (ဣတိ - ပုစ္ဆိ)

ဘန္တေ၊ မြတ်စွာဘုရား။ တေား၊ ဤသို့ ရှုခြင်းသည်။ နောဟိကလ္လံ၊ မသင့်ပါ။ (ဣတိ - အဝေါစုံ)

ဘိက္ခဝေ၊ တို့။ (ယသ္မာ၊ အကြင်ကြောင့်။ ဣမေပဉ္စက္ခန္ဓာ၊ ဤရူပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါးတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အတ္တမဟုတ်ကုန်။) (အနိယတ်ထည့်) တသ္မာ၊ ထိုသို့ ရူပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါး၏ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်သောကြောင့်—

(တိကာရ ဟကာရ နပါတာ၊ (ဌီကာဆို၏) တိ,ဟ အနက်မရှိ။)

အတီတာနာဂတပစ္စုပ္ပန္နံ ဝါ၊ လွန်ပြီးအတိတ် နောင်အနာဂတ် ရောက်ဆဲ ပစ္စုပ္ပန်လည်းဖြစ်သော။ အဇ္ဈတ္တံ ဝါ၊ အတ္တဘောကို စွဲမှီ၍လည်းဖြစ်သော။ ဝါ၊ မိမိသန္တာန်၌လည်းဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ အတ္တဘောကို စွဲမှီခြင်းမှ အပလည်းဖြစ်သော။ ဝါ၊ သူတပါးသန္တာန်၌လည်းဖြစ်သော။ သြဠာရိကံ ဝါ၊ ရုန့်ရင်းကြမ်းတန်းသည်လည်းဖြစ်သော။ သုခုမံ ဝါ၊ သိမ်မွေ့နူးညံ့သည်လည်းဖြစ်သော။ ဟီနံ ဝါ၊ ယုတ်ညံ့သည်လည်းဖြစ်သော။ ပဏီတံ ဝါ၊ မွန်မြတ်သည်လည်းဖြစ်သော။ ဒူရေ ဝါ၊ အဝေးဌိတည်သည်လည်းဖြစ်သော။ သန္တိကေ ဝါ၊ အနီးဌိတည်သည်လည်းဖြစ်သော။ ယံ ကိဉ္စိ၊ အလုံးစုံသော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဧတံ ရူပံ၊ ဤရူပ်သည်။ မမ၊ ငါ၏။ နရူပံ၊ ရူပ်မဟုတ်။ ဧသော ဓမ္မော၊ ဤရူပ်တရားသည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဖြစ်။ ဧသောဓမ္မော၊ ဤရူပ်တရားသည်။ မေ၊ ငါ၏။ နအတ္တာ၊ အတ္တမဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ ဧတံ ရူပံ၊ ကို။ ယထာဘူတံ၊ မဖောက်မပြန်ဟုတ်မှန်စွာ။ သမ္မပ္ပညာယ၊ ဝိပဿနာနှင့်တကွသော မဂ်ပညာဖြင့်။ တနည်း— သမ္မ-သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဘိက္ခဝေ၊ တို့။ အတီတာနာဂတပစ္စုပ္ပန္နာ ဝါ၊ ဖြစ်သော။ အဇ္ဈတ္တံ ဝါ၊ သော။ ဝါ၊ သော။ ဗဟိဒ္ဓါ ဝါ၊ သော။ ဝါ၊ သော။ သြဠာရိကာ ဝါ၊ သော။ သုခုမာ ဝါ၊ သော။ ဟီနာ ဝါ၊ သော။ ပဏီတာ ဝါ၊ သော။ ဒူရေ ဝါ၊ သော။ သန္တိကေ ဝါ၊ သော။ ယာကာစိ၊ အလုံးစုံသော။ ယာဝေဒနာ၊ အကြင်ဝေဒနာ

သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗာ၊ အလုံးစုံသော။ တေ-တော ဝေဒနာ၊ ဤဝေဒနာ သည်။ မမ၊ ငါ၏။ နဝေဒနာ၊ ဝေဒနာ မဟုတ်။ ဧသော ဓမ္မော ဤဝေဒနာ တရားသည်။ အဟံ၊ ငါသည်။ နအသို့၊ မဖြစ်, မဟုတ်။ ဧသောဓမ္မော၊ ဤဝေဒနာတရားသည်။ မေ၊ ငါ၏။ နအတ္တာ၊ အတ္တမဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ တေ ဓမ္မံ၊ ဤဝေဒနာတရားကို။ ယထာဘူတံ၊ စွာ။ သမ္မပ္ပညာယ၊ ဖြင့်။ ဝါ၊ သမ-သမာ၊ စွာ။ ပညာယ၊ ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ၏။

ဘိက္ခဝေ၊ တို့။ အတီတာနာဂတ ပစ္စုပ္ပန္နာ၊ သော။ အဗ္ဗတ္တံ ဝါ၊ သော။ ဝါ၊ သော။ ဗဟိဒ္ဓါ ဝါ၊ သော။ ဝါ၊ သော။ သြဠာရိကာ ဝါ၊ သော။ သုခုမ ဝါ၊ သော။ ဟီနာ ဝါ၊ သော။ ပဏီတာ ဝါ၊ သော။ ဒူရေ ဝါ၊ သော။ သန္တိကေ ဝါ၊ သော။ ယာ ကာစိ၊ သော။ ယာ သညာ၊ အကြင် အမှတ် သညာ သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗာ၊ သော။ တေ-တော သညာ၊ ဤအမှတ်သညာ သည်။ မမ၊ ငါ၏။ နသညာ၊ သညာမဟုတ်။ ဧသော ဓမ္မော၊ ဤသညာ တရားသည်။ အဟံ၊ ငါသည်။ နအသို့၊ မဟုတ်။ ဧသော ဓမ္မော။ ဤသညာ တရားသည်။ မေ၊ ငါ၏။ နအတ္တာ၊ အတ္တမဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ တေ ဓမ္မံ၊ ဤသညာတရားကို။ ယထာဘူတံ၊ စွာ။ သမ္မပ္ပညာယ၊ ဖြင့်။ တနည်း– သမ-သမာ၊ ဣဿရ်းစွာ။ ဝါ၊ အသင့်အားဖြင့်။ ပညာယ၊ ဝိပဿနာနှင့် တကွသော မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုမှတ်အပ်၏။

ဘိက္ခဝေ၊ တို့။ အတီ ဘာနာဂတပစ္စုပ္ပန္နာ၊ ကုန်သော။ အဗ္ဗတ္တံ ဝါ၊ ကုန်သော။ ဝါ၊ ကုန်သော။ ဗဟိဒ္ဓါ ဝါ၊ ကုန်သော။ ဝါ၊ ကုန်သော။ သြဠာရိကာ ဝါ၊ ကုန်သော။ သုခုမာ ဝါ၊ ကုန်သော။ ဟီနာ ဝါ၊ ကုန်သော။ ပဏီတာ ဝါ၊ ကုန်သော။ ဒူရေ ဝါ၊ ကုန်သော။ သန္တိကေ ဝါ၊ ကုန်သော။ ယေကေစိ၊ အလုံးစုံကုန်သော။ ယေ သင်္ခါရာ၊ အကြင်သင်္ခါရတို့သည်။ အတ္ထိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ-သောသင်္ခါရာ၊ တို့သည်။ မမ၊ ငါ၏။ နသင်္ခါရာ၊ သင်္ခါရ မဟုတ်ကုန်။ ဧသော ဓမ္မော၊ ဤသင်္ခါရတရားသည်။ အဟံ၊ ငါသည်။ နအသို့၊ မဖြစ်။ ဝါ၊ မဟုတ်။ ဧသော ဓမ္မော၊ သည်။ မေ၊ ငါ၏။ နအတ္တာ၊ အတ္တမဟုတ်။ ဣတိ-ဧဝံ၊ ဤသို့။ တေ ဓမ္မံ၊ ဤသင်္ခါရတရား

ကို။ ယထာဘူတံ၊ စ္ဓာ။ သမ္မပ္ပညာယ၊ ဖြင့်။ ဝါ၊ သမ္မ-သမ္မာ၊ ကောင်းစ္ဓာ။ ပညာယ၊ ဝိပဿနာနှင့် တကွသော မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဘိက္ခဝေ၊ တို့။ အတီတာနာဂတပစ္စုပ္ပန္နံ ဝါ၊ သော။ အဇ္ဈတ္တံ ဝါ၊ သော။ ဝါ၊ သော။ ဗဟိဒ္ဓါ ဝါ၊ သော။ ဝါ၊သော။ သြဠာရိကံ ဝါ၊ သော။ သုခုမံ ဝါ၊ သော။ ဟီနံ ဝါ၊ သော။ ပဏီတံ ဝါ၊ သော။ ဒူရေ ဝါ၊ သော။ သန္တိကေ ဝါ၊ သော။ယံ ကိဉ္စိ၊ သော။ ယံဝိညာဏံ၊ အကြင်ဝိညာဏ်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ သော။ တေ ဝိညာဏံ၊ ဤဝိညာဏ်သည်။ မမ၊ ငါ၏။ နဝိညာဏံ၊ ဝိညာဏ် မဟုတ်။ ဧသော ဓမ္မော၊ ဤဝိညာဏ်တရားသည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဖြစ်။ ဝါ၊ မဟုတ်။ ဧသောဓမ္မော၊ သည်။ မေ၊ ငါ၏။ နအတ္တာ၊ အတ္တ မဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ တေဝိညာဏံ၊ ဤဝိညာဏ်ကို။ ယထာဘူတံ၊ စ္ဓာ။ သမ္မပ္ပညာယ၊ ဖြင့်။ ဝါ၊ သမ္မ-သမ္မာ၊ ကောင်းစ္ဓာ။ ပညာယ၊ ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ ပဿံ·ပဿန္တော၊ ရှုသည်ရှိသော်။ သုတဝါ၊ အာဂမအဓိဂမဟူသော အကြားအမြင်ရှိသော။ အရိယသာဝကော၊ အရိယာ ဖြစ်သော တပည့်သည်။ ရူပသ္မိမ္ပိ၊ ရုပ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝေဒနာ-ယပိ၊ ဝေဒနာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သညာယပိ၊ သညာ၌လည်း။ နိဗ္ဗိန္ဒ-တိ၊ ငြီးငွေ့၏။ သင်္ခါရေသုပိ၊ သင်္ခါရ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာ-ဏသ္မိမ္ပိ၊ ဝိညာဏ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နိဗ္ဗိန္ဒံ· နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့ခြင်း ကြောင့်။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကိလေသာမှလွတ်၏။ ဝိမုတ္တသ္မိံ၊ ကိလေသာမှလွတ်ပြီးသော အရဟတ္တ ဖိုလ်၌။ အဟံ၊ ငါသည်။ ဝိမုတ္တံ၊ ကိလေသာမှ လွတ်ပြီးသည်။ အမ္ပိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ ပဋိ သန္ဓေအသစ် ခန္ဓာဖြစ်ခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ်တည်းဟူ သောမြတ်သောအကျင့်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ တဆယ့် ခြောက်ပါး အပြားရှိသော မဂ်ကိစ္စကို။ ကတံ၊ ပြီးဆုံးအောင် ပြုအပ်ပြီ။ ဣတ္ထတ္တာယ၊ ဤတဆယ့်ခြောက်ပါး အပြားရှိသော မဂ်ကိစ္စဖြစ်ခြင်းငှါ။ အပရံ၊ တပါးသော။ (မဂ္ဂဘာဝနာကိစ္စံ)၊ မဂ်ကို ပွားများခြင်းကိစ္စသည်။

(မေ)၊ ငါအား။ နအတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ (ဣတိ · အဝေါစ)

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံဝစနံ၊ ဤစကားတော်ကို အဝေါစ၊ ဟောကြားတော်မူ၏။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ အတ္တမနာ၊ မိမိစိတ်ရှိကုန်သည်ဖြစ်၍။ ဝါ၊ နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဝါ၊ ပီတိသောမနဿတို့နှင့် ပြည့်စုံသော စိတ်ရှိကုန်သည်ဖြစ်၍။ (ကရဝိကရုတမဉ္ဇု-နာ၊ ကရဝိက်ငှက်မင်း၏ တွန်ကျူးသံနှင့်တူသော သာယာနာပျော်ဘွယ်သော။ ကဏ္ဌသုခေန၊ နားချမ်းသာသော။ ပဏ္ဍိတဇနဟဒယာနံ၊ ပညာရှိတို့၏ စိတ်နှလုံးကို။ အမတာဘိသေကသဒိသေန၊ အမြိုက်ရေစင်ဖြင့် သွန်းလောင်းသည်နှင့် တူသော။ ဗြဟ္မဿရေန၊ အင်္ဂါရှစ်ဖေါ် မြတ်သော အသံတော်ဖြင့်။ ဝါ၊ ဗြဟ္မာ မင်း၏အသံနှင့် တူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့်။ ဘာသတေ၊ ဟောကြားတော်မူသော။) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ စကားတော်ကို။ ဝါ၊ အနတ္တလက္ခဏသုတ် ဒေသနာတော်ကို။ အဘိနန္ဒုံ၊ ဦးထိပ်ရွက်ကာ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုကြကုန်ပြီ။ နှစ်သက်ကြည်သာ နာခံကြကုန်ပြီ။

ဣမသ္မိံ ဝေယျာကရဏသ္မိံ၊ ဤဂါထာမပါ အမေးအဖြေနှင့် တကွသော ဝေယျာကရိဏ်း တရားတော်ကို။ ဘည္ဒန္တာ၊ ဟောကြားတော်မူအပ်သည်ရှိသော်။ ပဉ္စဝဂ္ဂိယာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ အာသဝေဟိ၊ တဖန်မဖြစ်သော ချုပ်ခြင်းဖြင့်ချုပ်ကုန်သော အာသဝေါတရားတို့မှ။ အနုပါဒါယ၊ တစုံတခုသော တရားကို ငါ, ငါ၏ဥစ္စာဟု မယူမူ၍။ စိတ္တာနိ၊ စိတ်တို့သည်။ ဝိမုစ္စိံသု၊ လွတ်ကုန်ပြီ။

ဣတိ၊ ဤတွင် အပြီးတည်း။

အနတ္တလက္ခဏသုတ် ပါဠိတော် အနက်

ပြီး၏။

(မှတ်ရန်—ရူပ· နပုလ္လိင်၊ ဝေဒနာ—သညာ· ဣတ္ထိလိင်၊ သင်္ခါရ— ပုလ္လိင်၊ ဝိညာဏ—နပုလ္လိင်၊ အဗ္ဗတ္တံ-ကား အဗျယီဘာဝသမာသ်--နပုလ္လိင်)

အနုတ္တတရား

အနတ္တတရား

ဒီကနေ့ည 'အနတ္တ' တရားကို ဟောမယ်။

ပရိသတ်ကြီး - ဘုရား။

ဒီကနေ့ည ဘာတရားကို ဟောမှာတဲ့လဲ?။

အနတ္တတရားတော်ကို ဟောမှာပါ ဘုရား။

အင်း....အနတ္တ တရားတော်ဆိုတာ အလွန်တရာ ခက်ခဲ နက်နဲ သိမ်မွေ့တယ်၊ ဟောသူ နည်းပါးလို့ နာလည်း နာရခဲတယ်၊ အနတ္တတလုံး တသက်လုံး ဟောလို့ မကုန်နိုင်အောင် အရာလည်း ကျယ်တယ်၊ ဒီကနေ့ညတော့ အနတ္တ အချက် အလက်တွေကို ပြက်ပြက်ထင်ထင် မျက်မြင်လက်တွေ့ ပြပြီး ပရိသတ်ကြီး သဘောကျအောင် ဟောပြမယ်။

ဟောသူနှင့် နာသူ

ဒီ 'အနတ္တ' တရားတော်ကို ဂေါတမရှင်တော်ဘုရား်က ပဉ္စဝဂ္ဂိရဟန်း ၅ါးဦး အား ဟောကြားတော်မူခဲ့တယ်။

ပရိသတ်ကြီး - ဘုရား။

'အနတ္တ' တရားတော်ကို ဘယ်သူက ဘယ်သူကို ဟောကြားခဲ့သလဲ?။

ဂေါတမရှင်တော်ဘုရားက ပဉ္စဝဂ္ဂိ ရဟန်း ၅ါးဦးအား ဟောကြားခဲ့ပါတယ် ဘုရား။

ပွင့်ရာဌာန

အေး....လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) နှစ်ထောင် ၅ါးရာကျော်လောက်က (မဇ္ဈိမဒေသ) ယခု အိန္ဒိယပြည် အတွင်းမှာ ဂေါတမရှင်တော်ဘုရားရယ်လို့ လူတွင်ထင်ရှား ပွင့်တော်မူသွားခဲ့တယ်။

မဇ္ဈိမဒေသ

'မဇ္ဈိမဒေသ'ဆိုတာ မဇ္ဈိမက—အလယ် ဒေသက—အရပ် နှစ်ခုပေါင်းလိုက်တော့ အလယ်ပိုင်း အရပ်လို့ဆိုတယ်။

ပရိသတ်ကြီး - ဘုရား။
'မဇ္ဈိမဒေသ'ဆိုတာ ပါတဲ့တုန်း?။
အလယ်ပိုင်း အရပ်ပါ ဘုရား။

ကျန်းကြီးလေးကျန်း

အရှေ့ကျန်း, အနောက်ကျန်း, တောင်ကျန်း, မြောက်ကျန်းလို့ ကျန်းကြီးလေးကျန်း အလယ်က မြင်းမိုရ်တောင်ရှိတယ်၊ မြင်းမိုရ်တောင်ရဲ့ အရှေ့ဘက်မှာ တည်တဲ့ကျန်းကို အရှေ့ကျန်းလို့ ဆိုတယ်၊ မြင်းမိုရ်တောင်ရဲ့ အနောက်ဘက်မှာ တည်တဲ့ကျန်းကို အနောက်ကျန်းလို့ ဆိုတယ်၊ မြင်းမိုရ်တောင်ရဲ့ တောင်ဘက်မှာ တည်တဲ့ကျန်းကို တောင်ကျန်းလို့ ဆိုတယ်၊ မြင်းမိုရ်တောင်ရဲ့ မြောက်ဘက်မှာ တည်တဲ့ကျန်းကို မြောက်ကျန်းလို့ ဆိုတယ်။

လေးကျန်း အကျယ်

'အပရဂေါယာနံ သတ္တသဟဿာ ယောဇနံ၊တထာ ပုဗ္ဗဝိဒေဟော၊ ဥတ္တရကုရု အဋ္ဌသဟဿာ ယောဇနော၊ ဇမ္ဗုဒီပေါ ဒသ သဟဿာ ယောဇနော'လို့ ကျမ်းဂန်များမှာ လာခြင်းကြောင့် အနောက်ကျန်းက ယူဇနာ (၇၀၀၀) ခုနစ်ထောင် ကျယ်တယ်၊ အရှေ့ကျန်းကလဲ ယူဇနာ (၇၀၀၀) ခုနစ်ထောင် ကျယ်တယ်၊ မြောက်ကျန်းက ယူဇနာ (၈၀၀၀) ရှစ်ထောင် ကျယ်တယ်၊ တောင်ကျန်းက ယူဇနာ(၁၀၀၀၀) တသောင်း ကျယ်တယ်။

တောင်ကျန်း သပြေကျန်း လက္ပါကျန်း

ပရိသတ်ကြီး - ဘုရား။

ကျန်းကြီးလေးကျန်းထဲက ပရိသတ်ကြီးနေတဲ့ ကျန်းဟာ ဘာကျန်းတဲ့လဲ?။

တောင်ကျွန်းပါ ဘုရား။
အေး- ဒီတောင်ကျွန်းမှာ—

"ယောဇန သတုဗ္ဗမဝ၊ ပဏ္ဏာသယောဇန သာခါ၊ ပဉ္စဒသယောဇနာ ဝဋ္ဋကွန္ဒာ၊ ဟိမဝန္တပဗ္ဗတေ ဇာတာ ကပ္ပဋ္ဌာယိနိ မဟာဇမ္ဗုနာမ အတ္ထိ၊ တာယ အယံဒီပေါ ဇမ္ဗုဒီပေါတိ ဝုစ္စတိ"လို့ ကျမ်းဂန်များမှာ လာခြင်းကြောင့်—

အမြင့်ယူဇနာ (၁၀၀)တရာ၊ အခက်အလက်ဝန်းယူဇနာ (၅၀) ငါးဆယ်၊ ပင်စည်လုံးပတ်(၁၅)ဆယ့်ငါးယူဇနာရှိတဲ့ ဟိမဝန္တာ တောင်မှာ ပေါက်ရောက်ပြီး တကမ္ဘာပတ်လုံးတည်တဲ့ မဟာသပြေပင်ကြီး ဆိုတာ ရှိတယ်၊ အဲဒီသပြေပင်ကြီးကို အစဲ့ပြုပြီး ကျွန်းကိုလဲ သပြေကျွန်းလို့ ဆိုတယ်၊ လက္ခြာဘက်မှာ တည်ခြင်းကြောင့်လဲ လက္ခြာကျွန်းလို့လဲဆိုတယ်၊ ဒါကြောင့် စာဆိုရှင်ကြီး တွေက သပြေထွန်းတဲ့ ကျွန်းတောင်လက္ခြာ စသည်ဖြင့် စပ်ဆိုတော်မူကြတယ်။

မဇ္ဈိမဒေသ အပိုင်းအခြား

ဒီကျွန်းရဲ့ အလည်ပိုင်းအရပ်ကို 'မဇ္ဈိမဒေသ'လို့ ဆိုတယ်၊ အပိုင်းအခြားအားဖြင့်တော့ အရှေ့အရပ်မှာ'ဂဇင်လ'နိုဂုံးရဲ့ အပြင်ဘက်မှာ အင်ကြင်းပင်ကြီးရှိတယ်၊ အဲဒီအင်ကြင်းပင်ကြီးရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ အပြင်ဘက်က ပစ္စန္တရာဇ်၊ အရှေ့တောင်အရပ်မှာ သလ္လာဝတီအမည်ရှိတဲ့ ချင်းတွင်းမြစ်ရှိတယ်၊ အဲဒီချင်းတွင်းမြစ်ရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ အပြင်ဘက်က ပစ္စန္တရာဇ်၊ တောင်အရပ်မှာ သေတကဏ္ဏိက နိုဂုံးရှိတယ်၊ အဲဒီနိုဂုံးရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ပြင်ဘက်က ပစ္စန္တရာဇ်၊ အနောက်အရပ်မှာ တူဏမည်တဲ့ ပုဏ္ဏားရွာရှိတယ်၊ အဲဒီ ပုဏ္ဏားရွာရဲ့အတွင်းဘက်က မဇ္ဈိမဒေသ၊ ပြင်ဘက်က ပစ္စန္တရာဇ်၊ မြောက်ဘက်အရပ်မှာ ဥသီရဒ္ဓဇ အမည်ရှိတဲ့ တောင်ရှိတယ်၊ အဲဒီတောင်ရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ ပြင်ဘက်က ပစ္စန္တရာဇ်၊ အလျားယူဇနာ (၃၀၀) သုံးရာ၊ အနုံ ယူဇနာ(၂၅၀) နှစ်ရာ့ငါးဆယ်၊ အဝန်းယူဇနာ (၉၀၀) ကိုးရာ ရှိတယ်။

ပရိသတ်ကြီး - ဘုရား။
မဇ္ဈိမဒေသ အပိုင်းအခြားနော် မှတ်မိရဲ့လား?။
မှတ်မိပါတယ် ဘုရား။

မှတ်မိလျှင် မေးမယ်

အရှေ့အရပ်မှာ ဘာရှိသလဲ ပရိသတ်ကြီး။

'ဂဇင်္ဂလနိဂုံးရဲ့ အပြင်ဘက်မှာ အင်ကြင်းပင်ကြီး ရှိပါတယ်ဘုရား။

အေး....အဲဒီ အင်ကြင်းပင်ကြီးရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ ပြင်ဘက်က ပစ္စန္တရာဇ်၊ အရှေ့တောင်အရပ်မှာ ဘာရှိသလဲ ပရိသတ်ကြီး၊ သလ္လာဝတီမည်တဲ့ ချင်းတွင်းမြစ် ရှိပါတယ်ဘုရား၊ ချင်းတွင်းမြစ်တော့ ပရိသတ်ကြီး အသိဘဲနော်၊ မြန်မာပြည်ထဲတွင် အဲဒီ ချင်းတွင်းမြစ်ကို ရှေးက သလ္လာဝတီမြစ်လို့ ခေါ်ကြတာလဲ အသိဘဲနော်၊ အိန္ဒိယပြည်ရဲ့ အရှေ့တောင် ကျတာပေါ့၊ အဲဒီ ချင်းတွင်းမြစ်ရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ ပြင်ဘက်က ပစ္စန္တရာဇ်၊ တောင်အရပ်မှာ ဘာရှိသလဲ ပရိသတ်ကြီး။

သေတကဏ္ဍိက နိဂုံးရှိပါတယ် ဘုရား။

အေး....အဲဒီ နိဂုံးရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ ပြင်ဘက်က ပစ္စန္တရာဇ်။

အနောက်အရပ်မှာ ဘာရှိသလဲ ပရိသတ်ကြီး။

ထူဏမည်တဲ့ ပုဏ္ဏားရွာ ရှိပါတယ်ဘုရား။

အေး....အဲဒီ ပုဏ္ဏားရွာရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ ပြင်ဘက်က ပစ္စန္တရာဇ်။

မြောက်အရပ်မှာ ဘာရှိသလဲ ပရိသတ်ကြီး။

ဥသိရဒ္ဓဇ မည်တဲ့တောင် ရှိပါတယ်ဘုရား။

အေး....အဲဒီ တောင်ရဲ့ အတွင်းဘက်က မဇ္ဈိမဒေသ၊ ပြင်ဘက်က ပစ္စန္တရာဇ်။

အလျားယူဇနာ ဘယ်လောက်ရှိသလဲ ပရိသတ်ကြီး။

(၃၀၀) သုံးရာ ရှိပါတယ်ဘုရား။

အနံ ယူဇနာ ဘယ်လောက်ရှိသလဲ ပရိသတ်ကြီး။

(၂၇၀) နှစ်ရာ့ ၇ါးဆယ် ရှိပါတယ်ဘုရား။

အဝန်း ယူဇနာ ဘယ်လောက်ရှိသလဲ ပရိသတ်ကြီး။
(၉၀၀) ကိုးရာ ရှိပါတယ်ဘုရား။

မဇ္ဈိမဒေသဌာ ပုဂ္ဂိုလ်ထူးတွေ ဖြစ်ထွန်း

အဲဒီ မဇ္ဈိမဒေသမှာသာ တောင်ကျွန်း သပြေကျွန်း လက္ခါကျွန်းရဲ့ အလည်ပိုင်းအရပ်မှာသာ ဘုရားပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက ဗုဒ္ဓမာတာ ဗုဒ္ဓပိတာ စကြာမင်းစတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေ ဖြစ်ထွန်းတော်မူကြတယ်။

ဟောရာဌာနနှင့် တရားနာများ

အဲဒီ ဂေါတမရှင်တော်ဘုရားဟာ ဘုရားအဖြစ်သို့ ရောက်ပြီး ဗာရာဏသီပြည်၏အနီး 'ဣသိပတန' အမည်ရတဲ့ မိဂဒါဝုန်တောမှာ ဝါဆိုလပြည့်နေ့ည အတွင်းကရှေ့ အပြင်က ဖလ်ဖြင့်ပြီးတဲ့ နေဗိမာန်ကြီးလဲ 'အပရ ဂေါယာန' ခေါ်တဲ့ အနောက်ကျွန်းမှာ နေမွန်းတိစ၊ သပြေပင်ထွန်းတဲ့ လက္ခါတောင်ကျွန်းမှာ ရောင်ခြည်အလင်း ပျောက်ကွယ်စ၊ အတွင်းက ပတ္တမြား အပြင်ကငွေဖြင့်ပြီးတဲ့ လဗိမာန်ကြီးလဲ အရှေ့လောကဓာတ်မှ ထွက်ပြူစအချိန်ကလေးမှာ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိဆိုတဲ့ ပဉ္စဝဂ္ဂါးဦး အမှူးရှိတဲ့ နတ်ဗြဟ္မာတွေကို ဗြဟ္မာမင်းကြီး၏ အသံကဲ့သို့ သာယာ နာပျော်ဘွယ်သော အင်္ဂါရှစ်ဖေါ အသံတော်ဖြင့်—

'ဒ္ဒေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နဿ သေဝိတဗ္ဗာ' အစချီပြီး 'ဓမ္မစက္ကပ္ပဝတ္တန' သုတ္တန်ဒေသနာတော်ကို တရားဦးအနေနဲ့ ဟောကြားတော်မူတယ်။

တရားထူး ရကြပုံ

အဲဒီ ဝါဆိုလပြည့်နေ့ည 'ဓမ္မစက္ကပ္ပဝတ္တန' သုတ်ကို ဟောကြားပြီးသည်၏ အဆုံးမှာ တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတွေနှင့်အတူ 'ရှင်ကောဏ္ဍည'ဟာ သောတာပန် ဖြစ်သွားတယ်၊ တဖန်ထပ်မံပြီး ကြွင်းကျန်တဲ့ ရဟန်းလေးပါးကို တရားစကားဖြင့် ဆုံးမပြန်ရာ ဝါဆိုလဆုတ် တရက်နေ့မှာ 'ရှင်ဝပ္ပ'သောတာပန် ဖြစ်သွားခဲ့တယ်၊ ဝါဆိုလဆုတ် နှစ်ရက်မနေ့မှာ 'ရှင်ဘဒ္ဒိယ' သောတာပန်

ဖြစ်သွားခဲ့တယ်၊ ဝါဆိုလဆုတ် သုံးရက်နေ့မှာ 'ရှင်မဟာနာမ်' သောတာပန် ဖြစ်သွားခဲ့တယ်၊ ဝါဆိုလဆုတ် လေးရက်နေ့မှာ 'ရှင်အဿဇိ' သောတာပန် ဖြစ်သွားခဲ့တယ်။

'ဝပ္ပတ္ထေရဿ ပါဋိပဒဒိဝသေ ဓမ္မစက္ခုံ ဥဒပါဒိ၊ ဘဒ္ဒိယတ္ထေရဿ ဒုတိယဒိဝသေ၊ မဟာနာမတ္ထေရဿ တတိယဒိဝသေ၊ အဿဇိတ္ထေရဿ စတုတ္ထိယန္တိ'။ (မဟာဝဂ္ဂ-၄)

အနတ္တလက္ခဏသုတ်ကို ဟောတော်မူခြင်း

ပရိသတ်ကြီး- ဘုရား။

'ပဉ္စဝဂ္ဂိ ရဟန်းငါးဦး ဆိုတာ ဘယ်သူတွေလဲ?'

၁။ ရှင်ကောဏ္ဍည်၊

၂။ ရှင်ဝပ္ပ၊

၃။ ရှင်ဘဒ္ဒိယ၊

၄။ ရှင်မဟာနာမ်၊

၅။ ရှင်အဿဇိ တို့ ငါးဦးပါဘုရား။

အေး-ဝါဆိုလဆုတ် ငါးရက်နေ့မှာ သောတာပန် ပဉ္စဝဂ္ဂိ ရဟန်းငါးဦးအား ရဟန္တာဖြစ်အောင်လို့တဲ့ မြတ်ဘုရားက အနတ္တလက္ခဏသုတ် တရားကို ဟော ကြားတော်မူတယ်။

ရူပကွန္ဒာ အနတ္တဖြစ်ပုံ

'ရူပံ ဘိက္ခဝေ အနတ္တာ'။

ချစ်သားတို့ ရုပ်ကို အနတ္တလို့ မှတ်ကြကုန်။

ပရိသတ်ကြီး- ဘုရား။

မြတ်ဘုရားက ရုပ်ကို ဘာလို့မှတ်ရမယ်လို့ ဟောပါသလဲ?။

အနတ္တလို့ မှတ်ရမယ်လို့ ဟောပါတယ်ဘုရား။

သီ ကျင့် ကျိုး သုံးမျိုး သာသနာ

အေး....ရုပ်ကို အနတ္တလို့ မှတ်ရမယ်လို့ ဘုရားဟောတယ်၊ ဘယ်ဟာကို ရုပ်လို့ ခေါ်တယ်၊ ဘယ်လိုအနတ္တဖြစ်တယ်လို့ သိဘို့လိုတယ်၊ မသိဘဲနှင့်လဲ မကျင့်တတ်ဘူး၊ အကျင့်မရောက်ဘဲနဲ့လဲ အကျိုးမရဘူး၊ အသိပရိယတ် အကျင့်ပဋိပတ် အကျိုးပဋိဝေဓ ဒီသုံးမျိုးဟာ အကြောင်းအကျိုး ဆက်စပ်ပြီးနေတယ်၊ ဒါကြောင့် ရှေးဦး သိအောင် လုပ်ရမယ်၊ သိပြီးလျှင် ကျင့်ရမယ်၊ ကျင့်လျှင် အကျိုး ရမယ်။

ပရိသတ်ကြီး - ဘုရား။
ရှေးဦး ဘာလုပ်ရမလဲ?
သိအောင် လုပ်ရပါမယ်ဘုရား။
သိပြီးလျှင် ကျင့်ရပါမယ်ဘုရား။
ကျင့်လျှင် အကျိုးရပါတယ်ဘုရား။
* အသိတရားက ပရိယတ္တိသာသနာ၊
* အကျင့်တရားက ပဋိပတ္တိသာသနာ၊
* အကျိုးတရားက ပဋိဝေဓသာသနာ—

လို့ သာသနာတော် သုံးရပ် မိန့်မှတ်တော်မူခဲ့တယ်၊ ကဲ သိအောင်လုပ်ကြစို့။

ရုပ်အာဃလုံး ၂၈--ပါး

ကတပဋ္ဌ ဘိက္ခဝေ ရူပံ· စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ 'ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ' လို့ ဟောတော်မူခြင်းကြောင့်—

မဟာဘုတ်ကြီး ၄- ပါး,
ဥပါဒါရုပ် ၂၄- ပါး,
ရုပ်အာဃလုံး ၂၈- ပါး ရှိတယ်။
ပရိသတ်ကြီး - ဘုရား။
ရုပ်အာဃလုံး ဘယ်လောက် ရှိသလဲ?
၂၈–နှစ်ဆယ့်ရှစ်ပါး ရှိပါတယ်ဘုရား။

မဟာဘုတ်ရုပ်ကြီး ၄-ပါး

မဟာဘုတ် ရုပ်ကြီး လေးပါးက—

၁။ ပထဝီ၊

၂။ အာပေါ၊

၃။ တေဇော၊

၄။ ဝါယော၊

ပရိသတ်ကြီး · ဘုရား။

မဟာဘုတ် ရုပ်ကြီး လေးပါးကို ရေပြစမ်းပါ၊
ပထဝီ ။လ။ ဝါယော လေးပါးပါ ဘုရား။

ဒီ မဟာဘုတ်ရုပ်ကြီး လေးပါးကို မြန်မာလို ရေးရလျှင်—

၁။ မြေရုပ်၊

၂။ ရေရုပ်၊

၃။ မီးရုပ်

၄။ လေရုပ် လို့ ရေးရမယ်။

ပရိသတ်ကြီး · ဘုရား။

မဟာဘုတ်ရုပ်ကြီး လေးပါးကို မြန်မာလို ရေးပြစမ်းပါ။

မြေ ရုပ် ။လ။ လေရုပ်၊ လေးပါးပါ ဘုရား။

* မြေ ရေ လေ မီး · ရုပ်ကြီးလေးဖြာ၊
မဟာဘူတ- ခေါ်ဆိုကြ၏။

ဥပါဒါရုပ် ၂၄-ပါး

ဥပါဒါရုပ် ၂၄-ပါးက—

၁။ စက္ခုပသာဒရုပ်၊

၂။ သောတပသာဒရုပ်၊

၃။ ဃာနပသာဒရုပ်၊
၄။ ဇိဝှါပသာဒရုပ်၊
၅။ ကာယပသာဒရုပ်၊
၆။ ဝဏ္ဏရုပ်၊
၇။ သဒ္ဒရုပ်၊
၈။ ဂန္ဓရုပ်၊
၉။ ရသရုပ်၊
၁၀။ ဣတ္ထိဘာဝရုပ်၊
၁၁။ ပုရိသဘာဝရုပ်၊
၁၂။ ဇီဝိတရုပ်၊
၁၃။ ကာယဝိညတ်ရုပ်၊
၁၄။ ဝစီဝိညတ်ရုပ်၊
၁၅။ ပရိစ္ဆေဒရုပ်၊
၁၆။ (ရူပသာ) လဟုတာရုပ်၊
၁၇။ (ရူပသာ) မုဒုတာရုပ်၊
၁၈။ (ရူပသာ) ကမ္မညတာရုပ်၊
၁၉။ (ရူပသာ) ဥပစယရုပ်၊
၂၀။ (ရူပသာ) သန္တတိရုပ်၊
၂၁။ (ရူပသာ) ဇရတာရုပ်၊
၂၂။ (ရူပသာ) အနိစ္စတာရုပ်၊
၂၃။ (ကဗဠီကာရ) အာဟာရရုပ်—
လို့ ဓမ္မသင်္ဂဏိပါဠိတော်လာ ဥပါဒါရုပ် ၂၃-ပါး, ပဋ္ဌာန်းပါဠိတော်လာ ဟဒယဝတ္ထုရုပ် ၁-ပါး, အားလုံးပေါင်း ဥပါဒါရုပ် ၂၄-ပါးရှိတယ်။

ပရိသတ်ကြီး - ဘုရား။

ဥပါဒါရုပ် ၂၄-ပါးကို ရေးပြစမ်းပါ။

စက္ခုပသာဒရုပ် ။လ။ ဟဒယဝတ္ထုရုပ် ၂၄-ပါး ရှိပါတယ်ဘုရား။

ဒီ ဥပါဒါရုပ် ၂၄-ပါးကို မြန်မာလိုရေးရလျှင်—

၁။ မျက်စိအကြည်ရုပ်၊
၂။ နားအကြည်ရုပ်၊
၃။ နှာခေါင်း အကြည်ရုပ်၊
၄။ လျှာ အကြည်ရုပ်၊
၅။ ကိုယ် အကြည်ရုပ်၊
၆။ အဆင်း ရုပ်၊
၇။ အသံ ရုပ်၊
၈။ အနံ့ ရုပ်၊
၉။ အရသာ ရုပ်၊
၁၀။ မီနဲ့မဟော်ရုပ်၊
၁၁။ ယောကျ်ားဟော်ရုပ်၊
၁၂။ အသက်ရုပ်၊
၁၃။ ကိုယ်ဖြင့် သိစေခြင်းရုပ်၊
၁၄။ နှုတ်ဖြင့် သိစေခြင်းရုပ်၊
၁၅။ ပိုင်းခြားကြောင်းရုပ်၊
၁၆။ နိုပ္ပန္နရုပ်တို့၏ ပေါ့သောရုပ်၊
၁၇။ နိုပ္ပန္နရုပ်တို့၏ နူးညံ့သောရုပ်၊
၁၈။ နိုပ္ပန္နရုပ်တို့၏ အမှုဋ္ဌ ကောင်းသောရုပ်၊
၁၉။ စက္ခုစသော ရုပ်တို့၏ ဖြစ်ဆဲရုပ်၊
၂၀။ စက္ခုစသော ရုပ်တို့၏ ဖြစ်စဉ်ရုပ်၊
၂၁။ စက္ခုစသော ရုပ်တို့၏ ရင့်ဆဲရုပ်၊
၂၂။ စက္ခုစသော ရုပ်တို့၏ ပျက်ဆဲရုပ်၊
၂၃။ ကဗဠိကာရ-အစာ အာဟာရရုပ်၊
၂၄။ နှလုံး အကြည်ရုပ်လို့ ရေးရမယ်။

ပရိသတ်ကြီး - ဘုရား။

ဥပါဒါရုပ် ၂၄-ပါးကို မြန်မာလို ရေးပြပေးပါ။

မျက်စိ အကြည်ရုပ် ။လ။နှလုံးအကြည်ရုပ် ၂၄-ပါးပါဘုရား။

ရုပ်ခေါ်ပုံ

အေး.... ရုပ် ၂၀-ပါးကိုတော့ ပါဠိလိုရော မြန်မာလိုပါ ရေးတတ်ပြီ၊ ဒီ ၂၀-ပါးကို ရုပ်လို့ ခေါ်ဝေါ် ပြောဆိုရပုံကို သိဘို့ လိုသေးတယ်၊ ဘုရား ကိုယ်တော်မြတ်ကြီးကလဲ—

"ကိဉ္စ ဘိက္ခဝေ ရူပံ ဝေဒေထ"

ချစ်သားတို့ အဘယ်ကြောင့် ရုပ်လို့ခေါ်ရတာလဲလို့ အမေးထုတ်တော်မူပြီး—

"ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ"

ချစ်သားတို့ ဖောက်ပြန်တတ်သောကြောင့် ရုပ်လို့ခေါ်တယ်လို့ အဖြေထုတ်တော်မူခဲ့တယ်။

ပရိသတ်ကြီး - ဘုရား။

မဟာဘုတ်လေးပါး၊ ဥပါဒါရုပ် နှစ်ဆယ့်လေးပါး ဒီ ၂၀-ပါးကို ဘာကြောင့် ရုပ်လို့ ခေါ်ရတာလဲ?။

ဖောက်ပြန်တတ်သောကြောင့် ရုပ်လို့ခေါ်ရပါတယ်ဘုရား။

ဖောက်ပြန်တတ်လို့ ရုပ်ခေါ်တာကိုတော့ ပရိသတ်ကြီး သိသွားပြီပေါ့၊ အဘယ်ကြောင့် ဖောက်ပြန်ရတယ်ဆိုတာ ဆက်နာပါအုံး၊ ဘုရားကိုယ်တော် မြတ်ကြီးကလဲ—

'ကေန ရုပ္ပတိ'လို့ အမေးထုတ်တော်မူပြီး—

သီတေနပိ ရုပ္ပတိ၊ ဥဏ္ဍေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ မကသ ဝါတာတပ သရိသပ သမ္ဖဿေနပိ ရုပ္ပတိ။

ရုပ်ဟာ အချမ်းကြောင့်လည်း ဖောက်ပြန်တယ်၊ အပူကြောင့်လည်း ဖောက်ပြန်တယ်၊ မွတ်သိပ်ဆာလောင်ခြင်းကြောင့်လည်း ဖောက်ပြန်တယ်၊ ရေငတ်ခြင်းကြောင့်လည်း ဖောက်ပြန်တယ်၊ မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်း အတွေ့တို့ကြောင့်လည်း ဖောက်ပြန်တယ်လို့ အဖြေထုတ်ကာ ဟောကြားတော်မူခဲ့တယ်။

ရူပ်၏ သဘောလက္ခဏာ

ရူပ်၏သဘောလက္ခဏာကိုလဲ ဖောက်ပြန်ခြင်း သဘောလက္ခဏာရှိတယ်လို့ဘဲ မှတ်သားရမယ်။

ပရိသတ်ကြီး - ဘုရား။

ရူပ်ဟာ ဘယ်သဘောလက္ခဏာ ရှိသလဲ? ။

ဖောက်ပြန်ခြင်း သဘောလက္ခဏာ ရှိပါတယ်ဘုရား။

အနတ္တသဘော

ရူပ်နဲ့ ရူပ်ခေါ်ပုံ ရူပ်ရဲ့သဘောလက္ခဏာကိုတော့ ပရိသတ်ကြီး နားလည်မှတ်မိသွားပြီးပေါ့၊ အနတ္တသဘောကို သိဘို့လိုသေးတယ်၊ ဒီ အနတ္တတရားဟာ အလွန်နက်နဲပြီး သိမြင်နိုင်ခဲတဲ့ တရားဖြစ်တယ်၊ အနတ္တ, အနတ္တလို့ ပါးစပ်က ပြောနေကြသော်လည်း အနတ္တသဘောကိုတော့ နပ်နောအောင် သိသူဟာ ရှားရှားပါးပါးဘဲ၊ ဒါကြောင့် အနတ္တသဘောကို ပိုင်ပိုင်နိုင်နိုင်သိအောင် ကြိုးစားပြီး မှတ်သားရမယ်။

'အဝသဝတ္တနဋ္ဌေန, အသာမိကဋ္ဌေန, သုညတဋ္ဌေန, အတ္တပရိဝေါ-ပဋ္ဌေနာတိ ဧဝံ စတူဟိ ကာရဏေဟိ အနတ္တာ'—

လို့ ကျမ်းဂန်မှာ လာခြင်းကြောင့် အနတ္တအနက်ကို အကြောင်းလေးချက်နှင့် မှတ်ချက်ပြုရမယ်တဲ့။

၁။ ပထမအချက် — အလိုသို့ မလိုက်ခြင်း အနက်,

၂။ ဒုတိယအချက် — အစိုးမရခြင်း အနက်,

၃။ တတိယအချက်— အတ္တမှ အဓိက်ခြင်း အနက်,

၄။ စတုတ္ထအချက် — အတ္တကို ပစ်ပယ်ခြင်း အနက်။

ပရိသတ်ကြီး - ဘုရား။

အနတ္တအနက်ကို အကြောင်း ဘယ်နှစ်ချက်နှင့် မှတ်ချက်ပြုရမလဲ?။

အကြောင်းလေးချက်နှင့် မှတ်ချက် ပြုရပါတယ်ဘုရား။

အေး....အကြောင်းလေးချက်က ဘာတွေလဲ ပရိသတ်ကြီး—

ပထမအချက် ။လ။ ပစ်ပယ်ခြင်းအနက် အကြောင်းလေးချက်ပါ ဘုရား။

အလိုသို့ မလိုက်ပို့

အေး.... အနတ္တအနက် လေးချက်တွင် အလိုသို့ မလိုက်ဘူးဆိုတာ ကိုယ်လိုတိုင်း မဖြစ်နိုင်ဘူးလို့ ဆိုတယ်။

ပရိသတ်ကြီး - ဘုရား။

အလိုသို့ မလိုက်ဘူးဆိုတာ ဘယ်လိုပါလဲ?။

ကိုယ်လိုတိုင်း မဖြစ်နိုင်တာပါ ဘုရား။

ကိုယ်လိုတိုင်း မဖြစ်နိုင်ဘူးဆိုတာ ဥပါဒ်ခဏမှာ ဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေကို ဌိခဏသို့ မရောက်ပါစေနှင့်ဆိုလို့ ရရဲ့လား? ပရိသတ်ကြီး—

မရပါဘုရား။

ဌိခဏမှာဖြစ်တဲ့ ရုပ်တရား နာမ်ဘရားတွေကို ဘင်ခဏသို့ မရောက်ပါစေနှင့် ဆိုလို့ ရရဲ့လား? ပရိသတ်ကြီး—

မရပါဘုရား။

ဆိုလိုရင်းမှာ ဖြစ်ပေါ်လာတဲ့ ရုပ်တရား နာမ်တရားတွေကို မရင့်ရော်မအို မင်းပါစေနှင့်ဆိုလို့ ရရဲ့လား? ပရိသတ်ကြီး—

မရပါဘုရား။

အင်း....မရတာ အမှန်ဘဲနော်၊ ဒီရုပ်တရား နာမ်တရားတွေဟာ ကိုယ်လိုတိုင်းလိုက်ပြီး ဖြစ်ပါလျှင် အိုမင်းကုန်းကွဖြစ်နေတဲ့ အဘိုးအို အမယ်အိုတွေ ဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

ရင့်ရော် အိုမင်းခြင်းသို့ ရောက်တဲ့ ရုပ်တရား နာမ်တရားတွေကို မပျက်စီး ပါစေနှင့် ဆိုလို့ ရရဲ့လား?၊ မရပါ ဘုရား။

အင်း....မရတာ အမှန်ဘဲနော်၊ ဒီ ရုပ်တရား နာမ် တရားတွေဟာ ကိုယ့်အလို ကျ လိုက်ပြီး ဖြစ်ပါလျှင် သေသူဆိုတာ မရှိနိုင်တော့ဘူးပေါ့။

ဒီ ရုပ်တရား နာမ်တရားတွေဟာ ဥပါဒ်ခဏမှာ ဖြစ်တယ်၊ ဌီခဏမှာ တည်တယ်၊ ဘင်ခဏမှာ ပျက်တယ်၊ သူ့သဘောအတိုင်း ဖြစ်တယ်၊ သူ့သဘောအတိုင်း ပျက်တယ်၊ ကိုယ်က မဖြစ်ပါနှင့် ဆိုလို့လဲ မရဘူး၊ မပျက်ပါနှင့် ဆိုလို့လဲ မရဘူး။

ရရဲ့လား ပရိသတ်ကြီး + မရပါဘုရား။

အေး....ဒီလို ကိုယ်လိုတိုင်း လိုက်ပြီး မဖြစ်တာကိုပင် အလိုမကျ အနတ္တ လို့ ဆိုတယ်။

အစိုးမရပုံ

အစိုးမရဘူးဆိုတာ ပရိသတ်ကြီး + ဘုရား။

အစိုးရမင်းတွေဟာ သူတို့ပိုင်ဆိုင်တဲ့ သူတို့အစိုးရတဲ့ နယ်မြေအတွင်းမှာရှိတဲ့ လူတွေကို အလိုရှိတိုင်း ခိုင်းစေလို့ ရတယ်မဟုတ်လား—ရပါတယ် ဘုရား။

အေး....အဲဒီ ဥပမာလိုဘဲ ဒီ ရုပ်တရား နာမ်တရားတွေကို အစိုးရပါလျှင် အလိုရှိတိုင်း ခိုင်းစေလို့ ရရမယ်။

ပရိသတ်ကြီး + ဘုရား။

ရုပ်တရား နာမ်တရားတွေကို အလိုရှိတိုင်း ခိုင်းစေလို့ ရရဲ့လား?။

မရပါ ဘုရား။

ဒါဖြင့် ဒီရုပ်တရား နာမ်တရားတွေကို အစိုးရတယ်လို့ ဆိုနိုင်ပါ့မလား?။

မဆိုနိုင်ပါ ဘုရား။

အဲဒီလို ရုပ်တရား နာမ်တရားတွေကို ကိုယ်လိုတိုင်း ခိုးစေလို့မရခြင်းကြောင့် အစိုးမရ 'အနတ္တ'လို့ ဆိုတယ်။

အတ္တမ္မ ဆိတ်ပုံ

အတ္တမ္မ ဆိတ်တယ်ဆိုတာ သူတပါးအလိုနှင့် စပ်ခြင်းမရှိသူ၊ မိမိအလိုနှင့်သာ စပ်ခြင်းရှိသူ၊ ချမ်းသာဆင်းရဲကို ပြုလုပ်တတ်သူ၊ ချမ်းသာဆင်းရဲကို ခံစားတတ်သူ၊ ဆောက်တည်ဖန်ဆင်းတတ်သူ မရှိလို့ အတ္တမ္မ ဆိတ်တယ်လို့ ဆိုတယ်။

ပရိသတ်ကြီး + ဘုရား။

သူတပါးအလိုနှင့် စပ်ခြင်းမရှိ၊ မိမိအလိုနှင့်သာ စပ်ခြင်းရှိတဲ့ သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ချမ်းသာဆင်းရဲကို ပြုလုပ်တတ်တဲ့ သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ချမ်းသာဆင်းရဲကို ခံစားတတ်တဲ့ သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဆောက်တည် ဖန်ဆင်းတတ်တဲ့ သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

အေး.... ဒါကြောင့် 'အတ္တဆိတ်စ္ဆ အနတ္တ'လို့ ဆိုတယ်။

အတ္တပစ်ပယ်ပုံ

အတ္တကို ပစ်ပယ်တယ်ဆိုတာ- အသက် လိပ်ပြာ ဝိညာဉ်ကောင် မရှိတာကို ဆိုတယ်။

ပရိသတ်ကြီး + ဘုရား။

ယခုလူတွေ ပြောနေကြတယ် လူသေသေ နွားသေသေ ခွေးသေသေ အသက်ထွက်သွားပြီတဲ့၊ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပရိသတ်ကြီး + ဘုရား။

ယခု လူတွေ ပြောနေကြတယ်၊ ကလေးလိပ်ပြာ လန့်သွားတယ်၊ လိပ်ပြာ စင်သွားတယ်၊ လိပ်ပြာ နုတ်ယူသွားတယ်တဲ့၊ လိပ်ပြာကောင်ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

ပရိသတ်ကြီး + ဘုရား။

ယခုလူတွေ ပြောနေကြတယ်၊ ဝိညာဉ် ထွက်သွားပြီ၊ ဝိညာဉ် ပြောင်းသွားပြီ၊ ဝိညာဉ် နုတ်ယူသွားပြီတဲ့၊ ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

အေး....ဒီလို အသက်ကောင် လိပ်ပြာကောင် ဝိညာဉ်ကောင်တွေ မရှိလို-အတ္တပယ်ချ အနတ္တလို့ဆိုတယ်။

ဒီအနတ္တ အနက် အကြောင်းလေးချက်ကို အားလုံး လိုက်ဆိုရမယ်။

* အလိုမပါ၊ သူ့ဘာသာ၊ ဖြစ်တာ အနတ္တ။
* အစိုးမရ၊ သဘာဝ၊ ဖြစ်ကြ အနတ္တ။
* အတ္တဆိတ်သုဉ်း၊ ရုပ်နာမ်တုံး၊ မှတ်အုံး အနတ္တ။
* အတ္တပယ်ချ၊ ရုပ်နာမ်မျှ၊ မှတ်ကြ အနတ္တ။

အနတ္တပုဒ်အနက်

အကြောင်းလေးချက်နှင့် အနတ္တ အမည်ရပုံကိုတော့ ပရိသတ်ကြီး သိသွားပြီ၊ အနတ္တပုဒ်ရဲ့ အစိတ်အပေါင်း အနက် ဝိုင်ဂိုဟ် ရုပ်ပြီး သဒ္ဒါနည်းကိုလည်း မှတ်သားကြရအုံးမယ်။

'နဿ အတ္တာ - အနတ္တာ၊ အတ္တပဋိပက္ခောတိ အတ္ထော'၊

အတ္တာ၊ ကိုယ်သည်။ **နဿ**၊ မဟုတ်။ **အနတ္တာ**၊ ကိုယ်မဟုတ်။ **အတ္တပဋိပက္ခော**၊

ကိုယ်၏ ဆန့်ကျင်ဘက်တည်း။ ဣတိ၊ ဤကား။ အတ္ထော၊ အနတ္တာဟူသော ပုဒ်၏အနက်တည်း။

ဒီလို ကျမ်းဂန် အဆိုရှိခြင်းကြောင့် အနတ္တပုဒ်ဟာ- 'နဲ'ပုဒ်'အတ္တ'ပုဒ် နှစ်ပုဒ် စပ်ထားတဲ့ တပ္ပုရိသ်သမာသ်ပုဒ်ဖြစ်တယ်၊ 'နဲ' သဒ္ဒါ- ပဋိပက္ခ = ဆန့်ကျင်ဘက် အနက်ဟော၊ အတ္တသဒ္ဒါ=ကိုယ်ဟော၊ သရေအန်သုတ်ဖြင့် ' နဲ'ကို အန်ပြု၍ 'နဲ' အသို့ကပ်ပြီး 'အနတ္တ'လို့ ရုပ်ပြီးသည်။

(မှတ်ရန်- နဲ ပေါ်မှ အသတ်မှာ သရကင်းသည်ကို ပြသည်။)

အတ္တစ္ဆဲကိုယ်

အနတ္တ၊ ကိုယ်မဟုတ်လို့ မြန်မာပြန်ဆိုပြီး အဲဒီကိုယ်က ပရိသတ်ကြီး ခန္ဓာကိုယ်ဘဲလား၊ ဘယ်ကိုယ် မဟုတ်တာလဲလို့ မေးစရာမရှိဘူးလား ပရိသတ်ကြီး၊ ရှိပါတယ်ဘုရား။

အဲဒီ အတ္တစ္ဆဲကိုယ်ကို ကျမ်းဂန်များမှာ ဒီလိုဆိုထားတယ်။

> အတ္တာနဿ တိတ္ထိယေဟိ ပရိကပ္ပေတ္ဝာ သတ္တောတိ ဝါ ပုဂ္ဂလော-
> တိ ဝါ တထာဂတောတိ ဝါ လောကောတိ ဝါ အဘူတာကာရေန
> ပညတ္တော ဣဿရသည်ဒေတာ ကာယော။ (ဋီကာ။)

ဒီလို ကျမ်းဂန်များမှာ ဆိုထားခြင်းကြောင့် တိတ္ထိတွေကြုံဆပြီး မဟုတ်မတရား ပညတ်ထားတဲ့ အစိုးရတယ်ဟု ထင်မှတ်နေကြတဲ့ ပုဂ္ဂိုလ် သတ္တဝါ လောကကို အတ္တ=ကိုယ်လို့ မှတ်ရမယ်၊ ဒီကိုယ်ဟာ သက္ကာယဒိဋ္ဌိ အတ္တဝါဒုပါဒါန်တို့၏ အာရုံဖြစ်တဲ့ ကိုယ်ဖြစ်ပါတယ်၊ ပရိသတ်ကြီးရဲ့ ခန္ဓာကိုယ် မဟုတ်ပါဘူး။

သက်မဲ့ သက်ရှိ ရုပ်နှစ်မျိုး

ရုပ်ဟာ သက်မဲ့ရုပ် သက်ရှိရုပ်လို့ နှစ်မျိုးရှိတယ်။

ပရိသတ်ကြီး + ဘုရား။

ရုပ်ဟာ ဘယ်နှစ်မျိုး ရှိသလဲ? ။

သက်မဲ့ရုပ် သက်ရှိရုပ်လို့ နှစ်မျိုးရှိပါတယ်ဘုရား။

အေး.... **အသက်မရှိတဲ့-** တုံး, တိုင်, သစ်သား, အုဋ္ဌ, ကျောက်, သံ, ကြေး, ဖျာ, သင်ဖြူး, အိုး, ခွက်, ပန်းကန်, ဇွန်း, ယောက်မ, ပုဆိုး, ထမီ, အင်္ကျီ, အဝတ်သက်နှံ့ စတဲ့ ရုပ်ဝတ္ထု အစိုင်အခဲတွေ၊ **အသက်ရှိတဲ့** ခွေး, နွား, ကြက်, ငှက်တိရစ္ဆာန်, လူ စသော သတ္တဝါတွေ သန္တာန်မှာရှိတဲ့ ရုပ်ဝတ္ထု အစိုင်အခဲတွေ၊ ဒီနှစ်မျိုးကို မြဲမြဲမှတ်ထားနော်။

သက်မဲ့ရုပ် ဂ-မျိုး

အသက် မရှိတဲ့ ရုပ်တိုင်း ရုပ်တိုင်းမှာ—

၁။ ပထဝီ၊
၂။ အာပေါ၊
၃။ တေဇော၊
၄။ ဝါယော၊
၅။ ဝဏ္ဏ၊
၆။ ဂန္ဓ၊
၇။ ရသ၊
၈။ သြဇာ၊

ဒီ ရုပ်ရှစ်မျိုး ပေါင်းစုပြီး တည်နေကြတယ်။

ပရိသတ်ကြီး + ဘုရား။

အသက်မရှိတဲ့ ရုပ်တိုင်း ရုပ်တိုင်းမှာ ရုပ်ဘယ်နှစ်မျိုးပေါင်းစုပြီး တည်နေကြသလဲ ရေးပြစမ်းပါ။

ပထဝီ ။လ။ သြဇာ ရုပ်ရှစ်မျိုးပေါင်းစုပြီး တည်နေကြပါတယ်ဘုရား။

အဲဒီ ရုပ်ရှစ်မျိုးကို မြန်မာလို ရေးရလျှင်—

၁။ မြေရုပ်၊
၂။ ရေရုပ်၊

၃။ မီးရှုပ်၊

၄။ လေရှုပ်၊

၅။ အဆင်းရှုပ်၊

၆။ အနံ့ရှုပ်၊

၇။ အရသာရှုပ်၊

၈။ အာဟာရရှုပ် လို့ ရေရမယ်။

ပရိသတ်ကြီး + ဘုရား။

မြန်မာလို ရှုပ်ရှစ်မျိုးကို ရေပြစမ်းပါ။

မြေရှုပ် ။လ။ အာဟာရရှုပ် ရှစ်မျိုးပါ ဘုရား။

'အတ္တနော လက္ခဏံ ဓာရေတီတိ ဓာတု'

ဝိုကြိုဟ်ဝစနတ် ဗျုပ္ပတ်နှင့်အညီ မိမိ မိမိတို့၏ သဘော လက္ခဏာကို ဆောင်တတ်သောကြောင့် ဓာတ်အမည် ရပြန်တယ်။

သက်ရှိရှုပ် ၈-မျိုး

ဒီ ရှုပ်ဓာတ် ရှစ်မျိုးဟာ အရှုပပြဟ္မာတွေမှ ကြွင်းတဲ့ သတ္တဝါတိုင်းရဲ့ သန္တာန်မှာလဲ ရှိတယ်။

မကွဲမပြားရှိခြင်း

ဒီ ရှုပ်ဓာတ် ရှစ်မျိုးဟာ သက်မဲ့ သက်ရှိ ရှုပ်တိုင်း ရှုပ်တိုင်းမှာပင် မကွဲမပြား တသားတည်း ပေါင်းစုပြီး တည်နေတယ်။

ပထဝီရှုပ်

ခက်မာပထဝီ

သက်မဲ့ သက်ရှိ ရှုပ်တိုင်း ရှုပ်တိုင်းမှာရှိတဲ့ ရှုပ်ဓာတ်ရှစ်မျိုးကိုတော့ ပါဠိလို ရော မြန်မာ့လိုပါ မှတ်မိကြပြီပေါ့၊ ဒီရှုပ်ဓာတ်ရှစ်မျိုးရဲ့ သဘောလက္ခဏာကို သိဘို့လိုသေးတယ်။

ပထဝီခေါတ်=ခက်မာမှု ကကွဲဌသဘော လက္ခဏာရှိတယ်။

ပရိသတ်ကြီး + ဘုရား။

ပထဝီခေါတ်ဟာ ဘယ်လို သဘော လက္ခဏာ ရှိပါသလဲ?။

ခက်မာမှု ကကွဲဌ သဘော လက္ခဏာရှိပါတယ်ဘုရား။

ဖျာဌ် ပထဝီ လက်တွေ့ စမ်းသပ်

အေး....ပထဝီခေါတ်ဟာ ခက်မာမှု သဘောလက္ခဏာ ရှိတယ်လို့ သိကြပြီ၊ ကိုင်း ဟုတ် မဟုတ် လက်တွေ့ စမ်းသပ်ကြည့်ရအောင် ပရိသတ်ကြီး ထိုင်ထားတဲ့ အောက်က ဘာတွေလဲ?။

ဖျာတွေပါ ဘုရား။

သတိထား စဉ်းစားပြောနော် ဟုတ်ကဲ့လား?။

ဟုတ်ပါတယ် ဘုရား။

ကဲ - ပရမတ်ပေါ် ပညတ်ဖုံးနေတာကို လုံးလုံးမသိကြဘူး၊ ရူပ်ပရမတ်ပေါ် ထိုင်နေကြတာ မဟုတ်လား?။

ဟုတ်ပါတယ် ဘုရား။

ဖျာဆိုတဲ့ နာမည်က ပညတ်၊ လူတွေ့ သမုတ်ထားတာ ဖြစ်တယ်၊ ဒီပညတ်ပေါ်မှာ ထိုင်လို့ မဖြစ်ဘူး။

ပရိသတ်ကြီး + ဘုရား။

ဖျာဆိုတဲ့ နာမည်က ဘာလဲ?။

ပညတ်ပါ ဘုရား။

ဒီပညတ်ပေါ်မှာ ထိုင်လို့ ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါဖြင့် ပရိသတ်ကြီးဟာ ဘာပေါ်မှာ ထိုင်နေကြသလဲ?။

ရုပ်ပရမတ်ပေါ်မှာ ထိုင်နေကြပါတယ်ဘုရား၊ ပရိသတ်ကြီး ထိုင်နေတဲ့ ဖျာလို့ခေါ်တဲ့ ရုပ်ပရမတ်ဟာ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာရုပ်ခေါတ် ရှစ်ခုပေါင်းစုပြီး တည်နေတယ် မဟုတ်လား?။

ဟုတ်ပါတယ် ဘုရား။

အဲဒီ ရုပ်ခေါတ်ရှစ်ခုဟာ ခုနကဟောခဲ့တဲ့ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိတဲ့ ရုပ်ခေါတ် ရှစ်ခုဘဲ ဖြစ်တယ်၊ ဒီရုပ်ခေါတ် ရှစ်ခုထဲမှာ (ပထဝီ) ရုပ်ခေါတ်ပါတယ်၊ အဲဒီ ပထဝီရုပ်ခေါတ်ရဲ့ ခက်မာကြမ်းတန်းမှု သဘောလက္ခဏာကို သိရအောင် ပရိသတ်ကြီး ထိုင်နေတဲ့အောက်က ဖျာလို့ခေါ်တဲ့ ရုပ်ပရမတ်ကြီးကို လက်နှင့် ကိုင်ကြည့်ကြစမ်းပါ။

ပရိသတ်ကြီး + ဘုရား။

အားလုံး ကိုင်ကြည့်ပြီးပလား?။

ပြီးပါပြီ ဘုရား။

ဘာသဘောကို တွေ့သလဲ?။

ခက်မာကြမ်းတဲ့ သဘောကို တွေ့ပါတယ်ဘုရား။

အေး....အဲဒီ တွေ့လာတဲ့ ခက်မာကြမ်းမှု သဘောကို ပထဝီရုပ်ခေါတ်လို့ မှတ်သားရမယ်။

ပရိသတ်ကြီး + ဘုရား။

လက်နဲ့ကိုင်ကြည့်လို့ တွေ့လာတဲ့ မာကြမ်းသဘောကို ဘာလို့မှတ်မလဲ?။

ပထဝီရုပ်ခေါတ်လို့ မှတ်ပါတယ်ဘုရား။

အေး....လက်နှင့်ကိုင်ကိုင် ခြေနှင့်နင်းနင်း ကိုယ်နှင့်ထိထိ မာကြမ်းသဘော တွေ့လျှင် ဘာလို့ သိရမလဲ ပရိသတ်ကြီး။

ပထဝီ ရုပ်ခေါတ်လို့ သိရပါတယ်ဘုရား။

လူကိုယ် ပထဝီလက်တွေ့စမ်းသပ်

ဒီ ပထဝီရုပ်ခဝတ်ဟာ ပရိသတ်ကြီး ခန္ဓာကိုယ်မှာလဲ ရှိပါတယ်။

ပရိသတ်ကြီး + ဘုရား။

မရှိဘူးလား ?။

ရှိပါတယ်ဘုရား။

အေး....ဟုတ် မဟုတ် သိရအောင် လက်တွေ့ စမ်းသပ်ကြည့်ရမယ်၊ လူကိုယ်မှာရှိတဲ့ ပထဝီရုပ်ခဝတ်ကို တပ်အပ်သိရအောင်—

ပရိသတ်ကြီး + ဘုရား။

ကိုယ့်ကိုယ်ကို ကိုယ်ပြန်ပြီး ကိုင်ကြည့်စမ်းပါ။

ဆံပင်ကစပြီး ခြေဖျားတိုင်အောင် တကိုယ်လုံး ကိုင်ချင်တဲ့နေရာ ကိုင်ပါ၊ ဒီ ပထဝီရုပ်ခဝတ်ဟာ ဘယ်နေရာမဆို ရှိပါတယ်။

ပရိသတ်ကြီး + ဘုရား။

အားလုံး ကိုင်ကြည့်ပြီးပလား?။

ပြီးပါပြီ ဘုရား။

ဘာသဘောကို တွေ့သလဲ?။

မာကြမ်းတဲ့ သဘောကို တွေ့ပါတယ် ဘုရား။

နူးညံ့တဲ့သဘောကို တွေ့ပါတယ်ဘုရား။

အေး....မာကြမ်းတဲ့ သဘောက ကကွဇ ပထဝီ၊ နူးညံ့တဲ့သဘောက မုဒု ပထဝီလို့ မှတ်သားရမယ်၊ ဆံပင်, ခြေသည်း, လက်သည်း, သွား, အရိုး, မာကြမ်းတဲ့ နေရာကို ကိုင်မိသူတွေက မာကြမ်းတဲ့ သဘောကို တွေ့မှာဘဲ၊ အသား,အရေ နူးညံ့တဲ့ နေရာကို ကိုင်မိသူတွေက နူးညံ့တဲ့ သဘောကို တွေ့မှာဘဲ၊ တွေ့လာတဲ့ မာကြမ်းတဲ့ သဘောကို ဖြစ်စေ၊ နူးညံ့တဲ့ သဘောကို ဖြစ်စေ ပထဝီရုပ်ခဝတ်လို့ မှတ်သားရမယ်။

ရုပ်တိုင်း ပထဝီလက်တွေ့စမ်းသပ်

ဒီ ပထဝီရုပ်ခေတ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့-ပုဆိုး, ထမီ, အင်္ကျီကိုဘဲ ကိုင်ကိုင်၊ အုဋ္ဌခဲ, ကျောက်ခဲ, သံခဲ, မြေကြီးခဲတွေကိုဘဲ ကိုင်ကိုင်၊ အိုး, ခွက်, ပန်းကန်, ဇွန်း, ယောက်မတွေကိုဘဲကိုင်ကိုင် ကိုင်ချင်ရာကိုင်၊ နင်းချင်ရာနင်း၊ ဖိချင်ရာဖိ၊ ထိချင်ရာထိ မာကြမ်းတဲ့သဘော နူးညံ့တဲ့သဘောတွေလျှင် ဘာလို့ သိရမလဲ ပရိသတ်ကြီး-

ပထဝီရုပ်ခေတ်လို့ သိရပါတယ်ဘုရား။

ခက်မာ ပထဝီ ရုပ်အားလုံးတည်

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ- "ကတမံ တံ ရူပံ ပထဝီခေတု၊ ယံ ကကွဋ္ဌं ခရဂတံ ကကွဋ္ဌတ္တं ကကွဋ္ဌဘာဝေါ အစ္ဆတ္တं ဝါ ဗဟိဒ္ဓါ ဝါ ဥပါဒိဏ္ဏံ ဝါ အနုပါဒိဏ္ဏံ ဝါ၊ ဣဒံ တံ ရူပံ ပထဝီခေ၊ တု။

(ဓမ္မသင်္ဂဏိပါဠိတော်)

လို့ ပထဝီခေတ်ရဲ့ ခက်မာကြမ်းမှု သဘောလက္ခဏာရှိပုံ၊ ကိုယ်တွင်း ကိုယ်ပသက်ရှိ သက်မဲ့ ရုပ်အားလုံးဌ ရနိုင်ပုံကို ဟောကြားတော်မူခဲ့တယ်။

မာကြမ်းစကားကြား ပထဝီမှတ်သား

ဒီ ပထဝီခေတ်ရဲ့ 'မာကြမ်း' သဘောကိုတော့ ကလေးသူငယ်တွေကစပြီး-အဘိုးအို အမယ်အိုတိုင်အောင် လူတိုင်း လူဘိုင်းဘဲ ပါးစပ်က ပြောနေကြတာဘဲ။

ထမင်းချက်တာ မာလွန်းတယ်။

ပရိသတ်ကြီး + ဘုရား။

မပြောဘူးလား?။

ပြောပါတယ် ဘုရား။

ဒီကွမ်းသီးက မာလွန်းတယ် ဝါးလို့ မရဘူး။

မင်းလက်ကြီးက ကြမ်းလိုက်တာ။

ပရိသတ်ကြီး + ဘုရား။

မပြောဘူးလား? ။

ပြောပါတယ်ဘုရား။

အရိုး မာတယ်၊ အသား မာတယ်၊ ကျောက်ခဲ မာတယ်၊ သံခဲ မာတယ်လို့ မာကြမ်းဆိုတဲ့ စကားကို လူတိုင်း ပါးစပ်ဖျားက ပြောကြား နေကြသော်လဲ သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ ပထဝီရုပ်ဓာတ်လို့ မသိကြဘူး။

ပရိသတ်ကြီး + ဘုရား။

သိရဲ့လား? မသိပါဘုရား။

ဘာကြောင့် မသိသလဲ? ။

သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ပါ ဘုရား။

အေ....ဒီကနေ့ကစပြီး မာကြမ်းဆိုတဲ့ စကားကို ကြားတိုင်း ကြားတိုင်း ပထဝီရုပ်ဓာတ်လို့ ဆုံးဖြတ်ပြီး မှတ်သားရမယ်။

ပရိသတ်ကြီး + ဘုရား။

မာကြမ်းဆိုတဲ့ စကားကိုကြားလျှင် ဘာလို့ ဆုံးဖြတ်ပြီး မှတ်သားရမလဲ? ။

ပထဝီ ရုပ်ဓာတ်လို့ ဆုံးဖြတ်ပြီး မှတ်သားရပါတယ် ဘုရား။

နူးညံ့တယ်ဆိုတဲ့ စကားကို ကြားလျှင်လဲ ပထဝီရုပ်ဓာတ်လို့ ဆုံးဖြတ်ပြီး မှတ်သား ရမယ်။

ပရိသတ်ကြီး + ဘုရား။

လက်ဘဝါး ခြေဘဝါးကလေးတွေက နူးညံ့လိုက်တာလို့ ပြောလျှင် ဘာလို့ မှတ်ရမလဲ? ။

ပထဝီရုပ်ဓာတ်လို့ မှတ်သားရပါတယ်ဘုရား။

မြင်တိုင်းပထဝီ

အေး....မာကြမ်းသဘောကို ကြားရာမှာသာမဟုတ် မြင်ရာမှာလဲ ပထဝီ ရုပ်ခေါတ်လို့ဘဲ မှတ်သားရမယ်၊ ဒီ ပထဝီရုပ်ခေါတ်ဟာ ရုပ်တိုင်းရုပ်တိုင်းမှာ ရှိနေ ခြင်းကြောင့် ဘယ်ရုပ်ကိုဘဲ မြင်မြင် ပထဝီလို့ရှုရမယ်။

ပရိသတ်ကြီး + ဘုရား။

မျက်စိနဲ့ကြည့်လို့ ရုပ်တွေ မြင်တိုင်းမြင်တိုင်း ဘာလို့ရှုရမလဲ?။

ပထဝီလို့ ရှုရပါတယ်ဘုရား။

ဒီ ပထဝီရုပ်ခေါတ်ဟာ အခွံရုပ်တွေမှာ နည်းတယ်၊ မာတဲ့ ရုပ်ဝတ္ထုတွေမှာ များတယ် များရာကိုလိုက်ပြီး ရှုလျှင် မာတဲ့ ရုပ်ဝတ္ထုတွေကို မြင်တိုင်းမြင်တိုင်း ပထဝီခေါတ်လို့ ရှုမှတ်ရမယ်၊ ကဲ....မေးမယ် ပြောစမ်း။

ပရိသတ်ကြီး + ဘုရား။

ယောက်မမြင်တယ် ဘာလို့ရှုမှတ်မလဲ?။

ပထဝီရုပ်ခေါတ်လို့ ရှုမှတ်ရပါတယ်ဘုရား။

ဇွန်းမြင်တယ် ဘာလို့ရှုမှတ်မလဲ?။

ပထဝီရုပ်ခေါတ်လို့ ရှုမှတ်ရပါတယ်ဘုရား။

ပန်းကန်ပြား ပန်းကန်လုံး တွေကို မြင်တယ် ဘာလို့ ရှုမှတ်မလဲ?။

ပထဝီရုပ်ခေါတ်လို့ ရှုမှတ်ရပါတယ်ဘုရား။

ထမင်းအိုးမြင်တယ် ဘာလို့ ရှုမှတ်မလဲ?။

ပထဝီရုပ်ခေါတ်လို့ ရှုမှတ်ရပါတယ် ဘုရား။

ဆန်မြင်တယ် ဘာလို့ရှုမှတ်မလဲ?။

ပထဝီရုပ်ခေါတ်လို့ ရှုမှတ်ရပါတယ်ဘုရား။

ထင်းတုံးပထဝီ

ဘုရားလက်ထက်တော် အခါတုန်းက ရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးဟာ နောက်တော်ပါ ရဟန်းတော်များနှင့်အတူ ဂိဇ္ဈကူဋ်တောင်မှ ဆင်းသက်ပြီး ကြွလာတော်မူရာ တခုသောနေရာမှာ ထင်းတုံးကြီးကို မြင်တော်မူသတဲ့၊ ဒီအခါမှာ ရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးက ငါ့သျှင်တို့ ထင်းတုံးကြီးကို မြင်ကြရဲ့လားလို့ မေးမြန်းတော်မူသတဲ့၊ နောက်တော်ပါ ရဟန်းတော်များကလဲ အရှင်ဘုရား မြင်ပါ၏ဟု ပြန်ကြားလျှောက်ထားလျှင်—

'အမုံ ဒါရုကွန္ဓံ ပထဝိတ္ထဝ အဓိမုစ္စေယ္ယ၊ အတ္ထိ အာဝုသော အမုမ္ပိ ဒါရုကွန္ဓေ ပထဝိဓာတု'။

ငါ့သျှင်တို့ ဒီထင်းတုံးကြီးကို ပထဝီဓာတ်လို့ ရှုရမယ်၊ ဒီထင်းတုံးကြီးမှာ ပထဝီဓာတ်ရှိတယ်လို့ မိန့်တော်မူတယ်။

ရွတ်ဖတ်ရန်

ကဲ.... အားလုံး လိုက်ဆိုကြ—

'ဓာတ်ပထဝီ၊ ရုပ်အားလုံးတည်၊ မာသည် ကြမ်းသည်၊ ကိုင်စမ်း တွေ့မည်၊ ပင်ကိုယ်သဘာဝ အထင်ကရ ရှိပါသည်၊ [1]သတိပညာ မကွာပြုလို့ အခါခါရှုက သိနိုင်ပါသည်၊ မေ့လျော့ပေါ့ဆ မနေကြသင့်ပြီ၊ [2]အပေါ်ရုံ ပညတ်ဖုံးလို့ ပထဝီဓာတ်လုံး ပျောက်ကွယ်ခဲ့သည်၊ အပေါ်ပညတ် ခွါလှစ်ခါ အတည်၊ ရုပ်ဓာတ်ပထဝီ၊ ရုပ်တိုင်း ရုပ်တိုင်း မဆိုင်းရှုရမည်။

(မှတ်ရန် – ဤတရား စကားပြင် အဓိပ္ပါယ်သည် ပင်ကိုယ်မတြာ အတိုင်း ရွတ်ဖတ်မူ သီချင်းမဟုတ်ပေ၊ ပင်ကိုယ်မတြာထက် လွန်၍ ရှည်ရှည်မြောမြော ရွတ်ဖတ်မူ၊ သီချင်းသဘော သက်နိုင်ပေသည်၊ ယင်းသို့ မတြာကျော်လွန်မူ လူပုဂ္ဂိုလ်များသာ ဥပုသ်မစောင့်သော အခါ၌ သင့်သည်။)

ပထဝီအနတ္တ

ရုပ်ကို အနတ္တလို့ ဘုရားဟောထားတယ် မဟုတ်လား?။

ဟုတ်ပါတယ် ဘုရား။

ပထဝီရုပ်ဓာတ်ရဲ့ အနတ္တဖြစ်ပုံကို စစ်ဆေးကြည့်ရှုကြစို့။

ပရိသတ်ကြီး + ဘုရား။

ပထဝီရုပ်ဓာတ်ကို မဖြစ်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ပထဝီရုပ်ဓာတ်ကို မပျက်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ပထဝီရုပ်ဓာတ်ဟာ ပရိသတ်ကြီး အလိုကျဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

ပထဝီရုပ်ဓာတ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ပထဝီရုပ်ဓာတ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပထဝီရုပ်ဓာတ်မှာ ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပထဝီရုပ်ဓာတ်ဟာ ဗြဟ္မာဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

ပထဝီရုပ်ဓာတ်မှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြောကောင် ဆိုတာ ရှိရဲ့လား?။
မရှိပါဘုရား။
ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။
မရှိပါဘုရား။
ဒါဖြင့် ပထဝီရုပ်ဓာတ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။
မဖြစ်နိုင်ပါဘုရား။
ဒါကြောင့် ပထဝီရုပ်ဓာတ်ကို အနတ္တလို့ မှတ်ကြရမည်။
အားလုံး လိုက်ဆိုကြ—
ခက်မာကြမ်းတန်း၊ ကိုင်စမ်းတွေ့ပြန်၊
ပထဝီဓာတ်၊ ဆုံးဖြတ် ဧကန်။
ငါဟုမှတ်စွဲ၊ ဖေါက်လွဲ ဖေါက်ပြန်၊
အနတ္တ ရှုကြ အဖန်ဖန်။

အာပေါရုပ်

ဖွဲ့ယိုအာပေါ

အာပေါဓာတ်ဟာ ဖွဲ့စည်းမှု 'အာဗန္ဓန' သဘောလက္ခဏာ၊ ယိုစီးမှု 'ပဋ္ဌရဏ' သဘောလက္ခဏာရှိတယ်။

ပရိသတ်ကြီး + ဘုရား။

အာပေါဓာတ်ဟာ ဘယ်လို သဘောလက္ခဏာ ရှိပါသလဲ?။
ဖွဲ့စည်းမှု 'အာဗန္ဓန' သဘောလက္ခဏာ ယိုစီးမှု 'ပဋ္ဌရဏ' သဘောလက္ခဏာ ရှိပါတယ်ဘုရား။

အေး.... အာပေါဓာတ်ရဲ့ ဖွဲ့စည်းပုံ ယိုစီးပုံတွေကို လက်တွေ့ စမ်းသပ်ကြည့်ကြစို့။

ပရိသတ်ကြီး + ဘုရား။

သဲခြောက်ကို လက်နှင့်ဆုပ်ယူပြီး ရေအနည်းငယ် ဆွတ်ဖျန်းကာ ဆုပ်လျှင် ဘယ်လိုနေမလဲ?။

သဲလုံး ဖြစ်သွားပါတယ်ဘုရား။

အေး.... မူလက သဲခေါ်တဲ့ ရုပ်မှုန့်ကလေးတွေဟာ တခုစီ တခုစီ ကွဲနေရာမှ အာပေါခတ် ဖွဲ့စည်းမှုကြောင့် တလုံးတပေါင်းတည်း ဖြစ်သွားတယ်၊ အဲဒါ အာပေါခတ်ရဲ့ ထင်ရှားတဲ့ အာဗဒ္ဓန သဘောလက္ခဏာပါဘဲ။

ပရိသတ်ကြီး + ဘုရား။

ခုနက အလုံးအခဲဖြစ်နေတဲ့ သဲဆုပ်ပေါ်ကို ရေများများ လောင်းထည့်လိုက်လျှင် ဘယ်လို ဖြစ်သွားမလဲ?။

အရေပျော်ပြီး ကျသွားပါတယ်ဘုရား။

အေး.... အဲဒါ အာပေါခတ်ရဲ့ ထင်ရှားတဲ့ ယိုစီးမှု ပဋ္ဌရဏ သဘောလက္ခဏာဘဲ။

ဖျာဌ် အာပေါ

ပရိသတ်ကြီး + ဘုရား။

ဒီ အာပေါ ရုပ်ခတ်ဟာ ဖျာမှာလဲ ရှိတယ်မဟုတ်လား?။

ရှိပါတယ် ဘုရား။

အေး....ဒီ အာပေါရုပ်ခတ်ဟာ သိမ်မွေ့နူးညံ့လို့ လက်နှင့် ကိုင်ကြည့်လို့တော့ မဖြစ်ဘူး၊ ဖျာမှာရှိတဲ့ အာပေါရုပ်ခတ်ကို မျက်စိနှင့်ကြည့်ပြီး ဉာဏ်ဖြင့် သိရမယ်၊ နှီးကြောဖျာမှာ နှီးကြောပြား ကလေးတွေ ရှေရှေပြားပြား အစိုင်အခဲဖြစ်အောင် ဖွဲ့စည်းထားတဲ့ သဘောကို အာပေါရုပ်ခတ်လို့ မှတ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

အစိုင်အခဲဖြစ်အောင် ဖွဲ့စည်းမှု သဘောကို ဘာလို့ မှတ်မလဲ?။

အာပေါ ရုပ်ခတ်လို့ မှတ်ရပါတယ် ဘုရား။

လူကိုယ် အာပေါ

ဒီ အာပေါရုပ်ခေတ်ဟာ ပရိသတ်ကြီး ခန္ဓာကိုယ်ထဲမှာလဲ ရှိတယ်။

ပရိသတ်ကြီး + ဘုရား။

မရှိဘူးလား။

ရှိပါတယ် ဘုရား။

အေး.... လူကိုယ်မှာ အလုံးအခဲ ဖြစ်အောင် ဖွဲ့စည်းထားမှုကို ကြည့်ပြီး အာဗဒ္ဓန အာပေါကို သိရမယ်၊ တံတွေးယိုစီးဒါ ခွဲသလိပ်ထွက်တာ သွေးထွက်တာ ချွေးထွက်တာ ပြည်ထွက်တာ ကျင်ငယ်ထွက်တာ မျက်ရည်ယိုတာ နှာရည်ယိုတာတွေကိုကြည့်ပြီး ပဋ္ဌရဏ အာပေါကို သိရမယ်။

ပရိသတ်ကြီး + ဘုရား။

လူကိုယ် အလုံးအခဲဖြစ်အောင် ဖွဲ့စည်းထားတာ ဘာလဲ?။

အာဗဒ္ဓန အာပေါပါ ဘုရား။

တံတွေး ယိုစီးတာ ခွဲသလိပ်ထွက်တာ ဘာလဲ?။

ပဋ္ဌရဏ အာပေါပါ ဘုရား။

မျက်ရည်ယိုတာ နှာရည်ယိုတာ ဘာ?။

ပဋ္ဌရဏ အာပေါပါ ဘုရား။

ချွေးထွက်တာ သွေးထွက်တာ ဘာလဲ?။

ပဋ္ဌရဏ အာပေါပါ ဘုရား။

ပြည်ထွက်တာ, ကျင်ငယ်ထွက်တာ ဘာလဲ?။

ပဋ္ဌရဏ အာပေါပါ ဘုရား။

ရုပ်တိုင်းအာပေါ

ဒီ အာပေါရုပ်ခေတ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့ ရေ, မြေ, တော,တောင်,သစ်ပင်တွေကိုဘဲ ကြည့်ကြည့်၊ တုံး, တိုင်, ထွန်, ထယ်, အိုး,ခွက်,

ပန်းကန်တွေကိုဘဲ ကြည့်ကြည့်၊ ကျွဲ, နွား, ခွေး, ဝက်, ကြက်, ငှက်, တိရစ္ဆာန်, လူတွေကိုဘဲ ကြည့်ကြည့် သက်ရှိ သက်မဲ့ ရုပ်ဝတ္ထုအားလုံးတွင် ကြည့်ချင်ရာ ကြည့် အစိုင်အခဲဖြစ်အောင် ဖွဲ့စည်းမှုသဘော အရည်ဖြစ်ပြီး ယိုစီးမှုသဘောကို တွေ့ရှိက အာပေါရုပ်ခေတ်လို့ သိရမယ်။

ဖွဲ့ယိုအာပေါ ရုပ်တိုင်းဟော

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ— "ကတမံ တံ ရူပံ အာပေါဓာတု၊ ယံ အာပေါ အာပေါဂတံ သိနေဟော သိနေဟာဂတံ ဗဟွနတ္ထံ ရူပသဏ အဗ္ဗတ္ထံ ဝါ ဗဟိဒ္ဓါ ဝါ ဥပါဒိဏ္ဏံ ဝါ အနုပါဒိဏ္ဏံ ဝါ၊ ဣဒံ တံ ရူပံ အာပေါဓာတု"။ (ဓမ္မသင်္ဂဏီပါဠိတော်)

လို့ အာပေါရုပ်ခေတ်၏ ဖွဲ့စည်းမှုသဘော ယိုစီးမှုသဘောကိုတော့ ကလေးသူငယ်တွေကစပြီး အဘိုးအို အမယ်အိုတိုင်အောင် လူတိုင်း ပါးစပ်ဖျားက ထပ်မနား ပြောနေကြတာဘဲ။

ဒီ မြေကို ရေဖျန်းပြီး စည်းပိုင်နေအောင် နယ်ရမယ်၊
ဒီ ထင်းခြောင်းကလေးတွေကို ကြိုးဖြင့်ဖွဲ့စည်းလိုက်ပါ၊
ဒီ မြက်တွေကို ဖွဲ့ထုံးစည်းလိုက်ပါ၊
ပရိသတ်ကြီး + ဘုရား။

တကွဲတပြား တခြားစီဖြစ်နေတဲ့ မြက်တွေ ထင်းတွေကို ကြိုးနှင့် ဖွဲ့စည်းလိုက်လျှင် တပေါင်းတည်း တလုံးတခဲတည်း ဖြစ် မသွားဘူးလား?။

ဖြစ်သွားပါတယ် ဘုရား။

အဲဒီ တလုံးတခဲတည်း ဖြစ်အောင် ဖွဲ့စည်းမှုသဘောဟာ အာပေါခေတ်ရဲ့ အာဗန္ဓန သဘောကို ပြောနေတာဘဲ။

ဒီ ဆီပုံးက ဆီ ယိုနေတယ်, ဒီရေပုံးက ရေ ယိုနေတယ်, နှာရည် ယိုတယ်, မျက်ရည် ယိုတယ်, ချွဲ ယိုထွက်တယ်, သွေး ယိုထွက်တယ် မပြောဘူးလား ပရိသတ်ကြီး။

ပြောပါတယ် ဘုရား။

အေး....ဖွဲ့စည်းတယ် ယိုစီးထွက်ကျတယ်ဆိုတဲ့ စကားကို လူတိုင်း ပါးစပ်ဖျားက ထပ်မနား ပြောနေကြသော်လဲ သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ အာပေါရုပ်ဓာတ်ကို မသိကြဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

သိရဲ့လား? မသိပါ ဘုရား။

အဲဒါ သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ဘဲ။

ဒီကနေ့ကစပြီး ဖွဲ့စည်းတယ်, ယိုစီးတယ်ဆိုတဲ့ စကားကို ကြားတိုင်း ကြားတိုင်း အာပေါရုပ်ဓာတ်လို့ ဆုံးဖြတ်ပြီး မှတ်သားရမယ်။

ပရိသတ်ကြီး + ဘုရား။

ဖွဲ့စည်း ယိုစီးဆိုတဲ့ စကားကို ကြားတိုင်း ကြားတိုင်း ဘာလို့ ဆုံးဖြတ်ပြီး မှတ်သားရမလဲ?။

အာပေါရုပ်ဓာတ်လို့ ဆုံးဖြတ်ပြီး မှတ်သားရပါတယ် ဘုရား။

ထင်းတုံးအာပေါ

ရုပ်မြင်တိုင်းလဲ အာ့ပေါရုပ်ဓာတ်လို့ ရှုနိုင်တယ်။

ဘုရားလက်ထက်တော် အခါက ရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးဟာ ဂိဇ္ဈကူဋ်တောင်မှ ဆင်းသက်ကြွလာရာ လမ်းခုလတ် တနေရာမှာ ထင်းတုံးကြီးကို မြင်တော်မူ၍ နောက်တော်ပါ ရဟန်းတော်များကို ငါ့သျှင်တို့....ထင်းတုံးကြီးကို မြင်ကြရဲ့လား ဟု မေးတော်မူပြီး မြင်ပါ၏ ဘုရားဟု လျှောက်ထားကြလျှင်—

အမှု ဒါရုကွန္ဓံ အာပေါတော့ဝ အဓိမုစ္စေယျ၊ အတ္ထိ အာဝုသော အမှုမှိ ဒါရုကွန္ဓေ အာပေါဓာတု—

လို့ ထင်းတုံးကြီးကို အာပေါဓာတ်လို့ ရှုနိုင်ပုံ ထင်းတုံးကြီးမှာ အာပေါရုပ်ဓာတ်ရှိပုံကို မိန့်ကြားတော်မူတယ်၊ အဲဒီ ထင်းတုံးကြီးမှာ ရုပ်ပေါင်းရှစ်ခု

တလုံးတည်း တပေါင်းတည်း အတုံးအခဲဖြစ်အောင် ဖွဲ့စည်းထားမှုသဘောကို အာပေါရုပ်ခေါတ်လို့ မှတ်ရမယ်။

မျှားရာရှုပုံ

ဒီ အာပေါရုပ်ခေါတ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိသော်လဲ အချို့ရုပ်ခေါတ်တွေမှာ အာပေါခေါတ် နည်းတယ်၊ အချို့ ရုပ်ခေါတ်တွေမှာ အာပေါခေါတ် မျှားတယ်၊ မျှားရာကို လိုက်ပြီးရှုလျှင်—

ပရိသတ်ကြီး + ဘုရား။
ရေမြင်တယ် ဘာလို့ ရှုမလဲ?။
အာပေါရုပ်ခေါတ်လို့ ရှုရပါတယ်ဘုရား။
ဆီကိုမြင်တယ် ဘာလို့ ရှုမလဲ?။
အာပေါ ရုပ်ခေါတ်လို့ ရှုရပါတယ် ဘုရား။
နို့ရည်မြင်တယ် ဘာလို့ ရှုမလဲ?။
အာပေါရုပ်ခေါတ်လို့ ရှုရပါတယ် ဘုရား။

အေး....ရေမှာ အာပေါရုပ်ခေါတ် မျှားတယ်၊ ဆီမှာ အာပေါရုပ်ခေါတ် မျှားတယ်၊ နို့ရည်မှာ အာပေါ ရုပ်ခေါတ်မျှားတယ်၊ ဒီလိုမျှားရာသို့ လိုက်ပြီး ရှုနည်းကိုလဲ မှတ်သား လေ့လာ ကျင့်သုံးရမယ် ပရိသတ်ကြီး။

ငါမဖြုတ် သက္ကာယဒိဋ္ဌိ မပြုတ်

အာပေါခေါတ်သား၊ ပရမတ်တရားက၊ ဖွဲ့ထားစီးယို၊ သဘောဆိုခဲ့၊ (မှတ်ထားနော်-ပရိသတ်ကြီး၊ မေ့ မသွားစေနဲ့) ငါ့ကိုယ် ငါ့ဟာ၊ ငါဟု သာဟု၊ စဲ့ကာထင်ကြ၊ အနတ္တကွယ်၊ အတ္တနယ်ဌ၊ ချယ်လယ် ပညတ်၊ သက္ကာယဇာတ်တွင် စာရင်းဝင်ခဲ့။

အာပေါခေါတ်ရဲ့ သဘောကြောင့် ရုပ်တွေ အတုံးအခဲ ဖြစ်နေတာ အရည် ဖြစ်ပြီး ယိုစီးနေတာတွေကို ငါ့အသားတုံး၊ ငါ့အသားခဲ၊ ငါ့အသားစိုင်၊ ငါ့နှာရည် ယိုတယ်၊ ငါ့မျက်ရည် ယိုတယ်၊ ငါ့ချေး ထွက်တယ်၊ ငါ့သွေး ထွက်

တယ်နဲ့ အာပေါ ဓာတ်ကို ငါမှတ်နေကြတယ်၊ ဒါဟာ ပညတ်ကို မဖောက်ခဲ့နိုင်လို့အာပေါရုပ် ပရမတ်သဘောကိုမမြင်၊အနတ္တကွယ်ဝင်ပြီး အတ္တဝင်ကာ သက္ကာယဒိဋ္ဌိ မပြုတ်နိုင်ဘဲ ရှိတယ်၊ ဒီကနေ့ကစပြီး ဒီ ငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်။

ငါဖြုတ်က သက္ကာယဒိဋ္ဌိပြုတ်

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဘာလုပ်လိုက်ရမလဲ?။

ဖြုတ်ပစ်လိုက်ရပါမယ် ဘုရား။

အေး....ငါမပြုတ်လျှင် အပါယ်ရှစ်မှာ တလယ်လယ်သာ ငါမြုပ်ရလိမ့်မယ်။ ငါပြုတ်ပါလျှင် အပါယ်ရှစ်မှာ တလယ်လယ် ငါမမြုပ်ရတော့ဘူးလို့ မှတ်သားပြီး ဒီ ငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဖြုတ်ပစ်ပြီးပလား?။

ပြီးပါပြီ ဘုရား။

အင်း.... ပရိသတ်ကြီးကတော့ ငါကြီးကို ပါးစပ်နဲ့ ဖြုတ်လိုက်ပြီပေါ့၊ ပါးစပ်နဲ့ဖြုတ်လို့ ငါမပြုတ်နိုင်ပါ၊ အသိဉာဏ်နှင့် ဖြုတ်မှ ငါပြုတ်မယ်။

ကဲ....ငါပြုတ်ပြီ ဘယ်လိုရှုမှတ် ပြောဆိုကြမလဲ၊ မျက်ရည်ယိုတာ မြင်လျှင် အာပေါ ဓာတ်ရည် ယိုစီးတယ်၊ နှာရည်ယိုတာမြင်လျှင် အာပေါ ဓာတ်ရည် ယိုစီးတယ်၊ ချွေးထွက်တာမြင်လျှင် အာပေါ ဓာတ်ရည် ယိုစီးတယ်၊ သွေးထွက်တာမြင်လျှင် အာပေါ ဓာတ်ရည် ယိုစီးတယ်၊ ရုပ်တုံး ရုပ်ခဲတွေ့ မြင်လျှင် အာပေါဓာတ် ဖွဲ့စည်းတယ်လို့ ရှုမှတ် ပြောဆိုရမယ်။

ပရိသတ်ကြီး + ဘုရား။

မျက်ရည်ယိုတာမြင်တယ် ဘာလို့ ရှုမှတ်ပြောဆိုမလဲ?။

အာပေါဓာတ်ရည်ယိုစီးတယ်လို့ ရှုမှတ်ပြောဆိုရပါတယ် ဘုရား။

နှာရည်ယိုတာမြင်တယ်၊

အာပေါခတ်ရည် ယိုစီးပါတယ်ဘုရား။

ချေးထွက်တာမြင်တယ်၊

အာပေါခတ်ရည် ယိုစီးပါတယ်ဘုရား။

သွေးထွက်တာမြင်တယ်၊

အာပေါခတ်ရည် ယိုစီးပါတယ်ဘုရား။

ရုပ်တုံး ရုပ်ခဲတွေမြင်တယ်၊

အာပေါခတ် ဖွဲ့စည်းပါတယ်ဘုရား။

အင်း....ဒီထဲမှာ ငါပါသေးလလား ပရိသတ်ကြီး။

မပါပါဘုရား။

ငါ မပါလျှင် သက္ကာယဒိဋ္ဌိ ပြုတ်တော့တာပေါ့။

အာပေါ အနတ္တ

ပရိသတ်ကြီး + ဘုရား။

အာပေါရုပ်ခတ်ကို မဖြစ်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါဘုရား။

အာပေါရုပ်ခတ်ကို မပျက်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါဘုရား။

အာပေါရုပ်ခတ်ဟာ ပရိသတ်ကြီးအလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါဘုရား။

အာပေါရုပ်ခတ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ ဆိုလို့ ရရဲ့လား?။

မရပါဘုရား။

အာပေါရုပ်ဓာတ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါဘုရား။

အာပေါရုပ်ဓာတ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါဘုရား။

အာပေါရုပ်ဓာတ်မှာ ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါဘုရား။

အာပေါရုပ်ဓာတ်ဟာ ပြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

အာပေါရုပ်ဓာတ်မှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် အာပေါရုပ်ဓာတ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် အာပေါရုပ်ဓာတ်ကို အနတ္တလို့ မှတ်ကြရမယ်။

အားလုံး လိုက်ဆိုကြ–

ယိုစီးပ္ပဲစေး၊ ပြင်ရေးနှစ်တန်၊

အာပေါရုပ်ဓာတ်၊ ဆုံးဖြတ်ကေန်၊

ငါဟုမှတ်စဲ့၊ ဖောက်လဲ့ဖောက်ပြန်၊
အနတ္တ ရှုကြ အဖန်ဖန်။

တေဇောရုပ်

ပူ အေး တေဇော

တေဇောရုပ်ခေတ်ဟာ (ပူမှု အေးမှု = ဥဏှတ္တသဘော လက္ခဏာရှိတယ်။)
ပရိသတ်ကြီး + ဘုရား။

တေဇောရုပ်ခေတ်ဟာ ဘယ်လို သဘောလက္ခဏာရှိပါသလဲ?။

ပူမှု အေးမှု=ဥဏှတ္တ သဘောလက္ခဏာ ရှိပါတယ်ဘုရား။

အင်း....တေဇောရုပ်ခေတ်ရဲ့ ဥဏှတ္တ=ပူအေးလက္ခဏာကို လက်တွေ့စမ်းသပ်ကြည့်ရအောင်—

ဖျာ၌ တေဇော

ပရိသတ်ကြီး + ဘုရား။

ပရိသတ်ကြီးထိုင်ထားတဲ့ အောက်ကဖျာကို လက်နှင့် ကိုင်ကြည့်ကြစမ်းပါ၊ ကိုင်ကြည့်ပြီးပလား?။

ပြီးပါပြီ ဘုရား။

ပူသလား အေးသလား?။

အေးပါတယ် ဘုရား။

အေးလျှင် သီတတေဇောဘဲ။

ပူလျှင် ဥဏှတေဇောဘဲ။

ပရိသတ်ကြီး + ဘုရား။

လက်နှင့်ကိုင်ကြည့်လို့ အေးလျှင် ဘာလို့ မှတ်မလဲ?။
သီတတေဇောလို့ မှတ်ပါတယ် ဘုရား။
ပူလျှင် ဘာလို့ မှတ်မလဲ?။
ဥဏှတေဇောလို့ မှတ်ပါတယ် ဘုရား။

လူကိုယ် တေဇော

ဒီ တေဇောခေါတ်ဟာ ပရိသတ်ကြီး ခန္ဓာကိုယ်မှာလဲ ရှိတယ်။
ပရိသတ်ကြီး + ဘုရား။
မရှိဘူးလား?။
ရှိပါတယ် ဘုရား။
ကိုင်း— ဟုတ် မဟုတ် သိရအောင်။
ပရိသတ်ကြီး + ဘုရား။

ခေါင်းက စပြီး ခြေဖျား တိုင်အောင် ကိုယ့်ကိုယ်ကို ပြန်ပြီး ကိုင်ကြည့် စမ်းပါ။

ကိုင်ကြည့်ပြီးပလား ပရိသတ်ကြီး။
ပြီးပါပြီ ဘုရား။
ပူတဲ့သဘောကို တွေ့သလား၊ အေးတဲ့ သဘောကို တွေ့သလား?။
အေးတဲ့သဘောကို တွေ့ပါတယ် ဘုရား။
အဲဒီ အေးတဲ့သဘောဟာ သီတတေဇောဘဲ။
ပူတဲ့သဘောကိုတွေ့လျှင် ဥဏှဒတေဇောဘဲ။

ပရိသတ်ကြီးကိုယ်ဟာ ရုံဖန်ရုံခါ တေဇောခေါတ် လွန်ကဲပြီး ပူနေမယ်၊ ဒီ တေဇောခေါတ် လွန်ကဲလာတာကို ဖျားနာပြီး ကိုယ်ပူတက်နေတဲ့ အခါမှာ ပိုမိုပြီး ထင်ရှားသိသာတယ်၊ ရုံဖန်ရုံခါမှာ ပရိသတ်ကြီး ခန္ဓာကိုယ်ဟာ အေး နေမယ်၊ ဒီလိုပူမှု အေးမှုကို စမ်းသပ်ကြည့်ရှုပြီး တေဇောရုပ်ခေါတ်ကို သိရမယ်။

ရုပ်တိုင်း တေဇော

ဒီ တေဇောရုပ်ခေတ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့ ပုဆိုး, ထမီ, အင်္ကျီတွေကိုဘဲ ကိုင်ကိုင်၊ အုင်္ဂခဲ, ကျောက်ခဲ, သံခဲ, မြေကြီးခဲတွေကိုဘဲ ကိုင်ကိုင်၊ အို, ခွက်, ပန်းကန်, ဇွန်း ယောက်မတွေကိုဘဲ ကိုင်ကိုင်၊ ကိုင်ချင်ရာ ကိုင်၊ နင်းချင်ရာနင်း၊ ဖိချင်ရာဖိ၊ ထိချင်ရာထိ၊ ပူမှု အေးမှုသဘော တမျိုးမျိုး ကိုတော့ တွေ့ရှိရမယ်၊ တွေ့လာတဲ့ ပူတဲ့သဘော အေးတဲ့သဘောကို တေဇော ရုပ်ခေတ်လို့ ရှုမှတ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ရုပ်ဝတ္ထုတွေ ကိုင်ကြည့်လို့ ပူတဲ့သဘော - သို့မဟုတ် အေးတဲ့သဘောကို တွေ့လျှင် ဘာလို့ရှုမှတ်မလဲ?။

တေဇောရုပ်ခေတ်လို့ ရှုမှတ်ရပါတယ်ဘုရား။

ပူအေးတေဇော ရုပ်အားလုံးဟော

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ– ကတမံ တံ ရူပံ တေဇော ခေါတု၊ ယံ တေဇော တေဇောဂတံ ဥဿဟ ဥဿဟဂတံ ဥသုမံ ဥသုမဂတံ အစ္ဆရိတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဥပါဒိဏ္ဏံ ဝါ အနုပါဒိဏ္ဏံ ဝါ၊ ဣဒံ တံ ရူပံ တေဇောခေါတု။ (ဓမ္မသင်္ဂဏိပါဠိတော်။)

လို့ တေဇောရုပ်ခေတ်၏ ပူအေး ဥဏှတ္တ သဘောလက္ခဏာရှိပုံ၊ ကိုယ်တွင်း ကိုယ်ပ သက်ရှိသက်မဲ့ ရုပ်အားလုံး၌ ရနိုင်ပုံကို ဟောကြားတော်မူခဲ့တယ်။

ပူအေးစကားကြား တေဇောမှတ်သား

တေဇောရုပ်ခေတ်ရဲ့ ပူမှုအေးမှု သဘောလက္ခဏာကိုတော့ ကလေးသူငယ်တွေက စပြီး အဖိုးအို အမယ်အိုတွေတိုင်အောင် ပါးစပ်ဖျားက ထပ်မနားပြောနေကြတာဘဲ။

နေကလဲ ပူလိုက်တာ မပြောဘူးလား ပရိသတ်ကြီး။
ပြောပါတယ်ဘုရား။
မီးကလဲ ပူလိုက်တာ မပြောဘူးလား ပရိသတ်ကြီး။
ပြောပါတယ်ဘုရား။

ရေနွေးပူတယ်၊ ဟင်းချိုပူတယ်၊ ထမင်းပူတယ်၊ ဟင်းပူတယ်၊ ကော်ဖီပူပူ နွေးနွေး၊ ကိုယ်ပူတယ်၊ ခြေဖျားလက်ဖျားအေးတယ်၊ ရေအေးတယ်၊ ရေခဲအေးတယ်၊ ရာသီဥတုပူတယ်၊ ရာသီဥတုအေးတယ်နဲ့- ပူတယ် အေးတယ်ဆိုတဲ့ စကားကို လူတိုင်း ပြောကြားနေကြသော်လဲ တေဇောရုပ်ဓာတ်လို့ ¦မသိကြဘူးပေါ့¦ ဒီလို မသိတာဟာ သတိပညာမရှိလို့ဘဲ၊ ဒီကနေ့ကစပြီး ပူအေးစကားကို ကြားတိုင်း ကြားတိုင်း¦ တေဇောရုပ်ဓာတ်လို့ ဆုံးဖြတ်ပြီး မှတ်သားရမယ်။

ပရိသတ်ကြီး + ဘုရား။

ပူအေးစကားကို ကြားတိုင်း ကြားတိုင်း ဘာလို့မှတ်သားမလဲ?။
တေဇောရုပ်ဓာတ်လို့ မှတ်သားရပါမယ်ဘုရား။

ထင်းတုံး တေဇော

ရုပ်မြင်တိုင်းလဲ တေဇောရုပ်ဓာတ်လို့ ရှုမှတ်နိုင်တယ်။

ဒါကြောင့် ရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးက—

အမုံ ဒါရုကွန္ဓံ တေဇောတ္ထော အဓိမုစ္စေယ္ယ အတ္ထိ အာဝုသော အမုမ္ပိ ဒါရုကွန္ဓေ တေဇော ဓာတု—

လို့ ထင်းတုံးကြီးကို တေဇောရုပ်ဓာတ်လို့ ရှုနိုင်ပုံ ထင်းတုံးကြီးမှာ တေဇောရုပ်ဓာတ်ရှိပုံကို မိန့်ကြားတော်မူတယ်။

မျှားရာရှုပုံ

ဒီ တေဇောရုပ်ဓာတ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိသော်လဲ အချို့ ရုပ်ဓာတ်တွေမှာ နည်းတယ်၊ အချို့ရုပ်ဓာတ်တွေမှာ မျှားတယ်။

မျှားရာကို လိုက်ပြီးရှုလျှင်—
ပရိသတ်ကြီး + ဘုရား။
မီးမြင်တယ် ဘာလို့ရှုမလဲ?။
တေဇောရုပ်ခေတ်လို့ ရှုရပါတယ်ဘုရား။

မှန်တယ်—မီးမှာ တေဇောရုပ်ခေတ်မျှားတယ်၊ ဒါကြောင့် အလွန်ပူ-မကိုင်နိုင်အောင် ပူတာပေါ့။

နေမြင်တယ် ဘာလို့ရှုမလဲ ပရိသတ်ကြီး။

တေဇောရုပ်ခေတ်လို့ ရှုရပါတယ် ဘုရား။

ဟုတ်တယ်-နေမှာ တေဇော ရုပ်ခေတ် မျှားတယ် ဒါကြောင့် အလွန်ပူတာပေါ့။

ဥတုတေဇော

ဒီ တေဇောရုပ်ခေတ်ဟာ ရာသီဥတုကို လိုက်ပြီးတော့လဲ ပူမှု အေးမှုရှိတယ်။

ပရိသတ်ကြီး + ဘုရား။

နွေလအခါမှာ ရုပ်ဝတ္ထုတွေ ပူ မနေဘူးလား?။

ပူနေပါတယ် ဘုရား။

အဲဒီ ပူတာဟာ ဘာလဲ?။

တေဇော ရုပ်ခေတ်ပါ ဘုရား။

ပရိသတ်ကြီး + ဘုရား။

မိုးယိမ်းလအခါ ဆောင်းလအခါတွေမှာ ရုပ်ဝတ္ထုတွေ အေး မနေဘူးလား?။

အေးနေပါတယ် ဘုရား။

အဲဒီ အေးတာဟာ ဘာလဲ?။

တေဇော ရုပ်ခေတ်ပါ ဘုရား။

ငါမဖြုတ် သက္ကာယဒိဋ္ဌိ မပြုတ်

ဒါကြောင့်—

တေဇောဓာတ်အား၊ ပရမတ်တရားက၊ နှစ်ပါးအေးမှု၊ သဘောမူဆို (မှတ်ထားနော် ပရိသတ်ကြီး - မေ့ မသွားစေနဲ့)ငါ့ကိုယ်ငါ့ဟာ၊ ငါဟုသာဟု၊ စဲ့ကာထင်ကြ၊ အနတ္တကွယ်၊ အတ္တနယ်၌၊ ချယ်လယ်ပညတ်၊ သက္ကာယဇာတ်တွင်၊ စာရင်းဝင်ခဲ့။

တေဇောရုပ်ဓာတ်ကြောင့် ရုပ်ဝတ္ထုတွေ ပူနေတာ အေးနေတာကို ငါပူတယ်၊ ငါအေးတယ်နဲ့ တေဇောရုပ်ဓာတ်ကို ငါမှတ်နေကြတယ်၊ ဒါဟာ ပညတ်ချယ်လယ်ပြီး ပရမတ်သဘောကို မမြင် အနတ္တ ကွယ်စင်ပြီး အတ္တဝင်ကာ သက္ကာယဒိဋ္ဌိ မပြုတ်နိုင်ဘဲ ရှိကြတယ်၊ ဒီကနေ့ကစပြီး ဒီငါကြီးကို ဖြုတ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဘာလုပ်လိုက်ရမလဲ?။

ဖြုတ်လိုက်ရပါမယ် ဘုရား။

အေး.... ငါမပြုတ်လျှင် အပါယ်ရှာမှာ တလယ်လယ်သာ ငါမြုပ်ရလိမ့်မယ်၊ ငါပြုတ်ပါလျှင် အပါယ်ရှာမှာ တလယ်လယ် ငါမမြုပ်ရတော့ဘူးလို့ မှတ်သားပြီး ဒီ ငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်။

ကဲ ငါဖြုတ်ပြီး ဘယ်လိုရှုမှတ် ပြောဆိုကြမလဲ?။

ကိုယ်ပူတာတွေ့လျှင် **တေ**ဇောရုပ်ဓာတ်ပူတယ်။

ကိုယ်**အေး**တာတွေ့လျှင် **တေ**ဇောရုပ်ဓာတ်**အေး**တယ်။

မီးပူတာတွေ့လျှင် **တေ**ဇောရုပ်ဓာတ် ပူတယ်။

နေပူတာတွေ့လျှင် **တေ**ဇောရုပ်ဓာတ် ပူတယ်။

ရာသီဥတုပူလျှင် **တေ**ဇောရုပ်ဓာတ် ပူဘယ်။

ရာသီဥတု**အေး**လျှင် **တေ**ဇောရုပ်ဓာတ် **အေး**တယ်။

ဘာပူပူ ဘာအေးအေး တေဇောရုပ်ခေတ် ပူတယ်၊ တေဇောရုပ်ခေတ် အေးတယ်လို့သာ ပြောရမယ်။

ပရိသတ်ကြီး + ဘုရား။

ဒီထဲမှာ ငါပါသေးသလား?။

မပါပါဘုရား။

ငါ မပါလျှင် သက္ကာယဒိဋ္ဌိ ပြုတ်တော့တာပေါ့။

တေဇော အနတ္တ

ပရိသတ်ကြီး + ဘုရား။

တေဇောရုပ်ခေတ်ကို မဖြစ်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါဘုရား။

တေဇောရုပ်ခေတ်ကို မပျက်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါဘုရား။

တေဇောရုပ်ခေတ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါဘုရား။

တေဇောရုပ်ခေတ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ ဆိုလို့ ရရဲ့လား?။

မရပါဘုရား။

တေဇောရုပ်ခေတ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါဘုရား။

တေဇောရုပ်ခေတ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါဘုရား။

တေဇောရုပ်ခေတ်မှာ ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါဘုရား။

တေဇောရုပ်ခေတ်ဟာ ဗြဟ္မာ ဗိသဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါဘုရား။

တေဇောရုပ်ခေတ်မှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါဘုရား။

လိပ်ပြာကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါဘုရား။

ဒါဖြင့် တေဇောရုပ်ခေတ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါဘုရား။

ဒါကြောင့် တေဇောရုပ်ခေတ်ကို အနတ္တလို့ မှတ်ကြရမယ်။

အားလုံး လိုက်ဆိုကြ—

* ပူမှုအေးမှု၊ နှစ်ခု တွေ့ပြန်၊
တေဇောရုပ်ခေတ်၊ ဆုံးဖြတ်ကေန်၊
ငါဟုမှတ်စဲ့၊ ဖေဘက်လွဲဖေဘက်ပြန်၊
အနတ္တ ရှုကြ အဖန်ဖန်။

ဝါယောရုပ်

လှုပ်ရှားဝါယော

ဝါယောရုပ်ခေတ်ဟာ (တွန်းကန် လှုပ်ရှားမှု=ဝိတ္ထမ္ဘန သဘော လက္ခဏာ ရှိတယ်)

ပရိသတ်ကြီး + ဘုရား။

ဝါယောရုပ်ခေတ်ဟာ ဘယ်လို သဘောလက္ခဏာ ရှိပါသလဲ?။

တွန်းကန်လှုပ်ရှားမှု 'ဝိတ္ထမ္ဘန' သဘော လက္ခဏာရှိပ်ါတယ် ဘုရား။

အတိုကောက်မှတ်ရလျှင် 'လှုပ်ရှား ဝါယော'လို့ မှတ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

အတိုကောက် ဘယ်လို မှတ်မလဲ?။

'လှုပ်ရှား ဝါယောလို့ မှတ်ရပါတယ် ဘုရား။'

အေး....လှုပ်လှုပ်ရှားရှား မြင်သမျှ ဝါယောခေတ်လို့ မှတ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

လှုပ်လှုပ်ရှားရှား မြင်သမျှ ဘာလို့ ရှုမှတ်မလဲ?။

ဝါယောရုပ်ခေတ်လို့ ရှုမှတ်ရပါတယ် ဘုရား။

ဖျာ၌ ဝါယော လက်တွေ့စမ်းသပ်

ပရိသတ်ကြီး + ဘုရား။

ပရိသတ်ကြီး ထိုင်ထားတဲ့ အောက်က ဖျာကို လက်နှင့် ဖိနှိပ် ပုတ်ခတ်ကြည့်ကြစမ်းပါ။

အားလုံး ဖိနှိပ်ပုတ်ခတ် ကြည့်ပြီးပလား?။

ပြီးပါပြီ ဘုရား။

တွန်းကန် လှုပ်ရှားမှု သဘောကို မတွေ့ဘူးလား?။

တွေ့ပါတယ် ဘုရား။

အဲဒီ တွန်းကန် လှုပ်ရှားတဲ့ သဘောကို ဝါယောခေတ်လို့ ရှုမှတ်ရမယ်။

လူကိုယ်ဝါယော လက်တွေ့စမ်းသပ်

ဒီ ဝါယောရုပ်ခေတ်ဟာ ပရိသတ်ကြီး ခန္ဓာကိုယ်မှာလဲ ရှိပါတယ်။

ပရိသတ်ကြီး + ဘုရား။

မရှိဘူးလား?။

ရှိပါတယ် ဘုရား။

အေး....ရှိတာပေါ့ ကိုယ်လက် လှုပ်ရှားမှုတွေ အမြင်သားဘဲ။

ကဲ....မေးမယ် ဖြေစမ်း—

လက်လှုပ်တယ် ဘာလဲဟေ့?။

ဝါယောဓာတ်ပါ ဘုရား။

ခြေလှုပ်တယ် ဘာလဲဟေ့?။

ဝါယောဓာတ်ပါ ဘုရား။

ကိုယ်လှုပ်တယ် ဘာလဲဟေ့?။

ဝါယောဓာတ်ပါ ဘုရား။

ခေါင်းလှုပ်တယ် ဘာလဲဟေ့?။

ဝါယောဓာတ်ပါ ဘုရား။

ပါးစပ်လှုပ်တယ် ဘာလဲဟေ့?။

ဝါယောဓာတ်ပါ ဘုရား။

သွားတယ် လာတယ် ပြေးတယ် လွှားတယ် ကတယ် ခုန်တယ် ဘာလဲဟေ့?။

ဝါယောဓာတ်ပါ ဘုရား။

ပရိသတ်ကြီး ခန္ဓာကိုယ်မှာ လှုပ်ရှားတာ တွေ့မြင်သမျှ ဝါယောရုပ်ဓာတ်လို့ ရှုမှတ်ရမယ်။

ရုပ်တိုင်း ဝါယော

ဒီဝါယော ရုပ်ဓာတ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့ သက်ရှိ သက်မဲ့ ရုပ်တရားမှန်လျှင် ကိုင်ချင်ရာကိုင် နင်းချင်ရာနင်း ဖိချင်ရာဖိ ထိချင်ရာထိ၊ လှုပ်ရှားမှု သဘောတရားကို တွေ့ရှိလျှင် ဝါယောရုပ်ဓာတ်လို့ သိမှတ်ရမယ်။

လူပ်ရှား ဝါယော ရုပ်အားလုံးဟော

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ— ကတမံ တံ ရူပံ ဝါယောဓာတု၊ ယံ ဝါယော ဝါယောဂတံ ထမ္ဘိတတ္တံ ရူပဿ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါ ဝါ ဥပါဒိဏ္ဏံ ဝါ အနုပါဒိဏ္ဏံ ဝါ၊ ဣဒံ တံ ရူပံ ဝါယောဓာတု။ (ဓမ္မသင်္ဂဏီ ပါဠိတော်)

လို့ ဝါယောဓာတ်၏ တွန်းကန်လူပ်ရှား ဝိတ္ထမ္ဘန သဘောလက္ခဏာ ရှိပုံ၊ ကိုယ်တွင်းကိုယ်ပ သက်ရှိသက်မဲ့ ရုပ်အားလုံးတို့၌ ရနိုင်ပုံကို ဟောတော်မူခဲ့တယ်။

လူပ်ရှားစကားကြား ဝါယောရုပ် မှတ်သား

ဝါယောရုပ်ဓာတ်ရဲ့ လူပ်ရှားမှု သဘောလက္ခဏာကိုတော့ ကလေးသူငယ်တွေကစပြီး အဘိုးအို အမယ်အို တိုင်အောင် လူတိုင်းပါးစပ်ဖျားက ထပ်မနှားပြောနေကြတာဘဲ။

သစ်ပင်လူပ်တယ်၊ မပြောဘူးလား ပရိသတ်ကြီး?။

ပြောပါတယ် ဘုရား။

ကုတင်လူပ်တယ်၊ မပြောဘူးလား ပရိသတ်ကြီး?။

ပြောပါတယ် ဘုရား။

လက်လူပ်တယ်, ခြေလူပ်တယ် မပြောဘူးလား ပရိသတ်ကြီး?။

ပြောပါတယ် ဘုရား။

ကိုယ်လက်လူပ်ရှားမှုဟာ ကျန်းမာရေးတမျိုးဘဲ စသည်ဖြင့် လူပ်ရှား ဆိုတဲ့စကားကို လူတိုင်း ပြောကြားနေကြသော်လဲ ဝါယောရုပ်ဓာတ်လို့ မသိကြဘူးပေါ့၊ ဒီလို မသိကြတာဟာ သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ဘဲ၊ ဒီကနေ့ကစပြီး လူပ်ရှားစကားကို ကြားတိုင်း ကြားတိုင်း ဝါယောရုပ်ဓာတ်လို့ ဆုံးဖြတ်ပြီး မှတ်သားရမယ်။

ပရိသတ်ကြီး + ဘုရား။

လှုပ်ရှားစကားကို ကြားတိုင်း ကြားတိုင်း ဘာလို့ ရှုမှတ်မလဲ?။

ဝါယောရုပ်ခေတ်လို့ ရှုမှတ်ရပါတယ် ဘုရား။

ထင်းတုံး ဝါယော

ရုပ်မြင်တိုင်းလဲ ဝါယောရုပ်ခေတ်လို့ ရှုနိုင်တယ်။

ဒါကြောင့် ရှင်သာရိပုတြာကိုယ်တော်မြတ်ကြီးက—

အမုံ ဒါရုက္ခန္ဓံ ဝါယောတ္ထဝ အဓိမုစ္စေယျ၊ အတ္ထိ အာဝုသော အမုမ္မိ ဒါရုက္ခန္ဓေ ဝါယောခေတု—

လို့ ထင်းတုံးကြီးကို ဝါယောရုပ်ခေတ်လို့ ရှုနိုင်ပုံ၊ ထင်းတုံးကြီးမှာ ဝါယောရုပ်ခေတ် ရှိပုံကို မိန့်ကြားတော်မူတယ်။

မျှားရာရှုပ်

ဒီ ဝါယောရုပ်ခေတ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိသော်လဲ အချို့ ရုပ်ခေတ်တွေမှာ နည်းတယ်၊ အချို့ ရုပ်ခေတ်တွေမှာ မျှားတယ်၊ မျှားရာကို လိုက်ပြီး ရှုပါလျှင်—

ပရိသတ်ကြီး + ဘုရား။

လေပြေ လေညှင်း လေပြင်းလာတာ တွေ့မြင်တယ် ဘာလို့ ရှုမလဲ?။

ဝါယောရုပ်ခေတ်လို့ ရှုရပါတယ် ဘုရား။

မှန်တယ်–လေမှာ ဝါယောရုပ်ခေတ် မျှားတယ်။

လေဘေးလုံးကို တွေ့မြင်တယ် ဘာလို့ ရှုမလဲ?။

ဝါယောရုပ်ခေတ်လို့ ရှုရပါတယ် ဘုရား။

ဟုတ်တယ်– လေဘေးလုံးမှာ ဝါယောရုပ်ခေတ် မျှားတယ်။

ဒီလို မျှားရာ ရှုနည်းကိုလဲ မှတ်သား ရှုပွားနိုင်ပါတယ်။

ငါမဖြုတ် သက္ကာယဒိဋ္ဌိ မပြုတ်

ဝါယောဓာတ်သား၊ ပရမတ်တရားက၊ လှုပ်ရှားပင်ကိုယ်၊ သဘောဆိုခဲ့ (မှတ်ထားနော် ပရိသတ်ကြီး) ငါ့ကိုယ်ငါ့ဟာ၊ ငါဟုသာဟု၊ စဲ့ကာထင်ကြ၊ အနတ္တကွယ်၊ အတ္တနယ်၌၊ ချယ်လှယ်ပညတ်၊ သက္ကာယ ဇာတ်တွင် စာရင်းဝင်ခဲ့။

ဝါယောရုပ်ဓာတ်ကြောင့် ကိုယ်လက် လှုပ်ရှား သွားလာမှု ဖြစ်နေတာကို ငါလှုပ်တတ်၊ ငါသွားတယ်၊ ငါလာတယ်နဲ့ ဝါယောဓာတ်ကို ငါမှတ်နေကြတယ်။

ပရိသတ်ကြီး + ဘုရား။

လက်တဘက် လေဖြတ်ထားတယ်၊

ခြေတဘက် လေဖြတ်ထားတယ်၊

ကိုယ်တခြမ်း လေဖြတ်ထားတယ်၊

အဲဒီ လေဖြတ်ထားတဲ့ဘက်က လှုပ်ရှားနိုင်ပါအုန်းမလား?။

မလှုပ်ရှားနိုင်ပါ ဘုရား!!

ဘာကြောင့် မလှုပ်ရှားနိုင်သလဲ ပရိသတ်ကြီး?။

ဝါယောရုပ်ဓာတ် ပြတ်နေလို့ပါ ဘုရား။

အေး....လှုပ်ရှားဝါယောလို့ အစကဟောခဲ့တယ် မဟုတ်လား?။

အဲဒါ ထင်ရှားတဲ့ လောကမျက်မြင် ဝါယောရုပ်ဓာတ် သဘောပင် ဖြစ်တယ်၊ လေဖြတ်ထားတဲ့ လူတွေကိုတော့ မြင်ဘူးကြပါလိမ့်မယ်။

ပရိသတ်ကြီး + ဘုရား။

လက်သေ ခြေသေ ကိုယ်တခြမ်းသေ လေဖြတ်ထားတဲ့ လူတွေကို မြင်ဘူးကြရဲ့လား?။

မြင်ဘူးပါတယ် ဘုရား။

အဲဒီ လူတွေဟာ ဝါယောရုပ်ဓာတ် ပြန်မဆက်ပါလျှင် လှုပ်ရှားသွားလာမှုဆိုတာ ရှိနိုင်ပါအုန်းမလား?။

မရှိနိုင်ပါ ဘုရား။

ဒါဖြင့် ငါလက်လှုပ်တယ်၊ ငါခြေလှုပ်တယ်၊ ငါသွားတယ်၊ ငါလာတယ် ဆိုတာ ဟုတ်နိုင်ပါအုန်းမလား?။

မဟုတ်နိုင်ပါ ဘုရား။

လှုပ်ရှားတာ ငါမဟုတ်လျှင် ဘာလဲဟေ့ ပရိသတ်ကြီး?။

ဝါယောရုပ်ဓာတ်ပါ ဘုရား။

ဒီ ဝါယောရုပ်ဓာတ်ကို ငါမှတ်နေကြလို့ သက္ကာယဒိဋ္ဌိကြီး တန်းလန်းနှင့် အပါယ်စခန်း မပိတ်နိုင်ကြဘဲရှိတယ်။

ငါပြုတ်က သက္ကာယဒိဋ္ဌိပြုတ်

ဒီ ကနေ့ကစပြီး ဒီငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဘာလုပ်လိုက်ရမလဲ?။

ဖြုတ်ပစ်လိုက်ရပါမယ် ဘုရား။

အေး....ငါမပြုတ်လျှင် အပါယ်ရှာမှာ တလယ်လယ်သာ ငါမြုပ်ရလိမ့်မယ်၊ ငါပြုတ်ပါလျှင် အပါယ်ရှာမှာ တလယ်လယ် ငါမမြုပ်ရတော့ဘူးလို့ မှတ်သားပြီး ဒီ ငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဖြုတ်ပစ်ပြီးပလား?။

ပြီးပါပြီ ဘုရား။

ဘာနဲ့ ဖြုတ်ပစ်လိုက်သလဲ ပရိသတ်ကြီး။

ပါးစပ်နဲ့ ဖြုတ်ပစ်လိုက်ပါတယ် ဘုရား။

ပရိသတ်ကြီးက ငါကို ပါးစပ်နဲ့ဘဲ ဖြုတ်နိုင်သေးတယ်၊ အသိဉာဏ်နဲ့ ဖြုတ်မှ ဒီ ငါကြီး ပြုတ်မယ်။

ကဲ....ငါကြီး ဖြုတ်ပြီး ဒီလိုရှုမှတ် ပြောဆိုရမယ်—

လက်လှုပ်ရှားတာမြင်လျှင် ဝါယောရုပ်ခေါ်တ် လှုပ်ရှားတယ်၊
ခြေလှုပ်ရှားတာမြင်လျှင် ဝါယောရုပ်ခေါတ် လှုပ်ရှားတယ်၊
ပါးစပ်လှုပ်တာ တွေ့မြင်လျှင် ဝါယောရုပ်ခေါတ် လှုပ်ရှားတယ်၊
မျက်စိ မျက်ခုံ လှုပ်တာမြင်လျှင် ဝါယောရုပ်ခေါတ် လှုပ်ရှားတယ်၊
သွားတာ လာတာ မြင်လျှင် ဝါယောရုပ်ခေါတ် လှုပ်ရှားတယ်၊
သက်ရှိ သက်မဲ့ လှုပ်ရှားတာ တွေ့မြင်က ဝါယောရုပ်ခေါတ်ချည်းဘဲ၊ ရှုမှတ် ပြောဆိုကြရမယ်။

ပရိသတ်ကြီး + ဘုရား။

ဒီထဲမှာ ငါပါသေးသလား?။

မပါပါ ဘုရား။

ငါ မပါလျှင် သက္ကာယဒိဋ္ဌိပြုတ်တော့တာပေါ့။

ဝါယော အနတ္တ

ပရိသတ်ကြီး + ဘုရား။

ဝါယောရုပ်ခေါတ်ကို မဖြစ်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဝါယောရုပ်ခေါတ်ကို မပျက်ပါနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဝါယောရုပ်ခေါတ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

ဝါယောရုပ်ဓာတ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဝါယောရုပ်ဓာတ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဝါယောရုပ်ဓာတ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝါယောရုပ်ဓာတ်မှာ ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝါယောရုပ်ဓာတ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

လိပ်ပြာကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ဝါယောရုပ်ဓာတ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဝါယောရုပ်ဓာတ်ကို အနတ္တလို့ မှတ်ကြရမယ်။

အာဃလုံး လိုက်ဆိုကြ—

* တွန်းကန်လှုပ်ရှား၊ တွေ့ငြားအမှန်၊
ဝါယောရုပ်ဓာတ်၊ ဆုံးဖြတ်ကေန်၊
ငါဟုမှတ်စွဲ၊ ဖေဝက်လွဲဖေဝက်ပြန်၊
အနတ္တ ရှုကြ အဖန်ဖန်။

ဝဏ္ဏရုပ်

ထိပါး ဝဏ္ဏ

အဆင်း ဝဏ္ဏရုပ်ဟာ စက္ခုပသာဒနှင့် ထိပါးခြင်း သဘောလက္ခဏာ ရှိတယ်။

ပရိသတ်ကြီး + ဘုရား။

အဆင်းဝဏ္ဏရုပ်ဟာ ဘယ်လိုသဘောလက္ခဏာ ရှိပါသလဲ?။

စက္ခုပသာဒနှင့် ထိပါးခြင်းသဘောလက္ခဏာရှိပါတယ်ဘုရား။

အဲဒီ ဝဏ္ဏရုပ်ရဲ့ စက္ခုပသာဒနဲ့ ထိပါးပုံကို ထင်ရှားအောင် ပြမယ်။

ပရိသတ်ကြီး + ဘုရား။

စက္ခုပသာဒချို့ပြီး မျက်စိကွယ်နေတဲ့ လူတယောက်ဟာ ဖြူ နီ ကြောင် ကျား အဆင်းရုပ်ကို မြင်နိုင်ပါအုန်းမလား?။

မမြင်နိုင်ပါ ဘုရား။

အေး....စက္ခုပသာဒရှိမှသာ အဆင်းဝဏ္ဏရုပ်ဟာ ထိပါးနိုင်တယ်၊ ယူဇနာ ပေါင်း (၄၂၀၀၀)မျှ ဝေးကွာပြီး တည်ရှိတဲ့ 'လ'၏ အဆင်းသည်ပင် စက္ခုပသာဒရှိလျှင် ထိပါးလာတယ်၊ မိမိ အနီးမှာရှိတဲ့ အဆင်းပင်ဖြစ်သော်လည်း စက္ခုပသာဒ မရှိလျှင် မထိပါးနိုင်ပါ၊ ဒါကြောင့် အဆင်းဝဏ္ဏရုပ်ဟာ စက္ခုပသာဒနှင့် ထိပါးခြင်း သဘောလက္ခဏာ ရှိတယ်လို့ဆိုတယ်။

ဖျာဌ်ဝဏ္ဏ

ပရိသတ်ကြီး + ဘုရား။

ပရိသတ်ကြီး ထိုင်ထားတဲ့ အောက်ကဖျာကို ကြည့်ပါ။

ကြည့်ပြီးပလား?။

ကြည့်ပြီးပါပြီ ဘုရား။

ဘယ်လိုအဆင်းကို မြင်သလဲ?။

ဖြူတဲ့ အဆင်းကို မြင်ပါတယ် ဘုရား။

အဲဒီ ဖြူတဲ့အဆင်းဟာ ဝဏ္ဏရုပ်ဘဲ၊ ဒီဖျာမှာ ဝဏ္ဏရုပ်ရှိတယ်လို့ မှတ်ရမယ်။

လူကိုယ် ဝဏ္ဏ

ဒီ ဝဏ္ဏရုပ်ဟာ ပရိသတ်ကြီး ခန္ဓာကိုယ်မှာလဲ ရှိတယ်။

ပရိသတ်ကြီး + ဘုရား။

မရှိဘူးလား? ရှိပါတယ်ဘုရား။

ကိုင်း....ဟုတ် မဟုတ် သိရအောင်—

ပရိသတ်ကြီး + ဘုရား။

ကိုယ့်ကိုယ်ကိုပြန်ပြီး ကြည့်လိုက်ကြစမ်းပါ။

ကြည့်ပြီးပလား? ပြီးပါပြီ ဘုရား။

ဘာတွေ မြင်သလဲ?။

လက် မြင်ပါတယ်ဘုရား၊ ခြေ မြင်ပါတယ်ဘုရား။

သတိထား စဉ်းစားပြောနော်၊ ဟုတ်ကဲ့လား?။

ဟုတ်ပါတယ် ဘုရား။

ကဲ ပရမတ်ပေါ် ပညတ်ဖုံးနေတာကို လုံးလုံး မမြင်ဘူး။

အဆင်းရုပ်ကို မြင်တယ်မဟုတ်လား?။

ဟုတ်ပါတယ် ဘုရား။

လက်ခြေဆိုတာတွေက ပညတ်၊ လူတွေသမုတ်ထားတာဖြစ်တယ်၊ ဒီပညတ်ကို ကြည့်လို့ မမြင်နိုင်ဘူး၊ အဆင်းရုပ်က ပရမတ်၊ ဒီ ပရမတ်ကိုသာ ကြည့်လို့ မြင်နိုင်တယ်၊ ကိုယ့်ကိုယ်ကို ပြန်ကြည့်လို့ အသားဖြူတဲ့လူက ဖြူတဲ့အဆင်းကို မြင်မှာဘဲ၊ အသားမဲတဲ့သူက မဲတဲ့အဆင်းကို မြင်မှာဘဲ၊ မြင်တဲ့အဆင်းကို ဝဏ္ဏရုပ်လို့ မှတ်သိရမယ်။

ရုပ်တိုင်း ဝဏ္ဏ

ဒီ ဝဏ္ဏရုပ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့ သက်နိုး သပိတ် ပရိက္ခရာ တွေကိုဘဲ ကြည့်ကြည့်၊ ပုဆိုး ထမီ အင်္ကျီတွေကိုဘဲ ကြည့်ကြည့်၊ ကျဲ့ နွားခွေး ဝက် ကြက်နှင့် တိရစ္ဆာန်တွေကိုဘဲ ကြည့်ကြည့်၊ အိုးခွက် ပန်းကန် ဇွန်း ယောက်မတွေကိုဘဲ ကြည့်ကြည့်၊ ကြည့်ချင်ရာကြည့်ပါ၊ အဆင်းရုပ်ကိုဘဲ မြင်မယ်၊ မြင်လာတဲ့အဝိုင်း လေးထောင့် ရှည်ရှည် ဖြူ နီ ဝါ ပြာ စိမ်း နက် ကြောင် ကျား အဆင်းများကို ဝဏ္ဏရုပ်လို့ မှတ်သားရမယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ— ကတမံ တံ ရူပံ ရူပါ-
ယတနံ၊ ယံ ရူပံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ
သနိဒဿနံ သပ္ပဋိဃံ နီလံ ပီတကံ လောဟိတကံ ဩဒါတံ- စသည်
(ဓမ္မသင်္ဂီ ပါဠိတော်။)

ဤသို့ စသည်ဖြင့် အဆင်းရုပ်၏ စက္ခုပသာဒနှင့် ထိပါးခြင်း သဘောလက္ခဏာ ရှိပုံ သက်ဦးသက်မဲ့ ရုပ်အားလုံးကို ရနိုင်ပုံကို ဟောတော်မူခဲ့တယ်။

အဆင်းစကားကြား ဝဏ္ဏရုပ်မှတ်သား

အဆင်းစကားကိုတော့ လူတိုင်းပါးစပ်ဖျားက ထပ်မနား ပြောနေကြ တာဘဲ—

ဒီလူကလဲ အသားမဲလိုက်တာ၊
သူကတော့ အသားဖြူတယ်၊
သူကလေးကတော့ အဆင်းလှလိုက်တာ၊
ဒီလူ အဆင်း မလှဘူး၊
အသားကလဲမဲ ပုကလဲပု မလှယ်ဘူး၊
မပြောဘူးလား ပရိသတ်ကြီး။
ပြောပါတယ် ဘုရား။

အင်္ဂါဝါကလေး၊ ပုဆိုးပြာကလေး၊ ထမီစိမ်းကလေး၊ နွားနီ နွားနက် နွားဖြူ စသည်ဖြင့် ဖြူ နီ ဝါ ပြာ စိမ်း နက် ကြောင်ကျား အဆင်းစကားများ ကို လူတိုင်း ပြောကြားနေကြသော်လဲ သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ ဝဏ္ဏရုပ်လို့ မသိကြဘူးပေါ့။

သိရဲ့လား? ပရိသတ်ကြီး။

မသိပါ ဘုရား။

ဒီကနေ့ကစပြီး ဖြူတယ် နီတယ် ဝါတယ် ပြာတယ် စိမ်းတယ် နက်တယ် ကြောင်တယ် ကျားတယ် စသည်ဖြင့် အသွေး အရောင် အဆင်း စကားတွေကို ကြားတိုင်း ကြားတိုင်း ဝဏ္ဏရုပ်လို့ မှတ်သားရမယ်။

ငါမဖြုတ် သက္ကာယဒိဋ္ဌ မပြုတ်

အဆင်း ဓာတ်သား၊ ပရမတ်တရားက၊ ထိပါးတတ်ဆို (ဘာနဲ့ ထိပါးတတ်သလဲ ပရိသတ်ကြီး၊ ဟော မေ့သွားပြီ၊ စက္ခုပသာဒနှင့် ထိပါးတတ်တယ်၊ မှတ်ထားနော် ပရိသတ်ကြီး) ငါ့ကိုယ် ငါ့ဟာ၊ ငါဟု သာဟု၊ စဲ့ကာထင်ကြ၊ အနတ္တကွယ်၊ အတ္တနယ်ဌ ချယ်လယ် ပညတ်၊ သက္ကာယဇာတ်တွင်၊ စာရင်းဝင်ခဲ့။

အဆင်းရုပ်ဓာတ်ရဲ့ သဘောမှန်ကို မမြင်လေတော့ ငါဖြူတယ်၊ ငါမဲတယ်နဲ့ အဆင်းရုပ်ဓာတ်ကို ငါ မှတ်နေကြတယ်၊ ဒါကြောင့်လဲ သက္ကာယဒိဋ္ဌကြီး တန်းလန်းနဲ့ အပါယ်စခန်း မပိတ်နိုင်ကြဘဲရှိတယ်။

ငါဖြုတ်က သက္ကာယဒိဋ္ဌပြုတ်

ဒီကနေ့ကစပြီး ဒီ ငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဘာလုပ်လိုက်ရမလဲ?။

ဖြုတ်ပစ်လိုက်ရပါမယ် ဘုရား။

အေး....ငါမဖြုတ်လျှင် အပါယ်ရှာမှာ တလယ်လယ်သာ ငါမြုပ်ရလိမ့်မယ်၊ ငါပြုတ်ပါလျှင် အပါယ်ရှာမှာ တလယ်လယ် ငါ မမြုပ်ရတော့ဘူးလို့ မှတ်သားပြီး ဒီ ငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဘာလုပ်လိုက်ရမလဲ?။

ဖြုတ်ပစ်လိုက်ရပါမယ် ဘုရား။

ဘာနဲ့ဖြုတ်ပစ်မလဲ ပရိသတ်ကြီး?။

အသိဉာဏ်နဲ့ ဖြုတ်ရပါမယ် ဘုရား။

အေး....ပါးစပ်နဲ့ဖြုတ်လို့ ငါမပြုတ်၊ အသိဉာဏ်နဲ့ ဖြုတ်မှ ငါပြုတ်မယ်၊ ကဲ...ငါဖြုတ်ပြီး ဒီလို ရှုမှတ် ပြောဆိုရမယ်၊ အစိမ်းရောင်မြင်လဲ အဆင်းရှိပ်၊ အပြာရောင်မြင်လဲ အဆင်းရှိပ်၊ အဝါရောင်မြင်လဲ အဆင်းရှိပ်၊ အနီရောင်မြင်လဲ အဆင်းရှိပ်၊ အဖြူရောင်မြင်လဲ အဆင်းရှိပ်၊ ဘာရောင်မြင်မြင် အဆင်းရှိပ်လို့ ရှုမှတ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ဒီအထဲမှာ ငါပါသေးသလား?။

မပါပါ ဘုရား။

ငါ မပါလျှင် သက္ကာယဒိဋ္ဌိ ပြုတ်တော့တာပေါ့။

၀ဏ္ဏ အနတ္တ

ပရိသတ်ကြီး + ဘုရား။

အဆင်းရှိပ်ကို မဖြစ်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အဆင်းရှိပ်ကို မပျက်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အဆင်းရုပ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

အဆင်းရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

အဆင်းရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါဘုရား။

ဟုတ်တာပေါ့ အဆင်းရုပ်ကို ပရိသတ်ကြီး အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ရမယ်ဆိုလျှင် အသားမဲတဲ့လူဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

အသားမဲချင်ပါ့မလား?။

မမဲချင်ပါ ဘုရား။

ဘယ်.... မဲချင်ပါ့မလဲ၊ မလှဘဲကို၊ မမဲချင်လျှင် အသားမဲသူက ငါ အသားမဲရာမှ ယခုချက်ခြင်း ဖြူစေလို့ ခိုင်းစေကြည့် ရရဲ့လား ပရိသတ်ကြီး။

မရပါ ဘုရား။

အေး....ဘယ်ရမလဲ အနတ္တတရားပေကို၊ စိမ်းရာမှ နီစေ၊ နီရာမှ ဝါစေ၊ ဝါရာမှ ဖြူစေလို့ ခိုင်းစေကြည့် ရရဲ့လား?။

မရပါ ဘုရား။

အဲဒါ အတ္တတရား မဟုတ်ဘူးဆိုတာ ရှင်းရှင်းဘဲ။

အဆင်းရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

အဆင်းရုပ်မှာ ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

အဆင်းရုပ်ဟာ ပြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ၊ ဘုရား။

အဆင်းရုပ်မှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာခေကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် အဆင်းရုပ်ဟာ အတ္တတရား ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် အဆင်းရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

အားလုံး လိုက်ဆိုကြ—

* ဖြူ နီ ကြောင် ကျား၊ မြင်ငြားအမှန်၊
အဆင်းရုပ်ခေတ်၊ ဆုံးဖြတ်ကေန်၊
ငါဟု မှတ်စွဲ၊ ဖေါက်လွဲဖေါက်ပြန်၊
အနတ္တ ရှုကြ အဖန်ဖန်။

ဂန္ဓရုပ်

ထိပါး ဂန္ဓ

အနုံ=ဂန္ဓရုပ်ဟာ ဃာနပသာဒနှင့် ထိပါးခြင်း သဘော လက္ခဏာရှိတယ်။

ပရိသတ်ကြီး + ဘုရား။

အနုံ=ဂန္ဓရုပ်ဟာ ဘယ်လို သဘော လက္ခဏာ ရှိပါသလဲ?။

ဃာနပသာဒနှင့် ထိပါးခြင်း သဘော လက္ခဏာ ရှိပါတယ်ဘုရား။
အဲဒီ အနံ့ ဂန္ဓရုပ်ရဲ့ ဃာနပသာဒ့နှင့် ထိပါးပုံကို ထင်ရှားအောင် ပြမယ်။

ပရိသတ်ကြီး + ဘုရား။

ဃာနပသာဒချို့တဲ့ပြီး နှာခေါင်း မကောင်းတဲ့ လူတယောက်ဟာ အနံ့ဂန္ဓာရုံကို နံနိုင်ပါအုန်းမလား?။

မနံနိုင်ပါ ဘုရား။

အေး....ဃာနပ်သာဒရှိမှသာ အနံ့ဂန္ဓရုပ်ဟာ ထိပါးနိုင်တယ်။

အမြစ်နံ့ အနှစ်နံ့ အခေါက်နံ့ အရွက်နံ့အပွင့်နံ့ အသီးနံ့ စပယ်ပန်းနံ့ ဒေါနပန်းနံ့ မြတ်လေးပန်းနံ့ ကံ့ကော်ပန်းနံ့ ပတောက်ပန်းနံ့ မိုးနံ့ မြေနံ့ ကျင်ကြီးနံ့ ကျင်ငယ်နံ့ မွှေးတဲ့အနံ့ ပုပ်တဲ့အနံ့ ညှော်နံ့ အဲဒီ အနံ့ ရုပ်တွေဟာ မိမိ အနီးအပါးမှာရှိသော်လဲ ဃာနပသာဒ ချို့တဲ့နေလျှင် မထိပါးနိုင် မနံနိုင်ဘူးပေါ့၊ ဒါကြောင့် အနံ့ ဂန္ဓရုပ်ဟာ ဃာနပသာဒနှင့် ထိပါးခြင်း သဘောလက္ခဏာ ရှိတယ်လို့ ဆိုတယ်။

ဖျာ့ဌ် ဂန္ဓ

ပရိသတ်ကြီး ထိုင်ထားတဲ့အောက်က ဖျာမှာလဲ အနံ့ ဂန္ဓရုပ်ရှိတယ်၊ ဖျာကို နှာခေါင်းနှင့် နမ်းကြည့်လျှင် အနံ့တမျိုးမျိုး နံလိမ့်မယ်၊ အဲဒီ နံတဲ့ အနံ့ဟာ ဂန္ဓရုပ်ဘဲ ဖြစ်တယ်၊ ဒီ ဖျာမှာ ဂန္ဓရုပ် ရှိတယ်လို့ မှတ်ရမယ်။

လူကိုယ် ဂန္ဓ

ဒီ ဂန္ဓရုပ်ဟာ ပရိသတ်ကြီး ခန္ဓာကိုယ်မှာလဲ ရှိတယ်၊ ဟုတ် မဟုတ် သိလို့လျှင် ကိုယ့်ကိုယ်ကို ပြန်ပြီး နှာခေါင်းဖြင့် နမ်းရှုကြည့်ပါ၊ အနံ့တမျိုးမျိုး နံပါလိမ့်မယ်၊ အဲဒီ နံတဲ့ အနံ့ဟာ ဂန္ဓရုပ်ဘဲ ဖြစ်တယ်၊ ဒီ ကိုယ်မှာ ဂန္ဓရုပ် ရှိတယ်လို့ မှတ်ရမယ်။

ရုပ်တိုင်း ဂန္ဓ

ဒီ ဂန္ဓရုပ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့ နံ့သာဖြူ, ကရမက်, ပေါင်ဒါ, သနပ်ခါး, ရေမွှေး, ပန်းပွင့်မျိုးကိုဘဲ နမ်းနမ်း၊ ပုဆိုး, ထမီ, အင်္ကျီ

တွေ့ကိုဘဲ နမ်းနမ်း၊ကျွဲ,နွား,ခွေး,ဂက်,ကြက်,ငှက်,တိရစ္ဆာန်တွေ့ကိုဘဲ နမ်းနမ်း၊ အိုး,ခွက်,ပန်းကန်,ဇွန်း,ယောက်မ တွေ့ကိုဘဲ နမ်းနမ်း၊ သက်ရှိ သက်မဲ့ ရုပ်တိုင်း ရုပ်တိုင်း နမ်းချင်ရာ နမ်းကြည့်ပါ အနံ့တမျိုးမျိုးကို နံပါလိမ့်မယ်၊ နံလာတဲ့ အနံ့ကို ဂန္ဓရုပ်လို့ မှတ်သားရမယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက— ကတမံ တံ ရူပံ ဂန္ဓာယတနံ၊ ယော ဂန္ဓော စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော သပ္ပဋိဃော မူလဂန္ဓော သာရဂန္ဓော တစဂန္ဓော ပတ္တဂန္ဓော ပုပ္ဖဂန္ဓော ဖလဂန္ဓော အာမကဂန္ဓော ဝဿိကဂန္ဓော သုဂန္ဓော ဒုဂ္ဂန္ဓော။ (ဓမ္မသင်္ဂဏိ ပါဠိတော်)

စသည်ဖြင့် အနံ့ဂန္ဓရုပ်၏ ဃာနပသာဒနှင့် ထိပါးခြင်း သဘောလက္ခဏာရှိပုံ၊ သက်ရှိ သက်မဲ့ ရုပ်အားလုံးတို့၌ ရနိုင်ပုံကို ဟောတော်မူခဲ့တယ်။

အနံ့စကား ကြား ဂန္ဓရုပ်မှတ်သား

အနံ့စကားကိုတော့ လူတိုင်းပါးစပ်ဖျားက ထပ်မနား ပြောနေတာဘဲ။

ပုပ်စော်နံလိုက်တာ မပြောဘူးလား ပရိသတ်ကြီး?။

ပြောပါတယ် ဘုရား။

အနံ့ကလေးက သင်းသင်းကလေး မွှေးတယ် မပြောဘူးလား ပရိသတ်ကြီး?။

ပြောပါတယ် ဘုရား။

သနပ်ခါးနံ့မွှေးတယ်၊ ပေါင်ဒါနံ့ မွှေးတယ်၊ ချွေးစော်နံတယ်၊ ညောင်စော်နံတယ် စသည်ဖြင့် အနံ့စကားကို လူတိုင်း ပြောကြားနေကြသော်လဲ သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ ဂန္ဓရုပ်လို့ မသိကြဘူးပေါ့။

သိရဲ့လား ပရိသတ်ကြီး?။

မသိပါ ဘုရား။

ဒီကနေ့ကစပြီး မြေးတယ်, နံတယ် ဆိုတဲ့ အနံ့စကားကို ကြားတိုင်း ကြားတိုင်း ဂန္ဓရုပ်လို့ မှတ်သားရမယ်။

ငါမဖြုတ် သက္ကာယဒိဋ္ဌိမပြုတ်

> အနံ့ဓာတ်သား၊ ပရမတ်တရားက၊ ထိပါးတတ်ဆို၊ (ဘာနဲ့ထိပါးတတ်သလဲ ပရိသတ်ကြီး၊ ဃာနပသာဒနဲ့ပါဘုရား၊ မှတ်ထားနော် ပရိသတ်ကြီး၊) ငါ့ကိုယ်ငါ့ဟာ၊ ငါဟုသာဟု၊စဲ့ကာထင်ကြ၊ အနတ္တ ကဲ့ယ်၊ အတ္တနယ်၌၊ ချယ်လယ်ပညတ်၊ သက္ကာယဇာတ်တွင်၊ စာရင်း ဝင်ခဲ့။

အနံ့ရုပ်ရဲ့ သဘောမှန်ကို မသိမြင်လေတော့ ငါမြေးတယ်၊ ငါနံတယ်နှင့် အနံ့ရုပ်ဓာတ်ကို ငါမှတ်နေကြတယ်။

ဒါကြောင့်လဲ သက္ကာယဒိဋ္ဌိကြီး တန်းလန်းနှင့် အပါယ်စခန်း မပိတ်နိုင်ကြဘဲ ရှိတယ်။

ငါဖြုတ်က သက္ကာယဒိဋ္ဌိပြုတ်

ဒီကနေ့ကစပြီး ဒီငါကြီးကို ဖြုတ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဘာလုပ်လိုက်ရမလဲ?။

ဖြုတ်ပစ်လိုက်ရပါမယ် ဘုရား။

အေး.... ငါမပြုတ်လျှင် အပါယ်ရှာမှာ တလယ်လယ်သာ ငါမြုပ်ရ လိမ့်မယ်၊ ငါပြုတ်ပါလျှင် အပါယ်ရှာမှာ တလယ်လယ် ငါမမြုပ်ရတော့ဘူးလို့ မှတ်သားပြီး ဒီငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်၊ ဂဲ ငါဖြုတ်ပြီး ဒီလို့ရှုမှတ် ပြောဆိုရမယ်။

ညောင်စောင်နံလဲ အနံ့ရုပ်၊

ချေးစောင်နံလဲ အနံ့ရုပ်၊

ပုပ်စော်နံလဲ အနံ့ရှိပ်၊

ပန်းစော်မွှေးလဲ အနံ့ရှိပ်၊

ဘာစော်နံနံ ဘာစော်မွှေးမွှေး အနံ့ရှိပ်လို့ချည်း ရှုမှတ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ဒီထဲမှာ ငါပါသေးသလား?။

မပါပါဘုရား။

ငါမပါလျှင် သက္ကာယဒိဋ္ဌိ ပြုတ်တော့တာပေါ့။

ဂန္ဓအနတ္တ

ပရိသတ်ကြီး + ဘုရား။

အနံ့ရှိပ်ကို မဖြစ်ပါနဲ့ ဆိုလို့ ရရဲ့လား ။

မရပါ ဘုရား။

အနံ့ရှိပ်ကို မပျက်ပါနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အနံ့ရှိပ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

အနံ့ရှိပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အနံ့ရှိပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုးမရပါ ဘုရား။

ဟုတ်တာပေါ့ အနံ့ရှိပ်ကို ပရိသတ်ကြီး အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ ရမယ်ဆိုလျှင် ပုပ်စော်နံတဲ့ အနံ့ဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

ပုပ်စော်နံတဲ့ အနံ့ကို ယခုချက်ခြင်း မွှေးလာစေလို့ ခိုင်းစေကြည့်ပါ၊ မွှေးလာရဲ့လား ပရိသတ်ကြီး။

မမွှေးပါ ဘုရာ။

အေး....ဘယ်မွှေးမလဲ၊ အနတ္တတရားပေကိုး။

အစိုးရလို့ အလိုကျဖြစ်တဲ့ အနတ္တတရား ဖြစ်ပါလျှင် ချက်ခြင်း မွှေးလာမှာဘဲဘဲ။

အနံ့ရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

အနံ့ရုပ်မှာ ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

အနံ့ရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

အနံ့ရုပ်မှာ အသက်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် အနံ့ရုပ်ဟာ အတ္တတရား ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် အနံ့ရုပ်ကို အနတ္တ မှတ်ကြရမယ်။

အားလုံး လိုက်ဆိုကြ—

အနုံ့ထွေပြား၊ နုံ့ငြား အမှန်၊
အနုံ့ရှုပ်ခဘတ်၊ ဆုံးဖြတ်ကေန်၊
ငါဟုမှတ်စွဲ ၊ဖောက်လွဲဖောက်ပြန်၊
အနတ္တ၊ ရှုကြ အဖန်ဖန်။

ရသရှုပ်

ထိပါး ရသ

အရသာ = ရသရှုပ်ဟာ ဇီဝှါပသာဒနှင့် ထိပါးခြင်း သဘောလက္ခဏာ ရှိတယ်။

ပရိသတ်ကြီး + ဘုရား။

အရသာ=ရသ ရှုပ်ဟာ ဘယ်လို သဘောလက္ခဏာရှိပါသလဲ?။

ဇီဝှါပသာဒနှင့် ထိပါးခြင်း သဘောလက္ခဏာ ရှိပါတယ်ဘုရား။

အဲဒီ အရသာ ရသရှုပ်ရဲ့ ဇီဝှါပသာဒနှင့် ထိပါးပုံကို ထင်ရှားအောင် ပြမယ်။

ပရိသတ်ကြီး + ဘုရား။

ထန်းလျက် တလုံးကို ယူပြီး လက်ဝါးပေါမှာ တင်ကြည့်ပါ၊ ထန်းလျက်၏ ချိုတဲ့အရသာကို သိနိုင်ပါ့မလား?။

မသိနိုင်ပါ ဘုရား။

အဲဒီ လက်ဝါးပေါ်မှ ထန်းလျက်ကိုယူပြီး လျှာပေါ်မှာ တင်ကြည့်ပါ၊ ထန်းလျက်၏ ချိုတဲ့အရသာကို ချက်ခြင်း မသိဘူးလား?။

သိပါတယ် ဘုရား။

အဲဒီ ရသရှုပ်ဟာ ဇီဝှါပသာဒနှင့်သာ ထိပါးတယ်ဆိုရာမှာ ထင်ရှားတဲ့ မျက်မြင်သက်သေဘဲ။

အဲဒီ 'ရသ' ရုပ်ခေါ်တဲ့ အရသာတွေဟာ ချိုတဲ့အရသာ၊ ချဉ်တဲ့အရသာ၊ ဖန်တဲ့အရသာ စသည်ဖြင့် အမျိုးမျိုးဘဲရှိတယ်၊ ထမင်းအရသာ၊ ဝက်သားဟင်း အရသာ၊ ကျက်သားဟင်း အရသာ၊ ငါးဟင်းအရသာ၊ မုံဟင်းခါးအရသာ၊ ခေါက်ဆွဲ အရသာ၊ သရက်သီး အရသာ၊ ငှက်ပျောသီး အရသာ စသည်ဖြင့် ခွဲခြားရေတွက်လျှင် အရသာတွေ အများချည်းဘဲ။

အရသာကို စားမျိုး

ပရိသတ်ကြီး + ဘုရား။

ယခုလူတွေ · ပြောနေကြတယ်၊ ထမင်းစားတယ်၊ ထမင်းစားတယ်တဲ့၊ ထမင်းကို စားနေကြတာ ဟုတ်ကဲ့လား?။

ဟုတ်ပါတယ် ဘုရား။

ကဲ....ပရမတ်ပေါ် ပညတ်ဖုံးနေတာကို လုံးလုံး မသိဘူး၊ ထမင်းဆိုတဲ့ နာမည်က ပညတ် စားလို့ မဖြစ်ဘူး၊ ထမင်းလို့ခေါ်တဲ့ အဌကလာပ်ရုပ်မှာ ရှိတဲ့ ချိုတဲ့အရသာက ပရမတ်၊ အဲဒီ အရသာကိုသာ စားနိုင်တယ်။

ဖျာ၌ ရသ

အဲဒီ အရသာ= 'ရသ' ရုပ်ဟာ ဖျာမှာလဲရှိတယ်၊ ဖျာကို လျှာဖြင့် လျက်ကြည့်ပါ၊ အရသာတမျိုးမျိုးကို လျက်မိပါလိမ့်မယ်၊ အဲဒီလျက်မိတဲ့ အရသာဟာ 'ရသ' ရုပ်ဘဲဖြစ်တယ်၊ ဒီဖျာမှာ ရသရုပ် ရှိတယ်လို့ မှတ်ရမယ်။

လူကိုယ် ရသ

ဒီ ရသရုပ်ဟာ ပရိသတ်ကြီး ခန္ဓာကိုယ်မှာလဲရှိတယ်၊ ဟုတ် မဟုတ်သိလို့လျှင် ကိုယ်ကိုပြန်ပြီး လျှာဖြင့်လျက်ကြည့်ပါ၊ အရသာ တမျိုးမျိုးကို လျက်မိပါလိမ့်မယ်၊ အဲဒီ လျက်မိလာတဲ့ အရသာဟာ'ရသ'ရုပ်ဘဲ ဖြစ်တယ်၊ ဒီကိုယ်မှာ 'ရသ' ရုပ် ရှိတယ်လို့ မှတ်ရမယ်။

ရုပ်တိုင်း ရသ

ဒီ ရသရုပ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့ သက်နိုး သပိတ် ပရိက္ခရာတွေကိုဘဲ လျက်လျက်၊ ပုဆိုး ထမီ အင်္ကျီတွေကိုဘဲ လျက်လျက် အိုး, ခွက်, ပန်းကန်, ဇွန်း, ယောက်မ တွေကိုဘဲလျက်လျက်၊ အမြစ် ပင်စည် အခေါက် အရွက် အပွင့် အသီးတွေကိုဘဲ လျက်လျက်၊ အသားအမျိုးမျိုး တွေကိုဘဲ လျက်လျက်၊ သက်ရှိ သက်မဲ့ ရုပ်တိုင်း ရုပ်တိုင်း လျက်ကြည့်ပါ၊ အရသာ တမျိုးမျိုးကို လျက်မိပါလိမ့်မယ်၊ အဲဒီ လျက်မိတဲ့ အရသာကို 'ရသ' ရုပ်လို့ မှတ်သားရမယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ— ကတမံ တံ ရူပံ ရသာယတနံ၊ ယော ရသော စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော သပ္ပဋိ. ယော မူလရသော ခန္ဓရသော တစရသော ပတ္တရသော ပုပ္ဖရသော ဖလရသော အမ္မိလံ မဓုရံ တိတ္တကံ ကဋုကံ လောဏိကံ ခါရိကံ လမ္မိလံ ကသာဝေါ သာဒု, အသာဒု။

(ဓမ္မသင်္ဂဏီ ပါဠိတော်)

စသည်ဖြင့် အရသာ 'ရသ'ရုပ်၏ ဇီဝဂါပသာဒနှင့် ထိပါးခြင်း သဘော လက္ခဏာရှိပုံ၊ သက်ရှိ သက်မဲ့ ရုပ်အားလုံးတို့၌ ရနိုင်ပုံကို ဟောတော်မူတယ်။

အရသာ စကားကြား ရသရုပ် မှတ်သား

'အရသာ' စကားကိုတော့ လူတိုင်း ပါးစပ်ဖျားက ထပ်မနား ပြောနေကြ တာပဲဘဲ။

ရေကလေးက ချိုချို အေးအေး သောက်လို့ အရသာရှိလိုက်တာ မပြောဘူး လား ပရိသတ်ကြီး?။

ပြောပါတယ် ဘုရား။

အလွန်အရသာရှိတဲ့ သရက်သီး၊ထမင်းစားလို့ အရသာ ရှိလိုက်တာ၊အရသာ စုံတဲ့ မုံဆီကြော် စသည်ဖြင့် အရသာစကားကို လူတိုင်းပြောကြားနေကြသော် လည်း သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ ရသရုပ်လို့ မသိကြဘူးပေါ့၊ဒီကနေ့

ကစပြီး အရသာဆိုတဲ့ စကားကို ကြားတိုင်း ကြားတိုင်း ရသရုပ်လို့ မှတ်သား ရမည်။

ငါမဖြုတ်-သက္ကာယဒိဋ္ဌိမပြုတ်

အရသာခေါတ်သား၊ ပရမတ်တရားက၊ ထိပါးတယ်ဆို၊(ဇိဝှါပသာဒနဲ့၊ မမေ့စေနဲ့နော် - ပရိသတ်ကြီး) ငါ့ကိုယ်ငါ့ဟာ၊ ငါဟူသောဟု၊ စွဲကာ ထင်ကြ၊ အနတ္တကွယ်၊ အတ္တနယ်ဌ၊ ချယ်လယ်ပညတ်၊ သက္ကာယဇာတ် တွင်၊ စာရင်းဝင်ခဲ့။

အရသာရုပ်ရဲ့ သဘောမှန်ကို မသိမြင်လေတော့- ငါ့သရက်သီး ချိုတယ်၊ ငါ့သရက်သီး ချဉ်တယ် စသည်ဖြင့် အရသာရုပ်ခေါတ်ကို ငါမှတ်နေကြတယ်၊ ဒီလိုဖြစ်တာဟာ- ပညတ်ရဲ့ စိုးမိုးချယ်လယ်မှုဖြင့် အသိဉာဏ်မှာ အရသာရုပ် ခေါတ် ကွယ်နေလို့ မှတ်ရမယ်၊ ဒါကြောင့်လဲ သက္ကာယဒိဋ္ဌိကြီး တန်းလန်းနဲ့ အပါယ်စခန်း မပိတ်နိုင်ကြဘဲရှိကြတယ်။

ငါဖြုတ်က သက္ကာယဒိဋ္ဌိပြုတ်

ဒီကနေကစပြီး ဒီငါကြီးကို ဖြုတ်ပစ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါကြီးကို ဖြုတ်ပစ်ရမယ်နော်။

မှန်ပါ ဘုရား။

ဒီငါမပြုတ်လို့ အပါယ်ရွာမှာ တလယ်လယ် မြုပ်ခဲ့ကြရပြီ၊ ရှေ့ကိုလဲ ငါ မဖြုတ်နိုင်သေးသမျှ တလယ်လယ် အပါယ်ရွာမှာ မြုပ်ကြရလိမ့်မည်းမယ်လို့ မှတ်သားပြီး ငါပြုတ်အောင် ဖြုတ်ကြ၊ ကဲ ငါဖြုတ်ပြီး ဒီလိုရှုမှတ်ပြောဆိုကြ ရမယ်။

ငရုတ်သီးစားလို့ စပ်တယ် ရသာရုပ်၊သံပုရာသီးစားလို့ ချဉ်တယ် ရသာရုပ်၊ ဆားလျက်လို့ငန်တယ် ရသာရုပ်၊ ဘာလျက်လျက် ရသာရုပ်လို့ချည်း ရှုမှတ် ပြောဆိုရမယ်။

ပရိသတ်ကြီး + ဘုရား။

ဒီထဲမှာ ငါပါသေးသလား?။

မပါပါ ဘုရား။

ငါမပါလျှင် သက္ကာယဒိဋ္ဌိ ပြုတ်တော့တာပေါ့။

ရသ အနတ္တ

ပရိသတ်ကြီး + ဘုရား။

အရသာရုပ်ကို မဖြစ်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အရသာရုပ်ကို မပျက်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အရသာရုပ်ဟာ ပရိသတ်ကြီးအလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

အရသာရုပ်ကို ဒီလိုဖြစ်ခစေ ဒီလိုမဖြစ်စေနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အရသာရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့ အရသာရုပ်ကို ပရိသတ်ကြီး အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ ရမယ်ဆိုလျှင် သံပုရာသီးချဉ်တဲ့ အရသာကို ယခုချက်ခြင်းချိုစေ၊ ဆား ငန်တဲ့ အရသာကို ယခုချက်ခြင်း ချဉ်စေလို့ ခိုင်းစေကြည့်ရမှာပေါ့။

ပရိသတ်ကြီး + ဘုရား။

အရသာရုပ်ကို ချဉ်ရာမှချိုစေ၊ချိုရာမှချဉ်စေလို့ ခိုင်းစေလို့ရရဲ့လား?။

မရပါ ဘုရား။

အဲဒါ အနတ္တဘဲ။

ပရိသတ်ကြီး + ဘုရား။

အရသာရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?-

မရှိပါ ဘုရား။

အရသာရုပ်မှာ ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

အရသာရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

အရသာရုပ်မှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် အရသာရုပ်ဟာ အတ္တတရား ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် အရသာရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

အားလုံး လိုက်ဆိုကြ-

ချိုချဉ် ဖန်ခါး၊ မျိုဝါးမိပြန်၊
ရသာရုပ်ခာတ်၊ ဆုံးဖြတ်ဂေန်။
ငါဟု မှတ်စဲ့၊ ဖောက်လဲ့ ဖောက်ပြန်၊
အနတ္တ၊ ရှုကြ အဖန်ဖန်။

သုဝမ္မဝတီ (ဂ-၁၁၂)

သြဇာအာဟာရ အဆိုလက္ခဏာ

မျိုဝါးသုံးဆောင်အပ်တဲ့ ထမင်း, မုံ, ငါး, သစ်သီး စတဲ့ ခဲဘွယ် ဘောဇဉ် အာဟာရသည် အဆိုအစေးလျှင် သဘောလက္ခဏာရှိတယ်။

အဲဒီ သြဇာကလဲ—

သြဇာ ၂ မျိုး

(၁) အဋ္ဌတ္ထသြဇာ၊
(၂) ဗဟိဒ္ဓသြဇာ လို့ နှစ်မျိုးရှိတယ်။

ပရိသတ်ကြီး + ဘုရား။

သြဇာ ဘယ်နှစ်မျိုး ရှိသလဲ?။

နှစ်မျိုး ရှိပါတယ် ဘုရား။

ကဲ....ရေပြစမ်း—

အဋ္ဌတ္ထသြဇာ ဗဟိဒ္ဓသြဇာပါ ဘုရား။

ကိုယ်တွင်း သန္တာန်မှာ ဖြစ်တဲ့ စတုသမုဋ္ဌာနိက သြဇာကို အဋ္ဌတ္ထ သြဇာလို့ ဆိုတယ်၊ ကိုယ်ပ သန္တာန်မှာ ဖြစ်တဲ့ ဥတုဇသြဇာကို ဗဟိဒ္ဓ သြဇာလို့ ဆိုတယ်။

ကဲ....မှတ်မိကြပြီလား?။

မှတ်မိပါပြီ ဘုရား။

မှတ်မိလျှင် ရှေ့ဆက်ဟောမယ်၊ မမှတ်မိသေးလျှင်လဲ ထပ်အုန်းမှ။

ထမင်းအသက် ခုနစ်ရက်

ပရိသတ်ကြီး + ဘုရား။

နေ့စဉ် နေ့တိုင်း အစာအာဟာရတွေ စားသုံးနေကြတယ် မဟုတ်လား?။

မှန်ပါ စားသုံးနေကြပါတယ် ဘုရား။

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ–

သတ္တဝါတိုင်းရဲ့ အသက်ဟာ အာဟာရပေါ်မှာ တည်နေတယ်၊ အစာ အာဟာရ မစားရလျှင် သေသွားမှာဘဲ၊ လူ့ဘုံမှာတော့ တကြိမ်စားသုံးတဲ့ အစာအာဟာရဟာ ခုနစ်ရက်ကြာအောင် မျှတနိုင်တယ်လို့ ကျမ်းဂန်မှာ ဆိုတယ်။ ဒါကြောင့်လဲ–

ထမင်းအသက် ခုနစ်ရက် လို့ ပြောစမှတ် ပြုခဲ့ကြတာပေါ့။

သြဇာဓာတ် အနည်းအများ

အစာအာဟာရ အမျိုးမျိုးရှိရာမှာ ကြမ်းတဲ့ လူး ထမင်းအစရှိတဲ့ အစာ အာဟာရတွေမှာ- သြဇာဓာတ်နည်းတယ်၊ဒါကြောင့်လဲ လူး ထမင်းစတဲ့ သြဇာ ဓာတ်နည်းတဲ့ အစာအာဟာရများကိုစားလျှင် တခဏချင်းဆာလောင် မှုတ်သိပ် ခြင်းဖြစ်တယ်၊ သိမ်မွေ့နူးညံ့တဲ့ ထောပတ်အစရှိတဲ့ အစာအာဟာရမျိုးတွေမှာ သြဇာဓာတ်များတယ်၊ ဒါကြောင့်လဲ ထောပတ်စသည်တို့ကို စားသုံးပြီး တနေ့လုံးပင် ထမင်းမဆာဖြစ်တယ်။

ဓာတ်မြေ သြဇာ အတူသား

ခုခေတ်မှာလဲ တောင်သူလယ်သမားတွေရဲ့ နှုတ်ဖျားမှာ ရေပန်းစားနေတဲ့ ဓာတ်မြေသြဇာလို့ခေါ်တဲ့ သြဇာဟာလဲ ဟောခဲ့တဲ့ သြဇာမှ ပေါက်ဖွားခေါ်ဝေါ်ခြင်းပင် ဖြစ်တယ်၊ ဒီဓာတ်မြေသြဇာဟာ သြဇာဓာတ် အလွန်ကောင်းတယ်၊ ဒါကြောင့်လဲ- သစ်ပင်များ ဓာတ်မြေသြဇာ ထည့်သွင်းကျွေးမွေးလိုက်လျှင် အလွန်ပင် ထွားကြိုင်း သန်မြန်လာတာကို တောင်သူလယ်သမားတိုင်း အသိပင်ဖြစ်တယ်၊ အဲဒီ ဓာတ်မြေသြဇာ အတူပင်- သြဇာဓာတ် ပြည့်ဝတဲ့ အစာအာဟာရများကို များများ စားသုံးပါလျှင် ခန္ဓာကိုယ် ထွားကြိုင်းသန်မြန်လာမည် အမှန်ပင်ဖြစ်တယ်။

ဖျာဌ် သြဇာ

သြဇာအာဟာရရုပ်ဟာ ဖျာမှာလဲ ရှိတယ်၊ဟုတ် မဟုတ်သိလိုလျှင် ဖျာကို ထောင်းထုအမှုန့်ပြုပြီး စားမျိုကြည့်ပါ-အဆာပြေကာ ကမ္ဘာတောင်ပေါ်ဘေးရန်

ကို ပယ်ရှားပြီး စောင့်ရှောက်မှုများကို တွေ့ရပါလိမ့်မယ်၊ အဲဒါကိုကြည့်ပြီး ဖျာမှာသြဇာအာဟာရရှိပ် ရှိတယ်ဟု သိရမယ်။

လူကိုယ် သြဇာ

ဒီ သြဇာအာဟာရရှိပ်ဟာ ပရိသတ်ကြီး ခန္ဓာကိုယ်မှာလဲရှိတယ်၊ အဲဒါကို တော့ အပြင်မှ မျိုဝါးသုံးဆောင်တဲ့ အစာအာဟာရကို အမှီပြုပြီး ရုပ်ကို ဖြစ်စေမှု ခန္ဓာကိုယ်ရုပ်ကြီး တိုးတက်ဖွံ့ထွား ကြီးမားလာမှုကို ရှုပြီး သိရမယ်။

ရုပ်တိုင်း သြဇာ

ဒီ သြဇာအာဟာရရှိပ်ဟာ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့ ထမင်း, မုန့်, ငါး, အမဲသား, ကြက်သား, ဝက်သား, ဆိတ်သား, ဘဲသား ရုပ်ဝတ္ထုများကို စားမျိုကြည့်ပါ အဆာပြေကာ ကမ္မဇတေဇော၏ ဘေးရန်ကို ဖယ်ရှားပြီး ရုပ်ကိုဖြစ်ပွားစေ၍ စောင့်ရှောက်မှုများကို တွေ့ရပါလိမ့်မယ်။

> ဘုရားကိုယ်တော်မြတ်ကြီးကလဲ— ကတမံ တံ ရူပံ ကဗဠိကာရော အာဟာရော၊ သြဒနော ကုမ္မာသော သတ္တု မစ္ဆော မံသံ ခီရံ ဒဓိ သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတံ၊ ယံ ဝါ ပန ညမ္ပိ အတ္ထိရူပံ။ (ဓမ္မသင်္ဂဏီ ပါဠိတော်)

စသည်ဖြင့် သြဇာအာဟာရရုပ်၏ အဆီအစေးလျှင် သဘောလက္ခဏာရှိပုံ ကိုယ်တွင်းကိုယ်ပ ရုပ်အားလုံး၌ ရနိုင်ပုံကို ဟောတော်မူခဲ့တယ်။

အဆီသြဇာ စကားကြား အာဟာရရုပ်မှတ်သား

ဒီ အဆီသြဇာစကားတွေကိုတော့ လူတိုင်း တပ်မနှား ပြောကြားနေကြတာဘဲ။

> အဆီပါလိုက်တာ၊
> သြဇာရှိလိုက်တာ၊
> ဓာတ်မြေသြဇာ၊

အသီးအရွက်တွေ ဩဇာရှိတယ်၊
အသီးအရွက်တွေ ဩဇာညံ့ဖျင်းတယ်၊
အဆီဩဇာများတဲ့ ထောပတ်၊
အဆီအစေးများတဲ့ အစာအာဟာရ၊
မပြောဘူးလား ပရိသတ်ကြီး?။
ပြောပါတယ် ဘုရား။

အေး....လူတိုင်း ပြောကြားနေသော်လဲ ဩဇာအာဟာရရုပ်လို့ မသိကြဘူး အဲဒါ သတိမထား ဉာဏ်ဖြင့် မဆင်ခြင်လို့ဘဲ၊ ဒီကနေ့ပြီး အဆီဩဇာ အစာ အာဟာရ စကားတွေ ကြားတိုင်း ကြားတိုင်း အာဟာရရုပ်လို့မှတ်သားရမယ်။

ငါမဖြုတ် သက္ကာယဒိဋ္ဌိ မပြုတ်

ဩဇာမာတ်သား၊ ပရမတ်တရားက၊ ရုပ်ပွားအဆီ၊ လက္ခဏာမည်ဆို၊ (မှတ်ထားနော် ပရိသတ်ကြီး) ငါ့ကိုယ်ငါ့ဟာ၊ ငါဟုသာဟု၊ စဲ့ကာထင်ကြ၊ အနတ္တကွယ်၊ အတ္တနယ်၌၊ ချယ်လယ်ပညတ်၊ သက္ကာယ ဇာတ်တ္ဌင်၊ စာရင်းဝင်ခဲ့။

ဩဇာအာဟာရရုပ်၏ သဘောမှန်ကို မသိမြင်လေတော့ ငါအဆီပါဆုံးဘဲ စသည်ဖြင့် ငါတတ်ကာ ဩဇာအာဟာရရုပ်ကို စဲ့နေကြသည်၊ ဒါကြောင့်လဲ သက္ကာယဒိဋ္ဌိကြီး တန်းလန်းနှင့်အပါယ်စခန်း မပိတ်နိုင်ဘဲရှိတယ်။

ငါဖြုတ်က သက္ကာယဒိဋ္ဌိပြုတ်

ဒီကနေ့ကစပြီး ဒီငါကြီးကို ဖြုတ်လိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။
ငါကြီးကို ဖြုတ်ပစ်ရမယ်နော်။
မှန်ပါ ဘုရား။

ဒီငါမပြုတ်လို့ အပါယ်ရှာမှာ တလယ်လယ် ငါမြုတ်ခဲ့ကြရပြီ၊ ရှေကိုလဲ ငါမဖြုတ်နိုင်သေးသမျှ တလယ်လယ် အပါယ်မှာ မြုတ်ကြရပါလိမ့်မည်းမယ်လို့

မှတ်သားပြီး ငါပြုတ်အောင် ဖြုတ်ကြရမယ်၊ ငါဖြုတ်ပြီး ထောပတ် ဆီဦး အစာ အာဟာရမျှားကိုကြည့်ရှု မျိုဝါး အင်အားဖြစ်လာသည်မျှားကို ဆင်ခြင်ပြီး သြဇာ-အာဟာရရုပ်ဘဲလို့ ရှုမှတ်ပြောဆိုရမယ်၊ ငါမဝင်လျှင် သက္ကာယဒိဋ္ဌိဝင်တော့တာဘဲ။

သြဇာအာဟာရ အနတ္တ

ပရိသတ်ကြီး + ဘုရား။

သြဇာအာဟာရရုပ်ကို မဖြစ်ပါနဲ့ ဆိုလို့ရရဲ့လား?။

မရပါ ဘုရား။

သြဇာအာဟာရရုပ်ကို မပျက်ပါနဲ့ ဆိုလို့ရရဲ့လား?။

မရပါ ဘုရား။

သြဇာအာဟာရရုပ်ဟာ ပရိသတ်ကြီး အလိုကျဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

သြဇာအာဟာရရုပ်ဟာ ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ဆိုလို့ရရဲ့လား။?။

မရပါ ဘုရား။

သြဇာအာဟာရရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား။

အစိုးမရပါ ဘုရား။

ဟုတ်တာပေါ့—

သြဇာအာဟာရကို ပရိသတ်ကြီး အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ရမယ်ဆိုလျှင် သြဇာညှံ့ဖျင်းတဲ့အစာအာဟာရကိုယခုချက်ခြင်းသြဇာကောင်းလာစေလို့ ခိုင်းစေကြည့် ရမှာပေါ့၊ ဒီလိုခိုင်းစေတိုင်းရလျှင် သြဇာညှံ့ဖျင်း တဲ့အစာအာဟာရရယ်လို့ ရှိမှာမဟုတ်ဘူး၊ ဒီလိုခိုင်းစေလို့ မရ၊ အလိုသို့ လိုက်ပြီးမဖြစ်တာဟာ သြဇာအာဟာရရုပ်၏ အနတ္တ သဘောဘဲဖြစ်တယ်။

ပရိသတ်ကြီး + ဘုရား။

ဩဇာအာဟာရရူပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဩဇာအာဟာရရူပ်မှာ ခံစားတတ်သူရှိရဲ့လား?။

မရှိပါ ဘုရား။

ဩဇာ အာဟာရရူပ်ဟာ ဗြဟ္မာ ပိသုနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

ဩဇာအာဟာရရူပ်မှာ အသက်ကောင် ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ဩဇာအာဟာရရူပ်ဟာ အတ္တဖြစ်နိုင်ပါ့မလား ။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဩဇာအာဟာရရူပ်ကို အနတ္တလို့ မှတ်ကြရမယ်။

အားလုံး လိုက်ဆိုကြ—

ဆောပတ်စသား၊ မျိုဝါးမိပြန်၊
ဩဇာရူပ်ခေတ်၊ ဆုံးဖြတ်ကောန်။
ငါဟု မှတ်စဲ့၊ ဖောက်လဲ့ ဖောက်ပြန်၊
အနတ္တ၊ ရှုကြ အဖန်ဖန်။

ပညတ်

တရားတိုင်းကျမည်နာမ

အမည်နာမကို ပညတ်လို့ ခေါ်တယ်၊

ပရိသတ်ကြီး + ဘုရား။

အမည်နာမကို ဘာလို့ခေါ်သလဲ? ။

ပညတ်လို့ ခေါ်ပါတယ် ဘုရား။

အင်း....အခုလူတွေ ခေါ်ဝေါ် သုံးစွဲနေကြတဲ့ နာမည်တွေကို ပညတ်တွေ ချည်းလို့ မှတ်သားထားရမယ်။

ပရိသတ်ကြီး + ဘုရား။

တိုင်လို့ခေါ်တဲ့ နာမည်ဟာ ဘာလဲ? ။

ပညတ်ပါ ဘုရား။

ကဲ ဆက်ဖြေကြစမ်း ပညတ်နှင့်ပရမတ် ကွဲသွားအောင် နာမည်တွေကို မေးမယ်။

သေတ္တာ + ပညတ်ပါ ဘုရား။

တောင်း + ပညတ်ပါ ဘုရား။

ဇွန်း + ပညတ်ပါ ဘုရား။

ယောက်မ + ပညတ်ပါ ဘုရား။

တုံး + ပညတ်ပါ ဘုရား။

ဦးကြည် + ပညတ်ပါ ဘုရား။

ဒေါ်ပန်းရင် + ပညတ်ပါ ဘုရား။

အဲဒါ ဦးပဉ္စင်းအဖေနှင့် အမေဘဲ။

ပညတ်တွေဟာ မေးလို့မဆုံး ဖြေလို့မဆုံးဘဲ ဘယ်နှာမယ်ဘဲခေါ်ခေါ် ပညတ်လို့ မှတ်ထားနော်....

"ကေဓမ္မော သဗ္ဗဓမ္မသု နိပတတိ၊
သဗ္ဗဓမ္မာ ကေသိံ နိပတန္တိ။"

တခုတည်းသော အမည်ပညတ်တရားဟာ ဘုံလေးပါးမှာဖြစ်တဲ့ တရားအားလုံး၌ ကျရောက်တယ်၊ ဖြစ်တယ်၊ဘုံလေးပါးမှာ ဖြစ်တဲ့တရားအားလုံးပင်တခုတည်းသော အမည်ပညတ်တရား၌ ကျရောက်ကြတယ်၊ ဖြစ်တယ်၊အမည်ပညတ်မှ လွတ်တဲ့သတ္တဝါ သင်္ခါရရယ်လို့ မရှိဘူးပေါ့။

တရားဆွေးနွေးခဏ်း

စကားစပ်မိလို့ ရှေးအခါက ဥပါသကာသုံးယောက် တရားဆွေးနွေးတာကို ပြောရဦးမယ်။

ရှေးအခါက တောရွာတရွာတွင် တရားဝါသနာပါသော ဥပါသကာသုံးယောက် ရှိကြသတတ်။

ကာလေန ဓမ္မသာကစ္ဆာ၊

မင်္ဂလာ တရားတော်နှင့်အညီ၊ အခွင့်ရတိုင်း အခွင့်ရတိုင်း တရားဆွေးနွေးမှုကို အမြဲပြုကြ၏၊ အထူးအားဖြင့် ဥပုသ်နေ့များ၌ ဥပုသ်သီလဆောက်တည်ရင်း တရားဆွေးနွေးမှုကို ပြုကြ၏။

တရားဆွေးနွေးပုံ

တခုသော ဥပုသ်နေ့မှာ တရားဆွေးနွေးကြရာ ပထမဥပါသကာတဦးက—

တုံးရုပ် တိုင်ရုပ်ဟု ပြောကြား၏။

ဒုတိယ ဥပါသကာ တဦးက—

တုံးပညတ် တိုင်ပညတ် ဟု ပြောကြား၏။

တတိယ ဥပါသကာ တဦးက—

တုံးနာမ် တိုင်နာမ် ဟု ပြောကြား၏။
ကဲကဲ ပရိသတ်ကြီး အဲဒီ ဥပါသကာ သုံးယောက်တွင်—
ပဌမ လူကား ရုပ်ဝါဒီသမား၊
ဒုတိယ လူကား ပညတ်ဝါဒီသမား၊
တတိယ လူကား နာမ်ဝါဒီသမား၊

သူတို့သုံးယောက်စကားဟာ အမှန်အမှား အငြင်းအခုံ ဖြစ်ပွား တရားဆွေးနွေးမှု ပျက်ပြားမတတ် ဖြစ်နေကြတယ်၊ အမှားအမှန် ဆုံးဖြတ်ဘို့ရာ ပညာရှိပရိသတ်ရဲ့ တာဝန်ဘဲဖြစ်တယ်။

ဒေသနာ အနည်းနည်း

ဘုရားဒေသနာမှာလဲ—

(၁) မုချဒေသနာ
(၂) နေယျတ္ထဒေသနာ
(၃) သမ္မုတိဒေသနာ
(၄) ပရမတ္ထဒေသနာ

လို့ ခွဲခြားပြီး အနည်းနည်း ဟောထားတော့ သူ့နည်းနှင့် သူဟာ မှန်ကန်မှုမှာ မငြင်းပယ်သာပါ။

မုချဒေသနာကို နေယျတ္ထနည်းယူလျှင် မှားတယ်၊ နေယျတ္ထဒေသနာကို မုချနည်းယူလျှင် မှားတယ်၊ သမ္မုတိဒေသနာကို ပရမတ္ထ၊ ပရမတ္ထဒေသနာကို သမ္မုတိ ယူပြန်လျှင်လည်း မှားတယ်။

ရုပ်ဝါဒီ

ပဌမ ရုပ်ဝါဒီသမားက တုံးရုပ် တိုင်ရုပ်လို့ ပြောကြာတာဟာ၊ တုံးတိုင်မှာ—

(၁) ပထဝီ
(၂) အာပေါ

(၃) တေဇော
(၄) ဝါယော
(၅) ဝဏ္ဏ
(၆) ဂန္ဓ
(၇) ရသ
(၈) သြဇာ

အားဖြင့် ရူပ်ရှစ်ပါး ပေါင်းစုနေတာ ဖြစ်လို့ မုချနည်းအားဖြင့် ပြောတာ၊ တုံးတိုင်ဟာ ရူပ်သက်သက်ပဲ ဖြစ်လို့ မှန်ကန်ပါတယ်။

ပညတ်ဝါဒီ

ဒုတိယ ပညတ်ဝါဒီသမားက-တုံးပညတ် တိုင်ပညတ်လို့ ပြောကြားတာဟာ တုံးတိုင်းဆိုတဲ့ နာမည်ဟာ လူတွေ့သမုတ် ပညတ်ထားတဲ့ ပညတ်ဘဲဖြစ်လို့ တုံးအမည်ပညတ် တိုင်အမည်ပညတ်လို့ အပြည့်အစုံ ပြောကြားတာဖြစ်လို့ မုချနည်းပင် သူရည်ရွယ်ချက်နှင့် သူမှန်ကန်ပါတယ်။

နာမ်ဝါဒီ

တတိယ နာမ်ဝါဒီသမားက တုံးနာမ် တိုင်နာမ်လို့ ပြောကြားတာဟာ-တုံး တိုင်သည် ရူပ်သက်သက်မှန်းသိ၏၊ တုံး တိုင်ဆိုတဲ့ ဝေါဟာရသည် ပညတ်မှန်သိ၏၊ ထိုအသိတရားကို ရည်ရွယ်၍ တုံးလို့ သိဘာနာမ်၊တိုင်လို့ သိတာနာမ်လို့မပြောဘဲ တုံးနာမ် တိုင်နာမ်ဟု သာမန်ပြောကြားရာ- နေယျတ္ထနည်းအားဖြင့် သူရည်ရွယ်ချက်နှင့် သူမှန်ကန်ပါတယ်။

သတိပြု

ဒီလို သန္ဓာယ ဘာသိတအားဖြင့် မင်ြင်းပယ်သာသော်လဲ အပြောမတက်တော့ ဆဲသလိုဆိုတာမျိုးလို မထင်မရှား ပြောကြားခြင်းကြောင့် မသိမလိမ္မာသေးသူတွေ့အတွက် အငြင်းပွားစရာ အချက်မျိုးတွေ့နှင့် ကြုံရလေသည်၊ တချို့ကလဲ တဘက်သတ်ကြည့်ပြီး ငါအယူအဆ ငါသိတာ ငါပြောတာ မှန်တယ်၊

သူမျှားအယူအဆ သူမျှားသိတာ သူမျှားပြောတာတွေလမ်းမှန်မကျဟု-သူဘက်သဘောတရားကို သဘာဝကျကျ မကြည့်မသိမြင်- မှားတယ်ထင်ပြီး စုံကန်ခြင်း-အခြင်းအတောမသတ်၊ သဘောကွဲလွဲမှုသာ အဖတ်တင်၊ ဂုသိုလ်ရေး လုပ်ငန်းတွင် အကုသိုလ်တောင်ပြီး မစင်မကြယ်ဖြစ်မှုကို သတိပြုသင့်ကြပေပြီ။

အဝိနိဗ္ဘောဂရုပ် (၈)ခု။

ထမင်း၌ ပညတ် ပရမတ်

ပရိသတ်ကြီး + ဘုရား။

ထမင်းလို့ ခေါ်တဲ့ အမည်ဟာဘာလဲ?။

ပညတ်ပါ ဘုရား။

အဲဒီ ထမင်းပညတ်ရဲ့ မှီရာရုပ် ပရမတ်မှာ—

(၁) ပထဝီ

(၂) အာပေါ

(၃) တေဇော

(၄) ဝါယော

(၅) ဝဏ္ဏ

(၆) ဂန္ဓ

(၇) ရသ

(၈) ဩဇာ

မြန်မာလို

(၁) မြေရုပ်

(၂) ရေရုပ်

(၃) မီးရုပ်

(၄) လေရုပ်
(၅) အဆင်းရုပ်
(၆) အနံ့ရုပ်
(၇) အရသာရုပ်
(၈) အဆီအစေးရုပ်

လို့ ရုပ်ပေါင်း ရှစ်ခု ပေါင်းစုပြီးတည်နေတယ်။

ပရိသတ်ကြီး + ဘုရား။

ထမင်းကို လက်နှင့်ကိုင်ကြည့် မာတယ် ဘာရုပ်လဲ?။

ပထဝီရုပ်ပါ ဘုရား။

မြန်မာလို

မြေရုပ်ပါ ဘုရား။

ထမင်း အလုံးအခဲဖြစ်အောင် ဖွဲ့စည်းထားတာ ဘာရုပ်လဲ?။

အာပေါရုပ်ပါ ဘုရား။

မြန်မာလို

ရေရုပ်ပါ ဘုရား။

ထမင်းကို လက်နှင့် ကိုင်ကြည့် ပူတယ် သို့မဟုတ် ဧတယ်။

ဘာရုပ်လဲ?။

တေဇောရုပ်ပါ ဘုရား။

မြန်မာလို

မီးရုပ်ပါ ဘုရား။

ထမင်းကို လက်နှင့်ဖိနှိပ် ဆုပ်နယ်ကြည့် လှုပ်ရှားတယ် ဘာရုပ်လဲ?။

ဝါယောရုပ်ပါ ဘုရား။

မြန်မာလို

လေရှုပ်ပါ ဘုရား။

ထမင်းကို လက်နှင့်ကိုင်ကြည့် ဖြူတဲ့အဆင်းကို မြင်တယ်ဘာရှုပ်လဲ?။

ဝဏ္ဏရှုပ်ပါ ဘုရား။

မြန်မာလို၊

အဆင်းရှုပ်ပါ ဘုရား။

ထမင်းကို နမ်းကြည့်လျှင် မွှေးတယ် ဘာ့ရှုပ်လဲ?။

ဂန္ဓရှုပ်ပါ ဘုရား။

မြန်မာလို၊

အနံ့ရှုပ်ပါ ဘုရား။

ထမင်းကို စားကြည့်လျှင် ချိုတယ်ဘာရှုပ်လဲ?။

ရသရှုပ်ပါ ဘုရား။

မြန်မာလို၊

အရသာရှုပ်ပါ ဘုရား။

ထမင်းကို စားလို့ ခွန်အားဗလတိုးပွားတယ်၊ အဲဒီခွန်အားဗလ တိုးပွားစေတတ်တဲ့ ထမင်း အရသာမှာပါတဲ့ အဆီအနှစ်ရှုပ်ဟာ ဘာလဲ?။

သြဇာရှုပ်ပါ ဘုရား။

မြန်မာလို၊

အဆီအစေးရှုပ်ပါ ဘုရား။

ရှုပ် ရှစ်ခုက ပရမတ်၊ ထမင်းအမည်က ပညတ် ဒီလိုပညတ်နှင့် ပရမတ်ကို ကွဲပြားအောင် ခွဲခြားပြီး မှတ်ရမည်။

ထမင်းနည်းတူ သက်မဲ့မူ

ဇွန်း, ယောင်းမ, ဟင်း, ထမင်းအိုး, ဟင်းအိုး, ပန်းကန်, စာအုပ်, ထီး, ဘီနပ်, ပုဆိုး, ထမီ, အင်္ကျီစတဲ့ သက်မဲ့ ရုပ်ဝတ္ထုတွေမှာ ထမင်းနည်းထူ ပညတ်နှင့် ရုပ်ရှစ်ခု ပရမတ်ကို ခွဲခြားပြီး မှတ်သားရမယ်။

ခန္ဓာဖွဲ့

ထမင်းဆိုတဲ့ အမည်ပညတ်က- ခန္ဓာဝိမုတ်၊

ရုပ်ရှစ်ခုက ရူပက္ခန္ဓာ။

ပရိသတ်ကြီး + ဘုရား။

ထမင်းဆိုတဲ့ အမည်ပညတ်က ဘာခန္ဓာလဲ?။

ခန္ဓဝိမုတ်ပါ ဘုရား။

အေး....ခန္ဓဝိမုတ်ဆိုတာ ခန္ဓာမှလွတ်တယ် ပညတ်ကို ခန္ဓာမဖွဲ့ရဘူးလို့ ဆိုတယ်။

ရုပ်ရှစ်ခုက ဘာခန္ဓာလဲ?။

ရူပက္ခန္ဓာပါ ဘုရား။

အေး....ရုပ်တခုခုလဲ ရူပက္ခန္ဓာ။ ရုပ်ရှစ်ခု အပေါင်းလဲ ရူပက္ခန္ဓာ၊ ရုပ်ဟူသမျှ ရူပက္ခန္ဓာလို့ မှတ်ရမယ်။

ခန္ဓာ မည်ပုံ

ရာသင်္ခေန ခန္ဓာ

ရာသင်္ခေန၊ အစုအပုံဟူသော အနက်သဘောကြောင့်။ ခန္ဓာ၊ ခန္ဓာမည်၏။ ရူပသဒ္ဒါက, ရုပ်ဟာ၊ နှစ်ခုပေါင်းလိုက်တော့ ရူပက္ခန္ဓာဆိုတာ ရုပ်အစုအပုံလို့ ဆိုတယ်။

ပရိသတ်ကြီး + ဘုရား။

ရူပက္ခန္ဓာဆိုတာ မြန်မာလို ဘာတဲ့တုံး?။

ရူပ်အစု အပုံပါဘုရား။

အေး.... ရူပ်အစုအပုံကို ဘုရားက ရူပက္ခန္ဓာလို့ဟောတယ်။

ရူပ်ရှစ်ခု အာ့ယတနငါးခု

ဒီရူပ်ရှစ်ခုမှာ—

အဆင်းရူပ်က	ရူပါယတန (၁)
အနံ့ရူပ်က	ဂန္ဓာယတန (၂)
အရသာရူပ်က	ရသာယတန (၃)

ပထဝီ တေဇော ဝါယော ရူပ်သုံးခုက ဖောဋ္ဌဗ္ဗာယတန(၄) အာပေါ သြဇာ ရူပ်နှစ်ခုက မမ္မာယတန(၅)အားဖြင့် အာယတန ၈ါးခုရတယ်။

ရူပ်ရှစ်ခု ဓာတ်ငါးခု

ဒီရူပ်ရှစ်ခုမှာ—

အဆင်းရူပ်က	ရူပဓာတ် (၁)
အနံ့ရူပ်က	ဂန္ဓဓာတ်(၂)
အရသာရူပ်က	ရသဓာတ်(၃)

ပထဝီ တေဇော ဝါယော ရူပ်သုံးခုက ဖောဋ္ဌဗ္ဗဓာတ်(၄) အာပေါ သြဇာ ရူပ်နှစ်ခုက ဓမ္မဓာတ်(၅)အားဖြင့် ဓာတ်ငါးခု ရတယ်။

ရူပ်ရှစ်ခု သစ္စာ (၁) ခု

ဒီရူပ်ရှစ်ခုမှာ—

သစ္စာအားဖြင့် ဒုက္ခသစ္စာ တပါးဘဲရတယ်။

အဝိနိဗ္ဘောဂ အနတ္တ

ရူပ်ပေါင်းရှစ်ခု ပရမတ်စုကို မဖြစ်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ရူပ်ပေါင်းရှစ်ခု ပရမတ်စုဟာ ပရိသတ်ကြီး အလိုကျဖြစ်ရဲ့လား?။

မဖြစ်ပါဘုရား။

ရူပ်ပေါင်းရှစ်ခု ပရမတ်စုကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုးမရပါ ဘုရား။

ဟုတ်တာပေါ့။

ရူပ်ပေါင်းရှစ်ခု ပရမတ်စုကို ပရိသတ်ကြီး အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ ရမယ်ဆိုလျှင် ကိုယ်ဝတ်နေတဲ့ ပုဆိုး ထမီကို—

မာဇီရတု။ မာဇီရတု။

ငါဝတ်နေတဲ့ ပုဆိုး ထံမီကလေး မဟောင်းနွမ်းမဆွေးမြေပါစေလင့်။

မာဘိဇူတု။ မာဘိဇူတု။

ငါဝတ်နေတဲ့ ပုဆိုး ထမီကလေး မပြုမစုတ်ပါစေလင့် ဆိုကြည့် ကိုယ့် အလိုကျ ဖြစ်လာမှာပေါ့။

အိုး ခွက် ပန်းကန်တွေကိုလည်း—

မာဘိဇူတု။ မာဘိဇူတု။

မကွဲမပျက်ပါစေလင့်၊

ကျိုးပဲ့ ကွဲပျက်နေတဲ့ အိုး ခွက် ပန်းကန်တွေကိုလဲ၊

ပါကတိကော ဟောတု။

ယဲခု ချက်ခြင်း အကောင်းပြကတော့ ပြန်ဖြစ်စေလို့ ခိုင်စေကြည့်ရမှာပေါ့။

ပရိသတ်ကြီး + ဘုရား။

ကိုယ်ဝတ်နေတဲ့ ပုဆိုး ထမီကို မဟောင်းနွမ်း မဆွေးမြေပါစေနှင့် ဆိုလို့ရရဲ့လား?။

မရပါ ဘုရား။

မပြဲ မစုတ်ပါစေနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

အိုး ခွက် ပန်းကန်တွေကို မကွဲမပျက်ပါစေနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ကျိုးပဲ့ကွဲပျက်နေတဲ့ အိုးခွက် ပန်းကန်တွေကို ယခုချက်ခြင်းအကောင်းပြကတော့ ပြန်ဖြစ်စေလို ခိုင်းကြည့် ရရဲ့လား?။

မရပါ ဘုရား။

အေး....ဘယ်ရမလဲ အနတ္တတရားတွေကို ခိုင်းစေတိုင်း ရုပ်ဝတ္ထုတွေဟာ အလိုက္ပ ဖြစ်လာမယ်ဆိုလျှင် အိမ်မှာ အိုးကဲ့ ပန်းကန်ကဲ့တွေ ဇွန်းကျိုး စလောင်းပဲ့တွေ၊ အဝတ်စုတ် တောင်းစုတ်တွေ မြင်ရမယ်မဟုတ်ဘူးပေါ့၊ ဘယ်ပစ္စည်းမှ ပျက်စည်းလိမ့်မယ် မဟုတ်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

အိမ်မှာ အိုးကဲ့ ပန်းကန်ကဲ့တွေ ဇွန်းကျိုး စလောင်းပဲ့တွေ အဝတ်စုတ် တောင်းစုတ်တွေ မရှိဘူးလား?။

ရှိပါတယ် ဘုရား။

အဲဒီပစ္စည်းတွေ ကဲ့တာ ကျိုးတာ ပဲ့တာ စုတ်တာ မနှမြောဘူးလား?။

နှမြောပါတယ် ဘုရား။

အင်း.... လူတိုင်းနှမြောကြမှာဘဲ၊ ဒီပစ္စည်းတွေ ကဲ့တာ ကျိုးတာ ပဲ့တာ စုတ်တာကို လူတိုင်းဘဲ မလိုလားကြဘူးပေါ့။

မလိုလားကြပါ ဘုရား။

ဒီလို နှမြောတယ် မလိုလားကြပါလျှင် ဒီပစ္စည်းတွေ မကဲ့အောင် မကျိုးအောင် မပဲ့အောင် မစုတ်အောင် မပြဲအောင် ငါ့ပစ္စည်းတွေ—

မာဇီရတု၊ မာဘိဇူတု၊ ပါကတိကောဟောတု။

လို့ ကိုယ်အလိုကျအောင် တောင့်တစေခိုင်း ကြည့်ကြစမ်းပါ၊ ကိုယ့်အလိုကျ ဖြစ်လာရဲ့လား?။

မဖြစ်လာပါ ဘုရား။

အေး.... ဘယ်ဖြစ်လာမလဲ အနတ္တတရားတွေကို ဒီပစ္စည်းတွေဟာ ပရိသတ်ကြီး ထင်မှားနေတဲ့ ငါပိုင် ငါစိုး အတ္တမျိုး ဖြစ်ခဲ့ပါလျှင် ပရိသတ်ကြီး အလိုကျ မကဲ့ မကျိုး မပဲ့ မစုတ် ပြကတေ့အတိုင်း တည်နေမှာပေါ့၊ အနတ္တတရား ဖြစ်ခြင်းကြောင့်ပင် ဒီပစ္စည်းတွေဟာ . သူ့သဘောအတိုင်း ဟောင်းနွမ်း ဆွေးမြေ့တယ်၊ ကဲ့တယ် ကျိုးတယ် ပဲ့တယ် စုတ်တယ်၊ ဒါကြောင့် အိုးကဲ့ကဲ့ ပန်းကန်ကဲ့ကဲ့ ဇွန်းကျိုးကျိုး စလောင်းပဲ့ပဲ့ အဝတ်စုတ်စုတ်—

အဟောအနတ္တာ၊ အဟောအနတ္တာ။

လို့ နှုတ်က ရွတ်ဆိုလိုက်ရမယ်။

ပရိသတ်ကြီး + ဘုရား။

မှတ်မိရဲ့လား?။

မှတ်မိပါတယ် ဘုရား။

မှတ်မိလျှင် မေးမယ်။

အိမ်မှာ အိုးတလုံး မဟော်တဆ ကဲ့သွားတယ်၊ နှုတ်ကဘယ်လိုရွတ်လိုက်ရမလဲ?။

အဟောအနတ္တာ၊ အဟောအနတ္တာ။

လို့ ရွတ်ဆိုရပါတယ် ဘုရား။

အင်း... ဘယ်ပစ္စည်း ပျက်စီး ပျက်စီး—

အဟောအနတ္တာ၊ အဟောအနတ္တာ။

လို့ နှစ်ခါ သုံးခါလောက်တော့ နှုတ်က ရွတ်ဆိုလိုက်ရမယ်၊ဟောတော့,ဟောဗျာ ဆိုတဲ့ ရောင်ရမ်းသံတွေကိုတော့ မကြားရစေနဲ့.နော် ကြပ်ကြပ်သတိထား။

ပရိသတ်ကြီး + ဘုရား။

ရူပ်ပေါင်းရှစ်ခု ပရမတ်စုမှာ ပြုလုပ်တတ်သူရှိရဲ့လား?။

မရှိပါ ဘုရား။

ရူပ်ပေါင်းရှစ်ခု ပရမတ်အစုမှာ ခံစားတတ်သူရှိရဲ့လား?။

မရှိပါ ဘုရား။

ရူပ်ပေါင်းရှစ်ခု ပရမတ်စုဟာ ဗြဟ္မာ ပိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

ရူပ်ပေါင်းရှစ်ခု ပရမတ်စုမှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ရူပ်ပေါင်းရှစ်ခု ပရမတ်စုဟာ အတ္တတရား ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ရူပ်ပေါင်းရှစ်ခု ပရမတ်စုကို အနတ္တလို့ မှတ်ကြရမယ်။

စက္ခုပသာဒရူပ်

ပသာဒ စက္ခု

ပရိသတ်ကြီး + ဘုရား။

မျက်စိ အတွင်းဘက်မှာ ကြည့်ပါ မျက်နှာပေါ်ကို မြင်ပါသလား?။

မြင်ပါတယ် ဘုရား။

အဲဒီ မျက်နက်ဝန်းအတွင်း သန်းဦးခေါင်း ပမာဏမျှရှိတဲ့ အရပ်မှာ စက္ခု အကြည်ရုပ် ကလေးဟာ မျက်လွှာခုနစ်ထပ်ကို ပြန့်နှံ့ပြီးတည်တယ်၊ အဲဒါကို ပသာဒစက္ခုလို့ ခေါ်တယ်။

သသမ္ဘာရ စက္ခု

မျက်စိအတွင်း အောက်ဘက်မှာဆိုလျှင် မျက်တွင်းရိုး၊ အထက်ဘက်မှာ ဆိုလျှင် မျက်မှောင်ရိုး၊ ဘေးတဘက် တချက်မှာ မျက်ထောင့် အတွင်းဘက်မှာ ဦးကျောက်၊ အပြင်ဘက်မှာ မျက်တောင်မွေးတို့ဖြင့် ပိုင်းခြားထားတဲ့ အသားစိုင်ကို "သသမ္ဘာရစက္ခု"လို့ ခေါ်တယ်။

လက္ခဏာ

စက္ခုပသာဒရုပ် ဟာ ရူပါရုံ၏ ရှေးရှု ထိခတ်ခြင်းကို ယိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိတယ်။

တနည်းအားဖြင့် ရူပါရုံကို မြင်လိုတဲ့ ရူပတဏှာလျှင် အကြောင်းရင်းရှိတဲ့ ကံကြောင့်ဖြစ်တဲ့ ကမ္မဇမဟာဘုတ်တွေကို ကြည်စေတတ်တဲ့ သဘောလက္ခဏာ ရှိတယ်။

သက်ရှိရုပ်

ဒီ စက္ခုအကြည်ရုပ်ဟာ သက်ရှိသတ္တဝါတွေရဲ့ သန္ဓာန်မှာသာ ရနိုင်တယ်။

ပရိသတ်ကြီး + ဘုရား။

စက္ခုပသာဒရုပ်ဟာ သက်ရှိ သက်မဲ့ နှစ်မျိုးတွင် အဘယ်မှာ ရနိုင်ပါသလဲ?။

သက်ရှိသန္ဓာန်မှာသာ ရနိုင်ပါတယ်ဘုရား။

စက္ခုဒွါရမှာဖြစ်တဲ့ နာမ်တရားအားလုံးပင် စက္ခုပသာဒရုပ်ကို မှီပြီး ဖြစ်ရတယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ–

ကတမံ တံ ရူပံ စက္ခာယတနံ၊ ယံ စက္ခု စတုန္နံ မဟာ ဘူတာနံ ဥပါဒါယ ပသာဒေါ အတ္တာဘာဝပရိယာပန္နော အနိဒဿနော သပ္ပဋိ-ဃော ။လ။ ဣဒံ တံ ရူပံ စက္ခာယတနံ (ဓမ္မသင်္ဂဏီ) ဟု ဟော တော်မူသည်။

စက္ခုပသာဒ-အနတ္တ

ပရိသတ်ကြီး + ဘုရား။

စက္ခုပသာဒရုပ်ကို မဖြစ်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

စက္ခုပသာဒရုပ်ကို မပျက်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

စက္ခုပသာဒရုပ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

စက္ခုပသာဒရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား

စက္ခုပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုးမရပါ ဘုရား။

ဟုတ်တာပေါ့ စက္ခုပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရလို အလိုကျအောင် ခိုင်းစေလို ရမယ်ဆိုလျှင် မျက်စိကွယ်သူဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

မျက်စိကွယ်ချင်ပါ့မလား?။

မကွယ်ချင်ပါ ဘုရား။

အင်း ...ဘယ်သူမှ မျက်စိကွယ်ချင်မယ်မဟုတ်ဘူး၊ မျက်စိကွယ်နေသူတွေကို မမြင်ဘူး ဘူးလား ပရိသတ်ကြီး။

မြင်ဘူးပါတယ် ဘုရား။

အဲဒီ မျက်စိကွယ်နေသူတွေက ငါ့မျက်စိကွယ်နေရာမှာ ယခုချက်ချင်း၊ ပြန်လင်းစေလို့ ခိုင်းစေကြည့် ရရဲ့လား?။

မရပါ ဘုရား။

အဲဒါ အနတ္တဘဲ၊ မျက်စိမကွယ်အောင် မတတ်နိုင်တာ အနတ္တ၊ မျက်စိကွယ်နေတာ ပြန်လင်းလာအောင် မတတ်နိုင်တာ အနတ္တ။

ပရိသတ်ကြီး + ဘုရား။

မျက်စိကွယ်တယ်ဆိုတာကို ရှင်းပြဦးမယ်နော်။

မှန်ပါ ဘုရား။

မျက်စိကွယ်တယ်ဆိုတာ မျက်နက်ဝန်းအတွင်း သန်းဦးခေါင်း ပမာဏမျှ ရှိတဲ့ စက္ခုပသာဒရုပ်ကလေး ချို့ယွင်း ပျက်စီးတာကို ဆိုတယ်၊အဲဒီ စက္ခုပသာဒ ရုပ်ကလေး တိမ်သလောဖုံးနေတယ်၊ ထိခိုက် ပျက်စီး နေတယ်ဆိုလျှင် သူ့ကို မှီပြီးဖြစ်တဲ့ စက္ခုဝိညာဏ်လဲ မမြင်နိုင်တော့ဘူးပေါ့၊မျက်စိမှာဖြစ်တဲ့ နာမ်တရား အားလုံးလဲ မဖြစ်နိုင်တော့ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

စက္ခုပသာဒရုပ်မှာ ပြုလုပ်တတ်သူရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူရှိရဲ့လား?။

မရှိပါ ဘုရား။

စက္ခုပသာဒရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

စက္ခုပသာဒရုပ်မှာ အသက်ကောင် ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာရှိရဲ့လား။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် စက္ခုပသာဒရုပ်ဟာ အတ္တတရား ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် စက္ခုပသာဒရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

သောတပသာဒ

နားအတွင်း လက်စွပ်ကွင်း သဏ္ဌာန်ရှိတဲ့အရုပ်မှာ သောတအကြည်ရုပ် ကလေးပြန့်နှံ့ တည်နေတယ်။

လက္ခဏာ

အဲဒီ သောတပသာဒရုပ်ဟာ သဒ္ဒါရုံ၏ ရှေးရှုသိခတ်ခြင်းကို ထိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ ရှိတယ်။

တနည်းအားဖြင့် သဒ္ဒါရုံကို ကြားလိုတဲ့ သဒ္ဒတဏှာလျှင် အကြောင်းရင်း ရှိတဲ့ ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်တွေကို ကြည်စေခြင်း သဘောလက္ခဏာ ရှိတယ်။

သက်ရှိရုပ်

အဲဒီ သောတပသာဒရုပ်ဟာ သက်ရှိ သတ္တဝါတွေရဲ့ သဏ္ဌာန်မှာသာ ရနိုင်တယ်၊ သောတဒ္ဒါရမှာဖြစ်တဲ့ နာမ်တရားအားလုံးပင် ဒီ သောတပသာဒ ရုပ်ကို မှီပြီး ဖြစ်ရတယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ– 'ကတမံ တံ ရူပံ သောတာယတနံ၊ ယံ သောတံ စတုန္နံ မဟာဘူတာ နံ ဥပါဒါယ ပသာဒေါ အတ္တဘာဝပရိယာပန္နော အနိဒဿနော သပ္ပဋိဃော။လ။ ဣဒံ တံ ရူပံ သောတာယတနံ –ဟု ဟောတော်မူသည်။

သောတပသာဒ အနတ္တ

ပရိသတ်ကြီး + ဘုရား။

သောတပသာဒရုပ်ကို မဖြစ်ပါနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့်ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

သောတပသာဒရုပ်ဟာ ပရိသတ်ကြီး အလိုကျဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

သောတပသာဒရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

သောတပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့ သောတပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရလို့ အလိုကျ အောင် ခိုင်းစေလို့ ရမယ်ဆိုလျှင် နားပင်း, နားထိုင်း, နားကန်းသူတွေမရှိနိုင် ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

နားပင်းနေတဲ့လူတွေ နားထိုင်းနေတဲ့လူတွေ နားကန်းနေတဲ့လူတွေကို မတွေ့ပါလား?။

တွေ့ပါတယ် ဘုရား။

သုဝမ္မဝတီ (က–၁၃၂)

အဲဒီလူတွေဟာ နားပင်းချင်ကြပါမလား?။

မပင်းချင်ကြပါ ဘုရား။

နားထိုင်းချင်ကြပါမလား?။

မထိုင်းချင်ကြပါ ဘုရား။

နားကန်းချင်ကြပါ့မလား?။

မကန်းချင်ကြပါ ဘုရား။

အင်း.... ဘယ်သူမှ နားမပင်းချင်ကြဘူးပေါ့၊ ဘယ်သူမှ နားမထိုင်းချင်ကြဘူးပေါ့၊ ဘယ်သူမှ နားမကန်းချင်ကြဘူးပေါ့၊ သောတပသာဒရုပ် အနတ္တမို့ နား မပင်းချင်သော်လဲ ပင်းရတယ်၊ နား မထိုင်းချင်သော့်လဲ ထိုင်းရတယ်၊ နား မကန်းချင်သော်လဲ ကန်းရတယ်၊အဲဒီနားပင်း နားထိုင်း နား ကန်းနေသူက ငါ့နားပင်းရာမှ ထိုင်းရာမှ ကန်းရာမှ ယခုချက်ခြင်းအကောင်းပြကတော့ ပြန်ဖြစ်စေလို့ ခိုင်းစေကြည့် ရရဲ့လား?။

မရပါ ဘုရား။

ခိုင်းစေလို့ နားပင်းနေရာမှ နားထိုင်းနေရာမှ နားကန်းနေရာမှ အကောင်းပြကတော့ ပြန်ပြီးဖြစ်လာရဲ့လား?။

မဖြစ်လာပါ ဘုရား။

အဲဒါ အနတ္တဘဲ ပရိသတ်ကြီး။

သောတပသာဒရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

သောတပသာဒရုပ်ဟာ ပြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

သောတပသာဒရုပ်မှာ အသက်ကောင်ဆိုဒါ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် သောတပသာဒရုပ်ဟာ အတ္တတရားဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် သောတပသာဒရုပ်ကို အနတ္တလို့မှတ်ကြရမယ်။

ဃာနပသာဒ

နှာခေါင်းအတွင်း ဆိတ်ခြေသဏ္ဌာန်ရှိတဲ့ အရေပ်မှာ ဃာနအကြည်ရုပ် ကလေး ပြန့်နှံ့ပြီး တည်နေတယ်။

လက္ခဏာ

အဲဒီ ဃာနပသာဒရုပ်ဟာ ဂန္ဓာရုံ၏ ရှေးရှုထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်တွေကို ကြည်စေခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိတယ်။

တနည်းအားဖြင့် ဂန္ဓာရုံကို နမ်းလိုတဲ့ ဂန္ဓတဏှာလျှင် အကြောင်းရှိတဲ့ ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်တွေကို ကြည်စေခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိတယ်။

သက်ရှိရုပ်

အဲဒီ ဃာနပသာဒရုပ်ဟာ သက်ရှိသတ္တဝါတွေရဲ့သဏ္ဌာန်မှာသာရနိုင်တယ်။ ဃာနဒ္ဒါရမှာ ဖြစ်တဲ့ နာမ်တရား အားလုံးပင် ဒီ ဃာနပသာဒ ရုပ်ကို မှီပြီး ဖြစ်ရတယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ– ကတမံ တံ ရူပံ ဃာနာယတနံ၊ ယံ ဃာနံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ အတ္တာဘာဝပရိယာပန္နော အနိဒဿနော သပ္ပဋိဃော ။လ။ ဣဒံ တံ ရူပံ ဃာနာယတနံ· ဟု ဟောတော်မူတယ်။

ဃာနပသာဒအနတ္တ

ပရိသတ်ကြီး + ဘုရား။

ဃာနပသာဒရုပ်ကို မဖြစ်ပါနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဃာနပသာဒရုပ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား။

မဖြစ်ပါ ဘုရား။

ဃာနပသာဒရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ ဆိုလို့ ရရဲ့လား။

မရပါ ဘုရား။

ဃာနပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့ ဃာနပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရလို့ အလိုကျ အောင် ခိုင်းစေလို့ ရမယ်ဆိုလျှင် ဃာန ခ္ဍိုယွင်း ပျက်စီးသူဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

ဃာနပသာဒရုပ်မှာ ပြူလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဃာနပသာဒရုပ်ဟာ ပြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ- ဖန်ဆင်းလို့ ဖြစ်ပေါ်တာလား?။

မဟုတ်ပါ ဘုရား။

ဃာနပသာဒရုပ်မှာ အသက်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ဃာနပသာဒရုပ်ဟာ အတ္တတရား ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဃာနပသာဒရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

ဇိဝှါပသာဒရုပ်

ဇိဝှါပသာဒ

လျှာ၏အလည် ကြာရွက်ဖျား သဏ္ဌာန်ရှိတဲ့ အရုပ်မှာ ဇိဝှါအကြည်ရုပ် ကလေး ပြန့်နှံ့ပြီး တည်နေတယ်။

လက္ခဏာ

အဲဒီ ဇီဝ္ဘပသာဒရုပ်ဟာ ရသာရုံ၏ ရှေးရှုထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်တွေကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာရှိတယ်။

တနည်းအားဖြင့် ရသာရုံကို လျက်လိုတဲ့ ရသတဏှာလျှင် အကြောင်းရင်းရှိတဲ့ ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်တွေကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ ရှိတယ်။

သက်ရှိရုပ်

အဲဒီ ဇီဝ္ဘပသာဒရုပ်ဟာ သက်ရှိ သတ္တဝါတွေရဲ့ သဏ္ဌာန်မှာသာ ရနိုင်တယ်၊ ဇီဝ္ဘဒ္ဒါရမှာ ဖြစ်တဲ့ နာမ်တရားအားလုံးပင် ဒီဇီဝ္ဘပသာဒရုပ်ကို မှီပြီး ဖြစ်ကြတယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ—'ကတမံ တံ ရူပံ ဇီဝ္ဘယတနံ၊ ယာ ဇီဝ္ဘာ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ အတ္တဘာဝပရိယာပန္နော အနိဒဿနော သပ္ပဋိဃော ။လ။ ဣဒံ တံ ရူပံ ဇီဝ္ဘယတနံ'ဟု ဟောတော်မူသည်။

ဇီဝ္ဘပသာဒ အနတ္တ

ပရိသတ်ကြီး + ဘုရား။

ဇီဝ္ဘပသာဒရုပ်ကို မဖြစ်ပါနှင့်ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့်ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဇီဝ္ဘပသာဒရုပ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

ဇီဝါပသာဒရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနဲ့ ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ဇီဝါပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့ ဇီဝါပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ရမယ်ဆိုလျှင် ဇီဝါ ချိုယွင်းပျက်စီးသူဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

ဇီဝါပသာဒရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဇီဝါပသာဒရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာသလား?။

မဟုတ်ပါ ဘုရား။

ဇီဝါပသာဒရုပ်မှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ဇီဝါပသာဒရုပ်ဟာ အတ္တတရား ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဇီဝါပသာဒရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

ကာယပသာဒ

ကမ္မဇတေဇော၏ တည်ရာအရုပ် ဆံဖျား အမွေးဖျား လက်သည်းဖျား ခြေသည်းဖျား ခြောက်တဲ့ အရေတို့ကို ဖယ်ထားပြီး တကိုယ်လုံးမှာဘဲ ကာယ အကြည်ရုပ်ပြန့်နှံ့ပြီး တည်တယ်။

မရောမယှက်

အဲဒီ ကာယပသာဒရုပ်ဟာ တကိုယ်လုံး ပြန့်နှံ့ပြီး တည်သော်လည်း မှီရာ လက္ခဏာ ပြားခြင်းကြောင့် တပါးသော ပသာဒရုပ်တွေနှင့် မရောမယှက်ဘူးလို့ မှတ်ရမယ်။

လက္ခဏာ

အဲဒီ ကာယပသာဒရုပ်ဟာ ဖောဋ္ဌဗ္ဗာရုံ၏ ထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်တွေကို ကြည်စေခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိတယ်။

တနည်းအားဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလိုတဲ့ ဖောဋ္ဌဗ္ဗ ကဏ္ဌာလျှင် အကြောင်းရင်းရှိတဲ့ ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်တွေကို ကြည်စေခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိတယ်။

သက်ရှိရုပ်

အဲဒီ ကာယပသာဒရုပ်ဟာ သက်ရှိသတ္တဝါတွေရဲ့ သဏ္ဌာန်မှာသာ ရနိုင်တယ်၊ ကာယဒွါရမှာဖြစ်တဲ့ နာမ်တရုံး အားလုံးပင် ဒီ ကာယပသာဒရုပ်ကို မှီပြီး ဖြစ်ကြတယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ– "ကတမံ တံ ရူပံ ကာယာယတနံ၊ ယောကာယော စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ အတ္တဘावဝပရိယာပန္နော အနိဒဿနော သပ္ပဋိဃော ။လ။ ဣဒံ တံ ရူပံ ကာယာယတနံ" ဟု ဟောထော်မူသည်။

ကာယပသာဒ အနတ္တ

ပရိသတ်ကြီး + ဘုရား။

ကာယပသာဒရုပ်ကို မဖြစ်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား!!

မပျက်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ကာယပသာဒရုပ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

ကာယပသာဒရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ကာယပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့ ကာယပသာဒရုပ်ကို ပရိသတ်ကြီး အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ ရမယ်ဆိုလျှင် ကာယပသာဒ ချို့ယွင်းပျက်စီးသူဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

ကာယပသာဒရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကာယပသာဒရုပ်ဟာ ပြဟ္မာ ဗိသဏိုး တန်ခိုး ရှိသူတွေ ဖန်ဆင်းရှိ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

ကာယပသာဒရုပ်မှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ကာယပသာဒရုပ်ဟာ အတ္တတရား ဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ကာယပသာဒရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

သဒ္ဒရုပ်

စည်သံ, မောင်းသံ, ဆိုင်းသံ, ဗုံသံ, တီးသံ, မှုတ်သံ, လေသံ, ရေသံ, ပြောသံ, ဆိုသံ, ရယ်သံ, မောသံ, သီချင်းဆိုသံ, ငိုကြွေးသံမှ စပြီး အသံဟူသမျှကို သဒ္ဒရုပ်လို့ မှတ်သားရမည်၊ အဲဒီအသံတွေကို သဒ္ဒါရုံလို့လဲ ဆိုတယ်။

ဒါကြောင့်—'ကတမံ တံ ရူပံ၊ သဒ္ဒါယတနံ၊ ယော သဒ္ဒေါ စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော သပ္ပဋိဃော ဘေရိသဒ္ဒေါ မုဒိင်္ဂသဒ္ဒေါ သင်္ခသဒ္ဒေါ ပဏ္ဏဝသဒ္ဒေါ ဂီတသဒ္ဒေါ ဝါဒိတသဒ္ဒေါ သမ္မသဒ္ဒေါ ပါဏိသဒ္ဒေါ သတ္တာနံ နိဗ္ဗောသသဒ္ဒေါ ဓာတူနံ သန္ဓိဃာတသဒ္ဒေါ ဝါတသဒ္ဒေါ ဥဒကသဒ္ဒေါ မနုဿသသဒ္ဒေါ အမနုဿ-သဒ္ဒေါ ။လ။ ဣဒံ တံ ရူပံ သဒ္ဒါယတနံ'ဟု ဟောတော်မူသည်။

သက်မဲ့ သက်ရှိ အသံ (၂)မျိုး

အဲဒီအသံ သဒ္ဒါရုံကလဲ—

(၁) သက်မဲ့ ရုပ်ဝတ္ထုတွေမှာ ဖြစ်ပေါ်တဲ့ အသံ၊

(၂) သက်ရှိ ရုပ်ဝတ္ထုတွေမှာ ဖြစ်ပေါ်နေတဲ့ အသံလို့ နှစ်မျိုး ရှိပြန်တယ်။

သက်မဲ့အသံ

မိုးယိုးခြိမ်းသံ, လေသံ, ရေသံ စတဲ့ အသံတွေက ဥတုသဘာဝကြောင့် သက်မဲ့ရုပ်ဝတ္ထုတွေမှ ဖြစ်ပေါ်လာတယ်လို့ မှတ်ရမယ်။

သက်ရှိအသံ

ပြောသံ, ဆိုသံ, ရယ်သံ, မောသံ, သီချင်းဆိုသံ, ငိုကြွေးသံ စသည်တွေက စိတ်ကြောင့် အသက်ရှိတဲ့ ရုပ်ဝတ္ထုတွေမှ ဖြစ်ပေါ်လာတယ်လို့ မှတ်ရမယ်။

ရုပ်နာမ်ကြောင့် အသံဖြစ်

အဲဒီလို အသံတွေ ဖြစ်ပေါ်လာတဲ့အခါ ဒီအသံတွေ ဖြစ်ပေါ်လာအောင် ဖန်တီးပြုလုပ်ပေးတဲ့ ပုဂ္ဂိုလ် သတ္တဝါကောင်ရယ်လို့ မရှိဘူးပေါ့။

ရှိရဲ့လား ပရိသတ်ကြီး?။

မရှိပါ ဘုရား။

အင်း....ဘယ်ရှိမလဲ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ပညတ်ဘဲရှိတယ်၊ အမှန်စင်စစ်တော့ လွန်လေပြီး အတိတ်ကိုဘဲ ပြန်ကြည့်ကြည့် လာလတ္တံ့, အနာဂတ်ကိုဘဲ လှမ်းကြည့်ကြည့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကိုဘဲ ကြည့်ကြည့် အစမထင်တဲ့ သံသရာဘဝမှ နိဗ္ဗာန်ကျအောင်ကြည့်၊ တလောကလုံးမှာ ရုပ်နှင့် နာမ်ဘဲ ရှိတယ်၊ ဥတုရုပ်နှင့် စိတ်နာမ်ကြောင့် အသံဆိုတာ ဖြစ်ပေါ်လာတယ်။

အသံဖြစ်ပုံ

ဥပမာ–စကားပြောတယ်, တရားဟောတယ်, သီချင်းဆိုတယ် ဆိုပါဟော့ ဝမ်းထဲမှာ စကားပြောတတ်တဲ့ တရားဟောတတ်တဲ့ သီချင်းဆိုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင်ရယ်လို့ မရှိဘူး၊ စကားပြောမယ်, တရားဟောမယ်, သီချင်းဆိုမယ်လို့ စိတ်ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ဖြစ်ပေါ်လာတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သဒ္ဒာ နှုတ်ခမ်းပါးတွင် ပထဝီဓာတ်ဆိုတာ ပါတယ်၊ ဒဲဒီ ပထဝီဓာတ်နှင့် အလွှာကြီးရဲ့ အရုပ်ကို့မှာ ရှိတဲ့ ကမ္မဇရုပ်တို့နှင့် ထိမိခြင်းကြောင့် အသံဆိုတာ ဖြစ်ပေါ်လာတယ်။

အသံဖြစ်ရာ အရပ် (၇) ခု

အသံဖြစ်ရာအရပ် ၀၊ အကွာရာဖြစ်ရာ အရပ်က ခုနစ်ခုရှိတယ်။

(၁) လည်ချောင်း အရပ်
(၂) အာစောက် အရပ်
(၃) လျှာထိပ် အရပ်
(၄) သွား အရပ်
(၅) နှုတ်ခမ်း အရပ်
(၆) နှာခေါင်း အရပ်
(၇) ရင်ခေါင်း အရပ်

အကွာရာ (၄၁) လုံး

ပိဋကတ်သုံးပုံမှာ သရ (၈) ရှစ်လုံး၊ ဗျည်း (၃၃) သုံးဆယ့်သုံးလုံး၊ အာဃာတလုံးပေါင်း အကွာရာ (၄၁) လေးဆယ့်တလုံးဘဲ ရှိတယ်။

အကွာရာနှင့် ဖြစ်ရာဌာန

အဲဒီ အကွာရာ(၄၁)လုံးတွင်—

(၁) အ အာ က ခ ဂ ဃ င ဟ-ဒီအကွာရာ(၈)ရှစ်လုံးက လည်ချောင်း အရပ်မှာ ဖြစ်တယ်။

(၂) ဣ ဤ စ ဆ ဇ ဈ ဉ ဃ-ဒီအကွာရာ(၈)ရှစ်လုံးက အာစောက် အရပ်မှာ ဖြစ်တယ်။

(၃) ဋ ဌ ဍ ဎ ဏ ရ ဠ-ဒီအကွာရာ(၇)ခုနစ်လုံးက လျှာထိပ်အရပ်မှာ ဖြစ်တယ်။

(၄) တ ထ ဒ ဓ နဿ သ-ဒီအကွာရာ (၇) ခုနစ်လုံးက သွား အရပ်မှာ ဖြစ်တယ်။

(၅) ဥ ဉိ ပ ဖ ဗ ဘ မ-ဒီအကွာရာ (၇) ခုနစ်လုံးက နှုတ်ခမ်းအရပ်မှာ ဖြစ်တယ်။

(၆) အံဆိုတဲ့ နိဂ္ဂဟိတ်က နှာခေါင်း အရပ်မှာ ဖြစ်တယ်။

(၇) ငှ ဉ ဏ နှ မ ယ ရ လ ဝ- ဒီ အကွာရာ ကိုးလုံးနှင့် ယှဉ်တဲ့ ဟ-အကွာရာက ရင်ခေါင်း အရပ်မှာ ဖြစ်တယ်။

ဒုတိယအကွာရာ

(၈) အကွာရာက လည်ချောင်း အာစောက် နှစ်ဌာနမှာ ဖြစ်တယ်။

(ဩ) အကွာရာက လည်ချောင်း နှုတ်ခမ်း နှစ်ဌာနမှာ ဖြစ်တယ်။

(၀) အကွာရာက သွား နှုတ်ခမ်း နှစ်ဌာနမှာ ဖြစ်တယ်။

'ဂ ဉ ဏ နမ' ဒီအကွာရာငါးလုံးက မိမိဌာန်နှင့် နှာခေါင်းအရပ် နှစ်ဌာနစီ ဖြစ်ကြတယ်။

ပုံစံထုတ်ပြ

ရူပ်ဘိက္ခဝေ အနတ္တာ

လို့ ရှုတ်ဆို ဟောကြားလိုက်တဲ့အခါ ရ-ကား လျှာထိပ်အရပ်၊ ၊-ကား နှုတ်ခမ်းအရပ်၊ ပ-ကား နှုတ်ခမ်းအရပ်၊ နိဂ္ဂဟိတ်ကား နှာခေါင်းအရပ် ။လ။ တွေကား သွားအရပ် ါ-ကား လည်ချောင်းအရပ်မှာ ဖြစ်ကြတယ်၊ အဲဒါလို စိတ္တဇပထဝီ ဓာတ်နှင့် အကွာရာဖြစ်ရာအရပ်မှာရှိတဲ့ ကမ္မဇရုပ်တွေ ထိပြီး ဒေသနာအသံ ဖြစ်ပေါ်လာတယ်။

၀

စိတ္တဇသဒ္ဒ

ဝမ်းထဲမှာ တရားဟောတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင်ရယ်လို့ မရှိ၊ ဖြစ်ပေါ်လာတဲ့အသံကို ရှုပ်လို့ မှတ်ရမယ်၊ ဒီသဒ္ဒရုပ်ဟာ စိတ်နာမ်ကြောင့် ဖြစ်ပေါ်လာတယ်လို့ မှတ်ရမယ်။

လက္ခဏာ

အဲဒီ သဒ္ဒရုပ်ဟာ သောတပသာဒ၌ ထိပါးခြင်းလျှင် မှတ်ကြောင်း လက္ခဏာ ရှိတယ်။

ဟုတ်တာပေါ့ အသံဖြစ်ပေါ်လာလျှင် သောတပသာဒခေါ်တဲ့ နှားအကြည်ရုပ်မှာ သွားပြီး ထိပါးကြားတော့ဒါဘဲ။

သဒ္ဒရုပ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာတဲ့ သဒ္ဒရုပ်ကို မဖြစ်ပါနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဖြစ်ပေါ်လာတဲ့ အသံရုပ်ကိုလဲ ချုပ်ပျောက် မသွားပါစေနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဟုတ်တာပေါ့ ရှု ဆိုတဲ့ အသံရုပ်ဟာ ပံ ဆိုတဲ့ အသံရုပ် အခိုက်မှာ မရှိတော့ဘူး ချုပ်ပျောက်သွားပြီ၊ အဲဒါလို ရှေရောက် နောက်ပျောက် ဥပါဒ် ရုပ်ဟာ ဌီ ရုပ် ဘင်ရုပ် မရောက်အောင် မတတ်နိုင်။

အသံရုပ်ဟာ ပရိသတ်ကြီး အလိုကျဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

သဒ္ဒရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

သဒ္ဒရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့ သဒ္ဒရုပ်ကို အဲ့စိုးရလို့ အလိုကျအောင် ခိုင်းစေလို့ ရမယ် ဆိုလျှင် ချို့ယွင်း ဖောက်ပြန် မကောင်းတဲ့ အသံဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

သဒ္ဒရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

သဒ္ဒရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုး ရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

သဒ္ဒရုပ်မှာ အသက်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် သဒ္ဒရုပ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် သဒ္ဒရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

ဖောင်ဘွာရုံ

နှုးညှံ့တဲ့အတွေ့ ကြမ်းတန်းဘဲ့အတွေ့ ပူတဲ့အတွေ့ အေးတဲ့အတွေ့ လှုပ်ရှားတဲ့အတွေ့ ချမ်းသာတဲ့အတွေ့ ဆင်းရဲတဲ့အတွေ့ ဘဝတွေ့ကုသမျှကို ဖောင်ဘွာရုံလို့ မှတ်သားရမည်။

ပထဝီ, တေဇော, ဝါယော ရုပ်သုံးပါး အပေါင်းကိုပင် တွေ့ထိအပ်သော ကြောင့် ဖောဋ္ဌဗ္ဗာရုံလို့ ဆိုတယ်။

ဖောဋ္ဌဗ္ဗာရုံ (၂)မျိုး

အဲဒီ ဖောဋ္ဌဗ္ဗာရုံကလဲ—

(၁) သုခဝေဒနာ၏ အကြောင်းဖြစ်တဲ့ အလိုရှိအပ်သော အတွေ့ (ဣဋ္ဌဖောဋ္ဌဗ္ဗာရုံ)

(၂) ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်တဲ့ အလိုမရှိအပ်သော အတွေ့ (အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံ) အားဖြင့် နှစ်မျိုးရှိတယ်။

ပထဝီ ဣဋ္ဌ ဖောဋ္ဌဗ္ဗာရုံ၊

ပထဝီ ဣဋ္ဌ ဖောဋ္ဌဗ္ဗာရုံမှာ— နူးညံ့ပြေ့ပျောင်းသော လက်ရှိတဲ့ သူငယ်တို့ခြေကို ဆုပ်နယ်ရာ၌ လက်၏ နူးညံ့သော အတွေ့ဖြင့် စိတ်ချမ်းသာမှုရ၍ ပထဝီ ဖောဋ္ဌဗ္ဗာရုံကို လိုလားသောအားဖြင့် အမောင်သူငယ် တိုး၍ တိုး၍ ဆုပ်နယ်ပါလော့ဟု ဆိုစေသော အခြင်းအရာကို ပြု၏။

ပထဝီ အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံ၊

ပထဝီ အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံမှာ— ခိုင်မာ သန်စွမ်းသော လက်ရှိတဲ့ သူငယ်တို့ လက်ခြေကို ဆုပ်နယ်ရာ၌ လက်၏ ကြမ်းသော အတွေ့ဖြင့် စိတ်ဆင်းရဲမှုဖြစ်၍ ပထဝီ ဖောဋ္ဌဗ္ဗာရုံကို မလိုလားသောအားဖြင့် အမောင်သူငယ် ဖဲလော့ ဖဲလော့ ဟု ဆိုအပ်သည်၏ အဖြစ်သို့ပင် ရောက်၏။

တေဇော ဣဋ္ဌ ဖောဋ္ဌဗ္ဗာရုံ၊

တေဇော ဣဋ္ဌ ဖောဋ္ဌဗ္ဗာရုံမှာ ချမ်းအေးသောအါ မီးလှုံရာ၌ မီး၏ ပူသော အတွေ့ဖြင့် စိတ်ချမ်းသာမှုရကာ တေဇော ဖောဋ္ဌဗ္ဗာရုံကို လိုလားသောအားဖြင့် အမောင် တိုး၍ တိုး၍ ကပ်လော့ လှုံလော့ ဟု ဆိုအပ်စေသော အခြင်းအရာကို ပြု၏။

တေဇော အနိဋ္ဌ ဖောဌဗ္ဗာရုံ၊

တေဇော အနိဋ္ဌ ဖောဌဗ္ဗာရုံမှာ—ပူအိုက်သောအခါ မီအိုးကင်းကို ယူဆောင်ပြီး အနီးဌ် ထားရာဌ် မီးဂ်ါပူသောအတွေ့ဖြင့် စိတ်ဆင်းရဲမှု ဖြစ်ကာ တေဇော ဖောဌဗ္ဗာရုံကို မလိုလားသောအားဖြင့် အမောင် ဖဲလော့ မီးအိုးကင်းကို အနီးဌ် မထားပါနှင့်ဟု ဆိုအပ်သည်ဂ်ါ အဖြစ်သို့ပင် ရောက်ဂ်ါ။

ဝါယော ဣဋ္ဌ ဖောဌဗ္ဗာရုံ၊

ဝါယော ဣဋ္ဌ ဖောဌဗ္ဗာရုံမှာ— ပူအိုက်သောအခါ ဝတ်အကျင့်နှင့်ပြည့်တဲ့ သူငယ်တို့ ယပ်လေခတ်ရာဌ် လေဂ်ါ အေးသော အတွေ့ဖြင့် စိတ်ချမ်းသာမှုရကာ ဝါယောဖောဌဗ္ဗာရုံကို လိုလားသောအားဖြင့် အမောင် တိုးရ် တိုးရ် ယပ်ခတ်လော့ဟု ဆိုစေသော အခြင်းအရာကိုပြုဂ်ါ။

ဝါယော အနိဋ္ဌ ဖောဌဗ္ဗာရုံ၊

ဝါယော အနိဋ္ဌ ဖောဌဗ္ဗာရုံမှာ—ချမ်းအေးသောအခါ ယပ်ခလေခတ်ရာဌ် လေဂ်ါချမ်းအေးသော အတွေ့ဖြင့် စိတ်ဆင်းရဲမှု ဖြစ်ကာ ဝါယော ဖောဌဗ္ဗာရုံကို မလိုလားသောအားဖြင့် အမောင် ဖဲလော ယပ်မခတ်ပါနှင့်ဟု ဆိုအပ်သည်ဂ်ါ အဖြစ်သို့ပင် ရောက်ဂ်ါ။

ဘုရားကိုယ်တော်မြတ်ကြီးကလဲ—'ကာတမံ တံ ရူပံ ဖောဌဗ္ဗာယတနံ ပထဝီခေါတု တေဇောခေါတု ဝါယောခေါတု ကဋ္ဌဉ္စိ မုဒုကံ သဏှံ ဖရုသံ သုခသမ္ဖဿံ ဒုက္ခသမ္ဖဿံ ဂရုကံ လဟုကံ ။လ။ ဣဒံ တံ ရူပံ ဖောဌဗ္ဗာ-ယတနံ' ဟု ဟောတော်မူသည်။

သက်ရှိ သက်မဲ့ နှစ်မျိုးရ

ပထဝီ, တေဇော, ဝါယော ရုပ်သုံးပါးဟာ သက်ရှိ သက်မဲ့ ရုပ်တိုင်း ရုပ်တိုင်းမှာ ရှိနေလေတော့ ဖောဌဗ္ဗာရုံဟာ သက်ရှိ သက်မဲ့ နှစ်မျိုးလုံးမှာဘဲ ရနိုင်တယ်။

လက္ခဏာ

အဲဒီ ဖောဌဗ္ဗာရုံဟာ ကာယပသာဒနှင့် ထိပါးခြင်း သဘောလက္ခဏာ ရှိတယ်။

ဖောဌဗ္ဗာရုံ အနတ္တ

ပရိသတ်ကြီး + ဘုရား။

ဖောဌဗ္ဗာရုံကို မဖြစ်ပါနှင့်ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့်ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ဖောဌဗ္ဗာရုံဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

ဖောဌဗ္ဗာရုံကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ဖောဌဗ္ဗာရုံကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့ ဖောဌဗ္ဗာရုံကို ပရိသတ်ကြီး အစိုးရလို အလိုကျအောင် ခိုင်းစေလို ရမယ်ဆိုလျှင် ဒုက္ခသမ္မတ အနိဋ္ဌ ဖောဌဗ္ဗာရုံဆိုတာ မရှိနိုင်ဘူးပေါ့၊ အခါခပ်သိမ်းဘဲ သုခသမ္မတ ဣဋ္ဌ ဖောဌဗ္ဗာရုံတွေချည်း ဖြစ်နေမှာဘဲ။

ပရိသတ်ကြီး + ဘုရား။

လမ်းသွားရင်း အုဋ္ဌခဲကို ခြေထောက်နှင့် တိုက်မိတယ်၊ အဲဒီအုဋ္ဌခဲမှာရှိတဲ့ ကြမ်းတန်းတဲ့ အတွေ့ ပထဝီ ဖောဌဗ္ဗာရုံနှင့် ခြေထောက်မှာရှိတဲ့ ကာယပသာဒ

ရုပ်တို့ ထိခိုက်မိကာ စိတ်ဆင်းရဲမှု ဖြစ်တယ်၊ အဲဒီ ပထဝီ ဖောဌမ္ဘာရုံကို လိုလားပါသလား?။

မလိုလားပါ ဘုရား။

အေး...မလိုလားသော်လဲ ဖောဌမ္ဘာရုံ အနတ္တမို့ ကြုံရတယ်။

ပရိသတ်ကြီး + ဘုရား။

ဖောဌမ္ဘာရုံမှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဖောဌမ္ဘာရုံဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

ဖောဌမ္ဘာရုံမှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ဖောဌမ္ဘာရုံဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဖောဌမ္ဘာရုံကို အနတ္တလို့ မှတ်ကြရမယ်။

ဘာဝရုပ်

ဣတ္ထိဘာဝရုပ်

"ဣတ္ထိဘော" ခေါ်တဲ့ မိန်းမ၏ အဖြစ်သဘောကို ဣတ္ထိဘာဝရုပ်လို့ ဆိုတယ်။

အဲဒီ ဣတ္ထိဘာဝရုပ်ဟာ တကိုယ်လုံးမှာဘဲ ပြန့်နှံ့ပြီး တည်နေတယ်။

ဒါ့ကြောင့်– 'ကတမံ တံ ရူပံ ဣတ္ထိန္ဒြိယံ ယံ ဣတ္ထိ ယာ ဣတ္ထိလိင်ံ ဣတ္ထိ နိမိတ္တံ ဣတ္ထိ ကုတ္တံ ဣတ္ထာကပ္ပေါ ဣတ္ထတ္တံ ဣတ္ထိဘာဝေါ ဣဒံ တံ ရူပံ ဣတ္ထိန္ဒြိယံ' ဟု ဟောတော်မူသည်။

လက္ခဏာ

အဲဒီ ဣတ္ထိဘာဝရုပ်ဟာ ဤသူကား မိန်းမတည်းဟု သိသောဉာဏ် ဣတ္ထိ သဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်တည်းဟူသော မှတ်ကြောင်း လက္ခဏာ ရှိတယ်။

ပုရိသဘာဝရုပ်

"ပုရိသဘော" ခေါ်တဲ့ ယောကျ်း၏ အဖြစ်သဘောကို ပုရိသဘာဝရုပ်လို့ ဆိုတယ်။

အဲဒီ ပုရိသဘာဝရုပ်ဟာ တကိုယ်လုံးမှာဘဲ ပြန့်နှံ့ပြီး တည်နေတယ်။

ဘုရားရှင်ကလဲ–'ကတမံ တံ ရူပံ ပုရိသိန္ဒြိယံ ယံ ပုရိသဿ ပုရိသလိင်ံ ပုရိသနိမိတ္တံ ပုရိသကုတ္တံ ပုရိသာကပ္ပေါ ပုရိသတ္တံ ပုရိသဘာဝေါ၊ ဣဒံ တံ ရူပံ ပုရိသိန္ဒြိယံ' ဟု ဟောတော်မူသည်။

လက္ခဏာ

အဲဒီ ပုရိသဘာဝရုပ်ဟာ ဤသူကား ယောကျ်းတည်းဟု သိသောဉာဏ်- ပုရိသသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်လျှင် မှတ်ကြောင်း လက္ခဏာ ရှိတယ်။

ဘာဝရုပ် ဖြစ်ရာအစ

ဒီဘာဝရုပ် နှစ်ခုဟာ ကမ္ဘာဦးသူတို့အား ပဝတ္တိအခါမှာ ဖြစ်တယ်၊ နောက်နောက်လူတို့အား ပဋိသန္ဓေမှ အစပြုပြီး ဖြစ်ကြတယ်။

လိင်ပြန်ပုံ

ပဋိသန္ဓေ ပဝတ္တိ နှစ်ပါးလုံးမှာ ဖြစ်တဲ့ ဘာဝရုပ်နှစ်ခုလုံးပင် ပဝတ္တိအခါမှာ မိန်းမဘောမှ ယောကျ်ားဘော၊ ယောကျ်ားဘောမှ မိန်းမဘောသို့ ပြောင်းလဲတတ်တယ်။

အကြောင်းကံ

လိင်နှစ်ခုတွင် ပုရိသလိင်သည် မြတ်၏၊ ဣတ္ထိလိင်သည် ယုတ်၏၊ လိင်ပြန်ရာ၌ ပုရိသလိင်သည် ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကြောင့် ကွယ်ပျောက်၍ ဒုဗ္ဗလကုသိုလ်ဖြင့် ဣတ္ထိလိင် ပေါ်ပေါက်သည်၊ ဣတ္ထိလိင်သည် အားနည်းသော အကုသိုလ်ကြောင့် ကွယ်ပျောက်၍ အားကြီးသော ကုသိုလ်ကြောင့် ပုရိသလိင် ပေါ်ပေါက်သည်။

ဘာဝရုပ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

ဘာဝရုပ်ကို မဖြစ်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ဘာဝရုပ်ဟာ ပရိသတ်ကြီး အလိုကျ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

ဘာဝရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ဘာဝရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါဘုရား။

ဟုတ်တာပေါ့ ဘာဝရုပ်ကို ပရိသတ်ကြီး အစိုးရလို့ ဒေါလိုက္ကအောင် ခိုင်းစေလို့ ရမယ်ဆိုလျှင် ဣတ္ထိဘောမှ ပုမ္ဘာ၊ ပုမ္ဘာမှ ဣတ္ထိဘော ပြောင်းလဲလို့ ရမှာဘဲ။

ပရိသတ်ကြီး + ဘုရား။

ဘာဝရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဘာဝရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

ဘာဝရုပ်မှာ အသက်ကောင် ဆိုတာ ရှိရဲ့လား?။

မ့ရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ဘာဝရုပ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဘာဝရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

ဇီဝိတရုပ်

ရုပ်တရားတွေကို မပြတ် အသက်ရှင်နေအောင် အစဉ်စောင့်ရှောက်တတ်တဲ့ ယခုလူတို့ အသက်လို့ ခေါ်တဲ့ ဇီဝိတရုပ်ဆိုတာ ရှိတယ်၊ အဲဒီ ဇီဝိတရုပ်ဟာ တကိုယ်လုံးမှာဘဲ ပြန့်နှံ့ပြီးတည်တယ်။

လက္ခဏာ

အဲဒီဇီဝိတရုပ်ဟာ မိမိနှင့် အတူတကွဖြစ်တဲ့ ကမ္မဇရုပ်တွေကို စောင့်ရှောက်ခြင်း သဘောလက္ခဏာရှိတယ်။

ဘုရားရှင်ကလဲ—"ကတမံ တံ ရူပံ ဇီဝိတိန္ဒြိယံ၊ ယော တေသံ ရူပီနံ မမ္မာနံ အာယု ဋ္ဌိတိ ယပ်နာ ယာပနာ ဣရိယနာ ဝတ္တနာ ပါလနာ ဇီဝိတံ ဇီဝိတိန္ဒြိယံ၊ ဣဒံ တံ ရူပံ ဇီဝိတိန္ဒြိယံ"ဟု ဟောတော်မူသည်။

ဇီဝိတရုပ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

ဇီဝိတရုပ်ကို မဖြစ်ပါနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့်ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဇီဝိတရုပ်ဟာ ပရိသတ်ကြီး အလိုက္ခ ဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

ဇီဝိတရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဇီဝိတရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့ ဇီဝိတရုပ်ကို အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ ရမည် ဆိုလျှင် သေတဲ့ သတ္တဝါဆိုတာ မရှိနိုင်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

သေချင်ကြရဲ့လား?။

မသေချင်ပါ ဘုရား။

အေး.... ဘယ်သူမှ မသေချင်ကြဘူး၊ ဇီဝိတရုပ် အနတ္တမို့မသေချင်သော်လဲ သေရတယ်။

ပရိသတ်ကြီး + ဘုရား။

ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဇီဝိတရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

ဇီဝိတရုပ်မှာ အသက်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ဇီဝိတရုပ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဇီဝိတရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

ဝိညတ်ရုပ်

ကာယဝိညတ်ရုပ်

လှုပ်ရှားမသာ ကိုယ်ဖြင့် မိမိ၏အလိုကို သူတပါးတို့အား သိစေသော ရုပ်ကို ကာယဝိညတ်ရုပ်လို့ ဆိုတယ်။

ကိုယ်လှုပ်ရှားမှုဆိုတာ–

ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း,တူရှုကြည့်ခြင်း, တစောင်းကြည့်ခြင်း, ကွေ့ခြင်း,ဆန့်ခြင်းစတဲ့ ကိုယ်အမှုအရာကို ဆိုသည်။

(၀ါယောဓာတ်၏ အခြင်းအရာ အထူးသည်ပင် ကာယဝိညတ်မည်၏။)

လက္ခဏာ

အဲဒီ ကာယဝိညတ်ရုပ်ဟာ–

ရှေ့သို့တက်ခြင်း စသည်ကို ဖြစ်စေတတ်သော စိတ္တဇ၀ါယောဓာတ်၏ အတူဖြစ်သော ရူပကာယကို ထောက်ပံ့ခိုင်ခံ့စေခြင်း ကောင်းစွာတည်စေခြင်း လှုပ်စေခြင်းကိစ္စအား ကျေးဇူးပြုတတ်သော ၀ါယောဓာတ်လွန်ကွန်သော စိတ္တဇမဟာဘူတ်တို့၏ အခြင်းအရာ အတူးလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။

ဘုရားရှင်လည်း– "ကတမံ တံ ရူပံ ကာယဝိညတ္တိ၊ ယာ ကုသလ-စိတ္တသ ၀ါ အကုသလစိတ္တသ ၀ါ အဗျာကတစိတ္တသ ၀ါ အဘိက္ကမန္တသ ၀ါ ပဋိက္ကမန္တသ ၀ါ အာလောကေန္တသ ၀ါ ဝိလောကေန္တသ ၀ါ သမိဉ္ဇေန္တသ ၀ါ ပသာရေန္တသ ၀ါ ကာယသ ထမ္ဘနာ သန္ဌမ္ဘနာ သန္ဌမ္ဘိတတ္တံ ဝိညတ္တိ ဝိညာပနာ ဝိညာပိတတ္တံ၊ ဣဒံ တံ ရူပံ ကာယ-ဝိညတ္တိ" ဟု ဟောတော်မူသည်။

ကာယဝိညတ်၏ အကျိုးကို မျက်စိဖြင့် မြင်နိုင်

ကာယဝိညတ်၏ အကျိုးဖြစ်တဲ့ ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တူရှုကြည့်ခြင်း, တစောင်းကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း စသည်ကို မျက်စိဖြင့်ပင် မြင်နိုင်ပါ၏။

ကာယဝိညတ်ရုပ်ကို စိတ်ဖြင့်သာ သိနိုင်

ရှေသို့ ခြေကို လှမ်းသည်ကို မြင်၍ ဤသူသည်ရှေသို့သွားလိမ့်မည်ဟုစိတ်ဖြင့် သိရသည်၊ နောက်သို့ ခြေကိုလှမ်းသည်ကို မြင်၍ ဤသူသည် နောက်သို့ ဆုတ်လိမ့်မည်ဟု စိတ်ဖြင့် သိရသည်၊ ခဲ,ဒုက်ကို လက်ဖြင့် ကိုင်၍ ချိန်ရွယ်လျှင် ဤသူသည် ခဲနှင့် ပစ်လိမ့်မည်၊ ဒုက်နှင့် ပစ်လိမ့်မည်- ရိုက်လိမ့်မည်ဟု သိရလေသည်၊ လက်ယက်၍ ပြလျှင် ဤသူသည် ငါ့ကို ခေါ်တာဘဲဟု စိတ်ဖြင့် သိရလေသည်၊ ခေါင်းညိတ်၍ ပြလျှင် ဤသူသည် သဘောတူ၏၊ ခေါင်းရမ်း၍ ပြလျှင် ဤသူသည် သဘော မတူဟု စိတ်ဖြင့် သိရလေသည်၊ ဤသို့လျှင် ကာယဝိညတ်ရုပ်ကို စိတ်ဖြင့်သာ သိနိုင်လေသည်။

ဝိညတ္တိ ပန နာ စက္ခုဝိညေယ္မာ၊ မနောဝိညေယ္မာဝေ (အဋ္ဌသာလိနီ။)

စိတ္တဇဝါယော အခြင်းအရာထူး

ရှေသို့သွားမည်, နောက်သို့ဆုတ်မည်, တူရွကြည့်မည်, တစောင်းကြည့်မည်, လက်ခြေကွေးမည်,လက်ခြေဆန့်တန်းမည်လို့ စိတ်ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ဖြစ်ပေါ်လာတဲ့ ရုပ်ရှစ်ခုတွင် စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်သည်ရှိ၏၊ အဲဒီ ဝါယောဓာတ်သည် မိမိနှင့် အတူဖြစ်တဲ့ ရူပကာယကို ခိုင်ခံ့စေ၏ လှုပ်ရှားစေ၏ ရှေသို့တက်ခြင်း နောက်သို့ဆုတ်ခြင်း စသည်ကို ဖြစ်စေ၏။

ဖြစ်စေပုံ

ရှေဇော(၆)ခုဖြင့် ခိုင်ခံ့ဆောင်စွမ်း

ဖြစ်စေပုံမှာ တခုသော အာဝဇ္ဇန်းရှိတဲ့ မနောဒ္ဓါရဝီထိ၌ ဇော ခုနစ်ကြိမ်ရှိသည်တွင် ပထမဇောကြောင့် ဖြစ်တဲ့ ဝါယောဓာတ်သည် မိမိနှင့်အတူဖြစ်တဲ့ ရူပကာယကို ခိုင်စေခြင်း ကောင်းစွာ ဆောင်ခြင်းငှါ စွမ်းနိုင်၏၊ လှုပ်ရှားစေခြင်းငှါ မစွမ်းနိုင်၊ ဒုတိယဇောမှစ၍ ဆဋ္ဌမဇော တိုင်အောင်သော ဇောတို့ကြောင့် ဖြစ်တဲ့ ဝါယောဓာတ်သည်လည်း မိမိနှင့်အတူဖြစ်တဲ့ ရူပကာယကို ခိုင်စေခြင်း ကောင်းစွာ ဆောင်ခြင်းငှါ စွမ်းနိုင်၏၊ထိုထို ဤဤ လှုပ်ရှားစေခြင်းငှါ မစွမ်းနိုင်။

သတ္တမဇောဖြင့် လှုပ်ရှား ထိုက္ခါသွား

သတ္တမဇောကြောင့် ဖြစ်တဲ့ ဝါယောဓာတ်သည်က ရှေးဇောခြောက်ခု တို့ကြောင့် ဖြစ်တဲ့ ဝါယောဓာတ်ဟူသော အထောက်အပံ့ကို ရ၍ မိမိနှင့် အတူ ဖြစ်တဲ့ ရူပကာယကို ခိုင်စေခြင်း, ကောင်းစွာဆောင်ခြင်း, လှုပ်ရှားစေခြင်း, ရှေသို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း စသည်ကို ဖြစ်စေ၏။ ထို့ကြောင့် လက် ခြေကွေးခြင်း ဆန့်ခြင်း သွားခြင်း လာခြင်းသည်ဖြစ်၏။

ဥပမာဖြင့် ထင်စွာပြ

ဥပမာအားဖြင့် နွားခုနစ်ယှဉ်း ရုံးရတဲ့လှည်းကြီး၌ ပဌမတံပိုး၌ ယှဉ်ကာ ထားတဲ့ နွားတို့ဖြင့် ခိုင်ခံ့စေခြင်း တည်တံ့စေခြင်းငှါသာ စွမ်းနိုင်၏၊လှည်းဘီးကို မလှိမ့်စေနိုင်၊ယိုအတူ ဒုတိယတံပိုးမှစ၍ ဆဋ္ဌမတံပိုး တိုင်အောင်သော နွားတို့ဖြင့် ခိုင်ခံ့စေခြင်း တည်တံ့စေခြင်းငှါသာ စွမ်းနိုင်၏၊ လှည်းဘီးကို မလှိမ့်စေနိုင်၊ သတ္တမတံပိုး၌ နွားတို့ကိုယှဉ်ကာ၍ လိမ်မာသော လှည်းသမားသည် နွားတို့ကို နုကန်ဖြင့် တို့၍ မောင်းနှင်လေရာ နွားခုနစ်ယှဉ်းလုံး တပြိုင်နက် အားသွင်း ရုံးသဖြင့် လှည်းကြီးသည် ခိုင်ခံ့တည်တံ့ပြီး လှည်းဘီးများလိမ့်ကာ ယူဇနာ မျှားစွာသို့ပင် ရောက်နိုင်လေသည်၊ ဤဥပမာဖြင့် သိမှတ်ရာ၏။

ဝစီဝိညတ်ရုပ်

စကားသံဖြင့် အလိုကို သိစေသောရုပ်ကို ဝစီဝိညတ်ရုပ်လို့ ဆိုတယ်။

စကားသ

စကားသံဆိုတာ ပြောသံ, ဆိုသံ, ရယ်သံ, မောသံ, သီချင်းဆိုသံ, ငိုကြွေးသံ,တရားဟောသံ စတဲ့ နှုတ်ပါးစပ်မှ ထွက်ပေါ်လာတဲ့ အသံအားလုံး ကို ဆိုလိုတယ်။

လက္ခဏာ

အဲဒီ ဝစီဝိညတ်ရုပ်ဟာ ဝစီအကူးအပြောင်းကို ဖြစ်စေတတ်သော [illegible] **ဝါတ်၏** အကွာရာဖြစ်ရာ အရပ်တို့၌ တည်သော ကမ္မဇပထဝီဓာတ်ကို [illegible]

ခြင်း၏ အကြောင်းဖြစ်သော ပထဝီဓာတ် လွန်ကုန်သော စိတ္တဇမဟာဘုတ်တို့၏ အခြင်းအရာအထူးလျှင် မှတ်ကြောင်းလက္ခဏာ ရှိ၏။

ဘုရားရှင်လည်း— 'ကတမံ တံ ရူပံ ဝစီဝိညတ္တိ၊ ယာ ကုသလစိတ္တသ. ဝါ အကုသလဝိတ္တသ ဝါ အဗ္ယာကတစိတ္တသ ဝါ ဝါစာ ဂိရာ ဗျပ္ပထော ဥဒီရဏံ ဃောသော ဃောသကမ္မံ ဝါစာ ဝစီဘေဒေါ၊ အယံ ဝုစ္စတိ ဝါစာ၊ ယာ တာယ ဝါစာယ ဝိညတ္တိ ဝိညာပနာ ဝိညာပိ-တတ္တံ၊ ဣဒံ တံ ရူပံ ဝစီဝိညတ္တိ' ဟု ဟောတော်မူသည်။

ဝစီဝိညတ်၏အကျိုးကို နားဖြင့် ကြားနိုင်

ဝစီဝိညတ်၏ အကျိုးဖြစ်တဲ့ ပြောသံ, ဆိုသံ, ရယ်မောသံ, သီချင်းဆိုသံ, ငိုကြွေးသံ, တရားဟောသံ အစရှိတဲ့ နှုတ်ပါးစပ်မှ ထွက်ပေါ်လာတဲ့ အသံ အားလုံးကိုမူကား နားဖြင့် ကြားနိုင်လေသည်။

ဝစီဝိညတ်ရုပ်ကို စိတ်ဖြင့်သာ သိနိုင်

သဗ္ဗေ သခ်ါရာ အနိစ္စာ။

သဗ္ဗေ သခ်ါရာ ဒုက္ခာ။

သဗ္ဗေ ဓမ္မာ အနတ္တာ—

လို့ ရှတ်ဆိုသံကို ကြားရ၍ ဤသူသည် တရားဟောနေတာဘဲလို့ စိတ်ဖြင့် သိရလေသည်။

သာဓု၊ သာဓု၊ သာဓု—

ဟု သာဓုခေါ်သံကို ကြားရ၍ ဤသူသည် တရားတော်ကို ကောင်းချီးပေးနေတာဘဲဟု စိတ်ဖြင့် သိရလေသည်။

တိုင်းမြန်မာစိပင်သာ + စီးပွားရေး တိုးတက်စေဘို့ရာ စားဝတ်နေမှု ခြိုးခြုံပါ + မိတ်ကောင်း မိတ်မြတ် ဆက်ဆံကာ + ကြိုးစားရှာ ချွေတာစု + ဝင်ငွေ ထွက်ငွေ မျှဘမှုကို ပြုစမ်းပါ + စောင့်ရှောက်မှုနဲ့လဲ မကင်းကွာ +

ဤလေးသမ္မဒါ စုံစုဝေပြုလျှင် + ချမ်းသာ + မြန်မာရှေ့ပြည် + ရတနာ အလီလီ + ပေါ်ပေါ် ပြည့်မှာ—

ဟု ဆိုသံကို ကြားရလျှင် ဤသူသည် ပစ္စုပ္ပန် ကြီးပွားချမ်းသာကြောင်း ဘုရား ဟောဒေသနာ လေးသမ္မဒါကို ဖွဲ့နွဲ့သီဆိုနေတာဘဲဟု စိတ်ဖြင့် သိရလေသည်။

ဟား ဟား ဟား—

ဆိုတဲ့ အသံကို ကြားရ၍ ဤသူသည် ရယ်မော နေတာဘဲဟု စိတ်ဖြင့် သိရလေသည်၊ ဤသို့လျှင် ဝစီဝိညတ်ကို စိတ်ဖြင့်သာ သိနိုင်လေသည်။

သဒ္ဒဝါစာ

(၁) စေတနာဝါစာ

(၂) ဝိရတိဝါစာ

(၃) သဒ္ဒဝါစာ—

အားဖြင့် ဝါစာ သုံးမျိုးရှိသည်တွင် ဤ၌ "သဒ္ဒဝါစာ"ကို လိုအပ်သည်။

ဝိညတ်ရုပ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

ဝိညတ်ရုပ်ကို မဖြစ်ပါနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဝိညတ်ရုပ်ဟာ ပရိသတ်ကြီး အလိုကျဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

ဝိညတ်ရုပ်ကို ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

ဝိညတ်ရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့–ဝိညတ်ရုပ်ကို အစိုးရလို့ အလိုကျအောင် ခိုင်းစေလို့ ရမယ်ဆိုလျှင် ဝိညတ်ရုပ် ခွဲ၂ိယှင်းပျက်စီးသူ ရှိမယ် မဟုတ်ဘူးပေါ့။

ပရိသတ်ကြီး + ဘုရား။

ဝိညတ်ရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညတ်ရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

ဝိညတ်ရုပ်မှာ အသက်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် ဝိညတ်ရုပ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဝိညတ်ရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

ပရိစ္ဆေဒရုပ်

တစုံတခုသော ဝတ္ထုပစ္စည်းဖြင့် ရေးခြစ်လို့ မဖြစ်, ဖြတ်ခွဲဖျက်ဆီးလို့လည်း မဖြစ်,တွေ့ထိ ကိုင်တွယ် လို့လည်း မဖြစ်တဲ့, ဟင်းလင်း အပြင်သဘောကို အာကာသခေါတ်–ပရိစ္ဆေဒရုပ်လို့ ဆိုတယ်။

ဒါကြောင့်–'ကတမံ တံ ရူပံ အာကာသဓာတု၊ယော အာကာသော အာကာသဂတံ အဃံ အဃဂတံ ဝိဝရော ဝိဝရဂတံ အသမ္ဘေဒံ စတ္ဌေဟိ မဟာဘူတေဟိ၊ ဣဒံ တံ ရူပံ အာကာသဓာတု'ဟု ဟောတော်မူသည်။

လက္ခဏာ

အဲဒီ အာကာသခေါတ်–ပရိစ္ဆေဒရုပ်ဟာ စက္ခုဒသကစသော တခုတခုသော ကလာပ်၌တည်သော ရုပ်တို့ကို တပါးသော ကလာပ်၌ တည်သော ရုပ်တို့နှင့် မရောယှက်အောင် ပိုင်းခြားခြင်း လက္ခဏာရှိတယ်။

ပရိစ္ဆေဒရုပ် အနုတ္တ

ပရိသတ်ကြီး + ဘုရား။

ပရိစ္ဆေဒရုပ်ကို မဖြစ်ပါနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနဲ့ ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

။လ။

ဒါကြောင့် ပရိစ္ဆေဒရုပ်ကို အနုတ္တလို့ မှတ်ကြရမယ်။

လဟုတာဒီတွယ

ရူပသလဟုတာရုပ်

စိတ္တဇ နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးသည်၏ အဖြစ်သည် ဂုပသလဟုတာ ရုပ်မည်၏။

လက္ခဏာ

အဲဒီ ရူပသဿလဟုတာရုပ်ဟာ—

စိတ္တဇ, ဥတုဇ, အာဟာရဇ ဟူသော တိသမုဋ္ဌာနိက မဟာဘုတ် နိပ္ဖန္နရုပ်တို့၏ မလေးမနှံသည်၏ အဖြစ်လျှင် လက္ခဏာရှိတယ်။

ဒါကြောင့်—'ကတမံ တံ ရူပံ ရူပသဿ လဟုတာ၊ ယာ ရူပသဿ လဟုတာ လဟုပရိဏာမတာ အဒန္ဓနတာ အဝိတ္ထနတာ ဣဒံ တံ ရူပံ ရူပသဿ လဟုတာ' ဟု ဟောတော်မူသည်။

ရူပသဿ မုဒုတာရုပ်

နိပ္ဖန္နရုပ်တို့၏ နှုးညံ့သည်၏ အဖြစ်သည် 'ရူပသဿမုဒုတာ' ရုပ်မည်၏။

လက္ခဏာ

အဲဒီ ရူပသဿမုဒုတာ ရုပ်ဟာ—

စိတ္တဇ, ဥတုဇ, အာဟာရဇ ဟူသော တိသမုဋ္ဌာနိက မဟာဘုတ် နိပ္ဖန္နရုပ်တို့၏ မကြမ်းတန်းသည်၏ အဖြစ်လျှင် သဘောလက္ခဏာရှိတယ်။

ဒါကြောင့်—'ကတမံ တံ ရူပံ ရူပသဿမုဒုတာ၊ ယာ ရူပသဿမုဒုတာ မဒ္ဒဝတာ အကက္ခဋတာ အကထိနတာ၊ ဣဒံ တံ ရူပံ ရူပသဿမုဒုတာ' ဟု ဟောတော်မူသည်။

ရူပသဿ ကမ္မညတာရုပ်

နိပ္ဖန္နရုပ်တို့၏ အမှဋ္ဌ ကောင်းသည်၏ အဖြစ်သည် ရူပသဿ ကမ္မညတာရုပ်မည်၏။

လက္ခဏာ

အဲဒီ ရူပသဿ ကမ္မညတာရုပ်ဟာ—

ကိုယ်ဖြင့် ပြုအပ်သော အမှုကိစ္စတို့အား လျော်သည်၏ အဖြစ်ဟု ဆိုအပ်သော အမှဋ္ဌ ကောင်းသည်၏ အဖြစ်လျှင် မှတ်ကြောင်း လက္ခဏာရှိတယ်။

ဒါကြောင့်—'ကတမံ တံ ရူပံ ရူပဿ ကမ္မညတာ၊ ယာ ရူပဿ ကမ္မညတာ ကမ္မညတ္တံ ကမ္မညဘावဝေါ ဣဒံ တံ ရူပံ ရူပဿ ကမ္မညတာ' ဟု ဟောတော်မူသည်။

တိဇရုပ်

ဤ လဟုတာဒိတ္တယ ရုပ်သုံးခုကား ကံကြောင့်မဖြစ် ဥတု, စိတ်,အာဟာရ တို့ကြောင့်ဖြစ်၏၊ ထို့ကြောင့် လျှောက်ပတ်သော ဥတု, လျှောက်ပတ်သော အာဟာရ, စိတ်၏ တည်ကြည်မှုတို့ကို ရရှိ ကိုယ်သည် ပေါ့ပါး လျင်မြန် ဖြတ်လတ်၏၊ နူးညံ့သိမ်မွေ့၏ အမှုဌာန်၏ဟု မှတ်ရမည်။

လဟုတာဒိတ္တယ အနတ္တ

ပရိသတ်ကြီး + ဘုရား။

လဟုတာစသော ရုပ်သုံးခုကို မဖြစ်ပါနှင့်ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့်ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

လဟုတာ စသော ရုပ်သုံးခုဟာ ပရိသတ်ကြီး အလိုကျဖြစ်ရဲ့လား?။

မဖြစ်ပါ ဘုရား။

လဟုတာစသော ရုပ်သုံးခုကို ဒီလိုဖြစ်စေ ဒီလို မဖြစ်စေနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

လဟုတာစသော ရုပ်သုံးခုကို ပရိသတ်ကြီး အကိုးရရဲ့လား?။

အကိုး မရပါ ဘုရား။

ဟုက်တာပေါ့—လဟုတာစသော ရုပ်သုံးခုကို အကိုးရလို့ အလိုကျအောင် ခိုင်းစေလို့ရမယ် ဆိုလျှင် အခါခပ်သိမ်း ပရိသတ်ကြီး ကိုယ်ခန္ဓာဟာ ပေါ့ပါး

လျင်မြန်နေမှာဘဲ နှေးညံ့နေမှာဘဲ၊ အမှုဌ် ခန့်နေမှာဘဲ၊ ချို့ယွင်းမှု မရှိနိုင်ဘူးပေါ့။

လဟုတာစသော ရုပ်သုံးခုမှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူ ရှိရဲ့လား။

မရှိပါ ဘုရား။

လဟုတာစသော ရုပ်သုံးခုဟာ ဗြဟ္မာ ဗိဿနိုး စာန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

လဟုတာစသော ရုပ်သုံးခုမှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် လဟုတာစသော ရုပ်သုံးခုဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် လဟုတာစသောရုပ်သုံးခုကို အနတ္တလို့ မှတ်ကြရမယ်။

ဥပစယရုပ် သန္ဌတိရုပ်

တဘဝတည်းတွင် ရှေးက မဖြစ်ဘူးသေးသော ရုပ်တို့၏ ရှေးဦး ဖြစ်စသည့် ဥပစယရုပ် မည်၏၊ ကကြိမ်ဖြစ်ဘူး၍ ထိုနောက် တဖန် ဖြစ်သော ရုပ်တို့၏ အစဉ်သည့် သန္ဌတိရုပ် မည်၏။

ပေါ်လွင်စေအံ့—

ကမ္မဇရုပ်၌

'ဂဗ္ဘသေယျက' သတ္တဝါတို့အား— ကာယဒသ္သက ဝတ္ထုဒသက ဘာဝဒသက ကမ္မဇ ကလာပ်သုံးစည်းတို့၏ ရှေးဦးဖြစ်စသည် ဥပစယရုပ် မည်၏၊ ထို့နောက် တဖန် ထပ်၍ ဆက်ကာ ဆက်ကာ ဖြစ်သောရုပ်တို့၏ အစဉ်သည် သန္တတိရုပ် မည်၏။

စိတ္တဇရုပ်၌

ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ခဏ၌ စိတ္တဇရုပ်တို့၏ ဖြစ်စသည် ဥပစယရုပ် မည်၏။

ဒုတိယဘဝင်မှစ၍ နောက်ထပ် ဆက်ကာ ဆက်ကာဖြစ်သော ရုပ်တို့၏ အစဉ်သည် သန္တတိရုပ် မည်၏။

ဥတုဇရုပ်၌

ပဋိသန္ဓေ၏ ဌီကာလ၌ ဥတုဇရုပ်တို့၏ ရှေးဦးဖြစ်စသည် ဥပစယရုပ်မည်၏၊ ထို့နောက် ထပ်၍ ဆက်ကာ ဆက်ကာဖြစ်သော ရုပ်တို့၏ အစဉ်သည် သန္တတိရုပ် မည်၏။

အာဟာရဇရုပ်၌

ဗဟိဒ္ဓသြဇာ၏ နှံ့သောကာလ၌ အာဟာရဇရုပ်တို့၏ ရှေးဦးဖြစ်စသည် ဥပစယရုပ် မည်၏၊ ထို့နောက် ထပ်၍ ဆက်ကာ ဆက်ကာဖြစ်သော ရုပ်တို့၏ အစဉ်သည် သန္တတိရုပ် မည်၏။

စက္ခု စသည်၌

မိမိဖြစ်ချိန် ရောက်၍ စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက တို့၏ ရှေးဦးဖြစ်စသည် ဥပစယရုပ် မည်၏၊ နောက်ထပ် တဖန် ဆက်ကာ ဆက်ကာ ဖြစ်သောရုပ်တို့၏ အစဉ်သည် သန္တတိရုပ် မည်၏။

သံသေဒဇ ဩပပါတိက

သတ္တဝါတို့အား ပဋိသန္ဓေခဏ၌ ရုပ်တို့၏ ဥပါဒ်သည် ဥပစယရုပ် မည်၏၊ ထိုမှ နောက်၌ဖြစ်သော ရုပ်တို့၏ အစဉ်သည် သန္ဇတိရုပ် မည်၏။

ဇာတိရုပ်ကို (၂) ခုပြု

ဥပစယရုပ်နှင့် သန္ဇတိရုပ်သည် ဇာတိရုပ် တပါးတည်းပင် ဖြစ်သည်၊ သို့သော် ဖြစ်ပုံအခြင်းအရာ တူသောအားဖြင့်၎င်း၊ ဝေနေယျတို့၏ အလိုအားဖြင့်၎င်း ဥပစယ + သန္ဇတိဟု ရုပ်နှစ်ခုပြု၍ ဟောတော်မူသည်။

လက္ခဏာ

'ဥပစယရုပ်'သည် နိပ္ဖန္နရုပ်တို့၏ ရှေးဦးအစ ဖြစ်ခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိသည်။

'သန္ဇတိရုပ်'သည် နိပ္ဖန္နရုပ်တို့၏ နောက်ထပ် တဖန် ဆက်ကာ ဆက်ကာ ဖြစ်ခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိသည်။

ဒါကြောင့်—'ကတမံ တံ ရူပံ ရူပဿ ဥပစယော၊ ယော အာယတနာနံ အာစယော၊ သော ရူပဿ ဥပစယော၊ ဣဒံ တံ ရူပံ ရူပဿ ဥပစယော။

ကတမံ တံ ရူပံ ရူပဿ သန္ဇတိ၊ ယော ရူပဿ ဥပစယော၊ သော ရူပဿ သန္ဇတိ၊ ဣဒံ တံ ရူပံ ရူပဿ သန္ဇတိ'ဟု ဟောတော်မူသည်။

ဇာတိရုပ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

ဇာတိရုပ်ကို မဖြစ်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

။လ။

ဒါကြောင့် ဇာတိရုပ်ကို အနုတ္တလို့ မှတ်ကြရမယ်။

ရူပသ ဇရတာရုပ်

ရုပ်တို့၏ ရင့်ရော် အိုမင်း ဟောင်းမြင်းခြင်း၊ ဌိ-အခိုက်အတန့်သည် ရူပသ ဇရတာရုပ်မည်၏။

(ဇရတာ-ဌ ဇရ + ဓာတ်–အ + ပစ္စည်း၊ သကတ္ထတာပစ္စည်း)

ဇရာ (၂) မျိုး

ဇရာသည်–

(၁) ပါကဋဇရာ (ရုပ်၏ အိုမင်းခြင်း)

(၂) ပဋိစ္ဆန္နဇရာ (နာမ်၏အိုမင်းခြင်း) ဟူ၍ နှစ်မျိုးရှိ၏။

ပါကဋဇရာ(၃)မျိုး

ပါကဋဇရာသည်–

(၁) ခဏ္ဍာစ္စဇရာ

(၂) ပါလိစ္စဇရာ

(၃) ဝလိတ္တစဇရာ ဟူ၍ သုံးမျိုးရှိ၏။

(၁) သွားကျိုးခြင်း, ခြေသည်း လက်သည်းကျိုးခြင်း, ခါးရုံး စသည်တို့ ကျိုးခြင်း ကိုင်းခြင်း ကွေးခြင်း ကောက်ခြင်းသည် ခဏ္ဍိစ္စဇရာ မည်၏။

(၂) အံကြိုးခြင်း မုတ်ဆိတ်ကျင်စွယ် မျက်ဝုံးပေး ကိုယ်တွင်ပေါက် သော အပေါ်းတို့ ဖြူခြင်းသည် ပါလိစ္စဇရာ မည်၏။

(၃) အသားအရေ ညှိုးနွမ်း တွန့်လိပ်ခြင်းသည် ဝလိတ္တစဇရာမည်၏။

ဇရာ၏ အကျိုး

အိုမင်း မဲမှိုင်း ရိုသေအား အသက်သည် ယုတ်၏၊ နှားကိုင်းခြင်း မျက်စိမှုန်ခြင်းတို့သည် ဖြစ်ကုန်၏၊ ယင်းသည် ဇရာ၏ အကျိုးပင်ဖြစ်၏။

ဘုရားရှင်လည်း—'ကတမံ တံ ရူပံ ရူပသဏ္ဌာနံ၊ ယာ ရူပသဏ္ဌာနံ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ ဣဒံ တံ ရူပံ ရူပသဏ္ဌာနံ' ဟု ဟောတော်မူသည်။

လက္ခဏာ

ဇရတာရူပ်သည် ရူပ်တို့၏ ရင့်ရော် ဟောင်းမြင်းခြင်းလျှင် သဘောလက္ခဏာရှိတယ်။

ဇရတာရူပ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

ရူပ်ကို မအိုပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

သွားကျိုးတာကို မကျိုးပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ဆံပင်ဖြူတာကို မဖြူပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

အရေတွန့်တာကို မတွန့်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

အမယ်အို အဘိုးအိုတွေ ခါးကုန်းတာကို မကုန်းပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

မျက်စိမှုန်တာကို မမှုန်ပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

နားထိုင်းတာကို မထိုင်းပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

လက်ခြေကောက်ကွေးတာကို မကွေးပါနှင့် ဆိုလို ရရဲ့လား?။

မရပါ ဘုရား။

ပရိသတ်ကြီး + ဘုရား။

အသက်ခုနစ်ဆယ်အရွယ် ရှစ်ဆယ်အရွယ် အမယ်အို အဘိုးအိုတွေကို မမြင်ပါလား?။

မြင်ပါတယ် ဘုရား။

အဲဒီ အမယ်အို အဘိုးအိုတွေဟာ ဇရတာရုပ်ဖြင့် အိုမင်းရင့်ရော်ကြရတယ်၊ သွားတွေကျိုးတယ်၊ ဆံပင်တွေဖြူတယ်၊ မုတ်ဆိတ် ကျင်စွယ် အမွေးတွေဖြူတယ်၊ မျက်စိကလဲ မှုန်မှုန်မှဝေးမှဝေး၊ နားကလဲ ထိုင်း၊ ခါးကလဲ ကိုင်း၊ အသားအရေတွေ ပိန်ချိုင့် တွန့်လိပ်ပြီးနေတယ်၊ ဇရတာရုပ်ကို အစိုးရလို့ အလိုကျအောင် လိုက်ပြီး ဖြစ်ပါလျှင် သွားကျိုး ဆံဖြူ မျက်စိမှုန် နားထိုင်း ခါးကိုင်းကာ အသားအရေတွေ ပိန်ချိုင့်တွန့်လိပ်ပြီး နေတဲ့ အမယ်အို အဘိုးအိုတွေဆိုတာ မရှိနိုင်ဘူးပေါ့။

မှန်ပါ ဘုရား။

ပရိသတ်ကြီး + ဘုရား။

ဆံပင်တွေ ဖွေးဖွေးဖြူနေတဲ့ အမယ်အို အဘိုးအိုတွေက ငါ့ခေါင်းက ဆံပင်တွေ ငယ်ရွယ်စဉ်က နက်ပြီး သက်ရွယ် ယိုယွင်း အိုမင်းကာကျမှ ဖွေးဖွေးဖြူလာတယ်၊ ငါ့ဆံပင်ဖွေးဖွေးဖြူရာမှ နဂိုအတိုင်း ပြန်နက်စေလို့ နှုတ်ဖြင့် ခိုင်းစေကြည့် အဲဒီ အမယ်အို အဘိုးအိုတွေ ခေါင်းက ဆံပင်ဖြူတွေဟာ ခိုင်းစေလိုက်လို့ တဖန် ပြန်နက်သွားရဲ့လား?။

ဆံပင်တွေ ပြန်နက်မသွားပါ ဘုရား။

ဂဲ အနတ္တရဲ့ 'အာသဝတ္တန' ကိုယ့် အလိုကျအောင် လိုက်ပြီး မဖြစ်တဲ့ သဘောကို ပေါ်လောပေါ်အောင် စဉ်းစားနော်– ဒီဆံပင်ဟာ ကိုယ်ပိုင် ကိုယ်စိုးတဲ့ အတ္တမျိုးဖြစ်ခဲ့လျှင် အလိုကျအောင် ခိုင်းစေလို့ရမယ်၊ ခိုင်းစေသည်နှင့် တပြိုင်နက် ဆံပင်တွေဖြူရာမှ နက်သွားမှာပေါ့၊ ယခုတော့ ကိုယ်ခိုင်းစေသလို လိုက်ပြီး မဖြစ်၊ သူ့သဘောအတိုင်း သူဖြစ်တဲ့ အနတ္တတရား ဖြစ်ခြင်း

ကြောင့်ပင် ဇရတာရုပ်ဖြင့် ဆံပင်တွေ ဖြူမြဲဖြူနေတယ်၊ ပြန်ပြီး နက်မလာဘူး မှန်ရဲ့လား?။

မှန်ပါ ဘုရား။

ပရိသတ်ကြီး + ဘုရား။

သက်ရှယ်ပျိုနုတဲ့ ယောကျ်ားတဦးက သို့မဟုတ် မိန်းမတဦးက ငါ့ခေါင်းက ဆံပင်တွေ အမြဲတစေ နက်နေပါစေလို့ ခိုင်းကြည့် ရရဲ့လား?။

မရပါ ဘုရား။

အင်း....ဘယ်ရမလဲ ဆံပင်ဟာ အနတ္တတရား ဖြစ်တယ်၊ ကိုယ်ခိုင်းစေသလို လိုက်ပြီးဖြစ်တဲ့ အတ္တတရား မဟုတ်ဘူး၊ ဒါကြောင့် သက်ရှယ် ကြီးရင့်လာတဲ့ အခါ ဇရတာရုပ်ဖြင့် ဆံပင်တွေ ဖွေးဖွေးဖြူလာတယ်။

ပရိသတ်ကြီး + ဘုရား။

သွားတွေကျိုး မျက်စိတွေမှုန် နားတွေထိုင်း ခါးတွေကိုင်းပြီး အသားအရေတွေ ပိန်ချိုင့် တွန့်လိပ်နေတဲ့ အမယ်အို အဘိုးအိုတွေက ငါ့သွားတွေ ယယ်ရှယ်စဉ်ကလို ပြန်ဖြစ်လာစေ၊ မျက်စိတွေလဲ မှုန်ရာမှ ယယ်ရှယ်စဉ်ကလို ပြန်ကြည်လာစေ၊ နားတွေလဲ ထိုင်းရာမှ ယယ်ရှယ်စဉ်ကလို ပြန်ကောင်းလာစေ၊ ခါးလဲ ကိုင်းရာမှ ယယ်ရှယ်စဉ်ကလို ပြန်ကောင်းလာစေ၊ အသားအရေတွေလဲ ပိန်ချိုင့် တွန့်လိပ်ရာမှ ယယ်ရှယ်စဉ်ကလို ပြည့်တင်း စိုပြေလာစေလို့ ခိုင်းစေကြည့် ရရဲ့လား?။

မရပါ ဘုရား။

အင်း....ဘယ်ရမလဲ အနတ္တတရားကို၊ ကိုယ်လိုသလို လိုက်ပြီး မဖြစ်ဘူး ဆိုတာ မှတ်ထားရမယ်နော်။

ပရိသတ်ကြီး + ဘုရား။

အသက်အရွယ်ပျိုနုတဲ့ ယောကျ်ား သို့မဟုတ် မိန်းမ တဦးက ငါ့ရုပ်ရေဟာ အမြဲတစေ ပျိုနု နေပါစေ၊ သွားမကျိုးပါနဲ့၊ မျက်စိမမှုန်ပါနဲ့၊ နားမထိုင်း

ပါနဲ့၊ ခါးမကိုင်းပါနဲ့၊ အသားအရေ မပိန်ချိုင့် မတွန့်လိပ်ပါနဲ့လို့ ခိုင်းစေ ကြည့် ရရဲ့လား?။

မရပါ ဘုရား။

အင်း....ဘယ်ရမလဲ အနတ္တတရားပေကို ကိုယ်လိုသလို လိုက်ပြီး မဖြစ်ဘူး၊ ခိုင်းစေလို့ မရ၊ အစိုးမရဘူး၊ ဇရတာရုပ်ဖြင့် ပျိုနုရာမှ အိုမင်းရင့်ရော်ပြီး သွားတွေကျိုး၊ မျက်စိတွေမှုန်၊ နာတွေထိုင်း၊ ခါးတွေကိုင်း၊ အသားအရေတွေ ပိန်ချိုင့် တွန့်လိပ်ရတယ်။

ပရိသတ်ကြီး+ ဘုရား။

ဇရတာရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ခံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဇရတာရုပ်ဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ် လာတာလား?။

မဟုတ်ပါ ဘုရား။

ဇရတာရုပ်မှာ အသက်ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဘိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါကြောင့် ဇရတာရုပ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် ဇရတာရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

ကိုင်း အားလုံး လိုက်ဆို—

(၁) မအိုလိုကြ အိုကြရ ရှုကြအနတ္တ၊

(၂) မဖြူလိုကြ ဆံဖြူရ ရှုကြအနတ္တ၊

(၃) မကျိုးလိုကြ သွားကျိုးရ ရှုကြအနတ္တ၊

(၄) မကိုင်းလိုကြ ခါးကိုင်းရ ရှုကြအနတ္တ။

ရူပဿ အနိစ္စတာရုပ်

ရုပ်တို့၏ ပြိုကွဲ ပျက်စီးခြင်း ဘင်အခိုက်အတန့်သည် အနိစ္စတာရုပ် မည်၏။

အနိစ္စ+အမြဲမရှိ၊ တာ+အဖြစ်။

ခဏနိရောဓ၊ စုတိနိရောဓ အားဖြင့် ရုပ်တွေ ဖရိုဖရဲ ပြိုကွဲပျက်စီး၍ အမြဲမရှိသည်၏ အဖြစ်တည်း။

လက္ခဏာ

အဲဒီ အနိစ္စတာ ရုပ်ဟာ ရုပ်တို့၏ ပြိုကွဲ ပျက်စီးခြင်း ဘင်အခိုက်အတန့်လျှင် မှတ်ကြောင်းလက္ခဏာ ရှိတယ်။

ဘုရားရှင်လည်း—"ကတမံ တံ ရူပံ ရူပဿ အနိစ္စတာ၊ ယော ရူပဿ ခယော ဝယော ဘေဒေါ ပရိဘေဒေါ အနိစ္စတာ အန္တရဓာနံ ဣဒံ တံ ရူပံ ရူပဿ အနိစ္စတာ"ဟု ဟောတော်မူသည်။

အနိစ္စတာရုပ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

ရုပ်တရားတွေ ရှေးဦး ထင်ရှားမရှိဘဲ အကြောင်းပစ္စည်းတို့ ညီညွတ်မှုဖြင့် ဖြစ်ပေါ်လာပြီး ဘင်သို့ ရောက်ကာ ချုပ်ပျောက် ပျက်စီးခြင်း တဘဝတွက်

နိဂုံးသေဆုံး၍ ပျက်စီးခြင်း ဖြစ်ရာမှာ ဖြစ်ပေါ်လာတဲ့ ရုပ်ဟာရားတွေကိုဘင်သို့ မရောက်ပါစေလင့်— မရဏသို့ မရောက်ပါစေလင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အနိစ္စတာရုပ်ကို ပရိသတ်ကြီး အစိုးရရဲ့လား?။

အစိုး မရပါ ဘုရား။

ဟုတ်တာပေါ့—အနိစ္စတာရုပ်ကို အစိုးရလို့ အလိုကျအောင်လိုက်ပြီးဖြစ်နေပါလျှင် ပျက်စီးမှုဆိုတာ မရှိနိုင်ဘူးပေါ့၊ အမြဲတစေ ရုပ်တရားတွေ ခိုင်မြဲပြီးနေတယ်၊ အဝတ်စုတ် တောင်းစုတ် အိုးကွဲ ပန်းကန်ကွဲ ဇွန်းကျိုး စလောင်းပဲ့ လက်ကျိုးခြေပြတ် သေဆုံးသူမှစပြီး သက်မဲ့ သက်ရှိ ရုပ်တရားတွေ ပျက်စီးချိုယွင်းမှု မတွေ့မြင်နိုင်ဘူးပေါ့။

အဲဒီ သက်မဲ့ သက်ရှိ ရုပ်တရားတွေ ပျက်စီးတာ အနိစ္စတာရုပ်ရဲ့ သဘောအတိုင်းဘဲ ဖြစ်တယ်။

ပရိသတ်ကြီး + ဘုရား။

အနိစ္စတာရုပ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝံစားတတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

အနိစ္စတာ ရုပ်ဟာ ပြဟာ ဗဟုသုတ တန်ခိုးရှိသူတွေ ပန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

အနိစ္စတာရုပမှာ အသက်ကောင် ဘုံတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လိပ်ပြာကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဒါဖြင့် အနိစ္စတာရုပ်ဟာ အတ္တဖြစ်နိုင်ပါ့မလား?။

မဖြစ်နိုင်ပါ ဘုရား။

ဒါကြောင့် အနိစ္စတာရုပ်ကို အနတ္တလို့ မှတ်ကြရမယ်။

ဇာတိ + ဇရာ—မရဏ။

ဥပမာဖြင့် ထင်စွာပြ

ဥပစယရုပ် သန္ဓတိရုပ် နှစ်ခုဖြင့် 'ဇာတိ' ဥပါဒ် - ပဋ္ဌိသန္ဓေ နေခြင်းကိုယူ။

ဇရတာရုပ်ဖြင့်'ဇရာ'ဌိ—အိုမင်းရင့်ရော်ခြင်းကိုယူ။

အနိစ္စတာရုပ်ဖြင့် 'မရဏ' ဘင်—သေဆုံးရခြင်းကိုယူ။

ဤဇာတိ ဇရာ မရဏ (ဥပါဒ် ဌိ ဘင်၊ ပဋ္ဌိသန္ဓေ,အို နာ, သေ)သုံးပါးသည် သတ္တဝါတို့၏ ရန်သူနှင့်တူ၏။

ထင်ရှားစေအုံ—

ရန်သူ သုံးယောက်တို့သည် နှိပ်စက်အုံ့ဌါ အခွင့်ကိုရှာကုန်လျက် လှည့်လည်ကုန်၏၊ထို ရန်သူ သုံးယောက်တွင် တယောက်သူသည် ဤသူကို မြို့ရှာမှ ထုတ်၍ တောအုပ်သို့ သွင်းမှုသည် ငါ၏တာဝန်ဟု ဆို၏၊ ဒုတိယလူသည် တောအုပ်သို့ ရောက်ရာအခါ ထောင်း ထု ပုတ်ခတ်၍ မြေ၌ လည်းစေမှုသည် ငါ၏တာဝန်ဟု ဆို၏၊ တတိယလူသည် မြေ၌ လည်းသောအခါ သန်လျက်ဖြင့် ဦးခေါင်းဖြတ်မှုသည် ငါ၏တာဝန်ဟု ဆို၏။

ဥပမာန ဥပမေယျ နှီးနှောပြ

ဤဥပမာ၌—

ဇာတိသည် မြို့ရှာမှထုတ်၍ တောအုပ်သို့ သွင်းသောရန်သူနှင့်တူ၏။

အကြောင်းသော်ကား— ဇာတိသည် ထိုထိုဂတိ၌ သတ္တဝါတွေကို ဖြစ်စေတတ်သောကြောင့်တည်း။

ဇရာသည်— တောအုပ်သို့ ရောက်သောသူကို ထောင်းထုပုတ်ခတ်၍ မြေ၌ လည်းစေသော ရန်သူနှင့် တူ၏။

အကြောင်းသော်ကား— ဖြစ်ပေါ်လာသောခန္ဓာတို့ကို အိုမင်း ရင့်ရော်စေခြင်းဖြင့် အားနည်းအောင် ပြုခြင်း သူတပါးနှင့် စပ်သည်ကိုပြုခြင်း အိပ်ရာ ညောင်စောင်းလျှင် လည်းလျှောင်းရာ ရှိသည်ကို ပြုတတ်ခြင်းကြောင့်တည်း။

မရဏသည်—မြေ၌ လည်းသောသူကို သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်သော ရန်သူနှင့် တူ၏။

အကြောင်းသော်ကား— အိုမင်းရင့်ရော်ခြင်းသို့ ရောက်သော ခန္ဓာတို့ကို ကုန်ခန်း ချုပ်ပျောက် အသက်ကုန်ခြင်းသို့ ရောက်စေတတ်သောကြောင့်တည်း။

ဟဒယဝတ္ထုရုပ်

ဟဒယဝတ္ထုရုပ်ကား— နှလုံးသားအတွင်း တလက်ဆွမ်းမျှ လောက်သော သွေးကိုမှီ၍ တည်နေတယ်၊ မနောဓာတ် မနောဝိညာဏဓာတ် ဟူသော စိတ်စတသိက် နာမ်တရားတို့၏ တည်ရာ မှီရာ ဖြစ်သောကြောင့် ဝတ္ထုမည်တယ်။

လက္ခဏာ

အဲဒီ ဟဒယရုပ်ဟာ— မနောဓာတ် မနောဝိညာဏဓာတ် နှစ်ခုကို့၏ မှီရာ၏ အဖြစ်လျှင် လက္ခဏာ ရှိတယ်။

ဒါကြောင့်—"ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ-ဓာတု စ ပဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတု-ယာ စ တံ သမ္မယုတ္တကာနဉ္စ မဿာနံ နိဿယပစ္စယေန ပစ္စယော" ဟု ပဋ္ဌာန်း၌ ဟောတော်မူသည်။

ဟဒယရုပ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

ဟဒယရုပ်ကို မဖြစ်ပါနှင့် ဆိုလို ရခဲ့လား?။

မရပါ ဘုရား။

မပျက်ပါနှင့် ဆိုလို ရခဲ့လား?။

မရပါ ဘုရား။

။လ။

ဒါ့ကြောင့် ဟဒယဝတ္ထုရုပ်ကို အနတ္တလို မှတ်ကြရမယ်။

ရုပ် (၂၇) ခု

သက်ရှိ ရုပ်ထဲက လူ၏ ခန္ဓာကိုယ်မှာ ယောကျ်ား (၂၇) နှစ်ဆယ့်ခုနစ်၊ မိန်းမ(၂၇) နှစ်ဆယ့်ခုနစ်ရုပ်စီ ရရှိကြတယ်၊ အဲဒီယောကျ်ားတွေ ကိုယ်မှာရှိတဲ့ ရုပ်တွေဘဲ ဖြစ်ဖြစ်၊ မိန်းမတွေ ကိုယ်မှာရှိတဲ့ ရုပ်တွေဘဲ ဖြစ်ဖြစ်၊ အနတ္တချည်းဘဲလို့ မှတ်ရမယ်။

အပေါင်း လက်တွေ့ စစ်ဆေးကြည့်ကြစို့။

လူကိုယ်၌ အပြစ်(၆)မျိုး

ဆ သရီရ ဒေါသ လူ၏ကိုယ်မှာ အပြစ်ခြောက်မျိုး ရုပ်ဆိုးတဲ့ လူတွေမှာ ရှိတယ်။

အဲဒီ အပြစ် ခြောက်မျိုးကား—

(၁) အတိဒီဃ (အလွန် အရပ်ရှည်ခြင်း)

(၂) အတိရဿ (အလွန် အရပ်တိုနိမ့်ပုကွခြင်း)

(၃) အတိကိသ (အလွန် ပိန်ခြင်း)

(၄) အတိထူလ (အလွန် ဝခြင်း)

(၅) အတိကာဌိက (အလွန် အသားမည်းခြင်း)

(၆) အတိသြဒါတ (အလွန် အသားဖြူခြင်း)

ပရိသတ်ကြီး + ဘုရား။

အလွန် အရပ်ရှည်သူကို ရုပ်ချောသူလို့ ဆိုနိုင်ပါ့မလား?။

မဆိုနိုင်ပါ ဘုရား။

အင်း...အတိဒီဃ ဆိုတဲ့ အပြစ် မလွတ်ခြင်းကြောင့် ရုပ်ချောသူလို့ မဆိုနိုင်ဘူးပေါ့။

အလွန် အရပ်တိုနိမ့်ပြီး ပုကွနေသူကို ရုပ်လှသူလို့ ဆိုနိုင်ပါ့မလား?။

မဆိုနိုင်ပါ ဘုရား။

အင်း...အတိရဿ ဆိုတဲ့အပြစ် မလွတ်ခြင်းကြောင့် ရုပ်လှသူလို့ မဆိုနိုင်ဘူးပေါ့။

အလွန် ကြုံလို့ ပိန်ချုံးပြီးနေသူကို ရုပ်လှသူလို့ ဆိုနိုင်ပါ့မလား?။

မဆိုနိုင်ပါ ဘုရား။

အင်း...အတိကိသ ဆိုတဲ့ အပြစ် မလွတ်ခြင်းကြောင့် ရုပ်လှသူလို့ မဆိုနိုင်ဘူးပေါ့။

အလွန် ဖြူးပြီးနေသူကို ရုပ်ချောသူလို့ ဆိုနိုင်ပါ့မလား?။

မဆိုနိုင်ပါ ဘုရား။

အင်း...အတိထူလ ဆိုတဲ့ အပြစ် မလွတ်ခြင်းကြောင့် ရုပ်ချောသူလို့ မဆိုနိုင်ဘူးပေါ့။

အလွန် အသားမဲသူကို ရုပ်လှသူလို့ ဆိုနိုင်ပါ့မလား?။

မဆိုနိုင်ပါ ဘုရား။

အင်း...အတိကာဌိက ဆိုတဲ့ အပြစ် မလွတ်ခြင်းကြောင့် ရုပ်လှသူလို့ မဆိုနိုင်ဘူးပေါ့။

အလွန် အသားဖြူနေသူကို ရုပ်ချောသူလို့ ဆိုနိုင်ပါ့မလား?၊ မဆိုနိုင်ပါ ဘုရား။

အင်း....အတိုသြဒါတ ဆိုတဲ့ အပြစ် မလွတ်ခြင်းကြောင့် ရုပ်ချောသူလို့ မဆိုနိုင်ဘူးပေါ့။

ကောင်းခြင်းငါးပါး

ဒါကြောင့် ရုပ်ရေ ချောမောလှပသူဆိုတာ ဆ သရီရဒေါသ အပြစ် ၆-ပါး ကင်းပပြီး—

(၁) ဆဝိကလျာဏ— အရေ၏ ကောင်းခြင်း (ရွှေအဆင်းကဲ့သို့ ဝါရွှေသော အဆင်းရှိခြင်း)

(၂) မံသကလျာဏ—အသား၏ ကောင်းခြင်း(လက်ဖဝါး ခြေဖဝါး နှုတ်ခမ်းသားများ နီမြန်းခြင်း)

(၃) နှာရုကလျာဏ— အကြော၏ ကောင်းခြင်း (နှစ်ဆယ်သော လက်သည်း ခြေသည်းတွေဟာ အသားအတွင်းမှာ နီမြန်းပြီး အသားမှ လွတ်ရာအရပ်မှာ နီအဆင်းကဲ့သို့ ဖြူစင်ခြင်း)

(၄) အဋ္ဌိကလျာဏ— အရိုး၏ ကောင်းခြင်း (၃၂-ချောင်းသော သွားတို့ ကောင်းစွာ သွေးအပ်သော ဝရဇိန်အစဉ်ကဲ့သို့ ညီညွတ်ပြေပြစ်ခြင်း)

(၅) ဝယောကလျာဏ— အရွယ်၏ ကောင်းခြင်း (အသက်တရာပင် ရှိသော်လည်း ဆယ့်ခြောက်နှစ် အရွယ်ကဲ့သို့ အရေမတွန့် ဆံပင်မဖြူခြင်း) ဒီ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံရမယ်တဲ့။

ဒါကြောင့် "ရှည်တိုကြုံဆူ၊ မည်းဖြူခြောက်ဆင့်၊ ပြစ်မျိုးလွှင့်၍၊ ငါးဆင့် ရေသား၊ ကြောရိုးအားဖြင့်၊ ရွယ်ကားပြည့်စုံ၊ ကောင်းခြင်း ပုံ၍၊ လူတုံ မမှီ၊ နတ်သည် မမျှ၊ ချောမောလှ၏"။

ရုပ် (၂၇) အနတ္တ

ပရိသတ်ကြီး + ဘုရား။

ပရိသတ်ကြီးထဲမှာ အလွန်အရပ်ရှည်သူတွေ မပါဘူးလား?။

ပါ ပါတယ် ဘုရား။

ပုကွသူတွေ မပါဘူးလား?။

ပါ ပါတယ် ဘုရား။

ပိန်တဲ့လူတွေ မပါဘူးလား?။

ပါ ပါတယ် ဘုရား။

ဝလွန်းတဲ့လူတွေ မပါဘူးလား?။

ပါ ပါတယ် ဘုရား။

အသားမဲတဲ့ လူတွေ မပါဘူးလား?။

ပါ ပါတယ် ဘုရား။

အသားပြူလွန်းတဲ့ လူတွေ မပါဘူးလား?။

ပါ ပါတယ် ဘုရား။

ဒီ ပရိသတ်ထဲမှာ ဆ, သရီရဒေါသ ကိုယ်၏ အပြစ် ခြောက်မျိုး မလွတ်သူတွေပါတယ်၊ အပြစ်ခြောက်မျိုး မလွတ်လျှင် လူချောလှလှလို့ မဆိုနိုင်ဘူးပေါ့၊ လူတိုင်း လူတိုင်းဘဲ ရုပ်လှချင်ကြတယ်။

ပရိသတ်ကြီး + ဘုရား။

မလှချင်ကြဘူးလား?။

လှချင်ပါတယ် ဘုရား။

အေး လှချင်ကြမှာဘဲ ကိုယ်လှချင်လျှင်—

* အရပ်ရှည်သူက ငါ့အရပ် ရှည်လွန်းတယ်။ အပြစ်မလွတ် မလုပဘူး အပြစ်လွတ်ပြီး လုပသွားအောင် ငါ့အရပ်ရှည်ရာမှ ယခုချက်ခြင်း တိုနိမ့်သွားစေ။
* အရပ်ပုကွသူကလဲ ငါ့အရပ် ပုလွန်းတယ်၊ အပြစ်မလွတ် မလုပဘူး၊ အပြစ်လွတ်ပြီး လုပသွားအောင် ငါ့အရပ် ပုရာမှ ယခုချက်ခြင်း ရှည်လာစေ။
* ပိန်တဲ့လူကလဲ ငါ့ရုပ်တွေ ပိန်လွန်းတယ်၊ အပြစ်မလွတ် မလုပဘူး၊ အပြစ်လွတ်ပြီး လုပသွားအောင် ငါ့ရုပ်တွေ ပိန်ရာမှ ယခုချက်ခြင်း ဝလာစေ။
* ဝတဲ့လူကလဲ ငါ့ရုပ်တွေ ဝလွန်းတယ်၊ အပြစ်မလွတ် မလုပဘူး၊ အပြစ်လွတ်ပြီး လုပသွားအောင် ငါ့ရုပ်တွေ ဝလွန်းရာမှ ယခုချက်ခြင်း ပိန်သွားစေ။
* အသားမဲသူကလဲ ငါ့အသား မဲလွန်းတယ်၊ အပြစ်မလွတ် မလုပဘူး၊ အပြစ်လွတ်ပြီး လုပသွားအောင် ငါ့အသားမဲရာမှ ယခုချက်ခြင်း ဖြူလာစေ။
* အသားဖြူတဲ့ လူကလဲ ငါ့အသား ဖြူလွန်းတယ်၊ အပြစ်မလွတ် မလုပဘူး၊ အပြစ်လွတ်ပြီး လုပသွားအောင် ငါ့အသား ဖြူလွန်းရာမှ ယခုချက်ခြင်း ရှေသောအဆင်းသို့ ပြောင်းလာစေ။

အဲဒီလို ကိုယ့်ရုပ်ကို ခိုင်းစေကြည့်ကြစမ်းပါ—

ရရဲ့လား ပရိသတ်ကြီး?။

မရပါ ဘုရား။

အေး....ရုပ်တရားဟာ အနတ္တတရားဖြစ်တယ်၊ ပရိသတ်ကြီး အလိုက္ကအောင် လိုက်ပြီး မဖြစ်ဘူး၊ ခိုင်းစေလို့ မရဘူး၊ ကိုယ့်ခန္ဓာကိုယ်မှာဖြစ်သော်လဲ ဒီ ရုပ်တရားကို ကိုယ် မပိုင်စိုးဘူး၊ သူ့သဘောအတိုင်း ဖြစ်တယ်၊ သူ့သဘောအတိုင်း ပျက်တယ်၊ ပရိသတ်ကြီး ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရားဟာ ပရိသတ်ကြီး

အလိုကျဖြစ်တဲ့ အတ္တတရား၊ ပရိသတ်ကြီး ပိုင်စိုးတဲ့ အတ္တတရားများ ဖြစ်ခဲ့ပါလျှင် ပရိသတ်ကြီးအတွင်းမှာ ရုပ်ဆိုးတဲ့ လူရယ်လို့ ရှိနိုင်ပါအုန်းမလား?။

မရှိနိုင်ပါ ဘုရား။

အရပ်ရှည်တဲ့လူ, အရပ်ပုတဲ့လူ, ပိန်တဲ့လူ, ဝတဲ့လူ, အသားမဲတဲ့လူ, အသားဖြူလွန်းတဲ့လူတွေ မြင်ရပါအုန်းမလား?။

မမြင်ရပါ ဘုရား။

အေး....**အား**လုံး လူချော လူလှတွေချည်း ဖြစ်နေမှာပေါ့၊ လူတိုင်းလူတိုင်း ရုပ်ချောချင်ကြတယ်၊ ချောပင် ချောကြသော်လဲ ပင်ကိုယ်သဘာဝ ရုပ်တရား အနတ္တမို့, အလိုကျအောင် မတတ်နိုင်ကြဘူး။

ခေတ်ပေါ်နည်းဖြင့် ပြင်လည်းမရ

ခုခေတ်မှာ ကောင်းခြင်း ဝါးဖြာနှင့် ပြည့်စုံအောင် ကိုယ့်ရုပ်ကို ကိုယ်တတ်နိုင်သမျှ ပြုပြင်ကြတယ်။

(၁) ဆဝိကလျှာဏ—ဆိုတဲ့ ပဌမကောင်းခြင်းနှင့် ပြည့်စုံအောင် မျက်နှာချေ ပေါင်ဒါ သနပ်ခါးမှစပြီး အရေအဆင်း လှပစေတတ်တဲ့ အရာဝတ္ထုတွေကို သုတ်လိမ်းကြတယ်။

(၂) မံသကလျှာဏ ဆိုတဲ့ ဒုတိယကောင်းခြင်းနှင့် ပြည့်စုံအောင် နှုတ်ခမ်းနီဆိုးဆေးများပြင့် နှုတ်ခမ်းသား နီမြန်းအောင် ပြုကြတယ်။

(၃) နှာရုကလျှာဏ-ဆိုတဲ့ တတိယ ကောင်းခြင်းနှင့် ပြည့်စုံအောင် လက်သည်းနီ ဆိုးဆေးများဖြင့် လက်သည်းခွံကို ဆိုးကြတယ်။

(၄) အင်္ဂုကလျှာဏ-ဆိုတဲ့ စတုတ္ထ ကောင်းခြင်းနှင့် ပြည့်စုံအောင် ရွှေသွား နီခွန်သွားတွေ စိုက်ကြတယ်။

(၅) ဝယောဂကလျှာဏ-ဆိုတဲ့ ပဉ္စမကောင်းခြင်းနှင့် ပြည့်စုံအောင် အပေါင် ဆိုးဆေးတွေနှင့် အပေါင်ပြားတွေကို နှက်အောင် ဆိုးကြတယ်။

ခုလို ခေတ်ပေါ် နည်းပညာ အမျိုးမျိုးတွေနှင့် ရုပ်တရားကို မြှုပြင့်ပါ သော်လဲ ခဏတာမျှ မရှည်မကြာ အလိုသို့မလိုက် အကြိုက်သို့မပါ သူ့သဘော အတိုင်းသာ တရားဟာ ဖြစ်မြဲဖြစ်တယ်။

အဲဒါ ရုပ်တရား အနတ္တဆိုတာ ရှင်းတာဘဲ။

အားလုံး လိုက်ဆိုကြ—

(၁) ရုပ်ရှည်လွန်းစွ၊ တိုစေကြ၊ မရ အနတ္တ၊
(၂) ရုပ်တိုလွန်းစွ၊ ရှည်စေကြ၊ မရ အနတ္တ၊
(၃) ရုပ်ပိန်လွန်းစွ၊ ဝစေကြ၊ မရ အနတ္တ၊
(၄) ရုပ်ဝလွန်းစွ၊ ပိန်စေကြ၊ မရ အနတ္တ၊
(၅) ရုပ်မည်းလွန်းစွ၊ ဖြူစေကြ၊ မရ အနတ္တ၊
(၆) ရုပ်ဖြူလွန်းစွ၊ ရွှေစေကြ၊ မရ အနတ္တ၊
(၇) ကောင်းခြင်းငါးပုံ၊ ပြည့်စုံအောင်ပ၊ ပြုပြင်ကြ၊ မရ အနတ္တ။

အနတ္တရုပ်ဘဲ အမှတ်မြဲ

ပရိသတ်ကြီး + ဘုရား။

ငါ အရုပ်ရှည်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

ဖြင့် ဘယ်သူ အရုပ်ရှည်တာလဲလို့ မေးလျှင် အနတ္တရုပ် ရှည်တာပါ ဘုရား။ ဖြေရလိမ့်မယ်။

အနတ္တရုပ်ဘဲ ရှည်နိုင်တယ်၊ငါဆိုတဲ့ အတ္တပညတ်က မရှည်နိုင်ဘူး၊အနတ္တရုပ် သူ့သဘောအတိုင်း ရှည်တာကို ငါဆိုတဲ့ အတ္တပညတ်တပ်ပြီး အနတ္တရုပ်ကို ငါမှတ်ကာ ငါရှည်တယ်လို့ အတ္တစွဲ ပြောကြားနေကြတယ်၊ ငါဆိုတဲ့ အတ္တ ပညတ်က တခြား၊ အနတ္တရုပ်က တခြား၊ မှတ်ထားနော် ပရိသတ်ကြီး အတ္တနှင့်

အနတ္တ ကဲ့ပြား ခြားနားအောင်၊ နောက်တခါ အရုပ်ရှည်တယ်လို့ မကြားရ စေနဲ့ အနတ္တရုပ် ရှည်တယ်လို့သာ အမှတ်မြဲစေရမယ်။

ပရိသတ်ကြီး + ဘုရား။

ငါ အရုပ်ပုတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

ငါ ပိန်တယ်ဆိုတာလဲ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

ငါ ဝတယ်ဆိုတာလဲ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

ငါ အသားမဲတယ်ဆိုတာလဲ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

ငါ အသားဖြူတယ်ဆိုတာလဲ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

ဒါဖြင့် ဘယ်သူပုတာလဲ?။

အနတ္တရုပ် ပုတာပါ ဘုရား။

ဘယ်သူ ပိန်သလဲ?။

အနတ္တရုပ် ပိန်တာပါ ဘုရား။

ဘယ်သူ ဝသလဲ?။

အနတ္တရုပ် ဝတာပါ ဘုရား။

ဘယ်သူ မဲသလဲ?။

အနတ္တရုပ် မဲတာပါ ဘုရား။

ဘယ်သူ ဖြူသလဲ?။

အနတ္တရုပ် ဖြူတာပါ ဘုရား။

အင်း....အနတ္တရုပ်ဘဲ ပုနိုင်တယ် အနတ္တရုပ်ဘဲ ပိန်နိုင်တယ်၊ အနတ္တရုပ်ဘဲ ဝနိုင်တယ်၊ အနတ္တရုပ်ဘဲ မဲနိုင်တယ်၊ အနတ္တရုပ်ဘဲ ဖြူနိုင်တယ်၊ ငါဆိုတဲ့ အတ္တပညတ်က မပုနိုင်, မပိန်နိုင်, မဝနိုင်, မမဲနိုင်, မဖြူနိုင်ပါဘူး။

အနတ္တရုပ်သူ့သဘောအတိုင်း ပုတာ,ပိန်တာ,ဝတာ,မဲတာ,ဖြူတာကို ငါဆိုတဲ့ အတ္တပညတ်ဝပ်ပြီး အနတ္တရုပ်ကို ငါမှတ်ကာ ငါပုတယ်,ငါပိန်တယ်,ငါဝတယ်, ငါမဲတယ်,ငါဖြူတယ်လို့ အတ္တစ့ဲပြောကြားနေကြတယ်၊ငါဆိုတဲ့ အတ္တပညတ်က တခြား၊ အနတ္တရုပ်က တခြား၊ မှတ်ထားနော် ပရိသတ်ကြီး အတ္တနှင့် အနတ္တ ကဲ့ပြားသွားအောင် နောက်တခါ ငါပုတယ်, ငါပိန်တယ်, ငါဝတယ်, ငါမည်းတယ်, ငါဖြူတယ်လို့ မကြားရစေနှင့် အနတ္တရုပ် ပုတယ်, ပိန်တယ်, ဝတယ်, မည်းတယ်, ဖြူတယ်လို့သာ အမှတ်မြဲစေရမယ်နော်။

ရူပကွန္ဓာ ဖြစ်ကြောင်းတရား

ပရိသတ်ကြီး + ဘုရား။

ရူပကွန္ဓာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်၊ အဲဒါလို့ မရှိဘဲနှင့် ရူပကွန္ဓာ ဖြစ်ပေါ်လာရာမှာ အကြောင်းတရားကို ရှာဖွေလျှင် အဝိဇ္ဇာ တဏှာ ကံ နာမ် တရားနှင့် အာဟာရရုပ် ဆိုတဲ့အကြောင်းတရားကို တွေ့မယ်။

ဤပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်တဲ့ အတိတ်ဘဝမှာ အဝိဇ္ဇာ, သင်္ခါရ, ဥပါဒါန်, ကံ, သင်္ခါရတို့ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ မပယ်ရသေးလို့ ဖြစ်ပေါ်လာခဲ့ခြင်းကြောင့် ဤပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေကစပြီး ရူပကွန္ဓာရုပ် အစဉ်ဟာ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ပေါ်လာတယ်၊ ပဝတ္တိရုပ်၏ အကြောင်းဖြစ်တဲ့ အာဟာရ, ဥတု, စိတ်တို့ ဖြစ်ခြင်းကြောင့် ရူပကွန္ဓာ ရုပ်အစဉ်ဟာ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ပေါ်လာတယ်။

(အဝိဇၨာ တဏှာ ကံတို့ကား–ရူပကွန္ဒာ၏ ပဋိသေန္ဓေဟိတ် အတိတ်ပစ္စည်း၊ ၎င်းသုံးပါးကို ယူသျှင့် သခ်ါရ ဥပါဒါန်တို့ကိုလည်း ယူပြီး ျဖစ်သည်၊ ကဗဠိ ကာရာဟာရကား– ရူပကွန္ဒာ၏ ပဝတ္တိပစ္စည်းတည်း၊ ၎င်းကို ယူသျှင့် ဥတု စိတ်တို့ကိုလည်း ယူပြီး ျဖစ်သည်။)

အဝိဇၨာတဏှာကမ္မာနိ စေတ္တ ဣဓ ပဋိသန္ဓိ ဟေတုဘူတာ အတီတ-ပစ္စယာ၊ ဣဒမသုစ တီသု ဂဟိေတသု သခ်ါရပါဒါနာနိ ဂဟိတာ ေနဝ ေဟာန္တိ၊ အာဟာရသမုဒယာတိ ပဝတ္တိပစ္စယေသု ကဗဠိကာရာဟာရသ ဗလဝတ္တာ ေသာယေဝ ဂဟိေတာ၊ တသ္မိं ပန ဂဟိေတ ပဝတ္တိ ေဟတု-ဘူတာနိ ဥတုစိတ္တာနိပိ ဂဟိတာေနဝ ေဟာန္တိ။ (ပဋိသမ္ဘိဒါမဂ္ဂ ဋီကထာ ဥဒယဗ္ဗယညာဏ်အဖွင့်။)

အဲဒီ အဝိဇၨာ တဏှာ ဥပါဒါန် ကံ သခ်ါရ အတိတ်နာမ်နှင့် ဥတု စိတ် အာဟာရ ပစ္စုပ္ပန် ရုပ် နာမ်တို့ကို အေြကာင်းခံပြီး ျဖစ်ေပါ်လာတဲ့ ရူပကွန္ဒာ-ရုပ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ရူပကွန္ဒာ ရုပ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲျဖင့် ခံနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ရူပကွန္ဒာ ရုပ်တရားကို ငါဘဲလို့ မာနစွဲျဖင့် ခံနေတာဟာ သင့်ပါ့မေလား?။

မသင့်ပါ ဘုရား။

ဒီ ရူပကွန္ဒာ ရုပ်တရားကို ငါ့ကိုင် ငါး ငါ့အလိုကျ ျဖစ်ဘဲ အတ္တဘဲလို့ ဒိဋ္ဌိျဖင့် ခံနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

သံသရာနယ်ခဲ့၊

ဒီ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ တရားသုံးပါးကို သတ္တဝါတွေကို သံသရာရှည်လျားအောင် ပြုတတ်လို့ သံသရာဝတ်အတွင်းမှ မလွတ်ကင်းနိုင်အောင် ပြုတတ်လို့ သံသရာနယ်ကို ခွဲထွင်တတ်လို့ သံသရာနှယ်ခွဲသမားတွေလို့ ဆိုတယ်။

နယ်ခဲ့၊ လက်အောက်မှ မလွတ်မြောက်က ဒုက္ခ

ဒီ သံသရာနယ်ခွဲ သမားတွေရဲ့ လက်အောက်မှ မလွတ်နိုင်သေးသမျှ တော်တော်ကြာ လူဖြစ်လိုက်၊ တော်တော်ကြာ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ခွေး, နွား, ကြက်, ငှက်, တိရစ္ဆာန်ဖြစ်လိုက်၊ ငရဲကျလိုက်၊ ပြိတ္တာဖြစ်လိုက်၊ အသူရကာယ်ဖြစ်လိုက်နှင့် ဘဝထိုက္ခါ အတည်မကျ ဘဝမျိုးစုံနှင့် ပြေးသွားကြဉ်လည် ဒုက္ခရှည်ကြရတယ်။

နယ်ခွဲလက်အောက်မှ လွတ်မြောက်အောင် ကြိုးစား

ပရိသတ်ကြီးဟာ သံသရာ နယ်ခွဲ လက်အောက်မှ လွတ်မြောက်အောင် ကြိုးစားကြရမယ်။

မှန်ပါ ကြိုးစားပါမယ် ဘုရား။

သံသရာ နယ်ခွဲ လက်အောက်မှ လွတ်မြောက်အောင် ပရိသတ်ကြီးဟာ ရူပကွန္ဒာ ရုပ်တရား ဖောက်ပြန်ရေး သဘောတရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲ နှင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါဘဲလို့လဲ မာနစွဲနှင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျ ဖြစ်တဲ့ အတ္တဘဲလို့လဲ ဒိဋ္ဌိစွဲ နှင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

တဏှာ ၁၀၀၊ပါး၊ မာန် ၉-ပါး၊ ဒိဋ္ဌိ ၆၂-ပါး ဒီတရားတွေနှင့် ဖြစ်ပေါ်လာတဲ့ ရူပကွန္ဓာ ရုပ်တရားကို မစဲ့လမ်းဘဲ ဖောက်ပြန်မှု ရုပ်ရူပကွန္ဓာဖြစ်ပေါ်လာတိုင်း ဤရူပကွန္ဓာ ရုပ်တရားသည်ကား—

(၁) ငါ၏ ဥစ္စာ မဟုတ်၊

(၂) ငါမဟုတ်၊

(၃) ငါ့အလိုသို့ လိုက်ပြီးဖြစ်တဲ့ အတ္တမဟုတ်ဟု ရှုမှတ်ကြရမယ်။

ရူပကွန္ဓာ ပြီး၏။

ဝေဒနာကွန္ဓာ အနတ္တဖြစ်ပုံ။

ဝေဒနာ အမည်ရပုံ

ဝေဒနာ အနတ္တာ။

ချစ်သားတို့ ဝေဒနာကွန္ဓာကို အနတ္တလို့ မှတ်ကြကဲ့။

ပရိသတ်ကြီး + ဘုရား။

မြတ်စွာဘုရားက ဝေဒနာကို ဘာလို့ မှတ်ရမတဲ့လဲ?။

အနတ္တလို့ မှတ်ရပါမယ်တဲ့ ဘုရား။

အေး ဝေဒနာကို အနတ္တလို့ မှတ်ရမယ်လို့ ဘုရားဟောတယ်၊ ဘာကို ဝေဒနာခေါ်တယ်၊ ဘယ်လို အနတ္တဖြစ်တယ်လို့ သိဘို့လိုတယ်။

ခံစားတတ်တဲ့ သဘောကို ဝေဒနာလို့ ခေါ်တယ်။

ပရိသတ်ကြီး + ဘုရား။

ဘာကို ဝေဒနာခေါ်သလဲ?။

ခံစားတတ်တဲ့ သဘောကို ဝေဒနာခေါ်ပါတယ် ဘုရား။

ဒါကြောင့် မြတ်ဘုရားက

ကိုဠ ဘိက္ခဝေ ဝေဒနံ ဝေဒယေ၊

ချစ်သားတို့ အဘယ်ကြောင့် ဝေဒနာဟု ဆိုကြကုန်သနည်း? ဟု-အမေး ထုတ်တော်မူပြီး—

ဝေဒယတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝေဒနာတိ ဝုစ္စတိ။

ချစ်သားတို့ ခံစားတတ်သောကြောင့် ဝေဒနာခေါ်တယ် ဟု- အဖြေ ထုတ်တော်မူခဲ့တယ်။

ခံစာမှု သုံးမျိုး

အဲဒီ ခံစားမှု သဘောကလဲ—

(၁) ချမ်းသာကို ခံစားမှု (သုခဝေဒနာ)

(၂) ဆင်းရဲကို ခံစားမှု (ဒုက္ခဝေဒနာ)

(၃) ချမ်းသာဆင်းရဲမှု အလွတ်ဖြစ်တဲ့ လစ်လျူရှုခံစားမှု (အဒုက္ခ-မသုခဝေဒနာ)အားဖြင့် ခံစားမှု သုံးမျိုးရှိတယ်။

ဒါကြောင့် မြတ်ဘုရားက—

ကိုဠ ဝေဒယတိ။

ချစ်သားတို့ အဘယ်ကို ခံစားသနည်း? ဟု အမေးထုတ်တော်မူပြီး—

သုခမို့ ဝေဒယတိ၊ ဒုက္ခမို့ ဝေဒယတိ၊ အဒုက္ခ မသုခမို့ ဝေဒယတိ၊ ဝေဒယတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝေဒနာတိ ဝုစ္စတိ။

ချစ်သားတို့...ချမ်းသာကိုလည်း ခံစား၏၊ဆင်းရဲကိုလည်းခံစား၏၊ချမ်းသာ ဆင်းရဲမှု အလွတ်ဖြစ်တဲ့ လျစ်လျူရှုမှုကိုလည်း ခံစား၏၊ ထိုကြောင့်လျှင် ဝေဒနာမည်၏ဟု အဖြေ ထုတ်တော်မူသည်။

ဇာတ်အားဖြင့် ဝေဒနာသုံးပါးပြား

တနည်း—

(၁) ကုသိုလ်ဝေဒနာ (ကုသိုလ်စိတ်နှင့် ယှဉ်တဲ့ ဝေဒနာ)

(၂) အကုသိုလ်ဝေဒနာ (အကုသိုလ်စိတ်နှင့် ယှဉ်တဲ့ ဝေဒနာ)

(၃) အဗျာကတဝေဒနာ (ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်း မဟုတ်တဲ့ အဗျာကတစိတ်နှင့် ယှဉ်တဲ့ ဝေဒနာ)လို့ ဇာတ်အားဖြင့် ဝေဒနာသုံးပါး ပြားပြန်တယ်။

သဘောအားဖြင့် ဝေဒနာငါးပါးပြား

တနည်း—

(၁) သုခဝေဒနာ (နှစ်သက်လိုလားဖွယ်ရာ ကောင်းမြတ်တဲ့ အတွေ့ဖောဋ္ဌဗ္ဗာရုံကို ကိုယ်ဖြင့် ခံစားမှု။)

(၂) ဒုက္ခဝေဒနာ (မနှစ်မြို့ဖွယ်ရာ မကောင်းတဲ့ အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ကိုယ်ဖြင့် ခံစားမှု။)

(၃) သောမနဿဝေဒနာ (သဘာဝ ဣဋ္ဌာရုံ ပရိကပ္ပ ဣဋ္ဌာရုံကို စိတ်ဖြင့် ခံစားမှု။)

(၄) ဒေါမနဿဝေဒနာ (သဘာဝ အနိဋ္ဌာရုံ ပရိကပ္ပ အနိဋ္ဌာရုံကို စိတ်ဖြင့် ခံစားမှု။)

(၅) ဥပေက္ခာဝေဒနာ (မဇ္ဈတ္တာရုံကို လျစ်လျူရှုစိတ်ဖြင့် ခံစားမှု) လို့ သဘောအားဖြင့် ဝေဒနာ ငါးပါး ပြားပြန်တယ်။

တနည်း—

(၁) အဆင်း-ရူပါရုံကို မျက်စိဖြင့် ကြည့်ရှုပြီး ခံစားမှု။

(၂) အသံ-သဒ္ဒါရုံကို နားဖြင့် နားထောင်ပြီး ခံစားမှု။

(၃) အနံ့-ဂန္ဓာရုံကို နှာခေါင်းဖြင့် နမ်းရှုပြီး ခံစားမှု။

(၄) အရသာ-ရသာရုံကို လျှာဖြင့် လျက်မျိုပြီး ခံစားမှု။
(၅) အဇတ္ထ-ဖောဋ္ဌဗ္ဗာရုံကို ကိုယ်ဖြင့် တွေ့ထိပြီး ခံစားမှု။
(၆) သဘော-ဓမ္မာရုံကို စိတ်ဖြင့် ကြံသိပြီး ခံစားမှု။
ဒွါရဖြင့်မှတ်ကာ ခံစားမှု ခြောက်မျိုး လာပြန်တယ်။

ဘုရားရှင်လည်း— "ကတမာ စ ဘိက္ခဝေ ဝေဒနာ၊ ဆယိ မေ ဘိက္ခဝေ ဝေဒနာကာယာ—

(၁) စက္ခုသမ္ဖဿဇာ ဝေဒနာ
(၂) သောတသမ္ဖဿဇာ ဝေဒနာ
(၃) ဃာနသမ္ဖဿဇာ ဝေဒနာ
(၄) ဇိဝှါသမ္ဖဿဇာ ဝေဒနာ
(၅) ကာယသမ္ဖဿဇာ ဝေဒနာ
(၆) မနောသမ္ဖဿဇာ ဝေဒနာ
အယံ ဝုစ္စတိ ဘိက္ခဝေ ဝေဒနာ"ဟု ဟောတော်မူသည်။

ခြောက်ဒွါရမှာ ဝေဒနာ

ဝေဒနာခေါ်တဲ့ ခံစားမှု သဘောတရားက—

(၁)	စက္ခုဒွါရ	(မျက်စိ)
(၂)	သောတဒွါရ	(နား)
(၃)	ဃာနဒွါရ	(နှာခေါင်း)
(၄)	ဇိဝှါဒွါရ	(လျှာ)
(၅)	ကာယဒွါရ	(ကိုယ်)
(၆)	မနောဒွါရ	(နှလုံးသား)

ဒီ ခြောက်ဒွါရ ခြောက်ဌာနမှာ ဖြစ်တယ်။

ရူပါရုံကို ခံစားပုံ

စက္ခုဒ္ဒါရ-မျက်စိ ဌာနမှာ ဖြစ်တဲ့ ဝေဒနာက အဆင်းရူပါရုံကို ခံစားတယ်၊ ဘယ်လိုပဲ—

(၁) မိမိကို နှိပ်စက်ရန် ရန်သူတွေ လာတယ်၊အဲဒီ ရန်သူတွေကို မြင်ရုံမျှဖြင့် စိတ်ဆင်းရဲမှု-ဒေါမနဿ ဝေဒနာဖြစ်တယ်။

(၂) မိမိ၏ အကျိုးစီးပွားကို ကူညီဆောင်ရွက်တဲ့ ဆွေကောင်း မျိုးကောင်း မိတ်ဆွေကောင်းတွေ လာသည်ကို မြင်ရုံမျှဖြင့် စိတ်ချမ်းသာမှု-သောမနဿ ဝေဒနာဖြစ်တယ်။

(၃) ရန်သူလည်းမဟုတ် ဆွေမျိုး မိတ်ဆွေလည်း မဟုတ်သူတွေ လာသည်ကို မြင်လျှင် စိတ်ဆင်းရဲမှုလည်း မဖြစ်, စိတ်ချမ်းသာမှုလည်း မဖြစ် လျစ်လျူရှုမှု-ဥပေက္ခာဝေဒနာ ဖြစ်တယ်။

တမျိုး—

(၁) မွန်မြတ်တဲ့ ထမင်း အဖျော် အဝတ် တန်ဆာတွေကို မြင်လျှင် စိတ်ချမ်းသာမှု (သောမနဿဝေဒနာ) ဖြစ်တယ်။

(၂) ယုတ်ညံ့တဲ့ ကျင်ကြီး ကျင်ငယ်တွေကို မြင်လျှင် စိတ်ဆင်းရဲမှု (ဒေါမနဿဝေဒနာ) ဖြစ်တယ်။

(၃) မမြတ်မယုတ် ဝတ္ထုပစ္စည်းတွေကို မြင်လျှင် စိတ်ချမ်းသာမှုလည်း မဖြစ်, စိတ်ဆင်းရဲမှုလည်း မဖြစ် လျစ်လျူရှုမှု (ဥပေက္ခာဝေဒနာ) ဖြစ်တယ်။

သဒ္ဒါရုံကို ခံစားပုံ

သောတဒ္ဒါရ-နားဌာနမှာ ဖြစ်တဲ့ ဝေဒနာက အသံသဒ္ဒါရုံကို ခံစားတယ်၊ ဘယ်လိုလဲ—

(၁) ရန်သူတွေ မိမိကို ညဉ်းဆဲနှိပ်စက်ရန် လာပြီဟေ့လို့ ကြားရုံမျှဖြင့် စိတ်ဆင်းရဲမှု-ဒေါမနဿဝေဒနာ ဖြစ်တယ်။

(၂) မိမိ၏ အကျိုးစီးပွားကို ကူညီဆောင်ရွက်မည့် ဆွေမျိုးတွေ မိတ်ဆွေကောင်းတွေ လာပြီဟော့လို့ ကြားရုံမျှဖြင့် စိတ်ချမ်းသာမှု–သောမနဿဝေဒနာ ဖြစ်တယ်။

(၃) ရန်သူလည်းမဟုတ်,ဆွေမျိုးမိတ်ဆွေလည်း မဟုတ်တဲ့ပုဂ္ဂိုလ်တွေ လာပြီဟော့လို့ ကြားလျှင်ပင် စိတ်ဆင်းရဲမှုလည်း မဖြစ်, စိတ်ချမ်းသာမှုလည်း မဖြစ်ဘဲ လျစ်လျူရှုမှု–ဥပေက္ခာဝေဒနာ ဖြစ်တယ်။

တမျိုး–

(၁) နှစ်မြို့ဘုယ်ရာ သီချင်းသံ တရားသံ ဦးကြီး ဦးလေး အစ်ကို မမ ညီ ညီမလေး စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုသံတွေကို ကြားရတဲ့ အခါ စိတ်ချမ်းသာမှု–သောမနဿ ဝေဒနာ ဖြစ်တယ်။

(၂) မနှစ်မြို့ဘုယ်ရာ ငိုကြွေးသံ ခွေးသား နွားသား စသည်ဖြင့် ဆဲရေးသံ သေနတ်သံ အမြောက်သံ ဗုံးသံ အစရှိတဲ့ အသံတွေကို ကြားရတဲ့အခါ စိတ်ဆင်းရဲမှု–ဒေါမနဿဝေဒနာ ဖြစ်တယ်။

(၃) နှစ်မြို့ဘုယ်ရာ အသံလည်းမဟုတ်, မနှစ်မြို့ဖယ် အသံလည်း မဟုတ်တဲ့အသံတွေကြားရတဲ့အခါ စိတ်ချမ်းသာမှုလည်း မဖြစ်, စိတ်ဆင်းရဲမှုလည်း မဖြစ်ဘဲ လျစ်လျူရှုမှု– ဥပေက္ခာဝေဒနာ ဖြစ်တယ်။

ဂန္ဓာရုံကို ခံစားပုံ

ဃာနဒ္ဒါရ–နှာခေါင်း ဌာနမှာ ဖြစ်တဲ့ ဝေဒနာက အနံ့–ဂန္ဓာရုံကို ခံစားတယ်၊ ဘယ်လိုလဲ–

(၁) နှစ်မြို့ဘုယ်ရာ ရေမွှေး ပေါင်ဒါ သနပ်ခါး ပန်း စသည်တို့၏ မွှေးကြိုင်တဲ့ အနံ့တွေ နံတဲ့အခါ စိတ်ချမ်းသာမှု–သောမနဿ ဝေဒနာဖြစ်တယ်။

(၂) မနှစ်မြို့ဘုယ်ရာ– အပုပ်နံ့. ညှော်နံ့ ကျင်ကြီးနံ့ ကျင်ငယ်နံ့ အစရှိတဲ့ အနံ့တွေ နံတဲ့အခါ စိတ်ဆင်းရဲမှု–ဒေါမနဿဝေဒနာ ဖြစ်တယ်။

(၃) နှစ်မြို့ ဘုယ်ရာလည်း မဟုတ်, မနှစ်မြို့ ဘုယ်ရာလည်း မဟုတ်တဲ့ မမွှေး မပုပ် အနံ့မျိုးတွေ နံတဲ့အခါ စိတ်ချမ်းသာမှုလည်းမဖြစ်၊ စိတ်ဆင်းရဲမှုလည်း မဖြစ်ဘဲ လျစ်လျူရှုမှု– ဥပေက္ခာဝေဒနာ ဖြစ်တယ်။

ရသာရုံကို ခံစားပုံ

ဇိဝှါဒ္ဓါရ လျှာဌာနမှာ ဖြစ်တဲ့ဝေဒနာက အရသာ–ရသာရုံကို ခံစားတယ်၊ ဘယ်လို ခံစားသလဲ–

(၁) နှစ်မြို့ ဖွယ်ရာ ချိုမြိန်ကောင်းမြတ်တဲ့ အရသာတွေကို လျက်မိတဲ့ အခါ စိတ်ချမ်းသာမှု–သောမနဿဝေဒနာ ဖြစ်တယ်။

(၂) မနှစ်မြို့ ဖွယ်ရာ ချဉ်တူးခါးစပ်တဲ့ အရသာတွေကို လျက်မိတဲ့ အခါ စိတ်ဆင်းရဲမှု–ဒေါမနဿဝေဒနာ ဖြစ်တယ်။

(၃) နှစ်မြို့ဖွယ်ရာလည်းမဟုတ်, မနှစ်မြို့ဖွယ်ရာလည်း မဟုတ်တဲ့ အရသာတွေကို လျက်မိတဲ့အခါစိတ်ချမ်းသာမှုလည်း မဖြစ်,စိတ်ဆင်းရဲမှု လည်းမဖြစ်ဘဲ လျစ်လျူရှုမှု–ဥပေက္ခာဝေဒနာ ဖြစ်တယ်။

ဖောဌဗ္ဗာရုံကို ခံစားပုံ

ကာယဒ္ဓါရ ကိုယ်ဌာနမှာဖြစ်တဲ့ ဝေဒနာက အတွေ့ ဖောဌဗ္ဗာရုံကို ခံစားတယ်၊ ဘယ်လို ခံစားသလဲ–

(၁) နှစ်မြို့ဖွယ်ရာ ချောမွေ့နူးညံ့တဲ့ အခင်းအကျီ အိပ်ရာ နေရာများ ကြင့် ကိုယ်မှာ ထိခိုက်လာတဲ့အခါ ကိုယ်ချမ်းသာမှု 'သုခဝေဒနာ' ဖြစ်တယ်၊ စိတ်ချမ်းသာမှု 'သောမနဿဝေဒနာ' လည်းဖြစ်တယ်။

(၂) မနှစ်မြို့ဖွယ်ရာ လက်နက် ဒုတ်ဒါး ခလုတ် ဆူးငြောင့်များဖြင့် ကိုယ်မှာ ထိခိုက်လာတဲ့အခါ ကိုယ်ဆင်းရဲမှု 'ဒုက္ခဝေဒနာ' ဖြစ်တယ်၊ စိတ်ဆင်းရဲမှု 'ဒေါမနဿဝေဒနာ'လည်း ဖြစ်တယ်။

(၃) နှစ်မြို့ ဖွယ်ရာလည်း မဟုတ်, မနှစ်မြို့ ဖွယ်ရာလည်း မဟုတ်တဲ့ ဖောင်ဘဝာရုံတွေနှင့် တွေ့ထိမိတဲ့အခါ ကိုယ်စိတ်ချမ်းသာမှုလည်း မဖြစ်၊ ကိုယ်စိတ်ဆင်းရဲမှုလည်းမဖြစ်ဘဲ လျစ်လျူရှုမှု 'ဥပေက္ခာ ဝေဒနာ'ဖြစ်တယ်။

ဓမ္မာရုံကို ခံစားပုံ

မနောဒ္ဓါရ—နှလုံးသားဌာနမှာ ဖြစ်တဲ့ဝေဒနာက'သဘောဓမ္မာရုံ'ကို ခံစားတယ်၊ ဘယ်လို ခံစားသလဲ—

၁။ ညြော်....ငါတော့ ယခုဘဝမှာ အားရပါးရ သဘောကျပင်

(၁) အလှပေးမှု၊

(၂) သီလဆောက်တည်မှု၊

(၃) ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှု ဆိုတဲ့ ကုသိုလ်ကောင်းမှု တွေကို ပြုခဲ့ရလို့ နောင်သောအခါ နိဗ္ဗာန်ချမ်းသာကြီးကို ကေန်မှုချ ရတော့ မှာဘဲလို့ စိတ်ထဲက ကြုံစည်အောက်မေ့မိတဲ့အခါ ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမှုဆိုတဲ့'သောမနဿ ဝေဒနာ' ဖြစ်တယ်။

၂။ ညြော်....ငါတော့ ယခုဘဝမှာ—

(၁) သူ့ အသက် သတ်မှုကိုလည်း ပြုမိပေပြီ၊

(၂) သူ့ ဥစ္စာခိုးမှုကိုလည်း ပြုမိပေပြီ၊

(၃) သူ့ မယား မှားယွင်းမှု ကိုလည်း ပြုမိပေပြီ၊

(၄) မဟုတ် မတရားမုသားလည်း ပြောမိပေပြီ၊

(၅) အရက်သောက်ခြင်း ဘိန်းစားခြင်း အမှုကိုလည်း ပြုမိပေပြီ။

သေလွန်သည်၏ အခြားမဲ့မှာ ငရဲကျပြီး ဆင်းရဲရတော့မှာဘဲလို့ ကြံစည်မိတဲ့ အခါ စိတ်ဆင်းရဲမှု ဒေါမနဿဝေဒနာ ဖြစ်တယ်။

၃။ နှစ်မြို့ ဘွယ်လည်းမဟုတ်, မနှစ်မြို့ ဘွယ်ရာလည်းမဟုတ်တဲ့ သဘောဓမ္မာရုံကို စိတ်ဖြင့် ကြံစည်မိတဲ့အခါ စိတ်ချမ်းသာမှုလည်း မဖြစ် စိတ်ဆင်းရဲမှုလည်း မဖြစ်ဘဲ လျစ်လျူရှုမှု ဥပေက္ခာဝေဒနာ ဖြစ်တယ်။

ဝေဒနာခံစား အထင်မှား

ဒါကြောင့်—

ခံစားမှုမှာ၊ ဝေဒနာပ၊ သူငါပုဂ္ဂိုလ်၊ မရှိဆိုခဲ့။

(၁) ရူပါရုံကို ခံစားတာလဲ ဝေဒနာ

(၂) သဒ္ဒါရုံကို ခံစားတာလဲ ဝေဒနာ

(၃) ဂန္ဓာရုံကို ခံစားတာလဲ ဝေဒနာ

(၄) ရသာရုံကို ခံစားတာလဲ ဝေဒနာ

(၅) ဖောဋ္ဌဗ္ဗာရုံကို ခံစားတာလဲ ဝေဒနာ

(၆) ဓမ္မာရုံကို ခံစားတာလဲ ဝေဒနာ၊

ပရိသတ်ကြီး ဝမ်းထဲမှာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတွေကို ခံစားတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဝိညာဉ်ကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝေဒနာ နာမ်တရား ခံစားတာကို ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ခံစားတယ်လို့ အထင်မှားပြီး မနေဘူးလား?။

အထင်မှားပြီး နေပါတယ် ဘုရား။

ဒါကြောင့်– "ဝေဒနာခံစား၊ နာမ်တရားကို၊ ထင်မှားသူငါ၊ သတ္တဝါ ပုဂ္ဂိုလ်၊ အလဲ့ဆိုခဲ့။"

ချမ်းသာ ဆင်းရဲ ခံစားတာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်လျှင် ဘာလဲ ပရိသတ်ကြီး?။

ဝေဒနာပါ ဘုရား။

အင်း.... ဝေဒနာဘဲ ခံစားတယ်။

ဒီ ဝေဒနာခံစားတယ်ဆိုတဲ့ စကားကို ရှေးရှေးအဘိဓမ္မာတတ် ပညာရှိတွေ နှုတ်ဖျားမှ ပြောကြားသုံးစဲ့ပြီး ကျန်ရစ်ခဲ့သားဘဲ၊ ဘယ်သူဟာဖြင့် သေခါနီး ဝေဒနာခံစား လိုက်ရတာတဲ့၊ မကြားဘူးဘူးလား ပရိသတ်ကြီး?။

ကြားဘူးပါတယ် ဘုရား။

ဒုက္ခဝေဒနာဝတ္ထု

ဒီနေရာမှာ ဝတ္ထုတခု ထုတ်ပြဦးမည်။

ဝေဒနာခံစား မထေရ်အို ငြီးတွား

ကန္ဒရသာလ အမည်ရှိတဲ့ ပရဝုန်မှာ သီတင်းသုံးတော်မူတဲ့ ဝါတော် ခြောက်ဆယ်ရ မထေရ်အိုကြီး တဦးဟာ အနာရောဂါ နှိပ်စက်လို့ ဆင်းရဲဝေဒနာ ကို ခံစားရပြီး ညောင်စောင်းထက်တွင် အိပ်လျက် ငြီးတွားပြီး နေသတဲ့။

တိဿမင်း ရှိမခိုးဘဲ ပြန်သွား

တိဿမင်းကြီးလည်း မထေရ်အိုကို ဖူးမြင်ရန်ကြွအလာ ပရဝုန် တံခါးနား မှာပင် မထေရ်အို၏ ငြီးတွားသံကို ကြားရ၍ ဒီငြီးတွားသံဟာ ဘယ်သူ၏ ငြီးတွားသံလဲ၊ မထေရ်အိုကြီး၏ ငြီးတွားသံပါဘဲလို့ ဇလျှောက်ထားသိရလျှင် တိဿမင်းကြီးလည်း သြော်- ဒီမထေရ်အိုကြီးဟာ ဝါတော်ခြောက်ဆယ်ရတာ တောင်မှ ဆင်းရဲဝေဒနာကို သိမ်းဆည်း ဆင်ခြင်မှု မပြုနိုင်ဘူး၊ ငါလည်း

ရှိမခိုးတော့ဘူးလို့ ပရဝုန်တံခါးမှ ပြန်လှည့်ပြီး မဟာဗေဒါကို ရှိခိုးကာ ပြန်သွားတယ်။

ရဟန္တာဖြစ်

အနီးအပါးမှာ ရှိတဲ့ အလုပ်အကျွေး ရဟန်းငယ်က မထေရ်အိုကို ပြောကြားသည်မှာ—

ရဟန်းငယ် အရှင်ဘုရား ဘာကြောင့် တပည့်တော်တို့ကို အရှက်ရအောင် လုပ်ရတာလဲ၊ အလွန် သဒ္ဓါတရားရှိတဲ့ မင်းကြီးပင် နှလုံးမသာယာမှု ဖြစ်ပွားပြီး ရှိမခိုးတော့ဘူးဆိုပြီး ပြန်သွားတယ်။

မထေရ်အို ငါ့သျှင် ဘာကြောင့်လဲ?။

ရဟန်းငယ် အရှင်ဘုရား ငြိုးတွားသံကို ကြားရလို့ဘဲ။

မထေရ်အို ငါ့သျှင် ခေတ္တခဏမျှ ခွင့်ပေးပါဟု ပြောကြားပြီး ဆင်းရဲဝေဒနာကို ခွဲ၍ ဝိပဿနာကို ပွားများရာ ရဟန္တာဖြစ်သွားတယ်။

တိသမင်း ရှိခိုးလာရန် မှာကြား

ထိုခဏမှာပင် ရဟန်းငယ်ကို ငါရဟန္တာ ပြစ်ပြီဆိုတဲ့ အမှတ်သညာပေးပြီး—

မထေရ်အို ငါ့သျှင် တိသမင်းကြီးဆီ ခပ်မြန်မြန်သွားပြီး ရှိခိုးလာရန် ပြောကြားရမယ်။

ရဟန်းငယ်လည်း တိသမင်းကြီးဆီ သွားပြီး—

ရဟန်းငယ် မြတ်သောမင်းကြီး မထေရ်အိုက ယခုရဟန်းတို့စု ပြီးပျိုးလို့ ရှိခိုးလာရန် မှာကြားပါတယ်၊ ရှိခိုးလာတော်မူပါ။

တိသမင်းကြီး လာ၍ရှိခိုး

တိသမင်းကြီးလည်း မိုးကုတ်အိုကြီးက လာပြီး ပဲခူးချောင်းဝပ် ဝပ်တဲ့၏ အလွန်ရိုသေစွာ ရှိခိုးပြီး "အရှင်ဘုရား အရှင်ဘုရားခင်း ယခု ဘရဟတ္တာဇလ်ကို

ရပြီး ရဟန္တာဖြစ်သည်ကို ရှိမခိုးပါ၊ ပုထုဇဉ်ဘဝတုန်းက စောင့်ထိန်းခဲ့တဲ့ သီလ ကိုသာ ရှိခိုးပါ၏"ဟု လျှောက်ထားသတဲ့။

လက္ခဏာ

အဲဒါလို ဝေဒနာဟာ ခံစားခြင်း သဘောလက္ခဏာရှိတယ်။

ဒါကြောင့် 'ဝေဒယတိတိဝေဒနာ၊ သာ ဝေဒယိတ လက္ခဏာ'ဟုဟောတော်မူသည်။

ဝေဒနာ အနတ္တ

ပရိသတ်ကြီး + ဘုရား။

ငါ့မှာ ဆင်းရဲဒုက္ခဝေဒနာ ဘယ်အခါမှ မဖြစ်ပေါ်လာနဲ့ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အင်း.... ဒုက္ခ ဝေဒနာကို ဘယ်သူမှ မခံစားချင်ဘူး၊ ခံစားချင်ရဲ့လား ပရိသတ်ကြီး?။

မခံစားချင်ပါ ဘုရား။

ဘယ် ခံစားချင်ပါ့မလဲ ဒုက္ခဝေဒနာဆိုတာ ဆင်းရဲတာကို၊ ဆင်းရဲကို ဘယ်သူမှ မလိုလား မခံစားချင်ကြဘူးပေါ့၊မခံစားချင်သော်လည်း အကြောင်းအားလျော်စွာ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာပြီး ခံစားကြရတယ်၊ အဲဒါ ဝေဒနာ-ဝေဒနာကွန်ရှာကို အစိုးမရလို့ဘဲ။

အမှန်တကယ် ဝေဒနာကို အစိုးရပါလျှင် မိမိခန္ဓာမှာ ဆင်းရဲတဲ့ ဒုက္ခ–ဒေါမနဿ ဝေဒနာတွေ မဖြစ်အောင် တတ်နိုင်မှာဘဲ၊ အခါခပ်သိမ်း ချမ်းသာတဲ့ သုခ–သောမနဿ ဝေဒနာတွေ ဖြစ်ပေါ်နေအောင် ဟတ်နိုင်မှာဘဲ၊ ဝေဒနာကို အစိုးရပါလျှင် ပရိသတ်ကြီး အလိုကျ လိုက်ပြီး ခိုင်းစေသလို ဖြစ်နေလို့ အမြဲတစေ ပရိသတ်ကြီးဟာ ဝမ်းမြောက် ဝမ်းသာ ကိုယ်ရောစိတ်ပါ ချမ်းသာကို ခံစားနေကြရမှာဘဲ။

ယခုတော့ ဒီဝေဒနာကို အစိုးမရလို့ အလိုကျအောင် မဖြစ်စေနိုင်လို့ ရန်ဖန်ရန်ခါမှာ ကိုယ်ချမ်းသာမှု–သုခဝေဒနာဖြစ်တယ်၊စိတ်ချမ်းသာမှု–သောမနဿဝေဒနာ ဖြစ်တယ်၊ ရန်ဖန်ရှန်ခါမှာကိုယ်ဆင်းရဲမှု–ဒုက္ခဝေဒနာဖြစ်တယ်၊ စိတ်ဆင်းရဲမှု–ဒေါမနဿဝေဒနာ ဖြစ်တယ်၊ ရန်ဖန်ရန့်ခါမှာ လျစ်လျူရှုမှု–ဥပေက္ခာဝေဒနာ ဖြစ်တယ်။

ဖြစ်ပေါ်လာတဲ့ ကိုယ်၏ချမ်းသာမှု သုခဝေဒနာ, စိတ်၏ချမ်းသာမှု သောမနဿဝေဒနာတွေကို ဘင်သို့ မရောက်ပါစေလင့်, မချုပ်ပျောက်ပါစေလင့် ဆိုလို့လဲ မရဘူး၊ အမြဲတမ်း ကိုယ်ရောစိတ်ပါ ချမ်းသာဝေဒနာကို ခံစားနေနိုင်အောင် မတတ်နိုင်ဘူး၊ အမြဲတမ်း ချမ်းသာဝေဒနာကို ခံစားနေချင်သော်လည်း ဝေဒနာကို အစိုးမရလို့ အလိုကျ ဝေဒနာက လိုက်ပြီး ဖြစ်မနေဘူး၊ သူဖြစ်ချင်သလိုဖြစ်ပြီး သူပျက်ချင်သလို ပျက်တယ်၊ဒီလိုဝေဒနာ–ဝေဒနာကွန္ဓာ သူ့သဘောအတိုင်း ဖြစ်ပြီး ပျက်တာကိုပင် အနတ္တလို့ မှတ်ကြရမယ်။

ပရိသတ်ကြီး + ဘုရား။

ဝေဒနာမှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဝေဒနာဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

မှန်တယ် ဒီ ဝေဒနာဟာ ပြုလုပ်တတ်သူ ဖန်ဆင်းတ်တ်သူတွေခြောင့် ဖြစ်ပေါ်လာတာ မဟုတ်ဘူး။

စက္ခုဒ္ဒါရ

ဝေဒနာကွန္ဓာဖြစ်ကြောင်းတရား–

> စက္ခုဥ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ (သံ ၁- ၃၀၀၊ ဒုက္ခသုတ်) ဟု

ဟောတော်မူသည့် အတိုင်း-

(၁) စက္ခု အကြည်ရုပ်
(၂) အဆင်း ရူပါရုံ
(၃) စက္ခုဝိညာဏ်စိတ်

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿဖြစ်တယ်၊ အဲဒါကိုပင် မျက်စိအတွေ့လို့ ဆိုတယ်၊ အဲဒီ မျက်စိအတွေ့ စက္ခုသမ္မဿကြောင့် စက္ခုဒွါရမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

စံက္ခုပသာဒ, ရူပါရုံ ဆိုတဲ့ ရုပ်တရား
စက္ခုဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား

အဲဒီ ရုပ်နှင့် နာမ်ကို အကြောင်းပြုပြီး တွေ့ထိမှု ဖဿ-နာမ်ဘရား ဖြစ်တယ်၊ အဲဒီ ဖဿနာမ်တရားကြောင့် ခံစားမှု ဝေဒနာ နာမ်တရား ဖြစ်ပေါ်လာတယ်။

သောတဒ္ဒါရ

သောတဉ္စ ပဋ္ဌိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ (သံ ၁-၃၀၀၊ဒုက္ခသုတ်)

ဟု ဟောတော်မူသည့်အတိုင်း--

(၁) သောတ အကြည်ရုပ်
(၂) အသံ သဒ္ဒါရုံ
(၃) သောတ ဝိညာဏ်စိတ်

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿဖြစ်တယ်၊ အဲဒါကိုပင် နားအတွေ့လို့ ဆိုတယ်၊ အဲဒီ နားအတွေ့ သောတသမ္ဘဿကြောင့် သောတဒ္ဒါရမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

သောတပသာဒ သဒ္ဒါရုံဆိုတဲ့ ရုပ်တရား

သောတဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား

အဲဒီ ရုပ်နှင့် နာမ်ကို အကြောင်းခံပြီး တွေ့ထိမှု ဖဿနာမ်တရားဖြစ်တယ်၊ အဲဒီ ဖဿနာမ်တရားကြောင့် ခံစားမှု ဝေဒနာတရား ဖြစ်တယ်၊ အဲဒီ ဖဿနာမ်တရားကြောင့် ခံစားမှု ဝေဒနာတရား ဖြစ်ပေါ်လာတယ်။

ဃာနဒ္ဓါရ

ဃာနဥ္စ ပဋ္ဌိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ (သံ ၁-၃၀၀၊ဒုက္ခသုတ်)

ဟု ဟောတော်မူသည့်အတိုင်း–

(၁) ဃာန အကြည်ရုပ်၊
(၂) အနံ့ ဂန္ဓာရုံ၊
(၃) ဃာနဝိညာဏ်စိတ်၊

ဒီအကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿဖြစ်တယ်၊ အဲဒါကိုပင် နှာခေါင်းအတွေ့လို့ ဆိုတယ်၊ အဲဒီ နှာခေါင်းအတွေ့ ဃာနသမ္ဖဿကြောင့် ဃာနဒ္ဓါရမှာ ခံစားမှု ဝေဒနာဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့–

ဃာနပသာဒ ဂန္ဓာရုံဆိုတဲ့ ရုပ်တရား,
ဃာနဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား,

အဲဒီရုပ်နှင့် နာမ်ကို အကြောင်းခံပြီး တွေ့ထိမှုဖဿနာမ်တရား ဖြစ်တယ်၊ အဲဒီ ဖဿနာမ်တရားကြောင့် ခံစားမှုဝေဒနာ နာမ်တရား ဖြစ်ပေါ်လာတယ်။

ဇိဝှါဒ္ဓါရ

ဇိဝှဉ္စ ပဋ္ဌိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊
ဘိဏ္ဍံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ (ဂုဏ်း)

ဟု ဟောတော်မူသည့်အတိုင်း –

(၁) ဇီဝ၂ အကြည်ရုပ်,
(၂) အရသာ-ရသာရုံ,
(၃) ဇီဝ၂ဝိညာဏ်စိတ်,

ဒီအကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှုဖဿဖြစ်တယ်၊ အဲဒါကိုပင် လျှာအတွေ့လို့ ဆိုတယ်၊ အဲဒီလျှာအတွေ့ ဇီဝ၂သမ္မာသကြောင့် ဇီဝ၂ဒုက္ခရှိရမှာ ခံစားမှုဝေဒနာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

ဇီဝ၂ပသာဒ ရသာရုံဆိုတဲ့ ရုပ်တရား,
ဇီဝ၂ဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား,

အဲဒီရုပ်နှင့် နာမ်ကို အကြောင်းခံပြီး တွေ့ထိမှုဖဿ နာမ်တရားဖြစ်တယ်၊ အဲဒီ ဖဿနာမ်တရားကြောင့် ခံစားမှု ဝေဒနာနာမ်တရား ဖြစ်ပေါ်လာတယ်။

ကာယဒုက္ခရှိရ

ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊
တိက္ခံ သင်္ခတိ ဖသော၊ ဖဿပစ္စယာ ဝေဒနာ။ (သံ ၁-၃၀၀၊ဒုက္ခသုတ်)

ဟု ဟောကြားတော်မူသည့်အတိုင်း—

(၁) ကာယ အကြည်ရုပ်
(၂) အတွေ့ ဖောဋ္ဌဗ္ဗာရုံ
(၃) ကာယဝိညာဏ်စိတ်

ဒီအကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿ ဖြစ်တယ်၊ အဲဒါကိုပင် ကိုယ်အတွေ့လို့ ဆိုတယ်၊ အဲဒီ ကိုယ်အတွေ့ ကာယသမ္မာသကြောင့် ကာယဒုက္ခရှိရမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

ကာယပသာဒ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ရုပ်တရား,
ကာယဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား,

အဲဒီရူပ်နှင့် နာမ်ကို အကြောင်းခံပြီး တွေ့ထိမှု ဖဿနာမ်တရား ဖြစ်တယ်၊ အဲဒီ ဖဿ နာမ်တရားကြောင့် ခံစားမှု ဝေဒနာနာမ်တရား ဖြစ်ပေါ်လာတယ်။

မနောဒ္ဓါရ

မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ (ဂင်း)

ဟု ဟောတော်မူသည့် အတိုင်း—

(၁) ဟဒယ အကြည်ရူပ်

(၂) သဘော ဓမ္မာရုံ

(၃) မနောဝိညာဏ်စိတ်

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿ ဖြစ်တယ်၊ အဲဒါကိုပင် စိတ်အတွေ့လို့ ဆိုတယ်၊ အဲဒီစိတ်အတွေ့ မနောသမ္ဘဝကြောင့် မနောဒ္ဓါရမှာ ခံစားမှုဝေဒနာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

ဟဒယဝတ္ထု ဆိုတဲ့ ရူပ်တရား,
မမှာရုံဆိုတဲ့ ရူပ်, နာမ် ပညတ်တရား,
မနောဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား,

အဲဒီရူပ် နာမ် ပညတ်ကို အကြောင်းခံပြီး တွေ့ထိမှုဖဿ နာမ်တရားဖြစ်တယ်၊ အဲဒီ ဖဿနာမ်တရားကြောင့် ခံစားမှု ဝေဒနာ နာမ်တရား ဖြစ်ပေါ်လာတယ်။

(မှတ်ရန်—အဝိဇ္ဇာ တဏှာ ကံတို့ကား ဇရာနာကွန္ဒာ၏ အတိတ်ပစ္စည်းတည်း၊ ဖဿကား ပစ္စုပ္ပန် ပစ္စည်းတည်း)

ပုဂ္ဂိုလ်သတ္တဝါ မရှိ

ပရိသတ်ကြီး+ဘုရား။

မျက်စိထဲမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နားထဲမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှာခေါင်းထဲမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လျှာထဲမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကိုယ်ထဲမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှလုံးသားထဲမှာ ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်—

မျက်စိထဲမှာ မရှိဘူး၊

နားထဲမှာလဲ မရှိဘူး၊

နှာခေါင်းထဲမှာလဲ မရှိဘူး၊
လျှာထဲမှာလဲ မရှိဘူး၊
ကိုယ်ထဲမှာလဲ မရှိဘူး၊
နှလုံးသားထဲမှာလဲ မရှိဘူး၊

ဒီချမ်းသာ ဆင်းရဲ လျစ်လျူရှု ခံစားမှု ဝေဒနာဟာ ပြုလုပ်ပေးသူ ဖန်ဆင်းတည်ထောင်ပေးသူ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် မရှိဘဲနှင့် ဖြစ်ပေါ်လာရာမှာ အကြောင်းတရားကို ရှာဖွေလျှင် ဖဿနာမ်တရားကို တွေ့မယ်၊ အဲဒီ ဖဿနာမ်တရားကြောင့် ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာတာဘဲ။

မှန်ရဲ့လား ပရိသတ်ကြီး?။

မှန်ပါ ဘုရား။

အထင်မလွဲသင့်

ဒီဝေဒနာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အထင်လွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစွဲသင့်

ဒီဝေဒနာ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာခဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီဝေဒနာ နာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ဝေဒနာ နာမ်တရားကို ငါပိုင် ငါစိုး ၄ါ့အလိုက္ခ ဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

သံသရာနယ်ခွဲ

ဒီ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ တရားသုံးပါးကို သတ္တဝါတွေကို သံသရာ ရှည်လျားအောင် ပြုတတ်လို့ သံသရာဝဋ္ဋအတွင်းမှ မလွတ်ကင်းနိုင်အောင် ပြုတတ်လို့ သံသရာနယ်ကို ခွဲထွင်တတ်လို့ သံသရာ နယ်ခွဲသမားတွေလို့ ဆိုတယ်။

နယ်ခွဲလက်အောက်မှ မလွတ်မြောက်က ဒုက္ခ

ဒီ သံသရာ နယ်ခွဲသမားတွေရဲ့ လက်အောက်မှ မလွတ်မြောက်သေးသမျှ တော်တော်ကြာ လူဖြစ်လိုက်၊ တော်တော်ကြာ နတ်ဖြစ်လိုက်၊ တော်တော်ကြာ ဗြဟ္မာဖြစ်လိုက်၊ တော်တော်ကြာ ခွေးနွားဖြစ်လိုက်၊ ကြက်ဌက်စတဲ့ တိရစ္ဆာန်ဖြစ်လိုက်၊ ငရဲကျလိုက်၊ ပြိတ္တာဖြစ်လိုက်၊ အသုရကာယ်ဖြစ်လိုက်နှင့် ဘဝ ထိုကျ အဘည်မကျ ဘဝမျိုးစုံနှင့် ပြေးသွားကြဉ်လည် ဒုက္ခရှည်ကြရတယ်။

နယ်ခွဲလက်အောက်မှ လွတ်မြောက်အောင် ကြိုးစား

ပရိသတ်ကြီးဟာ သံသရာနယ်ခွဲ လက်အောက်မှ လွတ်မြောက်အောင် ကြိုးစားကြရမယ်။

မှန်ပါ ကြိုးစားပါ့မယ် ဘုရား။

သံသရာနယ်ခွဲ လက်အောက်မှ လွတ်မြောက်အောင် ပရိသတ်ကြီးဟာ ဝေဒနာ နာမ်တရား ချမ်းသာ ဆင်းရဲ လျစ်လျူရှု ခံစားမှု သဘောတရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစဲ့နှင့် မစဲ့လမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါဘဲလို့လဲ မာနစ္ဆဲနှင့် မစ္ဆဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့လဲဒိဋ္ဌိစ္ဆဲနှင့် မစ္ဆဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

တဏှာ ၁၀၀၈–ပါး၊ မာန် ၉–ပါး၊ ဒိဋ္ဌိ ၆၂–ပါး၊ ဒီတရားတွေနှင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာ နာမ်တရားကို မစ္ဆဲလမ်းဘဲ ခံစားမှု ဝေဒနာ ဝေဒနာကွန္ဓာ ဖြစ်ပေါ်လာတိုင်း ဤခံစားမှု ဝေဒနာ ဝေဒနာကွန္ဓာ ဖြစ်ပေါ်လာတိုင်း ဤခံစားမှု ဝေဒနာ ဝေဒနာကွန္ဓာ နာမ်တရားသည်ကား–

(၁) ငါ၏ ဥစ္စာမဟုတ်

(၂) ငါမဟုတ်

(၃) ငါ့အလိုသို့ လိုက်ပြီးဖြစ်တဲ့ အတ္တမဟုတ် ဟု ရှုမှတ်ကြ ရမယ်။

ဝေဒနာကွန္ဓာ ပြီး၏။

သညာကွန္ဓာ အနတ္တဖြစ်ပုံ

သညာ အနတ္တာ

ချစ်သားတို့ သညာ သညာကွန္ဓာကို အနတ္တလို့မှတ်ကြကဲ့။

ပရိသတ်ကြီး + ဘုရား။

ဘုရားက သညာ သညာကွန္ဓာကို ဘာလို့မှတ်ရမတဲ့လဲ?။

အနတ္တလို့ မှတ်ရပါမယ်တဲ့ ဘုရား။

အေး....သညာ သညာကွန္ဓာကို အနတ္တလို့ မှတ်ရမယ်လို့ ဘုရားဟောတယ်၊ ဘာကို သညာ သညာကွန္ဓာခေါ်တယ်၊ ဘယ်လို အနတ္တဖြစ်တယ်လို့ သိဘို့ လိုတယ်၊ မသိဘဲနှင့်လည်း မကျင့်တတ်ဘူး၊အကျင့် မရောက်ဘဲနှင့်လည်း အကျိုး **မရဘူး၊ ၅ါကြောင့် ရှေးဦး သိအောင်လုပ်ရမယ်။**

မှတ်သား သညာ

မှတ်သားတတ်တဲ့ သဘောကို သညာခေါ်တယ်။

ပရိသတ်ကြီး + ဘုရား။

ဘာကို သညာခေါ်သလဲ?။

မှတ်သားတတ်တဲ့သဘောကို သညာ ခေါ်ပါတယ် ဘုရား။

ဒါကြောင့် မြတ်စွာဘုရားက—

ကိုဠ ဘိက္ခဝေ သညံ ဝဒေထ။

ချစ်သားတို့ အဘယ်ကြောင့် သညာဟု ဆိုကြကုန်သနည်း?ဟု အမေး ထုတ်တော်မူပြီး—

သဠာနာတိတိ ခေါ် ဘိက္ခဝေ တသ္မာ 'သညာ'တိ ဝုစ္စတိ။

ချစ်သားတို့ မှတ်သားတတ်သောကြောင့် သညာခေါ်တယ်ဟု အဖြေ ထုတ်တော်မူခဲ့တယ်။

မှတ်သားမှု (၆) မျိုး

အဲဒီမှတ်သားမှု သဘောကလဲ—

(၁) အဆင်း ရူပါရုံကို မှတ်သားမှု (ရူပသညာ)

(၂) အသံ သဒ္ဒါရုံကို မှတ်သားမှု (သဒ္ဒသညာ)

(၃) အနံ့ ဂန္ဓာရုံကို မှတ်သားမှု (ဂန္ဓသညာ)

(၄) အရသာ ရသာရုံကို မှတ်သားမှု (ရသသညာ)

(၅) အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို မှတ်သားမှု (ဖောဋ္ဌဗ္ဗသညာ)

(၆) သဘောဓမ္မာရုံကို မှတ်သားမှု (ဓမ္မသညာ)အားဖြင့် မှတ်သားမှု ခြောက်မျိုးရှိတယ်။

ဒါကြောင့် မြတ်ဘုရားက—

'ကတမာ စ ဘိက္ခဝေ သညာ၊ ဆယိမေ ဘိက္ခဝေ သညာကာယာ၊

(၁) ရူပသညာ၊
(၂) သဒ္ဒသညာ၊
(၃) ဂန္ဓသညာ၊
(၄) ရသသညာ၊
(၅) ဖောဋ္ဌဗ္ဗသညာ၊
(၆) ဓမ္မသညာ၊

အယံ ဝုစ္စတိ ဘိက္ခဝေ သညာ' ဟု ဟောတော်မူသည်။
(ခန္ဓသံယုတ် ဥပါဒါနပရိဝတ္တသုတ်။)

တမျိုး မှတ်သားပုံ

ဒီသညာ သညာကွန္ဒာဟာ ညိုသောအဆင်းကိုလည်း မှတ်သားတယ်၊ ဝါသောအဆင်းကိုလည်း မှတ်သားတယ်၊ နီသောအဆင်းကိုလည်း မှတ်သားတယ်၊ ဖြူသောအဆင်းကိုလည်း မှတ်သားတယ်။

ဒါကြောင့် မြတ်စွာဘုရားက—

ကိဉ္စ သဉ္ဉာနာတိ။

ချစ်သားတို့ အဘယ်ကို မှတ်သားသနည်း?ဟု အမေးထုတ်တော်မူပြီး—"နီလမ္မိ သဉ္ဉာနာတိ၊ပီတကမ္မိ သဉ္ဉာနာတိ၊လောဟိတကမ္မိ သဉ္ဉာနာတိ၊ ဩဒါတမ္မိ သဉ္ဉာနာတိ၊ သဉ္ဉာနာတိတိ ခေါ ဘိက္ခဝေ တသ္မာ သညာတိ ဝုစ္စတိ"ဟု အဖြေထုတ်တော်မူသည်။

ဇာတ်အားဖြင့် သညာသုံးမျိုးပြား

တနည်း—

(၁) ကုသိုလ်သညာ (ကုသိုတ်စိတ်နှင့် ယှဉ်တဲ့သညာ)
(၂) အကုသိုလ်သညာ (အကုသိုလ်စိတ်နှင့် ယှဉ်တဲ့သညာ)

(၃) အဗျာကတသညာ(ကုသိုလ် အကုသိုလ်မဟုတ်ပါး အဗျာကတ စိတ်နှင့် ယှဉ်တဲ့သညာ)

ဇာတ်အားဖြင့် သညာသုံးပါး ပြားတယ်။

ခြောက်ဒွါရမှာ သညာ

သညာကွန်ရှာခေါ်တဲ့ မှတ်သားမှု အပေါင်းအစု သညာစေတသိက်က-

(၁) စက္ခုဒွါရမှာလဲ ဖြစ်တယ်၊
(၂) သောတဒွါရမှာလဲ ဖြစ်တယ်၊
(၃) ဃာနဒွါရမှာလဲ ဖြစ်တယ်၊
(၄) ဇိဝှါဒွါရမှာလဲ ဖြစ်တယ်၊
(၅) ကာယဒွါရမှာလဲ ဖြစ်တယ်၊
(၆) မနောဒွါရမှာလဲ ဖြစ်တယ်။

မှတ်သားအာရုံ

(၁) အဆင်း ရူပါရုံကို မျက်စိဖြင့်ကြည့်ရှုပြီးမှတ်သားတယ်၊
(၂) အသံ သဒ္ဒါရုံကို နားဖြင့် နားထောင်ပြီး မှတ်သားတယ်၊
(၃) အနံ့ ဂန္ဓာရုံကို နှာခေါင်းဖြင့် နှမ်းရှူပြီး မှတ်သားတယ်၊
(၄) အရသာ ရသာရုံကို လျှာဖြင့် လျက်မျိုပြီး မှတ်သားတယ်၊
(၅) အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ကိုယ်ဖြင့် တွေ့ထိပြီး မှတ်သားတယ်၊
(၆) သဘောဓမ္မာရုံကို စိတ်ဖြင့် ကြံဆိပြီး မှတ်သားတယ်။

ရူပါရုံကို မှတ်သားပုံ

စက္ခုဒွါရမှာ ဖြစ်တဲ့ သညာ သညာကွန်ရှာက အဆင်း ရူပါရုံကို မှတ်သားတယ်။

ဘယ်လို မှတ်သားသလဲ?။

ရူပါရုံကို မြင်ရာမှာ အဖြူဘဲ, အနီဘဲ, အညိုဘဲ, အစိမ်းဘဲ, အပြာဘဲ, အဝါဘဲ, အကြောင် အကျားဘဲ, လေးထောင့်ဘဲ, အဝိုင်းဘဲ, အလုံးဘဲ, အပြားဘဲ စသည်ဖြင့် အဆင်း ရူပါရုံကို မှတ်သားတယ်။

သဒ္ဒါရုံကို မှတ်သားပုံ

သောတဒ္ဒါရမှာဖြစ်တဲ့ သညာ သညာကွန်ရှာက အသံ သဒ္ဒါရုံကို မှတ်သားတယ်။

ဘယ်လို မှတ်သားသလဲ?။

သဒ္ဒါရုံကို ကြားရာမှာ ငိုကြွေးသံ, ရယ်မောသံ, သီချင်းဆိုသံ, စကားပြောသံ, တရားဟောသံ, ခွေးဟောင်သံ, ကြက်တွန်သံ, ငှက်မြည်သံ, ကြေးစည်သံ, ခေါင်းလောင်းသံ, တုံးသံ, မိုးယိမ်းခြိမ်းသံ အစရှိတဲ့ အသံမျိုးစုံတွေကို မှတ်သားတယ်။

ဂန္ဓာရုံကို မှတ်သားပုံ

ဃာနဒ္ဒါရမှာဖြစ်တဲ့ သညာ သညာကွန်ရှာက အနံ့ ဂန္ဓာရုံကို မှတ်သားတယ်။

ဘယ်လို မှတ်သားသလဲ?။

ဂန္ဓာရုံကို နံရာမှာ မွှေးတဲ့အနံ့ ပုပ်တဲ့အနံ့ စိမ်းစော်ညှီဟောက်တဲ့အနံ့ ကျင်ကြီးနံ့ ကျင်ငယ်နံ့ အစရှိတဲ့ အနံ့ ဂန္ဓာရုံကို မှတ်သားတယ်။

ရသာရုံကိုမှတ်သားပုံ

ဇိဝှါဒ္ဒါရမှာ ဖြစ်တဲ့ သညာ သညာကွန်ရှာက အရသာ ရသာရုံကို မှတ်သားတယ်။

ဘယ်လို မှတ်သားသလဲ?။

ရသာရုံကို လျှာရာမှာ ချိုတယ်, ချဉ်တယ်, ဖန်တယ်, ခါးတယ်, ငန်တယ်, စပ်တယ်လို့ အရသာတွေကို မှတ်သားတယ်။

ဖောဋ္ဌဗ္ဗာရုံကို မှတ်သားပုံ

ကာယဒ္ဒါရမှာဖြစ်တဲ့ သညာ သညာကွန္ဓာက အတွေ့ ဖောဋ္ဌဗ္ဗာရုံကို မှတ်သားတယ်။

ဘယ်လို မှတ်သားသလဲ?။

ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိရာမှာ မာတယ်, ကြမ်းတယ်, နူးညံ့ပြေ့ပျော့ပျောင်းတယ်, ပူတယ်, အေးတယ်, တွန်းကန်လှုပ်ရှားတယ်လို့ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို မှတ်သားတယ်။

ဓမ္မာရုံကို မှတ်သားပုံ

မနောဒ္ဒါရမှာ ဖြစ်တဲ့ သညာ သညာကွန္ဓာက သဘောဓမ္မာရုံကို မှတ်သားတယ်။

ဘယ်လို မှတ်သားသလဲ?။

ဓမ္မာရုံကို စိတ်ဖြင့် ကြံသိရာမှာ—

ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ် ခြောက်မျိုးပင် မှတ်သားတယ်။

ပညတ်ဓမ္မာရုံ မှတ်သားပုံကို ပြောဦးမယ်။

ရှေးအခါက မတွေ့မြင်ဘူးသူကို သူက တင်တင် အသားဖြူဖြူမျက်လုံးပြူးပြူး ဝဝ၊ သူက ရင်ရင် အသားညိုညို မျက်နှာမှာမှည့်နှင့် မပိန်မဝ ပြောကြားရှိ ပုံဟန်သဏ္ဌာန်နှင့် တကွ နံမယ်ကို မှတ်သားထား၏၊ နောက်တခါ တွေ့မြင်ရာ၌ ထိုအမှတ်သညာဖြင့်ပင် တင်တင်နှင့် ရင်ရင်ကို သိမြင်လေသည်။

သညာမှတ်သား အထင်မှား

ဒါကြောင့်—

"မှတ်သားမှုမှာ၊ သညာသာပ၊ သူငါပုဂ္ဂိုလ်၊ မရှိဆိုခဲ့"။

(၁) ရူပါရုံကို မှတ်သားတာလဲ သညာ၊

(၂) သဒ္ဒါရုံကို မှတ်သားတာလဲ သညာ၊

(၃) ဂန္ဓာရုံကို မှတ်သားတာလဲ သညာ၊
(၄) ရသာရုံကို မှတ်သားတာလဲ သညာ၊
(၅) ဖောဋ္ဌဗ္ဗာရုံကို မှတ်သားတာလဲ သညာ၊
(၆) ဓမ္မာရုံကို မှတ်သားတာလဲ သညာ၊

ပရိသတ်ကြီး ဝမ်းထဲမှာ အာရုံခြောက်ပါးကို မှတ်သားတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

သညာ နာမ်တရားက မှတ်သားဟာကို ငါမှတ်ထားတာ သူမှတ်ထားတာ စသည်ဖြင့် ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မှတ်သားတယ်လို့ အထင်မှားပြီး မနေဘူးလား ပရိသတ်ကြီး?။

အထင်မှားနေပါတယ် ဘုရား။

ဒါကြောင့်–

"သညာမှတ်သား၊ နာမ်တရားကို၊ ထင်မှားသူငါ၊ သတ္တဝါပုဂ္ဂိုလ်၊ အလဲ့ဆိုခဲ့"။

မှတ်သားတာဟာ ပုဂ္ဂိုလ် သတ္တဝါမဟုတ်လျှင် ဘာလဲ ပရိသတ်ကြီး?။

သညာ သညာကွန္ဓာပါ ဘုရား။

အေး.... သညာ–သညာကွန္ဓာဘဲ မှတ်သားပါတယ်၊ ဒီ သညာနာမ်တရား မှတ်သားတယ်ဆိုတာကို ရှေးရှေး အဘိဓမ္မာတတ် ပညာရှိတွေ နှုတ်ဖျားမှ ပြောကြားသုံးစွဲပြီး ကျန်ရစ်ခဲ့သားဘဲ။

ဘယ်သူဟာဖြင့် သိပ်အမှတ်သညာ ကောင်းတာဘဲ, သူတခါမြင် ဘူးထားလျှင် မှတ်မိနေတာဘဲ, တခါ ပြောထားလျှင် မှတ်မိနေတာ

ဘဲ, လူမြင်လျှင် မှတ်မိပါတယ်, သူ့နာမည်ကို မှတ်မိပါတယ်-တင်တင် အေးတဲ့၊ အဲဒါလို ပြောသံ ဆိုသံတွေ မကြားဘူးဘူးလား?။

ကြားဘူးပါတယ် ဘုရား။

လက္ခဏာ

ဒါကြောင့်—

သဉ္ဇာနန လက္ခဏာသညာ—

လို့ သညာ သညာကွန္ဒာ၏ အမှတ်ပြု၍ သိခြင်းလက္ခဏာကို ဟောတော်မူတယ်။

သညာ အနတ္တ

ပရိသတ်ကြီး + ဘုရား။

ငါမှာ မှတ်သားမှုသညာ မပျောက်မပျက်ပါစေနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အင်း....မရတာ အမှန်ဘဲနော်၊ ငါတော့ သူ့နာမည် မမှတ်မိဘူး စသည်ဖြင့် သညာ ပျောက်ပျက်ပုံကို ပြောသံတွေ ကြားရတယ်၊ ဒီသညာ—သညာကွန္ဒာကို အစိုးရပါလျှင် အမြဲတစေ မှတ်မိနေမှာဘဲ။

ပရိသတ်ကြီး + ဘုရား။

သညာမှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

သညာ— သညာကွန္ဒာဟာ ဗြဟ္မာ ဗိဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

အင်း....ဒီသညာ—သညာကွန္ဒာဟာ ပြုလုပ်တတ်သူ ဖန်ဆင်းတတ်သူတွေ ကြောင့် ဖြစ်ပေါ်လာတာ မဟုတ်ဘူး။

သညာကၡန္ဓာ ဖြစ်ကြောင်းတရား
"ဖဿသမုဒယာ သညာသမုဒယော"ဟု ဟောတော်မူသည့်အတိုင်း—

စက္ခုဒ္ဓါရ

(၁) စက္ခု အကြည်ရုပ်၊
(၂) အဆင်း ရူပါရုံ၊
(၃) စက္ခုဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿ ဖြစ်တယ်၊ အဲဒီ မျက်စိအတွေ့ စက္ခုသမ္ဘဝကြောင့် စက္ခုဒ္ဓါရမှာ မှတ်သားမှုသညာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

စက္ခုပသာဒ ရူပါရုံဆိုတဲ့ ရုပ်တရား,စက္ခုဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား အဲဒီ ရုပ်နှင့် နာမ်ကို အကြောင်းခံပြီး တွေ့ထိမှု ဖဿနဲ့နာမ်တရားဖြစ်တယ်၊ အဲဒီ ဖဿ နာမ်တရားကြောင့် မှတ်သားမှု သညာနာမ်တရား ဖြစ်ပေါ်လာတယ်။

သောတဒ္ဓါရ

(၁) သောတ အကြည်ရုပ်၊
(၂) အသံ သဒ္ဒါရုံ၊
(၃) သောတဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှုဖဿ ဖြစ်တယ်၊ အဲ'ဒီ နားအတွေ့ သောတသမ္ဘဝကြောင့် သောတဒ္ဓါရမှာ မှတ်သားမှုသညာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

သောတပသာဒ သဒ္ဒါရုံဆိုတဲ့ ရုပ်တရား၊
သောတဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား၊

အဲဒီ ရုပ်နှင့် နာမ်ကို အကြောင်းခံပြီး တွေ့ထိမှု ဖဿနာမ်တရား ဖြစ်တယ်၊ အဲဒီဖဿနာမ်တရားကြောင့် မှတ်သားမှုသညာ နာမ်တရား ဖြစ်ပေါ်လာတယ်။

ဃာနဒ္ဒါရ

(၁) ဃာန အကြည်ရုပ်၊
(၂) အနံ့ ဂန္ဓာရုံ၊
(၃) ဃာနဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿဖြစ်တယ်၊ အဲဒီ နှာခေါင်း အတွေ့ ဃာနသမ္ဖဿကြောင့် ဃာနဒ္ဒါရမှာ မှတ်သားမှု သညာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

ဇိဝှါပသာဒ ရသာရုံဆိုတဲ့ရုပ်တရား ဇိဝှါဝိညာဏ်စိတ်ဆိုတဲ့ နာမ်တရား အဲဒီ ရုပ်နှင့် နာမ်ကို အကြောင်းခံပြီး တွေ့ထိမှု ဖဿနာမ်တရားဖြစ်တယ်၊ အဲဒီ ဖဿ နာမ်တရားကြောင့် မှတ်သားမှု သညာ နာမ်တရား ဖြစ်ပေါ်လာတယ်။

ကာယဒ္ဒါရ

(၁) ကာယ အကြည်ရုပ်၊
(၂) အတွေ့ ဖောဋ္ဌဗ္ဗာရုံ၊
(၃) ကာယဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿဖြစ်တယ်၊ အဲဒီ ကိုယ်အတွေ့ ကာယသမ္ဖဿကြောင့် ကာယဒ္ဒါရမှာ မှတ်သားမှု သညာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

ကာယပသာဒ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ရုပ်တရား၊
ကာယဝိညာဏ်စိတ် ဆိုတဲ့ နာမ်တရား၊

အဲဒီ ရူပ်နှင့် နာမ်ကို အကြောင်းခံပြီး တွေ့ထိမှု ဖဿ နာမ်တရားဖြစ်တယ်၊ အဲဒီ ဖဿ နာမ်တရားကြောင့် မှတ်သားမှု သညာ နာမ်တရား ဖြစ်ပေါ်လာတယ်။

မနောဒ္ဓါရ

(၁) ဟဒယ အကြည်ရူပ်၊

(၂) သဘောဓမ္မာရုံ၊

(၃) မနောဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿ ဖြစ်တယ်၊ အဲဒီ စိတ် အတွေ့ မနောသမ္ဘယကြောင့် မနောဒ္ဓါရမှာ မှတ်သားမှု သညာ ဖြစ်ပေါ်လာတယ်။

ဆိုလိုရင်းကတော့—

ဟဒယဝတ္ထုဆိုတဲ့ ရူပ်တရား၊

ဓမ္မာရုံဆိုတဲ့ ရူပ် နာမ် ပညတ်တရား၊

မနောဝိညာဏ်စိတ် ဆိုတဲ့ နာမ်တရား၊

အဲဒီ ရူပ် နာမ် ပညတ်ကို အကြောင်းခံပြီး တွေ့ထိမှု ဖဿ နာမ်တရား ဖြစ်တယ်၊ အဲဒီ ဖဿ နာမ်တရားကြောင့် မှတ်သားမှု သညာနာမ်တရား ဖြစ်ပေါ်လာတယ်။

(မှတ်ရန်။ ။အဝိဇ္ဇာ တဏှာ ကံ တို့ကား— သညာကွန္ဓာ၏ အတိတ် ပစ္စည်းတည်း၊ ဖဿကား—ပစ္စုပ္ပန် ပစ္စည်းတည်း။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ဗျက်စိထဲမှာ မှတ်သားမှု သညာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နားထဲမှာ မှတ်သားမှု သညာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှာခေါင်းထဲမှာ မှတ်သားမှု သညာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လျှာထဲမှာ မှတ်သားမှုသည်ဟာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကိုယ်ထဲမှာ မှတ်သားမှု သညာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှလုံးသားထဲမှာ မှတ်သားမှု သညာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်—

မျက်စိထဲမှာလဲ မရှိဘူး၊
နားထဲမှာလဲ မရှိဘူး၊
နှာခေါင်းထဲမှာလဲ မရှိဘူး၊
လျှာထဲမှာလဲ မရှိဘူး၊
ကိုယ်ထဲမှာလဲ မရှိဘူး၊
နှလုံးသားထဲမှာလဲ မရှိဘူး။

ဒီ မှတ်သားမှု သညာဟာ ပြုလုပ်ပေးသူ ဖန်ဆင်း တည်ထောင်ပေးသူ ပုဂ္ဂိုလ်ကောင်သတ္တဝါကောင်မရှိဘဲနှင့် ဖြစ်ပေါ်လာရာမှာ အကြောင်းတရားကို

ရှာဖွေလျှင် ဖဿ နာမ်တရားကို တွေ့မယ်၊ အဲဒီ ဖဿ နာမ်တရားကြောင့် မှတ်သားမှု သညာ ဖြစ်ပေါ်လာတာဘဲ။

မှန်ရဲ့လား ပရိသတ်ကြီး?။

မှန်ပါ ဘုရား။

အထင် မလွဲသင့်

ခုလိုအကြောင်း ဖဿ နာမ်တရားကြောင့် ဖြစ်ပေါ်လာတဲ့–

(၁) ရူပသညာ၊
(၂) သဒ္ဒသညာ၊
(၃) ဂန္ဓသညာ၊
(၄) ရသသညာ၊
(၅) ဖောဋ္ဌဗ္ဗသညာ၊
(၆) ဓမ္မသညာ၊

မှတ်သားမှု သဘောတရားစု နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ား မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ သညာနာမ် တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီသညာနာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ သညာနာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲ စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

သံသရာ နယ်ခဲ့၊

ဒီ တဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ တရားသုံးပါးကို သတ္တဝါတွေကို သံသရာ ရှည်လျားအောင် ပြုတတ်လို့ သံသရာဝဋ္ဋအတွင်းမှ မလွတ်ကင်းနိုင်အောင် ပြုတတ်လို့ သံသရာနယ်ကို ခွဲထွင်တတ်လို့ သံသရာ နယ်ခဲ့သမားတွေလို့ဆိုတယ်။

နယ်ခွဲလက်အောက်မှ မလွတ်မြောက်က ဒုက္ခ

ဒီ သံသရာ နယ်ခွဲသမားတွေရဲ့ လက်အောက်မှ မလွတ်မြောက်သေးသမျှ တော်တော်ကြာ လူဖြစ်လိုက် တော်တော်ကြာ နတ်ဖြစ်လိုက် ဗြဟ္မာဖြစ်လိုက် ခွေး, နွား, ကြက်, ငှက် စတဲ့ တိရစ္ဆာန်ဖြစ်လိုက် ငရဲကျလိုက် ပြိတ္တာဖြစ်လိုက် အသုရကာယ်ဖြစ်လိုက်နှင့် ဘဝ ထို ဤ အတည်မကျ ဘဝမျိုးစုံနှင့် ပြေးသွား ကျင်လည် ဒုက္ခရှည်ကြရတယ်။

နယ်ခွဲလက်အောက်မှ လွတ်မြောက်အောင် ကြိုးစား

ပရိသတ်ကြီးဟာ သံသရာနယ်ခွဲ လက်အောက်မှ လွတ်မြောက်အောင် ကြိုးစားကြရမယ်။

မှန်ပါ ကြိုးစားပါမယ်ဘုရား။

သံသရာ နယ်ခွဲ လက်အောက်မှ လွတ်မြောက်အောင် ပရိသတ်ကြီးဟာ သညာနာမ်တရား မှတ်သားမှု သဘောတရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲနှင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါဘဲလို့ မာနစွဲနှင့်လဲ မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါပိုင်,ငါစိုး,ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့လဲ ဒိဋ္ဌိစွဲနှင့် မစွဲလမ်းရဘူး နော်။

မှန်မှါ ဘုရား။

တဏှာ ၁၀၈-ပါး၊ မာန် ၉-ပါး၊ ဒိဋ္ဌိ ၆၂-ပါး ဒီတရားတွေနှင့် ဖြစ်ပေါ်လာတဲ့ သညာနာမ်တရားကို မစွဲလမ်းဘဲ မှတ်သားမှုသညာ သညာကွန်ရှာ ဖြစ်ပေါ်လာတိုင်း ဤမှတ်သားမှု သညာ-သညာကွန်ရှာသည်ကား—

(၁) ငါ့ဥစ္စာ မဟုတ်၊
(၂) ငါ မဟုတ်၊
(၃) ငါ့အလိုသို့ လိုက်ပြီးဖြစ်တဲ့ အတ္တမဟုတ်ဟု ရှုမှတ်ကြ ရမယ်။

သညာကၽန္ဓာ ပြီး၏။

သင်ၵါရကၽန္ဓာ အနတ္တဖြစ်ပုံ

သခ်ၵါရာ အနတ္တာ။

ချစ်သားတို့ သင်ၵါရကၽန္ဓာ (၅၀)ငါးဆယ်ကို အနတ္တလို့ မှတ်ကြကဲ့။

ပရိသတ်ကြီး + ဘုရား။

မြတ်ဘုရားက သင်ၵါရကၽန္ဓာ (၅၀)ငါးဆယ်ကို ဘာလို့ မှတ်ရမတဲ့လဲ?။

အနတ္တလို့ မှတ်ရပါမယ်တဲ့ ဘုရား။

အေး သင်ၵါရကၽန္ဓာကို အနတ္တလို့ မှတ်ရမယ်လို့ ဘုရားဟောတယ်၊ ဘယ်ဟာကို သင်ၵါရခေါ်တယ်၊ သင်ၵါရကၽန္ဓာခေါ်တယ်၊ ဘယ်လို အနတ္တဖြစ်တယ်လို့ သိဘို့ လိုတယ်၊ မသိဘဲနှင့်လည်း မကျင့်တတ်ဘူး၊ အကျင့် မရောက်ဘဲနှင့်လည်း အကျိုးမရဘူး၊ ဒါကြောင့် ရှေးဦးသိအောင် လုပ်ရမယ်။

သင်ၵါရ

ပြုပြင်စီရင်မှု မကင်းတဲ့သဘောကို သင်ၵါရလို့ ခေါ်တယ်။

သရုပ်ထုတ်ပြီးပြရပါလျှင်—

(၁) စိတ်ပရမတ်၊
(၂) စေတသိက် ပရမတ်၊
(၃) ရူပ် ပရမတ်၊

ဒီ ၃ရမတ္တတရား သုံးပါးလုံးပင် ပြုပြင်စီရင်မှု မကင်းလို့ သင်ၵါရအမည်ရတယ်။

သခ်ၢါရကၠန္ဓာ

ဒီ ခန္ဓာသခ်ၢါရ နေရာမှာတော့ စေတသိက်ပရမတ်မှ ဝေဒနာ, သညာကြဉ်တဲ့ စေတသိက် (၅၀)ငါးဆယ်သာလျှင် သခ်ၢါရကၠန္ဓာ မည်တယ်လို့ မှတ်ရမည်။

ဘုရားရှင်ကလည်း

ကိဉ္စ ဘိက္ခဝေ သခ်ၢါရေ ဝဒေထ။

ချစ်သားတို့...“အဘယ့်ကြောင့် သခ်ၢါရဟု ဆိုကြကုန်သနည်း” ဟု အမေးထုတ်တော်မူပြီး—

သင်္ခတ မဘိသင်္ခရောန္တိတိ ခေါ ဘိက္ခဝေ တသ္မာ သခ်ၢါရာတိ ဝုစ္စတိ။

ပြုပြင်စီရင်အပ်သော သဘောကို ပြုပြင်စီရင်တတ်သောကြောင့် သခ်ၢါရမည်တယ်လို့ အဖြေထုတ်တော် မူခဲ့လေသည်။

ပြုပြင်ပုံ

ဒီ သခ်ၢါရကၠန္ဓာဟာ—

(၁) ရူပ်ကို ရူပ်အဖြစ်အကျိုးငှါ
(၂) ဝေဒနာကို ဝေဒနာအဖြစ် အကျိုးငှါ
(၃) သညာကို သညာအဖြစ် အကျိုးငှါ
(၄) သခ်ၢါရတို့ကို သခ်ၢါရအဖြစ် အကျိုးငှါ
(၅) ဝိညာဏ်ကို ဝိညာဏ်အဖြစ် အကျိုးငှါ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်တယ်။

ဒါကြောင့်—

မြတ်ဘုရားက ကိဉ္စ သင်္ခတ မဘိသင်္ခရောန္တိ။

ချစ်သားတို့ အဘယ် ပြုပြင်အပ်သော သဘောကို ပြုပြင်သနည်းဟု အမေးထုတ်တော်မူပြီး—

(၁) ရူပံ ရူပတ္ထာယ သင်္ခတ မဘိသင်္ခရောန္တိ။
(၂) ဝေဒနံ ဝေဒနတ္ထာယ သင်္ခတ မဘိသင်္ခရောန္တိ။

(၃) သည်ံ သည်တ္ထာယ သခ်ၢတ မဘိသခ်ၢရောန္ဒိ။
(၄) သခ်ၢိရေ သခ်ၢိရတ္ထာယ သခ်ၢတ မဘိသခ်ၢရောန္ဒိ။
(၅) ဝိညာဏံ ဝိညာဏတ္ထာယ သခ်ၢတ မဘိသခ်ၢရောန္ဒိ။

သခ်ၢတ မဘိသခ်ၢရောန္ဒိတိ ဒေါ ဘိက္ခဝေ တသ္မာ သခ်ၢိရုတိ ဝုစ္စတိ-ဟု အဖြေ ထုတ်တော်မူခဲ့သည်။

ဖဿ

အာရုံ၌ တွေ့ထိခြင်း သဘောကို ဖဿ-ဟု ဆိုသည်။

တွေ့ထိပုံ

ဖဿဟာ နာမ်တရားဖြစ်လို့ မတွေ့ထိကောင်းသော်လည်း တွေ့ထိသော အခြင်းအရာအားဖြင့်သာ ဖြစ်၏။

ဥပမာဖြင့်ပြ

အဲဒီ ဖဿ၏ တွေ့ထိပုံ အခြင်းအရာကို သံပုရာသီး၊ ရှောက်ချဉ်သီး စားသူကို မြင်သော တပါးသူ၏ တံထွေးဖြစ်ခြင်း ယိုစီးခြင်း ဖြစ်ရာ၌ကဲ့သို့ မှတ်ရမည်။

ဥပမာ တနည်း

ဥပမာ တနည်းပြရလျှင်–

ဆိတ်နှစ်ကောင်ခတ်ရာ ပထမဆိတ်ကဲ့သို့ စက္ခုဝိညာဏ်စိတ်ကို မှတ်ရမည်၊ ဒုတိယဆိတ်ကဲ့သို့ ရူပါရုံကို မှတ်ရမည်၊ အချင်းချင်း ခတ်မိခြင်းကဲ့သို့ ဖဿကို မှတ်ရမည်။

ဥပမာ တနည်း

ဥပမာ တနည်း ပြရလျှင်–

လက်ခုပ်တီးရာ လင်းကွင်းတီးရာ ခွက်ခွင်းတီးရာ အခါတို့၌ ပဌမလက်ခုပ် လင်းကွင်း ခွက်ခွင်းတို့ကဲ့သို့ စက္ခုဝိညာဏ်စိတ်ကို မှတ်ရမည်။

ဒုတိယ လက်ခုပ် လင်းကွင်း ခွက်ခွင်းတို့ကဲ့သို့ ရူပါရုံကို မှတ်ရမည်၊ အချင်းချင်း တီးခတ်မိသကဲ့သို့ ဖဿကို မှတ်ရမည်။

မှတ်ရန်

ဤ၌ စက္ခုဒ္ဒါရတခုသာ ဥပမာပြသော်လည်း ပဌမ ဆိတ်ကဲ့သို့ သောတ ဝိညာဏ်စိတ်၊ ဒုတိယဆိတ်ကဲ့သို့ သဒ္ဒါရုံ အချင်းချင်း ခတ်မိခြင်းကဲ့သို့ ဖဿ စသည်ဖြင့် ခြောက်ဒ္ဒါရလုံး သိပါ။

လက္ခဏာ

လက္ခဏာအားဖြင့်–ဖဿသည် ဖုသနလက္ခဏာအာရုံ၌ တွေ့ထိခြင်း သဘော လက္ခဏာရှိတယ်။

ဖဿ ဖြစ်ကြောင်း

စက္ခုဒ္ဒါရ

ဒီ ဖဿနာမ်တရားဟာ– တိဏ္ဍံ သင်္ဂတိ ဖဿော ဟု ဟောတော်မူသည့် အတိုင်း—

(၁) မျက်စိအကြည်ရုပ်၊
(၂) အဆင်း ရူပါရုံ၊
(၃) စက္ခုဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် စက္ခုဒ္ဒါရမှာ တွေ့ထိမှု ဖဿ ဖြစ်တယ်။

ဇိဝှါဒ္ဒါရ

(၁) လျှာ အကြည်ရုပ်၊
(၂) အရသာ ရသာရုံ၊
(၃) ဇိဝှါဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် ဇိဝှါဒ္ဒါရမှာ တွေ့ထိမှု ဖဿ ဖြစ်တယ်။

ကာယဒ္ဌါရ

(၁) ကိုယ် အကြည်ရှိပ်၊
(၂) အတွေ့ ဖောဋ္ဌဗ္ဗာရုံ၊
(၃) ကာယဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် ကာယဒ္ဌါရမှာ တွေ့ထိမှု ဖဿ ဖြစ်တယ်။

မနောဒ္ဌါရ

(၁) နှလုံး အကြည်ရှိပ်၊
(၂) သဘော ဓမ္မာရုံ၊
(၃) မနောဝိညာဏ်စိတ်၊

ဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် မနောဒ္ဌါရမှာ တွေ့ထိမှု ဖဿ ဖြစ်တယ်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ဖရိသတ်ကြီး+ဘုရား။

မျက်စိထဲမှာ တွေ့ထိမှု ဖဿ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နားထဲမှာ တွေ့ထိမှု ဖဿ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှာခေါင်းထဲမှာ တွေ့ထိမှု ဖဿ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လျှာထဲမှာ တွေ့ထိမှု ဖဿ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကိုယ်ထဲမှာ တွေ့ထိမှု ဖဿ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှလုံးသားထဲမှာ တွေ့ထိမှု ဖဿ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်းတည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်—

မျက်စိထဲမှာလဲ မရှိဘူး၊
နားထဲမှာလဲ မရှိဘူး၊
နှာခေါင်းထဲမှာလဲ မရှိဘူး၊
လျှာထဲမှာလဲ မရှိဘူး၊
ကိုယ်ထဲမှာလဲ မရှိဘူး၊
နှလုံးသားထဲမှာလဲ မရှိဘူး။

ဒီ တွေ့ထိမှု ဖဿဟာ ပြုလုပ်ပေးသူ ဖန်ဆင်း တည်ထောင်ပေးသူ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် မရှိဘဲနှင့် ဖြစ်ပေါ်လာရာမှာ အကြောင်းတရားကို ရှာဖွေလျှင် ဝတ္ထု, အာရုံ, ဝိညာဏ် အကြောင်းသုံးပါးကို တွေ့မယ်၊ အဲဒီ အကြောင်းသုံးပါး ပေါင်းဆုံမိခြင်းကြောင့် ဖဿ နာမ်တရား ဖြစ်ပေါ်လာတာဘဲ။

မှန်ရဲ့လား ပရိသတ်ကြီး?။

မှန်ပါ ဘုရား။

အထင်မလွဲသင့်

ခုလို အကြောင်း ရှုပ်နှာမ်ကြောင့် ဖြစ်ပေါ်လာတဲ့–

(၁) စက္ခုသမ္ဖဿ၊

(၂) သောတသမ္ဖဿ၊

(၃) ဃာနသမ္ဖဿ၊

(၄) ဇိဝှါသမ္ဖဿ၊

(၅) ကာယသမ္ဖဿ၊

(၆) မနောသမ္ဖဿ၊

ဆိုတဲ့ ဖဿနှာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ ဖဿ နှာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ဖဿ နှာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာ:ဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ဖဿ နှာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

သံသရာနယ်ခွဲ

ဒီ တဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ တရားသုံးပါးကို ။လ။ သံသရာနယ်ခွဲသမားတွေလို့ ဆိုတယ်။

နယ်ခွဲလက်အောက်မှ မလွတ်မြောက်က ဒုက္ခ

ဒီ သံသရာ နယ်ခွဲသမားတွေရဲ့ လက်အောက်မှ ။လ။ ပြေးသွား ကျင်လည် ဒုက္ခရှည်ကြရတယ်။

နယ်ခွဲလက်အောက်မှ လွတ်မြောက်အောင်ကြိုးစား

ပရိသတ်ကြီးဟာ သံသရာနယ်ခွဲ လက်အောက်မှ လွတ်မြောက်အောင် ကြိုးစားကြရမယ်။

မှန်ပါ ကြိုးစားပါမယ် ဘုရား။

သံသရာနယ်ခွဲ လက်အောက်မှ လွတ်မြောက်အောင် ပရိသတ်ကြီးဟာ ဖယ သာမ်တရား တွေ့ထိမှု သဘောတရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲနှင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါဘဲလို့ မာနစွဲနှင့်လဲ မ်ဲစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့လဲ ဒိဋ္ဌိစွဲနှင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

တဏှာ ၁၀၈-ပါး၊ မာန် ၉-ပါး၊ ဒိဋ္ဌိ ၆၂-ပါး ဒီတရားတွေနှင့် ဖြစ်ပေါ်လာတဲ့ ဖယ သာမ်တရားကို မစွဲလမ်းဘဲ တွေ့ထိမှု ဖယ ဖြစ်ပေါ်လာတိုင်း ဤတွေ့ထိမှု ဖယသည်ကား—

(၁) ငါ၏ဥစ္စာမဟုတ်၊

(၂) ငါမဟုတ်၊

(၃) ငါ၏ အလိုသို့ လိုက်ပြီးဖြစ်တဲ့ အတ္တမဟုတ်ဟု ရှုမှတ်ကြရမယ်။

စေတနာ

စေ့ဆော်·နှိုးဆော်·တိုက်တွန်း·အားထုတ်ခြင်း သဘောကို စေတနာဆိုသည်။

(က) စေတနာသည် မိမိလည်း အလွန်အားထုတ်သည်။

(ခ) မိမိနှင့် အတူတကွဖြစ်တဲ့ သမ္ပယုတ်တရားတို့ကိုလည်း အာရုံ၌ဖြစ်စေ အားထုတ်စေတတ်၏။

(ဂ) သမ္ပယုတ်တရားတို့ကို ထိုထိုကိစ္စ၌ အသီးအသီး ကိုယ်စီကိုယ်စီ သတိဖြင့် ပြီးစီးအောင် အားထုတ်စေရန် ကြောင့်ကြ စိုက်တတ်၏။

(ဃ) စေခိုင်းတိုက်တွန်းတတ်၏, နှိုးဆော်တတ်၏။

ကံအရာ၌ စေတနာပြဋ္ဌာန်း

ကုသိုလ်ကံ·အကုသိုလ်ကံ အရာ၌ စေတနာ ပြဋ္ဌာန်းရကား စေတနာ၏ အားထုတ်မှုသည် အလွန်ထင်ရှားလှ၏။

ဒါကြောင့်လဲ--

စေတနာမရှိဘဲနှင့် မပေးပါနှင့် မလှူပါနှင့်၊ စေတနာနဲ့ ပေးလှူကြပါ၊ ဘာဘဲလုပ်လုပ် စေတနာကောင်းနှင့် လုပ်၊ စေတနာနဲ့ ပြောတာပါ၊ စေတနံာနဲ့ တိုက်တွန်းတာပါ၊ သေစေလိုတဲ့ စေတနာတော့ မရှိပါဘူး။

"စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။"

ချစ်သားတို့ ပြုလုပ်အားထုတ်မှု စေတနာကို ကံခေါ်တယ်။

ကံ ဆိုတာ ကမ္မပုဒ်မှ ဆင်းသက်ပြီး ခေါ်ဆိုတဲ့ ပြုလုပ်အားထုတ်မှု **စေတနာ၏** ပရိယာယ်ပင် ဖြစ်တယ်။

ဒါကြောင့်—

စေတနာကောင်းမှ ကံကောင်းတယ်၊

စေတနာမကောင်းလျှင် ကံမကောင်းနိုင်ဘူးလို့ ဆိုရိုးစကား ရှိတယ်။

ကံကောင်းမှ အကျိုးပေး ကောင်းတယ်၊

ကံမကောင်းလျှင် အကျိုးပေးလဲ မကောင်းဘူး။

စေတနာကောင်းလို့ ကံကောင်း

စေတနာကောင်းလို့ ကံကောင်းတယ်ဆိုတာ မိမိမှာရှိတဲ့ပစ္စည်းဥစ္စာများဖြင့် သာသနာတော်ကို ချီးမြှောက် ထောက်ပံ့လိုတဲ့စိတ်မျိုးဖြင့် သာသနာ့ဝန်ထမ်းရဟန်း သာမဏေတို့အား—

(၁) ဆွမ်း ပစ္စည်းဖြင့် မပင်ပန်းအောင်လဲ တတ်အားသမျှ ဆွမ်းခဲဘုယ် ဘောဇဉ် အာဟာရများကို ပေးလှူတယ်။

(၂) အဝတ် သင်္ကန်းဖြင့် မပင်ပန်းအောင်လဲ တတ်အားသမျှ အဝတ် သင်္ကန်းများကို ပေးလှူတယ်။

(၃) ကျောင်း အရိပ် အာဝါသဖြင့် မပင်ပန်းအောင်လဲ တတ်အားသမျှ ကျောင်း ညောင်စောင်း ကုတင် ကုလားထိုင်မှစ၍ ပေးလှူတယ်။

(၄) ဆေးပစ္စည်းဖြင့် မပင်ပန်းအောင်လဲ တတ်အားသမျှ ဆေးပစ္စည်းများကို ပေးလှူတယ်၊ အဲဒီ ဒါနကုသိုလ်စေတနာတွေ။

(၁) သူ့အသက် မသတ်ဘူး၊

(၂) သူ့ဥစ္စာ မခိုးဘူး၊

(၃) မိမိမယား လင်သားမှတပါး မေထုန်အမှုကို မပြုဘူး၊

(၄) မုသား မပြောဘူး၊

(၅) အရက်မသောက် ဘိန်းမစားဘူး၊ ငါးပါးသီလ လုံခြုံတယ်။

ဥပုသ်နေ့များမှာ ဥပုသ်စောင့်တယ် အဲဒီ သီလကုသိုလ် စေတနာတွေ။

(၁) သေခြင်း တရားကို အောက်မေ့ဆင်ခြင်တယ်၊

(၂) သတ္တဝါများ၌ အကျိုးစီးပွားကို လိုလား မေတ္တာပွားတယ်၊

(၃) ဘုရားဂုဏ်တော်များကို ပွားများတယ်၊

(၄) တရားဂုဏ်တော်များကို ပွားများတယ်၊

(၅) သံဃာ့ဂုဏ်တော်များကို ပွားများတယ်၊

(၆) အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာကို ပွားများတယ်။

အဲဒီ ဘာဝနာ ကုသိုလ်စေတနာတွေ ကောင်းလို့ ကံလည်း ကောင်းတယ်။

ကံကောင်းလို့ အကျိုးပေးကောင်း

ကံကောင်းလို့ အကျိုးပေးကောင်းတယ်ဆိုတာ—

(၁) ဒါန ကုသိုလ်စေတနာ ကောင်းတဲ့ ကံကြောင့်—ဘောဂသမ္ပတ္တိ လူ၌ ဖြစ်တဲ့ စည်းစိမ်ချမ်းသာ နတ်၌ဖြစ်တဲ့ စည်းစိမ်ချမ်းသာ နှင့် ပြည့်စုံခြင်းဆိုတဲ့ ကောင်းတဲ့ အကျိုးကိုရသည်။

(၂) သီလ ကုသိုလ်စေတနာ ကောင်းတဲ့ ကံကြောင့်—ဘဝသမ္ပတ္တိ လူ့ပြည် နတ်ရွာ ဗြဟ္မာဟူဘီ သုဂတိ ဘဝ၏ ပြည့်စုံခြင်းဆိုတဲ့ ကောင်းတဲ့အကျိုးကို ရသည်။

(၃) ဘာဝနာ ကုသိုလ်စေတနာ ကောင်းတဲ့ ကံကြောင့်—နိဗ္ဗာန သမ္ပတ္တိ, ဘဝလက်စသတ်ပြီး ရုပ်ရော နာမ်ပါ အပြီးသတ် ချုပ်ငြိမ်း အေးမြခြင်းဆိုတဲ့ နိဗ္ဗာန်၏ ပြည့်စုံခြင်း ကောင်းတဲ့ အကျိုးကို ရသည်။

စေတနာမကောင်း ကံမကောင်း

စေတနာမကောင်းလို့ ကံမကောင်းဘူးဆိုတာ—

(၁) သူ့အသက် သတ်တယ်၊

(၂) သူ့ဥစ္စာ ခိုးတယ်၊
(၃) သူ့မယားကို မှားယွင်းတယ်၊
(၄) မုသား ပြောကြားတယ်၊
(၅) အရက်သောက် ဘိန်းစားတယ်၊

အဲဒီ အကုသိုလ်စေတနာတွေ မကောင်းလို့ ကံလည်း မကောင်းဘူး။

ကံမကောင်း အကျိုးပေး မကောင်း

ကံမကောင်းလို့ အကျိုးပေး မကောင်းဘူးဆိုတာ—

(၁) သူ့အသက်သတ်မှု အကုသိုလ်စေတနာ မကောင်းတဲ့ကံကြောင့် သေသည်၏ အခြားမဲ့မှာ အပါယ်ဝရဲကျပြီး တဖန် လူအဖြစ်ကို ရပါသော်လည်း အသက်တိုခြင်းဆိုတဲ့ မကောင်းတဲ့ အကျိုးကို ရသည်။

(၂) သူ့ဥစ္စာ ခိုးမှု အကုသိုလ်စေတနာ မကောင်းတဲ့ကံကြောင့် သေသည်၏အခြားမဲ့မှာ အပါယ်ဝရဲကျပြီး တဖန် လူအဖြစ်ကို ရပါသော်လည်း စည်းစိမ်ဥစ္စာ ပျက်စီး အထီးကျန် ခွဲမဲ့ရခြင်းဆိုတဲ့ မကောင်းတဲ့ အကျိုးကို ရတယ်။

(၃) သူ့မယား မှားယွင်းမှု အကုသိုလ်စေတနာ မကောင်းတဲ့ကံကြောင့် သေသည်၏ အခြားမဲ့မှာ အပါယ်ဝရဲကျပြီး တဖန် လူအဖြစ်ကို ရပါသော်လည်း မုန်းထားရန်ပွား မိန်းမဖြစ်ရ နပုံးပဏ္ဍုက် ဖြစ်ရခြင်းဆိုတဲ့ မကောင်းတဲ့ အကျိုးကို ရတယ်။

(၄) လိမ်လည်ပြောကြား မုသားဆိုမှု အကုသိုလ်စေတနာ မကောင်းတဲ့ကံကြောင့် သေသည်၏ အခြားမဲ့မှာ အပါယ်ဝရဲကျပြီး တဖန် လူအဖြစ်ကို ရပါသော်လည်း သူတပါးတို့ မဟုတ်မတရား အစွပ်စွဲခံရခြင်းဆိုတဲ့ မကောင်းတဲ့ အကျိုးကို ရတယ်။

(၅) အရက်သောက် ဘိန်းစားမှု အကုသိုလ်စေတနာ မကောင်းတဲ့ကံ ကြောင့် သေသည်၏ အခြားမဲ့မှာ အပါယ်ဝရဲကျပြီး တဖန် လူအဖြစ်ကို ရပါသော်လည်း အရူးအနှမ်း ဖြစ်ရခြင်း ဆိုတဲ့ မကောင်းတဲ့ အကျိုးကို ရတယ်။

ဥပမာဖြင့်ပြ

စေတနာအားထုတ် တိုက်တွန်း

ဒီ စေတနာ၏ အလွန်အားထုတ်ပုံ သမ္မယုတ်တရားတို့ကို အားထုတ်စေမှု၌ တိုက်တွန်းပုံကို ကျမ်းဂန်မျှားမှာ—

(၁) လယ်ပိုင်ရှင် ယောကျ်ား ဥပမာ၊

(၂) တပည့်ကြီး ဥပမာ၊

(၃) လက်သမားကြီး ဥပမာမျှားဖြင့် ထင်ရှားအောင် ပြလျက်ရှိတယ်။

(၁) လယ်ပိုင်ရှင်ယောကျ်ား ဥပမာ၌—

လယ်ပိုင်ရှင် ယောကျ်ားသည် (၅၅) ငါးကျိပ် ငါးယောက်သော အခစား ယောကျ်ားတို့ကို ခေါ်ယူပြီး လယ်ရိတ်ရန် တပေါင်းတည်း လယ်ခင်းသို့ ဆင်းသက်ကြ၏၊ လယ်ရိတ်ရာ၌ လယ်ပိုင်ရှင် ယောကျ်ားသည် အခစား (၅၅) ငါးကျိပ် ငါးယောက်သော ယောကျ်ားမျှားထက် နှစ်ဆတက် လုံ့လပြု၏၊ အခစား (၅၅) ငါးကျိပ် ငါးယောက်သော ယောကျ်ားမျှားကို—

အမောင်တို့....ကြိုးစားပြီးရိတ်ကြ၊ ကြိုးစားပြီးရိတ်ကြ၊ ဒီကနေ့ လယ်မည်မျှ ပြီးအောင် ရိတ်ကြရမယ် စသည်ဖြင့် လယ်ရိတ်မှု၌ အားထုတ်မှုကို ဖြစ်စေခြင်း ရိတ်သောလယ်၏ အပိုင်းအခြားကို ပြောကြားခြင်း၊ အခစားယောကျ်ားတို့ အား အရက် ထမင်း ပန်း နံ့သာစသည်တို့ကို ပေးခြင်း လယ်ငန်းကို အညီအမျှ ဆောင်ခြင်းတို့ကို ပြု၏။

ဥပမာန ဥပမေယျ နှိုးနှောပြ

ဤဥပမာ၌—

လယ်ပိုင်ရှင် ယောကျ်ားကဲ့သို့ စေတနာကို မှတ်ရမည်၊ (၅၅) ငါးကျိပ် ငါးယောက်သော အခစားယောကျ်ားတို့ကဲ့သို့ စိတ်အင်္ဂါ၏အစုမ်းဖြင့် ဖြစ်ပေါ်လာတဲ့ (၅၅)ငါးဆယ့်ငါးပါး ကုသိုလ်တရားတို့ကို မှတ်ရမည်။

လယ်ပိုင်ရှင် ယောကျ်း၏ နှစ်ဆတက် လုံ့လပြုရာ အခါကဲ့သို့ ကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်ရာ အခါ၌ စေတနာ၏ နှစ်ဆတက် အားထုတ်မှု လုံ့လကို မှတ်ရမည်။

(၂) တပည့်ကြီး ဥပမာ၌—

တပည့်ကြီးသည် ဆရာအဝေးမှ လာသည်ကို မြင်လျှင် ရှတ်အံ သရဇ္ဈာယ်မှုကို ပြုရာ တပါးသော သူငယ်တို့ကိုလည်း ရှတ်အံသရဇ္ဈာယ်မှု ဖြစ်စေ၏၊ (မှန်၏) တပည့်ကြီး စာအံလျှင် ကြင်းတပည့်ငယ်တို့လည်း ထိုတပည့်ကြီးသို့ အတုလိုက်၍ စာအံကြကုန်သည်သာ ဖြစ်၏။

ဥပမာန ဥပမေယျ နှိုးနှောပြ

တပည့်ကြီးကဲ့သို့ စေတနာကို မှတ်ရမည် ဗဟုပည့်ငယ်များကဲ့သို့ စေတနာနှင့် အတူဖြစ်တဲ့ သမ္ပယုတ်တရားများကို မှတ်ရမည်၊ တပည့်ကြီး ရှတ်အံ သရဇ္ဈာယ်မှုကို အားထုတ်သည်ရှိသော် တပည့်ငယ်များ ရှတ်အံသရဇ္ဈာယ်မှုကို အားထုတ်ကုန်သကဲ့သို့ စေတနာသည် မိမိကိစ္စအားဖြင့် အာရုံ၌ ဖြစ်သည်ရှိသော် တပါးသော သမ္ပယုတ်တရားတို့ကိုလည်း အာရုံ၌ ဖြစ်စေသည်။

(၃) လက်သမားကြီး ဥပမာ၌—

လက်သမားကြီးသည် ခုတ်ရွေခြင်း စသော လက်သမားအမှုကို ပြုသည်ရှိသော် တပည့်လက်သမားငယ်တို့ကိုလည်း ခုတ်ရွေခြင်းစသောလက်သမားအမှု၌ ဖြစ်စေကြကုန်၏၊ အကြောင်းမှာ တပည့်လက်သမားငယ်တို့သည် လက်သမားကြီးသို့ အတုလိုက်သောကြောင့်ပင် ဖြစ်၏။

ဥပမာနှဲ့ ဥပမေယျ နှိုးနှောပြ

လက်သမားကြီးကဲ့သို့ စေတနာကို မှတ်ရမည်၊ တပည့် လက်သမားငယ်များကဲ့သို့ စေတနာနှင့် အတူဖြစ်တဲ့ သမ္မယုတ်တရားများကို မှတ်ရမည်၊ လက်သမားကြီး လက်သမားအမှုကို ပြုသည်ရှိသော် တပည့်လက်သမားငယ်တို့ လက်သမားအမှုကို ပြုကုန်သကဲ့သို့ စေတနာသည် မိမိကိစ္စအားဖြင့် အာရုံ၌ ဖြစ်သည်ရှိသော် တပါးသော သမ္မယုတ်တရားတို့ကိုလည်း အာရုံ၌ဖြစ်စေသည်၊ စေတနာ မိမိကိစ္စကို အားထုတ်ရာ သမ္မယုတ်တရားတို့သည်လည်း အားထုတ်သည်ဟူ၏။

လက္ခဏာ

ဒါကြောင့်–စေတနာကို "စေတယိတလက္ခဏာ! စေတနာဘာဝ လက္ခဏာ"မိမိနှင့် အတူဖြစ်တဲ့ သမ္မယုတ်တရားတို့ကို အာရုံ၌ စေ့ဆော်နှိုးဆော်တိုက်တွန်း အားထုတ်စေခြင်း လက္ခဏာရှိတယ်လို့ မှတ်ရမယ်။

စေတနာ(၆)ပါး

အဲဒီစေတနာကလဲ–

(၁) ရူပသဠေတနာ (အဆင်းရူပါရုံ၌ စေ့ဆော်အားထုတ်မှု။)
(၂) သဒ္ဒသဠေတနာ (အသံသဒ္ဒါရုံ၌ စေ့ဆော်အားထုတ်မှု။)
(၃) ဂန္ဓသဠေတနာ (အနံ့ဂန္ဓာရုံ၌ စေ့ဆော်အားထုတ်မှု။)
(၄) ရသသဠေတနာ (အရသာရသာရုံ၌ စေ့ဆော်အားထုတ်မှု။)
(၅) ဖောဋ္ဌဗ္ဗသဠေတနာ(အတွေ့ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်အားထုတ်မှု)
(၆) ဓမ္မသဠေတနာ (သဘောဓမ္မာရုံ၌ စေ့ဆော်အားထုတ်မှု)အားဖြင့် ဒွါရဖြင့် မှတ်၍ ခြောက်ပါးပြားတယ်။

ဒါကြောင့် မြတ်စွာဘုရားက"ဆယိ မေ ဘိက္ခဝေ စေတနာ ကာယာ–

(၁) ရူပ သဠေတနာ
(၂) သဒ္ဒ သဠေတနာ

(၃) ဂန္ဓ သဠေ့တနာ
(၄) ရသ သဠေ့တနာ
(၅) ဖောဋ္ဌပ္ပ သဠေ့တနာ
(၆) ဓမ္မ သဠေ့တနာဟု ဟောတော်မူသည်။

စေတနာဖြစ်ကြောင်း

"ဖဿသမုဒယာ စေတနာသမုဒယော" ခြောက်ဒွါရမှာ ဖဿဖြစ်ခြင်းကြောင့် စေ့ဆော်အားထုတ်မှု စေတနာဖြစ်ပေါ်လာတယ်။

(၁) စက္ခုသမ္ဖဿ မျက်စိအတွေ့ကြောင့် အဆင်းရူပါရုံ၌ စေ့ဆော်အားထုတ်မှု ရူပသဠေ့တနာ ဖြစ်ပေါ်လာတယ်။
(၂) သောတသမ္ဖဿ နားအတွေ့ကြောင့် အသံသဒ္ဒါရုံ၌ စေ့ဆော်အားထုတ်မှု သဒ္ဒသဠေ့တနာ ဖြစ်ပေါ်လာတယ်။
(၃) ဃာနသမ္ဖဿ နှာခေါင်းအတွေ့ကြောင့် အနံ့ဂန္ဓာရုံ၌ စေ့ဆော်အားထုတ်မှု ဂန္ဓသဠေ့တနာ ဖြစ်ပေါ်လာတယ်။
(၄) ဇိဝှါသမ္ဖဿ လျှာအတွေ့ကြောင့် အရသာ-ရသာရုံ၌ စေ့ဆော်အားထုတ်မှု ရသသဠေ့တနာ ဖြစ်ပေါ်လာတယ်။
(၅) ကာယသမ္ဖဿ ကိုယ်အတွေ့ကြောင့် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော် အားထုတ်မှု ဖောဋ္ဌပ္ပသဠေ့တနာ ဖြစ်ပေါ်လာတယ်။
(၆) မနောသမ္ဖဿ စိတ်အတွေ့ကြောင့် သဘောဓမ္မာရုံ၌ စေ့ဆော်အားထုတ်မှု ဓမ္မသဠေ့တနာ ဖြစ်ပေါ်လာတယ်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

မျက်စိထဲမှာ ရူပါရုံ၌ စေ့ဆော်မှု စေတနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နားထဲမှာ သဒ္ဒါရုံ၌ စေ့ဆော်မှု စေတနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှာခေါင်းထဲမှာ ဂန္ဓာရုံ၌ စေ့ဆော်မှု စေတနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

လျှာထဲမှာ ရသာရုံ၌ စေ့ဆော်မှု စေတနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကိုယ်ထဲမှာ ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်မှု စေတနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှလုံးသားထဲမှာ ဓမ္မာရုံ၌ စေ့ဆော်မှု စေတနာ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်။

မျက်စိထဲမှာလဲ မရှိဘူး။

နားထဲမှာလဲ မရှိဘူး။

နှာခေါင်းထဲမှာလဲ မရှိဘူး။
လျှာထဲမှာလဲ မရှိဘူး။
ကိုယ်ထဲမှာလဲ မရှိဘူး။
နှလုံးသားထဲမှာလဲ မရှိဘူး။

ဒီစေ့ဆော်မှု စေတနာဟာ ,ပြုလုပ်ပေးသူ ဖန်ဆင်း တည်ထောင်ပေးသူ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် မရှိဘဲနှင့် ဖြစ်ပေါ်လာရာမှာ အကြောင်းတရား ကို ရှာဖွေလျှင် ဖဿနာမ်တရားကို တွေ့မယ်၊ အဲဒီ ဖဿနာမ်တရားကြောင့် စေတနာ နာမ်တရား ဖြစ်ပေါ်လာတာဘဲ။

မှန်ရဲ့လား ပရိသတ်ကြီး?။
မှန်ပါ'ဘုရား။

အထင်မလဲသင်

ခုလို အကြောင်း ဖဿ နာမ်တရားကြောင့် ဖြစ်ပေါ်လာတဲ့–

(၁) ရူပ သညေတနာ၊
(၂) သဒ္ဒ သညေတနာ၊
(၃) ဂန္ဓ သညေတနာ၊
(၄) ရသ သညေတနာ၊
(၅) ဖောဋ္ဌပ္ပ သညေတနာ၊
(၆) ဓမ္မ သညေတနာ

ဆိုတဲ့ စေတနာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စဲ့သင့်

ဒီ စေတနာ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ စေတနာ နာမ်တရားကို ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ စေတနာ နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

သံသရာနယ်ခွဲ့

ဒီ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ တရားသုံးပါးကို ။လ။ သံသရာနယ်ခွဲ့သမားတွေလို့ ဆိုတယ်။

နယ်ခွဲ့လက်အောက်မှ မလွတ်မြောက်က ဒုက္ခ

ဒီ သံသရာ နယ်ခွဲ့သမားတွေရဲ့ လက်အောက်မှ ။လ။ ပြေးသွားကျင်လည် ဒုက္ခရှည်ကြရတယ်။

နယ်ခွဲ့လက်အောက်မှ လွတ်မြောက်အောင်ကြိုးစား

ပရိသတ်ကြီးဟာ သံသရာနယ်ခွဲ့ လက်အောက်မှ လွတ်မြောက်အောင် ကြိုးစားကြရမယ်။

မှန်ပါ ကြိုးစားပါမယ်ဘုရား။

သံသရာနယ်ခွဲ့ လက်အောက်မှ လွတ်မြောက်အောင် ပရိသတ်ကြီးဟာ စေတနာ နာမ်တရား စေ့ဆော်မှု သဘောတရားကို—

ငါ၏ ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် မစဲ့လမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါဘဲလို့ မာနစွဲနှင့် မစွဲလမ်းရဘူးနော်။
မှန်ပါ ဘုရား။
ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့လဲ ဒိဋ္ဌိစွဲနှင့် မစွဲလမ်းရဘူးနော်–
မှန်ပါ ဘုရား။

တဏှာ ၁၀၀ - ပါး၊ မာန် ၉ - ပါး၊ ဒိဋ္ဌိ ၆၂-ပါး ဒီတရားတွေနှင့် ဖြစ်ပေါ်လာတဲ့ စေတနာ နာမ်တရားကို မစွဲလမ်းဘဲ စေ့ဆော်မှု စေတနာ ဖြစ်ပေါ်လာတိုင်း ဤစေ့ဆော်မှု စေတနာသည်ကား–

(၁) ငါ၏ ဥစ္စာမဟုတ်
(၂) ငါ မဟုတ်
(၃) ငါ့အလိုသို့ လိုက်ပြီးဖြစ်တဲ့ အတ္တမဟုတ်–ဟု ရှုမှတ်ကြရမယ်။

ကေဂ္ဂတာ။

စိတ်၏ တခုတည်းသော အာရုံ၌ တည်ကြည်သည်၏အဖြစ် မပြန့်လွင့်သည်၏ အဖြစ် သမာဓိကိုပင် ကေဂ္ဂတာဆိုသည်။

တခုအာရုံ တည်ကြည်ပုံ

အဲဒီ ကေဂ္ဂတာဟာ ခြောက်ဒွါရလုံးမှာဘဲ ဖြစ်တယ်။

(၁) စက္ခုဒွါရ မျက်စိမှာဖြစ်ခိုက် ရူပါရုံ၊
(၂) သောတဒွါရ နားမှာဖြစ်ခိုက် သဒ္ဒါရုံ၊
(၃) ဃာနဒွါရ နှာခေါင်းမှာဖြစ်ခိုက် ဂန္ဓာရုံ၊
(၄) ဇိဝှါဒွါရ လျှာမှာဖြစ်ခိုက် ရသာရုံ၊
(၅) ကာယဒွါရ ကိုယ်မှာဖြစ်ခိုက် ဖောဋ္ဌဗ္ဗာရုံ၊
(၆) မနောဒွါရ နှလုံးမှာဖြစ်ခိုက် ဓမ္မာရုံ၊

အဲဒါကို အာရုံတပါး မိမိနှင့် အတူဖြစ်တဲ့ သမ္ပယုတ်တရားတွေကို ပြန့်လွင့် သွားမှုကို မပေးဘဲ တခုတည်းသော အာရုံ၌သာလျှင် တည်ကြည်ငြိမ်သက် စေသည်။

ထင်ရှားအောင် ပြရလျှင်—

စက္ခုဒ္ဓါရ မျက်စိမှာဖြစ်တဲ့ ကေဂ္ဂတာသည် ပထဝီကသိုဏ်းရှုခိုက် ပထဝီ ကသိုဏ်းဝန်း အဆင်းရုပ် ရှုပါရုံ တခုတည်းမှာသာ မိမိနှင့် အတူဖြစ်တဲ့ သမ္ပယုတ် တရားတွေကို တည်ငြိမ်အောင်ပြုသည်၊ တခြား အာပေါကသိုဏ်း ရုပ်စတဲ့ အဆင်း ရှုပါရုံ သဒ္ဒါရုံ စသည်တို့ကို စိတ်ကို မပြေးသွား မပြန့်လွင့်စေ။

သောတဒ္ဓါရ

နားမှာဖြစ်တဲ့ ကေဂ္ဂတာသည် တရားနာခိုက် ဒေသနာသံ သဒ္ဒါရုံ တခု တည်းမှာသာ မိမိနှင့်အတူဖြစ်တဲ့ သမ္ပယုတ်တရားတွေကို တည်ငြိမ်အောင် ပြုသည်၊ အခြားသော သီချင်းဆိုသံ စတဲ့သဒ္ဒါရုံ အဆင်းရှုပါရုံ စသည်တို့သို့ စိတ်ကို မပြေးသွား မပြန့်လွင့်စေ။

ဃာနဒ္ဓါရ

နှာခေါင်းမှာဖြစ်တဲ့ ကေဂ္ဂတာသည် ရေမွှေးနံ့သာ ပူဇော်ခိုက် ရေမွှေးအနံ့ ဂန္ဓာရုံ တခုတည်းမှာသာ စိတ်ကို တည်ငြိမ်အောင်ပြုသည်၊ အခြားသော အနံ့ ဂန္ဓာရုံ ရှုပါရုံ စသည်တို့သို့ စိတ်ကို မပြေးသွား မပြန့်လွင့်စေ။

ဇိဝှါဒ္ဓါရ

လျှာမှာဖြစ်တဲ့ ကေဂ္ဂတာသည် အာဟာရေ ပဋိကူလသညာဖြင့် ထန်းလျက် အချိုရသာရုံကို စားမျိုခိုက် ထန်းလျက် အချိုရသာ၏ တခုတည်းမှာသာ စိတ်ကို တည်ငြိမ်အောင်ပြုသည်၊ အခြား တပါးသော အချိုအချဉ်စတဲ့ ရသာရုံ ရှုပါရုံ စသည်တို့သို့ စိတ်ကို မပြေးသွား မပြန့်လွင့်စေ။

ကာယဒ္ဌါရ

ကိုယ်မှာဖြစ်တဲ့ ကေဂ္ဂတာသည် ထွက်လေ ဝင်လေကို ရှူ၊ရှိုက် မှုတ်ထုတ်ပြီး အာနာပါနကို အားထုတ်ခိုက် ဝါယောခတ်ခေါ်တဲ့ လေ၏ နှာခေါင်းဖျားကို တိုးတိုက်ထိဝင်ထွက်မှု ဝမ်း, ရင် ပိန်ဖောင်းမှု ဝါယောဖောဋ္ဌဗ္ဗာရုံ တခုတည်း မှာသာ စိတ်ကိုတည်ငြိမ်အောင်ပြုသည်၊ အခြားတပါးသော ဖောဋ္ဌဗ္ဗာရုံ ရူပါရုံ စသည်တို့သို့ စိတ်ကို မပြေးသွား မပြန့်လွင့်စေ။

မနောဒ္ဌါရ

နှလုံးသားမှာဖြစ်တဲ့ ကေဂ္ဂတာသည် နိဗ္ဗာန်၏ ဒုက္ခခပ်သိမ်း ငြိမ်းအေးမှု (ဥပသမာနုဿတိ) ကမ္မဋ္ဌာန်း စီးဖြန်းခိုက် နိဗ္ဗာန် ဓမ္မာရုံ တခုတည်းမှာသာ စိတ်ကို တည်ငြိမ်အောင်ပြုသည်၊ အခြားတပါးသော ဓမ္မာရုံ ရူပါရုံ စသည်တို့သို့ စိတ်ကို မပြေးသွား မပြန့်လွင့်စေ။

လက္ခဏာ

အဲဒီ ကေဂ္ဂတာဟာ

ပါမောက္ခလက္ခဏာ—

အကြီးအမှူးအဖြစ်လျှင် သဘောလက္ခဏာရှိတယ်။

အဝိက္ခေပ လက္ခဏာ—

ဖရိုဖရဲ မကြဲမပြန့် တည်ကြည်ခြင်း သဘောလက္ခဏာ ရှိတယ်။

ဥပမာဖြင့်ပြ

ပါမောက္ခ လက္ခဏာရှိပုံကို ဤဥပမာဖြင့် သိရမည်၊ အိမ်၏အထွဋ်သည် ကြွင်းသော အခြင်, ယနယ်, ဒိုင်း, မျှား, သစ်, ဝါး အဆောက်အဦ တို့၏ အမှူးဖြစ်သကဲ့သို့ အလုံးစုံသော ကုသိုလ်တရားတို့၏ သမာဓိစိတ်ဖြင့် ပြည့်စုံခြင်းကြောင့် ကေဂ္ဂတာခေါ်တဲ့ သမာဓိသည် အလုံးစုံသော ကုသိုလ်တရားတို့၏ အမှူးဖြစ်၏။

အဝိဇ္ဇာပ လက္ခဏာရှိပုံကို ဤဥပမာဖြင့် သိရမည်၊ စစ်ပွဲတွင် မင်းသည် အကြင်အရပ်၌ စစ်သည်တို့သည် ဆုတ်နှစ်၏၊ ထိုဆုတ်နှစ်ရာအရပ်သို့ သွား၏၊ မင်းရောက်ရာအရပ်၌ စစ်သည်တို့သည် ပြည့်ကုန်၏၊ တဘက် စစ်သည်တို့သည် ပျက်၍ မင်းသို့သာလျှင် အစဉ်လိုက်ကုန်၏၊ ထိုအတူ ဧကဂ္ဂတာသမာဓိသည် သဟဇာတ်တရားတို့ကို ဖရိုဖရဲ မကြဲမပြန့် တည်ဘုံစေ၏။

(မှတ်ရန်– ဧကဂ္ဂတာသည် အကုသိုလ် အဗျာကတ အရာမှာလည်း ဖြစ်သည်ပင်။)

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

မျက်စိထဲမှာ ရူပါရုံ၌ စိတ်ကို တည်ငြိမ်အောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နားထဲမှာ သဒ္ဒါရုံ၌ စိတ်ကို တည်ငြိမ်အောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှာခေါင်းထဲမှာ ဂန္ဓာရုံ၌ စိတ်ကို တည်ငြိမ်အောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လျှာထဲမှာ ရသာရုံ၌ စိတ်ကို တည်ငြိမ်အောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကိုယ်ထဲမှာ ဖောဋ္ဌဗ္ဗာရုံ၌ စိတ်ကို တည်ငြိမ်အောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှလုံးသားထဲမှာ ဓမ္မာရုံ၌ စိတ်ကို တည်ငြိမ်အောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်—

မျက်စိထဲမှာလည်း မရှိဘူး။

နားထဲမှာလည်း မရှိဘူး။

နှာခေါင်းထဲမှာလည်း မရှိဘူး။

လျှာထဲမှာလည်း မရှိဘူး။

ကိုယ်ထဲမှာလည်း မရှိဘူး။

နှလုံးသားထဲမှာလည်း မရှိဘူး။

အာရုံခြောက်ခု၌ စိတ်ကို တည်ငြိမ်အောင် ပြုသူမှာ ကေဂ္ဂတာ နာမ်တရားဘဲဖြစ်တယ်။

မှန်ရဲ့လား ပရိသတ်ကြီး?။

မှန်ပါ ဘုရား။

အထင်မလွဲသင့်

ဒီ အာရုံခြောက်ခု၌ စိတ်ကို တည်ငြိမ်အောင် ပြုတတ်တဲ့ ကေဂ္ဂတာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစွဲသင့်

ဒီ ကေဂ္ဂတာ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တကျာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ကေဂ္ဂတာ နာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ကေဂ္ဂတာ နာမ်တရားကို ငါ့ပိုင် ငါစိုး ငါ့အလို့ကျ ဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

အကြင်း ရှေးနည်းတူ—

ကေဂ္ဂတာ ပြောင်းလဲဟော။

ဇီဝိတိန္ဒြိယ။

ယခုလူတို့ အသက်ဟု ခေါ်ဝေါ် ပြောဆိုနေကြတဲ့—

(၁) ရုပ်ဇီဝိတ

(၂) နာမ်ဇီဝိတ

နှစ်ပါးတွင် နာမ်ဇီဝိတတည်း။

ဂင်းနာမ်ဇီဝိတသည် မိမိနှင့် အတူဖြစ်တဲ့ စိတ် စေတသိက် နာမ်တရားတွေကို မပြတ် အသက်ရှင်နေအောင် အစဉ်စောင့်ရှောက်တတ်၏။

နာမ်တရားတွေ အသက်ရှင်အောင် အစဉ်စောင့်ရှောက်မှုဟု အစိုးရသောကြောင့် ဇီဝိတိန္ဒြိယ အမည်ရသည်။

စောင့်ရှောက်ပုံ

ရှေသည် ကြာကို စောင့်ရှောက်သကဲ့သို့ ရေနှင့်တူသော နာမ်ဇီဝိတသည် ကြာနှင့်တူသော မိမိနှင့် အတူဖြစ်တဲ့ နာမ်တရားတွေကို မပြတ်အသက်ရှင်နေအောင် အစဉ်စောင့်ရှောက်လေသည်၊ ဂင်း နာမ်ဇီဝိတ စောင့်ရှောက်မှုကြောင့်ပင် စိတ် စေတသိက် နာမ်တရားတွေ ဥပါဒ် ဌိ ဘင် စေ့၍ ချုပ်သော်လည်း

ထပ်ကာ ထပ်ကာ မပြတ်ဖြစ်ခါ အသက် (၇၀) ခုနစ်ဆယ် (၈၀) ရှစ်ဆယ်သို့ တိုင်အောင်ပင် တည်၏။

အသက်

ယခု လူတွေပြောနေကြတဲ့—

အသက် သေသွားပြီ၊

အသက် ထွက်သွားပြီ၊

အသက် မရှိတော့ဘူး

ဆိုတဲ့ စကားတွေလဲ ဒီ ဇီဝိတကို ပြောလိုရင်း ဖြစ်တယ်။

လက္ခဏာ

အဲဒီ ဇီဝိတိန္ဒြေဟာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, နှလုံးသား ဒီခြောက်ဌာနမှာ မိမိနှင့်အတူ ဖြစ်ပေါ်လာတဲ့ သမ္မယုတ်တရားတွေကို မပြတ် အသက်ရှင်အောင် အစဉ် စောင့်ရှောက်ခြင်း သဘောလက္ခဏာ ရှိတယ်။

ပဋိပက္ခလိ သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

မျက်စိ ဌာနမှာဖြစ်ပေါ်လာတဲ့ နာမ်တရားတွေကို မပြတ်အသက်ရှင်အောင် အစဉ်စောင့်ရှောက်တတ်တဲ့ ပဋိပက္ခလိ်ကောင် သတ္တဝါကောင် ဆိုတာရှိရဲ့လား?။

မရှိပါ ဘုရား။

နားဌာနမှာ ဖြစ်ပေါ်လာတဲ့ နာမ်တရားတွေကို မပြတ် အသက်ရှင်အောင် အစဉ်စောင့်ရှောက်တတ်တဲ့ ပဋိပက္ခကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှာခေါင်းဌာနမှာ ဖြစ်ပေါ်လာတဲ့ နာမ်တရားတွေကို မပြတ် အသက်ရှင်အောင် အစဉ်စောင့်ရှောက်တတ်တဲ့ ပဋိပက္ခလိ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လျှာဌာနမှာ ဖြစ်ပေါ်လာတဲ့ နာမ်တရားတွေကို မပြတ် အသက်ရှင်အောင် အစဉ်စောင့်ရှောက်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကိုယ်ဌာနမှာ ဖြစ်ပေါ်လာတဲ့ နာမ်တရားတွေကို မပြတ် အသက်ရှင်အောင် အစဉ် စောင့်ရှောက်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှလုံးသားဌာနမှာ ဖြစ်ပေါ်လာတဲ့ နာမ်တရားတွေကို မပြတ် အသက်ရှင်အောင် အစဉ် စောင့်ရှောက်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်—

မျက်စိထဲမှာလဲ မရှိဘူး၊
နားထဲမှာလဲ မရှိဘူး၊
နှာခေါင်းထဲမှာလဲ မရှိဘူး၊
လျှာထဲမှာလဲ မရှိဘူး၊
ကိုယ်ထဲမှာလဲ မရှိဘူး၊
နှလုံးသားထဲမှာလဲ မရှိဘူး၊

ခြောက်ဒွါရမှာ ဖြစ်ပေါ်လာတဲ့ နာမ်တရားတွေကို မပြတ် အသက်ရှင်အောင် အစဉ် စောင့်ရှောက်သူကတော့ ဇီဝိတိန္ဒြေ နာမ်တရားပင် ဖြစ်တယ်။

မှန်ရဲ့လား ပရိသတ်ကြီး?။

မှန်ပါ ဘုရား။

အထင်မလွဲသင့်

ဒီ ခြောက်ဌာနမှာ နာမ်တရားတွေကို မပြတ် အသက် ရှင်အောင် အစဉ်စောင့်ရှောက်တဲ့ ဇီဝိတိန္ဒြေ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစွဲသင့်

ဒီ ဇီဝိတိန္ဒြေ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ဇီဝိတိန္ဒြေ နာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ဇီဝိတိန္ဒြေ နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

အကြွင်း ရှေးနည်းအတူ

ဇီဝိတိန္ဒြေ ပြောင်းလဲဟော။

၀

မနသိကာရ။

မနသိ-စိတ်၌၊ ကာရ-အာရုံကိုပြုခြင်း။

စိတ်၌ အာရုံကိုပြုခြင်း၊ နှလုံးသွင်းခြင်းကို မနသိကာရ ဆိုသည်။

(၁) ရူပါရုံ

(၂) သဒ္ဒါရုံ

(၃) ဂန္ဓာရုံ
(၄) ရသာရုံ
(၅) ဖောဋ္ဌဗ္ဗာရုံ
(၆) ဓမ္မာရုံ

ဆိုတဲ့ အာရုံခြောက်ပါးကို မနသိကာရဖြင့် နှလုံးသွင်းပါမှ အာရုံထင်သည်။

သုံးမျိုးပြား

အဲဒီ မနသိကာရဟာ–

(၁) အာရမ္မဏ ပဋိပါဒက မနသိကာရ (အာရုံကို စိရင်တတ်-ထင်စေတတ်တဲ့ မနသိကာရ စေတသိက်)
(၂) ဝိထိ ပဋိပါဒက မနသိကာရ (ဝိထိစိတ်ကို စိရင်တတ်-ထင်စေတတ်တဲ့ ပဥ္စဒ္ဒါရာဝဇ္ဇန်းစိတ်)
(၃) ဇဝန ပဋိပါဒက မနသိကာရ (ဇောစိတ်ကို စိရင်တတ်-ထင်စေတတ်တဲ့ မနောဒ္ဒါရာဝဇ္ဇန်းစိတ်) အားဖြင့် သုံးမျိုးပြား၏။

ဤ၌ လိုအပ်သော မနသိကာရ

မနသိကာရ သုံးမျိုးရှိသည်တွင် ဤသခ်ါရကွန္ဓာအရာ၌ အာရမ္မဏပဋိပါဒက မနသိကာရကို လိုအပ်သည်။

လက္ခဏာ

အဲဒီ အာရမ္မဏ ပဋိပါဒက မနသိကာရဟာ သာရဏလက္ခဏာ သမ္မယုတ်တရားတွေကို အာရုံသို့ ရှေးရှုနှင်သကဲ့သို့ ပြေးစေသကဲ့သို့ ဖြစ်ခြင်း သဘောလက္ခဏာ ရှိတယ်။

မြင်းကို မောင်းနှင်တတ်တဲ့ ရထားထိန်းကဲ့သို့ မနသိကာရ စေတသိက်သည် သမ္မယုတ်တရားတွေကို အာရုံသို့ မောင်းနှင်တတ် ပြေးစေတတ်သည် ဟူလို။

ခြောက်ဒုဒါရမှာဖြစ်

(၁) မနသိကာရ နာမ်တရားဟာ မျက်စိဌာနမှာဖြစ်ခိုက် အဆင်းရူပါရုံကို ထင်အောင် မြင်အောင် နှလုံးသွင်းတယ်။

(၂) နား ဌာနမှာဖြစ်ခိုက် အသံ သဒ္ဒါရုံကို ထင်အောင် မြင်အောင် နှလုံးသွင်းတယ်။

(၃) နှာခေါင်း ဌာနမှာဖြစ်ခိုက် အနံ့ ဂန္ဓာရုံကို ထင်အောင် သိအောင် နှလုံးသွင်းတယ်။

(၄) လျှာ ဌာနမှာဖြစ်ခိုက် အရသာ ရသာရုံကို ထင်အောင် သိအောင် နှလုံးသွင်းတယ်။

(၅) ကိုယ်ဌာနမှာဖြစ်ခိုက် အတွေ့ဖောဋ္ဌဗ္ဗာရုံကို ထင်အောင် သိအောင် နှလုံးသွင်းတယ်။

(၆) နှလုံးသားဌာနမှာ ဖြစ်ခိုက် သဘောဓမ္မာရုံကို ထင်အောင် မြင်အောင် နှလုံးသွင်းတယ်။

စက္ခုဒုဒါရ

ဗဟိဒ္ဓမှာ အာရုံတွေ အမျှားကြီးရှိသော်လည်း နှလုံးသွင်းရာ အာရုံသာ ထင်တယ် မြင်တယ်။

ဥပမာ—

အဖြူ, အနီ, အညို, အပြာ, အဝါ, အစိမ်း အစရှိတဲ့ အဆင်းရူပါရုံတွေ၊ ဝဝ, ပိန်ပိန်, အလုံး, အဝိုင်း, လေးထောင့်, ပုပု, ရှေရှေ အစရှိတဲ့ အဆင်းရူပါရုံတွေ အမျှားကြီး ရှိသော်လည်း မနသိကာရ နာမ်တရားဖြင့် အဖြူကို နှလုံးသွင်းလျှင် အဖြူအဆင်းဘဲထင်တယ်၊ မျက်စိဖြင့် မြင်ရတယ်၊ ဝဝကို နှလုံးသွင်းလျှင် ဝဝ အဆင်းဘဲ ထင်တယ်၊ မျက်စိဖြင့် မြင်ရတယ်၊ အဲဒါလို နှလုံးသွင်းရာ အဆင်းရူပါရုံကိုဘဲ ထင်တယ် မြင်တယ်၊ မနသိကာရ နာမ်တရားဖြင့် နှလုံးမသွင်းလျှင် မိမိရှေမှ ဖြတ်သန်းသွားသူကိုပင် ဘယ်သူ ဘယ်ဝါ မသိလိုက်ဘူး။

သောတဒ္ဓါရ

အနိုးမှာ တရားဟောသံ, သီချင်းဆိုသံ, ငိုကြွေးသံ, ရယ်မောသံ, မိုဃ်းသံ, လေသံအစရှိတဲ့ အသံတွေ အမျှားပင်ရှိသော်လည်း မနသိကာရ နာမ်တရားက တရားဟောသံကို နှလုံးသွင်းလျှင် တရားဟောသံဘဲ နားဖြင့် ကြားသိမှုဖြစ်တယ်၊ သီချင်းဆိုသံကို နှလုံးသွင်းလျှင် သီချင်းဆိုသံဘဲ နားဖြင့်သိမှုဖြစ်တယ်၊ တရားပွဲမှာ တရားနာလာသော်လည်း ဟောကြားတဲ့ တရားတော်ကို နှလုံးမသွင်းလျှင် တရားဆုံးလို့ ဆုံးမှန်းမသိ၊ ဘာတရားဟောလို့ ဟောမှန်းလဲမသိ၊ တရားသံကို နှလုံးသွင်းတချက် မသွင်းတချက် နေပြန်လျှင်လဲ နှလုံးမသွင်းတဲ့ အခိုက် တရားတွေကို မသိလိုက်ဘူးပေါ့။

အချို့တရားဝါသနာပါသူတွေ တရားနာတော့ လာပါရဲ့ တရားပွဲရောက်တော့ သားရေး, သမီးရေး, စီးပွားရေးတွေကိုသာ တွေးပြီး တရားသံကို ပြည့်ပြည့်စုံစုံ နှလုံးသွင်းပြီး မနာကြားဘူး၊ ဒီတော့ နှလုံးသွင်းတဲ့ အပိုင်းက နာကြားမှုဖြစ်တယ်၊ နှလုံးမသွင်းတဲ့ အပိုင်းက နာကြားမှုမဖြစ်ဘူး၊ ဒါကြောင့် အကျင့်တရားလဲ ပြည့်စုံမှုမဖြစ်နိုင်ဘူးပေါ့၊ ဒါကြောင့် တရားနာတဲ့အခါတရားအာရုံ တခုတည်းကိုသာ နှလုံးသွင်းပြီးအစအဆုံးပြည့်စုံအောင် နာကြားရမယ်။

ဃာနဒ္ဓါရ

အနိုးမှာ အနံ့ဂန္ဓာရုံတွေ အမျှားကြီးရှိသော်လည်း အပွင့်နံ့ကို နှလုံးသွင်းလျှင် အပွင့်နံ့ဘဲ နှာခေါင်းဖြင့် နံသိရတယ်၊ အခြား အာရုံတပါးကိုသာ နှလုံးသွင်းနေပြန်လျှင်လည်း ဘာစော်နံလို့ နံမှန်းမသိ ဖြစ်တယ်။

ဇိဝ္ဝါဒ္ဓါရ

အမြစ်အရသာ အပွင့်အရသာ ချိုတဲ့အရသာ ချဉ်တဲ့အရသာ အစရှိတဲ့ အရသာ ရသာရုံအမျှားပင် လျှာဖြင့် လျက်မိသော်လည်း နှလုံးသွင်းရာ ရသာရုံသာ ထင်လာတယ်၊ အခြားအာရုံတပါးကိုသာ နှလုံးသွင်းနေပြန်လျှင်လည်း စားလို့ကုန်သွားတာတောင်မှ ဘယ်လို အရသာရှိတယ်လို့ မသိဖြစ်တယ်။

ကာယဒွါရ

(၁) ပထဝီ ဖောဌဗ္ဗာရုံ၊

(၂) တေဇော ဖောဌဗ္ဗာရုံ၊

(၃) ဝါယော ဖောဌဗ္ဗာရုံ

အားဖြင့် ဖောဌဗ္ဗာရုံ သုံးပါးလုံးပင် ကိုယ်မှာ တွေ့ထိလာပါသော်လည်း နှလုံးသွင်းရာ ဖောဌဗ္ဗာရုံသာထင်သည်၊ အခြားအာရုံတပါးကို နှလုံးသွင်း နေပြန်လည်း ဖောဌဗ္ဗာရုံ ကိုယ်မှာထိသော်လည်း မသိလိုက်ဖြစ်တယ်။

မနောဒွါရ

မနောဒွါရမှာ— ပဿာဒရူပ် ဓမ္မာရုံ, သုခုမရူပ် ဓမ္မာရုံ, စိတ် ဓမ္မာရုံ, စေတသိက် ဓမ္မာရုံ,နိဗ္ဗာန် ဓမ္မာရုံ, ပညတ် ဓမ္မာရုံတွေ အကြောင်းဆုံပါသော်လည်း နှလုံးသွင်းတဲ့ ဓမ္မာရုံသာ ထင်သည် သိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

မျက်စိဌာနမှာ ရူပ်ါရုံ ထင်လာအောင် နှလုံးသွင်းတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နားဌာနမှာ သဒ္ဒါရုံထင်လာအောင် နှလုံးသွင်းတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှာခေါင်းဌာနမှာ ဂန္ဓာရုံ ထင်လာအောင် နှလုံးသွင်းတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လျှာဌာနမှာ ရသာရုံ ထင်လာအောင် နှလုံးသွင်းတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကိုယ်ဌာနမှာ ဖောဋ္ဌဗ္ဗာရုံ ထင်လာအောင် နှလုံးသွင်းတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှလုံးသား ဌာနမှာ ဓမ္မာရုံ ထင်လာအောင် နှလုံးသွင်းတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်—

မျက်စိထဲမှာလဲ မရှိဘူး၊
နားထဲမှာလဲ မရှိဘူး၊
နှာခေါင်းထဲမှာလဲ မရှိဘူး၊
လျှာထဲမှာလဲ မရှိဘူး၊
ကိုယ်ထဲမှာလဲ မရှိဘူး၊
နှလုံးသားထဲမှာလဲ မရှိဘူး၊

ခြောက်ဒွါရမှာ အာရုံထင်အောင် နှလုံးသွင်းတတ်တဲ့ တရားကတော့ မနသိကာရ နာမ်တရားပင် ဖြစ်တယ်။

မှန်ရဲ့လား ပရိသတ်ကြီး?။

မှန်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ခြောက်ဒွါရမှာ အာရုံထင်လာအောင် နှလုံးသွင်းတတ်တဲ့ **မနသိကာရ နာမ်တရားကို** မပျက်မစီး **အမြဲတည်နေတဲ့** အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ

ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာ ဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စဲသင့်

ဒီ မနသိကာရ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ မနသိကာရ နာမ်တရားကို ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့ မလား?။

မသင့်ပါ ဘုရား။

ဒီ မနသိကာရ နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြွင်းရှေးနည်းတူ

မနသိကာရ ပြောင်းလဲဟော။

ဝိတက်။

ထိုထို ဤဤ ကြံစည်မှုသည် ဝိတက်တည်း၊ စကားပြောမည် တရားဟော မည် အလုပ်တခု ပြုလုပ်မည်ဆိုလျှင် ရှေးဦးကြံစည်မှု ဖြစ်ရသည် ကြိုတင်ကြံစည် ပြီးမှ ပြောဟောပြုလုပ်ရသည်။

ထင်ရှားအောင် ပြဦးမည်။

ပညာရှိတဦးသည် လူငယ်တဦးအား ပြောဆိုဆုံးမမည်ရှိရာ ရှေးဦး—

(၁) တပည့်- မင်းသည်—

ဘုရား။

တရား။

သံဃာ။

ရတနာသုံးပါးကို အသက်ထက်ဆုံး ပူဇော်လေးမြတ် ကိုးကွယ်ဆည်းကပ်ရမယ်။

(၂) အသက်ထက်ဆုံး—

(၁) သူ့အသက် မသတ်ရဘူး၊

(၂) သူတပါးပစ္စည်း မခိုးရဘူး၊

(၃) သူတပါးမယားကို မမှားယွင်းရဘူး၊

(၄) လိမ်ညာ မပြောရဘူး၊

(၅) အရက်မသောက် ဘိန်းမစားရဘူး၊

ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရမည်။

(၃) အသက်ထက်ဆုံး မိဖကို လုပ်ကျွေးရမည်

ဟု ပြောဆိုဆုံးမရန် စကားမျှားကို ကြံစည်ထား၏၊ ဤကဲ့သို့ ကြိုတင် ကြံစည် ထားသည့်အတိုင်း ပြောဆို ဆုံးမလေသည်။

ဝိတက်အပြား

အဲဒီ ဝိတက်ကလဲ—

(၁) အကုသိုလ်ဝိတက် (အကုသိုလ်နှင့် စပ်ယှဉ်တဲ့ ကြံစည်မှု)

(၂) ကုသိုလ်ဝိတက် (ကုသိုလ်နှင့် စပ်ယှဉ်တဲ့ ကြံစည်မှု)

(၃) အဗျာကတဝိတက်(ကုသိုလ်အကုသိုလ်နှင့်မစပ်ယှဉ်တဲ့ကြံစည်မှု)

အားဖြင့် သုံးမျိုး ပြားသည်။

အကုသိုလ်ဝိတက်

အကုသိုလ်ဝိတက်မှာ—

(၁) ကာမဝိတက် (ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ကြံစည်မှု)

(၂) ဗျာပါဒဝိတက်(သတ္တဝါအပေါင်း ပျက်စီးကြောင်းနှင့် စပ်ယှဉ်တဲ့ ကြံစည်မှု)

(၃) ဝိဟိံသာဝိတက် (သတ္တဝါခပင်း ညှဉ်းဆဲခြင်းနှင့် စပ်ယှဉ်တဲ့ ကြံစည်မှု) အားဖြင့် သုံးပါးပြား၏။

ကုသိုလ်ဝိတက်

ကုသိုလ်ဝိတက်မှာ—

(၁) နေက္ခမ္မဝိတက် (ကာမဂုဏ်မှ ထွက်မြောက်ခြင်းနှင့် စပ်ယှဉ်တဲ့ ကြံစည်မှု)

(၂) အဗျာပါဒဝိတက် (သတ္တဝါခပင်း ပျက်စီးခြင်းကင်း ချမ်းသာခြင်းနှင့် စပ်ယှဉ်တဲ့ ကြံစည်မှု)

(၃) အဝိဟိံသဝိတက် (သတ္တဝါအများ ညှဉ်းဆဲခြင်းကင်း အစီးအပွား လိုလားခြင်းနှင့် စပ်ယှဉ်တဲ့ ကြံစည်မှု) အားဖြင့် သုံးပါးပြား၏။

လက္ခဏာ

အဒဝတကဟာ—

"အာရမ္မဏာဘိနိရောပနလက္ခဏာ"

သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှု တင်ပေးခြင်းသဘော လက္ခဏာ ရှိတယ်။

ဥပမာဖြင့်ပြ

ဥပမာဖြင့် ထင်ရှားအောင် ပြရလျှင်—

မင်းအိမ် မရောက်ဘူးသော တောသားတယောက်သည် မင်းနှင့်အကျမ်းဝင်သော မြို့နေမိတ်ဆွေကို အမှီပြု၍ မင်းအိမ်သို့ ဝင်ရောက်ရသကဲ့သို့၊ ထို့အတူ မိတ်ဆွေနှင့် တူတဲ့ ဝိတက်ကို အမှီပြု၍ တောသားနှင့် တူတဲ့ သမ္မယုတ်တရား တို့သည် မင်းအိမ်နှင့် တူတဲ့ အာရုံသို့ တက်ရောက်ရလေသည်။

ဤသို့လျှင် ဝိတက်ကို အမှီပြု၍ သမ္မယုတ်နာမ်တရားတို့ အာရုံသို့ တက်ရောက်ရခြင်းကြောင့် ဝိတက်သည် သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေးရှု တင်ပေးသည်ဟု ဆိုသည်။

ပဋိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်ထဲမှာ ထိုထိုဤဤ ကြံစည်တတ်တဲ့ ပဋိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပဋိုလ် သတ္တဝါ မရှိဘဲနှင့် ကြံစည်သူဟာ ဘယ်သူလဲ?။

ဝိတက်ပါ ဘုရား။

အင်: ဝိတက်ဘဲ ကြံစည်တယ် ခန္ဓာကိုယ် အတွင်းမှာ ထိုထိုဤဤ ကြံစည်တတ်တဲ့ ပဋိုလ် သတ္တဝါ မရှိပါ၊ ဒါဖြင့် ငါကြံစည်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

အထင်မလွဲသင့်

ဒီ ထိုထိုဤဤ ကြံစည်တတ်တဲ့ ဝိတက်နာမ်တရားကို၊ ဝါ- သမ္မယုတ်တရားတွေကို အာရုံသို့ ရှေးရှုတင်ပေးတတ်တဲ့ ဝိတက်နာမ်တရားကို မယူကိုယ်မမီး အဲ

တည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စဲသင့်

ဒီ အကြံဝိတက် နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ အကြံဝိတက် နာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ အကြံဝိတက် နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်းရှေးနည်းတူ
ဝိတက် ပြောင်းလဲဟော။

ဝိစာရ။

အာရုံ၌ အဖန်တလဲလဲ ရစ်ဝဲကျက်စား အစဉ်မပြတ် ဆင်ခြင်သုံးသပ်ခြင်း သဘောသည် ဝိစာရတည်း။

ထင်ရှားအောင် ပြဦးမည်။

ဝိတက်သည် စိတ်ကို အာရုံသို့ တင်ပေး၏၊ ဝိစာရသည် ဝိတက်တင်ပေးသော အာရုံ၌ အဖန်တလဲလဲ ဆင်ခြင်သုံးသပ်သောကြောင့် ဝိတက်သဲ့သည် အာရုံ၌ ရှေးဦးကျ၏၊ ရှေ့သွားဖြစ်၏၊ ဝိစာရသည် နောက်လိုက်ဖြစ်၏၊ ဝိတက်သည် ကြမ်း၏၊ ဝိစာရသည် နု၏။

လက္ခဏာ

အဲဒီ ဝိစာရဟာ—

"အာဝရမ္မဏာနုမဇ္ဇနလက္ခဏာ"

အာရုံကို အဖန်တလဲလဲ ဆင်ခြင်သုံးသပ်ခြင်းလျှင် မှတ်ကြောင်းလက္ခဏာ ရှိတယ်။

ဝိတက်နှင့် ဝိစာရ အထူး။

ဥပမာဖြင့်ပြ

ဥပမာဖြင့် ထင်ရှားအောင် ပြရလျှင်—

ခေါင်းလောင်းတီ ဥပမာ

ခေါင်းလောင်းတီးရာ၌- ခေါင်းလောင်း၏ ရှေးဦးစွာ မြည်သောအသံကဲ့သို့ ဝိတက်ကို မှတ်ရမည်၊ ခေါင်းလောင်း၏ နောက်ဆင့်၍ မြည်ဟီးညည်းသော အသံကဲ့သို့ ဝိစာရကို မှတ်ရမည်။

ငှက်ကြီးပျံ ဥပမာ

ကောင်းကင်သို့ ပျံတက်သော ငှက်ကြီး၏ ရှေးဦး အတောင်ခတ်ခြင်းကဲ့သို့ ဝိတက်ကို မှတ်ရမည်၊ ကောင်းကင်သို့ ပျံတက်ပြီးသော ငှက်ကြီး၏ အတောင်ကို ဆန့်တန်း၍ ဝဲခြင်းကဲ့သို့ ဝိစာကို မှတ်ရမည်။

ပိတုန်းပျံ ဥပမာ

ပိတုန်း၏ ပဒုမ္မာကြာတောသို့ ရှေးရှု ပျံသန်းခြင်းကဲ့သို့ ဝိတက်ကို မှတ်ရမည်၊ ပိတုန်း၏ ပဒုမ္မာကြာတော၏အထက်၌ ဘေးရန်ရှိ မရှိကို စုံစမ်းခြင်းငှါ ရစ်ဝဲခြင်းကဲ့သို့ ဝိစာရကို မှတ်ရမည်။

ကြေးခွက်ညစ် ကြေးပွတ် ဥပမာ

အညစ်အကြေး ကပ်သော ကြေးခွက်ကို လက်တဖက်ဖြင့် မြဲစွာကိုင်၍ လက်တဖက်ဖြင့် ဆပ်ပြာမှုန့်ဆွတ်သော တံပွတ်တံကို ကိုင်၍ ကြေးချွတ်သော

သူ၏ ကြေးခွက်ကို မြစ်ဝကိုင်သော လက်ကဲ့သို့ ဝိတက်ကို မှတ်ရမည်၊ ကြေးပွတ်သော လက်ကဲ့သို့ ဝိစာရကို မှတ်ရမည်။

အိုးလုပ် ဥပမာ

အိုးထိန်းစက်ကို လည်စေ၍ အိုးလုပ်သော အိုးထိန်းသည်၏ မြေစိုင်ကို နှိပ်သောလက်ကဲ့သို့ ဝိတက်ကို မှတ်ရမည်၊ ထိုထို၌၌ မြေစိုင်ကို လှည့်လည် ၍သုံးသပ်သော လက်ကဲ့သို့ ဝိစာရကို မှတ်ရမည်။

အရေးဝိုင်း ဥပမာ

တစုံတခု အရေးဝိုင်းကို ပြုသောသူ၏ အလယ်၌ စိုက်ထားအပ်သော တိုင်ကဲ့သို့ ဝိတက်ကို မှတ်ရမည်၊ ပတ်ပတ်လည် ဝိုင်းသော ကြိယာကဲ့သို့ ဝိစာရကို မှတ်ရမည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်လဲမှာ အာရုံကို အဖန်တလဲလဲ ဆင်ခြင်သုံးသပ်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါမရှိဘဲနှင့် အာရုံကို ဆင်ခြင်သုံးသပ်သူဟာ ဘယ်သူလဲ?။

ဝိစာရပါ ဘုရား။

အင်း....ဝိစာရဘဲ ဆင်ခြင်သုံးသပ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ အာရုံကို ဆင်ခြင်သုံးသပ်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိပါ။

ဒါဖြင့်—ငါဆင်ခြင် သုံးသပ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင်မလွဲသင့်

ဒီ အာရုံကို ဆင်ခြင်သုံးသပ်တတ်တဲ့ ဝိစာရနာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောဂျားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစွဲသင့်

ဒီ အာရုံကို ဆင်ခြင်သုံးသပ်တတ်တဲ့ ဝိစာရနာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ အာရုံကို ဆင်ခြင် သုံးသပ်တတ်တဲ့ ဝိစာရ နာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ အာရုံကို ဆင်ခြင် သုံးသပ်တတ်တဲ့ ဝိစာရ နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

အကြွင်း ရှေးနည်းတူ

ဝိစာရပြောင်းလဲဟော။

အဓိမောက္ခ။

အာရုံကို ဆုံးဖြတ်ခြင်းသည် အဓိမောက္ခတည်း။

ထင်ရှားအောင် ပြဦးမည်—

မိမိ ပစ္စည်းတခု ပျောက်သွားရာ အနီးရှိလူကို ဤသူပင် ခိုးလေသလော မခိုးလေသလောဟု ယုံမှားဒိဟရှိရာ ထိုအနီးရှိလူသည် ငါးပါးသီလလုံခြုံသူ

ပါဟု ပြောဆိုချက်အရ မခိုးတာကေန်ဟု အဓိမောက္ခဖြင့် သန္ဓိဋ္ဌာန်ချ ဆုံးဖြတ်ရလေသည်။

တစုံတခုအာရုံ၌ ဤသို့ ဖြစ်သလော၊ ဤသို့ မဖြစ်သလောဟု ယုံမှားဒိဋ္ဌိဟာရှိရာ သံသယပျောက်အောင် အဆုံးအဖြတ်ပေးမှုသည် အဓိမောက္ခ၏ တာဝန်ပင်ဖြစ်၏။ အဓိမောက္ခသည် ဝိစိကိစ္ဆာနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သည်။

လက္ခဏာ

အဲဒီ အဓိမောက္ခဟာ

"သန္ဓိဋ္ဌာနလက္ခဏာ"

အာရုံကို ဆုံးဖြတ်ခြင်း သဘောလက္ခဏာ ရှိတယ်။

ဥပမာဖြင့်ပြ

တောင်သူလယ်သမားကြီး၏ သားငယ်သည် ယာခင်းဌ ထွန်ယက်ခြင်းကိစ္စ စတင်ပြုလုပ်ရန် အချိန် ကျပြီလော၊ အချိန် စောသေးသလောဟူ နှုလုံးနှစ်ခု ရှိ၍ ဖခင် တောင်သူ လယ်သမားကြီးအား မေးမြန်းရာ ထွန်ယက်ခြင်းကိစ္စ စတင်ပြုလုပ်ရန် အချိန်ကျပြီဟု အဆုံးအဖြတ် ပေးလေသည်။

ဤ ဥပမာ၌ ဖခင် တောင်သူလယ်သမားကြီးကဲ့သို့ အဓိမောက္ခကို မှတ်ရမည်။

တနည်းဥပမာ

မြဲမြံစွာ စိုက်ထားအပ်သော တံခါးတိုင်နှင့်လည်း တူ၏၊ မြဲမြံစွာ စိုက်ထားအပ်သော တံခါးတိုင်သည် မတုန်မလှုပ် တည်သကဲ့သို့ အဓိမောက္ခသည်လည်း အာရုံ၌ မတုန်မလှုပ် တည်ကံ့သည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်ထဲမှာ အာရုံကို ဆုံးဖြတ်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် အာရုံကို ဆုံးဖြတ်တတ်တာ ဘယ်သူလဲ?။

အဓိမောက္ခပါ ဘုရား။

အင်း.... အဓိမောက္ခဘဲ ဆုံးဖြတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ အာရုံကို ဆုံးဖြတ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါ ဆုံးဖြတ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ အာရုံကို ဆုံးဖြတ်တတ်တဲ့ အဓိမောက္ခ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စံသင့်

ဒီ အာရုံကို ဆုံးဖြတ်တတ်တဲ့ အဓိမောက္ခ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ အာရုံကို ဆုံးဖြတ်စာတ်တဲ့ အဓိမောက္ခ နာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ အာရုံကို ဆုံးဖြတ်တတ်တဲ့ အဓိမောက္ခ နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြွင်း ရှေးနည်းတူ

အဓိမောက္ခ ပြောင်းလဲဟာ။

ဝိရိယ။

ရဲစွမ်းလုံ့လ ရှိသောသူ၏အဖြစ်၊ ဝါ- ရဲစွမ်းလုံ့လ ရှိသောသူတို့၏ အမှုသည် ဝိရိယတည်း၊ ပျင်းရိမှုကို ဖယ်ရှားရ၍ ကြိုးစားအားထုတ်ခြင်းပင် ဖြစ်သည်။

ဤကြိုးစား အားထုတ်ခြင်း လုံ့လဝိရိယသည် စည်းစိမ်ချမ်းသာ ခပ်သိမ်းကို ရခြင်း၏ အကြောင်းရင်း မူလပင်ဖြစ်သည်။

ထင်ရှားအောင် ပြဦးမည်။

အလုပ်သမားခေတ်

ပရိသတ်ကြီး + ဘုရား။

ယခု အလုပ်သမားခေတ် ရောက်နေပြီမဟုတ်လား?။

မှန်ပါ ရောက်နေပါပြီ ဘုရား။

နေ့ရော ညဉ့်ပါ ကာယ ဉာဏ အလုပ်သမားတွေဟာ အလုပ်လုပ်နေကြတယ် မဟုတ်လား?။

မှန်ပါ အလုပ်လုပ်နေကြပါတယ်ဘုရား။

အလုပ်လုပ်မှ အလုပ်ရဲ့အကျိုးဖြစ်တဲ့ ကြီးပွားချမ်းသာမှုကို ရနိုင်တယ်၊ အလုပ်မလုပ်လျှင် ကြီးပွားချမ်းသာမှုကို မရနိုင်ဘူး။

ပရိသတ်ကြီး + ဘုရား။

အလုပ် မလုပ်ဘဲ ပျင်းတယ်ဆိုပြီး အိပ်နေပါလျှင် ဘယ်လိုနေမလဲ?။

ငတ်သေကြမှာဘဲ ဘုရား။

အင်း....တောင်သူလယ်သမား တွေ့ကလည်း ဆေး,ပဲ,နှမ်း,ဝါ,ငရုတ်,ကြက်သွန်,ဆန်စပါးအစရှိတဲ့ သီနှံမျိုးကို စိုက်ပျိုး လုပ်ကိုင်ခြင်း မပြုကြဘူး။

ကုန်သည် ပွဲစား စျေးသည်မျိုးကလဲ ဖေါက်ကား ရောင်းဝယ် ကုန်သွယ်မှုကို မပြုကြဘူး။

အမှုထမ်း အရာထမ်းနှင့် အလုပ်သမားတွေကလဲ မိမိတို့ဆိုင်ရာကိစ္စများကို မပြုကြဘူး။

သာသနာ့ဝန်ထမ်းတွေကလဲ ပရိယတ် ပဋိပတ်ကို အားမထုတ်ကြဘူး။

ဒီလို အလုပ်မလုပ်ဘဲ နေကြပါလျှင်–

စီးပွားရေးဘက်ကလဲ နိမ့်မည်၊

ကျမ်းမာရေးဘက်ကလဲ နိမ့်ကျမယ်၊

ပညာရေးဘက်ကလဲ နိမ့်ကျမယ်၊

ကုသိုလ်ရေးဘက်ကလဲ နိမ့်ကျမယ်၊

ကြီးပွားချမ်းသာမှု မရနိုင်ဘူးပေါ့၊

ဒါကြောင့် ကြီးပွားချမ်းသာမှု ရအောင် မိမိတို့ဆိုင်ရာ အလုပ်ဝတ္တရားများကို ကြိုးစားလုပ်ကိုင်ကြရမယ်။

ယောဂျားတို့လုံ့လ သေကာမှ လျှော့မယ်၊

လုံ့လဆောင် အောင်ရမယ်၊

လုံ့လမဲ့သူ ကံမကူတည်း၊

လုံ့လလည်းကြ ကံလည်းမ ၏၊

ဝီရိယသည် ကံထက်ဝက်၊

ဒီစကားကလေးတွေဟာ ရှေးအထက်ကျော်ကာလက လုံ့လဝီရိယကို အရင်းပြုပြီး ကြီးပွားမှု ရရှိခဲ့သူတွေထံမှ ပေါက်ပွား ကျန်ရစ်ခဲ့တာဖြစ်တယ်၊ ဒါကြောင့် မိမိတို့ဆိုင်ရာ အလုပ်ကိစ္စများကို ကြိုးစားပြီး လုပ်ကြရမယ်။

သမ္မဒါ (ဂ) ပါး

အခါတပါး ရှင်တော်ဘုရားသည် ကောလိယပြည်နယ် အဝင်အပါ ကက္ကရပတ္တ အမည်ရှိတဲ့ ကောလိယမင်းတို့၏ နိုဂုံးမှာ သီတင်းသုံးတော်မူတယ်၊ ထိုအခါ ဒီဃဇာဏု အမည်ရှိတဲ့ ကောလိယမင်းသားသည် ဘုရားရှင်ထံ ချဉ်းကပ်ပြီး

ရိုသေစွာ ရှိခိုးလျက် မြတ်စွာဘုရား တပည့်တော်တို့အား သနားသဖြင့် ယခုဘဝ ကြီးပွားချမ်းသာကြောင်း နောက်ဘဝ ကြီးပွားချမ်းသာကြောင်း တရားတော်များကို ဟောကြားတော်မူပါဘုရားဟု လျှောက်ထားသတဲ့။

ဘုရားရှင်လည်း—

စတ္တာရော မေ ဗျဂ္ဃပဇ္ဇမမ္မာ ကုလပုတ္တသ
ဒိဋ္ဌမမ္မ ဟိတာယ သံဝတ္တန္တိ ဒိဋ္ဌမမ္မသုခါယ၊

ကတမေ စတ္တာရော၊

(၁) ဥဋ္ဌာန သမ္ပဒါ၊
(၂) အာရက္ခ သမ္ပဒါ၊
(၃) ကလ္ယာဏမိတ္တတာ၊
(၄) သမဇီဝိတာ

ဟု ယခုဘဝ ကြီးပွားချမ်းသာကြောင်း သမ္ပဒါလေးပါး။

စတ္တာရော မေ ဗျဂ္ဃပဇ္ဇ မမ္မာ ကုလပုတ္တသ သမ္ပရာယ သုခါယ၊

ကတမေ စတ္တာရော၊

(၁) သဒ္ဓါ သမ္ပဒါ၊
(၂) သီလ သမ္ပဒါ၊
(၃) စာဂ သမ္ပဒါ၊
(၄) ပညာ သမ္ပဒါ

ဟု နောက်ဘဝ ကြီးပွားချမ်းသာကြောင်း သမ္ပဒါလေးပါးအားဖြင့် သမ္ပဒါ (၈)ရှစ်ပါးကို ဟောကြားတော်မူသည်။

ခုဘဝချမ်းသာ သမ္ပဒါ (၄)ပါး

(၁) ဥဋ္ဌာနသမ္ပဒါ (လုံ့လဝီရိယနှင့် ကြိုးစားပြီး ပစ္စည်းဥစ္စာများ ကိုရှာဖွေ စုဆောင်းရမယ်။)

(၂) အာရက္ခသမ္ဘဒါ (လုံ့လဝီရိယနှင့် ကြိုးစားပြီး ရှာဖွေစုဆောင်းလို့ ရရှိလာတဲ့ ပစ္စည်းဥစ္စာများကို ရန်သူမျိုး ငါးပါး တို့ မဖျက်ဆီးနိုင်အောင် စောင့်ရှောက်ထားရမယ်။)

(၃) ကလျာဏမိတ္တတာ (မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံရမယ်။)

(၄) သမဇီဝိတာ (ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲရမယ်)

ခပ်တိုတို မှတ်ဘို့ရာကတော့–

(၁) ကြိုးစားပါ။

(၂) စောင့်ရှောက်ပါ။

(၃) မိတ်ဆွေကောင်းနှင့် ပေါင်းပါ။

(၄) မျှမျှတတ သုံးစွဲပါ။

အဲဒါအခုဘဝ ကြီးပွားချမ်းသာကြောင်း သမ္ဘဒါလေးပါး ဘုရားဟော ကြားခဲ့တာ မြဲမြဲမှတ်ထားနော်၊ မှတ်ထားပြီး တကယ်လိုက်နာ ကျင့်သုံးရမယ်။

ဥဒ္ဒေသသမ္ဘဒါ

(၁) ကြိုးစားပါဆိုတာ–

ကာယ ဉာဏ လုပ်သားတွေဟာ (ငါဒီဘဝတော့ ချမ်းသာတော့မှာ မဟုတ်ပါဘူးလို့ အားလျော့ပြီး စိတ်နှလုံး ဒုန်းဒုန်းမချဘဲ ငါဒီဘဝ မုချ ချမ်းသာရမယ် ဆိုတဲ့ စိတ်ထားမျိုးဖြင့် ပစ္စည်း ဥစ္စာများကို ကြိုးစားပြီး နေ့ရော ညပါ မရ·ရအောင် ရှာဖွေရမယ်၊ အလုပ်လုပ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

အလုပ်လုပ်လျှင် ငွေမရဘူးလား?။

ငွေရပါတယ် ဘုရား။

ငွေရှိလျှင် ဘယ်ပစ္စည်းမဆို ရယူနိုင်တယ်၊ ဒါကြောင့် ပရိသတ်ကြီး ငွေရအောင် ကြိုးစားပြီး အလုပ်လုပ်ရမယ်နော်။

ငါကံရှိလျှင် ထမင်းစားရမှာဘဲဆိုပြီး အလုပ်မလုပ်ဘဲ အိပ်နေပါလျှင် ငတ်သေမှာဘဲ၊ ဒါကြောင့် အလုပ်ကို ကြိုးစားပြီး လုပ်ကြပါ၊ ကြိုးကြိုးပမ်းပမ်း အလုပ်လုပ်ကြပါလျှင်–

"ဥဒ္ဒဝနသမ္ပဒါ" ဆိုတဲ့ ပဌမအင်္ဂါနှင့် ပြည့်စုံပြီလို့ မှတ်ရမယ်။

အာရက္ခသမ္ပဒါ

(၂) စောင့်ရှောက်ပါဆိုတာ–

ကြိုးကြိုးစားစား အလုပ်လုပ်ပြီး ရရှိထားတဲ့ ပစ္စည်း ဥစ္စာတွေကို ရေရန်သူမျိုး မဖျက်ဆီးနိုင်အောင် ကြိုတင် ကာကွယ်ခြင်း, ရေမိုဃ်းလွှတ်တဲ့နေရာမှာ သိမ်းဆီးပြီး ထားခြင်းတို့ဖြင့် စောင့်ရှောက်ရမယ်။

မီးရန်သူမျိုး မဖျက်ဆီးနိုင်အောင် ကြိုတင်ကာကွယ်ခြင်း၊ မီးခံတိုက်ဆောက်လုပ်ပြီး မီးခံတိုက်ထဲမှာ ထားခြင်းတို့ဖြင့် စောင့်ရှောက်ရမယ်။

မင်း ခိုးသား ဓားပြ အပ်ပိယ ရန်သူမျိုးတို့ မဖျက်ဆီးနိုင်အောင်လည်း လုံခြုံရာဌာနမှာ သိမ်းဆည်း စောင့်ရှောက်ပြီး ထားရမယ်။

ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေကို ရန်သူမျိုးငါးပါးတို့ ဖျက်ဆီးသွားပါလျှင် မကြီးပွားနိုင်ဘူးပေါ့၊ ဒါကြောင့် ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်အောင်လည်း စောင့်ရှောက်ရမယ်၊ ဒီလို မိမိပစ္စည်း ဥစ္စာကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်အောင် စောင့်ရှောက်နိုင်ပါလျှင် "အာရက္ခသမ္ပဒါ"ဆိုတဲ့ ဒုတိယ အင်္ဂါနှင့် ပြည့်စုံပြီလို့ မှတ်ရမယ်။

ကလျာဏမိတ္တတာ

(၃) မိတ်ဆွေကောင်းနှင့် ပေါင်းပါဆိုတာ မိတ် (၂)မျိုး၊ မိတ်ဆွေမှာ အကျင့်းအားဖြင့် နှစ်မျိုးရှိတယ်။

(၁) မိတ်ဆွေတူ၊
(၂) မိတ်ဆွေစစ်၊

မိတ်ဆွေတူ (၄) ယောက်

အဲဒီ မိတ်ဆွေ နှစ်မျိုးထဲက မိတ်ဆွေတူမှာ လေးယောက်ရှိတယ်။

(၁) အညဒတ္တဟာရ – ယူရုံသာ ယူတတ်တဲ့ မိတ်ဆွေတူ တယောက်။

(၂) ဝစီပရမ – နှုတ်ဖြင့်သာ ဟန်ဆောင်ပေးတတ်တဲ့ မိတ်ဆွေတူ တယောက်။

(၃) အနုပိယဘာဏီ – ချစ်ခင်ယောင် ဟန်ဆောင်စကားဖြင့် အကြိုက်ကို လိုက်၍ မြောက်ပင့် ပြောဆိုတတ်တဲ့ မိတ်ဆွေတူ တယောက်။

(၄) အပါယသဟာယ – ပျက်စီးကြောင်းခ၌ အပေါင်းအဖော် ဖြစ်တဲ့ မိတ်ဆွေတူ တယောက်အားဖြင့် မိတ်ဆွေတူ လေးယောက် ရှိတယ်။

(၁) အညဒတ္တဟာရ မိတ်ဆွေတူ

(၁) နံပါတ် အညဒတ္တဟာရ မိတ်ဆွေတူမျိုးက–

(၁) ကိုယ်ကတော့ ဟပြားတချပ်မျှ တုံ့ပြန်မပေးဘူး မိတ်ဆွေထံမှချည်း ယူတတ်တယ်။

(၂) ကိုယ်က ပေးပြန်ပါတော့လည်း နည်းနည်းပါးပါး တမတ်ငါးမူးတန်ဆိုသလို ပေးပြီး မိတ်ဆွေထံမှ ယူတဲ့အခါကျတော့ မျှားမျှားစားစား တကျပ် နှစ်ကျပ်တန် ဆိုသလို ယူတတ်တယ်။

(၃) ကိုယ်မှာ ဘေးရန် ကြုံကာမှ မိပ်ဆွေ၏ဘဏ္ဍာကို ဟန်ဆောင်ပြုတတ်တယ်။

(၄) တဖက်သတ် ကိုယ်အကျိုးကိုသာ ကြည့်ပြီး ပေါင်းသင်းဆက်ဆံ တတ်တယ်။

ဒီ အညဒတ္တဟာရ မိတ်ဆွေတုမျိုးကို နှားလည်ထားရမယ်။

(၂) **ဝစီပရမ မိတ်ဆွေတု**

၂ နံပါတ် ဝစီပရမ မိတ်ဆွေတုမျိုးက—

(၁) လွန်ပြီးသောအရာဖြင့် ချီးမြှောက်တတ်တယ်၊

(၂) မဖြစ်သေးသောအရာဖြင့် ချီးမြှောက်တတ်တယ်၊

(၃) အချည်းနှီး လောကွတ်မှုဖြင့် ချီးမြှောက်တတ်တယ်၊

(၄) ဖြစ်ဆဲကိစ္စတို့မှာ ပျက်စီးခြင်းကို ပြုတယ်။

ဒီ ၂ နံပါတ် ဝစီပရမ မိတ်ဆွေတုမျိုးကိုလည်း နှားလည်ထားရမယ်။

(၃) **အနုပိယဘာနီ မိတ်ဆွေတု**

၃- နံပါတ် အနုပိယဘာနီ မိတ်ဆွေတုမျိုးက—

(၁) မိတ်ဆွေအား မကောင်းမှုကိုလည်း ခွင့်ပြုတယ်၊

(၂) ကောင်းမှုကိုလည်း ခွင့်ပြုတယ်၊

(၃) မိတ်ဆွေ၏ မျက်မှောက်မှာတော့ ချီးမွမ်းစကား ပြောကြား တယ်၊

(၄) မျက်ကွယ်ကျတော့ ကဲ့ရဲ့ရှုံ့ချတယ်။

ဒီ ၃- နံပါတ် အနုပိယဘာနီ မိတ်ဆွေတုမျိုးကိုလည်း နှားလည်ထားရမယ်။

(၄) **အပါယသဟာယ မိတ်ဆွေတု**

၄- နံပါတ် အပါယသဟာယ မိတ်ဆွေတုမျိုးက—

(၁) အရက်သောက်ရာမှာ အပေါင်းအဖော်ဖြစ်တယ်၊

(၂) အချိန်မဲ့ အခါမဲ့သွားလာ လည်ပတ်ရာမှာ အပေါင်းအဖော် ဖြစ်တယ်၊

(၃) ပွဲလမ်းသဘင် ကြည့်ရှုနားထောင်မှု့ အပေါင်း အဖေါ်ဖြစ်တယ်၊

(၄) အလောင်းကစားမှု့ အပေါင်းအဖေါ် ဖြစ်တယ်၊

ဒီ ၄- နံပါတ် အပါယသဟာယမိတ်ဆွေတုမျိုးကိုလည်း နားလည်ထားရမယ်။

မိတ်ဆွေတု ရှောင်ကြဉ်၊

ပရိသတ်ကြီး + ဘုရား။

ဒီ မိတ်ဆွေတု လေးယောက်ကို သိရှိနားလည်ပြီး ဘယ်လိုသဘောထားမလဲ?။

မပေါင်းသင်းဘဲ ရှောင်ကြဉ်ရပါမယ် ဘုရား။

ဒီ မိတ်ဆွေတု လေးယောက်နှင့် ပေါင်းသင်းဆက်ဆံပါလျှင် ပစ္စည်းဥစ္စာဆုတ်ယုတ်ပျက်ပြားမယ်၊ ဒါကြောင့် မပေါင်းသင်းဘဲ ရှောင်ကြဉ်ရမယ်တဲ့နော်။

မိတ်ဆွေစစ် ၄–ယောက်

မိတ်ဆွေစစ်ကား လေးယောက်ရှိတယ်။

(၁) ဥပကာရ၊ ကျေးဇူးပြုတတ်တဲ့ မိတ်ဆွေစစ် တယောက်၊

(၂) သမာန သုခ ဒုက္ခ၊ ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်တဲ့ မိတ်ဆွေစစ် တယောက်၊

(၃) အတ္ထက္ခာယီ၊ အကျိုးစီးပွားကို ပြောကြားတတ်တဲ့ မိတ်ဆွေစစ် တယောက်၊

(၄) အနုကမ္ပက၊ သနား စောင့်ရှောက် တတ်တဲ့ မိတ်ဆွေစစ် တယောက် အားဖြင့် မိတ်ဆွေစစ် လေးယောက်ရှိတယ်။

(၁) ဥပကာရ မိတ်ဆွေစစ်

၁–နံပါတ် ဥပကာရ မိတ်ဆွေစစ်မျိုးက–

(၁) မူးယစ်နေတဲ့ မိတ်ဆွေကို စောင့်ရှောက်တယ်၊

(၂) မူးယစ်နေတဲ့ မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်တယ်၊

(၃) ကြောက်ရွံ့နေတဲ့ မိတ်ဆွေ၏ အားကိုးရာ ဖြစ်တယ်၊

(၄) ပြဿဒယ်ကိစ္စ ဖြစ်ပေါ်ရာ၌ ပြောတာထက် နှစ်ဆ ပစ္စည်းဥစ္စာကို ပေးတတ်တယ်။

ဒီ ၁–နံပါတ် ဥပကာရ မိတ်ဆွေစစ်မျိုးကို နားလည်ထားရမယ်။

(၂) သမာန သုခ ဒုက္ခ မိတ်ဆွေစစ်

၂–နံပါတ် သမာနသုခဒုက္ခ မိတ်ဆွေစစ်မျိုးက–

(၁) မိတ်ဆွေအား လျှို့ဝှက်သောအမှုကို ပြောကြားတတ်တယ်၊

(၂) မိတ်ဆွေ၏ လျှို့ဝှက်တဲ့အမှုကို လျှို့ဝှက်ထားတယ်၊

(၃) ဘေးရန် ဖြစ်ပေါ်လာလည်း မစွန့်ပစ်တတ်ဘူး၊

(၄) မိတ်ဆွေ၏ အကျိုးငှါ အသက်ကိုသော်လည်း စွန့်တယ်၊

ဒီ ၂–နံပါတ် သမာနသုခဒုက္ခ မိတ်ဆွေစစ်မျိုးကို နားလည်ထားရမယ်။

(၃) အတ္ထက္ခာယီ မိတ်ဆွေစစ်

၃–နံပါတ် အတ္ထက္ခာယီ မိတ်ဆွေစစ်မျိုးက–

(၁) မကောင်းမှုကို တားမြစ်တတ်တယ်၊

(၂) ကောင်းမှုဌ သက်ဝင် တည်စေတတ်တယ်၊

(၃) မကြားဘူးသော တရားစကားကို ပြောကြားတတ်တယ်၊

(၄) နတ်ပြည်ခရီးကို ပြောကြားတတ်တယ်။

ဒီ ၃-နံပါတ် အတ္ထက္ခာယီ မိတ်ဆွေစစ် မျိုးကို နားလည်ထားရမယ်။

(၄) အနုကမ္ပက မိတ်ဆွေစစ်

၄-နံပါတ် အနုကမ္ပက မိတ်ဆွေစစ်က–

(၁) မိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးမှုကို မနှစ်သက်တတ်ဘူး၊

(၂) မိတ်ဆွေ၏ ကြီးပွားတိုးတက်မှုကို လိုလားနှစ်သက်တယ်၊

(၃) မိတ်ဆွေအား ကဲ့ရဲ့စကားပြောကြားသူကို တားမြစ်တယ်၊

(၄) မိတ်ဆွေအား ချီးမွမ်းစကားပြောကြားသူကို ထောက်ခံ ချီးမွမ်းတတ်တယ်။

ဒီ ၄-နံပါတ် အနုကမ္ပက မိတ်ဆွေစစ်မျိုးကို နားလည်ထားရမယ်။

မိတ်ဆွေစစ် ပေါင်းသင်း။

ပရိသတ်ကြီး + ဘုရား။

ဒီ မိတ်ဆွေစစ် လေးယောက်ကို သိရှိနားလည်ပြီး ဘယ်လို သဘောထားမလဲ?။

ပေါင်းသင်း ဆက်ဆံရပါ၊ယ် ဘုရား။

ဒီ မိတ်ဆွေစစ် လေးယောက်နှင့် ပေါင်းသင်း ဆက်ဆံပါလျှင် ပစ္စည်းဥစ္စာ တိုးတက် ချမ်းသာမယ်၊ ဒါကြောင့် ပရိသတ်ကြီးဟာ မိတ်ဆွေစစ် မိတ်ဆွေကောင်းတွေကို ရှာဖွေရွေးချယ်ပြီး ပေါင်းသင်း ဆက်ဆံရမယ် နော်၊ ဒီလို မိတ်ဆွေတုံးတွေကို ရှောင်ကြဉ်ပြီး မိတ်ဆွေစစ် မိတ်ဆွေကောင်းတွေနှင့် ပေါင်းသင်း ဆက်ဆံတာကိုပင် "ကလျာဏမိတ္တတာ" ခေါ်တဲ့ တတိယအင်္ဂါနှင့် ပြည့်စုံပြီလို့ မှတ်ရမယ်။

သမင်ဝိတာ

(၄) မျှမျှတတ သုံးစဲ့ပါခေါ်တာ–

ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးဆဲတတ်ရမယ်။

မမျှတလျှင် မချမ်းသာ

ဝင်ငွေနှင့် ထွက်ငွေမမျှတလျှင် ချမ်းသာကြီးပွားမှု မရနိုင်ဘူးပေါ့၊ ဥပမာ-တနေ့လျှင် ၃-ကျပ် ၁၅-ပြား ဝင်ငွေရှိတဲ့ အလုပ်သမားတဦးဟာ ၃-ကျပ် ၁၅-ပြားလုံးကုန်အောင် နေ့စဉ်သုံးစွဲပစ်လျှင် အဲဒီ အလုပ်သမားဟာ **မတ်တတ်စသာ** ရှိတယ်၊ **တုံးလုံးစ** မရှိဘူးလို့ ဆိုတယ်။

လုံးဝ မကြီးပွားနိုင်ဘူးလို့ မှတ်ရပါမယ်။

ပရိသတ်ကြီး + ဘုရား။

ဒီ အလုပ်သမားဟာ ကြီးပွားနိုင်ပါ့မလား**?**။

မကြီးပွားနိုင်ပါ ဘုရား။

ဘယ် ကြီးပွားနိုင်ပါ့မလဲ ငွေပိုငွေလျှံမှု မရှိဘဲကို၊ ၃-ကျပ် ၁၅-ပြားဝင် ၃-ကျပ် ၁၅-ပြားထွက်ဆိုတော့ ငွေပိုငွေလျှံ မရှိဘူးပေါ့။

ရံဖန်ရံခါမှာ မိမိကျန်းမာရေးအတွက် သား, မယား ကျန်းမာရေးအတွက် သာရေး, နာရေးကိစ္စများအတွက် အခြား လူမှုရေးရာ အဇထွေထွေကိစ္စများ အတွက် သုံးစွဲစရာ မရှိဘူးပေါ့၊ ဒီ အလုပ်သမားဟာ ဘယ်နည်းနှင့်မှ ချမ်းသာကြီးပွားလို့ မဖြစ်နိုင်ဘူး၊ ၃-ကျပ် ၁၅ ပြား ဝင်ငွေရှိတဲ့ အလုပ်သမားတဦးဟာ သူတပါးထံမှ ချေးငှါးပြီး ၄-ကျပ် ၅-ကျပ် ဆိုသလို ပိုမိုသုံးစွဲပစ်ပြန်လျှင်လည်း ကြွေးတင်ပြီး မဲ့မှာ မုချဘဲ။

ပရိသတ်ကြီး + ဘုရား။

ဒီ အလုပ်သမား မကြီးပွား မချမ်းသာတာ ဘာကြောင့်လဲ**?**။

ဝင်ငွေနှင့် ထွက်ငွေ မမျှတလို့ပါ ဘုရား။

အင်း.... 'သမ္မာဇီဝိတာ'ဟာ ကြီးပွား ချမ်းသာမှုမှာ အလွန် အရေးပါတယ်နော်။

မျှတအောင် သုံးစွဲနည်း

ပစ္စည်းဥစ္စာ ခွဲဝေသုံးစွဲနည်းကို သုတ်ပါထယ်၊ သိင်္ဂါလသုတ်မှာ ဒီလိုလာတယ်။

စတုမာ ဝိဘင်ေ ဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ။
ဧကေန ဘောဂံ ဘုဥ္ဇေယ္ယ၊ ဒ္ဒိဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယ္ယ၊ အာပဒါသု ဘဝိဿတိ။

အနက်။ ။ဃရံ၊ အိမ်၌။ အာဝသံ-အာဝသန္တော၊ နေသော။ ဝါ-ဃရမာဝသံ၊ အိမ်ရာတည်ထောင် လူ့ဘောင်၌နေသော။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်။ ဘောဂေ၊ ကိုယ်ပိုင်ရှိပြီးပစ္စည်းဥစ္စာတို့ကို။ စတုမာ၊ လေးဘို့လေးဖြာ။ ဝိဘင်ေ၊ ခွဲချမ်းစိတ်ဖြာ ဝေဖန်ရာ၏။ ဧကေန၊ တဘို့ဖြင့်။ ဘောဂံ၊ ပစ္စည်းဥစ္စာကို။ ဘုဥ္ဇေယ္ယ၊ စားသုံးရာ၏။ ဒ္ဒိဟိ၊ နှစ်ဘို့တို့ဖြင့်။ ကမ္မံ၊ လယ်ထွန်ခြင်း ကုန်သွယ်စေခြင်း စသော အမှုကို။ ပယောဇယေ၊ ရင်းနှီးပြုပြီး ပွားစီးစေ၄ါ ယှဉ်စေရာ၏။ စတုတ္ထဉ္စ၊ လေးခုမြောက်ဖြစ်သော အဘို့ကိုလည်း။ အာပဒါသု၊ မှုခင်းထွလာ ရံခါရံဖန် ဘေးရန်တို့သည်။ ဥပ္ပန္နာသု၊ အကြောင်းတိုက်ဆုံ ဖြစ်လတ်ကုန်သော်။ ဘဝိဿတိ၊ သုံးစဲ့ဘို့ရာ ဖြစ်ပါလတ္တံ့။ ဣတိ မနသိကရိတ္ဝာ၊ ဤသို့ ရည်ရွယ်ရိုးရင်း နှလုံးသွင်း၍။ နိဓာပေယ္ယ၊ လုံခြုံအောင်သာ သိုမှီးသိမ်းဆည်း၍ ထားရာ၏။

လေးပုံ ပုံပြီး သုံးစဲ့

မြတ်စွာဘုရားက ကိုယ်မှာရှိတဲ့ ပစ္စည်းဥစ္စာကို လေးပုံ ပုံတဲ့။

တရားနှာ ပရိသတ်ကြီး + ဘုရား။

မြတ်စွာဘုရားက ကိုယ်မှာရှိတဲ့ ပစ္စည်းဥစ္စာကို ဘယ်နှစ်ပုံ ပုံရမတဲ့လဲ?။

လေးပုံ ပုံရမယ်တဲ့ ဘုရား။

မှတ်ထားနော် လေးပုံ-ပုံပြီးပြီ။

တစ်ပုံကို စား။

* နှစ်ပုံကို အဘိုးအပွားပြုထား။
* ကျန်တစ်ပုံကို သိမ်းထား။

တရားနှာ ပရိသတ်ကြီး + ဘုရား။

မှတ်မိရဲ့လား?။

မှတ်မိပါတယ် ဘုရား။

မှတ်မိလျှင် မေးမယ်။

တပုံကို, စားရပါမယ် ဘုရား။

နှစ်ပုံကို, အတိုးအပွားပြုထားရပါမယ် ဘုရား။

ကျန်တပုံကို, သိမ်းထားရပါမယ် ဘုရား။

ငွေလေးထောင်ရှိတဲ့ တောင်သူလယ်သမား၊ သို့မဟုတ် ကုန်သည်ပွဲစား စျေးသည် တဦးဟာ သူ၏ပစ္စည်းဥစ္စာကို လေးပုံ ပုံတယ်၊ ငွေလေးထောင်ကို လေးပုံ ပုံလိုက်စမ်းပါ ပရိသတ်ကြီး။

တထောင်စီ ပုံရပါမယ် ဘုရား။

ပုံပြီးပြီ တထောင်ကို ဘာလုပ်မလဲ?။

စားရပါမယ် ဘုရား။

နှစ်ထောင်ကို ဘာလုပ်မလဲ?။

အတိုးအပွား ပြုထားရပါမယ် ဘုရား။

ကျန်တထောင်ကို ဘာလုပ်ရမလဲ?။

သိမ်းထားရပါမယ် ဘုရား။

စားတဲ့အပုံထဲမှ ဒါန

“ကြာမေသု ပန စတ္တသု, ကောဋ္ဌာသေသု ဧကေန ဘောဂေန ဘုဥ္ဇေ-ယျာတိဝုတ္တ ကောဋ္ဌာသတောယေဝ ဂဟေတ္ဝာ ဘိက္ခူနမ္ပိ ကပနဒ္ဓိကာ-ဒီနမ္ပိ ဒါနံ ဒါတဗ္ဗံ၊ ပေသကာရ နှာပိတကာဒီနမ္ပိ ဝေတ္တနံ ဒါတဗ္ဗံ” (ဌီကာ)လို့ ဌီကာမှာ ဖွင့်ပြလာခြင်းကြောင့် စားတဲ့ အပုံထဲက တချို့ကိုလည်း၊ တချို့ကို လုပ်အားခ ပေးရမယ်တဲ့၊ ဒါကြောင့် စားတဲ့ငွေ တထောင်ထဲက—

(၁) ဘုရား တရား သံဃာ ရတနာသုံးပါးကိုလည်းလူ၊
(၂) သီလရင် သူတောင်းစား မရှိဆင်းရဲသူများကိုလည်း ပေးကမ်း၊
(၃) မိဖ ဘိုးဘွား ဆွေမျိုးများကိုလည်း ချီးမြှင့် ထောက်ပံ့၊
(၄) ဆရာသမား သက်ကြီး ရွယ်ကြီးတို့အားလည်း ပူဇော်၊
(၅) မိမိ အလုပ်သမားတွေကိုလည်း လုပ်အားခ ပေးပါတဲ့၊

မှတ်ထားနော် ပရိသတ်ကြီး၊ မေမဲသွားစေနှင့် ကြီးပွားချမ်းသာကြောင်း တွေ့ အလွန် အဘိုးတန်တယ်၊ တကယ်လိုက်နာလျှင် တကယ်ချမ်းသာမယ်။

ပရိသတ်ကြီး+ဘုရား။
မချမ်းသာချင်ဘူးလား?။
ချမ်းသာချင်ပါတယ် ဘုရား။
ချမ်းသာချင်လျှင် လိုက်နာရမယ်။
လိုက်နာနိုင်ပါ့မလား ပရိသတ်ကြီး?။
လိုက်နာနိုင်ပါတယ် ဘုရား။
လိုက်နာလျှင် ချမ်းသာတော့မှာပေါ့။

သုံးပါးရတနာ လုပ်ကျေးပါ

တချို့ပုဂ္ဂိုလ်တွေ ရတနာသုံးပါးကို အပေါစားလောက်ထင်ပြီး လူရေးတန်းရေးမှာ လက်နှေးနေတာတွေ့ရတယ်၊ ဒီ ဘုရား တရား သံဃာ ရတနာ ဆိုတာ အလွန်ပူဇော်လေးမြတ်ထိုက်ပြီး အဘိုးများစွာလည်း ထိုက်တန်တယ်၊ ရတနာသုံးပါးနှင့် တူတဲ့ ရတနာရယ်လို့ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာ လှည့်လည်ပြီးရှာကြည့် မရှိဘူး။

ဖူးလည်း ဖူးမြင်ရခဲတယ်၊ ကမ္ဘာတွေ အသခေါ်လွန်လေကြာကာမှ တရံတခါ ဘုရားသာသနာနှင့် ကြုံကြိုက်ပြီး ဖူးမြင်ကြရတယ်၊ ဒါကြောင့် ဘုရား သာသနာတော်ကြီးနှင့် ကြိုက်ကြုံ တိုက်ဆုံခိုက်မှာ လူရေးတန်းရေး လက်မနှေးကြပါနှင့် တတ်အားသမျှ လုပ်ကြပါ တန်းကြပါ၊ ရတနာသုံးပါးကို ဆည်းကပ် လုပ်ကျေးကြပါ။

စာဂတော့ လက်မလွတ်စေနှင့်

သီလရင် သူတောင်းစား မရှိဆင်းရဲသူများကိုလည်း တတ်အားသမျှ စွန့်ကြဲ ပေးကမ်းကြပါ။

သူတို့ လက်ပါ ခြေပါသားဘဲ လုပ်ကိုင်စားလိမ့်မဲပါ့။
လက်မအားလို့ သွားပါအုန်းရှင်။
ကန်တော့ပါသေးရဲ့။

ဒီစကားမျိုးတွေကို အခွိုကြားရတယ်၊ ကရုဏာရှေထားပြီး စာဂတရား တော့ လက်မလွတ်ပါစေနှင့်။

မိနှင့်ဖကို လုပ်ကျေးပါ

"မာတာပိတု ဥပဋ္ဌာနံ"

မင်္ဂလာတရားတော်နှင့်အညီ အမိနှင့် အဖကို လုပ်ကျေးကြရမယ်၊ ချီးမြှင့် ထောက်ပံ့ကြရမယ်။

တရားနာ ပရိသတ်ကြီး + ဘုရား။
မိဖကို လုပ်ကျေးကြရဲ့လား?။
လုပ်ကျေးပါတယ် ဘုရား။
မိဖကို ထောက်ပံ့ကြရဲ့လား?။
ထောက်ပံ့ပါတယ် ဘုရား။
"မာတာပိတုဂုဏော အနန္တော"
မိဖကျေးဇူး မဆုံးဘူး။

မိဖ ကျေးဇူးဟာ အဆုံးအပိုင်းအခြားမရှိအောင် ကြီးမား မျှားသည်ဟု ဆိုတယ်။

မိဖကျေးဇူး ဆပ်မကျေဘူး

ဘုရားကိုယ်တော်မြတ်ကြီးကလဲ မိဖကျေးဇူးဆပ်လို့ မကုန်နိုင်ပုံကို ဒီလို ဟောကြားတော်မူခဲ့တယ်။

"ဧကေန ဘိက္ခဝေ အံသေန မာတရံ ပရိဟရေယ္ယ၊ ဧကေန အံသေန ပိတရံ ပရိဟရေယ္ယ၊ ဝဿသတာယုကော ဝဿသတ ဇီဝိ သော စ နေသံ ဥစ္ဆာဒန, ပရိမဒ္ဒန, နှာပန, သမ္မာဟနေန၊ တေ စ တတ္ထေဝ မုတ္တကရိသံ စဇေယ္ယုံ၊ နေ ဘိက္ခဝေ မာတာပိတူနံ ကတံ ဝါ ဟောတိ ပဋိကတံ ဝါ။"

ချစ်သားတို့ အသက်တရာတမ်းမှာ လူဖြစ်ပြီး အနှစ်တရာပတ်လုံး အသက်ရှည်တဲ့ သားသမီးဖြစ်သူသည် လက်ဝဲပခုံးဖြင့် အမိကိုထမ်း လက္ခါပခုံးဖြင့် အဖကို ထမ်းဆောင်ပြီး လုပ်ကျွေးပြုစုတယ်၊ နေ့စဉ် နေ့တိုင်းပင် အမွေးအကြိုင် လိမ်းပေးခြင်း နှိပ်နင်းပေးခြင်း ရေမိုးချိုးပေးခြင်း အစရှိတဲ့ အမှုတွေကို ပြုပြီး လုပ်ကျွေးပြုစုတယ်၊ မိဖုန့်စ်ပါးလုံး ပခုံးထက်မှာပင် ကျင်ကြီး ကျင်ငယ် စွန့်မှုကို ပြုကြတယ်၊ ဒီလို လုပ်ကျွေးပြုစုပြီး ကျေးဇူးဆပ်ပါသော်လည်း မိဖကျေးဇူးဟာ ဆပ်လို့ မကျေလည်သေးဘူး။

မင်းစည်းစိမ် ပေးဆပ်လည်း မကျေ

'ဣမိဿာ စ ဘိက္ခဝေ မဟာပထဝိယာ ပဟူတ ရတ္တ ရတနာယ မာတာပိတရော ဣဿရာဓိပစ္စေ ရဇ္ဇေ ပတိဋ္ဌာပေယ္ယ၊ နေ ဘိက္ခဝေ မာတာပိတူနံ ကတံ ဝါ ဟောတိ ပတိကတံ ဝါ။'

တနည်းတပုံ ကျေးဇူးဆပ်ပုံကို မြတ်ဘုရားက မှတ်သားလောက်အောင် ဟောတော်မူပြန်တယ်။

ချစ်သားတို့ သားသမီးဖြစ်သူသည် မင်းအဖြစ်ကို ရလို့ မိနှင့်ဖကို မင်းစည်းစိမ်ကြီးကို ပေးပြီး ကျေးဇူး ဆပ်စေကာမူ မိဖကျေးဇူးဟာ ဆပ်လို့ မကျေလည်သေးဘူး။

မိဖုန့်စ်ပါး ကျေးဇူးမျှား

'တံ ကိဿ ဟေတု၊ ဗဟုကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ အာပါဒကာ ပေါသကာ၊ ဣမဿလောကဿ ဒဿေတာရော။'

ဒီလို မိဖကျေးဇူးဆပ် မကျေတာဟာ ဘာကြောင့်လဲ? ။

ချစ်သားတို့ မိဖုနှစ်ပါးသည် သားသမီးများ အပေါ်မှာ အလွန်များတဲ့ ကျေးဇူးကို ပြုကြသူများဖြစ်တယ်၊ ကြီးပွားလာအောင် စောင့်ရှောက်ကြသူ များဖြစ်တယ်၊ မွေးကျွေး သုတ်သင်ကြသူများဖြစ်တယ်၊ ဤလောကကြီးကို ပြသကြသူများဖြစ်တယ်၊ ဒါကြောင့် မိဖကျေးဇူးဟာ ဆပ်လို့ လောကီနည်း နှင့်ဖြင့် မကျေနိုင်ဘူးလို့ မိန့်တော်မူတာပေါ့။

မိဖကျေးဇူး ကျေအောင်ဆပ်နည်း

ဒါဖြင့် ဘယ်လိုနည်းနှင့် မိဖကျေးဇူးကို ကျေလည်အောင် ဆပ်နိုင်သလဲ၊ မိဖကျေးဇူး ကျေလည်အောင် ဆပ်နည်းကိုလည်း ဒီလို ဟောကြားတော်မူခဲ့ တယ်။

"ယော စ ခေါ် ဘိက္ခဝေ မာတာပိတရော။"

(၁) အဿဒ္ဓေ သဒ္ဓါသမ္ပဒါယ သမာဒပေတိ၊ နိဝေသေတိ၊ ပတိ-ဋ္ဌာပေတိ။

(၂) ဒုဿီလေ သီလသမ္ပဒါယ သမာဒပေတိ၊ နိဝေသေတိ၊ ပတိဋ္ဌာ ပေတိ။

(၃) မစ္ဆရီ စာဂသမ္ပဒါယ သမာဒပေတိ၊ နိဝေသေတိ၊ ပတိဋ္ဌာပေတိ။

(၄) ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒပေတိ၊ နိဝေသေတိ၊ ပတိဋ္ဌာပေတိ။

ဘော်ဘော်ဝတာ ခေါ် ဘိက္ခဝေ မာတာပိတူနံ ကတဉ္ဉု ဟောတိ ပဋိကတဉ္ဉု။

ချစ်သားတို့

(၁) ဘုရား တရား သံဃာ ရတနာသုံးပါးကို မကြည်ညိုတဲ့ မိဖတွေကို ကြည်ညိုလာအောင် ပြုလုပ်ပေးတယ်။

(၂) သီလမရှိတဲ့ ဒုဿီလ မိဖတွေကို သီလရှိလာအောင် ပြုလုပ်ပေးတယ်။

(၃) မပေးလှူလို ဝန်တိုတဲ့ မိဖတွေကို စွန့်ကြဲပေးကမ်း လှူဒါန်းလာ အောင် ပြုလုပ်ပေးတယ်။

(၄) အသိအလိမ်မာ ပညာကင်းမဲ့တဲ့ မိဖတွေကို အသိအလိမ်မာ ပညာ နှင့် ပြည့်စုံလာအောင် ပြုလုပ်ပေးတယ်။

ချစ်သားတို့ ဤကဲ့သို့ အမိအဖတို့အား—

(၁) သဒ္ဓါ၊

(၂) သီလ၊

(၃) စာဂ၊

(၄) ပညာ၊

ဤလေးပါးနှင့် ပြည့်စုံလာအောင် ပြုလုပ်ပေးတဲ့ သားသမီးသည်သာလျှင် မိဖကျေးဇူးကို ကျေလည်အောင် ဆပ်သည်မည်တယ်လို့ ဟောတော်မူသည်။

ပရိသတ်ကြီး + ဘုရား။

မြတ်စွာဘုရားက မိဖကျေးဇူးများပုံ၊ မိဖများအား ကျေးဇူးဆပ်ပုံတွေကို အပြည့်အစုံ ဟောကြားတော်မူခဲ့တယ်၊ ပရိသတ်ကြီးဟာ မိဖကျေးဇူးကို ကျေလည်အောင် ဆပ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

မိဖကျေးဇူးဆပ်ပုံကို ပြောပြစမ်းပါ။

ဟော- ကောင်းကောင်း မမှတ်မိသေးဘူး။

(၁) နေ့စဉ်နေ့တိုင်း အစာစားချိန်မှာ သင့်မြတ်တဲ့ အစာအာဟာရမျှားကို ကျွေးမွေးရမယ်။

(၂) ရေချိုးချိန်မှာ ရေချိုးပေးရမယ်။

(၃) ပုဆိုးထမီ အင်္ကျီ အဝတ်တို့ကိုလည်း ပြည့်စုံလုံလောက်အောင် ပေးရမယ်။

(၄) အမွေးအကြိုင် လိမ်းပေးခြင်း၊ အညောင်းအှည့ာ ပြေအောင် နှိပ်နယ် ပေးခြင်းတို့ကိုလည်း ပြုရမယ်။

(၅) မကျန်းမာပြန်လျှင်လည်း ဆေးဝါး ကုသပေးရမယ်။

(၆) ဘေးရန် မရှိအောင်လည်း စောင့်ရှောက်ကြရမယ်။

(၇) ဘုရား, တရား, သံဃာ ရတနာသုံးပါးကို မကြည်ညိုတဲ့ မိဖတွေကို ကြည်ညိုလာအောင် ကံ, ကံ၏အကျိုးကို မယုံကြည်တဲ့ မိဖတွေကို ယုံကြည်လာအောင် ပြုလုပ်ပေးရမယ်။

(၈) သီလမရှိတဲ့ မိဖတွေကို သီလရှိလာအောင် ပြုလုပ်ပေးရမယ်။

(၉) မပေးလှူလို ဝန်တိုတဲ့ မိဖတွေကို လှူဒါန်း ပေးကမ်းလာအောင် ပြုလုပ်ပေးရမယ်။

(၁၀) အသိ အလိမ်မာ ဉာဏ်ပညာ ကင်းမဲ့တဲ့ မိဖတွေကို အသိ အလိမ်မာ ဉာဏ်ပညာနှင့် ပြည့်စုံလာအောင် ပြုလုပ်ပေးရမယ်၊ ဒီလို ကျေးဇူးဆပ်ကြရမယ်။

ခုခေတ် အချို့ သားသမီးများ

ခုခေတ် အချို့ သားသမီးတွေဟာ မိဖကို နင်ဟဲ့ ငါဟဲ့နှင့် ပြန်ဆဲလိုဆဲ၊ ရိုက်လိုရိုက်၊ ထမင်းတလုပ် ဟင်းတခွက်လောက်မှ မသဒ္ဓါ၊ အဝတ်အထည်ပေးဘို့ ဆိုတာ ဝေလာဝေး၊ ဒီလို သားသမီးတွေသာ မျှားတယ်၊ အပါယ်စာ ကလေးတွေပေါ့။

မိဖကို မလုပ်ကျွေးက အပါယ်ကျမယ်။

မိဖကို လုပ်ကျွေးပြန်လျှင်လည်း လူ့ပြည်နတ်ရွာ ချမ်းသာကိုရမယ်။

မိဖပြစ်မှား အပါယ်လား

"မာတာပိတရောဟိ ပုတ္တာနံ ဗဟူပကာရတာယ အာဟုနံ အရဟန္တိ၊ တေသု ဝိပ္ပဋိပဇ္ဇမာနာ ပုတ္တာ နိရယံဝါဒီသု နိဗ္ဗတ္တန္တိ"။ (ပါထေယျ-ဋ္ဌ)

အမိအဖတို့သည် သားသမီးတို့ အပေါ်ဦး အလွန် ကျေးဇူးများသူများ ဖြစ်ကြသည်၊ ထို့ကြောင့်လည်း မိဖနှစ်ပါးလုံးကိုပင် သားသမီးများက ပူဇော်ထိုက်၏၊ ပူဇော်ရမည်၊ ထိုမိဖတို့ကို ပြစ်မှားသော သား သမီးများသည် သေသည်၏ အခြားမဲ့မှာ အပါယ်လေးပါးမှာ ဖြစ်ရတယ်။

မိတ္တဝိန္ဒက ဝတ္ထု

မိခင်ပြစ်မှားခြင်း ငရဲလားသော မိတ္တဝိန္ဒက ဝတ္ထုကို ထုတ်ပြဦးမယ်။

မတ္တဝိန္ဒက

ကဿပ ဘုရားလက်ထက်တော် အခါ ဗာရာဏသီပြည်၌ ကုဋေ (၈၀) ရှစ်ဆယ် ဥစ္စာကြွယ်သော သူဌေး၏ တဦးတည်းသော သားသည် မိတ္တဝိန္ဒက အမည်ရှိ၏။

ဖခင် ကွယ်လွန်

မိတ္တဝိန္ဒက၏ အမိအဖတို့မှာ သောတာပန်ပုဂ္ဂိုလ်မျှား ဖြစ်ကြ၏၊ မိတ္တဝိန္ဒက သည်ကား ငါးပါးသီလမျှလည်း မလုံခြုံ၊ ရတနာသုံးပါးကိုလည်း မကြည်ညိုသူ ဖြစ်၏၊ နောက်ကာလ၌ ဖခင်ကွယ်လွန်သွား၏။

မိခင်၏ အဆုံးအမ

ဖခင် ကွယ်လွန်လျှင် မိခင်သည် ပစ္စည်းဥစ္စာအစုကို စီရင်၍ သား မိတ္တဝိန္ဒကအား ဆုံးမသည်မှာ–

ချစ်သား သင်သည်ကား အလွန်ရခဲတဲ့ လူ၏အဖြစ်ကို ရခဲ့၏။

(၁) ဒါနံ ဒေဟိ၊ (အလှူပေးပါ)

(၂) သီလံ ရက္ခာဟိ၊ (ငါးပါးသီလ ဆောက်တည်ပါ)

(၃) ဥပေါသထကမ္မံ ကရောဟိ၊ (ဥပုသ်နေ့မှာ ဥပုသ်စောင့်ပါ)

(၄) ဓမ္မံ သုဏာဟိ၊ (တရားနာပါ။)

နားမထောင်

အို–မိခင် ကျနော်သည်–

- အလှူလဲ မပေးချင်ပါ
- ငါးပါးသီလလဲ မဆောက်တည်ချင်ပါ
- ဥပုသ်လဲ မစောင့်ချင်ပါ

* တရားလဲ မနာချင်ပါ၊

ကျနော့်ကို ဘာမျှ ပြောမနေပါနှင့်ဟု မိခင်၏ အဆုံးအမကို နားမထောင်။

ဥပုသ်စောင့်လျှင် ငေတထောင်

အခါတပါး မိတ္တဝိန္ဒကအား မိခင်ဖြစ်သူက ချစ်သား.... ဒီနေ့ ဥပုသ်နေ့ ဖြစ်တယ်၊ ဥပုသ်သီလ ဆောက်တည်ပြီး ကျောင်းမှာဘဲ တညလုံး တရားနာ ပြီးနေပါ၊ ဥပုသ်အထက် နောက်တရက်မှာ ငေတထောင် ပေးပါမယ်ဟု ပြောကြား၏။

ဥပုသ်စောင့်လို့ ငေတဆောင်ရ

မိတ္တဝိန္ဒကလည်း ငေတထောင်ကို လိုချင်မက်မောၗ ဥပုသ်သီလ ဆောက်တည်ၗ နံနက်စာ သုံးဆောင်ပြီး ကျောင်းသို့သွားကာ တရားမနာဘဲ တရားပလွင်အောက် ခေါင်းထိုးကာ အိပ်ပြီး တရားဆုံးလျှင် အိမ်သို့ ပြန်လာသတဲ့၊ မိခင်ဖြစ်သူလည်း သားကလေး မိတ္တဝိန္ဒက ဥပုသ်စောင့်ပြီး တရားပွဲမှ ပြန်လာသည်ကို မြင်လျှင် စောစောစီးစီးပင် ယာဂုကျိုပြီး ကျက်လျှင် ငံ့ငေတထောင် ပေးၗ ယာဂု တိုက်ကျေး၏။

မိခင်ဖြစ်မှား

မိတ္တဝိန္ဒကလည်း ငေတထောင်ကို ယူကာ ယာဂုသောက်ပြီး အကြံဖြစ်သည်မှာ ချမ်းသာအောင် လုပ်မှာဘဲတဲ့၊ ဤကဲ့သို့ အကြံဖြစ်ပြီး မွေးမိခင်အား သမုဒ္ဒရာတဖက် ကုန်ကူးထွက်မည်ဟု ပြောကြား၏၊ ထိုအခါ မွေးမိခင်က ချစ်သားမိတ္တဝိန္ဒက ငါတို့အိမ်မှာ ကုဋေရှစ်ဆယ် ပစ္စည်းဥစ္စာတွေ ပေါကြွယ်နေပါလျက် ဘေးရန်များတဲ့ သမုဒ္ဒရာ ခရီးကို မသွားပါနဲ့ဟု ပြောကြားတားမြစ်သော်လည်း မနာယူဘဲ ထွက်သွားရာ မိခင်ခမျာလည်း သားဌ ချင်ခင်သောမေတ္တာဖြင့် မသွားဘို့ရာ ရှေ့မှ ကာဆီးတာဆီးလုပ်ရာ မိတ္တဝိန္ဒကလည်း စိတ်ဆိုးလာၗ မိခင်ကို ခြေထောက်နှင့် ကန်ကျောက်ပြီး မိခင်လဲကျရာ အပေါ်မှ ကျော်ၗ ထွက်သွား၏။

မိခင်မြေကြားပုံ

မွေးမိခင်လဲ ကဗျာကရာ ထကာ- ချစ်သား မိတ္တဝိန္ဒက ငါကဲ့သို့သော မွေးမိခင်ကို ခြေနှင့်ကန်ကာသွားတဲ့ သင်သားမိုက်အား ရောက်ရာအရပ်မှာ အဘယ်မှာလျှင် ချမ်းသာသုခကို ရနိုင်ပါမလဲ ချမ်းသာသုခ ရလိမ့်မယ်လို့များ ထင်နေသေးသလားဟု ပြောကြားသတဲ့။

သူယုတ်မာ မဲကျ

မိတ္တဝိန္ဒကလည်း သဘော်ထက်လို့ ခုနစ်ရက်ရှိလျှင်ပင် သဘော်ကြီးလည်း အငြိုအတွယ် မရှိဘဲ အလိုလို ပင်လယ်သမုဒ္ဒရာ အလယ်မှာ ရပ်တန့်ပြီး နေသတဲ့၊ ဒီအခါမှာ ငါတို့သဘော်ပေါ်မှာ အမှန်ပင် သူယုတ်မာ ပါလာတယ်ဟု သူယုတ်မာ မဲ ချရာ သုံးကြိမ်တိုင်အောင် မိတ္တဝိန္ဒကအား ကျ၏။

ဥပုသ်သိလ အကျိုး

နတ်ပြိတ္တာမ (၄)ယောက်နှင့် စည်းစိမ်ခံစား

ထိုအခါ မိတ္တဝိန္ဒကအား ပေါင်ကိုပေးပြီး သမုဒ္ဒရာရေသို့ ပစ်ချကြကုန်၏၊ မိတ္တဝိန္ဒကလည်း ဖေါင်စီးပြီး ကျွန်းတခုသို့ခရောက်၊ထိုကျွန်း ဖလ်ဗိမာန်ဌိုရှိသော နတ်ပြိတ္တာမ လေးယောက်တို့နှင့် စည်းစိမ်ချမ်းသာကို ခံစားရ၏။

နတ်ပြိတ္တာမ (၇)ယောက်နှင့် စည်းစိမ်ခံစား

ထိုမှ တဖန် ရှေသို့ သက်မသွားရန် နတ်ပြိတ္တာမတို့ တောင်းပန်ပါသော်လည်း ထိုစည်းစိမ်ထက် နှစ်ဆတက်စည်းစိမ်ကို လိုချင်၍ ဆက်လက်သွားရာ ရှစ်ယောက်သော နတ်ပြိတ္တာမတို့၏ နေရာ ဌေဗိမာန်သို့ ရောက်၍ ထိုရှစ်ယောက်သော နတ်ပြိတ္တာမတို့နှင့်အတူ စည်းစိမ်ချမ်းသာကို ခံစားရ၏။

နတ်ပြိတ္တာမ(၁၆)ယောက်နှင့် စည်းစိမ်ခံစား

ထိုမှ တဖန် နှစ်ဆတက် စည်းစိမ်ချမ်းသာကို လိုချင်ပြန်၍ ကိုးနှင့်ပြိတ္တာမတို့ ရှေဆက်မသွားမီ ဒေဝနံဖန် တောင်းပန်ပါသော်လည်း မနာခံ၍ ဆက်လက်

သ့ားရာ တဆယ့်ခြောက်ယောက်သော နတ်ပြိတ္တာမတို့၏ နေရာ ပတ္တမြားဗိမာန်သို့ ရောက်၍ နတ်ပြိတ္တာမတို့နှင့် အတူ စည်းစိမ်ချမ်းသာကို ခံစားရ၏။

နတ်ပြိတ္တာမ(၃၂)ယောက်နှင့် စည်းစိမ်ခံစား

ထိုမှတဖန် နှစ်ဆတက် စည်းစိမ်ချမ်းသာကို လိုချင်ပြန်၍ ထိုနတ်ပြိတ္တာမတို့ တောင်းပန်ပါသော်လည်း မနာယူဘဲ ရှေ့ဆက်သ့ားရာ သုံးဆယ့်နှစ်ယောက်သော နတ်ပြိတ္တာမတို့နေရာ ရှေ့ဗိမာန်သို့ ရောက်၍ ထိုနတ်ပြိတ္တာမတို့နှင့်အတူ စည်းစိမ်ချမ်းသာကို ခံစားရ၏။

မိခင်ပြစ်မှားသော ကံအကျိုး

ကြာပွင့်အသွင် သင်ခုန်းစက်ကိုထင်

ထိုမှတဖန် နှစ်ဆတက်သော စည်းစိမ်ချမ်းသာကို လိုချင်ပြန်၍ ထိုနတ်ပြိတ္တာမတို့ ရှေ့ဆက် မသ့ားရန် အဖန်ဖန် တောင်းပန်ပါသော်လဲ မနာယူဘဲ ဆက်လက်သ့ားရာ ဥယျာဒ ငရဲသို့ ရောက်၍ သင်ခုန်းစက် ဦးခေါင်းထက်တ့ွင်လည်သော ယောကျ်ားကို မြင်လျှင် မေ့မိခင်၌ ပြစ်မှားမိသော အကုသိုလ်စွမ်းအင်ကြောင့် မိတ္တဝိန္ဒကမ၏ စိတ်တ့ွင် သင်ခုန်းစက်သည် ပဒုမ္မာကြာပွင့်အသွင်ထင်ခဲ့၏။

သင်ခုန်းစက် ဦးခေါင်းထက်ကွင်လည်

မိတ္တဝိန္ဒက။	။ကိုယ်ကြီးယောကျ်ား သင့်၏ခေါင်းတ့ွင် ပန်ဆင်ထားတဲ့ ပဒုမ္မာကြာပန်းကို ငါ့အား ပေးပါ။
ငရဲသား။	။အရှင် အကျွန်ုပ်ခေါင်းတ့ွင်ရှိသော အရာဝတ္ထုကား ပဒုမ္မာကြာပန်း မဟုတ်ပါ သင်ခုန်းစက်ဖြစ်ပါသည်။
မိတ္တဝိန္ဒက။	။ငါ့ကို မလှည့်စားပါနှင့် ပဒုမ္မာကြာပန်းကို မမြင်ဘူးသူ ထင်လို့လား၊ သင်သည် စန္ဒကူးနီကို လိမ်းကျံပြီး ခေါင်းတ့ွင် ပန်သော ပဒုမ္မာကြာပန်းကို ငါ့အား မပေးချင်ရှိ၏။

ရဲ့သား။ ။ဤသူသည် ငါကဲ့သို့ပင် မိခင်ကို ပြစ်မှားသူ ဖြစ်လိမ့်မည်၊ မကောင်းမှုကံ၏ အကျိုးကို ခံစားလို၏၊ ငါ၏အကုသိုလ်ကံလည်းကုန်သည်ဖြစ်လတ္တံ့ ဟုကြံပြီးသင့်အား ပဒုမ္မာကြာကို ပေးအံ့၊ ရော့ ယူလော့ဟု ဦးခေါင်းထက်၌ လည်သော သင်ခုန်းစက်ကို မိတ္တဝိန္ဒက၏ ဦးခေါင်းထက်သို့ ပစ်ချပေးလိုက်၏။

(ဤ၌ သင်ခုန်းစက်မှ ယိုစီးရ၍ကျသော သွေးများကို မိတ္တဝိန္ဒကသည် အကုသိုလ်ကံကြောင့် စန္ဒကူးနီ လိမ်းထားသည်ဟု ထင်၏။)

မိတ္တဝိန္ဒက၏ ဦးခေါင်းထက်တွင် သင်ခုန်းစက်သည် လည်၍ ကယ်ပါယူပါ တစာစာနှင့် အမေကို ခြေနှင့်ကန်တဲ့ အကုသိုလ်ကံ၏ အကျိုးကို ခံစားရလေသည်။

မှတ်ချက်။ ။ဒသကနိပါတ် စတုဒ္ဓါရဇာတ်၌ ကုဋေ (၈၀) ရှစ်ဆယ်ဟု လာသည်၊ ပါထေယျသဂီတိသုတ် အဋ္ဌကထာ၌ ကုဋေ (၄၀) လေးဆယ်ဟု အဆိုမည်။

ဆွေမျိုးတွေ ထောက်ပံ့

"ဉာတကာနဉ္စ သင်္ဂဟော"
မင်္ဂလာတရားတော်နှင့်အညီ၊

မရှိနွမ်းပါး ဆွေမျိုးများကိုလည်း တတ်အားသမျှ သင့်ဂိုဟ်ချိုးမြောက် ထောက်ပံ့ရမယ်၊ အချိုပုဂ္ဂိုလ်တွေက—

ရှေရှိမှ အမျိုးတော်ကြတယ် 'ရှေမျိုး'လို့ အမည်တမျိုးနှင့် ခေါ်ကြသေးတယ်၊ ပစ္စည်းဥစ္စာ မရှိဆင်းရဲ မွဲပြိုဆိုးမှုဖြင့် လူရာမဝင် လူ,မခေါ်ချင် ဆွေမျိုးလို့တောင် အသိအမှတ် မပြုချင်ကြဘူး၊ သူစိမ်းပြင်ပသဖွယ် အရာရာမှာ မျက်နှာငယ်ရတယ်၊ ဒါလဲ သမ္မာဒါလေးပါးနှင့် မပြည့်စုံလို့ဘဲ၊ ဆင်းရဲချမ်းသာ အနိမ့်အမြင့်ရှိစေတော့၊မြတ်ဘုရားက မိမိဆွေမျိုးထဲမှ မရှိနွမ်းပါးသူများကို ရွေးချယ်ပြီး တတ်အားသမျှ ထောက်ပံ့ရမယ်တဲ့၊ ဩဝါဒအတိုင်း ပရိသတ်ကြီးဟာ ဒီကနေ့ကစပြီး မရှိနွမ်းပါး ဆွေမျိုးများကို တတ်အားသမျှထောက်ပံ့ကြပါ။

ကန်တော့ပူဇော်

ခုခေတ်မှာ သီတင်းဝါလ ကျွတ်တယ်ဆိုလျှင်ဘဲ မိဖကန်တော့ပွဲတွေ့ ဆရာကန်တော့ပွဲတွေ့ သက်ကြီးပူဇော်ပွဲတွေ့ မြို့တိုင်းရွာတိုင်းလိုပင် ပြုလုပ်နေတာကြားရတော့ အလွန်ဘဲ ဝမ်းသာမိတယ်၊ ဩ.... မြတ်ဘုရား ဒေသနာတော်နှင့် ကိုက်ညီပါကလား၊ မြတ်ဘုရားစကားကို လေးစားသူတွေ့ ပေါမျှားပါသေးကလား၊ ဘာသာတရား လေးစားသူတွေ့ ပေါမျှားပါသေးကလား၊ ယဉ်ကျေးလိမ်မာတဲ့ အမျိုးသား အမျိုးသမီးကလေးတွေ့ ပေါမျှားပါသေးကလား။

သာဓု-သာဓု-သာဓု လို့ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မိတယ်၊ သီတင်းဝါလကျွတ်မှ တနှစ်တခါသာ မဟုတ်၊ အကြိမ်များစွာ အချိန်အခါမရွေး မိဖဘိုးဘွား ဆရာသမား သက်ကြီး ရွယ်အိုတို့အား ရိုသေသင့် မြတ်နိုးသင့် ပူဇော်ကန်တော့သင့်ပါတယ်၊ ရိုသေလည်း ရိုသေကြပါ၊ မြတ်နိုးလည်း မြတ်နိုးကြပါ၊ ကန်တော့လည်း ကန်တော့ကြပါ၊ ပူဇော်လည်း ပူဇော်ကြပါ။

လုပ်အားခပေး ကြေးမကျသင့်

အလုပ်သမားဟူသည် အလုပ်ကို အမှီပြုပြီး အသက်မွေးရသူဖြစ်သည်၊ ဒါကြောင့်— အလုပ်လုပ်ရာ၌ အလုပ်သမားတိုင်းပင်—

(၁) ကြိုးစားခြင်း

(၂) ရိုးသားခြင်း

(၃) စည်းကမ်းသေဝပ်ခြင်း

ဆိုတဲ့ အင်္ဂါသုံးရပ်နှင့် ပြည့်စုံစေရမယ်၊ ဒီ အင်္ဂါသုံးရပ်နှင့် ပြည့်စုံခြင်းသည်ပင် အလုပ်သမားဘဝ၏ အာမခံချက်ပင် ဖြစ်တယ်၊ လုပ်အားခ အပြည့်အဝ ရသင့်တယ်၊ တနှစ်တကြိမ် ဆိုသလို လုပ်အားခ အထူးဆုအနေနှင့်လည်း ချီးမြှောက်ထောက်ပံ့သင့်တယ်၊ လုပ်အားခ ကြေး,မကျစေသင့်ဘူး။

အချို့အလုပ်သမားတွေ့

အချို့ အလုပ်သမားတွေ့ဟာ လုပ်အားခကိုသာ လိုချင်တယ်၊ အလုပ်ကိုတော့ ကြိုးကြိုးစားစား မလုပ်ဘူး၊ဝက်ကျေတမ်းကျေသဘောမျိုး ပြုလုပ်တတ်

တယ်၊ အချို့ အလုပ်သမားတွေကတော့ မျက်မှောက်တမျိုး မျက်ကွယ်တဖုံ ဆိုသလိုနည်းမျိုးစုံဖြင့် အလုပ်လုပ်ရာမှာ မရိုးမသားလုပ်တတ်တယ်၊အချို့အလုပ်သမားတွေကတော့ အလုပ်လုပ်ရာမှာ စည်းကမ်းသေဝပ်မှု မရှိဘူး၊ ထင်သလိုလုပ်တတ်တယ်၊ ဒီလို အလုပ်သမားမျိုးတွေအတွက် အလုပ်သမား ဘဝအာမခံချက် မရှိသလို ဖြစ်နေတယ်၊ အဲဒီ အလုပ်သမားတွေ လုပ်ကိုင်တဲ့ လုပ်ငန်းဟူသမျှမှာလဲ ဆုတ်ယုတ်ပျက်ပြားမှုသာ တွေ့မြင်ရမယ်။

ဒီလိုလုပ်ပါ

ဒါကြောင့် အလုပ်သမားပီပီ ဘဝ အာမခံချက်နှင့် အညီ မိမိလုပ်ကိုင်တဲ့ လုပ်ငန်းတိုင်းဌပင်—

(၁) ကြိုးကြိုးစားစား လုပ်ပါ၊
(၂) ရိုးရိုးသားသား လုပ်ပါ၊
(၃) စည်းကမ်းသေဝပ်စွာ လုပ်ပါ၊

သို့မှလည်း လုပ်ငန်း တိုးတက်ကောင်းမွန်ပြီး နှစ်ဦးနှစ်ဝ ကြီးပွားချမ်းသာမှုကို ရမည်။

အဲဒီ လုပ်အားခပေးတာရော အားလုံးဘဲ စားတဲ့တထောင် အပုံထဲကနော်။

ကျန် သုံးထောင်

နှစ်ထောင်ကို အတိုးအပွား ပြုထားရမယ် ဆိုတော့ တောင်သူလယ်သမားဖြစ်လျှင် ဌေနှစ်ထောင်ကို လယ်ယဉ်လုပ်ငန်းနှင့် ဌေချေးလုပ်ငန်းတို့မှာ အရင်းအနှီး အတိုးအပွား ပြုထားရမယ်၊ ကုန်သည်ပွဲစား ဈေးသည်များ ဖြစ်ခဲ့လျှင် ကုန်သည်လုပ်ငန်း ဈေးသည်လုပ်ငန်းနှင့် ဌေချေးလုပ်ငန်းတို့မှာ အရင်းအနှီး အတိုးအပွား ပြုထားရမယ်၊ အလုပ်သမားဖြစ်လျှင် ဌေချေးလုပ်ငန်းမှာ အရင်းအနှီး အတိုးအပွား ပြုထားရမယ်၊ ကျန် ဌေတထောင်ကို ဘေးရန်ကင်းတဲ့အခါ အသုံးပြုကိုရန် လုံခြုံစွာ သိမ်းဆည်းထားပါတဲ့။

လစဉ် ဝင်ငွေနှင့် သုံးစွဲနည်း

လစဉ်ဝင်ငွေနှင့် ကြီးပွားချမ်းသာအောင်လည်း ဒီလိုသုံးစွဲနိုင်သည်၊ တလ ငွေ (၄၀၀) လေးရာဝင်တယ် တရာကိုစား၊ နှစ်ရာကို အတိုးအပွား ပြုထား၊ ကျန်တရာကို သိမ်းထား။

ပရိသတ်ကြီး + ဘုရား။

မှတ်ထားနော် ကြီးပွားချမ်းသာအောင် ပစ္စည်းဥစ္စာ ခွဲဝေသုံးစွဲနည်းတွေ၊ တကယ်လိုက်နာ ကျင့်သုံးလျှင် တကယ်ကြီးပွားချမ်းသာမယ်၊ ဒီ သမ္ဘီဝိတာ ဟာလဲ ကြီးပွားချမ်းသာမှုမှာ အလွန်အရေးပါတယ်။

လက္ခဏာ

ဝိရိယဟာ–

"ဥပတ္ထမ္ဘန လက္ခဏာ"

သမ္မယုတ်တရားတွေကို ထောက်ပံ့ ခိုင်စေခြင်း သဘောလက္ခဏာ ရှိတယ်။

ဥပမာဖြင့်ပြ

ဝိရိယ၏ ဥပတ္ထမ္ဘန လက္ခဏာရှိပုံကို ဤဥပမာဖြင့် သိရမယ်။

ဆွေးမြေသော အိမ်သည် ထောက်တိုင် အထောက်အပံ့ဖြင့် မလဲမပြို တည်သကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း ဝိရိယဖြင့် ထောက်ပံ့အပ်သည် ဖြစ်၍ အလုံးစုံသော ကုသိုလ်တရားတို့မှ မဆုတ်ယုတ်။

တနည်း

"ပဂ္ဂဟ လက္ခဏာ"

သမ္မယုတ်တရားတွေကို ချီပင့်ခြင်း. လျော်သော အားကို ပေးခြင်း သဘော လက္ခဏာ ရှိတယ်။

ဥပမာဖြင့်ပြ

ဝိရိယ၏ ပဂ္ဂဟ လက္ခဏာ ရှိပုံကို ဤဥပမာဖြင့် သိရမယ်။

စစ်မြေပြင်၌ နှစ်ဖက်စစ်ပွဲ ဖြစ်လတ်သော် အင်အားနည်းသော စစ်သည်သည် ဆုတ်နစ်၏၊ ထိုအခါ မင်းအား ဆုတ်နစ်မှုကို လျှောက်ထား၏၊ မင်းသည် လက်နက်အင်အား စစ်သားများဖြင့် တပ်ကူပို့၏၊ ထိုမင်း၏ ချီးပင့်ခြင်း လျော်ကန်သော အားကို ပေးခြင်းဖြင့် တဖက်စစ်သည်ကို နိုင်ရာ၏၊ ထို့အတူ ဝိရိယသည် သမ္မယုတ်တရားတို့ကို ဆုတ်နစ်ခြင်းငှါ မပေးမူဘဲ ချီးပင့်၏၊ လျော်သောအားကို ပေးတတ်၏။

တနည်း

"ဥဿာဟ လက္ခဏာ"

ထိုထိုကိစ္စကို ကောင်းစွာ အားထုတ်ခြင်း လွန်စွာ လုံ့လပြုခြင်း သဘော လက္ခဏာ ရှိတယ်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်ထဲမှာ ထိုထိုကိစ္စကို အားထုတ်တတ်တဲ့ ကြိုးစားတတ်တဲ့ လုံ့လပြုတတ်တဲ့ ပုဂ္ဂိုလ်ခေါင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ကြိုးစားအားထုတ်သူဟာ ဘယ်သူလဲ?။

ဝိရိယပါ ဘုရား။

အင်း...ဝိရိယဘဲ ကြိုးစားအားထုတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ကြိုးစားအားထုတ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါကြိုးစားတယ်ဆိုတာ ဟုတ်နိုင်ပါမလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ထိုထိုကိစ္စကို ကြိုးစားအားထုတ်တတ်တဲ့ ဝိရိယ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ, လိပ်ပြောကောင်ဘဲ, ဝိညာဉ်ကောင်ဘဲ, သူဘဲ,ငါဘဲ,ယောကျ်ားဘဲ,မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစဲ့သင့်

ဒီ ထိုထိုကိစ္စကို ကြိုးစား အားထုတ်တတ်တဲ့ ဝိရိယ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ထိုထိုကိစ္စကို ကြိုးစား အားထုတ်တတ်တဲ့ ဝိရိယ နာမ်တရားကို ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ထိုထိုကိစ္စကို ကြိုးစားအားထုတ်တတ်တဲ့ ဝိရိယ နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

*အကြင်း ရှေးနည်းတူ၊
ဝိရိယ ပြောင်းလဲဟော။

ပီတိ။

နှစ်သက်တတ် ကိုယ်စိတ်ကို ပွားစေတတ်သော သဘောတရားသည် 'ပီတိ' တည်း။

ပီတိအပြား

ဂုဏ်း ပီတိသည်—

(၁) ခုဒ္ဒကာပီတိ (ကြက်သီး မွေးညှင်း ရှင်ထအောင် နှစ်သက်ခြင်း၊)

(၂) ခဏိကာပီတိ (လျှပ်စစ်ပြက်သကဲ့သို့ ခဏ ခဏ နှစ်သက်ခြင်း၊)

(၃) ဩက္ကန္တိကာပီတိ (သမုဒ္ဒရာ လှိုင်းတံပိုးသည် သမုဒ္ဒရာကမ်းသို့ သက်၍ သက်၍ ပျက်သကဲ့သို့ ကိုယ်သို့ သက်၍ သက်၍ ပျက်သော နှစ်သက်ခြင်း၊)

(၄) ဥဗ္ဗေဂါပီတိ (ကိုယ်ကို အထက်ကောင်းကင်သို့ ပျံတက်သွားအောင် နှစ်သက်ခြင်း၊)

(၅) ဖရဏာပီတိ (လေဖြင့်ပြည့်သော စည်ပေါင်းကဲ့သို့ရင်း၊ တောင်ကျချောင်းရေ အလျင်သည် စီးဝင်သော တောင်ဝှမ်းကဲ့သို့ရင်း၊တကိုယ်လုံး ပြန့်နှံ့လျက် နှစ်သက်ခြင်း) အားဖြင့် ပီတိငါးပါး ပြားသည်။

ဥဗ္ဗေဂါပီတိ၌ ဝတ္ထု

'မဟာတိဿထေရ်'

ပုဏ္ဏဝလ္လိကကျောင်း၌ သီတင်းသုံးသော မဟာတိဿထေရ်သည် လပြည့်နေ့၌ ပုဏ္ဏဝလ္လိကကျောင်းရှိ စေတီယင်ပြင်သို့ သွား၍ လရောင် အလင်းကို မြင်၍ မဟာစေတီသို့ ရှေးရှု၍ ဤအချိန်အခါ၌ ပရိသတ်လေးပါးတို့သည် မဟာစေတီကို ရှိခိုးကြကုန်လိမ့်တကားဟု ကြံအောက်မေ့ကာ ပြကတော့အားဖြင့် ရှေးအခါက မဟာစေတီကို ပူးမြင်ဘူးသော အာဇာ၏အစွမ်းဖြင့် ဘုရားလျှင် အာရုံရှိသော ဥဗ္ဗေဂါပီတိကို ဖြစ်စေ၍ ကောင်းကင်သို့ ပျံတက်သွားပြီး မဟာစေတီယင်ပြင်တော်၌ သာလျှင် တည်၏။

အမျိုးသမီးတဦး

ဝတ္ထုတခုမှာ– "ဂိရိကဏ္ဍက" ကျောင်း၏ ဂေါစရဂါမ်ဖြစ်သော "ဝတ္တဂါလက"ရွာ၌ အမျိုးသမီးတဦးလည်း ဘုရားဂုဏ်လျှင် အာရုံရှိသော အားကြီးသော ဥဗ္ဗေဂါပီတိဖြင့် ကောင်းကင်သို့ ပျံတက်သွားဘူးပြီ။

ဝတ္ထုအကျယ်ကား

ထိုအမျိုးသမီး၏ အမိအဖတို့သည် ညနေချမ်း အချိန်အခါ၌ တရားနာရန် ကျောင်းသို့ သွားကုန်ကြသော်- သမီးဖြစ်သူကို ချစ်သမီး သင်သည်ကား ဂုဏ်

ဝန် အရင့်အမာနှင့် ဖြစ်၏၊ အချိန်မဲ့ အခါမဲ့၌ သွားလာခြင်းငှါ မသင့်ပြီ၊ ငါတို့သည် သင့်အား ပတ္တိဒါနပြု၍တရားနာပါကုန်အုံ့ဟု မှာထား၍ သွားကြကုန်၏။

ထိုအမျိုးသမီးလည်း တရားနာ သွားလိုသော်လည်း အမိအဖတို့၏ စကားကို ပယ်ရှားခြင်းငှါ မတတ်နိုင်သောကြောင့် အိမ်၌ကျန်ရစ်၍ အိမ်တံခါး၌ ရပ်လျက် လရောင်ဖြင့် ဂိရိကဏ္ဍကကျောင်းရှိ တောင်ထွဋ်၌ တည်သော စေတီယင်ပြင်ကို စူးစူးစိုက်စိုက် ကြည့်ရှုလေသော် စေတီတော်အား မီးပူဇော်ထားသည်ကိုရင်း၊ ပရိသတ်လေးပါးတို့သည် ပန်းနံ့သာစသည်တို့ဖြင့် စေတီတော်ကို ပူဇော်ပြီးလျှင် လက္ခဏာရစ် လှည့်လည်မှုကို ပြုကြသည်တို့ကိုရင်း မြင်၏၊သံဃာတော်များ၏ တရားတော်ကို အပေါင်း ရှုတ်ဖတ် ဟောကြားသံကိုလည်း ကြား၏။

ထိုခဏ၌ ထိုအမျိုးသမီး၏ စိတ်တွင် အကြင်သူတို့သည် ကျောင်းသို့သွား၍ စေတီတော်ကို ဖူးမျှော်ပူဇော်ရခြင်း လက္ခဏာရစ် လှည့်လည်ရခြင်း တရားတော်ကို နာကြားရခြင်းကို ရကြကုန်၏၊ ထိုသူတို့သည် ပုဉ်းရှိပေကုန်စွ ဩော်-ဟု-ကြည့်ညိုဆွတ်ဆွတ် နှလုံးညှတ်၍ ပုလဲပုံအစုနှင့် တူသော စေတီတော်ကို ကြည့်ရှု ဖူးမျှော်စဉ်ပင် ဥဗေဂါပီတိ ဖြစ်ပေါ်လာ၍ ထိုအမျိုးသမီးသည် ကောင်းကင်သို့ ပျံတက်သွားပြီးလျှင် အမိအဖတို့၏ ရှေးဦးပင် ကောင်းကင်မှ စေတီယင်ပြင်၌ ဆင်းသက်၍ စေတီတော်ကို ရှိခိုးပြီး တရားနာလျက် နေ၏။

ထိုနောက် မကြာမီ အချိန်တွင် အမိအဖတို့ ရောက်လာ၍—

မိဖ။ ။ချစ်သမီး သင်သည် အဘယ်လမ်းခရီးဖြင့် လာခဲ့သနည်း။

သမီး။ ။အို မိခင်ဖခင်တို့ ကျမ ကောင်းကင်ခရီးဖြင့် လာခဲ့ပါ၏။

မိဖ။ ။ချစ်သမီး ကောင်းကင်ခရီးဆိုတာ ဘုရားရဟန္တာတွေသာ သွားနိုင်ပါတယ်၊ သမီးဟာ ကောင်းကင်ခရီးဖြင့် ဘယ်နည်း လာခဲ့သလဲ?။

သမီး။ ။အို မိခင်ဖခင်တို့ ကျမသည် လရောင်ဖြင့် စေတီတော်ကို ရပ်ပြီး ဖူးမျှော်နေတုန်း ကျမအားဘုရားလျှင်အာရုံရှိတဲ့ ဓလွန်အားကြီး

တဲ့ ပိတိဖြစ်ပေါ်လာပါတယ်၊ အဲဒီ ပိတိအစွမ်းဖြင့် ကောင်းကင်သို့ ပျံတက်ပြီး ဣရိယာပထတို့ ပြောကြား၏။

လက္ခဏာ

ပိတိသည်–

"သမ္မိယာယန လက္ခဏာ"

နှစ်သက်ခြင်း သဘောလက္ခဏာ ရှိတယ်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်ထဲမှာ နှစ်သက်တတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် နှစ်သက်တတ်သူဟာ ဘယ်သူလဲ?။

ပိတိပါ ဘုရား။

အင်: ပိတိဘဲ နှစ်သက်တတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ နှစ်သက်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိပါ။

ဒါဖြင့် ငါနှစ်သက်တယ်ဆိုတာဟာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလဲသင်

ဒီ အာရုံကို နှစ်သက်တတ်တဲ့ ပိတိနာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ အာရုံကို နှစ်သက်တတ်တဲ့ ပီတိနာမ် တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာ စွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ အာရုံကို နှစ်သက်တတ်တဲ့ ပီတိနာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ အာရုံကို နှစ်သက်တတ်တဲ့ ပီတိနာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျ ဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊
ပီတိ ပြောင်းလဲဟော။

ဆန္ဒ။

အာရုံကို လိုချင်မှုသည် ဆန္ဒတည်း။

ဤဆန္ဒကို အာရုံကို ယူခြင်းဌာ စိတ်၏ အမိုက်မှောင်ဌာ ဥစ္စာထုပ်ကို ယူခြင်းငှါ ခိုးသူတို့၏ လက်ဖြန့်ခြင်း ဆန့်ခြင်းကဲ့သို့၊ ဝါ- ဥစ္စာထုပ်ကို ဖြန့်စမ်းသော လက်နှင့်တူ၏ဟု မှတ်ရမည်။

ဂင်းဆန္ဒသည် ထိုထိုအမှုကို ပြုလိုသည်၊ စကားပြောခြင်းငှါ အလိုရှိသည်၊ တရားဟောခြင်းငှါ အလိုရှိသည်၊ ငေ့လိုချင်သည်၊ ရှေ့လိုချင်သည်၊ တရားနာချင်သည်၊ ကောင်းမှုပြုချင်သည်၊ ကုသိုလ်လိုချင်သည် စသည်ဖြင့် ပြုလိုကာမျှတည်း။

ဂင်းဆန္ဒသည် ဒါနဝတ္ထုကို စွန့်ကြဲရာ၌လည်း— လေးသမားသည် ပစ်ခတ်အပ်သော မြှားကို ယူလိုသကဲ့သို့ စွန့်ကြဲအပ်သော ဒါနဝတ္ထုကို ပြန်ယူချင်ယောင် ငဲ့ကွက်ခြင်းမျိုး၌လည်း ဖြစ်တတ်၏။

လက္ခဏာ

ဆန္ဒသည်–

“ ”
ကတ္တုကာမတာ လက္ခဏာ

အာရုံပြုခြင်းငှါ အလိုရှိသည်၏ အဖြစ်လျှင် သဘောလက္ခဏာ ရှိတယ်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်ထဲမှာ ထိုထိုအမှုကို ပြုလိုတဲ့ ပုဂ္ဂိုလ်ကောင်၊ သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ထိုထိုအမှုကို ပြုလိုတဲ့ ပြုချင်သူဟာ ဘယ်သူလဲ?။

ဆန္ဒပါ ဘုရား။

အင်း ..ဆန္ဒဘဲပြုလိုတယ်၊ ပြုချင်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပြုလုပ်ချင်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါလိုချင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ထိုထိုအမှုကို ပြုလိုတဲ့ဆန္ဒ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲ လို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ ထိုထိုအမှုကို ပြုလိုတဲ့ဆန္ဒ နာမ်တရားကို ငါ့ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေ တာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ထိုထိုအမှုကို ပြုလိုတဲ့ဆန္ဒ နာမ်တရားကို ငါဘဲလို့ မာနစွဲဖြင့် စွဲနေ တာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ထိုထိုအမှုကို ပြုလိုတဲ့ဆန္ဒ နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊

ဆန္ဒ ပြောင်းလဲဟော။

သဒ္ဓါ။

ဘုရား, တရား, သံဃာ ပစ္စုပ္ပန်လောက တမလွန်လောက ကံ ကံ၏အကျိုး ကို ယုံကြည်ခြင်းသည် သဒ္ဓါတည်း။

ထင်ရှားစေအံ့

သုံးဆယ့်နှစ်ပါးသော ယောကျားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ် သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်တဲ့ ရူပကာယတော်။

အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတညာဏ် စသော နာမကာယတော်၊ ဤရူပကာယ နာမကာယ နှစ်ပါးနှင့် ပြည့်စုံတဲ့ ဘုံသုံးခွင်တွင် တုဘက်မမြင်သည့် ဘုရားရှင်—

(၁) သောတာပတ္တိမဂ်
(၂) သကဒါဂါမိမဂ်
(၃) အနာဂါမိမဂ်
(၄) အရဟတ္တမဂ်
(၅) သောတာပတ္တိဖိုလ်
(၆) သကဒါဂါမိဖိုလ်
(၇) အနာဂါမိဖိုလ်
(၈) အရဟတ္တဖိုလ်
(၉) နိဗ္ဗာန်
(၁၀) ပရိယတ္တိ

အားဖြင့် ဆယ်ပါးသော တရားတော်။

(၁) သောတာပတ္တိမဂ်ကို ရသော၊ ပုဂ္ဂိုလ်
(၂) သကဒါဂါမိမဂ်ကို ရသော ပုဂ္ဂိုလ်
(၃) အနာဂါမိမဂ်ကို ရသော ပုဂ္ဂိုလ်
(၄) အရဟတ္တမဂ်ကို ရသော ပုဂ္ဂိုလ်
(၅) သောတာပတ္တိဖိုလ်ကို ရသော ပုဂ္ဂိုလ်
(၆) သကဒါဂါမိဖိုလ်ကို ရသော ပုဂ္ဂိုလ်
(၇) အနာဂါမိဖိုလ်ကို ရသော ပုဂ္ဂိုလ်
(၈) အရဟတ္တဖိုလ်ကို ရသော ပုဂ္ဂိုလ်

အားဖြင့် ရှစ်ယောက်သော ပရမတ္ထသံဃာ။

ဤ ရတနာသုံးပါးသည် ရှိ၏။

ဤ ဘုရား, တရား, သံဃာ ရတနာသုံးပါးသည် မိမိကို ကိုးကွယ်ဆည်းကပ်ခြင်း၊ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပူဇော်ခြင်း ပြုသူတွေကို ပစ္စုပ္ပန်မှာ

ဖြစ်တဲ့ဘေး၊ တမလွန်မှာ ဖြစ်တဲ့ဘေး၊ အပါယ်ဘေး၊ ဝဋ်ဆင်းရဲဘေးတွေကို ပယ်ဖျောက်ပြီး ချမ်းသာသို့ ရောက်အောင် ဓမ္မာဘုရားရှောက် ကယ်မတော်မူ တတ်၏ဟု ယုံကြည်ခြင်း။

ဤ ပစ္စုပ္ပန်လောက ရှိသကဲ့သို့ တမလွန်လောကလည်း ရှိ၏ဟု ယုံကြည်ခြင်း,ကုသိုလ်ကံ အကုသိုလ်ကံရှိ၏၊ ထိုကုသိုလ်ကံ အကုသိုလ်ကံ၏ ကောင်းသော အကျိုး မကောင်းသောအကျိုး ရှိ၏ဟု ယုံကြည်ခြင်းတည်း။

သဒ္ဓါအပြား

သဒ္ဓါသည်—

(၁) အာဂမနီယသဒ္ဓါ၊ (ဘုရားအဖြစ်သို့ ရောက်ကြောင်း အကျင့်ဖြင့်လာသော သဒ္ဓါ၊ ၎င်းသဒ္ဓါတရားသည် သဗ္ဗညု ဘုရားအလောင်းတော်တို့အား ဖြစ်၏။)

(၂) အဓိဂမသဒ္ဓါ၊ (သစ္စာလေးပါးကို ထိုးထွင်း သိမြင်ခြင်းဖြင့်လာသော သဒ္ဓါ၊ ၎င်းသဒ္ဓါတရားသည် အရိယာပုဂ္ဂိုလ်တို့အား ဖြစ်၏။)

(၃) ပသာဒသဒ္ဓါ၊ (ဘုရား, တရား, သံဃာ၌ ကြည်ညိုသောသဒ္ဓါ။)

(၄) သြကပ္ပနသဒ္ဓါ (ယုံကြည်အပ်သော ဝတ္ထုသို့ သက်ဝင်၍ ကြံဆုံးဖြတ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော သဒ္ဓါ)

နောက် ၃–၄ သဒ္ဓါနှစ်ပါးက ပုထုဇဉ် သာမန်တို့၌ ဖြစ်သည်။

သဒ္ဓါဖြင့် ရိုက္ခာထုပ်

ဒေဝတာသံယုတ် ပါဌေယျသုတ်မှာ—

"ကိုံသု ဗန္ဓတိ ပါထေယ်ျ"

အဘယ်အရာဖြင့် သံသရာသမ်း ရိုက္ခာကို ထုပ်ဖွဲ့ပါသနည်းဟု မေးလျှောက်သည်ကို—

"သဒ္ဒါ ဗဟုတိ ပါထေယျံ"

သံသရာလမ်း ရိုက္ခာကို သဒ္ဒါတရားဖြင့် ထုပ်ဖွဲ့သည်ဟု ဘုရား ဖြေဆို ဟောကြားတော်မူခဲ့သည်။

(သဒ္ဒါသည် ကုသိုလ်တရားတို့ကို ယူတတ်သောကြောင့် လက်နှင့်လည်း တူသည်)

သဒ္ဒါမျိုးစေ့

ဗြာဟ္မဏသံယုတ် ကသိဘာရဒ္ဒါဇသုတ်မှာတော့—

"သဒ္ဒါဗီဇံ"

ဟု သဒ္ဒါတရားကို မျိုးစေ့အတူထားပြီး ဟောကြားတော်မူခဲ့သည်။

(သဒ္ဒါသည် အမြိုက်နိဗ္ဗာန်အသီးကို သီးစေတတ်သောကြောင့် မျိုးစေ့နှင့် တူသည်။)

သဒ္ဒါအဖေါ်

ဒေဝတာသံယုတ် ဒုတိယသုတ်မှာ—

"ကိံ သု ဒုတိယာ ပုရိသဿ ဟောတိ"

အာဒေယ်အရှုသည် သတ္တဝါများ၏ အဖေါ်သဟဲ ဖြစ်ပါသနည်းဟု မေးလျှောက်သည်ကို—

"သဒ္ဒါ ဒုတိယာ ပုရိသဿ ဟောတိ"

ရတနာသုံးတန် ကံ ကံ၏ အကျိုးကို ယုံကြည်မှု သဒ္ဒါတရားသည် သတ္တဝါများ၏ အဖေါ်သဟဲဖြစ်သည်ဟု ဘုရားဖြေဆို ဟောကြားတော်မူသည်။

သဒ္ဒါဥစ္စာမြတ်

ယက္ခသံယုတ် အာဠဝကသုတ်မှာ—

"ကိံ သုမဓိတ္တံ ပုရိသဿ သေဋ္ဌံ"

ဤလောကဌ် ယောကျား၏ မြတ်သော ဥစ္စာကား အဘယ်နည်းဟု အာဌဝကဘီလူး မေးလျှောက်သည်ကို—

"သဒ္ဓိဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ"

ဤလောကဌ် ယောကျား၏ မြတ်သော ဥစ္စာကား ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်မှု သဒ္ဓါတရားပင်တည်းဟု ဘုရားဖြေဆို ဟောကြား တော်မူသည်။

(သဒ္ဓါသည် ချမ်းသာခပ်သိမ်းကို ပြီးစေတတ်သောကြောင့် ဥစ္စာနှင့် တူသည်)

သဒ္ဓါဖြင့် သြဃကူး

ဂင်းသုတ်မှာပင်—

"ကထံသု တရတိ သြဃံ"

အဘယ်မည်သောတရားဖြင့် သံသရာတည်းဟူသော 'သြဃ' ရေအယဉ်ကို ကူးမြောက်နိုင်ပါသနည်းဟု အာဌဝကဘီလူး မေးလျှောက်သည်ကို—

"သဒ္ဓါယ တရတိ သြဃံ"

ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်မှု သဒ္ဓါတရားဖြင့် သံသရာ တည်းဟူသော သြဃရေအယဉ်ကို ကူးမြောက်နိုင်သည်ဟု ဘုရားဖြေဆို ဟော ကြားတော်မူသည်။

သဒ္ဓါဖြင့်လူ

ဒေဝတာသံယုတ် သာဓုသုတ်မှာ—

"သဒ္ဓါယ ပိသာဟု ဒါနံ"

ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်မှုဖြင့် အလှူပေးခြင်းကို ကောင်း၏ဟုဆိုရ၏။

"သဒ္ဓါ ဟိ ဒါနံ ဗဟုဓာ ပသတ္ထိ"

ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်မှုဖြင့် အလှူပေးခြင်းကို မျှားစွာ ချီးမွမ်းအပ်၏ဟုဂုဏ်း ဟောကြားတော်မူခဲ့၏။

သဒ္ဓါဖြင့် ရဟန်းပြု။

မာရသံယုတ် သမိဒ္ဓိသုတ်၌လည်း—

မာရ်နတ်လာ၍ ကြောက်မက်ဖွယ် မြေပြိုသကဲ့သို့ အသံကြီးပြုသည်ကို အသျှင်သမိဒ္ဓိသည် မာရ်နတ်ယုတ်အား—

သဒ္ဓါယာ ဟံ ပဗ္ဗဇိတော အဂါရသ္မာ အနဂါရိယံ၊ အို မာရ်နတ်ယုတ် ငါသည် လူတို့ဘောင်မှ ရဟန်းဘောင်သို့ သဒ္ဓါတရားဖြင့် ဝင်ရောက် ရဟန်းပြုလာခဲ့သည် စသည်ဖြင့် ပြောကြားလေသည်။

လက္ခဏာ

သဒ္ဓါသည်—

"သမ္မသာဒန လက္ခဏာ"

သမ္မယုတ်တရား:တို့ကို ကြည်လင်စေခြင်း သဘောလက္ခဏာရှိသည်။

ဥပမာဖြင့်ပြ

သဒ္ဓါ၏ စိတ်ကို ကြည်လင်စေပုံကို ဥပမာဖြင့် ထင်စွာပြရလျှင်—

စကြဝဠာတေးမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် အတူ ရှည်စွာသော ခရီးသို့သွားရာ နံညီးသော ရေရှိသော ရေအိုင်ကို ကူး၏၊ ထိုရေသည် ဆင် မြင်း ရထား ခြေသည်တို့ဖြင့် ချောက်ချားခနောက်ကျုသွား၏၊ ကူးပြီးခသော် **မင်း**သည် လူတို့ကို အချင်းတို့ သောက်ရေခပ်ခဲ့ကြ ငါရေသောက်ချင်၏ဟု **ပြော**ကြား၏၊ ထိုမင်းအား ရေနောက်မြှုနည်းကို ကြည်လင်စေတတ်တဲ့ ပတ္တမြား**ရ**တနာသည် ရှိ၏၊ လူတို့သည် မင်းခိုင်းစေချက်အရ ရေနောက်ကို ကြည်လင်**စေ**တတ်တဲ့ ပတ္တမြား**ရ**တနာကို ယူ၍ ရေ၌ ချကြကုန်၏၊ ချခါမျှခဏ၌ပင် အဲ**အ**တစ် ပြစ်ခ**ဲ**့သောညွန်မှော်ရည်၊ သွက်သောညွန်တို့ ပေါ်တ**ဲ**နစ်၍ ရေသည်

ကြည်လင်၏၊ လူတို့သည် မင်းအား မင်းမြတ် သောက်ရေကို သုံးဆောင်တော်မူပါဟု ရေကြည်တော်ကို ဆက်ကြကုန်၏။

ဥပမာန ဥပမေယျ နှီးနှောပြ

ရေကဲ့သို့ စိတ်ကို မှတ်ရမယ်၊ လူတွေကဲ့သို့ ယောဂီပုဂ္ဂိုလ်ကို မှတ်ရမယ်၊ ရှုံ့ညွှန်မှော် ရေညှိကဲ့သို့ ကိလေသာတို့ကို မှတ်ရမယ်၊ ရေနောက်ကို ကြည်စေတတ်တဲ့ ပတ္တမြားကဲ့သို့ သဒ္ဓါတရားကို မှတ်ရမယ်၊ ရေနောက်ကို ကြည်လင်စေတတ်တဲ့ ပတ္တမြားကို ရေ၌ ချခါမျှ၌ ရှုံ့ညွှန်မှော် ရေညှိတွေ ဆုတ်နစ်၍ ရေသည် ကြည်လင်သကဲ့သို့ ထို့အတူ သဒ္ဓါတရား ဖြစ်သည်ရှိသော် နိဝရဏတရားတို့ကို ခွါ၏၊ ကိလေသာတို့ကို ဆုတ်နစ်စေ၏၊ စိတ်ကို ကြည်လင်စေ၏၊ ကြည်လင်သောစိတ်ဖြင့် ယောဂီပုဂ္ဂိုလ်သည်—

(၁) အလူပေး၏၊
(၂) သီလဆောက်တည်၏၊
(၃) ဥပုသ်စောင့်၏၊
(၄) ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်၏၊

ဤသို့လျှင် သဒ္ဓါသည် သမ္မသာဒန လက္ခဏာ ရှိ၏။

တနည်း

သဒ္ဓါသည်—

"ပက္ခန္ဒန လက္ခဏာ"

နောက်သို့ မဆုတ် စုပ်စုပ်နစ်လျက် သက်ဝင်စေခြင်း သဘောလက္ခဏာ ရှိသည်။

ဥပမာဖြင့်ပြ

သဒ္ဓါ၏ ပက္ခန္ဒနလက္ခဏာရှိပုံကို ဥပမာဖြင့် ထင်စွာပြရလျှင်—မိကျောင်း, မကာရ်း, ရက္ခိုသ်ဘီလူး စသည်တွေရှိတဲ့ ကမ်းလုံးပြည့် မြစ်ကြီးသို့ရောက်၍

ကြောက်တတ်သော လူအပေါင်းတို့သည် နှစ်ဖက်သောကမ်းတို့၌ တည်ကုန်၏၊ ထိုအခါ ရဲစွမ်းသတ္တိရှိသော စစ်ဗိုလ်ကြီးတယောက် ရောက်လာ၍ မေးမြန်းရာ ဘေးရန်ရှိ၍ မကူးဝံ့ကြောင်း သိရလျှင် သန်လျက်ကို ကိုင်ကာ ငါ၏နောက်မှ လိုက်ခဲ့ကြဟု ပြောကြား၍ မြစ်ကိုကူးရာ လာတိုင်း လာတိုင်းသော မိကျောင်း စသည်တို့ကို သန်လျက်ဖြင့် ပယ်ရှားတားမြစ်၍ ဒီဖက်ကမ်းမှ လူတို့ကို ဟိုဖက်ကမ်းသို့ ဟိုဖက်ကမ်းမှ လူတို့ကို ဒီဖက်ကမ်းသို့ ချမ်းသာစွာ ပို့ဆောင်သကဲ့သို့ ထို့အတူ—

(၁) အလှူပေးသောသူအား

(၂) ငါးပါးသီလ ဆောက်တည်သောသူအား

(၃) ရဏာ ဥပုသ်စောင့်သောသူအား

(၄) ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သူအား
သဒ္ဓါတရားလျှင် ရှေသွားရှိ၏။

ဤ၌ သဒ္ဓါသည် စစ်ဗိုလ်ကြီးနှင့် တူ၏။

အလှူ ပေးခြင်း, ငါးပါးသီလ ဆောက်တည်ခြင်း, ဥပုသ် စောင့်ခြင်း, ကမ္မဋ္ဌာန်း အားထုတ်ခြင်း အမှုတို့၌ မသက်ဝင် ဆုတ်နစ်သော စိတ်ကို မဆုတ်မနစ် သက်ဝင်စေသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး ၊ ဘုရား။

ခန္ဓာကိုယ်ထဲမှာ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်သူ ဟာ ဘယ်သူလဲ?။

သဒ္ဓါပါ ဘုရား။

အင်း....သဒ္ဓါတရားဘဲ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ယုံကြည်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါယုံကြည်တယ်၊ ငါကြည်ညိုတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါနာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲ ထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစွဲသင့်

ဒီ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်တတ်တဲ့ သဒ္ဓါနာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်တတ်တဲ့ သဒ္ဓါနာမ်တရားကို ငါဘဲ ငါ့ကိုယ် ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

*အကြင်း ရှေးနည်းတူ၊

သဒ္ဓါ ပြောင်းလဲဟော။

သတိ။

ပြုပြီးကောင်းမှု အစုစုကို မမေ့မလျော့ အောက်မေ့ခြင်း အမှတ်ရနေခြင်းသည် သတိတည်း၊ ပြုပြီးအကုသိုလ်ကို အောက်မေ့ အမှတ်ရခြင်းသည် မိစ္ဆာသတိ အကုသိုလ်စိတ္တုပ္ပါဒ်သာတည်း၊ ဤ၌ မလိုအပ်၊ ဤသတိမှာ ကုသိုလ်အရာမှာသာ ဖြစ်သည်၊ အကုသိုလ်အရာ၌ မဖြစ်။

ဤသတိကိုပင်—

ယက္ခသံယုတ် မဏိဘဒ္ဒသုတ်၌—

"သတိမတော သဒါ ဘဒ္ဒံ"

သတိရှိသူအား အခါခပ်သိမ်း ကောင်းမြတ်၏။

"သတိမာ သုခ မေဓတိ"

သတိရှိသူသည် ချမ်းသာကို ရ၏။

"သတိမတော သုဝေသေယျော"

သတိရှိသူအား အမြဲလျှင်မြတ်၏ဟု ဟောမိန့်၏။

လက္ခဏာ

သတိသည်—

"အပိလာပနလက္ခဏာ"

ဗူးတောင်းသည် ရေ၌ ပေါလောပေါကာ မျှောသွားသကဲ့သို့ အာရုံကို **မျှောသွားစိမ့်သောဌာ**၊ **မပေးမူဘဲ** ကျောက်ဖျာကဲ့သို့ **မလုပ်မရှား** **အာရုံကို ထားခြင်း** သဘောလက္ခဏာ ရှိသည်။

မေ့လျော့သော **အာရုံ**သည် **ဗူးတောင်း** **ရေ၌ပေါကာ** **မျှောသွား**သည်နှင့် **တူ၏**၊ **မမေ့မလျော့သော** **အာရုံ**သည် **ကျောက်ဖျာ**ကဲ့သို့ **မလုပ်မရှား** **တည်**သည်နှင့် **တူ၏**။

ဥပမာဖြင့်ပြ

သတိ၏ အပိလာပနလက္ခဏာ ရှိပုံကို ဤဥပမာဖြင့် သိရမည်။

စကြဝဠတောမင်း၏ ဘဏ္ဍာစိုးသည်စကြဝဠတောမင်းကြီးကို ညနံနက် စည်းစိမ်ကို အောက်မေ့စေ၏၊ အမှတ်ရစေ၏၊ အရှင်မင်းကြီး ဆင်အစီးကား ဤ၍ ဤမျှရှိ၏၊ မြင်းအစီးကား ဤ၍ ဤမျှရှိ၏၊ ရထားအစီးကား ဤ၍ ဤမျှရှိ၏၊ ခြေသည်သူရဲကား ဤ၍ ဤမျှရှိ၏၊ ရွှေ ငွေ ရတနာတို့ကား ဤ၍ ဤမျှရှိကုန်၏၊ ဤအလုံးစုံသော စည်းစိမ်ဥစ္စာကို အရှင်မင်းကြီးသည် အောက်မေ့ အမှတ်ရတော်မူပါဟု အောက်မေ့စေသကဲ့သို့ ထိုအတူ သတိသည် ကုသိုလ်တရားတွေကို မျှော၍ မသွားအောင်ပြု၍ မမေ့မလျော့သည်ကို ပြု၏၊ ကောင်းစွာ အောက်မေ့ အမှတ်ရစေ၏။

အောက်မေ့စေပုံ

ဤသည်တို့ကား—

(၁) သတိပဋ္ဌာန် လေးပါးတို့တည်း၊

(၂) သမ္မပ္ပဓာန် လေးပါးတို့တည်း၊

(၃) ဣဒ္ဓိပါဒ် လေးပါးတို့တည်း၊

(၄) ဈာန်နှင့် ငါးပါးတို့တည်း၊

(၅) ဗိုလ် ငါးပါးတို့တည်း၊

(၆) ဗောဇ္ဈင် ခုနစ်ပါးတို့တည်း၊

(၇) မဂ္ဂင် ရှစ်ပါးတို့တည်း၊

ဤသည်ကား—

(၁) သမထတည်း၊

(၂) ဝိပဿနာတည်း၊

(၃) ဝိဇ္ဇာတည်း၊
(၄) ဝိမုတ္တိတည်း၊

ဤသည်တို့ကား— လောကုတ္တရာတရားတို့တည်းဟု ကုသိုလ်တရားတွေကို မျှော၍ မသွားရအောင်ပြု၍ မမေ့မလျော့ ကောင်းစွာ အောက်မေ့ အမှတ်ရ စေသည်။

တနည်း

သတိသည်—

"ဥပဂ္ဂဏှနလက္ခဏာ"

အကျိုးစီးပွားမဲ့ကို ဆောင်တတ်တဲ့ ဒုစရိုက်တရားတွေကို ပယ်ရှား၍ **အ**ကျိုးစီးပွားကို ဆောင်တတ်တဲ့ သုစရိုက်တရားတွေကို ခိုပင့်ခြင်း သဘော လက္ခဏာရှိသည်။

ဥပမာဖြင့်ပြ

သတိ၏ "ဥပဂ္ဂဏှနလက္ခဏာ"ရှိပုံကို ဤဥပမာဖြင့် သိရမည်၊ စကြဝဠတေး**မင်း၏** သားကြီးရတနာသည် ဖခင်မင်းကြီး၏ အကျိုးစီးပွားကို ပြုသောသူတို့ကိုရင်း အကျိုးစီးပွားမဲ့ကို ပြုသောသူတို့ကိုရင်း သိ၍ အကျိုးစီးပွားမဲ့ကို ပြုသောသူတို့ကို ပယ်ရှား၍ အကျိုးစီးပွားကို ပြုသောသူတို့ကို မြှောက်စား ချီးမြှင့်သကဲ့သို့ ထို့အတူသာလျှင်—

သတိသည် ဤဒုစရိုက် (၁၀)ပါး အယုတ်တရားတို့သည် ပစ္စုပ္ပန် တမလွန် **အ**ကျိုးစီးပွားမဲ့ကို ပြုတတ်ကုန်၏၊ ဤသုစရိုက် (၁၀)ပါး အကျင့်တရားတို့သည် ပစ္စုပ္ပန် တမလွန် အကျိုးစီးပွားကို ပြုတတ်ကုန်၏ဟု ဗဟုသုတ**ကြွယ်**ခင်း **အ**ကျိုး**အာ**ဂုဏ် ဖြင့် ပြီးခြင်းကို ကောင်းစွာရှာ၍ အကျိုးပြီး ားမဲ့ကို ပြုတတ်ကုန်သော ဒုစရိုက် (၁၀)ဆယ်ပါး အယုတ်တရားတို့ကို ပယ်ရှား၏၊ အကျိုးပြီးပွားကို ပြုတတ်ကုန်သော သုစရိုက် (၁၀) ဆယ်ပါး အကျင့်တရားတို့ကို ရှေ့ တိုးတက်ပွားများ ''းပင်၏၊ ဤသို့လျှင် သတိသည် "ဥပဂ္ဂဏှနလက္ခဏာ" ရှိသည်။

သတိတံခါးတိုင်

ဤသတိသည် အာရုံ၌ မြဲမြံစွာ တည်သည်၏ အဖြစ်ကြောင့် မြဲမြံစွာ စိုက်ထားအပ်သော တံခါးတိုင်ကြီးနှင့်လည်း တူ၏။

သတိတံခါးစောင့်

ဤသတိသည် စက္ခုဒ္ဒါရ အစရှိသော ဒ္ဒါရခြောက်ပါးကို စောင့်ရှောက်တတ်သည်၏ အဖြစ်ကြောင့် တံခါးစောင့်နှင့်လည်း တူ၏။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး+ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ အမှတ်ရ အောက်မေ့တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် အမှတ်ရ အောက်မေ့ မမေ့မလျော့သူဟာ ဘယ်သူပါလဲ?။

သတိပါ ဘုရား။

အင်း....သတိဘဲ အမှတ်ရ အောက်မေ့ မမေ့မလျော့ပြုတယ်၊ ခန္ဓာကိုယ် အတွင်းမှာ အမှတ်ရ အောက်မေ့ မမေ့မလျော့ပြုတဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါအမှတ်ရတယ်၊ ငါ အောက်မေ့တယ်၊ ငါ မမေ့ဘူးဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ အမှတ်ရ အောက်မေ့ မမေ့တဲ့သတိ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အထင်ထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီအမှတ်ရ အောက်မေ့ မမေ့တဲ့ သတိနာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တကျာ စဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီအမှတ်ရ အောက်မေ့ မမေ့တဲ့ သတိ နာမ်တရားကို ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီအမှတ်ရ အောက်မေ့ မမေ့တဲ့ သတိနာမ် တရားကို ငါပိုင် ငါစုံ ငါ့အလို ကျဖြစ်တဲ့, ဒီတွေဘဲလို့ ဒိဋ္ဌစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

*အကြင်း ရှေးနည်းတူ၊
သတိ ပြောင်းလဲဟော။

လောကပါလတရား (၂) ပါး။

"ဟိရီ"

(၁) ဒုစရိုက် (၁၀) ပါး အယုတ်တရားတို့ကို ပြုရမှာ စက်ဆုပ်ခြင်း ရှက်ခြင်းသည် ဟိရီတည်း။

"သြတ္တပ္ပ"

(၂) ဒုစရိုက် (၁၀)ဆယ်ပါး အယုတ်တရားတို့ကို ပြုရမှာ ကြောက် လန့်ခြင်းသည် သြတ္တပ္ပတည်း။

"ဖြူစင်"

ဒီ ဟိရီ သြတ္တပ္ပ တရားနှစ်ပါးဟာ ဖြူစင်ကောင်းမြတ် ချမ်းသာတဲ့အကျိုး ကို ပေးတတ်လို့ "သုက္ကဓမ္မ"လို့လဲ ဆိုတယ်။

ဒါကြောင့်—

"ဒွေ မေ ဘိက္ခဝေ ဓမ္မာ သုက္ကာ၊ ကတမေ ဒွေ၊ ဟိရီ စ သြတ္တပ္ပဉ္စ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ ဓမ္မာ သုက္ကာ"ဟု ဟောကြားတော်မူသည်။

လူတွေ့ကို စောင့်ရှောက်

ဒီ (၁) ဟိရီ၊

(၂) သြတ္တပ္ပ

တရားနှစ်ပါးဟာ လောက လူတွေ့ကို ကောင်းစွာတည်စေ မရောမယှက်နေ အောင် ဤသူကား မေ့မိခင်တည်း၊ ဤသူကား မေ့မိခင်၏အမ ညီမတည်း၊ ဤသူကား ဦးရီးမယား(အရီး)တည်း၊ ဤသူကား ဆရာ့မယားတည်း၊ ဤသူ တို့ကား အလေးအမြတ် ပြုအပ်သော သူတို့၏ မယားတို့တည်း ဟု အရိုအသေ ပြုခြင်း၏အစွမ်းဖြင့် အပိုင်းအခြား ထင်အောင် စောင့်ရှောက် တတ်သော ကြောင့် လောကပါလ တရား နှစ်ပါးဟု ဆိုသည်။

ဟိရီသြတ္တပ္ပ မရှိလျှင် ရောယှက်

ဒီ ဟိရီ သြတ္တပ္ပ တရားနှစ်ပါး မရှိပါလျှင် မစောင့်ရှောက်ပါလျှင် လူတွေ့ ဟာ ခွေး နွား ကြက် ဌက် အစရှိတဲ့ တိရစ္ဆာန်တွေလို မေ့မိခင်ဘဲ အဒေ့်ဘဲ အဒေါ်ဘဲ အရီးဘဲ စသည် ပိုင်းခြား မှတ်သားခြင်း မရှိ သံဝါသဖြင့် ရောယှက်မှု ဖြစ်ကြရာ၏၊ အရိုအသေပြုခြင်း မရှိ၊ ဖောက်ပြန်မှားယွင်း ပြုကျင့် ခြင်း ဖြစ်ကြရာ၏။

ဒါကြောင့် ဘုရားရှင်လဲ—

"ဒွေ မေ ဘိက္ခဝေ ဓမ္မာ သုက္ကာ လောကံ ပါလေန္တိ၊ ကတမေ ဒွေ၊ ဟိရီ စ သြတ္တပ္ပဉ္စ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ သုက္ကာ ဓမ္မာ လောကံ နပါလေယျုံ၊ နယိဓ ပညာယေထ'မာတာ' တိ၀ါ'မာတုစ္ဆာ' တိ၀ါ'မာတုလာနီ' တိ ၀ါ 'အာစရိယဘရိယာ' တိ၀ါ 'ဂရုနံ ဒါရာ' တိ၀ါ၊ သမ္ဘေဒံ လောကော အဂမိဿ၊ ယထာ အဇေဠကာ ကုက္ကုဋ္ဌ သုကရာ သောဏာ သိဂ်ါလာ" စသည်ဖြင့် ဟောကြားတော်မူသည်။

ဤဟိရီနှင့် သြတ္တပ္ပ တရားနှစ်ပါးကို ဒေဝဓမ္မ–'ဒေဝဓမ်'နတ်တရား ဟူ၍လည်း ခေါ်ဆိုကြသည်။

ဟိရီနှင့် သြတ္တပ္ပ အထူး

ဟိရီသည်	သြတ္တပ္ပသည်
(၁) အဇ္ဈတ္တသမုဋ္ဌာန်၊	(၁) ဗဟိဒ္ဓသမုဋ္ဌာန်၊
(၂) အတ္တာဓိပတိ၊	(၂) လောကာဓိပတိ၊
(၃) လဇ္ဇာသဘာဝသဏ္ဌိတာ၊	(၃) ဘယသဘာဝသဏ္ဌိတာ၊
(၄) သပ္ပဋိဿဝလက္ခဏာ၊	(၄) ဝဇ္ဇဘီရုကဘယဒဿာဝိလက္ခဏာ၊

ဤသို့လျှင် ဟိရီနှင့် သြတ္တပ္ပတို့သည် သမုဋ္ဌာန်အားဖြင့်ရင်း, အဓိပတိ အားဖြင့်ရင်း, သဘောအားဖြင့်ရင်း, လက္ခဏာအားဖြင့်ရင်း ထူးခြားလေ သည်။

သမုဋ္ဌာန်ကားပုံ

ဟိရီသည်–

(၁) ဇာတ်၊

(၂) အရွယ်၊

(၃) ဂုဏ်ခြင်း၊

(၄) အကြား အမြင် များခြင်းတို့ကို ဆင်ခြင်၍ အကြောင်းလေးပါးဖြင့် ဖြစ်သည်။

ဟိရီဖြစ်ပုံ

(၁) **ဤသူ့အသက်ကို သတ်ခြင်းအစရှိတဲ့ မကောင်းကိုပြုခြင်းမည်သည့် အမျိုးဇာတ်နှင့် ပြည့်စုံသူ အမျိုးကောင်းသား သမီးတို့ ပြုသင့်သော အမှုမဟုတ် ယုတ်ညံ့တဲ့ အမျိုးဇာတ်ရှိတဲ့ မုဆိုးတံငါ စသောသူတို့ ပြုလုပ်တဲ့ အပြုပါ ဖြစ်သည်။**

ငါသည် အမျိုးဇာတ်နှင့်ပြည့်စုံတဲ့ အမျိုးကောင်းသားသမီးဖြစ်ပါလျက်—

(၁) သူ့အသက် သတ်ခြင်း၊

(၂) သူ့မယားကို မှားယွင်းခြင်း၊

(၃) သူ့ဥစ္စာ ခိုးခြင်း၊

(၄) မုသား ပြောခြင်း၊

(၅) အရက်သောက်ခြင်း အမှုကို ပြုခြင်းသည့် မသင့်လျော်မတော်ပါကလား ဟု မိမိ၏ အမျိုးဇာတ်ကို ဆင်ခြင်၍ သူ့အသက် သတ်ခြင်းစသည်ကို မပြုသည်ဖြစ်၍ 'ဟိရီ'သည် ဖြစ်၏။

(၂) ဤသူ့အသက်ကို သတ်ခြင်းအစရှိတဲ့ မကောင်းမှုကို ပြုခြင်းမည်သည့် မိုက်မဲတဲ့အရွယ် လူငယ်တို့ ပြုလုပ်တဲ့ အမှုမျိုးဖြစ်သည်၊ ငါသည် အသက်အရွယ်ကြီးရင့်သူ ဖြစ်သည်၊ သူ့အသက် သတ်ခြင်းစသော အမှုကို ပြုလုပ်လို့ မသင့်လျော်ပါကလားဟု မိမိ၏ အသက်အရွယ်ကို ဆင်ခြင်၍ သူ့အသက် သတ်ခြင်းစသော အမှုကို မပြုသည်ဖြစ်၍ 'ဟိရီ'သည် ဖြစ်၏။

(၃) ဤသူ့အသက်ကို သတ်ခြင်းအစရှိတဲ့ မကောင်းမှုကို ပြုခြင်းမည်သည် သူရဲဘောနည်းသူတွေ ပြုလုပ်တဲ့ အမှုမျိုးဖြစ်သည်၊ ငါသည် ရဲစွမ်းသတ္တိဝီရိယရှိသူ ဖြစ်သည်၊ သူ့အသက်သတ်ခြင်း စသော အမှုကို ပြုလုပ်လို့ မသင့်လျော်ပါကလား ဟု မိမိ၏ ရဲရင့်ခြင်းကို ဆင်ခြင်၍ သူ့အသက် သတ်ခြင်းစသော အမှုကို မပြုသည်ဖြစ်၍ 'ဟိရီ' သည် ဖြစ်၏။

(၄) ဤသူ့အသက်ကို သတ်ခြင်းအစရှိတဲ့ မကောင်းမှုကို ပြုခြင်းမည်သည် ပညာမတတ်တဲ့ လူမိုက်တွေ ပြုလုပ်တဲ့ အမှုမျိုးဖြစ်သည်၊ ငါသည် ပညာတတ် လူရည်ချွန် တဦးဖြစ်သည်၊ သူ့အသက် သတ်ခြင်း စသော အမှုကို ပြုလုပ်လို့ မသင့်လျော်ပါကလားဟု မိမိ၏အကြားအမြင်မျှားခြင်းကို ဆင်ခြင်၍ သူ့အသက် သတ်ခြင်းစသောအမှုကို မပြုသည်ဖြစ်၍ 'ဟိရီ'သည် ဖြစ်၏။

ဤသို့လျှင် ဟိရီသည် အဇ္ဈတ္တသမုဋ္ဌာန် ရှိ၏ အကြောင်း လေးပါးဖြင့် ဖြစ်၏။

သြတ္တပ္ပဖြစ်ပုံ

သြတ္တပ္ပသည်–

သင်သည် သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုကို အကယ်၍ပြုအုံ၊ ပရိသတ် လေးပါးအလယ်၌ ကဲ့ရဲ့ဘွယ်ဖြစ်လတ္တံ့၊ သင့်ကိုပညာရှိတွေ့ ကဲ့ရဲ့ကုန်လတ္တံ့၊ မြို့ကြီးသူတို့သည် မစင်ကိုရှောင်ကြဉ်သကဲ့သို့ သီလရှိသူတွေ့ သင့်ကို ရှောင်ကြဉ်ကြလတ္တံ့၊ ရဟန်း ဘာကြောင့် မကောင်းမှုကို သင်ပြုချင်သနည်း၊ ဤကဲ့သို့ ဆင်ခြင်၍ ဗဟိဒ္ဓဝတ္ထုဟု ဖြစ်သော ကြောက်လန့်ခြင်းဖြင့် သူ့အသက် သတ်ခြင်းစသော မကောင်းမှုကို မပြုသည် ဖြစ်၍ သြတ္တပ္ပသည် ဖြစ်၏။

ဤသို့လျှင် သြတ္တပ္ပသည် ဗဟိဒ္ဓသမုဋ္ဌာန်ရှိသည်။

အဓိပတိတူးပုံ

ဟိရီ

ဤလူပြည်၌ အချို့သော အမျိုးကောင်းသားသည် မိမိ့ကိုယ်ကို အကြီးအမှူးပြု၍ သဒ္ဓါတရားဖြင့် ရဟန်းပြု၍ အကြားအမြင် ဓုတင်ကိုဆောင်ထားတဲ့ ငါကဲ့သို့သောသူအား မကောင်းမှု ပြုခြင်းငှါ မသင့်ဟု နှုတ်ပြု၍ မကောင်းမှုကို မပြု။

ဤသို့လျှင် ဟိရီသည် "အတ္တာအဓိပတိ မိမိလျှင် အကြီးအမှူးရှိသည်။

ဘုရားရှင်လည်း–

သော အတ္တာနံယေဝ အဓိပတိံ ဇေဋ္ဌကံ ကရိတ္မာ အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ၊ သာဝဇ္ဇံ ပဇဟတိ၊ အနဝဇ္ဇံ ဘာဝေတိ၊ သုဒ္ဓမတ္တာနံ ပရိဟရတိ။

ထို အမျိုးကောင်းသားသည် မိမိကိုယ်ကိုသာလျှင် အကြီးမှူးပြု၍ အကုသိုလ်ကို ပယ်၏၊ ကုသိုလ်ကို ပွားစေ၏၊ အပြစ်ရှိသော တရားကိုပယ်၏၊ အပြစ်ကင်း

သော တရားကို ပွားစေ၏၊ စင်ကြယ်သော ကိုယ်ကို ဆောင်၏ဟု ဟောတော်မူသည်။

သြတ္တပ

ဤလူ့ပြည်၌ အချို့သော အမျိုးကောင်းသားသည် လောကကို အကြီးအမှူးပြု၍ မကောင်းမှုကို မပြု။

ဘုရားရှင်လည်း–

ဤ စကြဝဠာသည် ကျယ်ဝန်း၏၊ ဤစကြဝဠာ၌ တန်ခိုးကြီးတဲ့ ဒိဗ္ဗစက္ခုနှင့် ပြည့်စုံတဲ့ သူတပါးစိတ်ကို သိတတ်တဲ့ ရဟန်း, ရဟန္တာတို့ ရှိကုန်၏၊ ထိုရဟန်း, ရဟန္တာတို့သည် အဝေးမှလည်း မြင်ကုန်၏၊ အနီးဌ၌ရှိသော်လည်း မထင်မြင်ကြကုန်၊ သူတပါးစိတ်အကြံကိုလည်း သိကုန်၏၊ ထို ရဟန်း, ရဟန္တာတို့သည် ငါ့ကို ဤကဲ့သို့ သိကြကုန်လတ္တံ့။

အချင်းတို့.... ဤမည်သော အမျိုးကောင်းသားကို ရှုကြကုန်လော့၊ သဒ္ဓါတရားဖြင့် ရဟန်းပြုလာသည် ဖြစ်ပါလျက် ယုတ်မာတဲ့ အကုသိုလ်မှုတွေနှင့် ရောပြွမ်းပြီးနေတယ်ဟု သိကြကုန်လတ္တံ့။

ဤ စကြဝဠာ၌ တန်ခိုးကြီးတဲ့ ဒိဗ္ဗစက္ခုနှင့် ပြည့်စုံတဲ့ သူတပါးစိတ်ကို သိတတ်တဲ့ နတ်ဗြဟ္မာတို့သည် ရှိကုန်၏၊ ထို နတ်ဗြဟ္မာတို့သည် အဝေးမှလည်း မြင်ကြကုန်၏၊ အနီးဌ၌ တည်ရှိသော်လည်း မထင်မြင်ကြကုန်၊ သူတပါးစိတ်အကြံကိုလည်း သိကုန်၏၊ ထို နတ်ဗြဟ္မာတို့သည် ငါ့ကို ဤကဲ့သို့ သိကြကုန်လတ္တံ့။

အချင်းတို့.... ဤ မည်သော အမျိုးကောင်းသားကို ရှုကြကုန်လော့၊ သဒ္ဓါတရားဖြင့် ရဟန်းပြုလာသည် ဖြစ်ပါလျက် ယုတ်မာတဲ့ အကုသိုလ်မှုတွေနှင့် ရောပြွမ်းပြီးနေတယ်ဟု သိကြကုန်လတ္တံ့။

ထို အမျိုးကောင်းသားသည် လောကကိုသာလျင် အကြီးအမှူး ပြု၍ အကုသိုလ်ကို ပယ်၏၊ ကုသိုလ်ကို ပွားစေ၏၊ အပြစ်ရှိသော တရားကိုပယ်၏၊

အပြစ်ကင်းသော တရားကို ပွားစေ၏၊ စင်ကြယ်သော ကိုယ်ကို ဆောင်၏ဟု ဟောတော်မူသည်။

ဤသို့လျှင် သြတ္တပ္ပသည် 'လောကာဓိပတိ' လောကလျှင် အကြီးအမှူး ရှိသည်။

သဘောထူးပုံ

ဟိရီ

ဟိရီသည် အကုသိုလ်ကို စက်ဆုပ်သော သဘောဖြင့်၊ ဝါ- အကုသိုလ် ပြုရမှာ ရှက်သောသဘောဖြင့် ကောင်းစွာ တည်၏။

သြတ္တပ္ပ

သြတ္တပ္ပသည် အပါယ်ဘေးကို ကြောက်လန့်သော သဘောဖြင့် ကောင်းစွာ တည်၏။

ဟိရီ-သြတ္တပ္ပ ၂-ပါးလုံးပင် မကောင်းမှုကို မပြု၊ ရှောင်ကြဉ်ခြင်း၌ ထင်ရှားလှ၏။

ဥပမာဖြင့် မြ

ဥပမာအားဖြင့် ထင်ရှားအောင်ပြရလျှင် အမျိုးကောင်း သားသမီးသည် ကျင်ကြီးကျင်ငယ် စသည်ကို ပြုသည်ရှိသော် ရှက်ဖွယ်ရာ တဦးသောသူကို မြင်၍ ရှက်ခြင်းဖြစ်ရာသကဲ့သို့ ထိုအတူ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ရှက်ခြင်း သဘောသို့ သက်၍ မကောင်းမှုကို မပြု၊ အကျိုးသောသူသည် အပါယ်ဘေးမှ ကြောက်လန့်သည်ဖြစ်၍ မကောင်းမှုကို မပြု။

ဥပမာ တနည်း

ဥပမာ တမျိုးဖြင့် ပြရပြန်လျှင် သံခဲနှစ်ခုရှိရာ တခုသော သံခဲသည် အေး၏၊ မစုဉ်လှုံးနေ၏၊ တခုသော သံခဲသည် မီးကျီးစွဲ ရဲရဲပူ၏၊ ယိုနှစ်ခုသော သံခဲ

တို့တွင် ပညာရှိပုဂ္ဂိုလ်သည် အေးသောသံခဲကို မစင်လူးနေ၍ စက်ဆုပ်သော ကြောင့် မကိုင်၊ ပူသော သံခဲကို ပူမှောက်သောကြောင့် မကိုင်။

ပမာပမည်း နှိုးနှော

အေးသောသံခဲကို မစင်လူးနေ၍ စက်ဆုပ်သောကြောင့် မကိုင်ခြင်းကဲ့သို့ ကိုယ်တွင်းသန္တာန်၌ ဖြစ်သော ရှက်ခြင်းသဘောသို့ သက်၍ မကောင်းမှုကို မပြုခြင်းကို မှတ်ရမည်။

ပူသော သံခဲကို ပူလောင်မည်ကို ကြောက်သောကြောင့် မကိုင်ခြင်းကဲ့သို့ အပါယ်ဘေးမှ ကြောက်လန့်သောကြောင့် မကောင်းမှုကို မပြုခြင်းကို မှတ်ရမည်။

လက္ခဏာထူးပုံ

"ဟိရိ"

အချို့သောသူသည်–

(၁) ဇာတိ မဟတ္တ ပစ္စဝေက္ခဏာ (အမျိုးဇာတ်၏ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။)

(၂) သတ္ထုမဟတ္တ ပစ္စဝေက္ခဏာ (ဆရာဘုရား၏ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။)

(၃) ဒါယဇ္ဇ မဟတ္တ ပစ္စဝေက္ခဏာ (အမွေဥစ္စာဖြစ်သော ကိုးပါးသော လောကုတ္တရာတရား၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း။)

(၄) သဗြဟ္မစာရိ မဟတ္တ ပစ္စဝေက္ခဏာ (သီတင်းသုံးဘော်တို့၏ မြတ်သည် ၏ အဖြစ်ကို ဆင်ခြင်ခြင်း။)

ဤလေးပါးသော အကြောင်းဖြင့် 'သပ္ပဋိဿဝ လက္ခဏာ'ရှိသော ဟိရိကို ဖြစ်စေ၍ မကောင်းမှုကို မပြု။

'သြတ္တပ'

အခ္ခါသောသူသည်–

(၁) အတ္တာနုဝါဒ ဘယံ (မိမိကိုယ်ကို မိမိ စုပ်စဲ့ခြင်းဟူသော ဘေး)

(၂) ပရာနုဝါဒ ဘယံ (မိမိကို သူတပါးတို့ စုပ်စဲ့ခြင်း ဟူသော ဘေး)

(၃) ဒဏ္ဍ ဘယံ (မင်းဒဏ် စိုးဒဏ်ဟူသော ဘေး)

(၄) ဒုဂ္ဂတိ ဘယံ (အပါယ် ဘေး)

ဤ လေးပါးသော အကြောင်းတို့ဖြင့် 'ဝဇ္ဇဘီရုက ဘယဒဿာဝီ လက္ခဏာ' ရှိသော သြတ္တပ္ပကို ဖြစ်စေ၍ မကောင်းမှုကို ပြု။

လူပြောမျှား

ဒီ ဟိရီ သြတ္တပ္ပနှင့် စပ်တဲ့စကားကို အခ္ခါလူတွေ ပြောနေကြတာဘဲ–

ငါတော့ သူ့အသက် သတ်ရမှာ ရှက်တယ်၊

သူ့ဥစ္စာ ခိုးရမှာ ရှက်တယ်၊

အရက် သောက်ရမှာ ရှက်တယ်၊

ငရဲကျီးမှာ ကြောက်ဟယ်၊

အပါယ်ကျမှာ ကြောက်တယ်၊

အရှက် အကြောက် မရှိတဲ့လူတွေ မကောင်းမှု ပြုနေကြတယ် စသည်ဖြင့် အရှက် အကြောက်စကား ဟိရီ သြတ္တပ္ပ တရားနှစ်ပါးကို ပြောကြားနေကြတာဘဲ။

လက္ခဏာ

ဟိရီသည် 'ပါပတော ဇိဂုစ္ဆန လက္ခဏာ'
မကောင်းမှုမှ စက်ဆုပ်ခြင်း သဘောလက္ခဏာ ရှိသည်။

သြတ္တပ္ပသည် 'ဥတ္တာသန လက္ခဏာ'
မကောင်းမှုမှ ကြောက်လန့်ခြင်း သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ မကောင်းမှု ပြုရမှာ ရှက်တတ်တဲ့ အပါယ်ကျမှာ ကြောက်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ရှက်တတ် ကြောက်တတ်သူဟာ ဘယ်သူလဲ?။

ဟိရီ နှင့် သြတ္တပ္ပပါ ဘုရား။

အင်း....ဟိရီနှင့်သြတ္တပ္ပဘဲ ရှက်တတ် ကြောက်တတ်တယ် ခန္ဓာကိုအတွင်းမှာ ရှက်တတ် ကြောက်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါရှက်တယ် ငါကြောက်တယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ရှက်တတ်ကြောက်တတ်တဲ့ ဟိရီ သြတ္တပ္ပ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲ ထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစဲသင်

ဒီ ရှက်တတ် ကြောက်တတ်တဲ့ ဟိရီ သြတ္တပ္ပ နာမ်တရားကို ငါ၏ဥစ္စာ ဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ရှက်တတ် ကြောက်တတ်တဲ့ ဟိရီ သြတ္တပ္ပ နာမ်တရားကို ငါဟဲလို့ မာန စွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ဒီ ရှက်တတ် ကြောက်တတ်တဲ့ ဟိရီ သြတ္တပ္ပ နာမ်တရားကို ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းအတူ၊
ဟိရီ သြတ္တပ္ပ ပြောင်းလဲဟော။

အလောဘ၊

အဒေါသ၊

အမောဟ၊

အလောဘ

မလိုချင်တတ် မတပ်မက်မောတတ် မကပ်ငြိတတ်တဲ့ သဘောသည် အလောဘတည်း။

ရူပါရုံကိုရင်း, သဒ္ဒါရုံကိုရင်း, ဂန္ဓာရုံကိုရင်း, ရသာရုံကိုရင်း, ဖောဋ္ဌဗ္ဗာရုံကိုရင်း လိုချင် တပ်မက်မောခြင်း မရှိ၊ ကပ်ငြိတွယ်တာခြင်း မရှိ။

လက္ခဏာ

အလောဘသည်– 'အာရမ္မဏေ စိတ္တသ အဂေဓလက္ခဏာ'

အာရုံ၌ စိတ်၏ မမက်မောခြင်း မတောင့်တခြင်း သဘောလက္ခဏာရှိသည်။

တနည်း "အလဂ္ဂ ဘာဝလက္ခဏာ" အာရုံ၌ စိတ်၏ မကပ်ငြိသည်၏ အဖြစ်လျှင် သဘောလက္ခဏာ ရှိသည်။

ဥပမာဖြင့်ပြ

ကြာဖက်၌ ကျသော ရေပေါက်တို့သည် ကပ်ငြိမတင် လျင်လျင်လျော လျော ကျသကဲ့သို့ ထို့အတူ အလောဘသည် အာရုံ၌ မငြိကပ် မတွယ်တာ တတ်။

ကိုလေသာကင်းစင် ရဟန္တာအရှင်တို့ကဲ့သို့ ငါ၏ဥစ္စာတည်း ငါ၏ဟာတည်း ဟု သိမ်းဆည်းခြင်း သဘောမရှိ။

မစင်တွင်း၌ ကျသောယောက်ျားသည် ကိုယ်ဖြင့်မစင်တွင်းတွင် ကပ်ငြိသော်လည်း စိတ်အားဖြင့် မကပ်ငြိသော အလိုရှိသည်သာလျှင် ဖြစ်သကဲ့သို့ ထို့အတူ အလောဘသည် အာရုံကိုယူသော်လည်း မကပ်ငြိသည်၏ အဖြစ်ဖြင့်၊ ၀၊- မကပ်ငြိသော အလိုရှိသည်ဖြစ်၍သာလျှင်၊ ၀၊- မကပ်ငြိသော အခြင်းအရာ ဖြင့်သာလျှင်ဖြစ်သည်။

အဒေါသ

အမျက်မထွက်တတ် မပြစ်မှားတတ် မကြမ်းတန်းတတ် စိတ်အေးချမ်းမြ သော သဘောသည် အဒေါသတည်း။

အဒေါသသည် ဗြဟ္မဝိဟာရတွင် မေတ္တာပင်ဖြစ်၍ အမျက်ထွက်ခြင်း ရန်ငြိုး ဖွဲ့ခြင်း မရှိ စိတ်အေးချမ်းမြ သတ္တ၀ါအများ၏ အစီးအပွားကို လိုလားသော အားဖြင့် သတ္တ၀ါမြင် အလွန်ချစ်ခင်သည်။

လက္ခဏာ

အဒေါသသည်–"အစ္စတ္ထိက္ခ လက္ခဏာ" မကြမ်းတန်း သည်၏ အဖြစ်လျှင် သဘောလက္ခဏာ ရှိသည်။

တနည်း "အ၀ိရောဓ လက္ခဏာ" မိမိအလိုသို့ လိုက်သော မိတ်ဆွေကဲ့သို့ မဆန့်ကျင်ခြင်း သဘောလက္ခဏာရှိသည်။

အမောဟ

အပြားအားဖြင့် သိတတ် သိစေတတ်သော ပညာသည် အမောဟတည်း။ ပညာသည်ပင် အမောဟ မည်သောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တတို့ကို **အပြားအား**ဖြင့် သိစေသည်၊ ဤသည်ကား ဒုက္ခသစ္စာတည်း စသည်ဖြင့် အရိယ သစ္စာတို့ကိုလည်း အပြားအားဖြင့် သိတတ်သည်၊ အရာရာမှာ မှန်ကန်စွာ သိတတ်သည်၊ ဉာဏ်ဟူ၍လည်း ခေါ်သည်၊ ဝိဇ္ဇာဟူ၍လည်း ခေါ်သည်၊ **မောဟ၏ ဆန့်ကျင်ဘက်**ဖြစ်၍ အမောဟ မည်သတည်း။

လက္ခဏာ

အမောဟသည် "သြဘာသန လက္ခဏာ" ထူးပြခြင်း သဘောလက္ခဏာ ရှိသည်။

ဥပမာဖြင့်ပြ

အမောဟ၏ သြဘာသန လက္ခဏာရှိပုံကို ဤဥပမာဖြင့် သိရမည်။

လေးဘက်နံရံရှိသော တိုက်ခန်း၌ ညဉ့်အခါ မီးထွန်းသည်ရှိသော် အမိုက်မှောင်သည် ချုပ်ပျောက်၍ အရောင်အလင်းသည် ထင်ရှားဖြစ်သကဲ့သို့ ရူပါရုံတို့ကို ထင်ရှားအောင် ပြုသကဲ့သို့ ထို့အတူ အမောဟ ဖြစ်သည်ရှိသော် **အ**ဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီး၏၊ ပညာတည်းဟူသော **အ**ရောင် အလင်းကို ဖြစ်စေ၏၊ **အ**ရိယသစ္စာတို့ကို ထင်ရှားသည်ကို ပြု၏။

"ပညာသမာ အာဘာ နတ္ထိ"

ပညာတည်းဟူသော အရောင်အလင်းနှင့် တူသော အရောင်အလင်းသည် ဤလောကမှာမရှိ၊ တခုသော ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေသော ပညာရှိသော **သူ**အား တသောင်းသော စကြဝဠာသည် တပြိုင်နက်သော အရောင်အလင်း ရှိသည်ပင် ဖြစ်၏။

သုဝမ္မဝတီ (က–၁၃၂) ၁.၀

တနည်း

"ပဇာနနလက္ခဏာ" အပြားအားဖြင့် သိခြင်းသဘော လက္ခဏာရှိသည်၊ အမောဟ၏ ပဇာနန လက္ခဏာရှိပုံကို ဤဥပမာဖြင့် သိရမည်။

လိမ်မာသော ဆေးဆရာသည် သူနာတို့၏ လျှောက်ပတ်သော အစာ အာဟာရ မလျှောက်ပတ်သော အစာအာဟာရတို့ကို သိသကဲ့သို့ ထို့အတူ အမောဟ ဖြစ်သည်ရှိသော် ကုသိုလ် အကုသိုလ် မှီဝဲအပ် မမှီဝဲအပ် အယုတ် အမြတ် အမည်းအဖြူ တူသောအဘို့ရှိ တူသောအဘို့မရှိ ဖြစ်ကုန်သော တရား တို့ကို အပြားအားဖြင့် သိ၏။

တနည်း "ယထာသဘာဝ ပဋိဝေဓလက္ခဏာ"ဟုတ်မှန်သော သဘောကို ထိုးတွင်း၍ သိခြင်း လက္ခဏာ ရှိသည်။

တနည်း "အက္ခလိတ ပဋိဝေဓလက္ခဏာ" လိမ်မာသော လေးသမားသည် ပစ်လွှတ်အပ်သောမြှား၏ စူးဝင်ခြင်းကဲ့သို့ မချော်မချွတ် ထိုးထွင်း၍ သိခြင်း သဘောလက္ခဏာရှိဘည်။

အလောဘ + အဒေါသ + အမောဟ

သုံးပါး–ကျေးဇူး အထူး

အလောဘသည်–

နှမြောဝန်တို့ မပေးလှူလိုခြင်း မစ္ဆေရ၏ ဆန့်ကျင်ဘက်တည်း။

အဒေါသသည်–

သီလမရှိသောသူ၏ အဖြစ်တည်းဟူသော ဒုဿီလ၏ ဆန့်ကျင်ဘက်တည်း။

အမောဟသည်–

ဘာဝနာ၏ ဆန့်ကျင်ဘက်ဖြစ်သော ကာမစ္ဆန္ဒစသော အကုသိုလ်တရား၏ ဆန့်ကျင်ဘက်တည်း။

တနည်း အလောဘသည်–ဒါနဖြစ်ကြောင်းတည်း။

အဒေါသသည်– သီလဖြစ်ကြောင်းတည်း။

အမောဟသည်–ဘာဝနာ ဖြစ်ကြောင်းတည်း။

တနည်း အလောဘဖြင့်– အလွန်ကို မယူတက်။

ဘာကြောင့်လဲ?။

လောဘကြီးတဲ့ ပုဂ္ဂိုလ်ဟာ ဂုဏ်မရှိသူ၌လည်း ဂုဏ်ရှိ၏ဟု အလွန်အကျွန်ကို ယူတတ်ခြင်းကြောင့်ဘဲ၊ လောဘ၏ ဆန့်ကျင်ဘက် အလောဘကတော့ သီလ, သမာဓိ, ပညာဂုဏ် မရှိသူ၌ ဂုဏ်ရှိ၏ဟု အလွန်ကို မယူတတ်ဘူး။

အဒေါသဖြင့်–အယုတ်ကို မယူတတ်။

ဘာကြောင့်လဲ?။

ဒေါသကြီးတဲ့ ပုဂ္ဂိုလ်ဟာ ထင်ရှားရှိတဲ့ သူတပါးဂုဏ်ကျေးဇူးကိုဖျက်ဆီး၍ အယုတ်ကို ယူတတ်ခြင်းကြောင့်ဘဲ၊ ဒေါသ၏ ဆန့်ကျင်ဘက် အဒေါသကတော့ ထင်ရှားရှိတဲ့ သူတပါးဂုဏ်ကျေးဇူးကို မဖျက်ဆီးတတ်၊အယုတ်ကိုမယူတတ်ဘူး။

အမောဟဖြင့် ဖောက်ဖောက်ပြန်ပြန် မယူတတ်။

ဘာကြောင့်လဲ?။

မောဟကြီးတဲ့ ပုဂ္ဂိုလ်ဟာ လေးပါးသော ဝိပွလ္လာသဖြင့် ဖောက်ဖောက်ပြန်ပြန် ယူတတ်ခြင်းကြောင့်ဘဲ။

မောဟ၏ ဆန့်ကျင်ဘက် အမောဟကတော့ လေးပါးသော ဝိပွလ္လာသဖြင့် ဖောက်ဖောက်ပြန်ပြန် မယူတတ်ဘူး။

တနည်း အလောဘသည် အပြစ်၌ဖြစ်သည်၊ အပြစ်ကို မဖုံးလွှမ်းတတ်။

ဘာကြောင့်လဲ?။

လောဘကြီးတဲ့ ပုဂ္ဂိုလ်သည် ထင်ရှားရှိတဲ့ အပြစ်ကို ဖုံးလွှမ်းတတ်သော ကြောင့်ဘဲ။

လောဘ၏ ဆန့်ကျင်ဘက် အလောဘကတော့ ထင်ရှားရှိတဲ့ အ့ပြစ်ကို မဖုံးလွှမ်းတတ်ဘူး၊ အပြစ်၌ဖြစ်သည်။

အဒေါသသည် ဂုဏ်ဌာ်ဖြစ်သည်၊ သူ့ကျေးဇူးကို မဖျက်ဆီးတတ်။

ဘာကြောင့်လဲ?။

ဒေါသကြီးသော ပုဂ္ဂိုလ်သည် ထင်ရှားရှိသော သူတပါး ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်ခြင်းကြောင့်ဘဲ၊ ဒေါသ၏ ဆန့်ကျင်ဘက် အဒေါသကတော့ ထင်ရှားရှိတဲ့ သူတပါး ဂုဏ်ကျေးဇူးကို မဖျက်ဆီးတတ်ဘူး၊ ဂုဏ်ဌာ်ဖြစ်သည်။

အမောဟသည် ဂုဏ်အပြစ်ဌာ် ဖြစ်သည်၊ ဂုဏ်နှင့် အပြစ်ကို မှန်ကန်စွာ မှတ်ယူသည်။

ဘာကြောင့်လဲ?။

မောဟကြီးသော ပုဂ္ဂိုလ်သည် အမှန်ကို အမှား၊ အမှားကို အမှန်ဟု ဖောက်ဖောက်ပြန်ပြန် မှတ်ယူတတ်ခြင်းကြောင့်ဘဲ။

မောဟ၏ ဆန့်ကျင်ဘက် အမောဟကတော့ ဂုဏ်ကျေးဇူးကို ဂုဏ်ကျေးဇူးဟုရင်း၊ အပြစ်ကို အပြစ်ဟုရင်း၊ ဂုဏ်နှင့် အပြစ်ကို မှန်ကန်စွာ မှတ်ယူတတ်သည်၊ ဂုဏ်အပြစ်ဌာ် ဖြစ်သည်။

တနည်း အလောဘဖြင့် 'ပိယဝိပွယောဂဒုက္ခ'ကင်း၊

ချစ်သောသူတို့နှင့် ကွဲကွင်းရခြင်းကြောင့် ဖြစ်သောဆင်းရဲသည် မဖြစ်နိုင်။

ဘာကြောင့်လဲ?။

လောဘသည် ချစ်တတ်သော သဘောရှိသည်၊ ချစ်သောသူတို့နှင့် ကွဲကွင်းရခြင်းကို သည်းမခံနိုင်။

လောဘ၏ ဆန့်ကျင်ဘက် အလောဘကတော့ ချစ်တတ်သော သဘောမရှိ၊ ချစ်သောသူတို့နှင့် ကွဲကွင်းရခြင်းကို သည်းခံနိုင်သောကြောင့်ပင်။

အဒေါသဖြင့် 'အပ္ပိယ သမ္ပယောဂဒုက္ခ'ကင်း၊

မုန်းသောသူတို့နှင့် ပေါင်းသင်း နေထိုင်ရခြင်းကြောင့် ဖြစ်သော ဆင်းရဲသည် မဖြစ်နိုင်။

ဘာကြောင့်လဲ?။

ဒေါသသည် မချစ်တတ်သော သဘောရှိသည်၊ မုန်းသောသူတို့နှင့် ပေါင်းသင်း နေထိုင်ရခြင်းကို သည်းမခံနိုင်။

ဒေါသ၏ ဆန့်ကျင်ဘက် အဒေါသကတော့ ချစ်တတ်သော သဘောရှိသည်၊ မုန်းသော သူတို့နှင့် ဆက်ဆံ ပေါင်းသင်း နေထိုင်ရခြင်းကို သည်းခံနိုင်သောကြောင့်ပင်။

အမောဟဖြင့် 'ဣစ္ဆိတာ လာဘဒုက္ခ'ကင်း၊

အလိုရှိအပ် တောင့်တအပ်သော အရာဝတ္ထုကို မရခြင်းကြောင့် ဖြစ်သော ဆင်းရဲသည် မဖြစ်နိုင်။

ဘာကြောင့်လဲ?။

မတွေ့ဝေသောသူ၏—

(၁) အိုခြင်းသဘော မကင်းသေးသော တရားသည် အို၏၊

(၂) နာခြင်းသဘော မကင်းသေးသော တရားသည် နာ၏၊

(၃) သေခြင်းသဘော မကင်းသေးသော တရားသည် သေ၏၊

ဤအိုခြင်း, နာခြင်း, သေခြင်းသဘော မကင်းသော တရား၌—

(၁) မအိုပါစေသတည်း၊

(၂) မနာပါစေသတည်း၊

(၃) မသေပါစေသတည်း

ဟု တောင့်တခြင်းကို အဘယ်မှာလျှင် ရနိုင်ပါအံ့နည်း၊ ဤသို့ စသည်ဖြင့် ဆင်ခြင်ခြင်း၏ ဖြစ်သောကြောင့်ပင်။

တနည်း အလောဘဖြင့် 'ဇာတိဒုက္ခ' ကင်း၊

ပဋိသန္ဓေ နေရခြင်း ဆင်းရဲ မဖြစ်နိုင်။

ဘာကြောင့်လဲ?။

ပဋ္ဌိသန္ဓေနေရခြင်း ဆင်းရဲဟာ တဏှာကို အရင်းခံပြီး ဖြစ်ပေါ်လာသည့်၊ အလောဘသည် တဏှာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပင်။

အဒေါသဖြင့် 'ဇရာဒုက္ခ' ကင်း၊

ဆံဖြူသွားကျိုး ဆိုးရွားဟောင်းမြင်း အိုမင်းရခြင်း ဆင်းရဲ မဖြစ်နိုင်။

ဘာကြောင့်လဲ?။

ဒေါသကြီးသူသည် မြန်မြန်အိုလွယ်သည့်၊ အဒေါသသည် ဒေါသ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ပင်။

အမောဟဖြင့် 'မရဏဒုက္ခ' ကင်း၊

သေရခြင်း ဆင်းရဲ မဖြစ်နိုင်။

ဘာကြောင့်လဲ?။

တွေ့တွေ့ဝေဝေ သေရခြင်းသည် ဆင်းရဲ၏၊ ထိုတွေ့တွေ့ဝေဝေ သေရခြင်း ဆင်းရဲသည် မတွေ့ဝေသောသူအား မဖြစ်သောကြောင့်ပင်။

တနည်း အလောဘဖြင့် လူတို့ချမ်းသာစွာ နေရသည်။

ဘာကြောင့်လဲ?။

လယ်ယာ အစရှိသည်တို့၌ ငြင်းခုံခြင်း၏ မရှိခြင်းကြောင့်ပင်။

အမောဟဖြင့် ရဟန်းတို့ ချမ်းသာစွာ နေရသည်။

ဘာကြောင့်လဲ?။

အယူ၌ ငြင်းခုံခြင်း မရှိခြင်းကြောင့်ပင်။

အဒေါသဖြင့် လူရဟန်းအားလုံးတို့ ချမ်းသာစွာ နေရသည်။

ဘာကြောင့်လဲ?။

ဒေါသကင်းသူအား ချမ်းသာစွာ နေရခြင်းကြောင့်ပင်။

တနည်း အလောဘဖြင့် ပြိတ္တာ မဖြစ်နိုင်။

ဘာကြောင့်လဲ?။

အမျှားအားဖြင့် တဏှာလောဘဖြင့် ပြိတ္တာဖြစ်ကြရသည်၊ အလောဘသည်ကား တဏှာလောဘ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ပင်။

အဒေါသဖြင့် ငရဲ မကျနိုင်။

ဘာကြောင့်လဲ?။

ဒေါသသည် ကြမ်းတန်းသော သဘောရှိ၍ ၎င်းဖြင့် ကြမ်းတန်းတဲ့ သဘောရှိတဲ့ ငရဲမှာဖြစ်ကြရသည်၊ အဒေါသသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပင်။

အမောဟဖြင့် တိရစ္ဆာန် မဖြစ်နိုင်။

ဘာကြောင့်လဲ?။

မောဟကြီးသူတို့သာ အမြဲတွေ့ဝေတဲ့ တိရစ္ဆာန်ဘဝမှာ ဖြစ်ကြရသည်၊ အမောဟသည် မောဟ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ပင်။

တနည်း အလောဘသည် ရာဂ၏အစွမ်းဖြင့် တပ်ခြင်မရှိသည်ကို ပြုတတ်၏။

အဒေါသသည် ဒေါသ၏အစွမ်းဖြင့် ထိပါးခြင်း မရှိသည်ကို ပြုတတ်၏။

အမောဟသည် ထိပါးခြင်း တပ်ခြင်းဟု ဆိုအပ်သော လျှစ်လျှူ။ မရှိသော အ့ဖြစ်၏ မရှိခြင်းကို ပြုတတ်သည်။

တနည်း အလောဘဖြင့် - 'နေကွမ္မသညာ' ဖြစ်သည်။
အဒေါသဖြင့် – 'အဗျာပါဒသညာ' ဖြစ်သည်။
အမောဟဖြင့် 'အဝိဟိံသာသညာ' ဖြစ်သည်။
တနည်း အလောဘဖြင့် 'အသုဘသညာ' ဖြစ်သည်။
အဒေါသဖြင့် – 'အပ္ပမာဏသညာ' ဖြစ်သည်။
အမောဟဖြင့် – 'ဓာတုသညာ' ဖြစ်သည်။

တနည်း အလောဘဖြင့် ကာမသုခလွှိကာနုယောဂ အစွန်းကြည်။

ကာမဂုဏ်ချမ်းသာကို အားထုတ်ခံစားခြင်း အစွန်းအနား အယုတ်တရားကို ရှောင်ကြဉ်သည်။

အဒေါသဖြင့် အတ္တကိလမထာနုယောဂ အစွန်းကြည်။

ခန္ဓာကိုယ်ပင်ပန်း ပူပန်ဆင်းရဲစေတတ်သော ပဋ္ဌာတပ စသော အကျင့်ကို အားထုတ်ခြင်း အစွန်းအနား အယုတ်တရားကို ရှောင်ကြဉ်သည်။

အမောဟဖြင့် မဇ္ဈိမပဋိပဒါ သမ္မာမဋိပတ် အကျင့်မြတ်ကို ကျင့်ခြင်းသည် ဖြစ်၏။

တနည်း အလောဘဖြင့်(လောဘ)အဘိဇ္ဈာ ကာယဂန္ထကို ဖျက်ဆီးသည်။

အဒေါသဖြင့် (ဒေါသ) အဗျာပါဒ ကာယဂန္ထကို ဖျက်ဆီးသည်။

အမောဟဖြင့်(ဒိဋ္ဌိ)သီလဗ္ဗတ ပရာမာသ ကာယဂန္ထ၊ ဣဒံသစ္စာဘိ နိဝေသ ကာယဂန္ထ နှစ်ပါးကို ဖျက်ဆီးသည်။

တနည်း အလောဘ·အဒေါသဖြင့်—

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်၊

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန် နှစ်ပါး ပြည့်စုံသည်။

အမောဟဖြင့်—

(၁) စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

(၂) ဓမ္မာနုပဿနာ သတိပဋ္ဌာန် နှစ်ပါး ပြည့်စုံသည်။

တနည်း အလောဘဖြင့် အနာဂင်းသည် ကျန်းမာသည်။

လောဘနည်းသူသည် နှစ်သက်ဖွယ်ရှိသော အစာအာဟာရပင် ဖြစ်သော်လည်း မိမိနှင့် မသင့်လျှင် မစား၊ မလျှောက်ပတ်သော အချမ်း, အပူ, ဥတု ကိုလည်း မမှီဝဲ၊ ထို့ကြောင့် အနာဂင်းခြင်း ကျမ်းမာခြင်းသည် ဖြစ်သည်။

အဒေါသဖြင့်—အရွယ်တင်၍ အဆင်းလှသည်။

ဒေါသကြီးသူသည် ဒေါသမီး လောင်ခြင်းကြောင့် အရွယ်မကြီးမီပင် အရေတွန့်ခြင်း ဆံဖြူခြင်းသည် ဖြစ်၏၊ ဒေါသနည်းသူအား ဒေါသမီးအလောင် နည်းသဖြင့် အရေတွန့်ခြင်း ဆံဖြူခြင်းတို့သည် ဖြေးနှေး၏ အရွယ်ကြီးမှ ဖြစ်သည်၊ ထို့ကြောင့် အရွယ်တင်၍ အဆင်းလှသည်။

အမောဟဖြင့်— အသက်ရှည်သည်။

အသက်ဉာဏ်စောင့်ဟု ဆိုရိုးစကားအတိုင်း အရာရာ၌ အကျိုးအပြစ်ကို သိမြင်၍ အကျိုးရှိသော အရာကို ပြုလုပ် အပြစ်ရှိသောအရာကို ရှောင်ကြဉ် ခြင်းကြောင့် အသက်ရှည်ခြင်းသည် ဖြစ်၏။

တနည်း အလောဘဖြင့် ဥစ္စာပေါ်။

စွန့်ကြဲ ပေးကမ်း လှူဒါန်း ခြင်းကို ပြုခြင်းကြောင့် ပစ္စည်းဥစ္စာ ပေါမျှား ကြွယ်ဝချမ်းသာသည်။

အဒေါသဖြင့် မိတ်ဆွေပေါ်။

မေတ္တာဖြင့် မိတ်ဆွေတို့ကိုရခြင်း မိတ်ဆွေအဖြစ်မှ မပျက်ပြယ်ခြင်းကြောင့် မိတ်ဆွေပေါသည်။

အမောဟဖြင့် အကျိုးစီးပွားပေါ်။

မတွေ့ဝေသော ပညာရှိသည် မိမိ၏ အကျိုးစီးပွားကိုသာ ပြုသည်ဖြစ်၍ မိမိကို ပြည့်စုံစေသည်။

တနည်း အလောဘသည် ပဌမစျာန်စသော လေးပါးသော ဒိဋ္ဌဓိဟာရကို ရခြင်း၏ အကြောင်းတည်း။

တနည်း အဒေါသသည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာစျာန် ဟူသော ဗြဟ္မဝိဟာရကို ရခြင်း၏ အကြောင်းတည်း။

အမောဟသည် ဖလသမာပတ် ဟူသော အာဏုယဝိဟာရကို ရခြင်း၏ အကြောင်းတည်း။

သုဝဏ္ဏဝတီ (က–၁၃၂)

တနည်း အလောဘဖြင့် မိမိ၏ အသင်းအပင်း ဖြစ်သူတို့၌ ပူပန်ခြင်းကင်း၏၊ အကြောင်းကား ထို မိမိ၏အသင်းအပင်း ဖြစ်သူတို့ ပျက်စီးရာ၌ တွယ်တာကပ်ငြိ ခြင်းကြောင့်ဖြစ်တဲ့ ဆင်းရဲ၏ မရှိခြင်းကြောင့်တည်း။

အဒေါသဖြင့် သူတပါးတို့၏ အသင်းအပင်း ဖြစ်သူတို့၌ ပူပန်ခြင်းကင်း၏၊ အကြောင်းကား- ဒေါသနည်းသူအား ရန်သူပုဂ္ဂိုလ်တို့၌ ရန်သူဟူသော အမှုတ်အသား မရှိခြင်း။

အမောဟဖြင့် ဥဒါသိန် အသင်းအပင်းဖြစ်သူတို့ ပူပန်ခြင်း ကင်း၏၊ အကြောင်းကား မတွေ့ဝေသော ပညာရှိအား အလုံးစုံသော မိမိအသင်းအပင်း သူတပါးတို့၏ အသင်းအပင်း ဥဒါသိန် အသင်းအပင်း ဖြစ်သူတို့၌ ကပ်ငြိစေ ခြင်း၏ ရှိခြင်းကြောင့်တည်း။

တနည်း အလောဘဖြင့် 'အနိစ္စရှု'

လောဘကြီးသော ပုဂ္ဂိုလ်သည် အသုံးအဆောင်၌ တပ်မက်မောသော အာသာဖြင့် အမြဲမရှိသော သင်္ခါရတရား၌ 'အနိစ္စ'ဟု မရှုနိုင်။

အဒေါသဖြင့် 'ဒုက္ခရှု'

အဒေါသ အလို အဇ္ဈာသယ ရှိသူသည် စွန့်အပ်ပြီးသော ရန်ငြိုးမဲ့ခြင်း၏ အကြောင်းကို သိမ်းဆည်းခြင်း ရှိသည်ဖြစ်၍ သင်္ခါရတရားတို့၌သာလျှင် ဒုက္ခ အားဖြင့် ရှုနိုင်သည်။

အမောဟဖြင့် 'အနတ္တရှု'

မတွေ့ဝေသော ပညာရှိသည် ဟုတ်မှန်သောသဘောကို ယူခြင်း၌ လိမ်မာ သည်ဖြစ်၍ အစုံးမရသော ခန္ဓာငါးပါးကို အစုံးမရဟု သိနိုင်သည်။

အပြန်အားဖြင့် သိ၊

သင်္ခါရတရားတို့ကို အနိစ္စဟုရှုလျှင် အလောဘဖြစ်သည်၊ ဒုက္ခဟုရှုလျှင် အဒေါသဖြစ်သည်၊ အနတ္တဟုရှုလျှင် အမောဟဖြစ်သည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ လောဘ မကြီးတတ်တဲ့ ဒေါသမကြီးတတ်တဲ့ မောဟ မကြီးတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် လောဘ, ဒေါသ, မောဟ မကြီးတတ်သူဟာ ဘယ်သူလဲ?။

အလောဘ, အဒေါသ, အမောဟပါ ဘုရား။

အင်း....အလောဘ, အဒေါသ, အမောဟဘဲ လောဘမကြီးတတ် ဒေါသ မကြီးတတ် မောဟမကြီးတတ်ဘူး၊ ခန္ဓာကိုယ် အတွင်းမှာ လောဘ, ဒေါသ မောဟမကြီးတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါလောဘမကြီးဘူး ငါဒေါသမကြီးဘူး ငါမောဟမကြီးဘူးဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ လောဘ, ဒေါသ, မောဟ မကြီးတဲ့ အလောဘ, အဒေါသ, အမောဟ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ လောဘ မကြီးတတ်တဲ့ ဒေါသ မကြီးတတ်တဲ့ မောဟ မကြီးတတ်တဲ့ အလောဘ, အဒေါသ, အမောဟ နာမ်တရားကို ငါ၏ ဥစ္စာဘဲ [illegible] ခံနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြွင်း ရှေးနည်းတူ၊

အလော အဒေါသ အမောဟ ပြောင်းလဲဟော။

တတြမဇ္ဈတ္တတာ။

ထိုစိတ် စေတသိက် သမ္မယုတ်တရားတို့၌ အလယ်အကြား၌ တည်သော သဘောရှိသောသူ၏ အဖြစ်သည်၊ ဝါ·လျစ်လျူ့ရှုတတ်သော ပုဂ္ဂိုလ်အဖြစ် ဟူသော စေတသိက်သည် 'တတြမဇ္ဈတ္တတာ' မည်၏။

မင်းသည် ဆိတ်ဆိတ်နေသော်လည်း အကျိုးစီးပွားကို ဆောင်ရွက်သော အမတ်တို့ကို ဆိုင်ရာ မိမိကိစ္စတို့၌ ဖြစ်စေသကဲ့သို့ ထို့အတူ တတြမဇ္ဈတ္တတာ သည် လျစ်လျူ့ရှုသော်လည်း စိတ် စေတသိက် သမ္မယုတ်တရားတို့ကို ဆိုင်ရာ မိမိကိစ္စတို့၌ ဖြစ်စေသည်။

လက္ခဏာ

'တတြမဇ္ဈတ္တတာ' သည် 'စိတ္တစေတသိကာနံ သမ ဝါဟိတ လက္ခဏာ' မိမိနှင့် အတူဖြစ်တဲ့ စိတ်စေတသိက် နာမ်တရားတို့ကို အညီအမျှ အကြင်အကြင် မိမိကိစ္စတို့၌ ဖြစ်စေခြင်း သဘောလက္ခဏာရှိသည်။

ဥပမာဖြင့်ပြ

ရေငှားထိန်းသည် ရထားတံပိုး၌ အာဇာနည်မြင်းတို့ကို ယှဉ်က မောင်းနှင်ရာ မြင်းတို့လည်း တံပိုးကို မယုတ်မလွန် အညီအမျှ သွားကုန်သည်ရှိသော် ရထား ထိန်းသည် မြင်းတို့ကို လျစ်လျူ့ရှုကာ နေသကဲ့သို့ ထို့အတူ တတြမဇ္ဈတ္တတာ

သည် မိမိနှင့် အတူ ဖြစ်သော စိတ် စေတသိက် နာမ်တရားတို့သည် မိမိတို့၏ ကိစ္စ၏အစွမ်းဖြင့် မယုတ်မလွန် မတွန့်တို့ မပျံ့လွင့် အညီအမျှ ဖြစ်ကုန်သည် ရှိသော် လျှစ်လျှူရှုကာသာနေ၏။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ လျှစ်လျှူရှု ဥပေက္ခာပြုတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် လျှစ်လျှူရှု ဥပေက္ခာပြုတတ်သူဟာ ဘယ်သူလဲ?။

တတြမဇ္ဈတ္တတာပါ ဘုရား။

အင်း...တတြမဇ္ဈတ္တတာဘဲ လျှစ်လျှူရှု ဥပေက္ခာ ပြုတတ်တယ်၊ ခန္ဓာကိုယ် အတွင်းမှာ လျှစ်လျှူရှု ဥပေက္ခာပြုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါလျှစ်လျှူရှုထားတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ လျှစ်လျှူရှု ဥပေက္ခာပြုတတ်တဲ့ တတြမဇ္ဈတ္တတာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ လျှစ်လျှူရှု ဥပေက္ခာပြုတတ်တဲ့ တတြမဇ္ဈတ္တတာ နာမ်တရားကို ငါ့ ဥစ္စာဘဲလို့ တကျွာစွဲဖြင့် ခံနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

*ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။
မသင့်ပါ ဘုရား။
*ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင်ပါ့မလား?။
မသင့်ပါ ဘုရား။
* အကြင်း ရှေးနည်းတူ၊
တတြမဇ္ဈတ္တတာ ပြောင်းလဲဟော။

ကာယ်ပဿဒ္ဓိ။

ကာယ (၁) ဝေဒနာကွန္ဓာ၊
(၂) သညာကွန္ဓာ၊
(၃) သင်္ခါရကွန္ဓာ
ဟူသော ခန္ဓာသုံးပါး အပေါင်း၏ (စေတသိက်စု)ပဿဒ္ဓိ၊ ပူပန်စေတတ်သော ဥဒ္ဓစ္စ ပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေတတ်သော တရားသည် ကာယ ပဿဒ္ဓိ မည်၏။

စိတ္တပဿဒ္ဓိ။

စိတ္တ၊ စိတ်–ဝိညာဏကွန္ဓာ၏ (သောဘဏစိတ်စု။) ပဿဒ္ဓိ၊ ပူပန်စေတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေတတ်သော တရားသည် စိတ္တပဿဒ္ဓိ မည်၏။

သောဘဏစိတ္တသ ပဿဒ္ဓိ စိတ္တပဿဒ္ဓိ (အက္ခရဋ္ဌိကာ။)

လက္ခဏာ

ဤကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ နှစ်ပါးလုံးကိုပင် တပေါင်းတည်း ပြု၍ "ကာယစိတ္တ ဒရထ ဝူပသမလက္ခဏာ" ကိုယ်စိတ်ကို ပူပန်စေတတ်တဲ့ ဥဒ္ဓစ္စ ပြဋ္ဌာန်းတဲ့ ကိလေသာတို့ကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ကိုယ်စိတ် ပူပန်ခြင်းကို ငြိမ်းအေးစေတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ကိုယ်စိတ် ပူပန်ခြင်းကို ငြိမ်းအေးစေတတ်သူဟာ ဘယ်သူလဲ?။

ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိပါ ဘုရား။

အင်း....ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဘဲ ကိုယ်စိတ် ပူပန်ခြင်းကို ငြိမ်းအေးစေတတ်သည်၊ ခန္ဓာကိုယ်အတွင်းမှာ ကိုယ်စိတ်ပူပန်ခြင်းကို ငြိမ်းအေးစေတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါ့ကိုယ်ငြိမ်းအေးသည် ငါ့စိတ် ငြိမ်းအေးသည် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ကိုယ်စိတ် ပူပန်ခြင်းကို ငြိမ်းအေးစေတတ်တဲ့ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲ ထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ ကိုယ်စိတ် ပူပန်ခြင်းကို ငြိမ်းအေးစေတတ်တဲ့ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တကယ်ဖြင့် မဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါတဲ့လို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြွင်းရှေးနည်းတူ၊

ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ပြောင်းလဲဟော။

ကာယလဟုတာ၊ စိတ္တလဟုတာ။

ကာယလဟုတာ၊

ကာယ၊ ကိုယ်-စေတသိက် ခန္ဓာတို့၏။ လဟုတာ၊ မနုံမနှေး မလေးလံဘဲ ပေါ့ပါး လျင်မြန်သည်၏ အဖြစ်တည်း။

စိတ္တလဟုတာ၊

စိတ္တ၊ သောဘဏစိတ် ဝိညာဏက္ခန္ဓာ၏။ လဟုတာ၊ မနုံမနှေးမလေးလံဘဲ ပေါ့ပါး လျင်မြန်သည်၏အဖြစ်တည်း။

ကုသိုလ်ရေးကိစ္စတို့၌ စေတသိက်, စိတ်တို့ နုံနုံနှေးနှေး ဝန်လေးမနေဘဲ ပေါ့ပါး လျင်မြန်သည်၏ အဖြစ်သည်ပင် ကာယလဟုတာ စိတ္တလဟုတာ မည်သတည်း။

လက္ခဏာ

ကာယလဟုတာ စိတ္တလဟုတာ နှစ်ပါးလုံးကိုပင် တပေါင်းတည်းပြု၍-

"ကာယစိတ္တ ဂရုဘာဝ ဥပသမနလက္ခဏာ" ကိုယ် စိတ်တို့၏ နုံနှေးလေးလံသည်၏အဖြစ် ဟူသော ထိနမိဒ္ဓ ပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်းသဘော လက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ကိုယ်စိတ်လေးလံ ထိုင်းမှိုင်းခြင်းကို ငြိမ်းစေတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ကိုယ်စိတ်လေးလံ ထိုင်းမှိုင်းခြင်းကို ငြိမ်းစေတတ်သူဟာ ဘယ်သူလဲ?။

ကာယလဟုတာ, စိတ္တလဟုတာပါ ဘုရား။

အင်း ....ကာယလဟုတာ စိတ္တလဟုတာဘဲကိုယ်စိတ်လေးလံ ကိုင်းမှိုင်းခြင်းကို ငြိမ်းစေတတ်သည်၊ ခန္ဓာကိုယ်အတွင်းမှာ ကိုယ်စိတ်လေးလံ ထိုင်းမှိုင်းခြင်းကို ငြိမ်းစေတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိပါ။

ဒါဖြင့် ငါ့ကိုယ် ပေါ့ပါးလျင်မြန်တယ်၊ ငါ့စိတ် ပေါ့ပါးလျင်မြန်တယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ကိုယ်စိတ်လေးလံ ထိုင်းမှိုင်းခြင်းကို ငြိမ်းစေတတ်တဲ့၊ ဝါ- ကိုယ်စိတ် ပေါ့ပါး လျင်မြန်မှု ကာယလဟုတာ စိတ္တလဟုတာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ ကိုယ်စိတ်လေး ထိုင်းမှိုင်းခြင်းကို ငြိမ်းစေတတ်ဟဲ့၊ ဝါ- ကိုယ်စိတ် ပေါ့ပါး လျင်မြန်မှု ကာယလဟုတာ စိတ္တလဟုတာ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တာဝန်ယူပြီးဖြင့် နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်တူ၊

ကာယလဟုတာ စိတ္တလဟုတာ ပြောင်းလဲဟော။

ကာယမုဒုတာ။

ကာယ၊ ကိုယ် စေတသိက် ခန္ဓာတို့၏။ မုဒုတာ၊ နူးညံ့ သိမ်မွေ့သည်၏ အဖြစ်တည်း။

စိတ္တမုဒုတာ။

စိတ္တ၊ သောဘဏစိတ် ဝိညာဏက္ခန္ဓာ၏။ မုဒုတာ၊ နူးညံ့ သိမ်မွေ့သည်၏ အဖြစ်တည်း။

ကုသိုလ်ရေးကိစ္စတို့၌ စေတသိက်စိတ်တို့ ခက်ထန် ကြမ်းတန်းခြင်း မရှိဘဲ နူးညံ့သိမ်မွေ့သည်၏ အဖြစ်သည်ပင် ကာယမုဒုတာ စိတ္တမုဒုတာ မည်သတည်း။

လက္ခဏာ

ကာယမုဒုတာ စိတ္တမုဒုတာ နှစ်ပါးလုံးကိုပင် တပေါင်းတည်းပြု၍ "ကာယ စိတ္တ · ထဒ္ဓဘာဝဝိပ သမလက္ခဏာ" ကိုယ်စိတ်တို့၏ ခက်ထန် ကြမ်းတန်းသည် အဖြစ် ဟူသော ဒိဋ္ဌမာန ပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်း သဘော လက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ကိုယ်စိတ် ခက်ထန် ကြမ်းတန်းခြင်းကို ငြိမ်းစေတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ကိုယ်စိတ် ခက်ထန် ကြမ်းတန်းခြင်းကို ငြိမ်းစေတတ်သူဟာ ဘယ်သူလဲ?။

ကာယမုဒုတာ စိတ္တမုဒုတာပါ ဘုရား။

အင်း.... ကာယမုဒုတာ စိတ္တမုဒုတာဘဲ ကိုယ်စိတ် ခက်ထန်ကြမ်းတန်းခြင်းကို ငြိမ်းစေတတ်သည်၊ ခန္ဓာကိုယ်အတွင်းမှာ ကိုယ်စိတ်ခက်ထန်ခြင်းကို ငြိမ်းစေတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါ့ကိုယ် နှုးညံ့သိမ်မွေ့တယ် ငါ့စိတ် နှုးညံ့သိမ်မွေ့တယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ကိုယ်စိတ် ခက်ထန်ခြင်းကို ငြိမ်းစေတတ်တဲ့၊ ဝါ-ကိုယ်စိတ် နှုးညံ့သိမ်မွေ့တဲ့ ကာယမုဒုတာ စိတ္တမုဒုတာ နာမ်တရားကို 'မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ ကိုယ်စိတ် ခက်ထန်ခြင်းကို ငြိမ်းစေတတ်တဲ့၊ ဝါ-ကိုယ်စိတ်နှုးညံ့သိမ်မွေ့တဲ့ ကာယမုဒုတာ စိတ္တမုဒုတာ နာမ်တရားကို ငါ၏ဥစ္စာ ဘဲလို့ တကျော်စွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

*အကြင်း ရှေးနည်းတူ၊

ကာယမုဒုတာ, စိတ္တမုဒုတာ ပြောင်းလဲဟော။

ကာယကမ္မညတာ + စိတ္တကမ္မညတာ။

ကာယ ကမ္မညတာ၊

ကာယ၊ ကိုယ် - စေတသိက်ခန္ဓာတို့၏။ ကမ္မညတာ၊ အမှု၌ ကောင်းသည်၏ အဖြစ်တည်း။

စိတ္တ ကမ္မညတာ၊

စိတ္တ၊ သောဘုဏစိတ် ဝိညာဏကွန္ဓာ၏။ ကမ္မညတာ၊အမှု၌ကောင်းသည်၏ အဖြစ်တည်း။

ဒါန သီလ စသော ပုညကြိယာ၌ ကိုယ်စိတ်တို့ ပြုခြင်းငှါခန့်သည်၊ ပြုခြင်းငှါ စွမ်းနိုင်သည်၊ ပြုခြင်းငှါ လျောက်ပတ်သည်၏ အဖြစ်သည်ပင် ကာယကမ္မညတာ စိတ္တကမ္မညတာ မည်သတည်း။

ရှေစင်သစ်နှင့် တူသည်။

လက္ခဏာ

ကာယကမ္မညတာ စိတ္တကမ္မညတာ စေတသိက်တို့သည်–

"ကာယစိတ္တာနံ အကမ္မညဘာဝ ဝုပသမလက္ခဏာ"

ကိုယ်စိတ်တို့၏ ဒါန သီလစသော ပုညကြိယာ၌ မကောင်းသည့်၏ အဖြစ် မလျောက်ပတ်သည့်၏အဖြစ် ဟူသော ကာမစ္ဆန္ဒ ပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်း သဘောလက္ခဏာ ရှိသည်။

ပဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ကုသိုလ်ရေး ကိစ္စတွေကို ပြုခြင်းငှါ ကိုယ်နှင့် စိတ်တို့ မခန့်မစွမ်း မလျောက်ပတ်သည့်၏ အဖြစ်ကို ငြိမ်းစေတတ်တဲ့ ပဂ္ဂိုလ် သတ္တဝါ ကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပဂ္ဂိုလ် သတ္တဝါမရှိဘဲနှင့် ကိုယ်နှင့်စိတ်တို့ ကုသိုလ်မှုကို ပြုခြင်းငှါ မခန့်မစွမ်း မလျောက်ပတ်သည့်၏ အဖြစ်ကို ငြိမ်းစေသူဟာ ဘယ်သူလဲ?။

ကာယကမ္မညတာ, စိတ္တကမ္မညတာပါ ဘုရား။

အင်း ကာယကမ္မညတာ စိတ္တကမ္မညတာတဲ့ ကိုယ်နှင့်စိတ်တို့ ကုသိုလ်မှုကို ပြုခြင်းငှါ မခန့်မစွမ်း မလျောက်ပတ်သည့်၏ အဖြစ်ကို ငြိမ်းစေသည်၊ ခန္ဓာကိုယ်အတွင်းမှာ ပဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါ့ကိုယ် ကုသိုလ်မှုကို ပြုစွမ်းနိုင်သည်, ငါ့စိတ် ကုသိုလ်မှုကို ပြုစွမ်းနိုင်သည် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ကိုယ်နှင့် စိတ်၊ ဝါ-စေတသိက် စိတ်တို့ ဒါန သီလ စသော [illegible] ကုသိုလ်မှုကို ပြုစွမ်းနိုင်သည့်၏ အဖြစ် [illegible]လျောက်ပတ်သည့်၏အဖြစ် [illegible]သော ကာယကမ္မညတာ စိတ္တကမ္မညတာ နာမ်တရားကို မပျက်မစီး အပြုတည်နေတဲ့

အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ား ဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ ကိုယ်နှင့်စိတ်၊ ဝါ-စေတသိက် စိတ်တို့ ဒါနသီလ စသော ပုညကြိယာ ကုသိုလ်မှုကို ပြုစုမ်းနှိုင်သည်၏အဖြစ် လျောက်ပတ်သည်၏အဖြစ် ဟူသော ကာယကမ္မညတာ စိတ္တကမ္မညတာ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြွင်း ရှေးနည်းတူ၊

ကာယကမ္မညတာ စိတ္တကမ္မညတာ ပြောင်းလဲဟော။

ကာယပါဂုညတာ + စိတ္တပါဂုညတာ။

ကာယပါဂုညတာ၊

ကာယ၊ ကိုယ်-စေတသိက်ခန္ဓာတို့၏။ ပါဂုညတာ၊ ကုသိုလ်မှုတို့၌ လေ့လာ ကျမ်းကျင်သည်၏ အဖြစ်တည်း။

စိတ္တပါဂုညတာ၊

စိတ္တ၊ သောဘဏစိတ်-ဝိညာဏကွန္ဒာ၏။ ပါဂုညတာ၊ ကုသိုလ်မှုတို့၌ လေ့လာကျမ်းကျင်သည်၏ အဖြစ်တည်း။

ဒါန သီလ စသော ပုညကြိယာကုသိုလ်မှတို့၌ ကိုယ်စိတ်ကို လေ့ကျက်ကျမ်းကျင် အသဒ္ဓိယ တဒေကဋ္ဌ ပါပမမ္မ ကိလေသာအနာ၏ ဆန့်ကျင်ဘက်၏ အဖြစ်သည်ပင် ကာယပါဂုညတာ စိတ္တပါဂုညတာ မည်သတည်း။

လက္ခဏာ

ကာယပါဂုညတာ စိတ္တပါဂုညတာ စေတသိက်တို့သည် "ကာယစ်တ္တာနံ အဂေလညဘာဝလက္ခဏာ" ကိုယ်စိတ်တို့၏ အနာရောဂါ၏ အဖြစ်ဟူသော အသဒ္ဓိယစသော ပါပမမ္မ တဒေကဋ္ဌ ပါပမမ္မတို့၏ ဆန့်ကျင်ဘက်၏ အဖြစ်လျှင် သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး - ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ဒါန သီလ စသော ပုညကြိယာကုသိုလ်ရေး ကိစ္စတွေမှာ လေ့ကျက်ကျမ်းကျင်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနဲ့ ဒါန သီလ စသော ပုညကြိယာကုသိုလ်ရေး ကိစ္စတွေမှာ လေ့လာကျမ်းကျင်သူဟာ ဘယ်သူပါလဲ?။

ကာယပါဂုညတာ စိတ္တပါဂုညတာပါ ဘုရား။

အင်း ကာယပါဂုညတာ စိတ္တပါဂုညတာဘဲ ဒါန သီလ တဲ့ ပုညကြိယာကုသိုလ်ရေးကိစ္စတွေမှာ လေ့လာကျမ်းကျင်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါကုသိုလ်ရေး ဒါန လေ့ကျက်သည် ဆိုတာ ဟုတ်နိုင်ပါမလား?။

မဟုတ်နိုင်ပါ ဘုရား။

အထင် မလွဲသင့်

ကိုယ်စိတ်၊ ဝါ-စေတသိက်စိတ်တို့ ဒါနသီလ စတဲ့ ပုညကြိယာ ကုသိုလ်ရေးကိစ္စတွေမှာ လေ့လာ ကျမ်းကျင်သည်၏ အဖြစ် ဟူသော ကာယပါဂုညတာ စိတ္တပါဂုညတာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲ ထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စဲသင့်

ကိုယ်စိတ်i ဝါ- စေတသိက်စိတ်တို့ ဒါနသီလ စတဲ့ ပုညကြိယာကုသိုလ်ရေးကိစ္စတွေမှာ လေ့လာ ကျမ်းကျင်သည်၏ အဖြစ် ဟူသော ကာယပါဂုညတာ စိတ္တပါဂုညတာ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊

ကာယပါဂုညတာ စိတ္တပါဂုညတာ ပြောင်းလဲဟော။

ကာယဇုကတာ၊

ကာယ၊ ကိုယ် စေတသိက်ခန္ဓာတို့၏။ ဥဇုကတာ၊ မကွေ့မကောက် ဖြောင့်မတ်သည်၏ အဖြစ်တည်း။

စိတ္တဇုကတာ၊

စိတ္တ၊ သောဘာ့ဏစိတ် ဝိညာဏကွန္ဓာ၏။ ဥဇုကတာ၊ မကွေ့မကောက် ဖြောင့်မတ်သည်၏ အဖြစ်တည်း။

ကိုယ်စိတ်၊ ဝါ-စေတသိက် စိတ်တို့ကို ထွန်ကိုင်းကောက် လရေးကောက် နွားကျင်ငယ်ကောက် မကောက်ကွေ့စေမူ၍ ဖြောင့်မတ်အောင် ပြုသည်၏ အဖြစ်သည်ပင် ကာယုဇုကတာ စိတ္တဇုကတာ မည်သတည်း။

ဤ ကာယုဇုကတာ စိတ္တဇုကတာနှင့် ပြည့်စုံသူသည် အခါခပ်သိမ်း ဖြောင့်မတ်သည် ကောက်ကျစ်စဉ်းလဲခြင်း မရှိ၊ ဤတရားနှစ်ပါးသည် ကောက်ကျစ်စဉ်းလဲခြင်းကို ပြုတတ်တဲ့ မာယာ သာဌေယျ အစရှိတဲ့ ယုတ်မာတဲ့ တရားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

လက္ခဏာ

ကာယုဇုကတာ စိတ္တဇုကတာ စေတသိက်တို့သည် "ကာယ စိတ္တ အဇ္ဇဝ လက္ခဏာ" ကိုယ်စိတ်၊ ဝါ-စေတသိက်စိတ်တို့၏ ဖြောင့်မတ်သည်၏ အဖြစ်လျှင် သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ကိုယ်နှင့်စိတ်ကို ဖြောင့်မတ်အောင် ပြုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ကိုယ်နှင့် စိတ်ကို ဖြောင့်မတ်အောင် ပြုသူဟာ ဘယ်သူလဲ?။

ကာယုဇုကတာ စိတ္တဇုကတာပါ ဘုရား။

အင်း....ကာယဒုက္ခတာ စိတ္တဒုက္ခတာဘဲ ကိုယ်နှင့်စိတ်ကိုဖြောင့်မတ်အောင် ပြုတတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ်သတ္တဝါ မရှိပါ။

ဒါဖြင့် ငါ ဖြောင့်မတ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ကိုယ်နှင့်စိတ်ကို ဖြောင့်မတ်အောင် ပြုတတ်တဲ့ ကာယဒုက္ခတာ စိတ္တဒုက္ခတာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစဲသင့်

ဒီ ကိုယ်နှင့် စိတ်ကို ဖြောင့်မတ်အောင် ပြုတတ်တဲ့ ကာယဒုက္ခတာ စိတ္တဒုက္ခတာ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊

ကာယဒုက္ခတာ စိတ္တဒုက္ခတာ ပြောင်းလဲဟော။

သမ္မဝါစာ၊ မှန်ကန်စွာ ပြောဆိုခြင်းတည်း။

မှန်ကန်စွာ ပြောဆိုခြင်း ဟူသည်–

(၁) လိမ်ညာပြောကြားခြင်း၊

(၂) ချောပစ်ဂုံးတိုက်ပြောကြားခြင်း၊

(၃) ဆဲရေး ငေါက်ငန်း ကြမ်းတမ်းစွာ ပြောကြားခြင်း၊

(၄) အကျိုးမရှိသော စကားကို ပြောကြားခြင်း။

ဤငစီဒုစရိုက် လေးပါးကို ရှောင်ကြဉ်၍ ပြောဆိုခြင်းပင်တည်း။ (အသက်မွေးမှုနှင့် မစပ်)

သမ္မာ၊ မှန်ကန်စွာ ဝစီဒုစရိုက် လေးပါးကိုကြဉ်၍။ ဝါစာ၊ ပြောဆိုခြင်း။

လက္ခဏာ

သမ္မာဝါစာသည် 'ဝစီဒုစရိတ အဝိတိက္ကမလက္ခဏာ' ဝစီဒုစရိုက် လေးပါးကို မလွန်ကျူးခြင်း သဘော လက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ် အတွင်းမှာ လိမ်ညာပြောကြားခြင်းမှ ရှောင်ကြဉ်ပြီး မှန်စွာ ပြောဆိုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဂုံးဟိုက် ပြောကြားခြင်းမှ ရှောင်ကြဉ်ပြီး မှန်စွာ ပြောဆိုတက်တဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ဆဲရေး ငေါက်ငန်း ကြမ်းတန်းစွာ ပြောကြားခြင်းမှ ရှောင်ကြဉ်ပြီး မှန်စွာ ပြောဆိုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

အကျိုးမရှိတဲ့ စကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်ပြီး မှန်စွာပြောဆို တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား။?

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်သူဟာ ဘယ်သူလဲ?။

သမ္မာဝါစာပါ ဘုရား။

အင်း....သမ္မာဝါစာဘဲ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တယ်၊ ခန္ဓာကိုယ် အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါမှန်ကန်စွာ ပြောဆိုတယ် ထိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

အထင် မလွဲသင့်

ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီး မှန်ကန်စွာ ပြောဆိုတတ်တဲ့ သမ္မာဝါစာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစွဲသင့်

ဒီ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ပြီး မှန်ကန်စွာ ပြောဆိုတတ်တဲ့ သမ္မာဝါစာ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

*အကြွင်း ရှေးနည်းတူ၊

သမ္မဝါစာ ပြောင်းလဲဟော။

သမ္မာကမ္မန္တ၊ မှန်ကန်စွာ ပြုလုပ်မှုပင်တည်း။

မှန်ကန်စွာ ပြုလုပ်မှုဟူသည်–

(၁) **သူ့အသက် သတ်ခြင်း၊**

(၂) **သူ့ဥစ္စာကို ခိုးယူခြင်း၊**

(၃) **မိမိမယား မိမိလင်သားမှ တပါးသော သူတို့နှင့် မေထုန်အမှု အားဖြင့် မှားယွင်းခြင်း။**

ဤ ကာယဒုစရိုက် သုံးပါးကို ရှောင်ကြဉ်၍ ပြုလုပ်မှုပင်တည်း (အသက်မွေးမှုနှင့် မစပ်။)

သမ္မာ၊ မှန်ကန်စွာ ကာယဒုစရိုက် သုံးပါးကို ကြဉ်၍။ ကမ္မ၊ ပြုလုပ်မှု။ (အန္တ–အနက်မဲ့။)

လက္ခဏာ

သမ္မာကမ္မန္တသည် 'ကာယဒုစ္စရိတအဝိတိက္ကမ လက္ခဏာ' ကာယဒုစရိုက် သုံးပါးကို မလွန်ကျူးခြင်း သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး ၊ ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပြီး မှန်စွာပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာ ရှိရဲ့လား။?

မရှိပါ ဘုရား။

သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ပြီး မှန်စွာပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မိစ္ဆာစာရအမှုမှ ရှောင်ကြဉ်ပြီး မှန်စွာပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်သူဟာ ဘယ်သူလဲ?။

သမ္မာ ကမ္မန္တပါ ဘုရား။

အင်း....သမ္မာကမ္မန္တဘဲ ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်တယ်၊ ခန္ဓာ ကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါမှန်ကန်စွာ ပြုလုပ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ပြီး မှန်ကန်စွာ ပြုလုပ်တတ်တဲ့ သမ္မာကမ္မန္တ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလဲ့ တင်နေတာဟာ သင့်ဖါ့မလား?။

မသင့်ပါ ဘုရား။

မစ္စဲသင့်

ဒီ ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ပြီး မှန်ကန်စွာ ပြုလုပ်တတ်တဲ့ သမ္မာကမ္မန္တ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပ,ါ့မလား ။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

*အကြင်း ရှေးနည်းတူ၊

သမ္မာကမ္မန္တ ပြောင်းလဲဟော။

သမ္မာအာဇီဝ၊ မှန်ကန်စွာ အသက်မွေးခြင်းတည်း။

အသက်မွေးမှန်ကန်မှုဟူသည် အသက်မွေးခြင်းနှင့် စပ်၍ ကာယဒုစရိုက် (၃) ပါး, ဝစီဒုစရိုက် (၄)ပါး, ဤ ဒုစရိုက် (၇)ပါးမှ ရှောင်ကြဉ်၍ အသက်မွေးခြင်းပင်တည်း။

သီသာအောင် ပြဦးမည်–

တံငါလုပ်၍ အသက်မွေးခြင်း,မုဆိုးလုပ်၍ အသက်မွေးခြင်း, ကြက် ဝက် သိုး ဆိတ်တို့ကို မွေးမြူပြီး သတ်ဖြတ်ကာ အသက်မွေးခြင်း, အခြား သားသတ်လုပ်ငန်းများဖြင့် အသက်မွေးခြင်း, သူခိုး ဒါးပြလုပ်၍ အသက်မွေးခြင်း စသည် ပြုသူတို့အား မိစ္ဆာဇီဝသည် ဖြစ်၏၊ ဤဒုစရိုက် ခုနစ်ပါးဖြင့် အသက်မွေးခြင်းကို ရှောင်ကြဉ်ပါမှ သမ္မာအာဇီဝ ဖြစ်သည်။

သမ္မာ၊ မှန်ကန်စွာ မိစ္ဆာဇီဝကို ကြဉ်၍။ အာဇီဝ၊ အသက်မွေးခြင်းတည်း။

လက္ခဏာ

သမ္မာအာဇီဝသည် 'မိစ္ဆာဇီဝ အပိတိကွမ လက္ခဏာ' မှားသော အသက်မွေးခြင်းကို၊ ဝါ-အသက်မွေးခြင်းနှင့်စပ်၍ ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါးကို မလွန်ကျူးခြင်း သဘောလက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ယုတ်မာတဲ့ အသက်မွေးခြင်းမှ ရှောင်ကြဉ်ပြီး မှန်ကန်စွာ အသက်မွေးတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါမရှိဘဲနှင့် ယုတ်မာတဲ့ အသက်မွေးခြင်းမှ ရှောင်ကြဉ်သူဟာ ဘယ်သူပါလဲ?။

သမ္မာအာဇီဝပါ ဘုရား။

အင်း....သမ္မာအာဇီဝဘဲ ယုတ်မာတဲ့ အသက်မွေးမှုမှ ရှောင်ကြဉ်တယ် ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါမရှိပါ။

ဒါဖြင့် ငါမှန်ကန်စွာ အသက်မွေးတယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ မိစ္ဆာဇီဝမှ ရှောင်ကြဉ်ပြီး မှန်ကန်စွာ အသက်မွေးတတ်တဲ့ သမ္မာအာဇီဝ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစဲသင်

ဒီ မိစ္ဆာဇီဝမှ ရှောင်ကြဉ်ပြီး မှန်ကန်စွာ အသက်မွေးတတ်တဲ့ သမ္မာအာဇီဝ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြွင်း ရှေးနည်းတူ၊

သမ္မာအာဇီဝ ပြောင်းလဲဟော။

ကရုဏာ၊

ဒုက္ခိတ သတ္တဝါတို့ကို မြင်၍ ကြင်နာ သနားခြင်းပင်တည်း၊ ကရုဏာ တရားရှိသူသည် ဆင်းရဲဒုက္ခ ရောက်နေသူကို မြင်လျှင် စိတ်ပင်ပန်းမှုဖြစ်သည်၊ ဒီ ဆင်းရဲဒုက္ခကို ဘယ်လိုနည်းနှင့် ပယ်ရှားရမလဲ၊ ဒီ ဒုက္ခကို ဘယ်လိုနည်းနှင့် ကယ်ဆယ်ရမလဲဟု သူတပါးဆင်းရဲကို ပယ်ရှားလိုသည်၊ အတိဒုက္ခရောက်နေသူ မျှားကို ကယ်ဆယ်ချင်သည်။

လက္ခဏာ

ကရုဏာသည် "ပရဒုက္ခာ ပနယန ကာမတာ လက္ခဏာ" သူတပါးတို့၏ ဆင်းရဲကို ပယ်ရှားလိုသည်၏အဖြစ်လျှင် သဘောလက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ် အတွင်းမှာ ဒုက္ခိတသတ္တဝါ[illegible] ကို ကြင်နာ သနားကတ်တဲ့ပုဂ္ဂိုလ် သတ္တဝါ ဘုံတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိ[illegible] ဒုက္ခိတသတ္တဝါတွေကို ကြင်နာ သနားတတ်သူ ဟာ ဘယ်သူလဲ?။

ကရုဏာ တရားပါ ဘုရား။

အင်း....ကရုဏာတရားဘဲ ဒုက္ခသည် သတ္တဝါတွေကို ကြင်နာ သနားတယ် ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ဒုက္ခသည်တွေကို ငါသနားတတ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ဒုက္ခိတ သတ္တဝါတွေကို ကြင်နာ သနားဟတ်တဲ့ ကရုဏာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစဲသင်

ဒီ ဒုက္ခိတ သတ္တဝါတွေကို ကြင်နာ သနားတတ်တဲ့ ကရုဏာ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလာ?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

*အကြွင်း ရှေးနည်းတူ။

ကရုဏာ ပြောင်းလဲဟော။

မုဒိတာ။

သုခိတ သတ္တဝါတို့ကို မြင်၍ နှစ်သက်ရွင်လန်း ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းပင်တည်း။

မုဒိတာ တရားရှိသူသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံနေသူများကိုမြင်လျှင် အလွန်ပင် နှစ်သက်ဝမ်းမြောက်သည်၊ ရရှိပြီးဖြစ်တဲ့ စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ် မပျက်စီးစေလို၊ အမြဲတစေ ချမ်းသာစေလိုသည်၊ တိုးတက်ချမ်းသာစေလိုတဲ့ စိတ်ထားရှိသည်။

လက္ခဏာ

မုဒိတာသည် 'ပရသမ္ပတ္တိ အနုမောဒန လက္ခဏာ' သူတပါးတို့၏ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းကို နှစ်သက်ဝမ်းမြောက်ခြင်း သဘောလက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မ့ရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ သုခိတ သတ္တဝါတွေကို မြင်လျှင် ကြည်ရွင်ဝမ်းမြောက်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် သုခိတ သတ္တဝါတွေကို မြင်လျှင် ကြည်ရွင်ဝမ်းမြောက်သူဟာ ဘယ်သူပါလဲ?။

မုဒိတာ တရားပါ ဘုရား။

အင်း... မုဒိတာတရားဘဲ သုခိတ သတ္တဝါတွေကို မြင်လျှင် ကြည်ရွင်ဝမ်းမြောက်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါပြင့် သုခိတ သတ္တဝါတွေကို မြင်လျှင် ငါဝမ်းမြောက်တယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ သုခိတ သတ္တဝါတွေကို မြင်လျှင် ကြည်ရွှင်ဝမ်းမြောက်တတ်တဲ့ မုဒိတာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစွဲသင့်

ဒီ သုခိတ သတ္တဝါတွေကို မြင်လျှင် ကြည်ရွှင်ဝမ်းမြောက်တတ်တဲ့ မုဒိတာ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်တူ၊

မုဒိတာ ပြောင်းလဲဟော။

လောဘ။

လိုချင်မတ် တပ်မက်မောတတ် ကပ်ငြိတတ်တဲ့ သဘောသည် **လောဘ** တည်း။

လောဘကြီးသော ပုဂ္ဂိုလ်သည်–

(၁) အဆင်း ရူပါရုံ

(၂) အသံ သဒ္ဒါရုံ

(၃) အနံ့ ဂန္ဓာရုံ

(၄) အရသာ ရသာရုံ

(၅) အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ

ဤ အာရုံငါးပါး ကာမဂုဏ်တရားကို အလွန်လိုချင် တပ်မက်မောရှိသည်၊ ထိတိုင်းကပ်တဲ့ မျောက်နဲ့စေးကဲ့သို့ အာရုံ၌ ကပ်ငြိ တွယ်တာသည်။

လျင်သော ရေအလျင်ရှိသော မြစ်ကြီးသည် မိမိ၌ ကျသောဝတ္ထုကို မဟာသမုဒ္ဒရာသို့ ပို့ဆောင်သကဲ့သို့ တဏှာလောဘသည် ကိုးပွားသည်ရှိသော် သတ္တဝါကို အပါယ်သို့သာလျင် ရောက်စေလေသည်။

(အကျယ်ကို အလောဘအခန်းတွင် ပြန်ရှု)

လက္ခဏာ

လောဘသည်--

"**အာရမ္မဏေ** အဘိသင်္ဂေါ **လက္ခဏာ**၊ **အာရမ္မဏဂ္ဂဟဏလက္ခဏာ**" အာရုံ၌ ကပ်ငြိတွယ်တာခြင်း သဘောလက္ခဏာ, အာရုံကို ယူကိုင် စွဲလမ်းခြင်း သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး ၊ ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ အာဝုံခြောက်ပါးကို ရလေ လေ အာသာမပြေ အောင် ကိုချင်မက်မောတဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ဘုရားလား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် အာရုံခြောက်ပါးကို ရလေလိုလေ အာသာ မပြေအောင် လိုချင်မက်မောသူဟာ ဘယ်သူလဲ?။

လောဘပါ ဘုရား။

အင်း....လောဘဘဲ အာရုံခြောက်ပါးကို ရလေလိုလေ အာသာမပြေအောင် လိုချင်မက်မောသည်၊ ခန္ဓာကိုယ် အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် လှတဲ့အဆင်းကို ငါတပ်မက်မောတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

ကောင်းတဲ့အသံကို ငါတပ်မက်မောတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

ကောင်းတဲ့အနံ့ကို ငါတပ်မက်မောတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

ကောင်းတဲ့အရသာကို ငါတပ်မက်မောတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

ကောင်းတဲ့အတွေ့ကို ငါတပ်မက်မောတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အင်း....တပ်မက်မောတဲ့ လောဘကို ငါမှုတ်ပြီး ငါတပ်ပြောနေကြတာဘဲ၊ ဒီ ငါမဖြုတ်နိုင်လို့ အပါယ်ရွာမှာ တလယ်လယ် ဝုပ်ခဲ့ကြရပြီ၊ ယခုလဲ ငါ့ မဖြုတ်နိုင်ကြသေးဘူး၊ အပါယ်ရွာမှာ တလယ်လယ် ဝုပ်ကြရလိမ့်ဦးမည်။

လောဘတဏှာ

ဒီ လောဘကိုပင် တဏှာလို့ ခေါ်သည်၊ ဒီ တဏှာဟာ သတ္တလောကကို ဆောင်သည်၊ သတ္တလောကကို ဆွဲငင်သည်၊ တရားအားလုံးပင် တဏှာ၏ အလိုနိုင်ငံသို့ လိုက်ပါကြရတယ်။

ဒေဝတာသံယုတ် တဏှာသုတ်မှာ—

"တဏှာယ နီယတိ လောကော၊ တဏှာယ ပရိကဿတိ။
တဏှာယ ဧကမ္မယ၊ သဗ္ဗေ ဝသ မန္ဒဋ္ဌ" ဟု ဟောတော်မူသည်။

(တဏှာလောဘကား အရာကျယ်သည်။)

အထင် မလွဲသင့်

ဒီ အာရုံငါးပါး ကာမဂုဏ်တရားတွေကို လိုချင်တပ်မက်မောတဲ့ တဏှာ လောဘ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာ ကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲ ထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ အာရုံအထွေထွေကို လိုချင် တပ်မက်မှောတဲ့ လောဘ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

အကြွင်း ရှေးနည်းတူ၊
လောဘ ပြောင်းလဲဟော။

ဒေါသ။

အမျက်ထွက်တတ် စိတ်ဆိုးတတ် ပျက်ဆီးတတ်သော သဘောသည် ဒေါသတည်း။

ဂင်း ဒေါသသည် အလွန်ခက်ထန် ကြမ်းတန်း၍ ဒုတ်လှံကန်ဖြင့် ခတ်မိသော မြွေဟောက်နှင့်တူ၏၊ မိမိမှိုရာ ဟဒယဝတ္ထုကို လောင်မြိုက်တတ်သောကြောင့် တောမီးနှင့်လည်း တူသည်။

မိမိကိုဂင်း သူတပါးကိုဂင်း ဖျက်ဆီးတတ်သောကြောင့် နှိပ်စက်ရာ၌ အခွင့်ရတဲ့ ရန်သူနှင့်လည်း တူသည်။

'ဒေါသ ဖျက်ဆီး'

ဒေါသကြီးသော ပုဂ္ဂိုလ်သည် သူတပါးကို ဖျက်ဆီးရာ၌ သူတပါးပျက်စီးသည်လည်း ရှိ၏၊ မပျက်စီးသည်လည်း ရှိ၏၊မိမိမှာကား ရှေးဦးပျက်စီးသည်ပင်၊ အယုတ်သဖြင့် ဒေါသဖြစ်လာလျှင် ရုပ်အဆင်း ကိုယ်အမူအရာမှစ၍ ဖောက်ပြန်လာပြီး ပျက်စီးလေသည်၊ သူတပါးကို ရိုက်နှက်ပုတ်ခတ်ရန် ဆူးရှိသောဒုတ်ကို ကိုင်သူအား ရှေးဦးမိမိလက်ကို စူးလေသည်၊ သူတပါးကိုကား ထိခိုက်စူးဝင်သည်လည်း ရှိ၏၊ မစူးဝင်သည်လည်း ရှိ၏။

စက်ဆုပ်ဖွယ် စွန့်ပယ်

အဆိပ်နှင့်ရောသော ကျင်ငယ်ပုပ်သည် သုံးဆောင်ရာကာလ အကျိုးဖြစ်ရာ ကာလတို့၌ စက်ဆုပ်ဖွယ်ရာ အကျိုးမဲ့ကိုသာ ဖြစ်စေတတ်သောကြောင့် အချင်းခပ်သိမ်း စက်ဆုပ်ဖွယ် စွန့်ပယ်သင့်သကဲ့သို့ ထို့အတူ ဒေါသဖြင့် စိတ်သည် ပုပ်သည်၏အဖြစ်သို့ ရောက်၍ ဝိနည်းအကျင့် အဆင်း၏ ပြည့်စုံခြင်း စီးပွားချမ်းသာ စသည်တို့ကို ဖျက်ဆီးတတ်သောကြောင့် ဒေါသကို အခါခပ်သိမ်း စက်ဆုပ်ဖွယ် စွန့်ပယ်သင့်သည်သာ ဖြစ်၏။

(အကျယ်ကို အဒေါသ အခန်းတွင် ပြန်ရှု)

လက္ခဏာ

ဒေါသသည် "စဏ္ဍိက္ကလက္ခဏာ" အမျက်ထွက်ခြင်းသဘောလက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ အမျက်ဒွက်တတ် စိတ်ဆိုးတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါမရှိဘဲနှင့် အမျက်ထက်သူ စိတ်ဆိုးသူဟာ ဘယ်သူလဲ?။

ဒေါသပါ ဘုရား။

အင်း....ဒေါသဘဲ အမျက်ထွက်တတ် စိတ်ဆိုးတတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့်- ငါ အမျက်ထွက်တယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

ငါ စိတ်ဆိုးတယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလဲသင်

ဒီ အမျက်ထွက်တတ် စိတ်ဆိုးတတ် ရန်ငြိုးမဲ့တတ်တဲ့ ဒေါသ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲငါဘဲယောကျ်ားဘဲမိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စံသင့်

ဒီ အမျက်ဒွက်တတ် စိတ်ဆိုးတတ် ရန်ငြိုးထားတတ်တဲ့ ဒေါသနာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တထာပဲဖြင့် နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနမဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊
ဒေါသ ပြောင်းလဲ့ဟော။

မောဟ။

အာရုံ၌ တွေ့ဝေတတ် အာရုံ၏ အမှန်သဘောကို ဖုံးလွှမ်းတတ်သော သဘောသည် မောဟတည်း။

မောဟကြီးသောသူသည် အကုသိုလ်ကို အပြုမျှားသည်၊ မောဟဖြင့် အကုသိုလ်၏ အပြစ်ကို ဖုံးလွှမ်းပိတ်ဆို့၍ ထားခြင်းကြောင့်—

(၁) သူ့အသက်သတ်ခြင်း၏ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ တဖန် လူအဖြစ်ကို ရပါသော်လည်း အသက်တိုရခြင်း အစရှိတဲ့ ကြီးလေးသော အပြစ်ကိုဌင်း၊

(၂) သူ့ဥစ္စာ ခိုးခြင်း၏ သေသည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ တဖန် လူအဖြစ်ကို ရပါသော်လည်း ဥစ္စာပျက်ကွဲ ဆင်းရဲမဲ့တေရခြင်း အစရှိတဲ့ ကြီးလေးသော အပြစ်ကိုဌင်း၊

(၃) သူ့မယားကို မှားယွင်းခြင်း၏ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ တဖန် လူအဖြစ်ကိုရပါသော်လည်း လူမုန်းမျှားခြင်း မိန်းမဖြစ်ရခြင်း နပုံးပဏ္ဍုက် ဖြစ်ရခြင်း အစရှိတဲ့ ကြီးလေးသော အပြစ်ကိုဌင်း၊

(၄) မုသား ပြောကြားခြင်း၏ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ တဖန် လူအဖြစ်ကို ရပါသော်လည်း မဟုတ်မတရား အစွပ်စွဲခံရခြင်း အစရှိတဲ့ ကြီးလေးသော အပြစ်ကိုဌင်း၊

(၅) အရက်သောက်ခြင်း၏ သေသည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ တဖန် လူအဖြစ်ကို ရပါသော်လည်း အရူးအနှမ်း ဖြစ်ရခြင်း အစရှိတဲ့ ကြီးလေးသော အပြစ်ကိုဝင်း မသိမြင်ခြင်းကြောင့် ကံငါးပါးကို ကျူးလွန်လေသည်၊ မောဟသည် အကုသိုလ်မူအားလုံး၏ အရင်းမူလပင်ဖြစ်၏၊ အကုသိုလ်မှုကို ပြုရာ၌ ခေါင်းဆောင်ကြီးပင်ဖြစ်၏။

အဝိဇ္ဇာလို့လည်း ခေါ်သည်၊ သစ္စာလေးပါးကို ဉာဏ်ဖြင့် မမြင်အောင် ဖုံးလွှမ်း၍ထားသည်၊ အတိတ်ဘဝ ခန္ဓာအစဉ်တွေကိုလဲ မောဟဖုံးလွှမ်း၍ မသိမြင်၊ အနာဂတ် ဘဝခန္ဓာ အစဉ်တွက်လဲ မောဟပင်ဖုံးလွှမ်း၍ မသိမြင်၊ အမှန်တရားကိုလဲ မောဟပင် ဖုံးလွှမ်းထား၍ မသိမြင်၊ ပညာမျက်စိ ကန်းမှိုက်အောင်ပင် ပြုလေသည်။

(အကျယ်ကို အမောဟ အခန်းတွင် ပြန်ရှု)

လက္ခဏာ

မောဟသည် 'စိတ္တဿ အန္ဓဘာဝ လက္ခဏာ၊ ဝါ အညာဏ လက္ခဏာ'။

စိတ်၏ ဓမ္မသဘောကို မဖောက်မပြန် မမြင်နိုင်ခြင်း ဟူသော ပညာမျက်စိ ကန်းသည်၏ အဖြစ်လျှင် သဘောလက္ခဏာရှိသည်။

ဝါ ဉာဏ်ပညာ၏ ဆန့်ကျင်ဘက်၏ အဖြစ်လျှင် သဘောလက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး - ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ အမှန်သဘောကို မမြင်အောင် ပညာမျက်စိ ကန်းမှိုက်အောင် ပြုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိပဲ လား?

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါမရှိဘဲနဲ့ အမှန်သဘောကို မမြင်အောင် ပညာမျက်စိ ကန်းမှိုက်အောင် ပြုသူဟာ ဘယ်သူလဲ?။

မောဟ ပါ ဘုရား။

အင်း....မောဟတဲ့ အမှန်သဘောကို မမြင်အောင် ဖုံးလွှမ်းတတ်တယ် ပညာမျက်စိကန်းမိုက်အောင် ပြုတတ်တယ် ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါမိုက်မဲ တွေ့ဝေတယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

အုဏင် မလွဲသင့်

ဒီ အမှန်သဘောကို ဖုံးလွှမ်းတတ်တဲ့ ပညာမျက်စိ ကန်းအောင်ပြုတတ်တဲ့ မောဟနာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစဲသင်

ဒီ အမှန်သဘောကို ဖုံးလွှမ်းတတ်တဲ့ ပညာမျက်စိ ကန်းအောင်ပြုတတ်တဲ့ မောဟနာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင်ပါ့မလား?။

မသင့်ပါ ဘုရား။

*အကြွင်း ရှေးနည်းတူ၊

မောဟ ပြောင်းလဲဟော။

အဟိရိက၊

အကုသိုလ်ဒုစရိုက်မှုကို ပြုရမှာ မရှက်တတ် မစက်ဆုပ်တတ်သော သဘောသည် အဟိရိကတည်း။

အနောတ္တပ္ပ၊

အကုသိုလ် ဒုစ်ရိုက်မှုကို ပြုရမှာ မကြောက်လန့်တတ်သော သဘောသည် အနောတ္တပ္ပတည်း။

ဟိရိသြတ္တပ္ပ တရားနှစ်ပါး မရှိသူသည် အရှက်အကြောက်ကင်းရှိ–

(၁) သူ့အသက်ကို သတ်ခြင်း၊

(၂) သူ့ဥစ္စာကို ခိုးယူခြင်း၊

(၃) သူ့မယားကို မှားယွင်းခြင်း ဟူသော ကာယဒုစရိုက်မှုဌဉ်ငါး–

(၄) မုသားပြောခြင်း၊

(၅) ဂုံးချောခြင်း၊

(၆) ကြမ်းကြုတ်စွာပြောခြင်း၊

(၇) အကျိုးစီးပွား မရှိသောစကားကို ပြောခြင်း ဟူသော ဝစီဒုစရိုက်မှုဌဉ်ငါး–

(၈) သူ့စည်းစိမ်ကို မတရားလိုချင်ခြင်း၊

(၉) သူတပါးပျက်စီးမှုကို ကြံစည်ခြင်း၊

(၁၀) အယူလွဲမှားခြင်းဟူသော မနောဒုစရိုက်မှုဌဉ်ငါး မရှက်မကြောက် ပြုရဲလေသည်။

'ရှာဝက်နှင့်တူ'

အဟိရိကသည် ရှာဝက်နှင့်တူသည်။ ရှာသူတို့၏ ဝက်သည် မစင်ကို **မစက်ဆုပ်** သကဲ့သို့ ထို့အပြင် **အဟိရိကသည်** အကုသိုလ်ဒုစရိုက်မှု **မစက်ဆုပ်ပြုတတ်**သည်။

အဟိရိက + အနောတ္တပ္ပ၊

အနောတ္တပ္ပသည် ပိုးနှံနှင့်တူသည်။

ပိုးနှံသည် မီးမှ မကြောက်လန့်သကဲ့သို့ ထို့အတူ အနောတ္တပ္ပသည် အကုသိုလ်ဒုစရိုက်မှုမှ မကြောက်လန့်တတ် ပြုတတ်သည်။

ထို့ကြောင့်—

ဇိဂုစ္ဆတိ နာဟိရိကော၊ ပ ါပ ါဂူထာ၀ သူကရော။

နဘာယတိ အနောတ္တပ္ပီ၊ သလဘော ဝိယ ပ ါ၀ကာ ဟု–မိန့်ပြီး။

(အကျယ်ကို ဟိရိသြတ္တပ္ပ အခန်းတွင် ပြောင်းပြန်ရှု)

လက္ခဏာ

အဟိရိကသည် 'ကာယ ဒုစ္စရိတာဒီဟိ အဇိဂုစ္ဆနလက္ခဏာ' ကာယဒုစရိုက်စသည်တို့မှ မစက်ဆုပ်ခြင်း သဘောလက္ခဏာရှိသည်။

အနောတ္တပ္ပသည် 'ကာယ ဒုစ္စရိတာဒီဟိ အနုတ္တာသလက္ခဏာ' ကာယဒုစရိုက်စသည်တို့မှ မကြောက်လန့်ခြင်း သဘောလက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တ၀ါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ အကုသိုလ် ဒုစရိုက်မှု ပြုရာ၌ မရှက်မကြောက်တတ်တဲ့ ပုဂ္ဂိုလ် သတ္တ၀ါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တ၀ါ မရှိဘဲနှင့် အကုသိုလ် ဒုစရိုက်မှု ပြုရာ၌ မရှက်မကြောက် သူဟာ ဘယ်သူပါလဲ?။

အဟိရိက အနောတ္တပ္ပပါ ဘုရား။

အင်း....အဟိရိက အနောတ္တပ္ပဘဲ အကုသိုလ် ဒုစရိုက်မှုကို မရှက်မကြောက် ပြုတတ်တယ်၊ ခန္ဓာ ကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တ၀ါ မရှိပါ။

ဒါဖြင့် အကုသိုလ်အမှုမှာ ငါမရှက်ဘူး ငါမကြောက်ဘူး ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

အထင် မလဲသင့်

ဒီ အကုသိုလ် ဒုစရိုက်မှုကို မရှက်မကြောက်ပြုတတ်တဲ့ အဟိရိက အနောတ္တပ္ပ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလဲ့ ထင်နေ တာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ အကုသိုလ်ဒုစရိုက်မှုကို မရှက်မကြောက် ပြုတတ်တဲ့ အဟိရိက အနောတ္တပ္ပ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊

အဟိရိက အနောတ္တပ္ပ ပြောင်းလဲဟော။

ဥဒ္ဒစ္ဆ။

စိတ်၏ မငြိမ်သက်ခြင်း ကုန်ခြင်းသည် ဥဒ္ဒစ္ဆတည်း။

ဥဒ္ဒစ္ဆ ဖြစ်နေသူ၏ စိတ်သည် လေတိုက်ခတ်သဖြင့် လှုပ်သောရေကဲ့သို့ မရပ် မတည် တုန်လှုပ်၍နေသည်။

လေခတ်သော တံခွန်ကုက္ကားကဲ့သို့ မရပ်မတည် လည်၍နေသည်။

ကျောက်ခဲဖြင့် ပစ်ခတ်ခြင်းကြောင့် ထက်ဝန်းကျင် လွင့်တက်သော ပြာကဲ့သို့ မငြိမ်မသက် လွင့်တက်၍နေသည်။

စိတ်ကို ပ့ျံလွင့်စေတတ်တဲ့ တရားပင်ဖြစ်သည်။

လက္ခဏာ

ဥဒ္ဒစ္စသည် "အဝူပသမ လက္ခဏာ" စိတ်၏ မငြိမ်သက်ခြင်း ပ့ျံလွင့်ခြင်း လျှင် သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ် အတွင်းမှာ စိတ်ကို ပ့ျံလွင့်အောင် ပြုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါမရှိဘဲနှင့် စိတ်ကို ပ့ျံလွင့်အောင် ပြုသူဟာဘယ်သူပါလဲ?။

ဥဒ္ဒစ္စပါ ဘုရား။

အင်း....ဥဒ္ဒစ္စဘဲ စိတ်မငြိမ်မသက် ပ့ျံလွင့်အောင် ပြုတတ်သည်၊ ခန္ဓာကိုယ် အတွင်းမှာ ပုဂ္ဂိုလ်သတ္တဝါ မရှိပါ။

ဒါဖြင့် ငါစိတ် မငြိမ်သက် ပ့ျံလွင့်သည်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ စိတ်ကို ပ့ျံလွင့်အောင် ပြုတတ်တဲ့ ဥဒ္ဒစ္စနာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောဂျီးဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ စိတ်ကို ပယ်လွှင့်အောင် ပြုတတ်တဲ့ ဥဒ္ဒစ္စနာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

အကြွင်း ရှေးနည်းတူ၊
ဥဒ္ဒစ္စ ပြောင်းလဲဟော။

ဒိဋ္ဌိ။

အယူဝါဒ၊ ဝါ- ရှုမြင်ခြင်းကို ဒိဋ္ဌိ ဆိုသည်။

ၦင်းဒိဋ္ဌိသည်–

(၁) သမ္မာဒိဋ္ဌိ၊ (အယူမှန်+အမြင်မှန်)

(၂) မိစ္ဆာဒိဋ္ဌိ၊ (အယူမှား+အမြင်မှား)

အားဖြင့် နှစ်ပါးရှိသည်တွင် ဤနေရာ၌ အကုသိုလ်အရာဖြစ်၍ မိစ္ဆာဒိဋ္ဌိကိုယူ။

မိစ္ဆာဒိဋ္ဌိ–အယူမှားသည်၊ အမြင်မှားသည်။

မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်သည်–

(၁) အနိစ္စ၊ (အမြဲမရှိသော)

(၂) ဒုက္ခ၊ (ဆင်းရဲသော)

(၃) အနတ္တ၊ (အလိုသို့ မလိုက်ပါသော)

တေဘူမက သခ်ၢိရတရားတွေကို—

(၁) နိစ္စ (မြဲ၏၊)
(၂) သုခ (ချမ်းသာ၏၊)
(၃) အတ္တ (အလိုသို့ လိုက်ပါ၏၊)

ဟု ဖေါက်ပြန်မှားယွင်း ယူခြင်း မြင်ခြင်းတည်း။

ဒိဋ္ဌိ (၆၂) ပါး

ပုဗ္ဗန္တ ကပ္ပိကဋ္ဌိ (၁၈) ပါး။

(၁) သဿတ ဝါဒ (၄)ပါး၊
(၂) ကေစ္စသဿတ ဝါဒ (၄)ပါး:
(၃) အန္တာ နန္တဝါဒ (၄)ပါး၊
(၄) အမရာ ဝိက္ခေပဝါဒ (၄)ပါး
(၅) အဓိစ္စ သမုပ္ပန္နဝါဒ (၂)ပါး၊

အပရန္တ ကပ္ပိကဋ္ဌိ (၄၄)ပါး။

(၁) သညီ ဝါဒ (၁၆)ပါး၊
(၂) အသညီ ဝါဒ (၈)ပါး၊
(၃) နေဝသညီ နာသညီ ဝါဒ (၈)ပါး၊
(၄) ဥစ္ဆေဒ ဝါဒ (၇)ပါး၊
(၅) ဒိဋ္ဌဓမ္မနိဗ္ဗာန ဝါဒ (၅)ပါး၊

ထို့ကြောင့် မိစ္ဆာဒိဋ္ဌိတိ ဒ္ဒါသဋ္ဌိ ဝိဓာယပိ မိစ္ဆာဒိဋ္ဌိယာ ဧတံ, အဓိဝန် (အင်ဋ္ဌ)ဟု မိန့်သည်။

လက္ခဏာ

မိစ္ဆာဒိဋ္ဌိသည်'အယောနိသော အာဘိနိဝေသ လက္ခဏာ' မသင့်မတင့် ဖောက်ပြန်မှားယွင်း နှလုံးသွင်းခြင်းလျှင် သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ အယူမှား အမြင်မှား ပြုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် အယူမှား အမြင်မှားသူဟာ ဘယ်သူပါလဲ?။

မိစ္ဆာဒိဋ္ဌိပါ ဘုရား။

အင်း မိစ္ဆာဒိဋ္ဌိဘဲ အယူမှား အမြင်မှား ပြုတတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါအယူမှားတယ်၊ ငါအမြင်မှားတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ အယူမှား အမြင်မှား ပြုတတ်တဲ့ မိစ္ဆာဒိဋ္ဌိ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စဲသင့်

ဒီ အယူမှား အမြင်မှား ပြုတတ်တဲ့ မိစ္ဆာဒိဋ္ဌိ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တရားစွဲပြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင်, ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေ့တာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊
ဒိဋ္ဌိ ပြောင်းလဲဟော။

မာန၊

ငါတကားဟု ထောင်လွှားတက်ကြွ မြင့်မောက်ခြင်း သဘောသည် မာနတည်း။

မာနကြီးသူသည် အရှေးပမာ ဘဝင်မြင့်ကာ ငါလိုလူ ဇမ္ဗူမရှိဘူးဟု အထင်ကြီးတတ်သည်၊ တံခွန်မှန်ကင်းပမာ ထောင်လွှားတက်ကြွ မောက်မောက်မာမာ ပြုတတ်လှသည်။

မာနအပြား

(၁) သေယျမာန (အမြတ်မာန်)

(၂) သဒိသမာန (အတူမာန်)

(၃) ဟီနမာန (အယုတ်မာန်)

အားဖြင့် မာနသုံးပါးသည်– သေယျပုဂ္ဂိုလ် သဒိသပုဂ္ဂိုလ် ဟီနပုဂ္ဂိုလ် သုံးယောက်တို့ဌာ်ဖြစ်၍ မာန(၉)ပါးပြားသည်။

လက္ခဏာ

မာနသည် 'ဥဏ္ဏတိလက္ခဏာ' ထောင်လွှား တက်ကြွခြင်း သဘော လက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ငါတကားဟု ထောင်လွှားဖက်တင် မာန်တံခွန် ထူတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ငါတကားဟု ထောင်လွှားဖက်တင် မာန်တံခွန် ထူသူဟာ ဘယ်သူပါလဲ?။

မာနပါ ဘုရား။

အင်း....မာနဘဲ ငါတကားဟုထောင်လွှား ဖက်တင်မာန်တံခွန်ထူတတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါထောင်လွှားတယ်၊ ငါတက်ကြွတယ်၊ ငါမောက်မာတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ထောင်လွှားဖက်တင် မာန်တံခွန် ထူတတ်တဲ့ မာန နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စဲသင့်

ဒီ ငါတကားဟု ထောင်လွှားဖက်တင် မာန်တံခွန်ထူတတ်တဲ့ မာန နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တကာ့ဆဲဖြင့် စဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစဲဖြင့် ဆဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြွင်း ရှေးနည်းတူ၊
မာနပြောင်းလဲဟော။

ဣသာ။

သူတပါးတို့၏ စည်းစိမ်ချမ်းသာကို ငြူစူခြင်း သည်းမခံနိုင်ခြင်း သဘောသည် ဣသာတည်း။

ဣသာ တရားများသူသည် အဖက်ဖက်မှ ပြည့်ပြည့်စုံစုံ ဂုဏ်သရေရှိ သူများကို မနာလို မရှစိမ့်ရှိသည်၊ ချမ်းသာကြီးပွားနေသူများကို ကိုယ်တိုင် မြင်၍ရင်း, သူများအပြောနှင့် ကြားရ၍ရင်း၊မနှစ်မျို့,သည်းမခံနိုင်,မမြင်လို,နားမထောင်လို, သူတပါး မကြီးပွား မချမ်းသာအောင် ရရှိပြီးဖြစ်တဲ့ ရာထူး ဂုဏ်သိရ် စည်းစိမ် ဥစ္စာတွေ့ လျှောကျ ပျက်စီးအောင်သာ သဘောထားတတ်သည်၊ မုဒိတာနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

လက္ခဏာ

ဣသာသည် 'ပရသမ္ပတ္တိ ဥဿူယန လက္ခဏာ' သူတပါးတို့၏ စည်းစိမ်ချမ်းသာကို ငြူစူခြင်း သည်းမခံနိုင်ခြင်း သဘောလက္ခဏာရှိသည်။

ပဋိဋ္ဌာန် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ သူ့စည်းစိမ်ကို ငြူစူတတ်တဲ့ ပဋိဋ္ဌာန် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပဋိဋ္ဌာန် သတ္တဝါ မရှိဘဲနှင့် သူ့စည်းစိမ်ကို ငြူစူသူဟာ ဘယ်သူပါလဲ?။

ဣသာပါ ဘုရား။

အင်း.... ဣသာတရားဘဲ သူ့စည်းစိမ်ကို ငြူစူတတ်တယ်၊ ခန္ဓာကိုယ် အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် သူတပါး ကြီးပွားချမ်းသာတာကို ငါမနာလိုဘူးဆိုတာ ဟုတ်နိုင်ပါ့**မလား?**။

မဟုတ်ပါ ဘုရား။

ငါ ငြူစူတယ်ဆိုတာ ဟုတ်နိုင်ပါ့**မလား?**။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ သူ့စည်းစိမ်ကို ငြူစူတတ်တဲ့ ဣသာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့**မလား?**။

မသင့်ပါ ဘုရား။

မစ္စဲသင့်

ဒီ သူ့စည်းစိမ်ကို ငြူစူတတ်တဲ့ ဣသာ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့**မလား?**။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့**မလား?**။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့**မလား?**။

မသင့်ပါ ဘုရား။

အကြွင်း ရှေးနည်းတူ။

ဣသာ ပြောင်းလဲဟော။

မစ္ဆရိယ။

ဤ ရာထူးဂုဏ်သိရ် စည်းစိမ်သတင်း ကျော်စောခြင်း စသော အရာစုသည် တပါးသူတို့အား မဖြစ်ပါစေလင့်၊ ငါ့အားသာ ဖြစ်ပါစေ စသည်ဖြင့် ဝန်တို ခြင်းသဘောသည် မစ္ဆရိယတည်း။

မစ္ဆရိယတရား အားကြီးသောသူသည် အလှန်ဝန်တိုသည်၊ မိမိ၏ ရပြီး,ရဆဲ, ရလတ္တံ့ဖြစ်သော ရာထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာတို့ကို လျှို့ဝှက်သည် သူတပါးတို့ နှင့် ဆက်ဆံမှုကို သည်းမခံနိုင်, မနှစ်သက်နိုင်ရှိသည်၊ သူကလေးက အလှန်သဝန် တိုတတ်သည်ဟု ပြောဆိုကြသည်မှာလည်း ဤမစ္ဆရိယပင် မိမိကိုယ်တိုင်လည်း မပေးလှူ၊ သူတပါးတို့ ပေးလှူသည်ကိုလည်း တားမြစ်သည်၊ ဒါနနှင့် ဖြောင့် ဖြောင့် ဆန့်ကျင်သည်။

မစ္ဆရိယ ၅–ပါး

(၁) အာဝါသမစ္ဆရိယ၊ (စရပ်တန်ဆောင်း ကျောင်းစသော အရိပ် အာဝါသ၌ ဝန်တိုခြင်း)
(၂) ကုလမစ္ဆရိယ၊ (အလုပ်အကျွေး ဒါယကာတို့၌ ဝန်တိုခြင်း)
(၃) လာဘမစ္ဆရိယ၊ (ပစ္စည်းလာဘ်လာဘ၌ ဝန်တိုခြင်း)
(၄) ဓမ္မမစ္ဆရိယ၊ (အတတ်ပညာ ပရိယတ္တိဓမ္မတို့၌ ဝန်တိုခြင်း)
(၅) ဝဏ္ဏမစ္ဆရိယ၊ (ရုပ်ရေအဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုခြင်း)

ဝန်တိုပုံ

(၁) စရပ်တန်ဆောင်း ကျောင်း စသော အရိပ်အာဝါသတို့၌ သူတပါး တို့ တည်းခိုနေထိုင်မှုကို သည်းမခံနိုင်ခြင်းကြောင့် ထိုအရိပ်အာဝါသ တို့မှ တည်းခိုနေထိုင်သူများကို နှင်ထုတ်ခြင်း, ထိုအရိပ်အာဝါသတို့၌ တည်းခို နေထိုင်ခွင့်ကို တားမြစ် ပိတ်ပင်ခြင်းသည် အာဝါသ မစ္ဆရိယတည်း။

(သူယုတ်မာများကို နှင်ထုတ်ခြင်း၊တားမြစ်ပိတ်ပင်ခြင်းကို ပြုခြင်း သည် အာဝါသမစ္ဆရိယ မဟုတ်မှတ်။)

(၂) မိမိနှင့် ဆက်ဆံရင်းနှီး ဆွေနီးမျိုးစပ် ဆည်းကပ်လုပ်ကျွေးပြီးနေတဲ့ ဒါယကာ ဒါယိကာမတို့၌ သူတပါးတို့နှင့် ဆက်ဆံ ရင်နှီးမှုကိုရင်း၊ တပါးသူသို့ ဆည်းကပ်လုပ်ကျွေးမှုကိုရင်း သည်းမခံနိုင်ခြင်းကြောင့် ချဉ်းကပ် ဆက်ဆံခွင့်ကို တားမြစ် ပိတ်ပင်ခြင်းသည် ကုလမစ္ဆရိယတည်း။

(သူယုတ်မာများ ချဉ်းကပ်ဆက်ဆံမှုကို တားမြစ်ပိတ်ပင်ခြင်းသည် ကုလမစ္ဆရိယ မဟုတ်။)

(၃) ပစ္စည်း လာဘ်လာဘတို့၌ တပါးသူတို့ ရရှိမှုကို သည်းမခံနိုင်ခြင်းကြောင့် သူတပါးတို့ လာဘ်လာဘမရအောင် တားမြစ်ပိတ်ပင်ခြင်းသည် လာဘမစ္ဆရိယတည်း။

(သူယုတ်မာများကို လူဒါန်းမှုကို တားမြစ် ပိတ်ပင်ခြင်းသည် လာဘမစ္ဆရိယ မဟုတ်။)

(၄) တပါးသူတို့၏ ရူပ်ရေအဆင်း ဂုဏ်ကျေးဇူး သဘင်းကို ချီးမွမ်းပြောကြားခြင်းကို သည်းမခံနိုင် ခြင်းကြောင့် တားမြစ်ပိတ်ပင်ခြင်းသည် ဝဏ္ဏမစ္ဆရိယတည်း။

(သူယုတ်မာများ၏ ကျေးဇူးသတင်းကို တားမြစ်ပိတ်ပင်ခြင်းသည် ဝဏ္ဏမစ္ဆရိယ မဟုတ်။)

(၅) မိမိတတ်မြောက်သော အတတ်ပညာ ပရိယတ္တိတရားကို တပါးသူတို့ မတတ်မြောက်အောင် သင်မပေးခြင်း လျှို့ဝှက်၍ တားခြင်းသည် ဓမ္မမစ္ဆရိယတည်း။

(သူယုတ်မာကို သင်မပေးရာ၌ကား ဓမ္မမစ္ဆရိယ မဟုတ်ပါ။)

'မစ္ဆရိယအပြစ်'

(၁) အာဝါသ မစ္ဆရိယဖြင့် ဘီလူး၊ သို့မဟုတ် ပြိတ္တာဖြစ်၍ ထိုအရိပ် အာဝါသ၌ပင် တမြက်ခေါ်းကို ခေါင်းနှင့်ရှက်၍ ကျည်ကလည်ရတတ်သည်၊ (တနည်း) သံယူအိမ်ငရဲ၌ ကျက်ရသည်။

သုဓမ္မဝဏ္ဏီ (တ–၁၃၂)

(၂) ကုလမစ္ဆရိယဖြင့် သေ့းအံခြင်း ဝမ်းသေ့းကျခြင်း အူထွက်ကျခြင်းတို့ ဖြစ်တတ်သည်။

(တနည်း) ပစ္စည်း လာဘ်လာဘ ပါးရှားတတ်သည်။

(၃) လာဘမစ္ဆရိယဖြင့် ဘီလူး၊ သို့မဟုတ် ပြိတ္တာ, သို့မဟုတ် ဗပါးကြီးမြေ့ ဖြစ်တတ်သည်။

(တနည်း) မစင်ဘင်ပုပ်ငရဲ၌ ဖြစ်ရတတ်သည်။

(၄) ဝဏ္ဏမစ္ဆရိယဖြင့် အဆင်းမလှ ဖြစ်တတ်သည်။

(တနည်း) ဘဝတိုင်း ဘဝတိုင်း ရုပ်ရေအဆင်း ဂုဏ်သတင်းတို့ ညံ့ဖျင်း ကင်းမဲ့တတ်သည်။

(၅) ဓမ္မမစ္ဆရိယဖြင့် အရည်ယိုဆင်း ခံတွင်းညံ့ဖျင်းပုပ်အ တတ်သည်။

(တနည်း) ပြာပူငရဲ၌ ဖြစ်ရသည်။

လက္ခဏာ

မစ္ဆရိယသည် 'အတ္တ သမ္ပတ္တိ နိဂ္ဂုဟနလက္ခဏာ'ရပြီး, ရဆဲ, ရလတ္တံ့ဖြစ်သော အရိပ်အာဝါသ စသော မိမိ၏စည်းစိမ် ချမ်းသာတို့ကို လျှို့ဝှက်ခြင်း သဘော လက္ခဏာရှိသည်။

ပဋိဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ မိမိ၏ အရိပ်အာဝါသ စသည်တို့၌ ဝန်တိုတတ်တဲ့ ပဋိဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပဋိဂ္ဂိုလ် သတ္တဝါမရှိဘဲနှင့် မိမိ၏ အရိပ် အာဝါသစသည်တို့၌ ဝန်တိုသူဟာ ဘယ်သူလဲ?။

မစ္ဆရိယပါ ဘုရား။

အင်း....မစ္ဆရိယတရားဘဲ မိမိ၏ အရိပ်အာဝါသ စသည်တို့၌ သူတပါးတို့နှင့် ဆက်ဆံမှုကို သည်း မခံလိုဝန်တိုသည်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ်သတ္တဝါ မရှိပါ။

ဒါဖြင့် ငါဝန်တိုသည်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ အရိပ်အာဝါသစသည်တို့၌ ဝန်တိုတတ်တဲ့ မစ္ဆရိယနာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူ့ဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ အရိပ်အာဝါသ စသည်တို့၌ ဝန်တိုတတ်တဲ့ မစ္ဆရိယ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလာ?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အပိုကျွမ်းကျင်တဲ့ အတွေ့ဘဲလို့ ဒိဋ္ဌိဖြင့် ဆုပ်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

အကြွင်း ရှေးနည်းတူ၊

မစ္ဆရိယ ပြောင်းလဲဟော။

ကုက္ကုစ္စ။

ပြုအပ်ပြီးသော ကုသိုလ်၊ မပြုလိုက်မိသော သုစရိုက်ကို ပြောင်းကမန် ပူပန်စိုးရိမ်ခြင်းသည် သူတော်ကောင်းတွေ့ စက်ဆုပ်ဖွယ်ရာ ကုက္ကုစ္စမည်သတည်း။

ကုက္ကုစ္စ ဖြစ်သောသူသည် မိမိပြုခဲ့ဘူးတဲ့—

(၁) သူအသက် သတ်ခြင်း၊

(၂) သူ့ဥစ္စာကို ခိုးယူခြင်း၊

(၃) သူ့မယားကို မှားယွင်းခြင်း (မှားယွင်းသော မေထုန်အမှုကို ပြုခြင်း) ဟူသော ကာယဒုစရိုက်မှု၊

(၄) မုသားပြောခြင်း၊

(၅) ဂုံးတိုက်ခြင်း၊

(၆) ကြမ်းကြုတ်စွာ ပြောခြင်း၊

(၇) အကျိုးမရှိသောစကားကို ပြောကြားခြင်းဟူသော ဝစီဒုစရိုက်မှု၊

(၈) သူ့စည်းစိမ်ကို မတရားလိုချင်ခြင်း၊

(၉) သူတပါးပျက်စီးမှုကို ကြံစည်ခြင်း၊

(၁၀) အယူလွဲမှားခြင်း ဟူသော မနောဒုစရိုက်မှုတို့ကို အာရုံပြု၍ ငါသည် ဤအပါယ်လားကြောင်း မကောင်းသော ဒုစရိုက်တရားကို ပြုမှားမိခဲ့စွတကားဟု စိုးရိမ်ပူပန်မှု။

မိမိမပြုကျင့်မိခဲ့တဲ့—

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂) သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) သူ့မယားကို မှားယွင်းခြင်းမှ ရှောင်ကြဉ်ခြင်း(မှားယွင်းသော မေထုန်အမှုမှ ရှောင်ကြဉ်ခြင်း) ဟူသော ကာယသုစရိုက်မှု၊

(၄) မုသားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၅) ဂုံးတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၆) ကြမ်းတန်းစွာ ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၇) အကျိုးမရှိစကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော ဝစီသုစရိုက်မှု၊

(၈) သူ့စည်းစိမ်ကို မတရား လိုချင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၉) သူတပါးပျက်စီးမှုကို ကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၁၀) အယူဖြောင့်မှန်ခြင်း ဟူသော မနောသုစရိုက်မှုတို့ကို အာရုံပြု၍ ငါသည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရကြောင်း ကောင်းသော သုစရိုက်တရားကို မပြုကျင့်မီခဲ့စဉ်တကားဟု စိုးရိမ်ပူပန်မှုသည် ဖြစ်ပွား၏၊ နှလုံးမသာယာမှု ဝိပ္ပဋိသာရ စိတ္တုပ္ပါဒ်ပင် ဖြစ်သည်။

'ကျွန်နှင့်တူ'

ကုက္ကုစ္စဖြစ်သော သူသည် ပညာရှိထံသွား၍ ကုက္ကုစ္စကင်းအောင် အဆုံးအဖြတ်ခံရခြင်းသည် ဖြစ်၏၊ ကျွန်သည် သူတပါးနှင့်စပ်သကဲ့သို့ ကုက္ကုစ္စဖြစ်သော သူသည် သူတပါးနှင့် စပ်သည်၏အဖြစ်ကြောင့် ကျွန်နှင့်တူသည်မှတ်။

လက္ခဏာ

ကုက္ကုစ္စသည် 'ပစ္ဆာနုတာပလက္ခဏာ' နောင်တဖန် စိုးရိမ်ပူပန်ခြင်း သဘော လက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ် အတွင်းမှာ ပြုပြီးဖြစ်တဲ့ ဒုစရိုက်၊ မပြုလိုက်မိတဲ့ သုစရိုက်တရားတွေကို အာရုံပြုပြီး နောင်တဖန် စိုးရိမ်ပူပန်ခြင်းကိုပြုတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ်သတ္တဝါ ပရိသတ်နှင့် ပြုပြီးဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တရားတွေကို အာရုံပြုပြီး နောင်တဖန် စိုးရိမ်ပူပန်သူဟာ ဘယ်သူလဲ?။

ကုက္ကုစ္စပါ ဘုရား။

အင်း.... ကုက္ကုစ္စဘဲ ပြုပြီးဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တရားတွေကို အာရုံပြုပြီး နောင်တဖန် စိုးရိမ်ပူပန်တတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါနောင်တဖန် စိုးရိမ်ပူပန်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ပြုပြီးဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တရားတွေကို အာရုံပြုပြီး စိုးရိမ်ပူပန်မှုကို ပြုတတ်တဲ့ ကုက္ကုစ္စ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အထင်လွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစဲသင်

ဒီ ပြုပြီးဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တရားတွေကို အာရုံပြုပြီး စိုးရိမ်ပူပန်မှုကို ပြုတတ်တဲ့ ကုက္ကုစ္စ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင်ပါမလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊
ကုက္ကုစ္စ ပြောင်းလဲဟော။

ထိန်၊

အားထုတ်ခြင်း ကင်းသည်၏အဖြစ် ဆုတ်နစ်သည်၏အဖြစ် တွန့်သည်၏အဖြစ် ဖျင်းသည်၏အဖြစ် စိတ်၏မခန့်သည်၏အဖြစ် စိတ်၏ထိုင်းသည်၏အဖြစ် နုံသည်၏အဖြစ် ဟူသော သဘောသည် ထိနတည်း။

ဌင်းထိနသည် အားထုတ်ခြင်း လုံ့လဝီရိယကို ဖျက်ဆီးတတ်သည် သမ္မယုတ်တရားတို့၏ ဆုတ်နစ်ခြင်းကို ဖြစ်စေတတ်သည်။

မိဒ္ဓ၊

မစ္စမ်းနိုင်သည်၏အဖြစ် ပင်ပန်းသည်၏အဖြစ်ဖြင့် အမှုဌ်မခန့်သည်၏အဖြစ်သည်၊ ဝါ-စေတသိက်တို့၏ မှိုင်းသည်၏ အဖြစ်သည် မိဒ္ဓတည်း။

ဌင်းမိဒ္ဓသည် ဝိညာဉ်ဒွါရတို့ကို ပိတ်ဆို့တတ်သည်၊ အာရုံကို ယူခြင်းဌ ကွန်ကိုတတ်သည်၊ မျက်လွှာတလှပ်လှပ် မှိတ်တုတ်မှိတ်တုတ် အိပ်မွေ့ခြင်းကို ဖြစ်စေတတ်သည်။

ထိနမိဒ္ဓ

ထိန, မ်ဒ္ဓများသော သူသည် တရားနာရာ အခါမျိုးဌ်ရင်း၊ စာပေကျမ်းဂန်သင်ဖတ်ကြည့်ရှုရာ အခါမျိုးဌ်ရင်း၊ သမထ, ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းစီးဂြန်း အားကုတ်မှုတို့ဌ်ရင်း မမ္မေခေျာ်ခြင်း ကိုယ် တဆန့်ကျင်ကျင်ရှိခြင်း ပျင်းရိခြင်း ဟာသန်းသန်း တဝေဝေရှိခြင်း ငိုက်မျည်းခြင်းသည် ဖြစ်၏၊ စိတ်စေတသိက်တို့ ထိုင်းခြင်း, မှိုင်းခြင်းပင်။

လက္ခဏာ

ဌင်နသည် 'အနုသယဟ လက္ခဏာ' အားထုတ်ခြင်း ကင်းသည်၏အဖြစ်လျှင် သဘောလက္ခဏာရှိသည်။

မိဒ္ဓသည် 'အကမ္မညတာလက္ခဏာ' အမှုဌ် မကောင်းသည်၏အဖြစ် မခန့်သည်၏အဖြစ်လျှင် သဘောလက္ခဏာရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ စိတ်စေတသိက် နာမ်တရားတွေကို ထိုင်းမှိုင်း သန်းဝေ ငိုက်မျည်းအောင် ပြုတတ်တဲ့ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါမရှိဘဲနှင့် စိတ်စေတသိက် နာမ်တရားတွေကို ထိုင်းမှိုင်း သန်းဝေ ငိုက်မျည်းအောင် ပြုတတ်သူဟာ ဘယ်သူလဲ?။

ထိန် မိဒ္ဓပါ ဘုရား။

အင်း....ထိနမိဒ္ဓဘဲ စိတ် စေတသိက် နာမ်တရားတွေကို ထိုင်းမှိုင်းသန်းဝေ ငိုက်မျည်းအောင် ပြုတတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါထိုင်းမှိုင်းတယ်၊ငါငိုက်မျည်းတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ စိတ်စေတသိက် နာမ်တရားတွေကို ထိုင်းမှိုင်းအောင် ပြုတတ်တဲ့ ထိနမိဒ္ဓ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာ ဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္စဲသင့်

ဒီ စိတ် စေတသိက် နာမ်တရားတွေကို ထိုင်းမှိုင်းအောင် ပြုတတ်တဲ့ ထိနမိဒ္ဓ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစဲ့ဖြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစဲ့ဖြင့် စဉ်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

* အကြင်း ရှေးနည်းတူ၊

ထိနမိဒ္ဓ ပြောင်းလဲဟော။

ဝိစိကိစ္ဆာ။

သို့လော သို့လော ကွေးတောမဆုံး နှလုံးနှစ်ခု ယုံမှားဒ္ဌိဟာ အာရုံ၏သဘောကို မဆုံးဖြတ်နိုင်ခြင်းသည် ဝိစိကိစ္ဆာတည်း။

ဉာဏ်တည်းဟူသော ကုစားခြင်းမှ ကင်းရှိ အကျင့်ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သော တရားပင်တည်း။

ယုံမှား ၈–ခု

(၁) သတ္တရိ ကခ်ံတိ (ဘုရားဌ ယုံမှားခြင်း)

မြတ်စွာဘုရား၏–

(၁) ကိုယ်တော်ဌင်း

(၂) ဂုဏ်တော်ဌင်း

(၃) ကိုယ်တော် ဂုဏ်တော် နှစ်ပါလုံးဌင်း ယုံမှားသည်။

(၁) ကိုယ်တော်ဌ ယုံမှားပုံ

မြတ်စွာဘုရား၏ ရှေကိုယ်တော်ဌ သုံးဆယ့်နှစ်ပါးသော ယောဂျားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်အပ်၏ ဆိုတာ၊ ဝါ· တန်ဆာ

ဆင်ထားသော ရှေကိုယ်တော်ဆိုတာ ရှိသလော, မရှိသလောဟု တွေးတော ယုံမှားတယ်။

(၂) ဂုဏ်တော်၌ ယုံမှားပုံ

အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ တရားအားလုံးကို သိစွမ်း နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ဆိုတာ ရှိသလော, မရှိသလောဟု တွေးတော ယုံမှားတယ်။

(၃) ကိုယ်တော်, ဂုဏ်တော် နှစ်ပါးစုံ၌ ယုံမှားပုံ

ရှစ်ဆယ်သော လက္ခဏာတော်ငယ် တလံမျှလောက်သော ရောင်ခြည်တော် အဝန်းတို့ဖြင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်အရှင် ဘုရားသခင်ဆိုတာ ရှိသလော, မရှိသလောဟု တွေးတောယုံမှားတယ်။

(၂) ဓမ္မေ ကင်္ခတိ (တရားတော်၌ ယုံမှားတယ်)

ယုံမှားပုံ—ကိလေသာတွေကို ပယ်စွန့်တတ်တဲ့ မဂ်လေးပါး၊ တဖန်ငြိမ်းစေ အပ်ပြီး ကိလေသာရှိတဲ့ ဖိုလ်လေးပါး၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်တရား သည် ရှိသလော, မရှိသလောဟု တွေးတောယုံမှားတယ်၊ ဝါ- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိအားဖြင့် ဆယ်ပါးသော တရားတော်သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေနိုင်သလော, မထွက်မြောက်စေနိုင်သလော ဟု တွေးတောယုံမှားတယ်။

(၃) သံဃေ ကင်္ခတိ (သံဃာတော်၌ ယုံမှားတယ်)

ယုံမှားပုံ—မဂ်လေးပါး၌ တည်သော ပုဂ္ဂိုလ်လေးယောက် ဖိုလ်လေးပါး၌ တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဤရှစ်ယောက်သော ပရမတ္ထသံဃာ ရတနာ သည် ရှိသလော, မရှိသလောဟု တွေးတောယုံမှားတယ်၊ ဝါ-ဤသံဃာရတနာ သည် ကောင်းသောအကျင့် ရှိသလော, မကောင်းသောအကျင့် ရှိလေသလော ဟု တွေးတော ယုံမှားတယ်၊ ဝါ-ဤသံဃာရတနာ၌ ပေးလှူအပ်သော အလှူ၏ အကျိုးသည် ရှိသလော, မရှိသလောဟု တွေးတောယုံမှားတယ်။

(၄) သိက္ခာယ ကခ်ံတိ (သိက္ခာသုံးပါး အကျင့်တရား၌ ယုံမှားတယ်။)

ယုံမှားပုံ- အဓိသီလ အဓိစိတ္တ အဓိပညာ ဟူသော သိက္ခာသုံးပါး အကျင့်တရားတို့သည် ရှိသလော မရှိသလောဟု တွေးတောယုံမှားတယ်၊ ဝါ-ဤသိက္ခာသုံးပါး အကျင့်တရားကို ကျင့်ခြင်းကြောင့် အကျိုးရှိသလော မရှိသလောဟု တွေးတောယုံမှားတယ်။

(၅) ပုဗ္ဗဏ္ဏေ ကခ်ံတိ(အတိတ် ခန္ဓာ အာယတန ဓာတ်တို့၌ယုံမှားတယ်။)

ယုံမှားပုံ-လွန်လေပြီး အတိတ်ကာလ၌ ဖြစ်ကုန်သော ခန္ဓာ အာယတန ဓာတ်တို့သည် ရှိသလော မရှိသလောဟု တွေးတောယုံမှားတယ်။

(၆) အပရဏ္ဏေ ကခ်ံတိ (အနာဂတ် ခန္ဓာ အာယတန ဓာတ်တို့၌ ယုံမှားတယ်။)

ယုံမှားပုံ- နောင်လာလတ္တံ့ အနာဂတ်ကာလ၌ ဖြစ်ကုန်သော ခန္ဓာ အာယတန ဓာတ်တို့သည် ရှိသလော မရှိသလောဟု တွေးတောယုံမှားတယ်။

(၇) ပုဗ္ဗဏ္ဏာပရဏ္ဏေ ကခ်ံတိ(အတိတ် အနာဂတ် နှစ်ပါးစုံ ခန္ဓာ အာယတန ဓာတ်တို့၌ ယုံမှားတယ်။)

ယုံမှားပုံ- လွန်လေပြီးသော အတိတ်ကာလ လာလတ္တံ့ အနာဂတ်ကာလ နှစ်ပါးစုံ၌ ဖြစ်သော ခန္ဓာ အာယတနဓာတ်တို့သည် ရှိသလော မရှိသလောဟု တွေးတော ယုံမှားတယ်။

(၈) ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကခ်ံတိ (ဤဇရာမရဏစသည်တို့၏ အကြောင်းဖြစ်ကုန်သော ဇာတိစသော ထိုထိုအကြောင်းကို စွဲ၍ ဖြစ်ကုန်သော ဇရာမရဏစသော အကျိုးတရားတို့၌ ယုံမှားတယ်။)

ယုံမှားပုံ- ကဆယ်နှစ်ပုဒ်ရှိသော ပစ္စည်းဟူသော ဝဋ်တရားသည် ရှိသလော မရှိသလောဟု ပဋိမှားတယ်။

လက္ခဏာ

ဝိစိကိစ္ဆာသည် 'သံသယ လက္ခဏာ' သို့လော သို့လော တွေးတောမဆုံးနှုတ်နှစ်မှ ပဋိမှားပုံဟု ပြစ်ခြင်းလျှင် သဘောလက္ခဏာ ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

ခန္ဓာကိုယ်အတွင်းမှာ ယုံမှားဒိဋ္ဌိဟာ ဖြစ်စေတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ယုံမှားဒိဋ္ဌိဟာ ဖြစ်စေတတ်သူဟာ ဘယ်သူပါလဲ?။

ဝိစိကိစ္ဆာပါ ဘုရား။

အင်း....ဝိစိကိစ္ဆာဘဲ ယုံမှားဒိဋ္ဌိဟာ ဖြစ်စေတတ်တယ်၊ ခန္ဓာကိုယ်အတွင်းမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။

ဒါဖြင့် ငါယုံမှားသံသယဖြစ်တယ် ဆိုတာ ဟုတ်နိုင်ပါ့မလား?။

မဟုတ်နိုင်ပါ ဘုရား။

အထင် မလွဲသင့်

ဒီ ယုံမှားဒိဋ္ဌိဟာ ဖြစ်စေတတ်တဲ့ ဝိစိကိစ္ဆာ နာမ်တရားကို မပျက်မစီး အမြဲတည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဉ်ကောင်ဘဲ သူဘဲ ငါဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစွဲသင့်

ဒီ ယုံမှားဒိဋ္ဌိဟာ ဖြစ်စေတတ်တဲ့ ဝိစိကိစ္ဆာ နာမ်တရားကို ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒီဌိစ္ဆဲဖြင့် စဉ်နေတာဟာ သင့်ပါ့**မလား?**။

မသင့်ပါ ဘုရား။

သံသရာနယ်ခွဲ

ဒီ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ တရားသုံးပါးကို သတ္တဝါတွေကို သံသရာရှည်လျားအောင်ပြုတတ်လို့ သံသရာဝဋ္ဋအတွင်းမှ မလွတ်ကင်းနိုင်အောင် ပြုတတ်လို့ သံသရာနယ်ကို ခွဲ့ထွင်တတ်လို့ သံသရာနယ်ခွဲ့သမားတွေလို့ ဆိုတယ်။

နယ်ခွဲ့ လက်အောက်မှ မလွတ်မြောက်က ဒုက္ခ

ဒီ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ သံသရာနယ်ခွဲ့သမားတွေရဲ့ လက်အောက်မှ မလွတ်မြောက်သေးသမျှ ပရိသတ်ကြီးဟာ ဟို အစမထင်တဲ့ အစ မမြင်တဲ့ ဘယ်မင်းလက်ထက် ဘယ်ဘုရားလက်ထက်က စလာမှန်း မသိတဲ့ ပရိသတ်ကြီး ခန္ဓာကိုယ်ဟာ ဘယ်တုန်းက ဘယ်လို စဖြစ်လာတယ်ဆိုတာ သိရဲ့လား?။

မသိပါ ဘုရား။

အေး...အလွန်ရှည်လျားတဲ့ ရုပ်နာမ်ဖြစ်ပျက် သံသရာမှ ဘဝမျိုးစုံနဲ့ ပေါ့်လေ ဗြဟ္မာဖြစ်လိုက် တခါသေလိုက်, နတ်ဖြစ်လိုက် တခါသေလိုက်, လူဖြစ်လိုက် တခါသေလိုက်, ငရဲဖြစ်လိုက် တိရစ္ဆာန်ဖြစ်လိုက် ပြိတ္တာဖြစ်လိုက် အသုရကာယ်ဖြစ်လိုက်နှင့် ဘဝ ထိုကျ အတည်မကျ ပြေးသွား ကျင်လည် ဒုက္ခရှည်ကြရတယ်။

နယ်ခွဲ့လက်အောက်မှ လွတ်မြောက်အောင် ကြိုးစား

ပရိသတ်ကြီးဟာ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ သံသရာ နယ်ခွဲ့သမားတွေရဲ့ လက်အောက်မှ လွတ်မြောက်အောင် ကြိုးစားကြရမယ်။

မှန်ပါ ကြိုးစားပါမယ် ဘုရား။

သံသရာ နယ်ခွဲ့လက်အောက်မှ လွတ်မြောက်အောင် ပရိသတ်ကြီးဟာ ဝိစိကိစ္ဆာ နာမ်တရား ယုံမှားမှု သဘောတရားကို ငါ၏ ဥစ္စာဘဲလို့ တဏှာစဲ့ဖြင့် မစဲ့လမ်းရှာနော်။

မှန်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့်လဲ မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့လဲ ဒိဋ္ဌိစွဲဖြင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

တဏှာ ၁၀၀၈-ပါး၊ မာန် ၉-ပါး၊ ဒိဋ္ဌိ ၆၂-ပါး၊ ဒီတရားတွေနှင့် ဖြစ်ပေါ်လာတဲ့ ဝိစိကိစ္ဆာ နာမ်တရားကို မစွဲလမ်းဘဲ ယုံမှားမှု ဝိစိကိစ္ဆာ သင်္ခါရကွန္ဓာ ဖြစ်ပေါ်လာတိုင်း ဤယုံမှားမှု ဝိစိကိစ္ဆာ သင်္ခါရကွန္ဓာသည်ကား—

(၁) ငါ၏ ဥစ္စာမဟုတ်၊

(၂) ငါမဟုတ်၊

(၃) ငါ့အလိုကျဖြစ်တဲ့ အတ္တမဟုတ် ဟု ရှုမှတ်ကြရမယ်။

သင်္ခါရကွန္ဓာပြီး၏။

ဝိညာဏကွန္ဓာ အနတ္တဖြစ်ပုံ

ဝိညာဏံ အနတ္တာ။

ချစ်သားတို့ ဝိညာဏကွန္ဓာကို အနတ္တလို့မှတ်ကြကွဲ့။

ပရိသတ်ကြီး + ဘုရား။

မြတ်စွာဘုရားက ဝိညာဏကွန္ဓာကို ဘာလို့ မှတ်ရမတဲ့လဲ?။

အနတ္တလို့ မှတ်ရပါမယ်တဲ့ ဘုရား။

အေး.... ဝိညာဏ်ကွန္ဓာကို အနတ္တလို့ မှတ်ရမယ်လို့ ဘုရားဟောတယ်၊ ဘယ်ဟာကို ဝိညာဏကွန္ဓာခေါ်တယ်၊ ဘယ်လို အနတ္တဖြစ်တယ်လို့ သိဘို့ လိုတယ်၊ မသိဘဲနှင့်လည်း မကျင့် မရောက်ဘဲနှင့်လည်း အကျိုးမရဘူး၊ ဒါကြောင့် ရှေးဦးသိအောင် လုပ်ရမယ်။

ဝိညာဏ် ၆-ပါး

ဝိညာဏ်ကား ခြောက်ပါး ရှိတယ်-

(၁) စက္ခုဝိညာဏ်၊
(၂) သောတဝိညာဏ်၊
(၃) ဃာနဝိညာဏ်၊
(၄) ဇိဝှါဝိညာဏ်၊
(၅) ကာယဝိညာဏ်၊
(၆) မနောဝိညာဏ်။

(၁) စက္ခုဝိညာဏ်-မျက်စိဌာနမှာ အဆင်းအမျိုးမျိုး ရူပါရုံကို မြင်သိစိတ်ကို စက္ခုဝိညာဏ် ခေါ်သည်။

(၂) သောတဝိညာဏ်-နားဌာနမှာ အသံအမျိုးမျိုး သဒ္ဒါရုံကို ကြားသိစိတ်ကို သောတဝိညာဏ် ခေါ်သည်။

(၃) ဃာနဝိညာဏ်-နှာခေါင်းဌာနမှာ အနံ့အမျိုးမျိုး ဂန္ဓာရုံကို နံသိစိတ်ကို ဃာနဝိညာဏ် ခေါ်သည်။

(၄) ဇိဝှါဝိညာဏ်-လျှာဌာနမှာ အရသာအမျိုးမျိုး ရသာရုံကို လျက်သိစိတ်ကို ဇိဝှါဝိညာဏ် ခေါ်သည်။

(၅) ကာယဝိညာဏ်- ကိုယ်ဌာနမှာ အတွေ့အမျိုးမျိုး ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိစိတ်ကို ကာယဝိညာဏ် ခေါ်သည်။

(၆) မနောဝိညာဏ်-နှလုံးဌာနမှာ သဘောအမျိုးမျိုး ဓမ္မာရုံကို ကြံသိစိတ်ကို မနောဝိညာဏ် ခေါ်သည်။

ဝိညာဏ်မည်ပုံ

မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, နှလုံးအားဖြင့် ခြောက်ဌာနမှာ ပြစ်ပေါ်လာတဲ့စိတ်ကို-

(၁) ရူပါရုံ၊
(၂) သဒ္ဒါရုံ၊
(၃) ဂန္ဓာရုံ၊
(၄) ရသာရုံ၊
(၅) ဖောဋ္ဌဗ္ဗာရုံ၊
(၆) ဓမ္မာရုံ အားဖြင့် အာရုံခြောက်ပါးကို သိတတ်သော ကြောင့် ဝိညာဏ်လို့ ဆိုသည်။

ဘုရားရှင်ကလဲ—

'ကိုဠဘိက္ခဝေ ဝိညာဏံ ဝေဒေထ၊ ဝိဇာနာတိတိ ခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ' ဟု ဟောတော်မူသည်။

သိတတ်ပုံ

အဆင်း သိပုံ

စက္ခုဒ္ဓါရ မျက်စိဌာနမှာဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်ဖြင့် အဖြူရောင် အဆင်းကိုလဲ သိတယ်၊ အနီရောင် အဆင်းကိုလဲ သိတယ်၊ အဝါရောင် အဆင်းကိုလဲ သိတယ်၊အစိမ်းရောင်အဆင်းကိုလဲ သိတယ်၊ အပြာရောင် အဆင်းကိုလဲ သိတယ်၊ အလုံး,အပြား,လေးထောင့်,ခြောက်မြောင့်,အရှည်,အတိုအစရှိတဲ့ ပုံဟန်သဏ္ဌာန် အဆင်း အမျိုးမျိုးကိုလဲ သိတယ်။

အသံ သိပုံ

သောတဒ္ဓါရ နားဌာနမှာ ဖြစ်တဲ့ သောတဝိညာဏ်စိတ်ဖြင့် စည်ကြီးသံကိုလဲ သိတယ်၊ အိုးစည်သံကိုလဲ သိတယ်၊ နဲမှုတ်သံကိုလဲ သိတယ်၊ စည်တိုသံကိုလဲ သိတယ်၊ သီချင်းသံကိုလဲ သိတယ်၊ တရားဟောသံကိုလဲ သိတယ်၊ လင်းကွင်းသံကိုလဲ သိတယ်၊ ဝါးလက်ခုပ်သံကိုလဲ သိတယ်၊ နွားတွန်သံ ကြက်တွန်သံ ခွေးဟောင်သံ မိုးယိမ်းခြိမ်းသံတို့ကိုလဲ သိတယ်၊ လေသံ ရေသံ လူသံ တို့ကိုလဲသိတယ်၊ အခြားအသံ အမျိုးမျိုးတို့ကိုလဲ သိတယ်။

အနှံ့ သိပုံ

ဃာနဒ္ဓါရ- နှာခေါင်းဌာနမှာ ဖြစ်တဲ့ ဃာနဝိညာဏ်စိတ်ဖြင့် အမြစ်နှံ့ကိုလဲ သိတယ်၊ အနှစ်နှံ့ကိုလဲ သိတယ်၊ အခေါက်အခွံနှံ့ကိုလဲ သိတယ်၊ အရွက်နှံ့ကိုလဲ သိတယ်၊ အပွင့်နှံ့ကိုလဲသိတယ်၊ အသီးနှံ့ကိုလဲ သိတယ်၊ မြေးတဲ့အနှံ့ကိုလဲ သိတယ်၊ ပုပ်တဲ့အနှံ့ကိုလဲ သိတယ်၊ ရေမြေးအနှံ့ကိုလဲ သိတယ်၊ ပေါင်ဒါအနှံ့ကိုလဲ သိတယ်၊ သနပ်ခါးအနှံ့ကိုလဲ သိတယ်၊ ကျင်ကြီးအနှံ့ကိုလဲ သိတယ်၊ ကျင်ငယ်အနှံ့ကိုလဲ သိတယ်၊ အနှံ့အမျိုးမျိုးကို သိတယ်။

အရသာ သိပုံ

ဇိဝှါဒ္ဓါရ- လျှာဌာနမှာ ဖြစ်တဲ့ ဇိဝှါဝိညာဏ်စိတ်ဖြင့် အမြစ်အရသာကိုလဲ သိတယ်, ပင်စည်အရသာကိုလဲ သိတယ်, အခေါက် အခွံအရသာကိုလဲ သိတယ်, အရွက်အရသာကိုလဲ သိတယ်,အပွင့်အရသာကိုလဲ သိတယ်,အသီးအရသာကိုလဲ သိတယ်, ချဉ်တဲ့အရသာကိုလဲ သိတယ်, ချိုတဲ့အရသာကိုလဲ သိတယ်, ခါးတဲ့အရသာကိုလဲ သိတယ်, စပ်တဲ့အရသာကိုလဲ သိတယ်, ငန်တဲ့ အရသာကိုလဲ သိတယ်, ဖန်တဲ့အရသာကိုလဲ သိတယ်, ကောင်းကဲ့အရသာကိုလဲ သိတယ်, မကောင်းတဲ့ အရသာကိုလဲ သိတယ်, အရသာအမျိုးမျိုးကို သိတယ်။

အတွေ့ သိပုံ

ကာယဒ္ဓါရ- ကိုယ်ဌာနမှာ ဖြစ်တဲ့ကာယဝိညာဏ်စိတ်ဖြင့် ခက်မာတဲ့ အတွေ့ကိုလဲ သိတယ်, ကြမ်းတန်းတဲ့ အတွေ့ကိုလဲ သိတယ်, နူးညံ့တဲ့ အတွေ့ကိုလဲ သိတယ်, သိမ်မွေ့တဲ့ အတွေ့ကိုလဲ သိတယ်, ပူတဲ့အတွေ့ကိုလဲ သိတယ်, အေးတဲ့ အတွေ့ကိုလဲ သိတယ်, တွန်းကန်လှုပ်ရှားတဲ့ အတွေ့ကိုလဲ သိတယ်, အတွေ့အထိ အမျိုးမျိုးကို သိတယ်။

သဘော သိပုံ

နောဒ္ဓါရ-နှလုံးသား ဌာနမှာဖြစ်တဲ့ မနောဝိညာဏ်စိတ်ဖြင့် မိမိမြင်ဘူးသော အဆင်းအမျိုးမျိုးကိုလဲ ကြံသိတယ်, မိမိကြားဘူးသော အသံအမျိုးမျိုးကိုလဲ ကြံသိတယ်, မိမိနံဘူးသော အနံ့အမျိုးမျိုးကိုလဲ ကြံသိတယ်,

မိမိလျက်ဘူးသော အရသာ အမျိုးမျိုးကိုလဲ ကြံသိတယ်, မိမိတွေ့ထိဘူးသော အတွေ့အမျိုးမျိုးကိုလဲ ကြံသိတယ်။

ဒါနကိုလဲ ကြံသိတယ်, သီလကိုလဲ ကြံသိတယ်, ဘာဝနာကိုလဲ ကြံသိတယ်, ကုသိုလ်ကိုလဲ ကြံသိတယ်, အကုသိုလ်ကိုလဲ ကြံသိတယ်, အဗျာကတကိုလဲ ကြံသိတယ်, အမည်နာမယ် အမျိုးမျိုးပညတ်ကိုလဲ ကြံသိတယ်,သဘောအမျိုးမျိုးကိုလဲ သိတယ်။ဒါ့ကြောင့်—

စိတ်အသိဘဲ အထင်လွဲ

သိတတ်တာဟာ ဝိညာဏ်သာပ၊ သူငါပုဂ္ဂိုလ် မရှိဆိုခဲ့။

(၁) အဆင်း အမျိုးမျိုးကို သိတတ်တာလဲစိတ်,

(၂) အသံ အမျိုးမျိုးကို သိတတ်တာလဲစိတ်,

(၃) အနံ့ အမျိုးမျိုးကို သိတတ်တာလဲ စိတ်,

(၄) အရသာ အမျိုးမျိုးကို သိတတ်တာလဲစိတ်၊

(၅) အတွေ့အထိ အမျိုးမျိုးကို သိတတ်တာလဲစိတ်၊

(၆) သဘော အမျိုးမျိုးကို သိတတ်တာလဲစိတ်၊

ပရိသတ်ကြီးဝမ်းထဲမှာ အာရုံခြောက်ပါးကို သိတတ်တဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

စိတ်က သိတာကို ငါသိတယ်၊ သူသိတယ်၊ ယောကျ်ားသိတယ်၊ မိန်းမသိတယ်၊ ပုဂ္ဂိုလ်သိတယ်၊ သတ္တဝါသိတယ်လို့ အထင်လွဲပြီး မနေဘူးလား ပရိသတ်ကြီး?။

အထင်လွဲနေပါတယ် ဘုရား။

ဒါကြောင့်—

စိတ်သိတတ်ကြား၊ နာမ်တရားကို၊ ထင်မှား သူငါ၊ သတ္တဝါပုဂ္ဂိုလ် အလွဲဆိုခဲ့။

သိတတ်တာဟာ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်လျှင် ဘာလဲ ပရိသတ်ကြီး?။

စိတ်-ဝိညာဏကွန္ဓာပါ ဘုရား။

အင်း....စိတ်-ဝိညာဏကွန်ရှာတဲ့ သိတတ်တယ်၊ ဝမ်းထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတာ မြဲမြဲမှတ်ထားနော်။

အဲဒီစိတ်ဟာ• သတ္တလောကကြီးကို ဆောင်တယ်၊ ဆွဲငင်တယ်၊ တရားအားလုံးပင် စိတ်ဟု ဆိုအပ်သော တခုတည်းသော တရား၏ အလို နှိုင်ငံသို့ လိုက်ပါကြရတယ်။

ဒါကြောင့်—

ဒေဝတာသံယုတ်မှာ—

'စိတ္တေန နိယတိ လောကော၊ စိတ္တေန ပရိကဿတိ။

စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္နဂူ'ဟု ဟောတော်မူသည်။

လက္ခဏာ

စိတ်သည် 'ဝိဇာနန လက္ခဏာ' အာရုံခြောက်ပါးကို သိခြင်းသဘော လက္ခဏာရှိသည်။

စိတ် အနတ္တ

ပရိသတ်ကြီး + ဘုရား။

စိတ်ကို မဖြစ်ပါနဲ့.ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာတဲ့ စိတ်ကို မယျက်ပါနှင့် ဆိုလို့ ရရဲ့လား?။

မရပါ ဘုရား။

အင်း....မရတာ အမှန်ဘဲနော်၊ စိတ်ဟာ ဥပါဒ်ခဏတိုင်း ဖြစ်ပြီး ဘင်ခဏတိုင်း ပျက်တယ်, အဆုံးစုတိအားဖြင့်လဲ ပျက်တယ်၊ ကိုယ်က မဖြစ်ပါနှင့် ဆိုလို့လဲ မရဘူး,မပျက်ပါနှင့် ဆိုလို့လဲ မရဘူး။

ပရိသတ်ကြီး + ဘုရား။

စိတ်မှာ ပြုလုပ်တတ်သူ ရှိရဲ့လား?။

မရှိပါ ဘုရား။

စိတ်-ဝိညာဏကွန္ဓာဟာ ဗြဟ္မာဗိုဿနိုး တန်ခိုးရှိသူတွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား?။

မဟုတ်ပါ ဘုရား။

အင်း....စိတ်ဝိညာဏကွန္ဓာဟာ ပြုလုပ်တတ်သူ ဖန်ဆင်းတတ်သူတွေကြောင့် ဖြစ်ပေါ်လာတာ မဟုတ်ဘူး။

ဝိညာဏကွန္ဓာ ဖြစ်ကြောင်းတရား

'နာမရူပ သမုဒယာ ဝိညာဏ သမုဒယော'ဟု ဟောတော်မူသည့်အတိုင်း—

စက္ခုဒ္ဓါရ

'စက္ခုဥ္စ ပဋ္ဌိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ' မျက်စိဌာနမှာ—

(၁) စက္ခု အကြည်ရုပ်၊

(၂) အဆင်း ရူပါရုံ

တို့ကို အကြောင်းပြု၍ စက္ခုပသာဒရုပ်ကို မှီကာ သိတတ်တဲ့ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာတယ်။

သောတဒ္ဓါရ

'သောတဉ္စ ပဋ္ဌိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ' သောတဒ္ဓါရ နှာဏဌာနမှာ—

(၁) သောတ ကြည်ရုပ်၊

(၂) အသံ သဒ္ဒါရုံ

တို့ကို အကြောင်းပြု၍ သောတပသာဒရုပ်ကို မှီကာ သိတတ်တဲ့ သောတ ဝိညာဏ်စိတ် ဖြစ်ပေါ်လာတယ်။

ဃာန ဒ္ဓါရ

'ဃာနဥ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ' ဃာနဒ္ဓါရ နှာခေါင်း ဌာနမှာ—

(၁) ဃာန အကြည်ရုပ်၊

(၂) အနံ့ ဂန္ဓာရုံ

တို့ကို အကြောင်းပြု၍ ဃာနပသာဒရုပ်ကို မှီကာ သိတတ်တဲ့ ဃာနဝိညာဏ်စိတ် ဖြစ်ပေါ်လာတယ်။

ဇိဝှါဒ္ဓါရ

'ဇိဝှဥ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ' ဇိဝှါဒ္ဓါရ လျှာဌာနမှာ—

(၁) ဇိဝှါ အကြည်ရုပ်၊

(၂) အရသာ-ရသာရုံ တို့ကို အကြောင်းပြု၍ ဇိဝှါပသာဒ ရုပ်ကို မှီကာ သိတတ်တဲ့ ဇိဝှါဝိညာဏ်စိတ် ဖြစ်ပေါ်လာတယ်။

ကာယဒ္ဓါရ

'ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ' ကာယဒ္ဓါရ ကိုယ်ဌာနမှာ—

(၁) ကာယ အကြည်ရုပ်၊

(၂) အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ တို့ကို အကြောင်းပြု၍ ကာယ ပသာဒရုပ်ကိုမှီကာ သိတတ်တဲ့ ကာယဝိညာဏ်စိတ် ဖြစ်ပေါ်လာတယ်။

မနောဒ္ဓါရ

'မနဥ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ' မနောဒ္ဓါရ နှလုံးသား ဌာနမှာ—

(၁) ဟဒယ အကြည်ရုပ်၊

(၂) သဘော ဓမ္မာရုံတို့ကို အကြောင်းပြု၍ ဟဒယအကြည်ရုပ်ကိုမှီကာ သိတတ်တဲ့ မနောဝိညာဏ်စိတ် ဖြစ်ပေါ်လာတယ်။

ဤသို့လျှင် နာမ်ရုပ်ဖြစ်ခြင်းကြောင့် စိတ်-ဝိညာဏကွန်ရှာ ဖြစ်ပေါ်လာသည်။

(မှတ်ရန်—အဝိဇ္ဇာ တဏှာ ကံတို့ကား ဝိညာဏကွန်ရှာ၏ အတိတ်ပစ္စည်းတည်း၊ နာမ်ရုပ်ကား ပစ္စုပ္ပန်ပစ္စည်းတည်း)

ပုဂ္ဂိုလ် သတ္တဝါ မရှိ

ပရိသတ်ကြီး + ဘုရား။

မျက်စိထဲမှာ အဆင်းအမျိုးမျိုးကို သိတတ်တဲ့ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နားထဲမှာ အသံမျိုးမျိုးကို သိတတ်တဲ့ သောတဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှာခေါင်းထဲမှာ အနံ့အမျိုးမျိုးကို သိတတ်တဲ့ ဃာနဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

လျှာထဲမှာ အရသာအမျိုးမျိုးကို သိတတ်တဲ့ ဇိဝှါဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

ကိုယ်ထဲမှာ အတွေ့အထိ အမျိုးမျိုးကို သိတတ်တဲ့ ကာယဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

နှလုံးသားထဲမှာ သဘော အမျိုးမျိုးကို သိတတ်တဲ့ မနောဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတဲ့ ဖန်ဆင်း တည်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ဆိုတာ ရှိရဲ့လား?။

မရှိပါ ဘုရား။

မရှိဘူးနော်။

မျက်စိထဲမှာလဲ မရှိဘူး, နားထဲမှာလဲ မရှိဘူး, နှာခေါင်းထဲမှာလဲ မရှိဘူး, လျှာထဲမှာလဲ မရှိဘူး, ကိုယ်ထဲမှာလဲ မရှိဘူး, နှလုံးသားထဲမှာလဲ မရှိဘူး။

ဒီ အာရုံခြောက်ပါးကို သိတတ်တဲ့ ပြုလုပ်ပေးသူ ဖန်ဆင်း တည်ထောင်ပေးသူ ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနှင့် ဖြစ်ပေါ်လာရာမှာ အကြောင်းတရားကို ရှာဖွေလျှင် နာမ်ရုပ်ဘဲ တွေ့မယ်၊ အဲဒီ နာမ်ရုပ် ဖြစ်ခြင်းကြောင့် စိတ် ဝိညာဏကွန္ဓာ ဖြစ်ပေါ်လာတာဘဲ။

မှန်ရဲ့လား ပရိသတ်ကြီး?။

မှန်ပါ ဘုရား။

အထင် မလွဲသင်

ခုလို အကြောင်း နာမ်ရုပ်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ် ဝိညာဏကွန္ဓာ နာမ်တရားကို မပျက်မစီး အမြဲဘည်နေတဲ့ အသက်ကောင်ဘဲ လိပ်ပြာကောင်ဘဲ ဝိညာဏ်ကောင်ဘဲ သူဘဲ ငါဘဲ ယောဂျားဘဲ မိန်းမဘဲလို့အလွဲထင်နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

မစ္ဆဲသင့်

ဒီ စိတ် ဝိညာဏကွန္ဓာ နာမ်တရားကို ငါ၏ ဥစ္စာဘဲလို့ တရားစဲ့ပြင့် စဲ့နေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် စွဲနေတာဟာ သင့်ပါ့မလား?။

မသင့်ပါ ဘုရား။

သံသရာနယ်ခွဲ

ဒီ တဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ တရားသုံးပါးကို သတ္တဝါတွေကို သံသရာရှည် လျားအောင် ပြုတတ်လို့ သံသရာဝဋ္ဋအတွင်းမှ မလွတ်ကင်းနိုင်အောင် ပြုတတ်လို့ သံသရာနယ်ကို ခွဲထွင်တတ်လို့ သံသရာ နယ်ခွဲသမားတွေလို့ ဆိုတယ်။

နယ်ခွဲလက်အောက်မှ မလွတ်မြောက်က ဒုက္ခ

ဒီ သံသရာ နယ်ခွဲသမားတွေရဲ့ လက်အောက်မှ မလွတ်မြောက်သေးသမျှ လူဖြစ်လိုက် တခါသေလိုက်၊ နတ်ဖြစ်လိုက် တခါသေလိုက်၊ ဗြဟ္မာဖြစ်လိုက် တခါသေလိုက်၊ ခွေး,နွားကြက်, ငှက်စတဲ့ တိရစ္ဆာန်ဖြစ်လိုက် တခါသေလိုက်၊ ငရဲကျလိုက်၊ပြိတ္တာဖြစ်လိုက် အသုရကာယ်ဖြစ်လိုက်နှင့် ဘဝထိုက္ခါ အတည်မကျ ဘဝမျိုးစုံနှင့် ပြေးသွားကျင်လည် ဒုက္ခရှည်ကြရတယ်။

နယ်ခွဲ့ လက်အောက်မှ လွတ်မြောက်အောင် ကြိုးစား

ပရိသတ်ကြီးဟာ သံသရာ နယ်ခွဲလက်အောက်မှ လွတ်မြောက်အောင် ကြိုးစားကြရမယ်။

မှန်ပါ ကြိုးစားပါမယ် ဘုရား။

သံသရာ နယ်ခွဲလက်အောက်မှ လွတ်မြောက်အောင် ပရိသတ်ကြီးဟာ စိတ်နာမ်တရား သိတတ်တဲ့ သဘောတရားကို—

ငါ၏ဥစ္စာဘဲလို့ တဏှာစွဲဖြင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါဘဲလို့ မာနစွဲဖြင့် မစွဲလမ်းရဘူးနော်။

မှန်ပါ ဘုရား။

ငါပိုင် ငါစိုး ငါ့အလိုကျဖြစ်တဲ့ အတ္တဘဲလို့ ဒိဋ္ဌိစွဲဖြင့် မစွဲလမ်းရဘူးနော်။

မှန်ပါ့ ဘုရား။

တဏှာ ၁၀၀-ပါး၊ မာန် ၉-ပါး၊ ဒိဋ္ဌိ ၆၂-ပါး၊ ဒီတရားတွေနှင့် ဖြစ်ပေါ်လာတဲ့ စိတ် ဝိညာဏကွန္ဓာ နာမ်တရားကို မစွဲလမ်းဘဲ သိတတ်တဲ့ စိတ် ဝိညာဏကွန္ဓာ ဖြစ်ပေါ်လာတိုင်း ဤအာရုံ ခြောက်ပါးကို သိတတ်တဲ့စိတ် ဝိညာဏကွန္ဓာ သည်ကား—

(၁) ငါ၏ဥစ္စာ မဟုတ်၊

(၂) ငါမဟုတ်၊

(၃) ငါ့အလိုကျ ငါအစိုးရတဲ့ အတ္တမဟုတ်ဟု ဂျမှတ်ကြ ရမယ်။

ဝိညာဏကွန္ဓာ ပြီး၏။

(မှတ်ရန်- ဤစိတ် ဝိညာဏကွန္ဓာ၌ ကုသိုလ်စိတ် အကုသိုလ်စိတ် အဗျာကတစိတ် စသည်ဖြင့် မခွဲခြားဘဲ စိတ်သာမန်အားဖြင့် ရေးသားခဲ့သည်။)

ခန္ဓသံယုတ် ဖေဏပိဏ္ဍူပမသုတ်။

ဟောရာဌာန

အယုဇ္ဈမြို့ ဂင်္ဂါမြစ်ကမ်း။

အခါတပါး ဘုရားရှင်သည် အယုဇ္ဈမြို့သို့ ဒေသစာရီ ကြွချိုတော်မူ၏၊ အယုဇ္ဈမြို့သူ မြို့သားကို့သည် နောက်တော်ပါ ရဟန်းအပေါင်း မျှားစွာဖြင့် ပိမိတို့မြို့သို့ ဒေသစာရီ ကြွချိုတော်မူလာသော ဘုရားရှင်ကို ဖူးမြင်၍ အယုဇ္ဈမြို့အနီး ဂင်္ဂါမြစ်ကွေ့ကမ်းပါး၌ ကြီးစွာသော တောအုပ်သည် ရှိ၏၊ထိုတောအုပ်အတွင်း၌ ဘုရားသီတင်းသုံးရန် ကျောင်းတော်ကို ဆောက်လုပ် လှူဒါန်းကြကုန်၏၊ ဘုရားရှင်သည် ထိုကျောင်းတော်၌ သီတင်းသုံးတော်မူ၏။

ဟောသူနှင့် နာသူ

ဘုရားနှင့် ရဟန်းများ။

ထိုကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်သည် ညနေချမ်းအချိန်အခါ၌ ဂန္ဓကုဋီတိုက်တော်မှ ထွက်တော်မူ၍ ဂင်္ဂါမြစ်ကမ်း၌ ခင်းထားအပ်သော မြတ်သော ဘုရားနေရာ၌ ထိုင်တော်မူလျက် ဂင်္ဂါမြစ်၌ မျောပါလာသော ကြီးစွာသော ရေမြှုပ်စိုင်ကို မြင်တော်မူ၍ ငါ၏သာသနာတော်၌ ခန္ဓာငါးပါးကို မှီသော တဏှာသော တရားတော်ကို ဟောကြားအံ့ဟု ကြံတော်မူပြီး ဝန်းရံ၍ ထိုင်နေသော ရဟန်းအများကို ချစ်သားတို့ ခန္ဓာငါးပါးကို မှီသော တဏှာသော တရားကို ငါဟောကြားမည် တရားနာကြဟု မိန့်တော်မူ၏။

ရေမြှုပ်စိုင် ဥပမာ ရူပကွန္ဓာ

ဥပမာန

ယင်းသို့ မိန့်တော်မူပြီး ဟောတော်မူသည်မှာ—

ချစ်သားတို့ ဥပမာသော်ကား ဤဂင်္ဂါမြစ်သည် ကြီးစွာသော ရေမြှုပ်စိုင်ကို ဆောင်လာရာ၏၊ ထိုရေမြှုပ်စိုင်ကြီးကို မျက်စိအမြင်ရှိသော ယောကျ်ားသည် သေချာစေ့ဝှေ့ ကြည့်ရှုဆင်ခြင်ရာ၏၊ ယင်းသို့ သေချာစေ့ဝှေ့ ကြည့်ရှုဆင်ခြင်နေစဉ် ထိုယောကျ်း၏ စိတ်တွင် ရေမြှုပ်စိုင်ကြီးသည် အနှစ်မစီး အချီးနှီးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ ချစ်သားတို့ ရေမြှုပ်စိုင်မှာ အနှစ်ဟူ၍ အဘယ်မှာ ရှိပါမည်နည်း။

ဥပမေယျ

ချစ်သားတို့ ထို့အတူပင်—

(၁) လွန်လေပြီး အတိတ်ကာလ၌ ဖြစ်ပြီးရုပ်တရား (အတိတ်ရုပ်)

(၂) နောင်လာလတ္တံ့ အနာဂတ်ကာလ၌ ဖြစ်လတ္တံ့ ရုပ်တရား (အနာဂတ်ရုပ်)

(၃) ယခု ပစ္စုပ္ပန်၌ ဖြစ်ဆဲရုပ်တရား (ပစ္စုပ္ပန်ရုပ်)

(၄) ကိုယ်တွင်း သန္တာန်၌ ဖြစ်တဲ့ ရုပ်တရား (အဇ္ဈတ္တရုပ်)
(၅) ကိုယ်ပသန္တာန်၌ ဖြစ်တဲ့ရုပ်တရား(ဗဟိဒ္ဓရုပ်)
(၆) ရုန်ရင်းကြမ်းတန်းတဲ့ ရုပ်တရား (သြဠာရိကရုပ်)
(၇) သိမ်မွေ့ နူးညံ့တဲ့ ရုပ်တရား (သုခုမရုပ်)
(၈) ယုတ်ညံ့တဲ့ ရုပ်တရား (ဟီနရုပ်)
(၉) မြင့်မြတ်တဲ့ ရုပ်တရား (ပဏီတရုပ်)
(၁၀) အဝေး၌ ဖြစ်တဲ့ရုပ်တရား (ဒူရေရုပ်)
(၁၁) အနီး၌ ဖြစ်တဲ့ရုပ်တရား (သန္တိကေရုပ်)

ဒီ ရုပ်တရားအားလုံးကို ယောဂီရဟန်းသည် ဝိပဿနာဉာဏ် မျက်စိဖြင့် သေချာစေ့ဝ ကြည့်ရှုဆင်ခြင်ရာ၏၊ ယင်းသို့သေချာစေ့ဝ ကြည့်ရှုဆင်ခြင်နေစဉ် ထိုယောဂီရဟန်း၏ စိတ်တွင် ထိုရုပ်တရားအားလုံးသည်အနှစ်မစီး အမျည်းနှီးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏ ချစ်သားတို့ ရုပ်တရား၌ အနှစ်ဟူ၍ အဘယ်မှာ ရှိပါ့မလဲ။

ရေမြုပ်စိုင်နှင့် ရူပကွန္ဓာတူပုံ

ရေမြုပ်စိုင်သည် အနှစ်မရှိသကဲ့သို့ ထို့အတူ ရုပ်တရားသည်လည်း နိစ္စသာရ (မြဲသောအနှစ်)ဓုဝသာရ(ခိုင်ခံ့သောအနှစ်) အတ္တသာရ(ကိုယ်ဟူသောအနှစ်)မှ ကင်းခြင်းကြောင့် အနှစ်မရှိ။

တနည်းတူပုံ

ရေမြုပ်စိုင်ကို အုံးခွက်စသည် ပြုလုပ်မည်ဟု ရည်ရွယ်၍ ကောက်ယူခြင်းငှါ မတတ်ကောင်းသကဲ့သို့ ဖြစ်နိုင်တဲ့နည်းနှင့် ကောက်ယူပြန်သော်လည်း ရေမြုပ်စိုင်ကို အိုးခွက်စသည် ပြုလုပ်၍ မဖြစ်နိုင်၊ ကြေမွမျက်စီးခြင်းသာ ဖြစ်သကဲ့သို့ ထို့အတူ ရုပ်တရားကိုလည်း မြဲ၏ဟူ၍ရင်း၊ ခိုင်ခံ့၏ဟူ၍ရင်း၊ ငါဟူ၍ရင်း၊ ငါ၏ဥစ္စာ ဟု(မှတ်)ကြောင်း(ပြောင်း)ငါ မတတ်ကောင်း(ယူပြန်သော်လည်း 'နိစ္စ ဓုဝ အတ္တ

သုဘ'အားဖြင့် မတည်၊ အနိစ္စ (အမြဲမရှိ) ဒုက္ခ (ဆင်းရဲ၏) အနတ္တ(အစိုးမရ) အသုဘ (မတင့်တယ်) အားဖြင့်သာလျှင် ဖြစ်၏။

တနည်းတူပုံ

ရေမြုပ်စိုင်သည် အပေါက် အခေါင်းမျှားစ္ဓာ ဆက်စပ် ပေါင်းစုလျက် ရေမြေ့အစရှိသော မျှားစ္ဓာသော သတ္တဝါတို့၏ နေရာဖြစ်သကဲ့သို့ ထို့အတူ ရုပ်တရားသည်လည်း အပေါက် အခေါင်းမျှားစ္ဓာ ဆက်စပ် ပေါင်းစုလျက်တည်၏၊ ရှစ်ဆယ်သောပိုးတို့၏ နေရာအိမ်လည်းဖြစ်၏၊ သားဖွားရာအိမ်လည်းဖြစ်၏၊ ကျင်ကြီးအိမ်လည်း ဖြစ်၏၊ သုသာန် သင်းချိုင်းလည်း ဖြစ်၏။

တနည်းတူပုံ

ရေမြုပ်စိုင်သည် အစဉ် ဇီးသီးမှည့် ပမာဏမျှလောက်မှစ၍ အစဉ်အားဖြင့် တိုးပွားပြီးလျှင် တောင်ထွဋ် မျှလောက်ပင် ကြီးသကဲ့သို့၊ ထိုအတူ ရုပ်တရားသည်လည်း အစဉ် ကလလရေကြည်မျှ ဖြစ်၍ အစဉ်အားဖြင့် တိုးပွားပြီးလျှင် လူပုဂ္ဂိုလ်တို့အား တလံမျှလောက်ပင် ဖြစ်၏၊ ကျွဲ, နွား, ဆင်စသည်တို့အား တောင်ထွဋ်မျှလောက်ပင် ကြီး၏၊ ငါး, လိပ် စသည်တို့အား ယူဇနာ ငါးရာ တဏှောင်ပင် ကြီး၏။

တနည်းတူပုံ

ရေမြုပ်စိုင်သည် ဖြစ်ကာမျှ ခဏခဏလည်း ကြေမွပျက်စီး၏၊ အနည်းငယ်မျှောရှိလည်း ကြေမွပျက်စီး၏၊ ဝေးသောအရပ်သို့ ရောက်ရှိလည်း ကြေမွပျက်စီး၏၊ သမုဒ္ဒရာသို့ ရောက်မူကား မချွတ်လျှင် ကြေမွပျက်စီး သကဲ့သို့၊ ထို့အတူ ရုပ်တရားသည်လည်း ကလလရေကြည် အခါခ်ိန်လည်း ကြေမွပျက်စီး၏၊ အမြုပ်သားတစ် စသည် ဖြစ်ရာအခါခ်ိန်လည်း ကြေမွပျက်စီး၏၊ ဖွားမြင်ပြီးနောက် အခါခ်ိန်လည်း ကြေမွပျက်စီး၏၊ အသက် ၇၅-နှစ်တန်းလူတို့အား အသက် ၇၅-နှစ်ပြည့်ရာ အခါခ်ိန်လည်း မချွတ်လျှင် ကြေမွပျက်စီး၏၊ သေမင်း၏ ခံတွင်းခ်ိန် မှုန်မှုန်ညက်ညက်ပင် ဖြစ်၏။

ဤသို့လျှင် ရူပကွန္ဓာသည် ရေမြုပ်စိုင်နှင့် တူသည်။

ရေပွက်ဥပမာ ဝေဒနာကွန္ဒာ

ဥပမာန

ချစ်သားတို့.... ဥပမာသော်ကား— တန်ဆောင်မုန်းလ အခါ၌ ကြီးစွာသော မိုးယိုးပေါက်ရှိသော မိုးကြီးသည်းထန်စွာ ရွာသွန်းလေလျှင် ရေ၌ ရေပွက်သည် ဖြစ်လည်းဖြစ်၏၊ ချုပ်လည်းချုပ်ပျက်၏၊ ထိုရေပွက်ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် သေချာစေ့ငုကြည့်ရှုဆင်ခြင်ရာ၏၊ ယင်းသို့ သေချာစေ့ငုကြည့်ရှု ဆင်ခြင်နေစဉ် ထိုယောကျ်း၏ စိတ်တွင် ရေပွက်သည် အနှစ်မစီး အချီးနှီးပင့် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ ချစ်သားတို့ ရေပွက်၌ အနှစ်ဟူ၍ အဘယ်မှာလျှင် ရှိနိုင်မည်နည်း။

ဥပမေယျ

ချစ်သားတို့ ထို့အတူပင်—

(၁) အတိတ်ဝေဒနာ (လွန်လေပြီး အတိတ်ကာလ၌ ဖြစ်ပြီးဝေဒနာ)

(၂) အနာဂတ်ဝေဒနာ (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့ ဝေဒနာ)

(၃) ပစ္စုပ္ပန်ဝေဒနာ (ယခုပစ္စုပ္ပန်၌ ဖြစ်ဆဲ ဝေဒနာ)

(၄) အဇ္ဈတ္တဝေဒနာ (ကိုယ်တွင်းသန္တာန်၌ ဖြစ်တဲ့ ဝေဒနာ)

(၅) ဗဟိဒ္ဓဝေဒနာ(ကိုယ်ပသန္တာန်၌ ဖြစ်တဲ့ ဝေဒနာ)

(၆) သြဠာရိကဝေဒနာ (ရှုန့်ရင်းကြမ်းတန်းတဲ့ ဝေဒနာ)

(၇) သုခုမဝေဒနာ (သိမ်မွေ့နုးညံ့တဲ့ ဝေဒနာ)

(၈) ဟီနဝေဒနာ (ယုတ်ညံ့တဲ့ ဝေဒနာ)

(၉) ပဏီတဝေဒနာ (မြင့်မြတ်တဲ့ ဝေဒနာ)

(၁၀) ဒူရေဝေဒနာ (အဝေးဌ၌ဖြစ်တဲ့ ဝေဒနာ)

(၁၁) သန္တိကေဝေဒနာ (အနီးဌ၌ဖြစ်တဲ့ ဝေဒနာ)

ဒီ ဝေဒနာအားလုံးကို ယောဂီရဟန်းသည် ဝိပဿနာ ဉာဏ်မျက်စိဖြင့် ;သေချာ[illegible] ကြ[illegible]အင်[illegible]င်ရာ၏၊ ယင်း[illegible] သေချာစေ့[illegible] ကြ[illegible]အင်ခြင်နေ

စဉ် ထိုယောဂိရဟန်း၏ စိတ်တွင် ထိုဝေဒနာ အားလုံးသည် အနှစ်မစီး အချိုးနှိုးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ ချစ်သားတို့ ဝေဒနာ၌ အနှစ်ဟူ၍ အဘယ်မှာရှိနိုင်ပါ့မလဲ။

ရေပွက်နှင့် ဝေဒနာကွန်ရှာတူပုံ

ရေပွက်သည် အနှစ်မရှိသကဲ့သို့ ထိုအတူ ဝေဒနာသည်လည်း နိစ္စံသာရ (မြဲသောအနှစ်)ဓုဝသာရ (ခိုင်ခံ့သောအနှစ်)အတ္တသာရ(ကိုယ်ဟူသောအနှစ်) မှ ကင်းခြင်းကြောင့် အနှစ်မရှိ။

တနည်းတူပုံ

ရေပွက်ကို ခုံနေရာ အခင်းစသည် ပြုလုပ်ခြင်းငှါ မတတ်ကောင်း၊ ကောက်ယူလို့ မဖြစ်ကောက်ယူဆဲခဏ၌ပင် ကြေမွ ပျက်စီးသကဲ့သို့ ထို့အတူ ဝေဒနာကိုလည်း မြဲ၏ဟူ၍ရင်း၊ ခိုင်ခံ့၏ဟူ၍ရင်း၊ ငါဟူ၍ရင်း၊ ငါ၏ဥစ္စာဟူ၍ရင်း ယူခြင်းငှါ မတတ်ကောင်း၊ ယူပြန်ပါသော်လည်း နိစ္စ ဓုဝ အတ္တ အားဖြင့် မတည်၊ အနိစ္စ (အမြဲမရှိ) ဒုက္ခ(ဆင်းရဲ၏) အနတ္တ (အစိုးမရ) အားဖြင့်သာ လျှင်တည်၏။

တနည်းတူပုံ

ထိုထိုရေပေါက်၌ ရေပွက်သည် ဖြစ်လည်းဖြစ်၏၊ ပျက်လည်းပျက်၏၊ ကြာမြင့်စွာ မတည်သကဲ့သို့၊ ထို့အတူ ဝေဒနာသည်လည်း ထိုထိုစိတ္တက္ခဏ၌ ဖြစ်လည်းဖြစ် ပျက်လည်းပျက်၏၊ ကြာမြင့်စွာမတည်၊ လက်ဖျစ်တစ်တီး+လက်ခြောက်တစ်တီး ခဏ၌ ကုဋေတသိန်းခန့်ပင် ဖြစ်၍ပျက်၏။

တနည်းတူပုံ

(၁) ရေအပြင်ကိုရင်း၊
(၂) ရေပေါက်ကိုရင်း၊
(၃) ရေအညစ်အကြေးကိုရင်း၊
(၄) ဆွဲငင်ပေါင်းစု အထုပ်ပြု၍ ယူသောလေကိုရင်း၊ ဤလေးပါးသောအကြောင်းကိုစွဲ၍ ဖြစ်သကဲ့သို့ ထို့အတူ ဝေဒနာသည်လည်း—

(၁) ပိုရောဝတ္ထုပြုပ် မြောက်ပါးကိုရင်း၊

(၂) အာရုံ ခြောက်ပါးကိုဌင်း၊
(၃) ကိလေသာ အညစ်အကြေးကိုဌင်း၊
(၄) ဖယောင်း ထိပါးခြင်းကိုဌင်း။
ဤလေးပါးသော အကြောင်းကို စွဲ၍ ဖြစ်သည်။
* ဤသို့လျှင် ဝေဒနာကွန္ဓာသည် ရေပွက်နှင့်တူသည်။

တံလှပ် ဥပမာ သညာကွန္ဓာ

ဥပမာန

ချစ်သားတို့ ဥပမာသော်ကား နွေဥတုတို့၏ နောက်ဆုံးလဝယ် နေမွန်းတိ အချိန်အခါ၌ တံလှပ်(လျှပ်စစ်)သည် တဖြတ်ဖြတ်လက်၏၊ထိုတံလှပ်(လျှပ်စစ်) ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် သေချာစေ့ဌ ကြည့်ရှုဆင်ခြင်ရာ၏၊ ယင်းသို့ သေချာစေ့ဌ ကြည့်ရှုဆင်ခြင်နေစဉ် ထိုယောကျ်း၏ စိတ်တွင် ထိုတံလှပ် (လျှပ်စစ်)သည် အနှစ်မစီး အခြေးနှီးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ ချစ်သားတို့ တံလှပ် (လျှပ်စစ်)၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။

ဥပမေယျ

ချစ်သားတို့ ထို့အတူပင်–

(၁) အတိတ်သညာ (လွန်လေပြီး အတိတ်ကာလ၌ ဖြစ်ပြီးသညာ)
(၂) အနာဂတ်သညာ (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့ သညာ)
(၃) ပစ္စုပ္ပန်သညာ (ယခုပစ္စုပ္ပန်၌ ဖြစ်ဆဲ သညာ)
(၄) အဇ္ဈတ္တသညာ (ကိုယ်တွင်းသန္တာန် ဖြစ်တဲ့သညာ)
(၅) ဗဟိဒ္ဓသညာ (ကိုယ်ပြင်သန္တာန်၌ ဖြစ်တဲ့ သညာ)
(၆) သြဠာရိကသညာ (ရုန်ရင်း ကြမ်းတန်းတဲ့ သညာ)
(၇) သုခုမသညာ (သိမ်မွေ့ညံ့တဲ့ သညာ)
(၈) ဟီနသညာ (ယုတ်ညံ့တဲ့ သညာ)
(၉) ပဏီတသညာ (မြင့်မြတ်တဲ့သညာ)

(၁၀) ဒုရေသညာ (အဝေးဌာ်ဖြစ်တဲ့ သညာ)

(၁၁) သန္ဓိကေသညာ (အနီးဌာ်ဖြစ်တဲ့ သညာ)

ဒီ သညာအားလုံးကို ယောဂီ ရဟန်းသည် ဝိပဿနာ မျက်စိဖြင့် သေချာစေ့ဝုကြည့်ရှုဆင်ခြင်ရာ၏၊ယင်းသို့သေချာစေ့ဝု ကြည့်ရှုဆင်ခြင်နေစဉ် ထိုယောဂီ ရဟန်း၏ စိတ်တွင် ထိုသညာအားလုံးသည် အနှစ်မစီး အချိုးနှိုးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ ချစ်သားတို့ သညာဌာ် အနှစ်ဟူ၍ အဘယ်မှာရှိနိုင်ပါ့မလဲ။

တံလှပ်နှင့် သညာကွန်ရှာတူပုံ

တံလှပ်(လျှပ်စစ်သည် အနှစ်မရှိသကဲ့သို့ ထို့အတူ သညာသည်လည်း နိစ္စသာရ(မြဲသောအနှစ်) ဓုဝသာရ (ခိုင်ခံ့သောအနှစ်)အတ္တသာရ(ကိုယ်ဟူသောအနှစ်)မှ ကင်းခြင်းကြောင့် အနှစ်မရှိ။

တနည်းတူပုံ

တံလှပ် (လျှပ်စစ်) ကို ကိုင်ယူခြင်းငှါ မတတ်ကောင်း၊ ထိုလျှပ်စစ်ကို ကိုင်ယူ၍ သောက်ခြင်းငှါရင်း၊ ရေချိုးခြင်းငှါရင်း အိုးခွက်ကို ပြည့်စေခြင်းငှါရင်း၊ မတတ်ကောင်းသကဲ့သို့ ထို့အတူ သညာကိုလည်း မြဲ၏ဟူ၍ရင်း၊ ခိုင်ခံ့၏ဟူ၍ရင်း၊ ငါဟူ၍ရင်း၊ ငါ၏ဥစ္စာဟူ၍ရင်း ယူခြင်းငှါ မတတ်ကောင်း၊ ယူပြန်ပါသော်လည်း နိစ္စ ဓုဝ အတ္တ အားဖြင့် မတည်၊ အနိစ္စ (အမြဲမရှိ) ဒုက္ခ (ဆင်းရဲ၏) အနတ္တ (အစိုးမရ)အားဖြင့်သာလျှင် တည်၏ ဖြစ်၏။

တနည်းတူပုံ

တံလှပ် (လျှပ်စစ်) သည် မကြာခဏ ဖြစ်လည်း ဖြစ်၏၊ ပျက်လည်း ပျက်၏၊ ကြာမြင့်စွာ မတည်သကဲ့သို့ ထို့အတူ သညာသည်လည်း ထိုထိုစိတ္တက္ခဏာ ဖြစ်လည်း ဖြစ်၏၊ ပျက်လည်း ပျက်၏၊ ကြာမြင့်စွာမတည်၊ လက်ဖြောက်တတီးခဏာ ဌာ် ကုဋေ တသိန်းခန့်ပင် ဖြစ်၍ ပျက်၏။

တနည်းတူပုံ

တံလှပ် (လျှပ်စစ်)သည် တုန်လှုပ်၏၊ ကောင်းစွာဖြစ်ပေါ်လာသော လှိုင်းတံပိုး အဟုန်ကဲ့သို့ ထင်ရသကဲ့သို့ ထို့အတူ နိလသညာစသည် အပြားရှိသော သညာလည်း နိလစသည်ကို ခံစားခြင်းအကျိုးငှါ တုန်လှုပ်၏။

တနည်း တူပုံ

တံလှပ် (လျှပ်စစ်)သည် ရေဖြင့် ပြည့်သော အိုင် မြစ်ကဲ့သို့ ထင်အောင် ပြောကြားသကဲ့သို့ လူအပေါင်းကို ဖောက်ပြန်စေသကဲ့သို့ ထို့အတူ သညာ သည်လည်း ဤစိမ်းညိုသော အဆင်းသည် တင့်တယ်လှပ၏၊ ချမ်းသာ၏၊ မြဲ၏ ဟု ပြောကြားသကဲ့သို့ လူအပေါင်းကို ဖောက်ပြန်စေ၏။

ဤသို့လျှင် သညာကွန္ဓာသည် တံလှပ်နှင့်တူသည်။

ငှက်ပျောတုံး ဥပမာ သင်္ခါရကွန္ဓာ

ဥပမာန

ချစ်သားတို့....ဥပမာသော်ကား အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာမှီးလေ့ ရှိသော ယောကျ်ားသည် အနှစ်ကိုရှာမှီးရန် လှည့်လည်လျက် ထက်လှစ္စာသော ဓားမကြီးကို ယူ၍ တောသို့ဝင်ရာ၏၊ ထိုယောကျ်ားသည် တောအရပ်၌ ဖြောင့်မတ် လတ်ဆတ်၍ အတွင်း၌ သီးခိုင်တံ မရောက်သေးသော ငှက်ပျော တုံးကြီးကို မြင်ရာ၏၊ အရင်း၌ ဖြတ်ပြီးလျှင် အဖျား၌ ဖြတ်ရာ၏၊ အဖျား၌ ဖြတ်ပြီးလျှင် အထပ်ထပ်သော အပတ်ကို ခွါရာ၏၊ ထိုယောကျ်ားသည် ငှက် ပျောတုံး၏ အထပ်ထပ်သော အပတ်ကိုခွါသော် အကာကိုမျှ မရရာ၊ အနှစ်ကို အဘယ်မှာရမည်နည်း၊ ထိုငှက်ပျောတုံးကြီးကို မျက်စိအမြင်ရှိသော ယောကျ်ား သည် သေချာစေ့ဝ ကြည့်ရှုဆင်ခြင်ရာ၏၊ ယင်းသို့ သေချာစေ့ဝကြည့်ရှုဆင်ခြင် နေစဉ် ထိုယောကျ်ား၏ စိတ်တွင် ထိုငှက်ပျောတုံးကြီးသည် အနှစ်မရှိ အချည်း နှီးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ ချစ်သားတို့ ငှက်ပျောတုံး၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။

ဥပမေယျ

ချစ်သားတို့ ကို့အတူပင် –

(၁) အတိတ်သင်္ခါရ (လွန်ခဲ့လေပြီး အတိတ်ကာလ၌ ဖြစ်ပြီးသင်္ခါရ)

(၂) အနာဂတ်သင်္ခါရ (နောင် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သင်္ခါရ)

(၃) ပစ္စုပ္ပန်သခ်ါရ (ယခု ပစ္စုပ္ပန်၌ ဖြစ်ဆဲသခ်ါရ)
(၄) အဇ္ဈတ္တသခ်ါရ (ကိုယ်တွင်းသန္တာန်၌ ဖြစ်တဲ့သခ်ါရ)
(၅) ဗဟိဒ္ဓသခ်ါရ (ကိုယ်ပသန္တာန်၌ ဖြစ်တဲ့သခ်ါရ)
(၆) သြဠာရိကသခ်ါရ (ရှုနှိုင်းကြမ်းတန်းတဲ့ သခ်ါရ)
(၇) သုခုမသခ်ါရ (သိမ်မွေ့နူးညံ့တဲ့ သခ်ါရ)
(၈) ဟီနသခ်ါရ (ယုတ်ညံ့တဲ့ သခ်ါရ)
(၉) ပဏီတသခ်ါရ (မြင့်မြတ်တဲ့ သခ်ါရ)
(၁၀) ဒူရေသခ်ါရ (အဝေးဌာနဖြစ်တဲ့ သခ်ါရ)
(၁၁) သန္တိကေသခ်ါရ (အနီးဌာနဖြစ်တဲ့ သခ်ါရ)

ဒီ သခ်ါရအားလုံးကို ယောဂီရဟန်းသည် ဝိပဿနာဉာဏ်မျက်စိဖြင့်သေချာစေ့ဝ ကြည့်ရှုဆင်ခြင်ရာ၏၊ ယင်းသို့သေချာ စေ့ဝကြည့်ရှု ဆင်ခြင်နေစဉ် ထို ယောဂီရဟန်း၏ စိတ်တွင် ထိုသခ်ါရအားလုံးသည် အနှစ်မစီး အချည်းနှီးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ ချစ်သားတို့ သခ်ါရတို့၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်ပါမလဲ။

ဌက်ပျောတုံးနှင့် သခ်ါရကွန်ရက်တူပုံ

ဌက်ပျောတုံးသည် အနှစ်မရှိသကဲ့သို့ ထို့အတူ သခ်ါရ ၅၀- တို့သည်လည်း နိစ္စသာရ (မြဲသောအနှစ်)ဓုဝသာရ (ခိုင်ခံ့သောအနှစ်) အတ္တသာရ (ကိုယ်ဟူသောအနှစ်)မှ ကင်းခြင်းကြောင့် အနှစ်မရှိ။

တနည်းတူပုံ

ဌက်ပျောတုံးကို တိုင် ထုတ်လျှောက်,အခြင်,ယနယ်စသည်ပြုခြင်းဌါမတတ်ကောင်း၊ ပြုလုပ်သော်လည်း မခိုင်မတည် ပျက်စီးလေ၏၊ ထို့အတူ သခ်ါရ ၅၀- တို့ကိုလည်း မြဲ၏ဟူ၍ရင်း၊ ခိုင်ခံ့၏ဟူ၍ရင်း၊ ငါဟူ၍ရင်း၊ ငါ၏ဥစ္စာဟူ၍ရင်း ယူခြင်းဌါမတတ်ကောင်း၊ယူပြန်ပါသော်လည်း နိစ္စ ဓုဝ အတ္တအားဖြင့် မတည်၊

အနိစ္စ (အမြဲမရှိ) ဒုက္ခ (ဆင်းရဲ၏) အနတ္တ (အစိုးမရ) အားဖြင့်သာလျှင် တည်၏ ဖြစ်၏။

တနည်းတူပုံ

ဌက်ပျောတုံးသည် ကြာမြင့်စွာ မတည် ပျက်စီးလေသကဲ့သို့ ထို့အတူသင်္ခါရ ၅၀-တို့သည်လည်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာ၍ ကြာမြင့်စွာ မတည်၊ ဘင်သို့ရောက်ကာ ချုပ်ပျောက်ပျက်စီးကြလေသည်၊ လက်ဖျစ်တတီး ခဏခွဲ ကုဋေတသိန်းခန့်ပင် ဖြစ်၍ပျက်သည်။

တနည်းတူပုံ

ဌက်ပျောတုံးသည် မျှားစွာထပ်သော အပတ်အလှာခွံတို့ဖြင့် ပေါင်းစုတည်နေသကဲ့သို့ ထို့အတူ သင်္ခါရကွန္ဓာသည်လည်း ဖဿ,စေတနာ စသော ၅၀-သော တရားအမျှားပင် ပေါင်းစုတည်နေ၏။

ဌက်ပျောတုံးခွံ ပထမအထပ်အလှာခွံအဆင်းသည် တမျိုး ဒုတိယအထပ်အလှာခွံအဆင်းသည် တမျိုး တတိယစသော အထပ်အလှာခွံ အဆင်းတို့သည်လည်း တမျိုးစီဖြစ်၍ အဆင်းလက္ခဏာ အမျိုးမျိုး ရှိသကဲ့သို့ ထို့အတူ သင်္ခါရကွန္ဓာခွံလည်း ဖဿလက္ခဏာသည် တမျိုး စေတနာစသည်တို့၏ လက္ခဏာတို့သည်လည်း အမျိုးစီဖြစ်၍ လက္ခဏာ အမျိုးမျိုးရှိသည်။

* ဤသို့လျှင် သင်္ခါရကွန္ဓာသည် ဌက်ပျောတုံးနှင့် တူသည်။

မျက်လှည့်ဥပမာ ဝိညာဏကွန္ဓာ

ဥပမာန

ချစ်သားတို့ ဥပမာသော်ကား မျက်လှည့်သမားသဲ ဖြစ်စေ၊ မျက်လှည့်သမား၏ တပည့်ဘဲ ဖြစ်စေ၊ လမ်းဆုံ လမ်းမတို့၌ မျက်လှည့်ပြထား၏၊ ထိုမျက်လှည့်ကို မျက်စိအမြင်ရှိသော ယောက်ျားသည် သေချာစေ့ ကြည့်ရှုဆင်ခြင်ထား၏၊ ယင်းသို့ သေချာ ကြည့်ရှုဆင်ခြင်နေစဉ်၊ ထိုယောက်ျား၏ စိတ်တွင်

ထိုမျက်လှည့်သည် အနှစ်မစီး အချည်းနှီးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ ချစ်သားတို့ မျက်လှည့်၌ အနှစ်ဟူ၍ အဘယ်မှာလျှင် ရှိနိုင်မည်နည်း။

ဥပမေယျ

ချစ်သားတို့ ထို့အတူပင်

(၁) အတိတ်ဝိညာဏ် (လွန်လေပြီး အတိတ်ကာလ၌ဖြစ်ပြီးဝိညာဏ်)
(၂) အနာဂတ်ဝိညာဏ်(နောင်အနာဂတ်ကာလ၌ဖြစ်လတ္တံ့ဝိညာဏ်)
(၃) ပစ္စုပ္ပန်ဝိညာဏ် (ယခုပစ္စုပ္ပန်၌ ဖြစ်ဆဲဝိညာဏ်)
(၄) အဇ္ဈတ္တဝိညာဏ် (ကိုယ်တွင်းသန္တာန်၌ ဖြစ်တဲ့ဝိညာဏ်)
(၅) ဗဟိဒ္ဓဝိညာဏ် (ကိုယ်ပသန္တာန်၌ ဖြစ်တဲ့ဝိညာဏ်)
(၆) သြဠာရိကဝိညာဏ် (ရှုန့်ရင်းကြမ်းတန်းတဲ့ ဝိညာဏ်)
(၇) သုခုမဝိညာဏ် (သိမ်မွေ့နူးညံ့တဲ့ ဝိညာဏ်)
(၈) ဟီနဝိညာဏ် (ယုတ်ညံ့တဲ့ ဝိညာဏ်)
(၉) ပဏီတဝိညာဏ် (မြင့်မြတ်တဲ့ ဝိညာဏ်)
(၁၀) ဒူရေဝိညာဏ် (အဝေးဌ၌ဖြစ်တဲ့ ဝိညာဏ်)
(၁၁) သန္တိကေဝိညာဏ် (အနီးဌ၌ဖြစ်တဲ့ ဝိညာဏ်)

ဒီ ဝိညာဏ်အားလုံးကို ယောဂီရဟန်းသည် ဝိပဿနာဉာဏ် မျက်စိဖြင့် သေချာစေ့ဝှ ကြည့်ရှု ဆင်ခြင်ရာ၏၊ ယင်းသို့ သေချာ စေ့ဝှ ကြည့်ရှုဆင်ခြင် နေစဉ် ထိုယောဂီရဟန်း၏ စိတ်တွင် ထိုဝိညာဏ်အားလုံးသည် အနှစ်မစီး အချည်းနှီးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ချစ်သားတို့ ဝိညာဏ်၌ အနှစ်ဟူ၍ အဘယ်မှာလျှင် ရှိနိုင်ပါ့မလဲ။

မျက်လှည့်နှင့် ဝိညာဏကွန်ရက်တူပုံ

မျက်လှည့်သည် အနှစ်မရှိသကဲ့သို့ ထို့အတူ ဝိညာဏ်သည်လည်း နိစ္စသာရ (မြဲသော်အနှစ်)ဓုဝသာရ(ခိုင်ခံ့သောအနှစ်)အတ္တသာရ (ကိုယ်ဟူသောအနှစ်) မှ ကင်းခြင်းကြောင့် အနှစ်မရှိ။

တနည်း တူပုံ

ရှေ့ဌေမဟုတ်သော ဝတ္ထုကို မျက်လှည့်ဆရာတို့ ရှေ့ပြေးရာ ထိုရှေ့ဌေကို ရှေ့ဌေအစစ်အနေနှင့် ယူခြင်းငှါ မတတ်ကောင်း၊ ယူပြန်ပါသော်လည်း ရောင်းဝယ်မှု၌ အသုံးမဝင်သကဲ့သို့ ထို့အတူ ဝိညာဏ်ကိုလည်း မြဲ၏ဟူ၍ဝင်း ခိုင်ခံ့၏ဟူ၍ဝင်း ငါဟူ၍ဝင်း ငါ၏ဥစ္စာဟူ၍ဝင်း ယူခြင်းငှါ မတတ်ကောင်း၊ ယူပြန်ပါသော်လည်း နိစ္စ ဓုဝ အတ္တအားဖြင့် မတည်၊ အနိစ္စ (အမြဲမရှိ) ဒုက္ခ (ဆင်းရဲခြင်း) အနတ္တ (အစိုးမရ) အားဖြင့်သာလျှင် တည်၏ ဖြစ်၏။

တနည်း တူပုံ

မျက်လှည့်သည် ခေတ္တခဏမျှ လျင်သော ဖြစ်ခြင်းရှိသကဲ့သို့ ထို့အတူ စိတ်ဝိညာဏ်သည်လည်း အလွန် တိုတောင်းသော ကာလ အလွန် လျင်သော ဖြစ်ခြင်းရှိ၏၊ လက်ဖျစ်တစ်တီးခဏ၌ ကုဋေတသိန်းခန့်ပင် ဖြစ်၍ပျက်သည်။

တနည်း တူပုံ

မျက်လှည့်သည် လူအပေါင်းကို လှည့်ပတ်သကဲ့သို့ ဝိညာဏ်သည်ယည်း လူအပေါင်းကို လှည့်ပတ်သည်။

* ဤသို့လျှင် ဝိညာဏကွန်ရှာသည် မျက်လှည့်နှင့်တူသည်။

ဂါထာများ

(၁) ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဋူပမာ။
မရိစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာ ဒိစ္စဗန္ဓုနာ။

(၁) ရူပကွန်ရှာကို ရေမြှုပ်စုံင်နှင့် တူ၏ဟူ၍ဝင်း၊ ဝေဒနာကွန်ရှာကို ရေပွက်နှင့် တူ၏ဟူ၍ဝင်း၊ သညာကွန်ရှာကို တံလှေပ်နှင့် တူ၏ဟူ၍ဝင်း၊ သင်္ခါရကွန်ရှာကို ငှက်ပျောတုံးနှင့် တူ၏ဟူ၍ဝင်း၊ ဝိညာဏကွန်ရှာကို မျက်လှည့်နှင့် တူ၏ဟူ၍ဝင်း ဘုရားဟောတော်မူသည်။

(၂) ယထာ ယထာ နိဗ္ဗာယတိ၊ ယောနိသော ဥပပရိက္ခတိ။
ရိတ္တကံ တုစ္ဆကံ ဟောတိ၊ ယော နံ ပဿတိ ယောနိသော။

(၂) ပညာရှိပုဂ္ဂိုလ်သည် ခန္ဓာငါးပါးကို ဉာဏ်စက္ခုဖြင့် အသင့်အားဖြင့် ကြည့်ရှုဆင်ခြင်၏၊ ယင်းသို့ ကြည့်ရှုဆင်ခြင်လျှင် ထိုပညာရှိ ပုဂ္ဂိုလ်၏စိတ်တွင် ခန္ဓာငါးပါးသည် အနှစ်မစီး အချည်းနှီးပင် အသုံးမဝင်ဟူ၍သာ ထင်ရာ၏။

(၃) ဣမဉ္စ ကာယံ အာရမ္ဘ၊ ဘူရိပညေန ဒေသိတံ။
ပဟာနံ တိဏ္ဏံ ဓမ္မာနံ၊ ရူပံ ပဿထ ဆဋ္ဌိတံ။

(၃) ဤ ခန္ဓာငါးပါးကို အကြောင်းပြု၍ ဘုရားဟောတော်မူသည်၊ ဇီဝိတိန္ဒြေ ကမ္မဇတေဇောဓာတ် ဝိညာဏ်ဟူသော တရားသုံးပါးတို့ ကင်းပျောက်ခြင်းကြောင့် သုသာန်သင်းချိုင်းဌ် စွန့်ပစ်အပ်သော ဥတုဇရูပ် ရူပကွန္ဓာကို ရှုကြကုန်လော့။

(၄) အာယူ ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိ မံ။
အပဝိဒ္ဓေါ တဒါ ဟေတိ၊ ပရဒတ္တံ အစေတနံ။

(၄) ဇီဝိတိန္ဒြေ ကမ္မဇတေဇောဓာတ် ဝိညာဏ် ဤတရားသုံးပါးတို့သည် အကြင်အခါ၌ ဤခန္ဓာကိုယ်ကို စွန့်ပစ်၍ သွားကြကုန်၏၊ ထိုအခါ၌ ဤခန္ဓာကိုယ်သည် စွန့်ပစ်အပ်သည်ဖြစ်၍ စိတ်စေတနာမရှိဘဲ ပိုးအမျိုးမျိုးတို့ အစာဖြစ်၍ သုသာန်၌ အိပ်ရ၏။

(၅) ဧတာဒိသာယံ သန္တာနော၊ မာယာယံ ဗာလလာပိနီ။
ဝဓကော ဧသအက္ခာတော၊ သာရော ဧဏ္ဍ နဝိဇ္ဇတိ။

(၅) ဤခန္ဓာကိုယ်သည် ဤသို့ သဘောရှိ၏၊ ဤ ဝိညာဏကွန္ဓာမည်သည် ကား လူမိုက်တွေကို လှည့်ပတ်ပြောဆိုစေသော မျက်လှည့်ပင်မည်၏၊ ဤခန္ဓာကိုယ်ကား လူသတ်ယောကျ်ားပင် ဖြစ်၏၊ ဤခန္ဓာကိုယ်၌ အနှစ်ဟူ၍ မရှိ။

(၆) ဧဝံ ခန္ဓေ အဝေက္ခေယ္ယ၊ ဘိက္ခု အာရဒ္ဓဝီရိယော။
ဒိဝါ ဝါ ယဒိ ဝါ ရတ္တိံ၊ သမ္ပဇာနော ပဋိဿတော။

(၆) အားထုတ်အပ်သော လုံ့လဝီရိယရှိသော ရဟန်းသည် နေ့၌ဖြစ်စေ၊ ည၌ဖြစ်စေ၊ သတိပညာဖြင့် ခန္ဓာငါးပါးကို ဤသို့လျှင် ရှုဆင်ခြင်ရာ၏။

(၇) ဇဟေယျ သဗ္ဗ သံယောဂံ၊ ကရေယျ သရဏတ္တနော။
စရေယျာ ဒိတ္ထသိသောဝ၊ ပတ္ထယံ အစ္စုတံပဒံ။

(၇) သေခြင်းကင်းသော နိဗ္ဗာန်ကို အလိုရှိသော ရဟန်းသည် သံယောဇဉ် အားလုံးကို ပယ်စွန့်ရာ၏၊ မိမိ၏ ကိုးကွယ်ရာကို ပြုရာ၏၊ ဦးခေါင်း ဥသျှောင် မီးလောင်သောသူကဲ့သို့ သုစရိုက်ကို တန်ခိုးမနား ကျင့်ကြုံကြိုးစားရာ၏။

ဖေဏပိဏ္ဍုပမသုတ် ပြီး၏။

ခန္ဓာငါးပါး ရှစ်လုံးဖွဲ့

(၁) ခန္ဓာ ဤရုပ်၊ ရေမြှုပ်ပုံဟန်၊
အနှစ်ကင်းစဲ၊ မမြဲကောန်၊
ချမ်းသာမတွဲ၊ ဆင်းရဲပူပန်၊
တနုတ္တ၊ မှတ်ကြ ဝေကန်၊
အသုဘ၊ ရှုကြအဖန်ဖန်။]

(၂) ဝေဒနာတွက်၊ ရေပွက်ပုံဟန်၊
အနှစ်ကင်းစဲ၊ မမြဲကောန်၊
ချမ်းသာမတွဲ၊ ဆင်းရဲပူပန်၊
အနတ္တ၊ ရှုကြ အဖန်ဖန်။

(၃) သညာတံလှပ်၊ ကုံကပ်တူပြန်၊
အနှစ်ကင်းစဲ၊ မမြဲကောန်၊
ချမ်းသာမတွဲ၊ ဆင်းရဲပူပန်၊
အနတ္တ၊ ရှုကြအဖန်ဖန်။

(၄) သခ်ၵါရဟာ၊ ၄ၵ်ပျောတုံးဟန်၊
အနုစ်ကင်းစဲ၊ မမြဲကေန်၊
ချမ်းသာမတ္ဆဲ၊ ဆင်းရဲပူပန်၊
အနတ္တ၊ ရှုကြ အဖန်ဖန်။

(၅) ဝိညာဏ်မျက်လှည့်၊ တူသည့်ပုံဟန်၊
အနုစ်ကင်းစဲ၊ မမြဲကေန်၊
ချမ်းသာမတ္ဆဲ၊ ဆင်းရဲပူပန်၊
အနတ္တ၊ ရှုကြအဖန်ဖန်။

သင်တန်း

အလုပ်ကောင်းတခု

တရားနာ ပရိသတ်ကြီး + ဘုရား။

အနတ္တသင်ပုန်းကြီးကို သင်ဘူးကြရဲ့လား?။

မသင်ဘူးပါ ဘုရား။

အေး....ရိုးရိုး သင်ပုန်းကြီးကိုတော့ လူတိုင်းဘဲ သင်ဘူးကြတယ်၊ ကျောင်းသားသူငယ် လူမမယ်တွေ့ သင်ပုန်းကြီးကို စတင်သင်ကြားရတယ်၊ ခုခေတ်မှာ "အ"သုံးလုံးသင်တန်းတွေ့ တပြည်လုံး နေ့ရာသီမှာ ဖွင့်လှစ်သင်ကြားပေးနေတယ်၊ အလွန်ကောင်းတဲ့ အလုပ်တခုဘဲ။

သင်တန်းဖွင့်

အနတ္တ သင်ပုန်းကြီးကိုတော့ သင်တန်းဖွင့်သူလဲ မရှိဘူး၊ သင်ကြားသူလဲ မရှိဘူး၊ ဒီကနေ့ည အနတ္တသင်ပုန်းကြီး သင်တန်းဖွင့်မယ်၊ အားလုံးတရားနာ ပရိသတ်ကြီး အနတ္တသင်ပုန်းကြီးသင်တန်း တက်ကြရမယ်၊ ရိုးရိုးသင်ပုန်းကြီး ကုန်လျှင် စာဘတ်တတ်တယ်၊ အနတ္တသင်ပုန်းကြီးကုန်လျှင် ငါစဲ့ပြုတ်မယ်၊ ကဲ-အနတ္တသင်ပုန်းကြီးသင်တန်းဖွင့်။

ရှားဦးပဏာမ

နမော ဗုဒ္ဓါယ သိဒ္ဓံ

အန္တရာယ်ကင်းအောင် သင်တန်းကြီးပြီးဆုံး အောင်မြင်အောင် ဦးဦးဖျားဖျား မြတ်ဘုရားအား ရှိခိုးလိုက်ရတယ်၊ ဒါဟာ ဗုဒ္ဓဘာသာ [illegible]ကျေးကျေ ရဲ့ ထုံးစံဘဲ၊ ဘယ်ကိစ္စဘဲ လုပ်လုပ် ဦးဦးဖျားဖျား ရတနာသုံးပါးကို ရှိခိုးရတယ်၊ ဒီလိုရှိခိုးပါမှ ရတနာသုံးပါးရဲ့ တန်ခိုးတော်ကြောင့် အမှုကိစ္စ အဟုတ်ဖြစ်ပြီးမယ်။

ဒါကြောင့်—

'နိပစ္စကာရသော တဿ၊ ကတဿ ရတနတ္တယော။
အာနုဘာဝေန သောသေတ္တာ၊ အန္တရာယေ အသေသတော'ဟု ကျမ်းဂန်မျှားမှာ လာတယ်။

ရတနတ္တယော၊ ဘုရား တရား သံဃာအားဖြင့် သုံးပါးသော ရတနာတို့၏ အပေါင်းခု။ ကတဿ၊ ကိုယ် နှုတ် စိတ် သုံးပါးအားဖြင့် ပြုအပ်သော။ တေဿနိပစ္စကာရဿ၊ ဤရိုသေတုပ်ကွ နှိမ်ချမြတ်နိုး ရှိခိုးရခြင်း၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ အန္တရာယေ၊ ကိုးဆယ့်ခြောက်သွယ် ရောဂါစသော အန္တရာယ်တို့ကို။ အသေသတော၊ ကြွင်းကျန်တစိမရှိသောအားဖြင့်။ သောသေတ္တာ၊ ကိုယ်သို့မရောက် ကင်းပျောက် ပ,လပ် ချောက်ကပ်စေ၍။

ဤကဲ့သို့ အန္တရာယ်ကင်း ရန်အသွယ်သွယ်ရှင်းကြောင်း ကျမ်းဂန်တွေမှာ လာခြင်းကြောင့် ဘယ်ကိစ္စဘဲပြုပြု ဦးဦးဖျားဖျား—

နမော ဗုဒ္ဓဿ၊
နမော မေတ္တဿ၊
နမော သံဃဿ ဟု ပါဠိလိုဘဲဖြစ်စေ—
ဘုရားအား ရှိခိုးပါ၏။
တရားအား ရှိခိုးပါ၏။
သံဃာအား ရှိခိုးပါ၏ ဟု မြန်မာလိုဘဲ ဖြစ်စေ ရတနာသုံးပါးအား ရှိခိုးကြပါ။

ပရိသတ်ကြီး + ဘုရား။
ယခု ဘာလုပ်မလို့လဲ?။

အနတ္တသင်ပုန်းကြီး သင်တန်းတက်မလို့ပါဘုရား။
သင်တန်းမတက်ခင် ဘာလုပ်အုန်းမလဲ?။
ရတနာသုံးပါးကို ရှိခိုးရပါမယ်ဘုရား။

ဘာလို့ ရတနာသုံးပါးကို ရှိခိုးရသလဲ?။

အန္တရာယ်ကင်းပြီး သင်တန်းကြီးပြီးဆုံးအောင်မြင်အောင်လို့ပါဘုရား။

အေး....အနုတ္တသင်ပုန်းကြီး သင်တန်း ဖွင့်လှစ် သင်ကြားနေချိန်အတွင်းမှာ ဆရာရော တပည့်ပါ အန္တရာယ်ကင်း ရန်အသွယ်သွယ်ရှင်းပြီး သင်တန်းကြီးပြီးဆုံး အောင်မြင်အောင် ရတနာသုံးပါးအား ရှိခိုးလိုက်ကြဦးစို့။

ကဲ အားလုံးလိုက်ဆိုကြ–

နမော ဗုဒ္ဓါယ သိဒ္ဓံ၊

နောက် နှစ်ကြိမ်ထပ်ပြီး ဆိုလိုက်ပါ

နမော ဗုဒ္ဓါယ သိဒ္ဓံ၊

နမော ဗုဒ္ဓါယ သိဒ္ဓံ၊

ဗုဒ္ဓါယ၊ သစ္စာလေးဆိုင် မြတ်ပန်းခိုင်ကို ကိုယ်တိုင်တော်မူ သယမ္ဘူဖြင့် ဆွတ်ချူပန်ဆင် မျှားဖြင်ဝေနေ ပန်ဆင်စေကြား မြတ်ဘုရားအား။ အမှာကံ၊ ခန္ဓာနာမ်ရုပ် ဓာတ်ပေါင်းချုပ်ကို သမုတ်မှည့်ခေါ် တပည့်တော်, တပည့်တော်မတို့၏။ ဝါ-ဟိုဟာလဲဝါ, သည်ဟာလဲဝါ၊ သည်ဟာလဲဝါ, ဟိုဟာလဲဝါ အရာရာဝါ ဟို့သံသရာဘဝက သူရောဝါပါ စွဲလာခဲ့ကြတဲ့ ဝါစွဲရန်ကို အမြစ်ပါ မကျန် ချေမှုန်းပြီး အစဉ်လန်းနိုင်တဲ့ အနုတ္တသင်ပုန်းကြီးသင်တန်းကို ရှင်လန်းစွာ တက်ရောက်သင်ကြားကြတဲ့ တပည့်တော် တပည့်တော်မတို့၏။ နမော၊ အမျိုးမျိုး အန္တရာယ် အမှန်တကယ်ပျက်ပြုန်းပြီး သင်တန်းကြီး ပြီးဆုံးအောင်မြင်အောင် ကိုယ်ကလဲကြည်လင် နှတ်ကလဲကြည်လင် စိတ်ကလဲကြည်လင်သဒ္ဓါရှင် မောက်ဖြိုးရှိ ရှိခိုးခြင်းသည်။ အတ္ထု စင်စစ်မသေ ဖြစ်ပါ၏ သတည်း။ တနေ့ပုညေန၊ သင်တန်းသင်ကြား ရှေးဦးဖျားခ် မြတ်ဖျားအစိန္တ ဦးနှမ်ရှေ့ပြု ထိုကောင်းမှုကြောင့်။ သို့ အန္တရာယ်ကင်း ရန်အသွယ်သွယ်ရှင်းမှ သင်တန်းကြီးပြီးဆုံး အောင်မြင်မြင်ပါ။ အတ္ထု [illegible] ဖြစ်ပါ၏ သတည်း။

သင်တန်းစ

အက္ခရာ ၄၁ - လုံး

ပိဋကတ်သုံးပုံမှာ-သရ ၈-လုံး, ဗျည်း ၃၃-လုံး အားလုံးပေါင်း အက္ခရာ ၄၁-လုံးဘဲ ရှိတယ်။

ပရိသတ်ကြီး + ဘုရား။

ပိဋကတ်သုံးပုံမှာ အက္ခရာပေါင်း ဘယ်လောက်ရှိသလဲ?။

အက္ခရာ ၄၁-လုံးဘဲ ရှိပါတယ်ဘုရား။

အခု၂ကျောင်းသားသူငယ်တွေဟာ ဗျည်း ၃၃-လုံးတွင် အဆုံးဗျည်းကို 'အ'လို့ ရွတ်ဘတ်ကြတယ်၊ 'အံ'လို့ ရွတ်ဖတ်ရမယ်၊ 'အ' ကားသရ 'အံ' ကားဗျည်းဖြစ်တယ်။

ပညတ် ပရမတ်

ပရိသတ်ကြီး + ဘုရား။

နာမည် (နံမယ်) ဟူသမျှကို ပညတ်လို့ မှတ်ရမယ်၊ ရုပ်နှင့် နာမ်ကို ပရမတ်လို့ မှတ်ရမယ်။

မှတ်မိ ရဲ့လား?။

မှတ်မိပါတယ် ဘုရား။

မှတ်မိလျှင် ဖြေစမ်း နာမည်ဟူသမျှ=

ပညတ်ပါ ဘုရား။

ရုပ်နာမ်ဟူသမျှ—

ပရမတ်ပါ ဘုရား။

အ,အာ,က,ခ အစရှိတဲ့ နာမည်တွေကို ဘာလို့ မှတ်မလဲ?။

ပညတ်လို့ မှတ်ရပါမယ် ဘုရား။

အဲဒီ ပညတ်တွေရဲ့မှီရာ ရုပ်ဝတ္ထုတွေကို ဘာလို့ မှတ်မလဲ?။

ပရမတ်လို့ မှတ်ရပါတယ် ဘုရား။

သမ္မုတိသစ္စာ

ကကြီးလို့ ဘာမှာ မြေဖြူတံနှင့် ရေးထားတယ် ရေးပြီး ဒီဟာ ဘာလဲလို့ ဆရာက မေးလျှင် က,ကြီးလို့ဘဲ ကျောင်းသားသူငယ်က ဖြေတယ်၊ ဆရာက ငါ့တပည့်မှန်တယ်၊ ဒီဟာ က,ကြီးဘဲ က, ကြီးဆိုတာ အကုတ်ကလေးနဲ့ ဒီ အက္ခရာကို ဘယ်နေရာမှာ တွေ့တွေ့ က,ကြီးလို့ဘဲ ဘတ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ဒီ ဆရာနှင့် တပည့် မေးတာ ဖြေတာ မမှန်ဘူးလား? ။

မှန်ပါတယ် ဘုရား။

အေး....ဒီ ဆရာနှင့် တပည့်ဟာ သမုတိသစ္စာနယ်မှာ အမေးအဖြေပြုပြီး သမုတိသစ္စာလောက်သာ အလေးဂရုပြုတယ်၊ သမုတိသစ္စာလောက်သာ ပို့ချသင်ကြား မေးလား ဖြေလား ပြုကြတယ်၊ သမုတိသစ္စာ အနေအားဖြင့် တော့ မှန်ပါတယ်၊ လူ့လောကအတွင်းမှာ လူရယ်လို့ ဖြစ်လာလျှင် သမုတိ သစ္စာကို သိရမယ်၊ သမုတိသစ္စာကို သိမှ လောကဝေါဟာရကို နားလည်ပြီး လူရှုဝင်မယ်။

သမုတိသစ္စာ သိသူမျှား ပရမတ္ထသစ္စာ သိသူရှား

ဥပမာ– သမုတိသစ္စာကို နားမလည်သေးတဲ့ သူငယ်တဦးအား လူကလေး အနတ္တသင်ပုန်းကြီး စာအုပ်ယူခဲ့ပါဟု ခိုင်းစေကြည့် မသိတာနဲ့ မယူတတ်ဘူး၊ ဘာဘဲယူခိုင်း ယူခိုင်း လောကဝေါဟာရ သမုတိသစ္စာကို နားမလည်သူ ဖြစ်လျှင် မယူတတ်ဘူးပေါ့၊ ဒါကြောင့် ကျောင်းသား သူငယ်တွေ သင်ပုန်း ကြီးက စပြီး လောကဝေါဟာရကို သင်ကြရတယ်၊ ဒါကြောင့် သမုတိသစ္စာ ကို သိသူမျှားတယ်၊ အနတ္တသင်ပုန်းကြီးကိုတော့ သင်ကြားပို့ချသူ နည်း ပါးတယ်၊ ဒါကြောင့် ပရမတ္ထသစ္စာကို သိသူရှားတယ်။

သစ္စာ(၂)ပါး

(၁) သမုတိသစ္စာ,
(၂) ပရမတ္ထသစ္စာ[illegible] ဟုကျဉ်းအာ.ဖြင့် သစ္စာ(၂)ပါး ဖဲ့ပြီပယ်။

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္မုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိ ပရမတ္ထဥ္စ၊ တတိယံ နုပလဗ္ဘတိ။

ဝဒတံ၊ ပြောတတ် ဟောတတ် လူရည်တတ်ဆို ပုဂ္ဂိုလ် အပေါင်းတို့တွင်။ ဝါ- ပုဂ္ဂိုလ်အပေါင်းတို့ထက်။ ဝရော၊ အချွန်ဆုံး အမွန်ဆုံး အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူထသော။ သမ္မုဒ္ဓေါ၊ ဆရာမကူ သယမ္ဘူ(ဉာဏ်စွမ်းဖြင့် သစ္စာလေးပါး အချွန်ဆုံး အမွန်ဆုံးအသာဆုံး အမြတ်ဆုံးတရားကို ပိုင်းခြားထင်ထင်ထိုးထွင်း၍ သိမြင်တော်မူသော ဘုရားရှင်သည်။ သမ္မုတိဥ္စ၊ မိန်းမယောကျ်ား ကျွန်ုပ်ဆင်မြင်း အစရှိတဲ့ အမည်ပညတ္တိ သမုတိသစ္စာကိုလည်း။ ပရမတ္ထဥ္စ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂအပြား လေးပါးသော ပရမတ္ထသစ္စာကိုလည်း။ ဣတိ၊ ဤသို့ဆိုခဲ့ပြီးသား ပေါင်းသောအားဖြင့်။ ဒုဝေ၊ နှစ်မျိုးနှစ်စား နှစ်ပါးကုန်သော။ သစ္စာနိ၊ မှန်ကန်စ္စာသား သစ္စာတရားတို့ကို။ အက္ခာသိ၊ ဝေဘန်ပိုင်းခြား စည်းကမ်းထား၍ ဟောကြားတော်မူခဲ့ပြီ။ တတိယံ၊ နှစ်ခုလွန်ရောက်သုံးခုမြောက်ဖြစ်သော သစ္စာကို။ နုလဗ္ဘတိ၊ မုချဆတ်ဆတ် ရှာဖွေလတ်လည်း မရအပ်ပါပေ။

ဒေသနာ ၂–မျိုး

ဗုဒ္ဓဿ ဟိ ဘဂဝတော ဒုဝိဓေသနာ သမ္မုတိဒေသနာ ပရမတ္ထ ဒေသနာစသတိ။

မြတ်ဘုရား၏ ဒေသနာတော်မှာလဲ–

(၁) သမ္မုတိဒေသနာ၊

(၂) ပရမတ္ထဒေသနာ အားဖြင့် နှစ်မျိုးဘဲရှိတယ်။

သမ္မုတိဒေသနာ

ပုဂ္ဂိုလ် သတ္တဝါ မိန်းမ ယောကျ်ား မင်း ပုဏ္ဏား နတ် မာရ်နတ် စသည်ဖြင့် လောကဝေါဟာရသမ္မုတိသစ္စာ ပညတ်၏အစွမ်းဖြင့် ဟောတဲ့ဒေသနာကို သမ္မုတိဒေသနာလို့ ဆိုတယ်။

ပရမတ္ထဒေသနာ

အနိစ္စ ဒုက္ခ အနတ္တ ခန္ဓာ ဓာတ် အာယတန သတိပဋ္ဌာနစသည်ဖြင့် ပရမတ္ထ၏ အစွမ်းဖြင့် ဟောတဲ့ဒေသနာကို ပရမတ္ထဒေသနာလို့ ဆိုတယ်။

သတ္တဝါအလိုက် ဒေသနာ

သမ္မုတိဒေသနာ၏ အစွမ်းဖြင့် ဟောမှ ကျွတ်မည့် သတ္တဝါကို သမ္မုတိဒေသနာကို ဟောကြားပြီး ခွဲတော်မူတယ်။

ပရမတ္ထ ဒေသနာ၏ အစွမ်းဖြင့် ဟောမှ ကျွတ်မည့်သတ္တဝါကို ပရမတ္ထဒေသနာကို ဟောကြားပြီး ခွဲတော်မူတယ်။

ဥပမာဆောင် ထင်အောင်ပြ

လောက ဥပမာ ပုံတူရှာပြီး ပြရပါလျှင် ဒေသဘာသာ အမျိုးမျိုးဌ လိမ်မာကျမ်းကျင်တဲ့၊ ဝါ-ဘာသာစကားမျိုးစုံ တတ်သိနားလည်တဲ့ ဗေဒင်သုံးပုံ တတ် ဆရာတဦးသည် တပည့်အများကို ဗေဒင်သင်ပေးတဲ့အခါ အင်္ဂလိပ် ဘာသာစကားဖြင့် ပို့ချသင်ပြမှ နားလည်တတ်သိမည့် အင်္ဂလိပ်လူမျိုး တပည့်တွေကို အင်္ဂလိပ်ဘာသာစကားဖြင့် ပို့ချသင်ပေးတယ်၊ ကုလားဘာသာစကားဖြင့် ပို့ချသင်ပြမှ နားလည်တတ်သိမည့် ကုလားလူမျိုး တပည့်တွေကို ကုလားဘာသာစကားဖြင့် ပို့ချသင်ပြပေးတယ်၊ မြန်မာဘာသာစကားဖြင့် ပို့ချသင်ပြမှ နားလည်တတ်သိမည့် မြန်မာလူမျိုး တပည့်တွေကို မြန်မာဘာသာစကားဖြင့် ပို့ချသင်ပြပေးတယ်၊ ဒါကြောင့် တပည့်တွေလဲ ဒေသဘာသာ အမျိုးမျိုးဌ လိမ်မာကျမ်းကျင်တဲ့၊ ဆရာကို အကြောင်းပြုပြီး လျှင်မြန်စွာပင် ဗေဒင်တတ်မြောက်ကြတယ်။

ပမာပမည်း နှီးနှော

(၁) ဆရာကဲ့သို့ မြတ်ဘုရားကို မှတ်သားရမယ်။

(၂) ဗေဒင်သုံးပုံကဲ့သို့ ပိဋကတ်သုံးပုံကို မှတ်သားရမယ်။

(၃) ဆရာ၏ ဒေသဘာသာ အမျိုးမျိုးဌ လိမ်မာ ကျမ်းကျင်ခြင်းကဲ့သို့ မြတ်ဘုရား၏ သမ္မုတိ ပရမတ္ထ ဒေသနာနှစ်မျိုးဌ လိမ်မာ ကျမ်းကျင်ခြင်းကို မှတ်သားရမယ်။

(၄) ဒေသဘာသာစကား အမျိုးမျိုးရှိတဲ့ တပည့်တွေကဲ့သို့ သမ္မုတိပရမတ္ထ ဒေသနာနှစ်မျိုး၏ အစွမ်းဖြင့် ကျွတ်မည့်သတ္တဝါတွေကို မှတ်သားရမယ်။

(၅) ဆရာ၏ တပည့် လူမျိုးအလိုက် ဘာသာစကားမျိုးစုံဖြင့် ပို့ချသင်ပြ ပေးသကဲ့သို့ မြတ်ဘုရား၏ သတ္တဝါအလိုက် သမ္မုတိပရမတ္ထ ဒေသနာနှစ်မျိုးကို ဟောကြား၍ ချွတ်တော်မူခြင်းကို မှတ်သားရမယ်။

အကြောင်း (၈)မျိုးဖြင့် သမ္မုတိ ဒေသနာကိုဟော

'အဋ္ဌဟိ ကာရဏေဟိ ဘဂဝါ ပုဂ္ဂလကထံ ကထေတိ'

အကြောင်းရှစ်မျိုးဖြင့် ဘုရားရှင်သည် သမ္မုတိဒေသနာ ပုဂ္ဂလကထာကို ဟောတော်မူသည်။

(၁) ဟိရောတ္တပ္ပ ဒီပနတ္ထံ(အရှက်အကြောက်ကို ပြလိုသောကြောင့်ရင်း၊)

(၂) ကမ္မဿကတာ ဒီပနတ္ထံ (ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိသည်၏ အဖြစ်ကို ပြလိုသောကြောင့်ရင်း။)

(၃) ပစ္စတ္တ ပုရိသကာရ ဒီပနတ္ထံ(အသီးသီးသော ယောကျ်ားတို့ပြုတဲ့အမှုကို ပြလိုသောကြောင့်ရင်း။)

(၄) အာနန္တရိယ ဒီပနတ္ထံ (အာနန္တရိယကံကို ပြလိုသောကြောင့်ရင်း။)

(၅) ဗြဟ္မဝိဟာရ ဒီပနတ္ထံ (ဗြဟ္မဝိဟာရကို ပြလိုသောကြောင့်ရင်း။)

(၆) ပုဗ္ဗေနိဝါသ ဒီပနတ္ထံ (ပုဗ္ဗေနိဝါသကို ပြလိုသောကြောင့်ရင်း။)

(၇) ဒက္ခိဏာဝိသုဒ္ဓိ ဒီပနတ္ထံ(ဒက္ခိဏာဝိသုဒ္ဓိကို ပြလိုသောကြောင့်ရင်း။)

(၈) လောကသမ္မုတိယာ အပ္ပဟာနတ္ထံ (လောကဝေါဟာရ လောကသမ္မုတိကို မပယ်လိုသောကြောင့်ရင်း။)

ဒီ အကြောင်းရှစ်မျိုးဖြင့် သမ္မုတိဒေသနာ ပုဂ္ဂလကထာကို ဟောတော်မူသည်။

(၁) ခန္ဓာတွေ အာယတနတွေ ဓာတ်တွေဟာ ရှက်တတ် ကြောက်တတ်တယ်ဟု ဟောကြားခဲ့ပါလျှင် လူအများ နားမလည်၊ ဘယ်ခန္ဓာ ဘယ် အာယတန ဘယ်ဓာတ်တွေ ရှက်တတ် ကြောက်တတ်ပါသလဲလို့ တွေးမေးမှုသာ ဖြစ်မယ်။

ဗုဒ္ဓဘာသာ မြန်မာမိန်းကလေး ယောကျ်ားကလေးတွေဟာ အကုသိုလ် ဒုစရိုက်မှု ပြုရမှာ ရှက်တတ် ကြောက်တတ် စသည်ဖြင့် ဟောကြားခဲ့ပါလျှင် လူအများ နားလည်တယ်၊ ဤကဲ့သို့ အရှက်အကြောက်ကို ပြလိုသောကြောင့်လည်း သမ္မုတိဒေသနာ ပုဂ္ဂလကထာကို ဟောတော်မူသည်။

(၂) ခန္ဓာ ကမ္မဿကာ ခန္ဓာတို့သည် ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိကုန်၏၊ အာယတန ဓာတ်တို့သည် ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိကုန်၏ဟု ဟောကြားခဲ့မှု လူအများနားမလည် တွေးမေးမှုသာ ဖြစ်မည်။

'သဗ္ဗေသတ္တာ ကမ္မဿကာ'

သတ္တဝါတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ် စသည်ဖြင့် ဟောကြားခဲ့မှု လူအများ နားလည်တယ်၊ ဤကဲ့သို့ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိသည်၏ အဖြစ်ကို ပြလိုသောကြောင့်လည်း သမ္မုတိဒေသနာ ပုဂ္ဂလကထာကို ဟောတော်မူသည်။

(၃) ဇေတဝန် အစရှိတဲ့ကျောင်းတော်ကြီးတွေဟာ ခန္ဓာတွေနဲ့ ဆောက်လုပ်ထားတယ်၊ အာယတနတွေ ဓာတ်တွေနဲ့ ဆောက်လုပ်ထားတယ်၊ ခန္ဓာ အာယတန ဓာတ်တို့သည် ဆောက်လုပ်လူဒါန်းတယ်ဟု ပြောကြားခဲ့မှု လူအများ နားမလည် တွေးမေးမှုသာ ဖြစ်မည်၊ သစ်ဝါး [illegible] ကျောင်းတိုက် သံကြေးတွေနဲ့ ဆောက်လုပ်ထားတယ်၊ အနာထပိဏ် [illegible]သောသူတို့သည် ဆောက်လုပ်လူဒါန်းတယ်ဟု ဟောကြားခဲ့မှု လူအများ နားလည်တယ်၊ [illegible] [illegible]ကြီးသိုးသော ယောကျ်ားတို့ ပြုတဲ့ အမှုကို ပြလိုသောကြောင့်လည်း သမ္မုတိဒေ[illegible]နာ ပုဂ္ဂလကထာကိုဟောကြားတော်မူတယ်။

(၄) ခန္ဓာ အာယတန ဓာတ်တို့သည်—

အမိကို သတ်ကုန်၏၊ အဖကို သတ်ကုန်၏၊ ရဟန္တာကို သတ်ကုန်၏၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုကုန်၏၊ သံဃာကို သင်းခွဲကုန်၏ဟု ဟောကြားခဲ့မှု လူအများ နားမလည် တွေ့ဝေမှုသာ ဖြစ်မည်။

အဇာတသတ်မင်းသည် အဖကိုသတ်သည်၊ ရှင်ဒေဝဒတ်သည် ဘုရားကို သွေးစိမ်းတည်အောင် ပြုသည်၊ သံဃာကို သင်းခွဲသည်ဟု ဟောကြားခဲ့မှု လူအများနားလည်သည်၊ဤကဲ့သို့အနန္တရိယကံကို ပြလိုသောကြောင့်လည်း သမုတိဒေသနာ ပုဂ္ဂလကထာကို ဟောကြားတော်မူသည်။

(၅) ခန္ဓာတို့သည် သတ္တဝါတွေကို ချစ်ခင်တတ်တယ်၊ဆနား ကြင်နာတတ်တယ်၊ အာယတန ဓာတ်တို့သည် သတ္တဝါတွေကို ချစ်ခင်တတ်တယ်၊ သနား ကြင်နာတတ်တယ် စသည်ဖြင့် ဟောကြားခဲ့မှု။ လူအများနားမလည် တွေ့ဝေမှုသာဖြစ်မည်၊ ဘယ်ပုဂ္ဂိုလ်ဟာဖြင့် သတ္တဝါတွေကို ချစ်ခင်တတ်တယ်၊ သနား ကြင်နာတတ်တယ် စသည်ဖြင့် ဟောကြားခဲ့မှု လူအများ နားလည်တယ်၊ ဤကဲ့သို့ ဗြဟ္မဝိဟာရကို ပြလိုသောကြောင့်လည်း သမုတိဒေသနာ ပုဂ္ဂလ ကထာကို ဟောတော်မူသည်။

(၆) ခန္ဓာ အာယတန ဓာတ်တို့သည် ရှေးဦး နောက်ဆုံးတဲ့ ခန္ဓာအစဉ်ကို အောက်မေ့ကြတယ်ဟု ဟောကြားခဲ့မှု လူအများနားမလည် တွေ့ဝေမှုသာဖြစ်မည်၊ ဘယ်ပုဂ္ဂိုလ်ဟာဖြင့် ရှေးဦး နောက်ဆုံးတဲ့ ခန္ဓာအစဉ်ကို အောက်မေ့နိုင်တယ် စသည်ဖြင့် ဟောကြားခဲ့မှု လူအများနားလည်တယ်၊ ဤကဲ့သို့ ပုဗ္ဗေနိဝါသကို ပြလိုသောကြောင့်လည်း သမုတိဒေသနာ ပုဂ္ဂလကထာကို ဟောတော်မူသည်။

(၇) ခန္ဓာ အာယတန ဓာတ်တို့သည် အလှူဒါနကို အလှူခံကြကုန်၏ဟု ဟောကြားခဲ့မှု လူအများနားမလည်ဘယ်ခန္ဓာ ဘယ်အာယတန ဘယ်ဓာတ်တွေဟာ အလှူဒါနကို အလှူခံကြကုန်သနည်းဟု တွေ့ဝေမှုသာဖြစ်မည်၊ သီလရှိတဲ့ ကောင်းတဲ့ ကိုယ်အကျင့် နှုတ်အကျင့်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အလှူဒါနကို အလှူခံ

ကြကုန်၏ဟု ဟောကြားခဲ့မူ လူအများနားလည်တယ်၊ ဤကဲ့သို့ ဒကွိဏာစိသုဒ္ဓိ ကို ပြလိုသောကြောင့်လဲ သမုတိဒေသနာ ပုဂ္ဂလကထာကို ဟောတော်မူတယ်။

(၇) **လောကသား** လူအများတို့ ခေါ်ဝေါ်ပြောကြားနေကြတဲ့ သမ္မုတိ သစ္စာကို ဘုရားရှင်တို့သည် မပယ်စွန့်ကြ လောကအမည် လောကသဒ္ဒါ လောက စကား အသုံးအနှုန်းများဖြင့် သာလျှင် တရားတော်များကို ဟောကြားတော်မူတယ်၊ ဤကဲ့သို့ လောကဝေါဟာရ သမ္မုတိသစ္စာကို မပယ်လိုသောကြောင့်လည်း သမ္မုတိဒေသနာ ပုဂ္ဂလကထာကို ဟောတော်မူသည်။

ဒေသနာနှစ်လမ်းနှင့် သင်တန်း

အနုတ္တရသင်ပုန်းကြီး သင်တန်းမှာ ဒေသနာနှစ်လမ်းနှင့်ဘဲ ဟောခန်း ဖွင့်ရ လိမ့်မယ်၊ ဘောမှာ က,ကြီး ခ,ကွေး စသည် မြေဖြူတံနှင့် ရေးပြီး ဆရာက–

ဒီဟာ က,ကြီး၊ ဒီဟာ ခ,ကွေး၊ ဒီဟာ ဂ,ငယ်၊ ဒီဟာ ဃ,ကြီး ဒီဟာ င, လို့ အက္ခရာအမည်တွေကို သင်ပြတယ်၊ တပည့်ကလဲ ဆရာသင်ပြသည့် အတိုင်း အက္ခရာအမည်ံတွေကို ပုံဟန်သဏ္ဌာန်နှင့် ဖတ်ကျက်မှတ်သားတယ်။

တဖန်စုံစမ်း

တဖန် ဆရာက မှတ်သားမိမူ ရှိ, မရှိ တပည့်ကို စုံစမ်းတဲ့ဘနေနှင့် ခ,ကွေး အက္ခရာကို လက်ထောက်ပြီး ဒီဟာ ဘာလဲ တပည့်လို့ မေးတယ်၊ တပည့်က ခ,ကွေးပါ ဆရာလို့ ဖြေတယ်၊ ဆရာက မှန်တယ်၊ ငါ့တပည့် ဒီအက္ခရာကို ဘယ်နေရာမှာတွေ့တွေ့ ခ,ကွေးလို့ ဖတ်ရမယ်။

သမ္မုတိပညတ်သာသိ

ပရိသတ်ကြီး + ဘုရား။

ဒီ ဆရာနှင့် တပည့် မေးတာ ဖြေတာဟာ မမှန်ဘူးလား?။

မှန်ပါတယ် ဘုရား။

မှန်လျှင် ဘာသစ္စာလဲ?။

သမ္မုတိသစ္စာပါ ဘုရား။

အင်း....ဒီ ဆရာနှင့် တပည့်ဟာ သမုတိပညတ်လောက်သာ သိတယ်၊ ပရမတ်ကို လုံးဝ မသိဘူး။

ပညတ် ပရမတ် အနတ္တ

ခ,ကွေးဆိုတဲ့ အမည်က ပညတ်၊ ဒီပညတ်ကို ခန္ဓာဖွဲ့လို့ မရဘူး၊ ခန္ဓာငါးပါးတွင် မပါဝင်ဘူး၊ ခန္ဓဝိမုတ်လို့ မှတ်ရမယ်။

မျက်စိနှင့် မြင်ရတဲ့ ဖြူတဲ့အဆင်း ဝိုင်းဝိုင်းကလေး ပုံသဏ္ဌာန်က ရူပ်ပရမတ် ရူပကွန္ဓာ၊ အဲဒီ အဆင်းရူပ်နှင့် အတူဖြစ်တဲ့ ပထဝီရူပ်, အာပေါရူပ်,တေဇောရူပ်, ဝါယောရူပ်, အနုံရူပ်, အရသာရူပ်, သြဇာရူပ် တွေကလဲ ရူပ်ပရမတ် ရူပကွန္ဓာ၊ ဖောက်ပြန် ပျက်စီးခြင်းသဘော လက္ခဏာရှိတယ်၊ ဒီပညတ် ပရမတ် နှစ်မျိုးလုံးပင် အစိုးမရတဲ့ အနတ္တတရားများ ဖြစ်တယ်။

က,ကြီးကို လက်ထောက်ပြီး သမုတိပညတ် အားဖြင့် ဒီဟာ ဘာလဲလို့ မေးလျှင် က,ကြီးပါလို့ ဖြေရမယ်၊ ပရမတ္ထအားဖြင့် ဒီဟာဘာလဲလို့ မေးလျှင် ရူပကွန္ဓာပါလို့ ဖြေရမယ်၊ ဝိပဿနာ အလုပ်စခန်းအနေနှင့် ဒီဟာဘာလဲလို့ မေးလျှင် အနတ္တ,ပါလို့ ဖြေဆိုရမယ်။

ပရိသတ်ကြီး + ဘုရား။

မှတ်မိရဲ့လား?။

မှတ်မိပါတယ် ဘုရား။

ပညတ်

မှတ်မိလျှင် မေးမယ်၊ ရှေးဦး သမုတိပညတ်အားဖြင့် ဖြေစမ်း၊

က ဒါ ဘာလဲ?	က, ကြီးပါ ဘုရား။
ခ ဒါ ဘာလဲ?	ခ, ကွေးပါ ဘုရား။
ဂ ဒါ ဘာလဲ?	ဂ, ငယ်ပါ ဘုရား။
ဃ ဒါ ဘာလဲ?	ဃ,ကြီးပါ ဘုရား။
င ဒါ ဘာလဲ?	င, ပါ ဘုရား။

ပရမတ်

ဒီ တခါ ပရမတ္ထအားဖြင့် ဖြေကြစမ်း၊

 က ဒီဟာ ဘာလဲ? ရူပ်–ရူပကွန္ဓာပါ ဘုရား။

ခ ဒီဟာ ဘာလဲ? ရူပ် ။

ဂ ဒီဟာ ဘာလဲ? ရူပ် ။

ဃ ဒီဟာ ဘာလဲ? ရူပ် ။

င ဒီဟာ ဘာလဲ? ရူပ်–ရူပကွန္ဓာပါ ဘုရား။

အနတ္တ

ဒီ တခါ ဝိပဿနာ အလုပ်စခန်းအားဖြင့် ဖြေကြစမ်း၊

က ဒီဟာ ဘာလဲ? အနတ္တပါ ဘုရား။

ခ ဒီဟာ ဘာလဲ? ။

ဂ ဒီဟာ ဘာလဲ? ။

ဃ ဒီဟာ ဘာလဲ? ။

င ဒီဟာ ဘာလဲ? အနတ္တပါ ဘုရား။

ပညတ်ကဲ့ ပရမတ်တူ

က ခ ဂ ဃ င ဟု ပညတ် ကဲ့ပြားသော်လဲ–

အဌကလာပ်ရူပ် ရူပကွန္ဓာ အနတ္တ အားဖြင့် တူကြသည်၊

ဒါကြောင့်–

က,ကြီး ပညတ် ။လ။ င,ပညတ်၊ က,ကြီး ရူပ်-ရူပကွန္ဓာ ။လ။ င,ရူပ်-ရူပကွန္ဓာ၊ က,ကြီး အနတ္တ ။လ။ င,အနတ္တဟု မှတ်ကြရမယ်။

(မှတ်ရန်– ဤနေရာ၌ အနတ္တသာ ပဓာနအားဖြင့်ပြသည်၊ အနိစ္စ, ဒုက္ခ လည်း ရသည်ပင်။)

တနည်း

ပညတ်ကွဲပြီး ပရမတ်တူတာကို ဆက်လက်ပြီး ပြပါဦးမယ်၊ အဝတ် အထည် တမျိုးတည်းကိုပင် ယောကျ်ားခါးဝတ် ချုပ်လျှင် ပုဆိုး၊ မိန်းမ ခါးဝတ်ချုပ်လျှင် ထမီ၊ ကိုယ်ဝတ် ချုပ်လျှင် အင်္ကျီဟု အမည်ပညတ်တွေ့ ကွဲပြားသော်လဲ အဋ္ဌကလာပ်ရုပ် ရှစ်ခုသာဖြစ်၍ ပရမတ်အားဖြင့် တူကြသည်။

အားလုံး အနတ္တချည်းဘဲ။

တနည်း

ပရိသတ်ကြီး + ဘုရား။

သစ်သား တမျိုးတည်းကိုပင် ထွန်တုံး ပုံသဏ္ဌာန် ပြုလုပ်လျှင် ဘာလို့ခေါ်မလဲ?။

ထွန်တုံးလို့ ခေါ်ရပါတယ် ဘုရား။

ထယ်တုံး ပုံသဏ္ဌာန် ပြုလုပ်လျှင် ဘာလို့ ခေါ်မလဲ?။

ထယ်တုံးလို့ ခေါ်ရပါတယ် ဘုရား။

ထွန်တံ ပုံသဏ္ဌာန် ပြုလုပ်လျှင် ဘာလို့ ခေါ်မလဲ?။

ထွန်တံလို့ဘဲ ခေါ်ရပါတယ် ဘုရား။

ထယ်သံ ပုံသဏ္ဌာန်ပြုလုပ်လျှင် ဘာလို့ ခေါ်မလဲ?။

ထယ်သံလို့ဘဲ ခေါ်ရပါတယ် ဘုရား။

တံပိုးတုံး ပုံသဏ္ဌာန်ပြုလုပ်လျှင် ဘာလို့ခေါ်မလဲ?။

တံပိုးတုံးလို့ဘဲ ခေါ်ရပါတယ် ဘုရား။

အမည်ပညတ်တွေ့ မကွဲဘူးလား?။

ကွဲပြားပါတယ် ဘုရား။

သစ်သားတမျိုးတည်း အဌကလာပ်ရုပ် ရူပကွန္ဓာ ပရမတ် မတူဘူးလား?။

တူပါတယ် ဘုရား။

အားလုံး အနတ္တချည်းဘဲ။

မှန်ရဲ့လား?။

မှန်ပါတယ် ဘုရား။

တနည်း

ကျွန်းသား တမျိုးတည်းကိုပင် သေတ္တာ ပုံသဏ္ဌာန် ပြုလုပ်လျှင် ဘာလို့ခေါ်မလဲ?။

သေတ္တာလို့ ခေါ်ရပါတယ် ဘုရား။

စားပွဲ ပုံသဏ္ဌာန် ပြုလုပ်လျှင်ဘာလို့ခေါ်မလဲ?။

စားပွဲလို့ဘဲ ခေါ်ရပါတယ် ဘုရား။

ကုလားထိုင် ပုံသဏ္ဌာန် ပြုလုပ်လျှင် ဘာလို့ခေါ်မလဲ?။

ကုလားထိုင်လို့ဘဲ ခေါ်ရပါတယ် ဘုရား။

ကုတင် ပုံသဏ္ဌာန်ပြုလုပ်လျှင် ဘာလို့ခေါ်မလဲ?။

ကုတင်လို့ဘဲ ခေါ်ရပါတယ် ဘုရား။

တိုင် ပုံသဏ္ဌာန်ပြုလုပ်လျှင် ဘာလို့ခေါ်မလဲ?။

တိုင်လို့ဘဲ ခေါ်ရပါတယ် ဘုရား။

အမည် ပညတ်ကြောင့် မကွဲပြားဘူးလား?။

ကွဲပြားပါတယ် ဘုရား။

အဌကလာပ်ရုပ် ရုပကွန္ဓာ ပရမတ် မတူဘူးလား?။

တူပါတယ် ဘုရား။

အားလုံး အနတ္တချည်းဘဲ။

တနည်း

ဝတ်တဲ့ပုဆိုးကလဲ ရူပကွန္ဓာ, ဝတ်တဲ့ ထမီကလဲ ရူပကွန္ဓာ, ဝတ်တဲ့အင်္ကျီကလဲ ရူပကွန္ဓာ, လက်စွပ်ကလဲ ရူပကွန္ဓာ, ကြယ်သီးကလဲ ရူပကွန္ဓာ, ဘီးကလဲ ရူပကွန္ဓာ, စားတဲ့ ထမင်းကလဲ ရူပကွန္ဓာ, စားတဲ့ ဟင်းကလဲ ရူပကွန္ဓာ,သောက်တဲ့ ရေကလဲ ရူပကွန္ဓာ,ပန်းကန်ပြားကလဲ ရူပကွန္ဓာ,ပန်းကန်လုံးကလဲ ရူပကွန္ဓာ, ဇွန်းကလဲ ရူပကွန္ဓာ, လဖက်ရည်အိုးကလဲ ရူပကွန္ဓာ, လဖက်ခြောက်ကလဲ ရူပကွန္ဓာ, လဖက်ရည်ကလဲ ရူပကွန္ဓာ, အမည်ပညတ်တွေ ကဲ့ပြားနေသော်လဲ အဌကလာပ်ရုပ် ရူပကွန္ဓာ ပရမတ်အတူတွေဘဲ။

အားလုံး အနတ္တချည်းဘဲ။

သဗ္ဗေဓမ္မာ အနတ္တာ

အနိစ္စနှင့် ဒုက္ခမှာ—

(၁) စိတ်ပရမတ်

(၂) စေတသိက် ပရမတ်

(၃) ရုပ်ပရမတ်

အားဖြင့် ပရမတ္ထတရား သုံးပါးသာ ရတယ်၊ နိဗ္ဗာန်ပရမတ်နှင့် ပညတ်ဒီနှစ်ပါး မရဘူး။

အနတ္တမှာ—

(၁) စိတ်ပရမတ်၊

(၂) စေတသိက်ပရမတ်၊

(၃) ရုပ်ပရမတ်၊

(၄) နိဗ္ဗာန်ပရမတ်၊

(၅) ပညတ် အားဖြင့် ငါးပါးလုံး ရသည်။

ဒါကြောင့်—

'အနိစ္စာ သဗ္ဗေသင်္ခါရာ၊ ဒုက္ခာနတ္တာစ သင်္ခတာ။

နိဗ္ဗာနဥ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိနိစ္ဆယာ' ဟု ဟောတော်မူသည်။

ဒါကြောင့်–

အနတ္တ မရတဲ့ တရားရယ်လို့ မရှိဘူး၊ ဘယ်တရားမဆို အနတ္တရသည်ချည်းပင် ဖြစ်တယ်၊ တရားအားလုံးကိုပင် အနတ္တဟု ရှုပွားနိုင်သည်။

ဒါကြောင့်–

(၁) မြင်မြင်သမျှ + အနတ္တ
(၂) ကြားကြားသမျှ + အနတ္တ
(၃) နံနံသမျှ + အနတ္တ
(၄) လျက်လျက်သမျှ + အနတ္တ
(၅) တွေ့ထိသမျှ + အနတ္တ
(၆) ကြံကြံသမျှ + အနတ္တ

အာရုံ(၆)ပါးလုံး အနတ္တဟု ရှုပွားရမည်။

'လူ'

ပရိသတ်ကြီး + ဘုရား။

လူ လူလို့–လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ထပ်မနား ပြောကြားနေတယ်၊ ဘာကို လူခေါ်တာလဲ? ခေါင်းကိုဘဲ လူခေါ်တာလား၊ ခြေကိုဘဲ လူခေါ်တာလား၊ လက်ကိုဘဲ လူခေါ်တာလား၊ မျက်စိ, နား,နှာခေါင်း,ပါးစပ်တွေကိုဘဲ လူခေါ်တာလား၊ ကိုယ်ထည်ကြီးကိုဘဲ လူခေါ်တာလား၊ လူလို့ ခေါ်တဲ့ အရာကို သေသေချာချာ လက်ညှိုးထိုးပြီး ပြစမ်းပါ။

ငါးခန္ဓာ လူ

မသိဘူး သေသေချာချာ မှတ်ထားကြ၊ သိအောင် ဟောပြမယ်၊ အစိတ်အဆောက်အဦးဖြစ်တဲ့ ဘီး ဝင်ရိုး စသည်တို့ကို အစွဲပြုပြီး လှည့်ရထားလို့ ခေါ်ဝေါ်ပညတ်ထားတာလို့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ခန္ဓာ ငါးပါးကို အစွဲပြုပြီး လူလို့ ခေါ်ဝေါ် ပညတ်ထားတယ်လို့ မှတ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

လူ လူလို့ ဘာကို ခေါ်တာလဲ?။

ခန္ဓာငါးပါးအပေါင်းကို ခေါ်ပါတယ် ဘုရား။

အဲဒီ ခန္ဓာငါးပါးက ဘာတွေလဲ?။

(၁) ရူပက္ခန္ဓာ၊

(၂) ဝေဒနာက္ခန္ဓာ၊

(၃) သညာက္ခန္ဓာ၊

(၄) သင်္ခါရက္ခန္ဓာ၊

(၅) ဝိညာဏက္ခန္ဓာ ခန္ဓာငါးပါးပါ ဘုရား။

အသိခြားနား

ဒီ အစိတ် ခန္ဓာငါးပါးကို အစဲ့ပြုပြီး လူလို့ခေါ်ဝေါ် ပညတ်ထားတော့ ပရိသတ်ကြီး မြင်နေကြတဲ့ ခွေး, နွား, ကြက်, ငှက် တိရစ္ဆာန်တွေမှာကော ခန္ဓာငါးပါး မရှိဘူးလား?။

ရှိပါတယ် ဘုရား။

ဒါဖြင့် အဲဒီတိရစ္ဆာန်တွေကို လူလို့ မခေါ်ကြဘူးလား?။

မခေါ်ကြပါ ဘုရား။

လူနှင့် တိရစ္ဆာန်ဟာ ခန္ဓာငါးပါးချင်း တူသော်လဲ ပုံသဏ္ဌာန် အသိဉာဏ်မှစပြီး အစစအရာရာ ခြားနားချက်တွေ ကွာတယ်၊ လူနှင့်တိရစ္ဆာန် ပုံသဏ္ဌာန် ကွာခြားပုံကိုတော့ မျက်မြင်ဘဲဖြစ်တယ်၊ ပြောစရာ မလိုတော့ဘူးပေါ့၊ အသိဉာဏ်မှာတော့ မယှဉ်သာအောင် အလွန်ပင် ကွာခြားသပေါ့။

ကုသိုလ် အကုသိုလ် သိသူ လူ

လူဆိုတာ—

(၁) ကုသိုလ်လဲ သိတယ်

(၂) အကုသိုလ်လဲ သိတယ်၊

ဒီလို ကုသိုလ် အကုသိုလ်ကို သိတတ်လို့ လူလို့ ခေါ်တယ်။

ပရိသတ်ကြီး + ဘုရား။

ဘာကြောင့် လူလို့ ခေါ်ကြတာလဲ?။

ကုသိုလ် အကုသိုလ်ကို သိတတ်လို့ လူလို့ခေါ်ပါတယ် ဘုရား။

ဒါကြောင့် 'ကုသလာ ကုသလေဓမ္မေ မနတိ ဇာနာတိ တိမနုဿော'ဟု ဗျပ္ပတ်ရှာပြပြီး ဝိဂ္ဂိုဟ်ဝစနတ် ပြုတော်မူကြတယ်။

ကုသလာကုသလေ၊ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ **မနတိ·ဇာနာတိ**၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ **မနုဿော**၊ လူမည်၏။

ကုသိုလ် အကုသိုလ်

ပရိသတ်ကြီး + ဘုရား။

ကုသိုလ်နှင့် အကုသိုလ်ကို သိရဲ့လား?။

သိပါတယ် ဘုရား။

ကုသိုလ်နှင့် အကုသိုလ်ကို မသိသူကို လူလို့ ခေါ်နိုင်ပါ့မလား?။

မခေါ်နိုင်ပါ ဘုရား။

ဒါဖြင့် မေးမယ် ဖြေကြစမ်း။

(၁) သူ့အသက်ကို သတ်လျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

(၁) သူ့အသက်ကို မသက်ဘူး ရှောင်ကြဉ်တယ်။

ကုသိုလ် ဖြစ်ပါတယ် ဘုရား။

(၂) သူ့ဥစ္စာကိုခိုးလျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

(၂) သူ့ဥစ္စာကို မ[illegible] ရှောင်ကြဉ်တယ်။

ကုသိုလ် ဖြစ်ပါတယ် [illegible]ဘုရား။

(၃) သူ့မယားကို မှားလွင်းလျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

(၃) သူ့မယားကို မမှားယွင်းဘူး ရှောင်ကြဉ်တယ်။

ကုသိုလ် ဖြစ်ပါတယ် ဘုရား။

(၄) မဟုတ်မမှန် မုသားဆိုလျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

(၄) လိမ်ညာမပြောဘူး ရှောင်ကြဉ်တယ်။

ကုသိုလ် ဖြစ်ပါတယ် ဘုရား။

(၅) အရက်သောက် ဘိန်းစားလျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

(၅) အရက်မသောက် ဘိန်းမစားဘူး ရှောင်ကြဉ်တယ်။

ကုသိုလ် ဖြစ်ပါတယ် ဘုရား

အလှူပေးလျှင် ဘာဖြစ်သလဲ?။

ကုသိုလ် ဖြစ်ပါတယ် ဘုရား။

ဥပုသ်စောင့်လျှင် ဘာဖြစ်သလဲ?။

ကုသိုလ် ဖြစ်ပါတယ် ဘုရား။

သမထကမ္မဋ္ဌာန်းလေးဆယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ, ဝိပဿနာကမ္မာန်းသုံးပါး ဒီ ဘာဝနာတရားကို ပွားများအားထုတ်လျှင် ဘာဖြစ်သလဲ?။

ကုသိုလ် ဖြစ်ပါတယ် ဘုရား။

တဦးနှင့်တဦး မသင့်မတင့် စိတ်ဝမ်းကွဲပြား မုန်းတီးသွားအောင် ဂုံးတိုက်လျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

ကြမ်းကြမ်းတန်းတန်း ဆဲရေးငေါက်ငန်း ပြောကြားလျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

အကျိုးမရှိတဲ့ အဖျင်းစကားတွေ ပြောကြားလျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

သူတပါး စည်းစိမ်ချမ်းသာကို မတရားနည်းနှင့်လိုချင်လျှင်ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

သူတပါး သေကြေပျက်စီးမှုကို ကြံစည်လျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

အယူ လွဲမှားလျှင် ဘာဖြစ်သလဲ?။

အကုသိုလ် ဖြစ်ပါတယ် ဘုရား။

၀ ၄
လူတရစ္ဆာန်

ပရိသတ်ကြီး + ဘုရား။

ဒီလို ကုသိုလ်နှင့် အကုသိုလ်ကို သိသူကို ဘာလို့ခေါ်မလဲ?။

လူလို့ ခေါ်ပါတယ် ဘုရား။

ဒီလို ကုသိုလ်နှင့် အကုသိုလ်ကို မသိသူကို လူလို့ ခေါ်နိုင်ပါ့မလား?။

မခေါ်နိုင်ပါ ဘုရား။

လူလို့ မခေါ်နိုင်လျှင် တိရစ္ဆာန်နှင့် တူနေလို့ လူတိရစ္ဆာန်လို့ ခေါ်ရမှာဘဲ။

ကုသိုလ်ပြု အကုသိုလ် ကြဉ်

ပရိသတ်ကြီး + ဘုရား။

လူ တိရစ္ဆာန် မဖြစ်အောင် ကုသိုလ်နှင့် အကုသိုလ်ကို သိအောင် လုပ်ထားရမယ်၊ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိပြီးလျှင် ကုသိုလ်ကို ပြုလုပ်ရမယ်၊ အကုသိုလ်ကို မပြုလုပ်ဘဲ ရှောင်ကြဉ်ရမယ်။

ပရိသတ်ကြီး + ဘုရား။

ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြား သိပြီးလျှင် ဘာလုပ်မလဲ?။

ကုသိုလ်ကို ပြုရပါမယ်ဘုရား၊ အကုသိုလ်ကို မပြုလုပ်ဘဲ ရှောင်ကြဉ်ရပါမယ်ဘုရား။

ကုသိုလ်ပြုလျှင် ချမ်းသာ

ကုသိုလ်ပြုလျှင် ချမ်းသာမယ်၊ အကုသိုလ်ပြုလျှင် ဆင်းရဲမယ်။

ပရိသတ်ကြီး + ဘုရား။

ကုသိုလ်ပြုလျှင် ဘာဖြစ်မလဲ?။

ချမ်းသာမယ် ဘုရား။!

အကုသိုလ်ပြုလျှင် ဘာဖြစ်မလဲ?။

ဆင်းရဲပါတယ် ဘုရား။

ဟုတ်တာပေါ့၊ ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုကြပါလျှင် ခုဘဝမှာလဲ ချမ်းသာမယ်၊ နောင်ဘဝတွေမှာလဲ ချမ်းသာမယ်၊ ချမ်းသာတယ်ဆိုတာ လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ပစ္စည်းချမ်းသာ ကိုယ်ချမ်းသာ စိတ်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ အဲဒီချမ်းသာတွေနှင့် ပြည့်စုံမှုကို ဆိုလိုတယ်။

ဒါကြောင့်–

'မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္တာ၊ သုခသော တံ ဘိက္ခဝေ အဓိဝစနံ ယဒိဒံ ပုညာနိ'။

ချစ်သားတို့ ကုသိုလ်ကောင်းမှု ပြုရမှာ မကြောက်ကြပါနှင့်၊ ကုသိုလ်ကောင်းမှုဟူသည် ချမ်းသာသုခ၏ အမည်ပင်ဖြစ်သည်၊ ချမ်းသာ အမျိုးမျိုးကို လိုချင်ကြပါလျှင် ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုများကို ပြုကြပါလို့ ဟောကြားတော်မူတယ်။

အကုသိုလ်ပြုလျှင် ဆင်းရဲ

သူ့အသက်သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း အစရှိတဲ့ အကုသိုလ်မှုတွေကို ပြုကြပါလျှင် ယခုဘဝမှာလဲ ဆင်းရဲမယ်၊ နောင်ဘဝမှာလဲ ဆင်းရဲမယ်၊ ဆင်းရဲမယ် ဆိုတာ မိမိကိုယ်ကို မိမိစုပ်စဲ့ခြင်းကြောင့် ဖြစ်တဲ့ ဆင်းရဲ၊ သူတပါးကို စုပ်စဲ့ခြင်းကြောင့် ဖြစ်တဲ့ ဆင်းရဲ ဒဏ်အမျိုးမျိုး ကျရောက်ခြင်းကြောင့် ဖြစ်တဲ့ ဆင်းရဲ၊ အပါယ်လေးပါးသို့ ကျရောက်ရခြင်း ဆင်းရဲ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အဲဒီ ဆင်းရဲ အမျိုးမျိုးတွေနှင့် ကြုံရတာကို ဆိုတယ်။

အနတ္တဝိပဿနာ အားထုတ်ပါ

ဆင်းရဲအမျိုးမျိုးမှ လွတ်မြောက်အောင် မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် အနတ္တဝိပဿနာ အလုပ်ကို အားထုတ်ကြရမယ်။

ပုံပမာ

အကျင့်ပြု မိသားစု

အတုယူစရာ ပုံပမာတခု ပြောပြပါဦးမယ်၊ ရှေးအခါက ဖြူစင်မြင့်မြတ်တဲ့ အကျင့်ရှိတဲ့ မိသားစုတို့ ရှိကြသတဲ့၊ စိတ်ကူးကိုမျှ တဦးကိုတဦး ရိုသေလေးစား အချင်းချင်း မေတ္တာထားကာ လူ့ဘဝ၏ သာယာမှုကို အပြည့်အဝ ယူလျက် ရှိကြသတတ်။

ပုဗ္ဗေ ကတပုညတာဝစက်

ရှေးအတိတ်ဘဝတွေက ဘုရား ပစ္စေကဗုဒ္ဓါ ဘုရား၏ တပည့်အပေါင်း သူတော်ကောင်းတွေနှင့် ကြုံကြိုက်ပြီး ဆည်းပူး အားထုတ် ပြုလုပ်ခဲ့ဘူးတဲ့ ဒါန သီလ ဘာဝနာ ကောင်းမှုကုသိုလ်ထူး ရှိကြသူများဖြစ်၍=

ပဋ္ဌိရူပဒေသဝါသစက်

ဘုရားပွင့်ရာ သာသနာ ထွန်းလင်းရာ ဘုရားရှင်၏ တပည့် ရဟန်း သာမဏေ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်တဲ့ ဥပါသကာ ဥပါသိကာမတို့ရှိရာ ပဋ္ဌိရူပဒေသမှာ လူအဖြစ်ကို ရပြီး နေထိုင်ကြရာကယ်။

သပ္ပုရိသူပနိဿယစက်

မုဆိုးနားနီး မုဆိုး, တံငါနားနီး တံငါ, လူမိုက်နားနီး လူမိုက်, သူတော်ကောင်းနားနီး သူတော်ကောင်း ဆိုရိုးစကားလို ပဋ္ဌိရူပဒေသ အရပ်မှာ လူ့အဖြစ်ကိုရပြီး နေထိုင်ကြရတော့ မြတ်ဘုရား၏ တပည့် ရဟန်း သာမဏေတွေကလဲ အလွန်ပေါမျှား ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်တဲ့ ဥပါသကာ ဥပါသိကာမတွေကလဲ အလွန်ပေါမျှား၊ ဒီ သူတော်ကောင်းတွေနှင့် နီးနားလို့ ဆည်းကပ် ပေါင်းသင်းခွင့်ရ၊ ဒီ သူတော်ကောင်းတွေကို အမှီပြုပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခွင့်ရ သူတော်ကောင်း တရားကို နာကြားကြရ၍—

အတ္တသမ္မာပဏိဓိစက်

မိသားစုအားလုံးပင်—

(၁) သူ့သက်သတ်ခြင်းမှ ရှောင်ကြဉ်ကြတယ်။
(၂) သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြတယ်။
(၃) မှားယွင်းသော မေထုန်အကျင့်မှ ရှောင်ကြဉ်ကြတယ်။
(၄) လိမ်ညာ ပြောကြား မုသားဆိုခြင်းမှ ရှောင်ကြဉ်ကြတယ်။
(၅) အရက်သောက် ဘိန်းစားခြင်းမှ ရှောင်ကြဉ်ကြတယ်။

ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းခြင်း, ဥပုသ်နေ့များမှာ ဥပုသ် စောင့်ခြင်း, အလှူပေးခြင်း, သမထ ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်ခြင်းဆိုတဲ့ ကောင်းမှု ကုသိုလ်များကို အမြဲပြုကြဟယ်။

တရား လေ့ကျက်

အဲဒီ စက်လေးပါးနှင့် ပြည့်စုံတဲ့ မိသားစုတို့ လူ့လောက အတွင်းမှာ အများနည်းတူ ဗုဒ္ဓဘာသာ ထုံးစံမပျက် ကုသိုလ်ရေးတဖက် ဝမ်းစာရေးတဖက်နှင့် နှစ်ဖက်ကြိုးစားရင်း ဗုဒ္ဓစာပေများ အလွန်ထွန်းကားသော ခေတ်ကောင်း အခါကောင်းဖြစ်၍ အလုပ်မပျက် တရား လေ့ကျက်ကြလေသည်။

ထမင်းချက်ရင်း တရားဆွေးနွေး

တနေ့သောအခါ ထမင်းချက်ရင်း မိခင်ဖြစ်သူက—

(**မိခင်**) သမီး ဟင်းအိုးမှေ့ရအောင် ယောင်းမယူခဲ့ပါ၊

(**သမီး**) မေမေကျမ ယောင်းမကို မတွေ့မြင်ပါ။

(**မိခင်**) သမီး အဲဒီနားမှာ ဘာမြင်သလဲ?။

(**သမီး**) မေမေ ဒီနားမှာ အဆင်းရုပ်-ရူပကွန္ဓာတွေကိုဘဲ ကျမမြင်တယ်။

(**မိခင်**) ဟဲ့သမီး ဒီမီးဖိုချောင်းထဲမှာ ရှိသမျှ ရုပ်ဝတ္ထုတွေ အားလုံးဘဲ ရူပကွန္ဓာတွေချည်းဘဲ အဲဒီ ရူပကွန္ဓာတွေကို အသီးအသီး နာမည်ပညတ်တွေ မှည့်ထားတာဘဲ၊

အချို့ရူပကွန္ဓာကို ယောင်းမ၊

အချို့ရူပကွန္ဓာကို ဇွန်း၊

အချို့ရူပကွန္ဓာကို ပန်းကန်၊

အချို့ရူပကွန္ဓာကို စလောင်းဖုံး၊

အချို့ရူပကွန္ဓာကို အိုး၊

အချို့ရူပကွန္ဓာကို ငရုတ်ကျည်ပွေ့၊

အချို့ ရူပကွန္ဓာကို ငရုတ်ဆုံ၊

အချို့ ရူပကွန္ဓာကို ဖိုခနောက်၊

အချို့ ရူပကွန္ဓာကို ထင်း၊

ရူပကွန္ဓာ ယူခဲ့ပါဘုံမျှင် ရုပ်အားလုံး ရူပကွန္ဓာတွေချည်း ဖြစ်နေတော့ ဘယ်ရုပ်ဝတ္ထုကို ယူရမှန်းမသိ ဖြစ်နေမှာပေါ့။

ချစ်သမီး ယောင်းမလို့ခေါ်တဲ့ ရူပကွန္ဓာကို ယူခဲ့ပါ။

သုဓမ္မဝတီ (တ—၁၃၂)

(သမီး) မေမေ အစက ဒီလို ခပ်ရှင်းရှင်း မပြောဘဲကို ကျမက ပညတ်ကို သတိမထားဘဲ ပရမတ်ကို အလေ့အကျက်များပြီး မေမေ စကားကို ပြန်ကြားခြင်း ဖြစ်ပါတယ်။

(မိခင်) ဟုတ်တယ် ချစ်သမီး ရုပ်ကို မြင်တိုင်း မြင်တိုင်း သမီးက ရူပက္ခန္ဓာချည်း ရှုမှတ်နေတော့ ဒီရူပက္ခန္ဓာတွေကို အသီးသီး မှည့်ထားတဲ့ နာမည်ပညတ်တွေလဲ ပျောက်ကွယ်ကုန်တော့ တာပေါ့။

(သမီး) ဟုတ်ပါတယ် မေမေ ဒီပညတ်တွေကို စွဲမှီပြီး ပုဂ္ဂိုလ် သတ္တဝါ အထင်ကပ်ကာ ဝဋ္ဌဆင်းရဲ ဇာတ်မသိမ်းနိုင်ဘဲ ရှိတယ်။

(မိခင်) သမီးပြောလဲ မှန်ပါတယ် ရဟန္တာ အရှင်မြတ်ကြီးတွေလဲ ပညတ်ကို စွဲလမ်းခြင်း ပုဂ္ဂိုလ်သတ္တဝါ အထင်ကပ်ခြင်း မရှိသော်လဲ လောကဝေါဟာရကို မပယ်ရှား လောကစကားဖြင့် ပင် ခေါ်ဝေါ် သုံးစွဲဟောကြားတော်မူကြတယ်။

(သမီး) မေမေ ကျမလဲ ပညတ်ကိုစွဲပြီး ပုဂ္ဂိုလ်သတ္တဝါ အထင်လွဲမှုကို ကွာစေလို၍ ရုပ်ကို မြင်တိုင်း မြင်တိုင်း ရူပက္ခန္ဓာချည်း ရှုမှတ်ပါတယ်။

(မိခင်) သမီးရှုတာလဲ ကောင်းပါတယ်၊ အတ္တပညတ် စင်အောင် ရူပက္ခန္ဓာ မြင်တိုင်းလဲ အနတ္တလို့ မှတ်ရအုံးမယ်။

(သမီး) မေမေ ကျမ ရုပ်မြင်တိုင်းလဲ ရူ ;ကွန္ဓာ, ရူပက္ခန္ဓာမြင်တိုင်းလဲ အနတ္တလို့ ရှုမှတ်ပါတယ်။

(မိခင်) သမီး အနတ္တဆိုတာ ဘုရားပွင့်မှ သာသနာ ထွန်းလင်းခိုက်မှာ သာ ပေါ်ထွန်းတယ်၊ သာသနာပ အချိန်အခါမျိုးမှာဆိုလျှင် အနတ္တတရား မထွန်းဘူး အနိစ္စနှင့် ဒုက္ခသာ ထွန်းတယ်၊ ဒါကြောင့် ခုလိုသာသနာ ထွန်းလင်းတဲ့အခိုက်မှာ အနတ္တ တရားကို ကြိုးစားပြီး ရှုမှတ်သားရမယ်။

(သမီး) မေမေ အနိစ္စနှင့် ဒုက္ခက ထင်ရှားပါတယ်၊ အနတ္တက မထင်ရှားပါ၊ ဒါကြောင့် အရှုအမှတ် ခက်ပ ်တယ်။

(မိခင်) သမီး ပြောတာလဲ မှန်ပါတယ်၊ ပန်းကန်ပြား တချပ်ကွဲသွားတယ် အိုးတလုံး ကွဲသွားတယ်၊ အနိစ္စ အနိစ္စ မမြဲဘူး မမြဲဘူး ဟု ဆိုကြတယ်၊ လက်ကို မီးပူလောင်တယ် လက်ကို ဒါးထိရှသွားတယ် ဒုက္ခ ဒုက္ခ ဆင်းရဲတယ် ဆင်းရဲတယ် ဟု ပြောဆိုကြတယ်၊ အနတ္တ အနတ္တလို့ ဆိုကြသူ မရှိပါ၊ ပန်းကန်ပြားကွဲလဲ အနတ္တ၊ အိုးကွဲလဲ အနတ္တ၊ လက်ကို မီးပူလောင်လဲ အနတ္တ၊ ဒါးထိရှလဲ အနတ္တ၊ ဒီ ပန်းကန်ပြား အိုး မီး ဒါးတွေကို အစိုးမရလို့ ကိုယ့်အလိုကျအောင် မဖြစ်စေနိုင်လို့ ကွဲတာ ပူတာ ရှတာဘဲ အဲဒါ အနတ္တက၊ အနတ္တ မထင်ရှားလို့ ထင်ရှားတဲ့ အနိစ္စ ဒုက္ခနှင့် ပြပြီး အနတ္တကို တင်ရှားသိလွယ်အောင်သုတ်ပေါင်းများစွာမှာဘုရားဟောကြားထားတာဘဲ။

(သမီး) အနိစ္စ ဒုက္ခနှင့် ပြပြီး အနတ္တကို ထင်ရှားအောင် ဘုရားဟောကြားတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဗုဒ္ဓစာပေများကို သင်ကြားခြင်း၊ နာကြားခြင်း၊ ဘတ်ရှုလေ့လာခြင်း ဆွေးနွေးခြင်း မေးမြန်းခြင်း မရှိသူများမှာ အနတ္တကို သိဘို့ရှုရှုမှတ်ဘို့ရာ မလွယ်ကူပါ။

(မိခင်) အေး အနတ္တမြင်အောင် ဗုဒ္ဓစာပေများကို သင်ကြားကြရတယ်၊ နာကြားကြရတယ်၊ ဘတ်ရှု လေ့လာ ကြရတယ်၊ ဆွေးနွေး မေးမြန်းကြရတယ်၊ အနတ္တ မြင်လျှင် အနိစ္စနှင့် ဒုက္ခလဲ မြင်တော့တာဘဲ၊ ဒီ အနိစ္စ ဒုက္ခ အနတ္တ [illegible] မြင်လျှင် ဒီ [illegible] စင်ပြီး [illegible] [illegible] [illegible]

(သမီး) ကျမလဲ အနတ္တမြင်အောင်လို့ ဗုဒ္ဓစာပေမျှားကို သင့်ကြားခြင်း နာကြားခြင်း ဘတ်ရှုလေ့လာခြင်း ဆွေးနွေးမေးမြန်းခြင်းကို ပြုရပါတယ်။

ပရိသတ်ကြီး + ဘုရား။

မိခင်နှင့် သမီး ထမင်းချက်ရင်း တရားဆွေးနွေးတာဟာ အတုယူစရာ မကောင်းဘူးလား?။

အတု ယူစရာ ကောင်းပါတယ် ဘုရား။

ဝိပဿနာ အလုပ်ဆိုတာ ဘယ်နေရာမဆို လုပ်လို့ရပါတယ်၊ သွားရင်း လာရင်း အိပ်ရင်း ထိုင်ရင်း လုပ်ရင်း ကိုင်ရင်း ဝိပဿနာ အလုပ်ကို အားထုတ်နိုင်ပါတယ်။

ဒါကြောင့် ပရိသတ်ကြီးဟာ–မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်အောင် အနတ္တ ဝိပဿနာအလုပ်ကို အခါခပ်သိမ်း အားထုတ်ကြပါလို့ တိုက်တွန်းပါသည်။

ကဲ သင်တန်းလဲ ပြီးသွားပြီ။

အားလုံး သာဓုခေါ်ကြ၊

သာဓု....သာဓု....သာဓု။

အနတ္တသင်ပုန်းကြီးကျမ်း ပြီးပါပြီ။

နိဒါန်း

ကျမ်းပြီးချိန်

ဇိနစက္ကေ ဒုကမ္မကွေ၊ သက္ကရာဇေ တဗျဂ္ဂိုဠ်ေ။
ဖဂ္ဂုနေ ဇကာဒ္ဒသမေ၊ ဘယာဘာဝေန နိဋ္ဌိတော။

(အယံဂန္ထော) ဤအနတ္တ ဝိပဿနာ ဘာဝနာအလုပ် အားထုတ်နည်းပြ ယူဆသစ်ဆန်း အနတ္တသင်ပုန်းကြီး ကျမ်းသည်။ ဇိနစက္ကေ၊ ဘုရားမြတ်စွာ သာသနာတော်သည်။ ဒုကမ္မကွေ၊ (၂၅၁၈) နှစ်ထောင့်ငါးရာ တဆယ့်ရှစ်သို့။ သက္ကရာဇေ၊ မြန်မာဝေါဟာ ကောဇာသက္ကရာဇ်သည်။ တဗျဂ္ဂိုဠ်ေ၊ (၁၃၃၆) တထောင်ခွဲသုံးရာသုံးဆယ်ခြောက် ခုနှစ်သို့။ (ပတ္တေ၊)စင်စစ်မဖောက် ရောက်လတ်သော်။ဖဂ္ဂုနေ၊ မိန်ရာသီပြောင်း ဟေမန်ဆောင်း၏ နှောင်းထပက္ခ တပေါင်းလ ၌။ ဇကာဒသမေ၊ စနေဂြိုဟ်နတ် ကြိမ်လတ်ခါတွေ့ တဆယ့်တရက်မြောက်နေ့ ၌။ဘယာဘာဝေန၊အန္တရာယ်မချဉ်း ဘေးရန်ကင်းသဖြင့်။နိဋ္ဌိတော၊ နိဂုံးကမ္ဘတ် လက်စသတ်၍ အပြီးအဆုံးသို့ ရောက်လတ်ပြီ။.

အသိ ခေါင်းပါး

အနတ္တတရားကား အရာလည်းကျယ် အသိလည်းခက် နက်လည်းနက်၏၊ ပုဒ်အနက်လောက်ကိုပင် မှန်ကန်အောင် အချို့မသိကြ၊ အကြယ်တဝင့် သိဘို့ရာ မှာ ဆိုဖွယ်ရာမရှိ၊ သိလည်း မသိကြပါ၊ လူပုဂ္ဂိုလ်များ အနေနှင့် ငယ်ရွယ်စဉ် အခါမှာလည်း အသက်မွေးဝမ်းကြောင်း ပညာများကို ရှာမှီးနေရပြီး ကြီးပြင်း တဲ့အခါမှာလည်း ပရိယေသန ဝမ်းစာရေးဖြင့် ဗုဒ္ဓစာပေများကို သင်အံ့ကြည့်ရှု လေ့လာမှု မရှိကြခြင်းကြောင့် အသိဉာဏ် ခေါင်းပါးကြလေသည်။

စာပေသင်တိုက်

ဗုဒ္ဓစာပေများသည် သင်အံ့ကြည့်ရှု လေ့လာမှု ပြုသူတို့အား အသိဉာဏ် ပွံ့ပြိုးရှိ လိမ်မာယဉ်ကျေးမှု တိုးပွားစေသည်သာ ဖြစ်၏၊ ဒါကြောင့် ခုလို သာသနာ ထွန်းလင်းခိုက်မှာ ဗုဒ္ဓဘာသာဝင်တို့ အသိဉာဏ် ပွံ့ပြိုးရှိ လိမ်မာ ယဉ်ကျေးမှု တိုးပွားအောင် ဗုဒ္ဓစာပေများကို သင်ကြားလေ့လာထိုက်ပေသည်။

ပြီးဆုံးအောင်မြင်

အနတ္တ ဝိပဿနာ အလုပ်ကား မဂ်ဖိုလ် ရကြောင်း အလုပ်ကောင်းတခုပင် ဖြစ်သောကြောင့် လက်တွေ့နည်း ဆင်ခြင်သုံးသပ် လုပ်ကိုင်အားထုတ်နိုင်အောင် ဆန်းသစ်သော အယူအဆ လက်တွေ့နည်း ညွှန်ပြ၍ အကျယ်တဝင့် ရေးသားရန် ပြင်းထန်သောဆန္ဒဖြင့် ပါဠိအဋ္ဌကထာ ဋီကာမျိုးစုံ ပိဋကတ်သုံးပုံမှ အနတ္တ ဝိပဿနာနှင့် စပ်ဆိုင်ရာ အခက်အခဲများကို ရှေးချယ်ကောက်နုတ်၍ လက်တွေ့မျက်မြင် လုပ်ငန်းစဉ်ဖြင့် ပူးတွဲဖော်ပြပြီး **အနတ္တ သင်ပုန်းကြီး** အမည်ဖြင့် ရေးသားခဲ့ရာ ၁၃၃၄-ခုနှစ်မှာ အချိုတဝက် ၁၃၃၅-ခုနှစ်မှာ အချိုတဝက် ပြီးစီးခဲ့သည်၊ ၁၃၃၆-ခုနှစ်တွင် ဖြည့်စွက်ပြင်ဆင် အချောတကြိမ် စီရင်ပြန်ရာ ဤကျမ်းစာသည် သာသနာတော်သက္ကရာဇ် ၂၅၁၈-ခုနှစ်၊ မြန်မာဝေါဟာ ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊ ဟေမန္တဥတု မိန်ရာသီ တပေါင်းလဆန်း ၁၁–ရက် စနေနေ့ ညနေ ၄-နာရီ အချိန်တွင် ဘေးရန် အန္တရာယ်မငြိတွယ်ဘဲ ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်လေသည်။

ဆောင်းနှောင်းရာသီ

ဤ အနတ္တ သင်ပုန်းကြီးကျမ်းစာ ပြီးဆုံးအောင်မြင်ချိန်၌ ဆောင်းနှောင်းရာသီ နွေဦးသို့ လည်ခါနီးဖြစ်၍ အထက်မြန်မာပြည် မြင်းခြံမြို့မှာ ရံဖန်ရံခါ လေရူးကလေးဝုတ်ချီ ဝှေ့ရန်း လေနှင့်ရောကာ မြူမှုန်များ ထပြွမ်းလျက် မပူလွန်း မချမ်းလွန်း သစ်ပင်များလည်း ဟောင်းရွက်ကြွေ မြေမှာခ၍ ရိုးတံမျှသာ အနတ္တ သဘော ဓမ္မတာကို မလွန်ဆန်နိုင်ရှာကြ၊ မြင်းခြံသူတို့လည်း နွေမီးရန်နှင့် အပူဒဏ်ကို ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ကြတဲ့ အချိန်ခါ သမယပင် ဖြစ်ပေသည်။

အုပ်စိုးသောမင်းနှင့် တိုင်းပြည် အခြေအနေ

ယနေ့ကျမ်းစာ ပြီးဆုံးချိန်မှာ အမျိုးဘာသာ သာသနာကို အလွန်အားပေး ချီးမြှင့်တဲ့ သမ္မတ ဦးနေဝင်း အမှူးရှိသော ဗုဒ္ဓဘာသာ မြန်မာအစိုးရမင်းတို့ စိုးစံလျက်ရှိကာဌ၊ ထိုအစိုးရမင်းတို့ လက်ထက်တွင် သူခိုး, ဓားပြ, သူပုန်

သူကန်တို့ ငြိမ်းပျောက်၍ တိုင်းပြည် အေးချမ်းသာယာသည်၊ မြန်မာတိုင်းပြည်တွင် ရှေးက တည်ရှိခဲ့သည့် ဘာသာရေးနှင့် မလျော်ကန်တဲ့ မြင်းပွဲ ဂျင်ပွဲ ဖဲပွဲ လှေပွဲမှစ၍ လောင်းတမ်း ကစားပွဲ ဟူသမျှကို တားမြစ်ပိတ်ပင်ခဲ့သည်။

နိမ့်ကျနေသော စီးပွားရေး ပညာရေး အခြားလူမှုရေးများကို ပြန်လည်မြှင့်တင်ပေးခဲ့သည်၊ ပြောင်းပြာဆည် ကြက်မောက်တောင်ဆည် အစရှိတဲ့ဆည်ကြီးများ တူးဖော်ပြုလုပ်ခြင်း၊ စက်ရုံအလုပ်ရုံများ တည်ထားခြင်း အခြားလူထု ကောင်းစားရေး လုပ်ငန်းများကို ပြုလုပ်ခြင်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အားလည်း တရားနှင့်အညီ ချီးမြှင့်ထောက်ပံ့ခြင်းဖြင့် အမျိုးဘာသာ သာသနာကို ပြန်လည် ပြုပြင်ခဲ့ကြလေသည်။

သာသနာတော် အခြေအနေ

ယနေ့ ကျမ်းစာပြီးဆုံးချိန်မှာ ဘုရား သာသနာတော်ကြီး မိစ္ဆာဒိဋ္ဌိ ရန်သူ ရန်ငြောင့်တွေ ကင်းပြီး ရှင်ရဟန်းများဘက်မှလည်း ဗုဒ္ဓဝစန ပရိယတ္တိဝမ္မကို သင်ကြားပို့ချဟောပြောပြသတော်မူကြခြင်း၊ ပဋိပတ်လုပ်ငန်း သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူကြခြင်း၊ လူပုဂ္ဂိုလ်များဘက်မှလည်း ဘုရားစကားတော်ကို ယုံကြည်လေးစားစွာဖြင့် ဒါနမှု သီလမှု ဘာဝနာမှုတွေကို ပြုကြခြင်းဖြင့် နေဝန်းလဝန်းကဲ့သို့ အလင်း ကွန်းလင်းသော အချိန်အခါပင် ဖြစ်ပေသည်။

ကျမ်းဆရာ၏ ဇာတိ

ဤကျမ်းစာရေးသားသူမှာ မြောင်းမြခရိုင် မြောင်းမြမှိုပြောက်ဖက် ယူဇနာဝက်ခရီးအကွာ အိမ်မဲမြို့နယ် အဝင်အပါ ကံချောင်းကမ်းမှာ ယင်တွင် ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ သူတော်ကောင်းကြီးများ ဖြစ်ကြသည့် ခမည်းတော် ဦးကြည် မယ်တော် ဒေါ်ပန်းရင်တို့မှ (၁၂၉၅)ခု နယုန်လဆန်း (၅) ရက် တနင်္ဂနွေနေ့ ညဉ့်သန်းခေါင်ကျော် (၁)နာရီအချိန်တွင် ဖွားမြင်သည်။

မိဖဇာတိအနှယ်

ခမည်းတော်ကား မြင်းခြံမြို့အနီး အနောက်ဖက် တန်ဆောင်းရွာ ဇာတိပင်ဖြစ်၏၊ မယ်တော်ကား မြင်းခြံမြို့ အနောက်ဖက် ထောဝတီမြစ်၏ အနောက်

ဖက် ချင်းတွင်းမြစ်၏ အရှေ့ဖက် ရေစကြိုမြို့ အရှေ့တောင်လက်နယ် အဝင် အပါ ဆင်တဲရှာ ဇာတိပင်ဖြစ်သည်၊ ကံချောင်းရှာ၌ (၆)နှစ်ခန့်မျှ နေထိုင်ဘူး ကြသည်၊ ခမည်းတော် မယ်တော်တို့၏ ဦးလေး ဘထွေးတို့မှာ သာသနာ့ ဝန်ထမ်းရဟန်းတော်များ ဖြစ်ကြလေသည်။

အညာပြန်

ကျမ်းရေးသူ နို့စို့သူငယ် အရွယ်မှာပင် ခမည်းတော် မယ်တော်တို့ အထက် အညာသို့ ပြန်လာခဲ့ကြပြီး ပခုက္ကူခရိုင် ရေစကြိုမြို့ အရှေ့တောင်လက်နယ် အဝင်အပါ၊ ရောဝတီမြစ်၏ အနောက်ဖက် ချင်းတွင်းမြစ်၏ အရှေ့ဖက် မြေနုကျွန်းပေါ် ဒေသ အေးချမ်းသာယာသည့် နတ်ညွှန်းရှာတွင် မှီးတင်းနေထိုင်ကြ ပြန်လေသည်။

ကျောင်းထား ရှင်ပြု

နတ်ညွှန်းရှာတွင် နေထိုင်စဉ် ကျမ်းရေးသူ သားသူငယ်ကို ထိုကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းထား၍ ငါးတန်းအထိ ပညာသင်ကြား ခဲ့ပြီး ဂျပန်ခေတ်တွင် ကျောင်းမှထွက်၍ စစ်ပြီးခေတ် (၁၉၀၇) ခုနှစ်..ဒုတိယ ဝါဆိုလပြည့်နေ့တွင် ကျမ်းရေးသူကို ထိုကျေးရွာရှိ ရှာဦးကျောင်းတွင် ရှင် သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ကြသည်။

မြင်းခြံမြို့သို့ ပြောင်းရွှေ့

တဖန် ခမည်းတော် မယ်တော်တို့ နတ်ညွှန်းရှာမှ မြင်းခြံမြို့ ၁၉-လမ်း နွားကူးတန်း အိမ်အမှတ် (၅၇)သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြလေသည်၊ သား ကိုရင်ကိုလည်း ထိုမြို့ရှိ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် အဂ္ဂမဟာပဏ္ဍိတ-ဆရာတော် ဦးသောဘိတ)ထံ ပြောင်းရွှေ့အပ်နှံခဲ့ကြသည်။

စာအောင် ကျမ်းရေး

ထိုဆရာတော် အထံတွင် ပညာအင်ကြားရင်း သာမဏေ (၇)ဝါ အရတွင် ခမည်းတော် မယ်တော်တို့ကပင် သာသနာ့အမွေကို ခံယူ၍ ရဟန်းအဖြစ်ကို ရပြီး ဆရာ်လက်ကြိုးစားခဲ့ရာ အထွေထွေ ပရိယတ္တိ စာမေးပွဲများကို အောင်မြင် ခဲ့ပြီး ကိုးဝါ အလွန်တွင် ဂဏဝါစကအဖြစ်ဖြင့် စာပို့ချရင်း အထွေထွေ ကျမ်း စာများကို ရေးသားခဲ့ပါသည်။

ခြောက်ကျမ်းမြောက်

ဤ ကျမ်းစာမပြီးမီ–

(၁) ဓမ္မကထိကဂုဏ်ရည်ခေါ် မြင်းခြံဆုပေးကျမ်း၊
(၂) ဓမ္မကထိကဂုဏ်ရည်ခေါ် ရေစက်ချကျမ်းစာ၊
(၃) ဓမ္မကထိကဂုဏ်ရည်ခေါ် မြင်းခြံတရားစာ ပ–ဒု–တ။
(၄) သာသနာပြု မြင်းခြံစာပေခေါ် အခြေခံဘာသာရေး၊
(၅) သံသရာနှင့် ဝိပဿနာ၊
ငါးကျမ်းပင် ပြီးစီးခဲ့သည်။
(၆) ဤအနတ္တသင်ပုန်းကြီး ကျမ်းစာသည် ခြောက်ကျမ်းမြောက်ပင် ဖြစ်သည်။

ဆုတောင်း– ဣမိနာ ပုညေ ကမ္မေန၊ အညေန ကုသလေန စ။
သတ္တာနံ သုခနိမိတ္တံ၊ လဘေယျံ ဗောဓိမုတ္တမံ။

အဟံ၊ ဣန္ဒကာဘိဝံသ ဟု သမုတိသစ္စာ သညာဘွဲ့ခြီ ငါသည်။ ဣမိနာပုညကမ္မေန စ၊ ဤကျမ်းစာကို ကြိုးပမ်းပြုစု မြတ်ကောင်းမှုကြောင့်ရင်း။ အညေန၊ ဤမှတပါးသော။ ကုသလေန စ၊ အနုမတင် သံသာစက်မှ ယနေ့ကျအောင် ပြုရစုရ မြတ်ပုညကြောင့်ရင်း။ သတ္တာနံ၊ ဝဋ္ဋတွင်းရှည်ကြာ သတ္တဝါတို့၏။ **သုခနိမိတ္တံ**၊ လောကုတ် လောကီ နှစ်လီဣဋ္ဌ သုခ၏ အကြောင်းဖြစ်သော။ **ဗောဓိမုတ္တမံ**၊ ထူးကဲမောက်ချွန် အမှန်ဟုမှတ် ဗောဓိဉာဏ်မြတ်ကို။ **လဘေယျံ**၊ **မချတ်မုချ ရရပါလို၏**။

အဆုတ်ရောဂါ ပျောက်ဆေးနှင့် ကုသနည်း။

အမှတ် (၁)

(၁)	နံ့သာဖြူ	၁
(၂)	ငရုတ်ကောင်း	၁
(၃)	ဇာတိပွဲလ်သီး	၁
(၄)	လေးညှင်း	၁
(၅)	ပန်းနု	၃
(၆)	ဇဝက်သာ	၃

ဆုမမ္ပဝတီ (က–၁၃၂) ၅၆

(၇) နံ့သာနီ ၅ိုး
(၈) ကရမက် ၅
(၉) နွယ်ချို ၅
(၁၀) စန္ဒကူးနီ ၂၅

ပေါင်း အလေးချိန် (၅၀)သား၊ ဘယဆေးများမှာ အသစ်စက်စက် ဖြစ်စေရမည်၊ အားလုံးအမှုန့်ပြု သမအောင်မွှေ၍ ဖန်ဖူးတွင် ထည့်ထားပါ။

အမှတ် (၂)

(၁) သရင်းကတိုး အမြစ်ရင့်ရင့် လတ်လတ်ဆတ်ဆတ် ၅၀။
(၂) သိန္ဓော ၂-ကျပ် ၈-ပဲ။
(၃) ဆားပုပ် ၂-ကျပ် ၇-ပဲ။

ပေါင်းအလေးချိန် (၅၅-ကျပ်)သားကို အမှုန့်ပြု သမအောင်မွှေ၍ ဖန်ဘူးတွင် ထည့်ထားပါ။

အမှတ် (၃)

(၁) ဇတိပ္ပါလ်သီး ကြီးကြီးသစ်သစ် အခွံခွါပြီး ၁၀-လုံး။
(၂) လေးညှင်းပွင့် သစ်သစ် ၂-ကျပ်သား။
(၃) ငရုတ်ကောင်စေ့ အသစ် ၅-ကျပ်သား။

ဂင်းဆေး သုံးမျိုးကို အမှုန့်ပြုပြီး မျှားရေစစ် (၅၀-ကျပ်)သားကို အိုးသန့်သန့်တွင် ထည့်၍ မီးကျီးပေါ်မှာတင်ပါ ပွက်လျှင် ဆေးမှုန့်ကိုထည့်ပြီး သမအောင်မွှေ၍ အောက်သို့ချပါ မတူးမချစ်ပါစေနှင့် အကျခံပြီး ဖန်ဘူးတွင်ထည့်ထားပါ။

အမှတ် (၄)

(၁) စမုံမျိုးငါးပါး ၂-ကျပ်သားစီ (၁၀-ကျပ်)
(၂) ပေ့ားကိုင်း ၁၀-ကျပ်။
(၃) ဆားပုပ် ၂-ကျပ် ၈-ပဲ။
(၄) သိန္ဓော ၂-ကျပ် ၈-ပဲ။
(၅) ဇဝက်သာ ၅-ကျပ်။
(၆) မန်ကျည်းသီးမှည့် ၁၀-ကျပ်။
(၇) ထန်းလျက် ၄၀-ကျပ်။

ဂင်းဆေး အားလုံးကို အမှုန့်ပြု သမအောင်မွှေ၍ ဖန်ဘူးတွင် ထည့်ထားပါ။ အမှတ် (၁) ဆေးသည် သွေးအံခြင်း၊ ချောင်းဆိုးသောအခါ၌ သွေးပါခြင်း၊ ဝမ်းသွေးသွန်ခြင်းတို့ ပိတ်စေပြီး သွေးလေ ညီမျှစေသည်၊ နှလုံးခုန်, ရင်တုန်, မောပန်း, မူးဝေခြင်းတို့ကို ပျောက်ကင်းစေသည်၊ နံနက် ၆-နာရီတွင် တကြိမ်၊ နေ့ ၁၂-နာရီတွင် တကြိမ်၊ ကွမ်းသီးခန့် ရေနှင့် တေ၍စားပါ။

အမှတ် (၂) ဆေးသည်၊ ချောင်းဆိုးခြင်း အစာမကြေခြင်းတို့ကိုပျောက်ကင်းစေသည်၊ နံနက် ထမင်းစားပြီးစတွင် တကြိမ်၊ ညနေ ထမင်းစားပြီးစတွင် တကြိမ် မန်ကျည်းစေ့ခန့် မျိုပါ ချောင်းဆိုးလျှင် အချိန်မရွေးစားပါ။

အမှတ် (၃) ဆေးသည်၊ ပိုးကိုသေစေခြင်း၊ အဆုတ်မှာရှိသော အနာကို ပျောက်ကင်းစေခြင်း၊ ပါစကဝမ်းမီးကို တောက်စေခြင်းကို ဖြစ်စေသည်၊ နံနက် ဂ-နာရီတွင် တကြိမ်၊ ညနေ ၄-နာရီတွင် တကြိမ်၊ တနေ့ နှစ်ကြိမ်ကျ ကွမ်းသီးခန့် စားပါ၊ စားပြီးလျှင် ရေနွေး တဝုံခန့် ဆေးဝမ်းထဲ ရောက်ရုံ သောက်ပါ။

အမှတ်(၄)ဆေးသည် ဝမ်းချုပ်မှုကို ပျောက်ကင်းစေပြီး ဆီးဝမ်းလေကို ညီမျှစေသည်၊ ညအိပ်ရာဝင်တွင် ကွမ်းသီးကြီးကြီးခန့် စား၍ ရေသောက်ပါ။

ရောဂါကို ချင့်ချိန်၍ ဆေးကို အများအနည်း မှီဝဲနိုင်သည် (ဤဆေးများကို အဆုတ်ရောဂါ မရှိသူများလည်း စားနိုင်သည်၊ ကျန်းမာပြီး အသက်ရှည်စေပါသည်၊(ဆေးဖော်စပ်ရာ၌ ဘယဆေး အသစ်များဖြင့် ဖော်စပ်ရမည်၊ ပိုးထိုးဟောင်းနွမ်း သတ္တိမရှိပါ။)

ကုသနည်း

အဆုတ်ရောဂါဖြစ်စဉ် သွေးအံခြင်း ချောင်းဆိုးသောအခါ သွေးပါခြင်း ဝမ်းသွေးသွန်ခြင်း မောပန်းခြင်း ကျောအောင့်ခြင်း ရင်အောင့်ခြင်းဘေးအောင့်ခြင်း ကိုယ်လက်ယားယံခြင်း အစားအသောက်ပျက်ခြင်း ဆီးဝမ်း မမှန်ခြင်းတို့ ဖြစ်တတ်သည်။

ယင်းသို့ အဆုတ်ရောဂါ ဖြစ်လာလျှင် လာခြင်း အမဲ, ဝက်, ကြက်, ယဉ်, ဘဲ, အသားငါး လုံးဝ မစားရပါ၊ သက်သတ်လွတ် စားရပါမည်၊ အစား မရှောင်

လျှင် ဆေးကုသသော်လည်း အကျိုးမရှိပါ၊ အညီအဟောက် စားတိုင်း ရောဂါ တိုးလေသည်၊ ဆံနုနုကို နွားနို့နှင့် ပြစ်ပြစ်ကျိုး၍ မပျောက်မချင်း စားရပါမည်၊ ဆေးကို ညှန်ကြားထားတဲ့ အချိန်အတိုင်း သောက်ရပါမည်၊ မပျောက်မချင်း မည်သည့် အစာအာဟာရကိုမျှ မစားရပါ၊ သက်သာလာသည့်အခါ ဇီးသီးနှင့် မာလကာသီးမှ တပါးသော အသီးအရွက်များကို စားသုံးနိုင်သည်၊ ရှောက် သံပုရာ အချဉ်ဟူသမျှ မစားရပါ၊ အပူအအေးမျှတအောင် နေရမည်၊ချွေးမငုပ် လျှင် ရေချိုးနိုင်သည်၊ ဆေးကိုတော့ နေ့စဉ် စားရပါသည်၊ မျိုးရိုးနာ မဟုတ် လျှင် အရှင်းပျောက်ကင်းပါသည်၊ မျိုးရိုးနာဖြစ်လျှင် အမြဲတမ်း ဆေးစား၍ အမြဲတမ်း သက်သတ်လွတ် စားရပါမည်၊ သို့မှလည်း အသက်ရှည်မည်၊ ပင်ပန်း သော အလုပ်အကိုင်များ မလုပ်ကိုင်ရပါ၊ ကာမရာဂ နည်းစေရမည်၊ ရှောင် လျှင် ပိုပြီး အသက်ရှည်ပါသည်၊ အမှတ်(၄)ဆေးကို ဆီးဝမ်းလေ မှန်လာလျှင် ဖြတ်၍ လိုမှ စားရမည်၊ အဆုတ်ရောဂါသည် သူ့ဌေးရောဂါဖြစ်သည်၊ ဆေးပေါ ပေါ စားနိုင်မှ အသက်ရှည်ပါသည်၊ ဆေးမှန်မှန် မှီဝဲခြင်း, အစားရှောင်ကြဉ် ခြင်း, သက်သတ်လွတ်စားခြင်း ပြုပါမူ အဆုတ်ရောဂါ ကြောက်စရာ မဟုတ်ပါ၊ အဆုတ်ရောဂါ ပျောက်သလောက် အနေ့ရောက်ခဲ့မှု လုံးဝသက်သတ်လွတ်မစား နိုင်လျှင် ကုန်းသတ္တဝါတို့၏ အသားကို ရှောင်ကြဉ်၍ ရေသတ္တဝါတို့၏ အသား ကို အနည်းအပါး စားနိုင်၏။

အသီးအရွက်ကို များများ စားရပါမည်၊ အထူးသဖြင့် အသားငါး မပါ သောရေကန်ဇုန်းရွက် အကြော်အချက် ပဲရာဇာဟင်းချို နွားနို့ကော်ဖီတို့သည် အလွန်သင့်မြတ်ပါသည်၊ဒေါသမဖြစ်ရ၊စိတ်မပြစ်ရ၊ ငါးပါးသီလ လုံခြုံအောင် ဆောက်တည်ပြီး သတ္တဝါအများကို မေတ္တာပွားရမည်၊ ကုသိုလ်ကောင်းမှု များများပြုရမည်။

သတ္တဝါအများ-ကျန်းမာ ချမ်းသာ ကြပါစေ။

အနတ္တသင်ပုန်းကြီး တရားစာ အလုံးခုံ ဤတွင် ပြီးပြီ။

 ်ားခ်ုံမြို့

ကိုးဆောင်တိုက်၊ ပခုက္ကူ၊ ကျောင်းသစ် (ပါဠိတက္ကသိုလ်)

စာချ-၀မ္မာ၀ရိယ

အရှင်ဣန္ဒကာဘိဝံသ

၏

မြင်းခြံရေစက်ချုံ အမျိုးမျိုး

စာမျက်နှာ - ၅၁၀

အမျိုးပေါင်း ၃၃၅ - မျိုး ပါရှိသည်။

ဗကြာမိတ္တုက်ပေါ်လာတော့မည့်